

THE EXTRAORDINARY NEW YORK TIMES BESTSELLER
Harry Potter
AND THE
SORCERER'S STONE
J. K. ROWLING
SCHOLASTIC

ဟာရီပေါ့တာနှင့်ပြဒါးရှင်လုံး
အခန်း တစ်

ရှင်ကျန်ရစ်သော ကောင်ကလေး

ပရစ်ဗစ် ဒရိုက်လမ်း၊ အိမ်နံပါတ် ၄ မှ မစ္စတာ ဒါစလီတို့ လင်မယားသည် သူတို့၏ စိတ်အခြေအနေ ဒေါင်ဒေါင်မြည်နေခြင်းကို ဂုဏ်ယူလျက် ရှိကြ၏။ သူတို့၏ စိတ်အခြေအနေသည် သာမန်ဖြစ်နေမှုအတွက် သတင်းမေးလာသူ သင့်ကို ကျေးဇူးတင်လျက်ရှိသည်။ ဆန်းကြယ်သော သို့တည်းမဟုတ် သိခက်လျှို့ဝှက်သော အရေးကိစ္စ တစ်စုံတစ်ရာနှင့် ပတ်သက်လိမ့်မည်ဟု သင် မမျှော်လင့်နိုင်ဆုံးသော သူများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဤသို့သော အဓိပ္ပာယ် မရှိသည့် အရာတွေကို လက်မခံသောကြောင့် ဖြစ်၏။

မစ္စတာ ဒါစလီသည် ဂရင်းနင်းစ်ဟု ခေါ်တွင်သော စီးပွားရေး လုပ်ငန်းတစ်ခု၏ ဒါရိုက်တာ လူကြီးတစ်ဦးဖြစ်သည်။ ထိုစီးပွားရေးလုပ်ငန်းက လွန်ပူများ ထုတ်လုပ်ရောင်းချ၏။ သူသည် ထွားကျိုင်းဝဖြိုးသော လူတစ်ယောက်ဖြစ်ပြီး လည်ကုပ်မှာ မရှိသလောက်ဖြစ်သည်။ သို့ရာတွင် အလွန်ကြီးမားသော နှုတ်ခမ်းမွှေးကြီးတော့ ရှိ၏။ ဇနီး ဒါစလီကတော့ ပိန်ပိန်ပါးပါး၊ ဆံပင် ရွှေရောင်နှင့် ဖြစ်သည်။ လည်တိုင်မှာ သာမန်လည်တိုင်များထက် နှစ်ဆရှိလေရာ ခြံစည်းရိုးကို ကျော်၍ အိမ်နီးချင်းတို့ကို ချောင်းမြောင်းကြည့်ရှုရာတွင် ဝန်ချီစက်ကဲ့သို့ တန်ဖိုးရှိသော လည်တိုင်ဖြစ်ပေ၏။ ဒါစလီတို့ ဇနီးမောင်နှံတွင် ဒတ်ဒလီ အမည်ရှိသော သားကလေး တစ်ယောက်ရှိပေရာ ဒီကလေးထက်ကောင်းသော ကလေး ဘယ်မှာမှ မရှိဟူ၍ မိဘများက ယူဆထားခြင်း ခံရသူ ဖြစ်လေသည်။

ဒါစလီ ဇနီးမောင်နှံမှာ သူတို့လိုသမျှအားလုံး ရှိသည်ချည်းဖြစ်သည်။ သို့သော် သူတို့တွင် လျှို့ဝှက်ချက် တစ်ခုရှိ၏။ ထိုလျှို့ဝှက်ချက်ထားသော ကိစ္စကို တခြားလူသိမည်ကို သူတို့အကြောက်ဆုံးဖြစ်၏။ အကယ်၍များ တစ်စုံတစ်ယောက်က ပေါ့တာတို့ အကြောင်းကို သိရှိသွားမည်ဆိုပါလျှင် သူတို့ ဘယ်လိုမှ ခံနိုင်တော့မည် မဟုတ်ပါ။ မစ္စတာ ပေါ့တာ၏ဇနီး ပေါ့တာသည် ဇနီးဒါစလီ၏ ညီမဖြစ်၏။ သို့သော် သူတို့ချင်း မတွေ့ဆုံသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည်။ အမှန်ပြောရလျှင် ဇနီး ဒါစလီသည် သူ့တွင် ညီမ မရှိသလို ဟန်ဆောင်ထားသည်။ အဘယ်ကြောင့်ဆိုသော် သူ့ညီမနှင့် အသုံးမကျသော သူ့ယောက်ျားတို့သည် ဘယ်လိုမှ ဒါစလီ ပုံစံမျိုး မလာသောကြောင့် ဖြစ်၏။ အကယ်၍များ ပေါ့တာမိသားစုသည် ဤလမ်းထဲသို့ ရောက်လာခဲ့လျှင် အိမ်နီးပါးချင်းတွေ ပြောကြမည့် စကားတွေကို တွေးလိုက်တိုင်း ဒါစလီတို့ ဇနီးမောင်နှံမှာ တုန်လှုပ်သွားရသည်။ ဒါစလီတို့ ဇနီးမောင်နှံက ပေါ့တာတို့တွင် သားကလေး တစ်ယောက် ရှိကြောင်းကိုတော့ သိကြ၏။ သို့သော် ထိုကလေးကို သူတို့မမြင်ဖူးကြချေ။ ပေါ့တာတို့နှင့် ကင်းကင်း နေရခြင်း အတွက်လည်း ဤကလေးသည် ကောင်းလှသော အကြောင်းပြစရာ ဖြစ်လာ၏။ ဒီလိုကလေးမျိုးနှင့် ဒတ်ဒလီ ရောမိမှာ သူတို့မလိုလားကြချေ။

ကျွန်ုပ်တို့၏ ပုံပြင်စတင်သည့် မိုးအုံ့သော အင်္ဂါနေ့တွင် ဒါစလီတို့ ဇနီးမောင်နှံသည် အိပ်ရာမှ နိုးသောအခါ အပြင်ဘက်က တိမ်ထူနေသော ကောင်းကင်ကြီးက နိုင်ငံ အနှံ့အပြားတွင် ထူးဆန်း၍ သိခက်သော လျှို့ဝှက်သော ဖြစ်ရပ်များ မကြာမီ ဖြစ်ပေါ်လာတော့မည့် အရိပ်အရောင်ကို ဘာတစ်ခုမှ မပြသချေ။ မစ္စတာ ဒါစလီသည် အလုပ်သွားရန် လည်းစီး နက်ကတိုင်ကို ရွေးထုတ်ရင် သီချင်း ညည်းနေသည်။ ဇနီး ဒါစလီသည် အော်ဟစ်နေသော ဒတ်ဒလီကို ကုလားထိုင်မြင့်ကြီးပေါ်သို့ အတင်း အစွမတင်ရင်း အတင်းစကားတွေ ပြောကြားသွားသည်။

ကြီးမားသော ဝါညိုရောင် ဇီးကွက်တစ်ကောင်သည် တောင်ပံ တဖျပ်ဖျပ်ခတ်ရင်း ပြတင်းပေါက်ကို ဖြတ်ပျံသွားသည်ကို သူတို့နှစ်ဦးစလုံး သတိမပြုမိကြချေ။

www.burmeseclassic.com

ရှစ်နာရီခွဲသောအခါ မစ္စတာ ဒါစလီသည် လက်ဆွဲအိတ်ကို ကောက်ယူ၍ ဇနီးဒါစလီ၏ ပါးပြင်ကို ပါးစပ်ဖြင့် မွှေးမွှေးပေးကာ ဒတ်ဒလီကို နှုတ်ဆက်နမ်း နမ်းရန် ကြိုးပမ်းသော်လည်း လွဲချော်ခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ဒတ်ဒလီသည် ဒေါထ၍ အစာများဖြင့် နံရံကို ပိတ်ပေါက်နေသောကြောင့် ဖြစ်ပေသည်။ 'ခွေးကောင်လေး'ဟု မစ္စတာ ဒါဒလီက ရယ်သွမ်းသွေး ပြောရင်း ထွက်သွားလေ၏။ သူသည် ကားပေါ်တက်၍ကားကို နောက်ဆုတ်မောင်းကာ နံပါတ် ၄ အိမ် ကားလမ်းမှထွက်သည်။

ထူးခြားသော အဖြစ်တစ်ခုကို သတိပြုမိသည်ကား လမ်းထောင့်တွင် ဖြစ်၏။ ကြောင်တစ်ကောင် မြေပုံကြည့်နေသည်။ တစ်စက္ကန့်လောက်တော့ မစ္စတာ ဒါစလီက သူဘာကို မြင်မိသည်ကို သဘောမပေါက်ချေ။ ထိုနောက်မှ ဆတ်ခနဲ လှည့်ကြည့်ရသည်။ ကြောင်ညိုကျားမ တစ်ကောင်သည် ပရစ်ဗစ်ဒရိုက် လမ်းထောင့်တွင် ရပ်နေ၏။ သို့ရာတွင် မြေပုံစာရွက်ကိုတော့ မမြင်ပါချေ။ မိမိသည် ဘာတွေကိုများ တွေးနေမိပါလိမ့်။ အလင်းရောင် လှည့်စားမှု ဖြစ်ပါလိမ့်မည်။ မစ္စတာ ဒါစလီသည် မျက်တောင်ကို တဖျပ်ဖျပ် ခတ်ပြီးနောက် ကြောင်ကို စိုက်ကြည့်၏။ ကြောင်က သူ့ကို ပြန်စိုက်ကြည့်သည်။ မစ္စတာ ဒါစလီသည် လမ်းမကြီးသို့ ကွေ့ထွက်ရင်း နောက်ကြည့်မှန်တွင် ကြောင်ကို ကြည့်ပြန်၏။ ယခုအချိန်တွင် ကြောင်သည် 'ပရစ်ဗစ် ဒရိုက်'ဟုရေးထားသော လမ်းဆိုင်းဘုတ်ကို ဖတ်နေသည်။ အဲ... ကြည့်နေသည်။ ကြောင်များသည် မြေပုံများ၊ ဆိုင်းဘုတ်များကို ဖတ်ရှုနိုင်ခြင်း မရှိပါ။ မစ္စတာ ဒါစလီသည် ကိုယ်ကို ခါလိုက်၍ ကြောင်ကိုစိတ်ထဲမှ ထုတ်ပစ်လိုက်သည်။ မြို့ထဲဆီသို့ ကားမောင်းအသွားတွင် သူသည် အခြားဘာကိုမှ မတွေးတော့ဘဲ ထိုနေ့အဖို့ မျှော်လင့်ထားသော လွန်ပူများကို ကြီးမားသော ပမာဏဖြင့် မှာကြားမည့် မှာကြားစာများ အကြောင်းကိုသာ တွေးတော၏။

သို့သော် မြို့၏အစွန်သို့ ရောက်သောအခါတွင် အခြားတစ်စုံတစ်ရာက လွန်ပူများကို သူ၏စိတ်ထဲမှ မောင်းထုတ်ပစ်လိုက်တော့သည်။ နံနက်တိုင်း ကြုံတွေ့နေကျ ဖြစ်သော ယာဉ်ပိတ်ဆို့မှုတွင် သူထိုင်စောင့်နေခိုက် အနီးပတ်ဝန်းကျင်မှ ထူးဆန်းစွာ ဝတ်ဆင်ထားသူတွေ များပြားနေသည်ကို သူ သတိမပြုမိဘဲ မနေနိုင်တော့ချေ။ ဝတ်ရုံကြီးများ ခြုံထားကြသော လူများဖြစ်သည်။ လူငယ်တွေ ဝတ်ဆင်တတ်ကြသည့် ရယ်စရာ အဝတ်အစားများကို ဝတ်ထားသော လူများကို မြင်ရသည်မှာ မစ္စတာ ဒါစလီ မခံမရပ်နိုင် ရှိလှသည်။ ဤဟာသည် မိုက်မဲသော ဖက်ရှင်သစ်တစ်ခု ဖြစ်ပုံရသည်ဟု သူထင်မြင်၏။ လက်ကိုင်ဘီးကို လက်ချောင်းများဖြင့် ဒရမ်ခေါက်သလို တီးခေါက် နေရင်းက နီးကပ်စွာ ရပ်နေကြသော ဤလူထူးလူဆန်း တစ်ပြုံကြီးဆီသို့ မျက်စိရောက်သွားသည်။ သူတို့သည် အချင်းချင်း တီးတိုးပြောနေကြ၏။ သူမြင်မိသော လူနှစ် ၁ လုံးဝငယ်ရွယ်သူများ မဟုတ်သည်ကို တွေ့ရသောအခါ သူသည် ဒေါသဖြစ်မိသည်။ ဘယ်လိုပါလိမ့်။ ထိုလူသည် မိမိထက်ပင် အသက်ကြီးသည်မှာ သေချာ၏။ ဒါတောင်မှ မြစိမ်းရောင် ဝတ်ရုံကြီးကို ခြုံထားသည်။ ခြုံထားရဲလှပါသော်ကော။ သို့ရာတွင် ခပ်ကြောင်ကြောင် စတန့်ထွင်ခြင်း တစ်ခုခု ဖြစ်မည်ဟု မစ္စတာ ဒါစလီ အတွေးပေါက်လာ၏။ ဤသူများသည် တစ်စုံတစ်ခုသော ကိစ္စအတွက် ငွေကြေး အလှူခံနေကြခြင်း ဖြစ်သည်မှာ ထင်ရှားသည်။ မှန်၏။ ဤအတိုင်းဖြစ်ရမည်။ ယာဉ်များ ရွေ့ရှားကြသည်။ နောက် မိနစ် အနည်းငယ် ကြာသောအခါတွင် မစ္စတာ ဒါသလီသည် ဂရင်းနင်းစ် အရပ်မှ ကားရပ်နားထားရာ နေရာသို့ ရောက်ခဲ့သည်တွင် သူ့စိတ်မှာ လွန်ပူများထံ ပြန်ရောက်လာတော့သည်။

ကိုးလွှာတွင်ရှိသော သူ၏ရုံးခန်းတွင် မစ္စတာ ဒါစလီသည် အမြဲတမ်းပင် ပြတင်းပေါက်ကို ကျောပေးထိုင်၏။ အကယ်၍များ ထိုသို့ မထိုင်ဘူးဟု ဆိုလျှင် ထိုနေ့ နံနက်တွင် လွန်ပူများပေါ်သို့ အာရုံစူးစိုက်ထားရန် တော်တော် ခက်ခဲမည်ကို သူ တွေ့ရှိပေလိမ့်မည်။ နေ့လည်ကြောင်တောင်တွင် ဇီးကွက်များ အဟုန်နှင့် ဖြတ်ပျံသည်ကို သူ အတွေ့ချေ။ သို့သော် အောက်မှ လမ်းပေါ်က လူတွေကတော့ တွေ့ကြရ၏။ ဦးခေါင်းပေါ်မှ ဇီးကွက်တွေ တစ်ကောင်ပြီး တစ်ကောင် ဖြတ်ပျံသန်းနေကြရာ သူတို့သည် လက်ညှိုးညွှန်ပြပြီး ပါးစပ်ကြီးတွေ အဟောင်းသားနှင့် ဖြစ်နေကြသည်။ သူတို့ထဲမှ လူအများအပြားမှာ ညဘက်တွင်ပင် ဇီးကွက်ကို မြင်ဖူးကြသူတွေ မဟုတ်ကြပေ။ မစ္စတာ

www.burmeseclassic.com

ဒါစလီ အဖို့ကား ဇီးကွက် ကင်းရှင်းသည့် လုံးဝ ပုံမှန် နံနက်ခင်း ဖြစ်လေတော့သည်။ လက်အောက်ငယ်သား ငါးဦးကို သီးခြားစီ ဟောက်ခဲ့၏။ အရေးကြီးသော တယ်လီဖုန်း စကားပြောခြင်း များစွာကို ပြုသည်။ ပို၍ ဟောက်၏။ သူ၏ စိတ်အနေအထား အတော်ပင်ကောင်းနေရာ နေ့လယ်စာ စားချိန်အထိ ဖြစ်၏။ ထိုအချိန်ရောက်သောအခါ သူသည် မျက်နှာချင်းဆိုင်က ပေါင်မုန့်ဆိုင်မှ ဘန်းမုန့်ကလေး ဝယ်စားရန် ခြေဆန့်ရင်း လမ်းဖြတ်ကူးသွားရန် တွေးတောကြံစည်သည်။

ဝတ်ရုံတွေ ခြုံထားသော လူများကို မေ့နေလိုက်သည်မှာ ပေါင်မုန့်ဆိုင် နားတွင် ထိုလူမျိုးအုပ်စုကို ဖြတ်လျှောက်မိသည် အထိ ဖြစ်သည်။ သူသည် ဖြတ်လျှောက်ရင်းက သူတို့ကို ဒေါသဖြင့် ကြည့်သည်။ သူဘာကြောင့် ဒေါသ ဖြစ်မိမှန်းတော့ မသိ။ သို့သော် သူတို့ကို မြင်ရသည်မှာ စိတ်မကြည်မသာ ရှိလှသည်။ ဤလူစုကလည်း တုန်လှုပ်စွာနှင့် အချင်းချင်း တီးတိုး ပြောနေကြသည်ကိုး။ သူတို့တွင် အလှူခံပုံး တစ်ခုတလေမျှ မတွေ့ရချေ။ ကြီးမားသော ဒိုးနတ်ကို အိတ်တွင်ထည့်ကာ ဆုပ်ကိုင်ပြီး သူတို့နားက ဖြတ်အကျော်တွင် သူတို့ ပြောစကား တစ်စွန်းတစ်စကို သူကြားလိုက်ရခြင်းဖြစ်သည်။
'ပေါ့တာတွေပေါ့၊ ဟုတ်တယ်၊ အဲဒီလို ကျုပ် ကြားတာပဲ'
'ဟုတ်တယ်၊ သူတို့ သားလေး ဟာရီ'

မစ္စတာ ဒါစလီ ခြေစုံရပ်မိ၏။ အကြောက်တရားသည် သူ့တွင် ပြည့်လျှံသွားသည်။ သူတို့နှင့် တစ်စုံတစ်ရာ ပြောဆိုမည်ကဲ့သို့ သူသည် ထို တီးတိုး ပြောသူများကို ပြန်လှည့်ကြည့်လိုက်သော်လည်း ဘာမျှ မပြောတာ ကောင်းသည်ဟု စိတ်ပြောင်းသွား၏။

လမ်းကို အတင်းဖြတ်ကူးပြီး သူ့ရုံးခန်းသို့ သုတ်ခြေတင် ပြန်လာကာ သူ့စက္ကရီတေရီကို သူ့အား အနှောင့်အယှက် မပြုရန် ခပ်ပြတ်ပြတ် ပြောကာ တယ်လီဖုန်းကို ဖမ်းဆုပ်ကိုင်လိုက်၏။ အိမ်က နံပါတ်ကို လှည့်၍ ပြည့်စုံခါနီးမှ သူ စိတ်ပြောင်းသွားသည်။ စကားပြောခွက်ကို ပြန်ချ၍နှုတ်ခမ်းမွေး သပ်ရင်း စဉ်းစားသည်။ ဟင့်အင်း၊ သူလူမိုက်ဖြစ်နေပြီ။ ပေါ့တာဆိုသည်မှာ ထူးခြားလှသည့် နာမည် မဟုတ်ပါ။ ဟာရီ မည်သော သားရှိသော ပေါ့တာဟု တွင်သည့် လူတွေ တစ်ပုံကြီး ရှိသည်မှာ သေချာ၏။ ပြန်စဉ်းစားကြည့်သော အခါတွင် သူ့တူ၏ နာမည်မှာ ဟာရီ ဖြစ်သည်ဆိုခြင်းသည်ပင် မသေချာပါ။ ထိုကောင်ကလေးကို သူ မြင်ဖူးခြင်းပင် မရှိချေ။ သူ့တူသည် ဟားဗီးလည်း ဖြစ်နိုင်၊ ဟားရယ်လည်း ဖြစ်နိုင်၏။ ဇနီး ဒါစလီကို သောကရောက်အောင် လုပ်စရာ အကြောင်း မရှိပါ။ ဇနီး ဖြစ်သူသည် သူ့ညီမအကြောင်း ကြားလျှင် ဘယ်တော့မဆို အရမ်းပင် စိတ် အနှောင့်အယှက် ဖြစ်သည်။ သူသည် ဇနီးကို အပြစ် မတင်ပါ။ အကယ်၍ သူ့တွင်လည်း ထိုညီမမျိုးသာ ရှိခဲ့လျှင်... သို့သော် မထူးပါ။ ဝတ်ရုံကြီးများနှင့် လူတွေ..။
ထိုနေ့ နေ့လယ်ခင်းတွင် လွန်ပူများ အကြောင်း အာရုံဝင်စားရသည်မှာ အလွန်တရာ ခက်ခဲလှကြောင်းကို သူ တွေ့ရသည်။ ညနေ ငါးနာရီထိုး၍ ရုံးအဆောက်အအုံမှ အထွက်တွင် သူသည် သောကဖြစ်လိုက်သည်မှာ တံခါးပေါက် အပြင်ဘက်ကလေးတွင် တစ်စုံတစ်ယောက်ကို တည့်တည့်ကြီး ဝင် တိုးမိသည်အထိ ဖြစ်ရတော့သည်။

'မတော်လို့ပါ'ဟု သူက ခပ်ညည်းညည်း ပြောလိုက်စဉ် သေးသေးကွေးကွေး အဘိုးကြီးမှာ လဲကျလုနီးနီး ဒယီးဒယိုင် ဖြစ်သွား၏။ စက္ကန့်အနည်းငယ် အတွင်းတွင် ဤလူကြီးသည် ခရမ်းရောင် ဝတ်ရုံကြီး ဝတ်ထားသည်ကို မစ္စတာ ဒါစလီ မြင်မိသွား၏။ မြေပေါ်သို့ ပုံကျသွားလုနီးနီး တိုက်မိခံရသည့် တိုင်အောင် ထိုလူကြီးသည် စိတ် အနှောင့်အယှက် ဖြစ်ပုံမရချေ။ စိတ် အနှောင့်အယှက် မဖြစ်ရုံမက မျက်နှာကြီး ပြုံသွားလောက်အောင်ပင် ရယ်လိုက်ကာ ဘေးဘူတွေ ပြူးတူးပြဲတဲ ကြည့်စရာ တကျွီကျွီ အသံဖြင့် စကားပြန်ပြောသည်။

'စိတ်မကောင်း မဖြစ်ပါနှင့် ဆရာရယ်၊ ဒီကနေ့အဖို့ ဘာကမှ ကျုပ်ရဲ့ စိတ်ကို အနှောင့်အယှက် မပေးနိုင်ပါဘူး၊ ပျော်စမ်းပါ၊ နောက်ဆုံးတော့ ဘယ်သူသွားရပြီဆိုတာ သိလား၊ ခင်ဗျားတို့လို မတ်ဂယ်တွေကတောင် ဒီလို ပျော်စရာ နေ့ထူးနေ့မြတ်ကြီး အတွက် ပျော်ပွဲ ကျင်းပသင့်တယ်'

အဘိုးကြီးသည် ပြောပြောဆိုဆိုနှင့် မစ္စတာ ဒါစလီ၏ ခါးကို ဖက်ပြီးနောက် လမ်းလျှောက် ထွက်ခွာသွားလေ၏။

မစ္စတာ ဒါစလီသည် နေရာတွင် သံမှို စွဲထားသလို ရပ်နေမိသည်။ သူစိမ်းသက်သက်က သူ့ကို ဖက်လဲတကင်း လုပ်သွား၏။ ပြီးတော့ သူ့ကို မတ်ဂယ်တွေဟု ခေါ်သွားသလိုလိုလည်း ထင်မိသည်။ ထိုစကားသည် ဘာကိုဆိုလိုမှန်းတော့ သူ မသိပါ။ သူ့ကို စကားတွေ ဖောင်အောင် ပြောသွားသည်။ သူသည် ကားဆီသို့ ခပ်သုတ်သုတ် သွား၍ အိမ်သို့ ထွက်ခဲ့၏။ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သည့် အရာများကို ကယောင်ချောက်ချားနှင့် ထင်မြင်နေခြင်း ဖြစ်ပါစေဟု တွေးမိသည်။ အဘယ့်ကြောင့် ဆိုသော် စိတ်အာရုံ မြင်ခြင်းကို သူ လက်မခံသောကြောင့် ဖြစ်၏။

အိမ်နံပါတ် ၄ ၏ ကားအဝင်လမ်းသို့ ဝင်မိသည်တွင် သူ ပထမဆုံး မြင်ရသည်မှာ သူ့စိတ် အနေအထားကို တိုးတက်ကောင်းမွန်စရာ မဟုတ်သော မနက်က တွေ့ခဲ့ရသည့် ကြောင်ညိုကျားမပင် ဖြစ်သည်။ ယခုအချိန်တွင်တော့ ထိုကြောင်မသည် သူ၏ ခြံဝင်း နံရံပေါ်တွင် ထိုင်နေ၏။ မနက်က ကြောင်ပင် ဖြစ်ကြောင်းမှာ သေချာ၏။ မျက်လုံးနား တစ်ဝိုက်တွင် ရှိသော အမှတ်များမှာ အတူတူပင် ဖြစ်၏။

'ရှူး'ဟု မစ္စတာ ဒါစလီက ကျယ်လောင်စွာ မောင်းလိုက်သည်။

ကြောင်က မလှုပ်ချေ။ သူ့ကို ခပ်တည်တည်နှင့် ပြန်ကြည့်၏။ ဒါဟာ ကြောင်တွေရဲ့ ပုံမှန် အပြုအမူလားဟု မစ္စတာ ဒါစလီက စူးစမ်းမိသည်။ စိတ်ကို တည်ငြိမ်အောင် ကြိုးစားရင်း အိမ်ထဲ ရောက်ခဲ့သည်။ သူ့ဇနီးကို ဘာမျှ ပြန်မပြောမိဖို့ကိုတော့ စိတ် ပိုင်းဖြတ်ထားဆဲ ဖြစ်၏။

ဇနီး ဒါစလီသည် ကောင်းမွန် သာယာသော ပုံမှန်နေ့ကို ကြုံတွေ့ရသည်။ သူက ညစာစားရင်း အိမ်နီးချင်း အမျိုးသမီး၏ သမီးနှင့် ပြဿနာတွေကို မစ္စတာ ဒါစလီအား ပြောပြသည်။ သားကလေး ဒတ်ဒလီသည် ('မလုပ်ဘူး'ဟု အဓိပ္ပာယ် ရသည့်) စကားလုံး အသစ်ကို တတ်လာပုံကို ပြောပြသည်။ မစ္စတာ ဒါစလီကလည်း ပုံမှန်အတိုင်း ဖြစ်ရန် ကြိုးစားသည်။ ဒတ်ဒလီကလေးကို သိပ်ချိန်ဝယ် မစ္စတာ ဒါစလီသည် ဧည့်ခန်းသို့ ရောက်ရှိလာခိုက် ညနေခင်း သတင်း၏ နောက်ဆုံး အစီရင်ခံချက်ကို ရရှိတော့သည်။

'နောက်ဆုံးအနေနှင့် ပြောရရင် နေရာတကာက ငှက်တွေ စောင့်ကြည့်သူတွေက ဒီနေ့မှာ ဇီးကွက်တွေ ခါတိုင်းနှင့် မတူတဲ့ အပြုအမူတွေ ပြုလုပ်ကြပါသတဲ့၊ ဇီးကွက်တွေဟာ ပုံမှန်ဆိုရင် ညမှာသာ အစာရှာထွက်ကြပြီး နေ့လယ်ကြောင်တောင်မှာ မြင်ရခဲလှတာ မှန်ပေမဲ့ မနက်နေထွက်စ ကတည်းက ဇီးကွက်တွေ အရပ်လေးမျက်နှာ ဦးတည်ပျံသန်းနေတာ မြင်ရတဲ့ ကိစ္စတွေ ရာနှင့်ချီပြီး ရှိနေပါတယ်၊ အခုလို ဇီးကွက်တွေဟာ ဘာဖြစ်လို့ ရတ်တရက် ထပြီး အိပ်ချိန်ပုံစံ ပြောင်းရတယ် ဆိုတာကို ကျွမ်းကျင်သူတွေက ရှင်းမပြနိုင်ကြပါဘူး'

သတင်းဖတ်သူသည် ပြုံးလိုက်ပြီး ဆက်ပြော၏။
'အတော့်ကို ထူးခြား ဆန်းကြယ်နေပါတယ်၊ ကဲ မိုးလေဝသ ကြေညာသူ ဂျင် မက်ဂတ်ဖင်ဘက် လှည့်ကြပါဦးစို့၊ ဘယ်လိုလဲ ဂျင်၊ ဒီည ဇီးကွက် မိုးတွေ ရွာချဦးမလား'

BURMESE CLASSIC .com

မိုးလေဝသ ကြေညာသူက ပြန်ပြော၏။
'အင်း အဲဒါတော့ မပြောတတ်ဘူး တက်ရေ၊ ဒါပေမဲ့ ဒီနေ့အဖို့ ခပ်ဆန်းဆန်း ပြုမူနေတာ ဇီးကွက်တွေသာ မကဘူး၊ ကင့်မြို့နယ်၊ ယော့ရှိုင်းယား မြို့နယ်၊ ဒန်ဒီမြို့နယ်တွေလို တစ်နယ်စီ ကွာဝေးနေတဲ့ နေရာတွေက တွေ့မြင်သူတွေဟာ ကျွန်တော့်ဆီကို တယ်လီဖုန်းတွေ ဆက်ကြတယ်၊ မနေ့က ကျွန်တော် ကြိုတင် ခန့်မှန်းခဲ့တဲ့ မိုးရွာတာ မဖြစ်ဘဲ မိုးအစား ကြယ်တွေ ဒလဟော ကြွေပါသတဲ့ဗျား၊ မီးပုံပွဲ ညကို စောပြီးများ ကျင်းပနေကြရော့သလား၊ အဲဒီပွဲက နောက်အပတ်မှ ကျရောက်မှာ ခင်ဗျ၊ ဒါပေမဲ့ ဒီညတော့ စိုစွတ်တဲ့ညဖြစ်ရမယ်လို့ ကျွန်တော် ကြိုတင် ပြောပါတယ်လေ'

မစ္စတာ ဒါစလီသည် လက်တင်နှင့် ကုလားထိုင်ပေါ်တွင် ထိုင်နေရင်း တောင့်တင်းသွားရသည်။ ဗြိတိန် တစ်နိုင်ငံလုံး ကြယ်တွေ ကြွေသတဲ့လား။ ဇီးကွက်တွေ နေ့ခင်းကြောင်တောင် ပျံကြသတဲ့လား။ တစ်မြို့လုံးမှာ ထူးခြားဆန်းကြယ်တဲ့ ဝတ်ရုံနှင့်လူတွေ အနှံ့ ဖြစ်နေသတဲ့လား။ ပြီးတော့ တီးတိုးစကား... တီးတိုးစကား... ပေါ့တာတို့အကြောင်း...။

ဇနီး ဒါစလီသည် လက်ဖက်ရည် နှစ်ပန်းကန်ကို သယ်ဆောင်ရင်း ဧည့်ခန်းထဲသို့ ဝင်ရောက်လာလေ၏။ ဒီအတိုင်း ထားလို့တော့ မကောင်းပါ။ သူသည် ဇနီးဖြစ်သူကို တစ်ခုခုတော့ ပြောရလိမ့်မည်။ သူသည် စိတ်တုန်လှုပ်စွာဖြင့် လည်ချောင်း ရှင်းလိုက်လေသည်။

'ဟိုဟာ... ပဲ့ကျူးနီးယား အချစ်ရေ၊ ခုတလော မင့်ညီမဆီက ဘာအကြောင်းမှ မကြားဘူးနော်'

သူမျှော်လင့်ထားသည့်အတိုင်းပင် ဇနီး ဒါစလီသည် တုန်လှုပ်၍ အမျက် ထွက်သွား၏။ တကယ်တော့ သူ့တွင် ညီမ မရှိသလို ပုံမှန်အားဖြင့် သူတို့ ဟန်ဆောင် နေတတ်ကြပါသည်။
'ဟင့်အင်း'ဟု ဇနီးဖြစ်သူက ပြတ်ပြတ် ပြန်ဖြေသည်။ 'ဘာဖြစ်လို့လဲ'

'သတင်း ကြေညာချက်မှာ ရယ်စရာတွေ ပါနေလို့လေ'ဟု မစ္စတာ ဒါစလီက ညည်းထွား ပြောဆိုသည်။ 'ဇီးကွက်တွေ၊ ကြယ်ကြွေတာတွေ၊ ပြီးတော့ ဒီနေ့ မြို့ထဲမှာ ရယ်စရာ ပုံပန်းတွေနှင့် လူတွေ တစ်ပုံကြီး ဖြစ်နေတယ်လေ'

'အဲဒီတော့...' ဇနီး ဒါစလီက တိုတိုပင် ပြော၏။
'ဟိုဟာလေ... ငါထင်တာက အဲ... မင်းသိတဲ့အတိုင်း မင်းညီမရဲ့ဟာတွေနှင့်များ ပတ်သက်နေမလားလို့'

ဇနီး ဒါစလီသည် အစင်းကြောင်းကြီးများ ပေါ်နေသော နှုတ်ခမ်းများ အကြားမှ လက်ဖက်ရည်ကို စုပ်သောက်၏။ မစ္စတာ ဒါစလီက 'ပေါ့တာ'ဟူသော နာမည်ကို ကြားလိုက်ရကြောင်း မိမိ ပြောဝံ့ပါ့မလား စူးစမ်းနေမိ၏။ မပြောဝံ့ဟု သူ့ဘာသာသူ ပိုင်းဖြတ်လိုက်သည်။ ထိုသို့ ဝံ့ဝံ့စားစား ပြောရမည့်အစား တတ်နိုင်သလောက် အမှတ်မဲ့ သဘောမျိုးဖြင့် ပြော၏။ 'သူတို့ သားလေးဟာ ခုလောက်ဆို ဒတ်ဒလီ အသက်လောက် ရှိပြီပေါ့နော်၊ မဟုတ်ဘူးလား'

'ဟုတ်တယ် ထင်တာပဲ' ဟု ဇနီး ဒါစလီက ခပ်တင်းတင်း ပြန်ဖြေသည်။
'သူ့နာမည်က ဘာတဲ့... ဟောင်းဝပ် ဆိုလား'
'ဟာရီပါ၊ ကြားရတတ်တဲ့ နာမည်မျိုးပါ၊ ရှင်မေးလို့ ဖြေရရင် ခပ်နုံနုံ နာမည်မျိုးပေါ့'
'အေး ဟုတ်သားပဲ' ဟု လွန်မင်းစွာ စိတ်ဓာတ်တွေကျရင်း မစ္စတာ ဒါစလီက ပြောသည်။ 'ဟုတ်ပါရဲ့၊ ခပ်နုံနုံ နာမည်ပါပဲ'

သူတို့ အိပ်ကြရန် အပေါ်ထပ်သို့ တက်သွားကြသည်တွင် သူသည် ထို အကြောင်းအရာနှင့် ပတ်သက်၍ ဘာတစ်ခွန်းမှ မပြောတော့ချေ။ ဇနီး ဒါစလီသည် ရေချိုးခန်းသို့ ဝင်နေခိုက် မစ္စတာ ဒါစလီသည် အိပ်ခန်း ပြတင်းပေါက်ဆီသို့ တွားသွားပြီး အိမ်ရှေ့က ခြံတွင်းသို့ ငုံ့၍ ချောင်းကြည့်၏။ ကြောင်ကြီးသည် ရှိနေဆဲ ဖြစ်သည်။ တစ်စုံတစ်ရာကို စောင့်ဆိုင်း နေဘိသည့်အလား ပရစ်ဗစ် ဒရိုက်လမ်းဆီသို့ စိုက်ကြည့်နေသည်။

မိမိသည် ကယောင်ချောက်ချားတွေ ထင်မြင်နေပြီလား။ ဒါတွေ အားလုံးသည် ပေါ့တာတို့နှင့် ပတ်သက်နေရော့သလား။ တကယ်လို့ ပတ်သက်နေရင် အဲဒါဟာ ဟိုတစ်စုံနှင့် ပတ်သက်နေတယ်လို့ ဆိုလိုသလား... သူ ခံနိုင်ရည် မရှိတော့ပါ။

ဒါစလီ ဇနီးမောင်နှံတို့ အိပ်ရာ ဝင်ကြပါပြီ။ ဇနီး ဒါစလီကတော့ လျင်မြန်စွာ အိပ်ပျော်သွားသည်။ သို့သော် မစ္စတာ ဒါစလီကတော့ နိုးနေကာ စိတ်ထဲတွင် ပြန်လှန် တွေးတောနေ၏။ သူ အိပ်ပျော် မသွားခင် စိတ် သက်သာရာ ရစေသော နောက်ဆုံး အတွေးကား အကယ်၍ ပေါ့တာတို့ ပါဝင် ပတ်သက်နေလျှင်တောင် သူတို့သည် မိမိတို့ လင်မယားနားသို့ လာစရာ အကြောင်း မရှိ ဟူ၍ ဖြစ်၏။ သူတို့နှင့် သူတို့လိုမျိုးဟာတွေကို မိမိနှင့် ပဲ့ကျူးနီးယားက မည်သို့ သဘောထားသည်ကို ပေါ့တာတွေ ကောင်းကောင်းကြီး သိပါသည်။ ဖြစ်ပျက်နေပုံရသည့် ကစ္စများတွင် မိမိနှင့် ပဲ့ကျူးနီးယားတို့ မည်သို့ မည်ပုံ ငြိထွေးသွားနိုင်မည်ကို နားမလည်နိုင်ပါ။ သူသည် သမ်းဝေလိုက်ပြီး တစ်ဖက်သို့ စောင်းလှည့်လိုက်သည်။ ဒါတွေဟာ သူတို့ကို မထိခိုက်နိုင်ပါ။

သူ အဘယ်မျှ လွဲမှားနေပါသနည်း။
မစ္စတာ ဒါစလီသည် သက်သောင့်သက်သာ မရှိသော အိပ်ပျော်ခြင်းသို့ လွင့်မျော ဝင်ရောက်ကောင်း ဝင်ရောက်ခဲ့ပါလိမ့်မည်။ သို့ရာတွင် အပြင်ဘက် နံရံပေါ်က ကြောင်ကတော့ အိပ်ချင်ပုံ လုံးဝ မပြသချေ။ ကျောက်ရုပ်တုကဲ့သို့ ငြိမ်သက်စွာ ထိုင်နေပြီး သူ့မျက်လုံးများသည် ပရစ်ဗစ် ဒရိုက် လမ်း၏ အဖျားဘက်က ထောင့်ကွေ့ဆီသို့ မမိုတ်မသုန် စိုက်ကြည့်နေကြ၏။ တစ်ဖက်လမ်းဆီမှ ကားတံခါး ပိတ်လိုက်သံ ထွက်ပေါ်လာသောအခါတွင် လည်းကောင်း၊ ဦးခေါင်းပေါ်မှ ဇီးကွက် နှစ်ကောင် အဟုန်ဖြင့် ပျံသန်းသွားသော အခါတွင် လည်းကောင်း သူသည် များစွာ လှုပ်ခါသွားခြင်း မရှိချေ။ တကယ်တော့ ထိုကြောင် လှုပ်ရှားသော အချိန်ကား သန်းခေါင်ယံ ရောက်ရှိခါနီး ဖြစ်ပါသည်။

ကြောင်က စောင့်ကြည့်နေသော လမ်းကွေ့တွင် လူတစ်ယောက် ပေါ်လာ၏။ သူပေါ်လာသည်မှာ လျင်မြန်ပြီး ဘာသံမှ မကြားရသဖြင့် မြေကြီးထဲက ထိုးထွက်လာသလားဟုပင် ထင်မှတ်ရပါသည်။ ကြောင်၏ အမြီးသည် အကြောဆွဲသလို တဆတ်ဆတ် ဖြစ်သွားပြီး မျက်လုံးတွေ ကျဉ်းမြောင်းသွားသည်။

ထိုလူသည် ပရစ်ဗစ် ဒရိုက် လမ်းပေါ်တွင် တွေ့ဖူးသူများနှင့် လားလားမျှ မတူပါချေ။ သူသည် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်၍ ဖြူဖွေးနေသော သူ့ဆံပင်နှင့် မုတ်ဆိတ်တို့ကို ထောက်၍ အိုမင်းသူဟု ဆုံးဖြတ်ရသည်။ ဆံပင်ရော မုတ်ဆိတ်တို့ပါ ရှည်လျားလှသည်ဖြစ်၍ ခါးပတ်တွင်းသို့ပင် ထိုးသွင်းထား၍ ရ၏။ သူသည် မြေတွင် တရွတ်တိုက်နေသော ခရမ်းရောင် ဝတ်ရုံရှည်ကြီးကို ခြုံထားပြီး ခြေထောက်တွင် ခုံမြင့်၊ ထိကပေါက်တပ် ဘွတ်ဖိနပ်ကို စီးထားသည်။ သူ့မျက်လုံးများသည် လခြမ်းသဏ္ဍာန် မျက်မှန်၏ နောက်တွင် တဖိတ်ဖိတ် တောက်ပြောင်နေပြီး သူ့ နှာခေါင်းမှာ လွန်စွာ ရှည်လျား၍ အနည်းဆုံး နှစ်နေရာတွင် ကျိုးနေသလို ကောက်ကွေးနေ၏။ ဤလူ၏ နာမည်ကား အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ ဖြစ်သည်။

အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါသည် သူ့ နာမည်မှအစ ဘွတ်ဖိနပ်အဆုံး ဘာကိုမှ လက်ခံ ကြိုဆိုခြင်း မရှိသည့် လမ်းထဲသို့ စတင်ရောက်ရှိလာပြီ ဆိုခြင်းကို သဘောပေါက်ပုံ မရချေ။ သူသည် တစ်စုံတစ်ရာကို ရှာဖွေနေသလို သူ့ဝတ်ရုံကြီးကို လှန်လှော မွှေနှောက်နေခြင်းဖြင့် အလုပ်များနေ၏။ သို့ရာတွင် သူ့ကို စောင့်ကြည့်နေခြင်းကိုတော့ သဘောပေါက်ပုံရ၏။ အဘယ့်ကြောင့်ဆိုသော် ကြောင်ကို ရုတ်တရက် မော့ကြည့်လိုက်သောကြောင့် ဖြစ်သည်။ ကြောင်သည် လမ်းဆုံးဘက်ဆီမှ သူ့ကို စိုက်ကြည့်နေတုန်းပင် ဖြစ်သည်။ သူသည် ကြောင်ကို မြင်ရသည့် အတွက် အကြောင်း တစ်ခုခုကြောင့် ပျော်ရွှင်သွားသည့် လက္ခဏာ ရှိသည်။ သူသည် ခစ်ခနဲ တစ်ချက် ရယ်လိုက်၍ 'ငါသိနေဖို့ ကောင်းတယ်'ဟု တီးတိုးပြော၏။

အတွင်းအိတ်ထဲတွင် သူရှာနေသည့် အရာကို တွေ့သွားသည်။ ငွေမီးခြစ်ကလေးနှင့် သဏ္ဍာန်တူ၏။ အဖုံးကိုဖွင့်၍ လေထဲတွင် မြှောက်ကိုင်ကာ ချောက်ခနဲ လုပ်လိုက်သည်။ အနီးဆုံး လမ်းမီးတိုင်မှ မီးသည် ဖျတ်ခနဲ တစ်ချက် ဖြစ်ကာ ငြိမ်းသွား၏။ သူက ချောက်ခနဲ လုပ်ပြန်၏။ နောက်မီးတိုင် တစ်တိုင်သည် ငြိမ်း၍မှောင်သွားသည်။ သူသည် မီးငြိမ်းကိရိယာကို ဆယ့်နှစ်ကြိမ် တချောက်ချောက် လုပ်၏။ ဟိုးအဝေးမှ အပ်ဖျားလောက် ရှိသည့် မီးရောင်ကလေး နှစ်ခုမှ လွဲ၍ တစ်လမ်းလုံးမှ မီးတိုင်တွေ ငြိမ်းကုန်သည်။ အဝေးက မီးရောင်လေး နှစ်ခုကား သူ့ကို စောင့်ကြည့်နေသော ကြောင်၏ မျက်လုံးများ ဖြစ်တော့သည်။ အကယ်၍ ယခုအချိန်တွင် ပြတင်းပေါက်မှ ထွက်ကြည့်ပါက ဇနီး ဒါစလီလို ပြူးကြောင်ကြောင် မျက်လုံးတွေ ရှိသူပင်လျှင် အောက်က ပလက်ဖောင်းတွင် ဘာတွေ ဖြစ်ပျက်နေသည်ကို မြင်နိုင်လိမ့်မည် မဟုတ်ချေ။ ဒမ်ဗယ်လ်ဒေါသည် မီးငြိမ်းကိရိယာကို ဝတ်ရုံအတွင်းဘက်သို့ လျှောထည့်လိုက်၍ လမ်းကို ဆက်လျှောက်ကာ အိမ်နံပါတ် ၄ ရှေ့အရောက်တွင် နံရံပေါ်၌ ကြောင်နှင့် ယှဉ်၍ ထိုင်လိုက်လေသည်။ သူသည် ကြောင်ကို မကြည့်ပါ။ သို့သော် ခဏအကြာတွင် ကြောင်ကို စကားပြောလိုက်၏။

'ဒီမှာ လာတွေ့ရတာ အဆန်းသား ပရိုဖက်ဆာ မက်ဂေါ်နဂေါ'

သူသည် ရယ်၍ ကြောင်ညိုကျားမ ဘက်သို့ လှည့်လိုက်၏။ သို့သော် ကြောင်သည် မရှိတော့ချေ။ သူသည် ကြောင်၏ နေရာတွင် ရောက်နေသော ခပ်တည်တည် မိန်းမကြီးကို ရယ်၍ ပြောနေသလို ဖြစ်နေ၏။ ထို မိန်းမကြီးသည် လေးထောင့်ကိုင်းနှင့် မျက်မှန်ကို တပ်ထားရာ ကြောင်၏ မျက်လုံးများ တစ်ဝိုက်က အမှတ်အသားများနှင့် တထေရာတည်း တူနေသည်။ ထိုမိန်းမကြီးသည်လည်း ဝတ်ရုံကို ခြုံထား၏။ မြစိမ်းရောင် ဝတ်ရုံဖြစ်သည်။ သူ၏ မည်းနက်သော ဆံပင်ကို စု၍ ထုံးထား၏။ သူသည် စိတ်ရှုပ်သွားပုံ ရ၏။

'ကျွန်မမှန်း ဘယ့်နှယ် သိသလဲ'ဟု မေးသည်။
'ပရိုဖက်ဆာကြီးရယ်၊ ဒါလောက် တောင့်တောင့်ကြီး ထိုင်နေတဲ့ ကြောင်မျိုးကို မတွေ့ဖူးပါဘူး'
'အုတ်နံရံပေါ် တစ်နေ့လုံး ထိုင်နေရရင် တောင့်တောင့်ကြီး ဖြစ်နေမှာပဲ'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြော၏။
'တစ်နေ့လုံး၊ ဟုတ်လား၊ တကယ်ဆို ပျော်ပွဲကြီး ဆင်ယင်နေရမယ့် အချိန်ပဲ၊ ကျုပ် ဒီကို လာခဲ့တာမှာ လမ်းတစ်လျှောက် အကျွေးအမွေးတွေ၊ ပါတီပွဲတွေ တစ်ဒါဇင်လောက် ဖြတ်သန်းလာခဲ့ရတယ် ထင်တာပဲ'

ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဒေါသဖြင့် နှာခေါင်းရှုံ့၏။
'ဩ ဟုတ်တယ်၊ လူတိုင်း ပျော်ပွဲတွေ ကျင်းပနေကြတယ်'ဟု သူက စိတ်မရှည်သလို ပြောသည်။ 'သူတို့ နည်းနည်း ပိုပြီး သတိထားသင့်တယ် မထင်ဘူးလား၊ ခုတော့ မဟုတ်ဘူး၊ မတ်ဂယ်တွေတောင် တစ်ခုခု ဖြစ်နေပြီ ဆိုတာ သတိပြုမိတယ်၊ သတင်း ကြေညာချက်ထဲမှာ ပါတယ်' သူသည် ဒါစလီတို့၏ မှောင်မည်းနေသော ဧည့်ခန်း ပြတင်းပေါက်ဆီသို့ ဦးခေါင်းကို ချာခနဲ လှည့်ကြည့်၏။ 'ကျွန်မကြားတယ်၊ ဇီးကွက်အုပ်တွေ... ကြယ်ကြွေတာတွေ၊ ကဲ သူတို့တွေဟာ လုံးဝ ငတုံးတွေတော့ မဟုတ်ဘူး၊ သူတို့ဟာ တစ်ခုခုကိုတော့ မြင်ကို မြင်ရမှာပဲ၊ ကင့်မြို့နယ်မှာ

ကြယ်တွေကြွေတာ၊ အဲဒါဟာ ဒက်ဒလတ်စ် ဒစ်ဂဲလ် ဖြစ်ရမယ်လို့ ကျွန်မလောင်းကြေးစားကြေး ပြောရဲတယ်၊ သူဟာ ဘယ်တုန်းကမှ ဆင်ခြင်ဉာဏ် မရှိခဲ့ဘူး'

'သူတို့ကို အပြစ်မတင်နိုင်လေ'ဟု ဒမ်ဗယ်လ်ဒေါက ညင်သာစွာ ပြောသည်။ 'ဆယ့်တစ်နှစ်လုံးလုံး ပျော်ပွဲကျင်းပရမယ့် အဖိုးတန် ရတနာကလေးကို တို့ ရထားတယ်ကော'

'အဲဒါ ကျွန်မ သိပါတယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက စိတ်တိုတိုနှင့် ပြောသည်။ 'ဒါပေမယ့် ဒါကြောင့်တော့ ကျွန်မတို့ ဆင်ခြင်ဉာဏ်တွေ ပျောက်ကွယ်စရာ အကြောင်းမရှိပါဘူး၊ လူတွေဟာ လုံးဝ သတိ ပေါ့လျော့ကြတယ်၊ နေ့ခင်းကြောင်တောင်မှာ လမ်းတွေပေါ် ထွက်လျှောက်ကြတယ်၊ မတ်ဂယ်တွေလိုတောင် ဝတ်ဆင်မထားကြဘူး၊ ကောလာဟာလတွေကို အပြန်အလှန် လဲလှယ်ကြဖို့ သွားနေကြတယ်'

သူသည် အနီးက ဒမ်ဗယ်လ်ဒေါကိုဖျတ်ခနဲ ဘေးတိုက် စောင်းကြည့်သည်။ ဒမ်ဗယ်လ်ဒေါက တစ်ခုခု ပြောမည်ဟု မျှော်လင့်ထားဘိသကဲ့သို့ ရှိသည်။ သို့သော် ဒမ်ဗယ်လ်ဒေါက ဘာမျှ မပြောသဖြင့် သူက ဆက်ပြော၏။ 'တကယ်လို့များ ဘယ်သူလဲ ဆိုတာ ရှင်သိတဲ့လူ နောက်ဆုံးမှာ ပျောက်ကွယ်သွားတဲ့ နေ့မှာပဲ ကျွန်မတို့ အကြောင်းကို မတ်ဂယ်တွေ ဖော်ထုတ် သိရှိသွားကြတယ် ဆိုရင် တော်တော် အရေးလှတော့မှာပဲ၊ တကယ် သွားပြီ ထင်ပါတယ်နော် ဒမ်ဗယ်လ်ဒေါ'

'တကယ် သွားပြီ ထင်တာပဲ'ဟု ဒမ်ဗယ်လ်ဒေါက ပြောသည်။ 'တို့က ကျေးဇူးတင်စရာပေါ့၊ ရောက်ရှာရာဘတ် စားမလား'

'ဘာရှင့်'

'ရောက်ရှာရာဘတ်လေ၊ အဲဒါ ကျုပ် ကြိုက်တဲ့ မတ်ဂယ်တွေရဲ့ သကြားလုံး'

'ဟင့်အင်း ကျေးဇူးတင်ပါတယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဤအချိန်မှာ ရောက်ရှာရာဘတ်အတွက် အချိန်ဟု သူ ယူဆပုံမရသလို အေးစက်စက် ပြော၏။ 'ကျွန်မပြောသလို ဘယ်သူလဲဆိုတာ သိတဲ့လူ သွားပြီဆိုရင်တောင်မှ..'

'ခင်မင်ရတဲ့ ပရိုဖက်ဆာကြီးရယ်၊ ခင်ဗျားလို တတ်သိ လိမ္မာတဲ့ လူတစ်ယောက်က သူ့ကို နာမည် ထုတ်ပြောလို့ မရဘူးလား၊ ဒီလို ဘယ်သူလဲဆိုတာ သိတဲ့ လူလေး ဘာလေးနှင့်၊ ဆယ့်တစ်နှစ်လုံးလုံး ကျုပ်ဟာ လူတွေကို သူ့နာမည်ဖြစ်တဲ့ ဗော်လ်ဒီမော့ကို ထုတ်ခေါ်ဖို့ သွေးဆောင်လိုက်ရတာ' ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် တွန့်သွား၏။ သို့သော် ရောက်ရှာရာဘတ် သကြားလုံး နှစ်ခုကို ခွာနေသော ဒမ်ဗယ်လ်ဒေါက သတိပြုမိပုံ မပေါ်ချေ။ 'ကျုပ်တို့ဟာ ဘယ်သူလဲဆိုတာ သိတဲ့လူလို့ချည်း ပြောပြောနေရင် ရှုပ်ကုန်တယ်၊ ဗော်လ်ဒီမော့ နာမည်ကို ခေါ်ဖို့ ဘာကြောင့် ကြောက်ရမယ် ဆိုတဲ့ အကြောင်းကို ကျုပ် မမြင်ဘူး'

'ဟုတ်ပါတယ်၊ ရှင်ကတော့ အကြောင်း မမြင်ဘူးပေါ့'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက စိတ်ဆိုးခြင်း တစ်ဝက် ချီးကျူးခြင်း တစ်ဝက်ဖြင့် ပြောသည်။ 'ရှင်က သူများနှင့် မတူပါဘူး၊ ဘယ်သူလဲဆိုတာ၊ အဲလေ၊ ဟုတ်ပါပြီ၊ ဗော်လ်ဒီမော့ ကြောက်တာ ရှင် တစ်ယောက်တည်း ရှိတယ်ဆိုတာ လူတိုင်းသိပါတယ်'

'ခင်ဗျား ကျုပ်ကို မြှောက်နေတာပဲ'ဟု ဒမ်ဗယ်လ်ဒေါက တည်ငြိမ်စွာ ပြောသည်။ 'ဗော်လ်ဒီမော့က ကျုပ်မှာ မရှိတဲ့ တန်ခိုးတွေ ရှိတယ်'

'အဲဒါကလည်း ရှင်ဟာ အဲ... မြင့်မြတ်လွန်းလို့ အဲဒါတွေကို မသုံးတာပါ'

'မှောင်နေတာပဲ ကံကောင်းတယ် ဆိုရမယ်၊ မာဒမ် ပွန်ဖရီက ကျုပ်ရဲ့ နားရွက်အုပ်တာကလေးကို ကြိုက်တယ် ဆိုပြီး ကတည်းက ခုလောက် ရှက်သွေး မဖြန်းဖူးဘူး'

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ဒမ်ဗယ်လ်ဒေါကို ဖျတ်ခနဲ ကြည့်လိုက်ပြီးနောက် ပြန်ပြောသည်။ 'ပျံ့နေတဲ့ ကောလာဟာလတွေနှင့်စာရင် ဇီးကွက်တွေက ဘာဟုတ်သေးလဲ၊ လူတိုင်းက ဘာပြောနေသလဲ သိလား၊ သူဘာကြောင့် ပျောက်သွားရသလဲ ဆိုတဲ့ အကြောင်း၊ နောက်ဆုံးမှာ ဘာက သူ့ကို တားလိုက်သလဲ ဆိုတဲ့ အကြောင်းတွေပဲ'

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သူ အလွန် ဆွေးနွေးချင်နေသော အချက်သို့ ရောက်ရှိလာဟန် လက္ခဏာရှိသည်။ တစ်နေကုန် အေးစက် မာကျောသော နံရံပေါ်တွင် စောင့်ဆိုင်းနေခြင်း၏ တကယ့် အကြောင်းရင်းလည်း ဖြစ်သည်။ အလွန် ဆွေးနွေးလိုသော အချက်သို့ ရောက်ရှိလာသည်ဟု မှတ်ယူရခြင်းမှာလည်း ဒမ်ဗယ်လ်ဒေါကို ယခုကဲ့သို့ ဖောက်ထွင်းသွားတော့မလောက် စိုက်ကြည့်ခြင်းမျိုးကို အခြားအကြောင်းနှင့်တော့ ကြောင်တစ်ကောင် အဖြစ်လည်းကောင်း၊ မိန်းမ တစ်ယောက် အဖြစ် လည်းကောင်း ပြုလုပမည် မဟုတ်သောကြောင့် ဖြစ်၏။ လူတွေက ဘာတွေပဲ ပြောပြော ထိုဟာ အမှန် ဖြစ်သည်ဟု ဒမ်ဗယ်လ်ဒေါက မပြောမချင်း သူ ယုံမည် မဟုတ်ကြောင်းမှာ ရှင်းနေသည်။ သို့ရာတွင် ဒမ်ဗယ်လ်ဒေါသည် နောက်ထပ် ရောက်ရှာရဘတ် တစ်ခုကိုသာ ရှာယူနေသည်။ သူ့ အမေးကို ပြန်မဖြေချေ။

မက်ဂေါ်နဂေါက ဖိ၍ ပြောပြန်၏။ 'လူတွေ ပြောနေကြတာက လွန်ခဲ့တဲ့ ညက ဗော်လ်ဒီမော့ဟာ ဂေါ့ဒရစ် ဟောကို ပေါက်ချလာတယ်၊ ပေါ့တာတွေကို အရှာသွားတာ၊ ကောလာဟာလ ပြောနေကြတာကတော့ လီလီနှင့် ဂျိမ်းစ် ပေါ့တာတို့ဟာ... သူတို့ဟာ အဲ... သေကုန်ကြပြီတဲ့'

ဒမ်ဗယ်လ်ဒေါက ဦးခေါင်း ညွှတ်လိုက်၏။ ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပင့်သက်ဖိုလိုက်၏။
'လီလီနှင့် ဂျိမ်းစ်၊ မယုံနိုင်ပါဘူး၊ မယုံချင်ပါဘူးလေ၊ အို အဲလဘတ်ရယ်'

ဒမ်ဗယ်လ်ဒေါက လက်ကို ဆန့်ထုတ်၍ သူ့ပခုံးကို ပုတ်သည်။ 'ကျုပ် သိပါတယ်၊ ကျုပ်သိပါတယ်'ဟု လေးတွဲ့စွာ ပြော၏။

စကားဆက်ပြောသောအခါ ပရိုဖက်ဆာ မက်ဂေါ်နဂေါ၏ အသံသည် တုန်နေ၏။ 'ဒါ အကုန် မဟုတ်သေးဘူး၊ သူတို့ ပြောတာက သူဟာ ပေါ့တာတို့ရဲ့သားကလေး ဟာရီကို သတ်ဖို့ ကြိုးစားသေးသတဲ့၊ ဒါပေမဲ့ သူ မသတ်နိုင်ခဲ့ဘူး၊ ဘာကြောင့်လဲ ဘယ်လိုလဲ ဆိုတာ ဘယ်သူမှ မသိဘူး၊ ဒါပေမဲ့ သူတို့ ပြောတာက သူဟာ ဟာရီပေါ့တာကို မသတ်နိုင်တဲ့ အခါမှာ ဗော်လ်ဒီမော့ရဲ့ တန်ခိုးဟာ တစ်နည်းနည်း ပြယ်သွားသတဲ့၊ အဲဒါကြောင့် သူ သွားတာ'

ဒမ်ဗယ်လ်ဒေါက မှုန်တေတေနှင့် ခေါင်းညိတ်၏။
'အဲဒါ... အဲဒါ အမှန်ပဲလား'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ထစ်ထစ်ငေါ့ငေါ့နှင့် ပြောသည်။ 'သူ လုပ်နိုင်ခဲ့တာပဲ၊ လူတွေအားလုံး သူသတ်ခဲ့တာပဲ၊ ကောင်ကလေး တစ်ယောက်ကျမှ မသတ်နိုင်ဘူးတဲ့လား၊ သူ့ကို ထားခဲ့တာ တော်တော် အံ့သြစရာ ကောင်းတာပဲ၊ ဘယ်လိုကြောင့်များ ဟာရီဟာ ရှင်ကျန်ရစ်ခဲ့တာလဲ'

'ကျုပ်တို့ မှန်းကြည့်ရုံပဲ တတ်နိုင်တယ်'ဟု ဒမ်ဗယ်လ်ဒေါက ပြောသည်။ 'ဘယ်တော့မှ သိမှာတော့ မဟုတ်ဘူး'

ပရိဖက်ဆာ မက်ဂေါနဂေါသည် ဇာလက်ကိုင်ပဝါကလေးကို ဆွဲထုတ်၍ မျက်မှန်အောက်မှ မျက်လုံးများကို တို့၏။ ဒမ်ဗယ်လ်ဒေါသည် အိတ်ထဲမှ ရွှေနာရီကို ထုတ်ကြည့်ရင်း ပြင်းထန်စွာ နှာရှုံ့လိုက်သည်။ တော်တော်ဆန်းသော နာရီဖြစ်၏။ လက်တံ ဆယ့်နှစ်ခု ရှိသော်လည်း နံပါတ်များ မပါရှိချေ။ နံပါတ်များ အစား ဂြိုလ်ကလေးများသည် နှုတ်ခမ်း ပတ်ပတ်လည်တွင် ရစ်ဝိုင်းရွေ့လျားနေသည်။ ဒမ်ဗယ်လ်ဒေါ အတွက်တော့ သူ့နာရီသည် အဓိပ္ပာယ် ရှိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် နာရီကို အိတ်ထဲ ပြန်ထည့်ပြီး ပြောလိုက်သောကြောင့် ဖြစ်၏။ 'ဟတ်ဂရစ်ဟာ နောက်ကျနေပြီ၊ ဒါထက် ကျုပ် ဒီကိုလာမယ်ဆိုတာ ခင်ဗျားကို သူပြောတာ မဟုတ်လား'

'ဟုတ်တယ်'ဟု ပရိဖက်ဆာ မက်ဂေါနဂေါက ပြောသည်။ 'ဒါပေမဲ့ ရှင်ဟာ တခြားနေရာတွေထက် ဒီကိုမှ ဘာကြောင့် လာရတယ် ဆိုတာ ပြောပြမယ် မထင်ပါဘူးလေ'

'ကျုပ် လာရတာက ဟာရီကို သူ့အဒေါ်နှင့် ဦးလေးတွေဆီ လာပို့ဖို့အတွက်ပဲ၊ အခုဆို သူတို့ မိသားစုပဲ သူ့အတွက် ကျန်တော့တာ'

'အဲဒါဟာ ဒီမှာ နေတဲ့ လူတွေလို့ ရှင် မဆိုလိုပါဘူးနော်၊ သူတို့ မဟုတ်နိုင်ပါဘူးနော်'ဟု အော်၍ ပရိဖက်ဆာ မက်ဂေါနဂေါသည် ခုန်ရပ်ကာ အိမ်နံပါတ် ၄ ကို ညွှန်ပြ၏။ 'ဒမ်ဗယ်လ်ဒေါ... မဟုတ်ဘူး မဟုတ်လား၊ ကျွန်မ တစ်နေ့လုံး သူတို့ကို စောင့်ကြည့်နေခဲ့တယ်၊ ကျွန်မတို့နှင့် မတူတဲ့ လူနှစ်ယောက်ကို ရှာဖို့ မလွယ်ဘူး၊ သူတို့မှာရှိတဲ့ သားလေးကို ကြည့်ဦး၊ သကြားလုံး စားချင်တယ် ဆိုပြီး တစ်လမ်းလုံး သူ့အမေကို ကန်သွားတာ ကျွန်မမြင်တယ်၊ ဟာရီပေါ့တာက ဒီမှာ လာနေမယ်၊ ကောင်းရော'

'ဒီဟာ သူ့အတွက် အကောင်းဆုံး နေရာပဲ'ဟု ဒမ်ဗယ်လ်ဒေါက အခိုင်အမာ ပြောသည်။ 'သူကြီးလာတဲ့အခါမှာ သူ့အဒေါ်နှင့် ဦးလေးတွေက သူ့ကို ရှင်းပြီးပြောပြနိုင်လိမ့်မယ်၊ ကျုပ်က သူတို့အတွက် စာတစ်စောင် ရေးခဲ့တယ်'

'စာတစ်စောင်'ဟု ပရိဖက်ဆာ မက်ဂေါနဂေါက ယဲ့ယဲ့ကလေး လိုက်ပြောကာ နံရံပေါ်သို့ ပြန်၍ ထိုင်ချသည်။ 'ဒမ်ဗယ်လ်ဒေါ၊ စာကလေး တစ်စောင်ထဲမှာ ဒါတွေ အားလုံးကို ရှင်းပြနိုင်မယ်လို့ ရှင် တကယ် ထင်သလား၊ ဒီလူတွေဟာ သူ့ကို ဘယ်တော့မှ နားလည်မှာ မဟုတ်ပါဘူး၊ သူဟာ ကျော်ကြားလိမ့်မယ်၊ ပါးစပ်သမိုင်း တွင်မယ်၊ နောင်အနာဂတ်မှာ ဒီနေ့ဟာ ဟာရီပေါ့တာနေ့ရယ်လို့ တွင်မယ် ဆိုရင် ကျွန်မ မအံ့ဩပါဘူး၊ ဟာရီ အကြောင်း စာအုပ်တွေ ရေးကြလိမ့်မယ်၊ ကျွန်မတို့ ကမ္ဘာက ကလေးတိုင်း သူ့နာမည်ကို သိလိမ့်မယ်'

'သိပ်ဟုတ်တာပေါ့'ဟု ဒမ်ဗယ်လ်ဒေါက သူ၏ လခြမ်း မျက်မှန်ပေါ်မှ လေးလေးနက်နက် ကျော်ကြည့်ရင်း ပြော၏။ 'ကောင်ကလေးတိုင်း သူ့ကို လှည့်ကြည့်ရမယ်၊ သူ လမ်း မလျှောက်နိုင် စကား မပြောနိုင်ခင်မှာပဲ ကျော်ကြားလာရမယ်၊ သူတောင် မမှတ်မိတဲ့ဟာ တစ်စုံတစ်ခုကြောင့် နာမည်ကျော်မယ်၊ သူ ယူဖို့ အဆင်သင့် မဖြစ်သေးခင် အဲဒါတွေက အဝေးမှာ ကြီးပြင်းလာရတာ ပိုကောင်းတယ်ဆိုတာ ခင်ဗျား သဘောမပေါက်နိုင်ဘူးလား'

ပရိဖက်ဆာ မက်ဂေါနဂေါက ပါးစပ် ဟ၏။ စိတ်ပြောင်းသွားကာ မျိုသိပ်လိုက်ပြီး နောက်မှ ပြော၏။ 'ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင် ပြောတာ မှန်တာပေါ့၊ ဒါပေမယ့် ဒမ်ဗယ်လ်ဒေါရယ်၊ သူဘယ်လိုလုပ်ပြီး ဒီကိုရောက်လာနိုင်မှာလဲ' မက်ဂေါနဂေါက ဒမ်ဗယ်လ်ဒေါ၏ ဝတ်ရုံကြီးကို ရုတ်တရက် ကြည့်လိုက်သည်။ ဟာရီကို ဝတ်ရုံထဲတွင် ဝှက်ထည့်ခဲ့သည်ဟု ထင်မှတ်သလို ပုံပေါက်နေ၏။

'ဟတ်ဂရစ်က သူ့ကို ဆောင်ကြဉ်းလာပါလိမ့်မယ်'
'ဒါလောက် အရေးကြီးတာမျိုးကို လုပ်ဖို့ ဟတ်ဂရစ်ကို ယုံတာ တော်တယ်လို့ ရှင် ထင်သလား'

'ကျုပ် အသက်နှင့်တောင် ဟတ်ဂရစ်ကို ယုံပါတယ်'ဟု ဒမ်ဗယ်လ်ဒေါက ပြောလေသည်။

'သူ့နှလုံးသားဟာ နေရာမှန်မှာ မရှိဘူးလို့ ပြောနေတာ မဟုတ်ပါဘူး'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက တွန့်တိုစွာ ပြောသည်။ 'ဒါပေမဲ့ သူဟာ ပေါ့တီးပေါ့ဆ မဟုတ်ဘူးလို့ ရှင် ယူဆချင်ယောင် မဆောင်ပါနှင့်၊ သူ လုပ်တတ်တာက... အလို ဘာပါလိမ့်'

ခပ်အုပ်အုပ် မြည်လာသော ဂျိုးဂျိုးဂျိမ့်ဂျိမ့် အသံ တစ်ခုသည် သူတို့၏ ပတ်ဝန်းကျင်မှ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။ သူတို့သည် ယာဉ်တစ်စီး၏ ရှေ့မီးကို မြင်ရလိုမြင်ရငြား လမ်း၏ အပေါ်အောက် တစ်လျှောက် ကြည့်နေဆဲမှာပင် အသံသည် ဖြည်းဖြည်းနှင့် မှန်မှန် ပို၍ ကျယ်လောင်လာလေ၏။ နှစ်ယောက်သား ကောင်းကင်သို့ မော့ကြည့်လိုက်သည်တွင် အသံသည် ဟိန်းသံအဖြစ်သို့ ရောက်ရှိလာခဲ့ပြီးနောက် ကြီးမားသော မော်တော်ဆိုင်ကယ် တစ်စီးသည် လေထဲမှ ထွက်ပေါ်လာကာ သူတို့၏ အရှေ့ လမ်းပေါ်တွင် ဆင်းသက် ထိုးဆိုက်လာလေသည်။

မော်တော်ဆိုင်ကယ်သည် ကြီးသည်ဟု ဆိုလျှင် ခွထိုင်လာသော လူနှင့် စာလျှင် ဘာမျှ မဟုတ်သေးချေ။ သူသည် သာမန်လူထက် နှစ်ဆ မြင့်ပြီး အနည်းဆုံး ငါးဆလောက် ဝဖီး၏။ သူ့ပုံပန်းသည် ကြီးလွန်းရုံ ကြီးလွန်းလျှင် လက်ခံနိုင်ဖွယ် ရှိသော်လည်း တော်တော်ပင် ရိုင်းစိုင်းနေပုံ ရသည်က ဆိုး၏။ ရှည်လျား ရှုပ်ထွေးနေသော မည်းနက်သည့် ဆံပင်ဖုတ်သိုက်ကြီးနှင့် မုတ်ဆိတ်မွှေးကြီးက သူ့မျက်နှာ အတော်များများကို ဖုံးကွယ်ထားသည်။ သူ့တွင် အမှိုက်ပုံး အဖုံး အရွယ်လောက် ရှိသည့် လက်များ ရှိ၍ သားရေ ဘွတ်ဖိနပ်ထဲမှ သူ့ခြေထောက်များမှာ ဝေလငါး အနွယ် ဖြစ်သည့် ဒေါ်လဖင် ငါးပေါက်စတွေလောက်ရှိ၏။ သူ၏ ကြွက်သား ထူထပ်သည့် လက်မောင်းကြီးများသည် စောင်များဖြင့် ထွေးထားသော အထုပ်ကြီးကို ပိုက်ထားကြသည်။

'ဟတ်ဂရစ်'ဟု ဒမ်ဗယ်လ်ဒေါက စိတ်သက်သာရာ ရသွားသော လေသံဖြင့် ပြောလိုက်၏။ 'နောက်ဆုံးတော့ ရောက်လာခဲ့ပြီကော၊ ဒါထက် အဲဒီ မော်တော်ဆိုင်ကယ်ကို ဘယ်က ရခဲ့သလဲ'

'ငှားခဲ့ရတာပေါ့ ပါမောက္ခကြီး ဒယ်ဗယ်လ်ဒေါ ခင်ဗျာ'ဟု ဘီလူးကြီးက ပြော၏။ သူသည် စကားပြောရင်း မော်တော်ဆိုင်ကယ်ပေါ်မှ ဂရုစိုက်၍ ဆင်းသက်လာသည်။ 'ဆိုင်းရီးယပ်စ် ဘလက်ကလေးက ငှားလိုက်တာ၊ ကျွန်တော် သူ့ကို ခေါ်ခဲ့ပြီ ဆရာ'

'ပြဿနာ မရှိဘူး မဟုတ်လား'
'မရှိပါဘူး ဆရာ၊ အိမ်ကတော့ လုံးဝ အဖျက်ခံလိုက်ရသလောက်ပဲ၊ ဒါပေမဲ့ မတ်ဂယ်တွေ ဝိုင်းအုံ မလာခင် ကျွန်တော်က သူ့ကို လွတ်လွတ် ကျွတ်ကျွတ် ယူထုတ်နိုင်ခဲ့တာ၊ ကျွန်တော်တို့ ဘရစ္စတိုပေါ် ဖြတ်ပျံနေတုန်းမှာ သူအိပ်ပျော်သွားတယ်'

ဒမ်ဗယ်လ်ဒေါနှင့် ပရိုဖက်ဆာ မက်ဂေါ်နဂေါတို့သည် စောင်များဖြင့် ထွေးထားသော အထုပ်ကြီးပေါ် ကိုယ်ကို ကိုင်း၍ ကြည့်ကြ၏။ မြင်သာရုံကလေးရှိသော အတွင်းပိုင်းမှာ သားယောက်ျားလေးငယ် ဖြစ်၍ အိပ်မောကျနေသည်။ မည်းမှောင်နေသော ဆံပင် အဖုတ်ကလေး အောက်က နဖူးပေါ်တွင် ထူးဆန်းစွာ အထင်းသား ထွင်းထားသလို ဖြစ်နေသည့် လျှပ်စစ်မိုးကြိုး သဏ္ဌာန်ကလေးကို သူတို့ တွေ့ကြရသည်။

'အဲဒီနေရာဟာ ဟိုဟာ..'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက တီးတိုးရွတ်လိုက်၏။
'ဟုတ်တယ်'ဟု ဒမ်ဗယ်လ်ဒေါကပြောသည်။ 'သူဟာ ရာသက်ပန် အဲဒီ အမာရွတ်ကို ရသွားမှာပဲ'

'အဲဒါကို ရှင် တစ်ခုခု မလုပ်နိုင်ဘူးလား ဒမ်ဗယ်လ်ဒေါ'
'ကျုပ်လုပ်နိုင်ရင်တောင် လုပ်မှာမဟုတ်ဘူး၊ အမာရွတ်တွေဟာ အသုံးဝင်နိုင်ပါတယ်၊ ကျုပ်ရဲ့ ဘယ်ဘက်ဒူး အထက်နားမှာ တစ်ခုရှိတယ်၊ လန်ဒန်မြေအောက် မြေပုံနှင့် တထေရာတည်းပဲ၊ ကဲ ဟတ်ဂရစ်၊ သူ့ကို ဒီမှာ ထည့်ပေး၊ ဒီကစ္စ ပြီးမြောက်အောင် လုပ်ကြမှ ဖြစ်မယ်'

ဒမ်ဗယ်လ်ဒေါက ဟာရီကို သူ့လက်မောင်းတွင် ခံယူပြီး ဒါစလီတို့၏ အိမ်ဘက်သို့ လှည့်၏။
'သူ့ကို ကျွန်တော် နှုတ်ဆက်နိုင်… နိုင်မလား ဆရာ'ဟု ဟတ်ဂရစ်ကမေး၏။

သူ၏ ကြီးမားပြီး အမွေးကြမ်းတွေ ဖုံးနေသည့် ဦးခေါင်းကို ဟာရီအပေါ် ကုန်းပြီး အလွန်ယားကျိကျိနိုင်သည်ဟု ခေါ်လောက်သည့် မုတ်ဆိတ်မွေး ထူလပျစ်နှင့် အနမ်းကိုပေးသည်။ ထိုနောက် ရုတ်တရက်ပင် ဟတ်ဂရစ်သည် ဒဏ်ရာ အနာတရ ဖြစ်သွားသော ခွေးကဲ့သို့ အူသံပေးလိုက်သည်။

'ရှူး..'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဟန့်လိုက်၏။ 'ရှင့်ကြောင့် မတ်ဂယ်တွေ နိုးကုန်ဦးမယ်'
'ဝမ်း.. ဝမ်း… ဝမ်းနည်းပါတယ်'ဟု ဟတ်ဂရစ်က ရှိုက်ကာ အစက်ပြောက်တွေ ပါသည့် လက်ကိုင်ပဝါကြီးကို ထုတ်ပြီး သူ့မျက်နှာကို လက်ကိုက်ပဝါတွင် မြှုပ်နှံလိုက်သည်။ 'ဒါပေမဲ့ ကျွန်တော် အောင့်မထားနိုင်လိုပါ၊ လီလီနှင့် ဂျိမ်းစ်တို့ သေကုန်ကြပြီ၊ ဒီတော့ ဟာရီကလေးဟာ မတ်ဂယ်တွေနှင့် သွားနေရရှာတော့မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ တကယ့် ဝမ်းနည်းစရာပဲ၊ ဒါပေမဲ့ ဟတ်ဂရစ်ရယ်၊ စိတ်ကို ထိန်းထားစမ်းပါ၊ နို့မဟုတ်ရင် တို့ကို တွေ့သွားကုန်ကြလိမ့်မယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဟတ်ဂရစ်၏ လက်မောင်းကို သတိထား၍ပုတ်ရင်း တီးတိုးပြော၏။ ထိုအခိုက်တွင် ဒမ်ဗယ်လ်ဒေါသည် ခြံဝင်းထရံ အနိမ့်ကလေးကို ကျော်၍ အိမ်ရှေ့ တံခါးပေါက်ဆီသို့ လျှောက်သွား၏။ သူသည် ဟာရီကို တံခါးခုံပေါ်တွင် ညင်သာစွာချထားကာ သူ့ဝတ်ရုံထဲမှ စာတစ်စောင်ကို ထုတ်ယူ၍ ဟာရီ၏ စောင်များ အကြားသို့ ထိုးသွင်းလိုက်ပြီးနောက် ကျန်ရစ်ခဲ့သော သူနှစ်ယောက်ဆီသို့ ပြန်လာခဲ့လေသည်။ တစ်မိနစ် ပြည့်ပြည့်ဝဝပင် သူတို့ သုံးဦးသားသည် ရပ်၍ အထုပ်ကလေးကို ကြည့်ကြသည်။ ဟတ်ဂရစ်၏ ပခုံးများ လှုပ်ခါနေသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါက မျက်တောင်များကို ပြင်းထန်စွာ ခတ်၏။ ဒမ်ဗယ်လ်ဒေါ၏ မျက်လုံးများမှ ထွက်ပေါ်နေကျဖြစ်သော တဖျပ်ဖျပ် အလင်းရောင်သည် ပျောက်ကွယ်သွားသလို ဖြစ်နေ၏။

'ကဲ…'ဟု ဒမ်ဗယ်လ်ဒေါက နောက်ဆုံးတွင်ပြော၏။ 'အဲဒါပဲလေ၊ ကျုပ်တို့ ဒီမှာ နေနေဖို့ အလုပ်မရှိဘူး၊ ကျုပ်တို့လည်း ပျော်ပွဲတွေဆီ သွားပေါင်းကြရင် ကောင်းမယ်ထင်တယ်'

'ဟုတ်တယ်'ဟု ဟတ်ဂရစ်က အလွန်ပင် ဗလုံးဗထွေးနိုင်လှသော အသံဖြင့် ပြောသည်။ 'ကျွန်တော်လည်း ဆိုင်းရီးယပ်စ်ဆီ သွားပြီး သူ့ ဆိုင်ကယ် ပြန်ပေးမယ်၊ ကောင်းသော ညဥ့်ပါ ပရိုဖက်ဆာ မက်ဂေါ်နဂေါ်၊ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါတို့ ခင်ဗျား'

မျက်ရည်များ စီးကျနေသော မျက်လုံးများကို ဂျက်ကက် အင်္ကျီလက်ဖြင့် သုတ်ရင်း ဟတ်ဂရစ်သည် မော်တော်ဆိုင်ကယ်ပေါ် လွှားခနဲ ခုန်တက်ပြီး စက်ကို ကန်နှိုးလိုက်ကာ ဟိန်းသံနှင့်အတူ လေထုထဲ ဝင်သွား၍ ည၏ အတွင်းပိုင်းသို့ ဝင်ရောက်သွားလေတော့၏။

'ကျုပ် မကြာခင် ခင်ဗျားနှင့် တွေ့ဦးမယ်လို့မျှော်လင့်ပါတယ် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်ရေ'ဟု ဆတ်ခနဲ ခေါင်းညိတ်ရင်းက ဒမ်ဗယ်လ်ဒေါက ပြောသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြန်ဖြေသောအားဖြင့် နှပ်ညစ်၏။

ဒမ်ဗယ်လ်ဒေါသည် ချာခနဲ လှည့်ကာ လမ်းအောက်ဘက်သို့ ပြန်လျှောက်သွားသည်။

လမ်းထောင့် ရောက်သောအခါ ငွေရောင် မီးငြိမ်းကိရိယာကလေးကို ထုတ်၏။ တစ်ချက် ချောက်ခနဲ လုပ်လိုက်ရာ မီးလုံး ဆယ့်နှစ်လုံးကလေးသည် လမ်းမီးတိုင်များဆီသို့ အရှိန်ဖြင့် ပြန်သွားကြသည်တွင် ပရစ်ဗစ် ဒရိုက်သည် ရုတ်ချည်းပင် လိမ္မော်ရောင် လင်းသွားလေရာ သူသည် တစ်ဖက် လမ်းဆုံထောင့်၌ ကြောင်ညိုကျားမ တစ်ကောင်သည် ကုပ်ချောင်းချောင်းနှင့် ကွေ့ထွက်သွားသည်ကို မြင်လိုက်ရသည်။ သူသည် အိမ်နံပါတ် ၄ ၏ လှေကားထစ်ပေါ်မှ စောင်ထုပ်ကို ခပ်လှမ်းလှမ်းမှ မြင်ရ၏။

'ကံကောင်းပါစေ ဟာရီ'ဟု သူက ခပ်ညည်းညည်း ပြောသည်။ သူသည် ချာခနဲ လှည့်လိုက်ရာ ဝတ်ရုံကြီး ဗိုးခနဲ အဖြစ်တွင် သူ မရှိတော့ချေ။

ပရစ်ဗစ် ဒရိုက်မှ သပ်ရပ်သော လမ်းဘေး ခြံစည်းရိုး သစ်ပင်များကို လေပြည်ကလေးက ဖော့ယမ်းလိုက်၏။ လမ်းသည် မှောင်မိုက်သော ကောင်းကင်အောက်တွင် ငြိမ်သက် သန့်ရှင်းနေ၏။ အံ့သြဖွယ်ရာတွေ ဖြစ်လာတော့မည်ဟု မမျှော်လင့်နိုင်ဆုံးသော နေရာဖြစ်တော့သည်။ ဟာရီ ပေါ့တာသည် မနိုးဘဲနှင့် စောင်များထဲတွင် လိုမ့်သည်။ လက်ကလေး တစ်ဖက်က ဘေးနားရှိ စာနားတွင် ရောက်နေကာ ဆက်လက် အိပ်နေ၏။ နာရီ အနည်းငယ် အကြာတွင် နို့ပုလင်းများကို ထုတ်ထားရန် အိမ်ရှေ့တံခါးကို ဖွင့်သော ဇနီး ဒါစလီ၏ လန့်အော်သံကြောင့် သူ နိုးရမည်ကို မသိ။ နောက် ရက်သတ္တပတ် အနည်းငယ်မျှ ကြာလျှင် ဝမ်းကွဲတော်သူ ဒတ်ဒလီ၏ ထိုးဆွဲ လိမ်ဆွဲခြင်းကို ခံရမည်ကိုလည်း မသိချေ။ ထို့အတူတွင် ယခု အခိုက်အတန့်တွင်ပင် တစ်နိုင်ငံလုံး၌ လူများသည် လျှို့ဝှက် တွေ့ဆုံ၍ အရက်ခွက်တွေကို ကိုင်မြှောက်ကာ ခပ်အုပ်အုပ် အသံများဖြင့် 'ရှင်ကျန်ရစ်ခဲ့တဲ့ ကောင်ကလေး ဟာရီ ပေါ့တာသို့'ဟု ပြောဆို ဆုတောင်းနေကြသည်ကိုလည်း သူ မသိချေ။

အခန်း နှစ်

ပျောက်သွားသော မှန်ချပ်

ဒါစလီတို့ ဇနီးမောင်နှံသည် အိပ်ရာမှ နိုး၍ လှေကားခုံပေါ်တွင် သူတို့၏ တူကို တွေ့ရသည့် အချိန်မှစ၍ ဆယ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ပရစ်ဗစ် ဒရိုက်လမ်းသည် ဘာမှ မပြောင်းလဲသလောက် ရှိပေ၏။ နေသည် ခါတိုင်းလိုပင် သန့်ရှင်းနေမြဲဖြစ်သော အိမ်ရှေ့ခြံများပေါ်တွင် သာနေပြီး ဒါစလီတို့၏ အိမ်ရှေ့တံခါးပေါ်မှ နံပါတ် ၄ ဟု ဖော်ပြထားသော ကြေးပြားပေါ်သို့ အလင်းရောင် ကျရောက်ကာ သူတို့၏ အိပ်ခန်းထဲသို့ အသာ ဝင်ရောက်၏။ ဇီးကွက်များအကြောင်း ကြေညာဆောင်သည့် သတင်း အစီရင်ခံချက်ကို သိမြင်ခဲ့ရသော ညက အခြေအနေများနှင့် အတူတူလောက်ပင် ဖြစ်နေသည်။ မွမ်းမံ ခြယ်လှယ်ထားသော မီးဖိုအထက် စင်ပေါ်မှ ဓာတ်ပုံများကသာလျှင် အချိန်ဘယ်လောက် ကုန်လွန်ခဲ့ပြီ ဆိုခြင်းကို တကယ်ပြသနေပေ၏။ လွန်ခဲ့သော ဆယ်နှစ်က ပန်းရောင် လေမှုတ် ဘောလုံးကြီးက သိုးမွေး ဦးထုပ်တွေ အမျိုးမျိုး ဆောင်းထားသည်နှင့် တူလှသော ဒတ်ဒလီ ဒါစလီ၏ ဓာတ်ပုံပေါင်း များစွာသည် ရှိခဲ့ပါသော်လည်း သူသည် ကလေးငယ်ကလေး မဟုတ်တော့ရကား ယခုအခါတွင် ဓာတ်ပုံများ၌ သူသည် ပွဲတစ်ခုတွင် ချားရဟတ်မှ ဘိုင်စကယ်ကို ပထမဆုံး စီးနင်းနေပုံကို လည်းကောင်း၊ သူ့အဖေနှင့်အတူ ကွန်ပျူတာ ကစားပွဲကို ကစားနေခိုက် အမေက ဖက်၍ နမ်းနေပုံကို လည်းကောင်း ဖော်ပြနေကြပေသည်။ ဤအိမ်တွင် အခြားသော ကောင်ကလေး တစ်ယောက်လည်း နေပါသေးကြောင်းကို လက္ခဏာ အမှတ်အသားသည် ထိုအခန်းတွင် လုံးဝ မရှိချေ။

သို့တိုင်အောင် ဟာရီ ပေါ့တာကတော့ ထိုအိမ်တွင် ရှိနေဆဲ ဖြစ်ပါ၏။ ယခု အခိုက်အတန့်တွင် အိပ်နေဆဲ ဖြစ်သော်လည်း ကြာရှည် မအိပ်ရတော့ပါ။ သူ့ အဒေါ် ပဲ့ကျူးနီးယားသည် နိုးနေပြီဖြစ်၍ ထိုနေ့၏ ပထမဆုံးသော ဆူညံသံကား သူ၏ စူးရှသော အသံပင် ဖြစ်တော့၏။

'ထ... ထစမ်း၊ အခု ထ'

ဟာရီသည် အလန့်တကြား နိုးလာရ၏။ သူ့အဒေါ်က အခန်းတံခါးကို ထပ်ခေါက်ပြန်သည်။

'ထလေ..'ဟု သူက စူးစူးဝါးဝါး အော်၏။ အဒေါ်ဖြစ်သူ မီးဖိုချောင်ဘက် လျှောက်သွားသံ၊ ထိုနောက် ခါတ်မီးဖိုပေါ်သို့ ဒယ်ပြား တင်လိုက်သံတို့ကို ဟာရီကြားသည်။ သူသည် ပက်လက် လှန်လိုက်ကာ မက်နေဆဲ ဖြစ်ခဲ့သော အိပ်မက်ကို ပြန်၍ အစဖော်နေသည်။ အိပ်မက်ထဲတွင် မိုးပျံ မော်တော်ဆိုင်ကယ် ပါသည်။ ရှေးက ထိုအိပ်မက်အတိုင်းပင် မက်ခဲ့သလိုခံစားမှု တစ်မျိုးကြီးကိုပင် ခံစားရသည်။

သူ့အဒေါ်သည် အခန်းတံခါး ရှေ့သို့ ပြန်ရောက်လာ၏။

'မထသေးဘူးလား'ဟု သူ့အဒေါ်က တောင်းဆိုသည်။

'ထပါတော့မယ်'ဟု ဟာရီက ပြော၏။

'ကဲ... ထစမ်းပါ၊ ဝက်သားကင်ကို နည်းနည်း စောင့်ကြည့်လိုက်စမ်း၊ အေးမီးကျွမ်းအောင် လုပ်ရဲလုပ်ကြည့်စမ်း၊ ဒတ်ဒီကလေးရဲ့ မွေးနေ့မှာ အားလုံး အဆင်ပြေတာကို ငါ လိုချင်တယ်'

ဟာရီက ညည်းလိုက်သည်။

'ဘာပြောတယ်'ဟု သူ့အဒေါ်က တံခါးရွက်ကြားမှ ခပ်ပြတ်ပြတ် ပြော၏။

'ဘာမှ မပြောပါဘူး၊ ဘာမှ မပြောပါဘူး'

ဒတ်ဒလီ၏ မွေးနေ့ ဆိုပဲ။ မိမိ ဘယ်လို မေ့နေပါလိမ့်။ ဟာရီသည် ဖြည်းဖြည်းပင် အိပ်ရာမှ ထကာ ခြေအိတ်တိုတွေကို ရှာ၏။ သူ့အိပ်ရာအောက်တွင် ခြေအိတ် တစ်စုံကို တွေ့၍ ခြေအိတ် တစ်ဖက်ထဲမှ ပင့်ကူကို ဆွဲထုတ်ပြီးနောက် ခြေအိတ်ကို စွပ်လိုက်သည်။ ဟာရီအတွက် ပင့်ကူများသည် ရိုးနေပါပြီ။ အဘယ့်ကြောင့်ဆိုသော် လှေကားအောက်မှ ဗီရိုတွင် ပင့်ကူတွေ များစွာရှိ၍ ထိုဗီရိုထဲတွင် သူအိပ်ရခြင်းဖြစ်သည်။

အဝတ်အစား ဝတ်ဆင်ပြီးသောအခါ ခန်းမကို ဖြတ်၍ မီးဖိုချောင်သို့သွားသည်။ စားပွဲသည် ဒတ်ဒလီ၏ မွေးနေ့ လက်ဆောင်များ အောက်တွင် ပျောက်ကွယ်သလောက် ရှိနေ၏။ ဒတ်ဒလီသည် သူ လိုချင်နေသော ကွန်ပျူတာ အသစ်ကို ရပြီတော့ ထင်ရသည်။ တယ်လီဗေးရှင်း ဒုတိယ တစ်လုံးနှင့် ပြိုင်စက်ဘီးကိုတော့ ပြောစရာ လိုမည် မထင်ပါ။ ဒတ်ဒလီသည် ဘာကြောင့်များ ပြိုင်စက်ဘီးကို လိုချင်ရသည် ဆိုခြင်းမှာ ဟာရီ အတွက် အသိခက် လျှို့ဝှက်ချက် တစ်ခု ဖြစ်နေ၏။ ဒတ်ဒလီသည် တအားဝပြီး ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို မုန်းတီးသူ ဖြစ်သောကြောင့်တည်း။ လေ့ကျင့်ခန်း ကျင့်သည့် အတောအတွင်းတွင် တစ်ယောက်ယောက်ကို ထိုးရလျှင်တော့ လေ့ကျင့်ခန်းကို လုပ်ချင်တတ်ပါသည်။ ဒတ်ဒလီ၏ ထိုးခြင်းအတွက် ကြမ္မာခံကတော့ ဟာရီ ဖြစ်သည် မှန်သော်လည်း သူသည် ဟာရီကို လိုက်ဖမ်းမိဖို့တော့ ခက်ခဲလှချေသည်။ ဟာရီက တမင်လွတ်အောင် ပြေးသည်တော့ မဟုတ်ပါ။ သို့ရာတွင် သူသည် အလွန် လျင်မြန်လှ၏။

ဤသို့ ဖြစ်ရခြင်းမှာ မှောင်မိုက်နေသော ဗီရိုထဲတွင် နေရသောကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ဟာရီသည် အသက်နှင့် မလိုက်အောင်ပင် သေးငယ် ပိန်ကျုံနေလေသည်။ ထို့အပြင် သူ့ တကယ့် ကိုယ်ခန္ဓာကို ပို၍ သေးငယ် ပိန်လှီသည်ဟု ထင်စရာ ဖြစ်ရခြင်းကား သူက ဒတ်ဒလီ၏ အကျီကျုများကို ဝတ်ရပြီး ဒတ်ဒလီမှာ သူ့ထက် လေးဆနီးပါး ကြီးထွားနေသောကြောင့် ဖြစ်သည်။ ဟာရီတွင် ပိန်ချွန်းသော မျက်နှာ၊ ဖုထစ်သော ဒူးဆစ်၊

နက်မှောင်သော ဆံပင်၊ စိမ်းလဲ့ တောက်ပြောင်သော မျက်လုံးများ ရှိပေ၏။ သူသည် မျက်မှန် အဝိုင်းကို တပ်ဆင်ပြီး သူ့မျက်မှန်မှာ ဆယ်လိုတိပ်များဖြင့် ကပ်၍ ဖာထေးထားရသည်။ ဒတ်ဒလီက ထာဝစဉ်လိုပင် သူ့နှာခေါင်းကို ထိုးတတ်သောကြောင့် ဖြစ်လေသည်။ မိမိ၏ ရုပ်ဆင်းသဏ္ဌာန်နှင့် ပတ်သက်၍ ဟာရီ နှစ်သက်သည့် တစ်ခုတည်းသော အရာကား နဖူးပေါ်တွင်ရှိသည့် လျှပ်စစ်မိုးကြိုးပုံ ဖြစ်နေသော အမာရွတ် မျှင်မျှင်ကလေးပင် ဖြစ်၏။ ထိုအမာရွတ်ကို သူ လူမှန်း သိစကပင် ရရှိခဲ့ပြီး ဖြစ်၍ သူ့အဒေါ် ပဲ့ကျူးနီးယားကို ပထမဆုံး မေးသည်မှာ မှတ်မိသလောက်ဆိုလျှင် ဒီအမာရွတ် ဘယ်လို ရလာခဲ့သလဲ ဟူ၍ ဖြစ်ပေ၏။

'နင့်မိဘတွေ သေခဲ့တဲ့ မော်တော်ကား မတော်တဆ ဖြစ်မှုကြောင့် ရခဲ့တာ'ဟု အဒေါ်က ပြော၏။ 'အမေးအမြန်း မထူစမ်းနှင့်'

အမေးအမြန်း မထူနှင့်။ ဤသည်မှာ ဒါစလီတို့နှင့် နေရသော ဆိတ်ငြိမ်သည့် ဘဝအတွက် ပထမဆုံးသော ဥပဒေ စည်းမျဉ်းဖြစ်သည်။

ဟာရီသည် ဝက်သားကင်ကို လှန်နေခိုက်တွင် ဦးလေး ဗာနွန်သည် မီးဖိုချောင်ထဲ ဝင်လာ၏။

'မင်း ဆံပင်ကို ဖြီးစမ်း'ဟု သူက အော်သည်။ နံနက်ခင်း နှုတ်ဆက်သည့် သဘော ဖြစ်၏။

ရက်သတ္တ တစ်ပတ်လျှင် တစ်ကြိမ်ကျ ဦးလေး ဗာနွန်က သူ ဖတ်နေသော သတင်းစာပေါ်က ကျော်ကြည့်ပြီး ဟာရီ ဆံပင် ညှပ်ဖို့ လိုနေပြီဟု အော်တတ်၏။ ဟာရီသည် သူ့အတန်းထဲက ကောင်ကလေးတွေ အားလုံးပေါင်းထက် အကြိမ်ပေါင်း ပိုမိုစွာပင် ဆံပင် ညှပ်ခဲ့ရပုံ ပေါက်၏။ သို့သော် ဘာမျှ မထူးခြားပါ။ သူ့ဆံပင်သည် တစ်ခေါင်းလုံး အနှံ့အပြား ဒီလိုပင် ပေါက်ခြင်းဖြစ်၏။

ဒတ်ဒလီသည် သူ့ မိခင်နှင့် အတူ မီးဖိုချောင်သို့ ရောက်ရှိလာသော အခါတွင်ကား ဟာရီသည် ကြက်ဥများကို ကြော်နေသည်။ ဒတ်ဒလီသည် ဦးလေး ဗာနွန်နှင့် တူလှသည်။ သူ့တွင် ကြီးမားသော ပန်းရောင် မျက်နှာ ရှိ၏။ လည်ပင်းကတော့ သိပ်မပြောလောက်။ သေးငယ်၍ ရွှန်းလဲ့သော မျက်လုံးပြာများနှင့် ကျယ်ဝန်းဝဖြိုးသော နဖူးပေါ်တွင် ချောမွတ်စွာ တည်ရှိသည့် ရွှေရောင် ဆံပင် ထူထူထဲထဲတွေလည်း ရှိသည်။ အဒေါ် ပဲ့ကျူးနီးယားက ဒတ်ဒလီသည် ကောင်းကင်တမန် ကလေးငယ်နှင့် တူလှသည်ဟု မကြာခဏ ပြောလေ့ရှိ၏။ ဟာရီကမူ ဒတ်ဒလီသည် ဆံပင်တု စွပ်ထားသော ဝက်နှင့် တူသည်ဟု မကြာခဏ ပြောလေ့ရှိသည်။

ဟာရီသည် ကြက်ဥနှင့် ဝက်သားကင် ပန်းကန်များကို စားပွဲပေါ်သို့ တင်ရာ နေရာလပ် သိပ်မရှိသဖြင့် တော်တော်ပင် ခက်ခဲရသည်။ ထိုအခိုက်တွင် ဒတ်ဒလီသည် သူ့အတွက် လက်ဆောင်များကို ရေတွက်နေ၏။ သူ မျက်နှာပျက်သွားသည်။

'သုံးဆယ့်ခြောက်'ဟု သူ့အဖေနှင့်အမေတို့ကို မော့ကြည့်ရင်း ပြော၏။ 'ဒါဆို အရင်နှစ်ကထက် နှစ်ခု လျော့နေတာပေါ့'

'ချစ်ချစ်ကလေးရယ်၊ သားက အန်တီ မတ်ဂျ်ရဲ့ လက်ဆောင်ကို ထည့်ပြီး မရေရသေးဘဲကိုး၊ တွေ့လား၊ ဟောဒီ မာမီနှင့် ဒက်ဒီတို့ရဲ့ အထုပ်ကြီးအောက်မှာ ရောက်နေတာကိုး'

'ဟုတ်ပြီ၊ ဒါဆို သုံးဆယ့်ခုနစ်ပေါ့'ဟု ဒတ်ဒလီက မျက်နှာကြီး နီမြန်းလာပြီး ပြော၏။ ဒတ်ဒလီ၏ အမျက် ဒေါသကြီးသည် အလိပ်လိုက်တက်လာပြီကို သိသော ဟာရီသည် မြန်နိုင်သလောက် မြန်အောင် သူ၏

ဝက်သားကင်ကို ပါးစပ်ထဲသို့ ထိုးသွင်း မျိုချသည်။ မတော်တဆ ဒတ်ဒလီင စားပွဲကို လှန်ပစ်လိုက်မှာ စိုးသောကြောင့်ဖြစ်၏။

အဒေါ် ပဲ့ကျူးနီးယားကလည်း အန္တရာယ်ကို အနံ့ရသည်မှာ သေချာ၏။ အဘယ့်ကြောင့်ဆိုသော် သူက လျှင်မြန်စွာပင် 'ဒါ့အပြင် ဒီနေ့ တို့ အပြင်ထွက်ရင် နောက်ထပ် လက်ဆောင် နှစ်ခု ဝယ်ပေးဦးမယ်၊ ဘယ်လိုလဲ သားလေး၊ နောက်ထပ် လက်ဆောင် နှစ်ခု၊ ကျေနပ်ပြီလား'ဟု ပြောလိုက်သောကြောင့် ဖြစ်၏။

ဒတ်ဒလီက ခဏမျှ စဉ်းစားနေ၏။ ပင်ပင်ပန်းပန်း တွက်ချက်နေပုံရ၏။ နောက်ဆုံးတွင် သူက ဖြည်းလေးစွာဖြင့် 'ဒါဆို ကျွန်တော့မှာ သုံးဆယ်… သုံးဆယ်…'ဟု ပြောနေ၏။

'သုံးဆယ့်ကိုးခု ရှိမှာပေါ့ သားလေးရယ်'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ပြောသည်။
'အိုး' ဒတ်ဒလီသည် ဝုန်းခနဲ ထိုင်ချလိုက်၍ အနီးဆုံး အထုပ်ကို ဖမ်းဆွဲကိုင်၏။ 'ကျေနပ်ပါပြီ'
ဦးလေး ဗာနွန်က ခစ်ခနဲ ရယ်လိုက်လေသည်။
'ခွေးကောင်လေးက တွက်ခြေကိုက်အောင် လိုချင်တာပဲကိုး၊ သူ့အဖေလိုပဲကိုး၊ လုပ်လိုက်ကွ ဒတ်ဒလီ' သူက ဒတ်ဒလီ၏ ဆံပင်ကို ဖွလိုက်၏။

ထိုအခိုက် တယ်လီဖုန်း မြည်လေရာ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက သွားကိုင်စဉ် ဟာရီနှင့် ဦးလေး ဗာနွန်တို့က ဒတ်ဒလီ တစ်ယောက် ပြိုင်စက်ဘီး၊ ရုပ်ရှင်ကင်မရာ၊ အဝေးထိန်း လေယာဉ်ပျံ၊ ကွန်ပျူတာ ကစားနည်း အသစ် ဆယ့်ခြောက်ခု၊ ဗီဒီယို ရီကော်ဒါတို့ အထုပ် ဖြေသည်ကို စောင့်ကြည့်နေကြ၏။ ရွှေလက်ပတ်နာရီ အထုပ်မှ စက္ကူပတ်ကို ဆွဲဖြဲစဉ် ဒေါ်ဒေါ် ပဲ့ကျူးနီးယားက တယ်လီဖုန်း ပြောရာက ပြန်ရောက်လာရာ သူ့မျက်နှာမှာ ဒေါသလည်းထွက်၊ စိတ်လည်း ရှုပ်သွားသည့် အသွင် ပေါက်နေသည်။

'သတင်းဆိုးပဲ ဗာနွန်ရေ' ဟု သူက ပြောသည်။ 'မစ္စက်ဖစ်ဟာ ခြေထောက် ကျိုးသွားသတဲ့၊ သူ့ကို ခေါ်မထားနိုင်တော့ဘူး' သူက ဟာရီဘက်သို့ မေးငေါ့ပြ၏။

ဒတ်ဒနီ၏ ပါးစပ်သည် အလန့်တကြားနှင့် ဟသွားသော်လည်း ဟာရီ၏ နှလုံးသည် ခုန်ပေါက်သွား၏။ နှစ်စဉ် ဒတ်ဒလီ၏ မွေးနေ့တွင် သူ့မိဘတို့သည် သူနှင့် သူငယ်ချင်း တစ်ယောက်ကို ခေါ်၍ တစ်ရက်လုံး အပြင်ထွက်ကာ အပန်းဖြေ ဥယျာဉ်များ၊ ဟမ်ဘာဂါ ဆိုင်များ၊ ရုပ်ရှင်ရုံတို့ကို လိုက်ပို့သည်။ ဟာရီကိုကား နှစ်လမ်းကျော်တွင် နေထိုင်သော မစ္စက်ဖစ်ဟု ခေါ်သည့် စိတ်မနှံ့သည့် အဘွားအိုနှင့် ထားရစ်ခဲ့သည်။ ဟာရီက ထိုအိမ်သို့ အသွားချင်ပါ။ ထို တစ်အိမ်လုံးမှာ ဂေါ်ဖီထုပ်စော် နံနေပြီး မစ္စက်ဖစ်က သူ မွေးခဲ့သမျှ ကြောင်တွေ၏ ဓာတ်ပုံတွေကို အတင်း ပြသတတ်သည်။

'ကဲ… ဘာလုပ်မလဲ'ဟု ပဲ့ကျူးနီးယားက ဤကိစ္စကို ဟာရီကပဲ စီစဉ်ထားသလို ဒေါသတကြီးနှင့် ဟာရီကို ကြည့်ရင်း ပြော၏။ မစ္စက်ဖစ် ခြေထောက် ကျိုးသွားခြင်း အတွက် စိတ်မကောင်း ဖြစ်သင့်ကြောင်း ဟာရီ သိပါသော်လည်း ကြောင်မ နက်ပြာတို့၊ နှင်းဖြူတို့၊ လက်သည်းရှည်တို့၊ မွေးပွတို့ကို နောက်ထပ် ကြည့်ဖို့ တစ်နှစ်ကြီးများ ရှိသေးကြောင်း မိမိကိုယ် မိမိ ပြန်သတိပေးလိုက်သောအခါတွင် စိတ်မကောင်း ဖြစ်ဖို့ မလွယ်ကူသည်ကို တွေ့ရ၏။

'မတ်ဂျ်ဆီကို တယ်လီဖုန်း ဆက်နိုင်သားပဲ' ဦးလေး ဗာနွန်က အကြံပြုလေသည်။
'မကြောင်စမ်းပါနှင့် ဗာနွန်ရယ်၊ သူက ဒီကောင်ကလေးကို မုန်းတယ်ရှင့်'

ဒါစလီ ဇနီးမောင်နှံတို့သည် ဟာရီကို အနားတွင် ထားပြီး ဤသို့ ပြောဆိုတတ်ကြ၏။ ဟာရီပဲ မရှိသလိုလို၊ သို့မဟုတ်ပါကလည်း လူဖျင်းကလေး ဖြစ်ပြီး သူတို့ ပြောနေတာတွေကို ဘာမျှ နားမလည်သလိုလို သဘောထားကြသည်။

'ဟိုဟာ... ဘယ်သူလဲ၊ မင်း သူငယ်ချင်းလေ... အီဗွန်လား'
'အလုပ် ပိတ်ရက်မို့ မဂျော်ကာကို သွားနေတယ်' ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ခပ်ပြတ်ပြတ် ပြောသည်။

'ကျွန်တော့်ကို ဒီမှာပဲ ထားခဲ့ပါလား' ဟာရီက မျှော်လင့်ခြင်း ကြီးစွာဖြင့် ဝင်ပြော၏။ (အပြောင်းအလဲ သဘောဖြင့် တယ်လီဗီးရှင်းကို သူ ကြည့်ချင်တာကို ကြည့်နိုင်မည်။ ထို့ပြင်လည်း ဒတ်ဒလီ၏ ကွန်ပျူတာကို ကိုင်နိုင်ပေလိမ့်မည်။)

ဒေါ်ဒေါ် ပဲ့ကျူးနီးယားသည် ရှောက်သီးစိတ်ကြီး မျိုမိသလို ပုံပေါက်သွားလေ၏။ 'အေး.. တို့ပြန်လာတော့ အိမ်ကြီး ဖောက်ထိုး မှောက်ခုံ ဖြစ်နေတာ တွေ့ရမယ်လား' သူက ဟောက်သည်။

'ကျွန်တော်က အိမ်ကြီးကို ဖောက်ခွဲမပစ်ပါဘူး'ဟု ဟာရီက ပြော၏။ သို့သော် သူတို့က နားမထောင်ချေ။

'သူ့ကို တိရစ္ဆာန် ဥယျာဉ်ကို ခေါ်သွားနိုင်မယ် ထင်ပါတယ်'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဖြည်းလေးစွာ ပြောသည်။
'... ပြီးတော့... ကားထဲမှာ ထားခဲ့တာပေါ့'

'ကားက အသစ်ကြီး၊ သူ့တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်ဘူး'

ဒတ်ဒလီသည် ရုတ်တရက် အော်ငိုသည်။ စင်စစ်တွင်ကား သူသည် တကယ်ငိုနေခြင်း မဟုတ်ပါ။ သူ တကယ်ငိုခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပါပြီ။ သို့သော် သူသည် မျက်နှာကို ရှုံ့မဲ့၍ မြည်တမ်းလိုက်သည် ဆိုလျှင် သူ့ အမေသည် သူ ဘာလိုချင်ချင် ပေးမည် ဆိုခြင်းကို သူ သိ၏။

ကလေးရယ် မငိုပါနှင့်ကွယ်၊ မင်းရဲ့ နေ့ထူးနေ့မြတ်ကို သူ ဖျက်ဆီးတာ မာမီ မခံပါဘူး'ဟု အမေက ပွေ့ဖက်ရင်း ပြောသည်။

'ကျွန်... တော်...သူ...လိုက်...လိုက်လာတာ...မလိုချင်ဘူး'ဒတ်ဒလီ သည် ကြီးမားသော ဟန်လုပ် ရှိုက်သံ တစ်ခုစီ အကြားမှ အော်ပြော၏။ 'သူဟာ...အား...အားလုံး...ကို ဖျက်ဆီးတာပဲ' သူ့မိခင်၏ လက်များ အကြားမှ ဟာရီကို ကြည့်၍ ယုတ်မာသော အပြုံးဖြင့် ပြုံးပြသည်။

ထိုခဏတွင် တံခါးမှ လူခေါ်ဘဲလ်သံ မြည်လာသည်။ 'ဟော ဘုရားသခင်၊ သူတို့ ရောက်လာကြပြီကော'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက တုန်လှုပ်ချောက်ချားစွာ ပြောလိုက်၏။ ခဏအကြာတွင် ဒတ်ဒလီ၏ အချစ်ဆုံး သူငယ်ချင်း ပီယားစ် ပေါလ်ကစ်သည် သူ့မိခင်နှင့်အတူ လျှောက်ဝင်လာသည်။ ပီယားစ်သည် ကြိုလှီသော ကောင်ကလေး ဖြစ်၍ မျက်နှာမှာ ကြွက်မျက်နှာနှင့် တူသည်။ ဒတ်ဒလီက လူတွေကို ထိုးသည့်အခါ သူက လူတွေ၏ လက်ကို နောက်မှနေ၍ ချုပ်ပေးရသူ ဖြစ်၏။ ဒတ်ဒလီသည် ဟန်လုပ် ငိုကြွေးခြင်းကို ချက်ချင်း ရပ်ပစ်လိုက်သည်။

နောက် နာရီဝက် ကြာသောအခါ သူ့ကံကိုပင် သူ မယုံနိုင်အောင် ဖြစ်ရသော ဟာရီသည် ဒါစလီတို့၏ ကားနောက်ခုံတွင် ပီယားစ်နှင့် ဒတ်ဒလီတို့နှင့် အတူ ထိုင်နေ၏။ သူ့ဘဝတွင် ပထမဆုံး အကြိမ် အဖြစ် တိရစ္ဆာန်

ဥယျာဉ်သို့ သွားရသော ခရီး ဖြစ်ပေ၏။ သူ့အဒေါ်နှင့် ဦးလေးတို့သည် သူ့ကို အခြား ဘယ်လို လုပ်ရမည်ကို မသိတော့၍ ခေါ်လာရခြင်း ဖြစ်သည်။ သို့သော် အိမ်က ထွက်လာခါနီး၌ ဦးလေး ဗာနွန်က သူ့ကို ဘေးသို့ အသာ ခေါ်ပြော၏။

'ငါ မင်းကို သတိ ပေးနေတာ'ဟု သူ၏ ကြီးမားသော ခရမ်းရောင် မျက်နှာကြီးကို ဟာရီ၏ မျက်နှာနား အထိ ကပ်၍ ပြော၏။ 'ငါ အခု မင်းကို သတိပေးနေတယ်နော် ကောင်လေး၊ ရှုတ်ရှုတ် ရှုတ်ရှုတ် ဘာမှ မလုပ်နှင့်၊ လုပ်ပြီ ဆိုရင်တော့လား၊ အခုက စပြီး ခရစ္စမတ် အချိန်အထိ ဟိုဗီရိုထဲမှာ မင်း ဝင်နေရမယ်'

'ကျွန်တော် ဘာမှ မလုပ်ပါဘူး'ဟု ဟာရီက ပြော၏။ 'တကယ်ပါ'

သို့သော် ဦးလေး ဗာနွန်က သူ့ကို မယုံပါ။ ဘယ်သူကမျှလည်း မယုံခဲ့ပါ။

ပြဿနာ ဖြစ်ရသည်ကား ဟာရီ၏ ပတ်လည်တွင် ထူးဆန်းသော အရာများ ဖြစ်တတ်ခြင်း ဖြစ်ပြီ သူက ဖြစ်ပေါ်အောင် လုပ်တာ မဟုတ်ပါဟု ဒါစလီ ဇနီးမောင်နှံကို ဘယ်လို ပြော၍မှ မရပါ။

တစ်ခါက ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဟာရီကို ဆံပင်ညှပ်ဆိုင်ကို လွှတ်တိုင်း သူ မသွားသလို ဖြစ်နေ၍ ဆံပင်ညှပ်ဆိုင်ကို လွှတ်ရမှာ ငြီးငွေ့လာကာ မီးဖိုချောင်မှ ကတ်ကြေးကို ယူ၍ ခေါင်းတုံးဆံတောက်လောက် နီးနီး တိုအောင် ညှပ်ပစ်လိုက်သည်။ 'ကြောက်စရာ အမာရွတ်'ကို ဖုံးကွယ်ရန် ဆံပင် အမြိတ်ကလေးကိုသာ ချန်ထား၏။ ဒတ်ဒလီက ဟာရီကို ကြည့်၍ ရယ်လိုက်သည့်ဖြစ်ခြင်း။ ဟာရီကတော့ ညဘက်တွင် အိပ်မပျော်နိုင်။ နောက်နေ့ ကျောင်းတက်ရမှာကို တွေးမိ၍ ဖြစ်သည်။ ယခုပင် သူ၏ ပွယောင်းသော အဝတ်အစားများနှင့် ဆယ်လိုတိပ် ကပ်ထားသော မျက်မှန်ကြောင့် အပဟာသခံ နေရပြီး ဖြစ်သည်။ သို့ရာတွင် နောက်နေ့မနက်ရောက်၍ အိပ်ရာမှ ထသောအခါ ဒေါ်ဒေါ်ပဲ့ကျူးနီးယား မရိတ်ပစ်ခင်က ဆံပင်များအတိုင်း အတိအကျ ပြန်ဖြစ်နေသည်ကို တွေ့ရသည်။ ဆံပင်တွေ ဒါလောက် မြန်မြန် ဘယ်လို ပြန်ပေါက်လာသည်ကို ရှင်းပြရန် မတတ်နိုင်ကြောင်း ဘယ်လိုပင် ကြိုးစား၍ ရှင်းပြပါသော်လည်း ဤဖြစ်ရပ် အတွက် သူသည် ဗီရိုထဲတွင် တစ်ပတ် အပြစ် ပေးခံရသည်။

တစ်ခါကလည်း ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဒတ်ဒလီ၏ (အညိုနှင့် လိမ္မော်ရောင်) စက်ဆုပ်ဖွယ် သိုးမွေး ဆွယ်တာဟောင်းကြီးကို သူ့အား အတင်း ဝတ်ပေးသည်။ သူ့ဦးခေါင်းကို အတင်း စွပ်ပေးလေလေ ဆွယ်တာသည် သေးငယ်သွားလေလေ ဖြစ်ကာ နောက်ဆုံးတွင် လက်ထိုးရုပ် ဝတ်စရာလောက် ဖြစ်သွားရာ ဟာရီနှင့် မတော်နိုင်တော့ပေ။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက လျှော်ဖွပ်ခြင်းကြောင့် ရှုံ့သွားခြင်း ဖြစ်ရမည်ဟု ဆုံးဖြတ်သောကြောင့် ဟာရီ သက်သာရာ ရသွားပြီး အပြစ်ပေးခြင်း မခံရချေ။

တစ်ခါတွင်တော့ ကျောင်း၏ မီးဖိုဆောင် ခေါင်မိုးပေါ်တွင် သူ့ကို တွေ့ကြရသဖြင့် ဒုက္ခ အကြီးအကျယ် ရောက်ခဲ့ရသည်။ ဒတ်ဒလီ၏ ဂိုဏ်းသည် ခါတိုင်းကဲ့သို့ သူ့ကို လိုက်လံကြစဉ် အခြားသူများကဲ့သို့ပင် ဟာရီကိုယ်တိုင်ပင် အံ့ဩလောက်စရာ သူ့ကိုယ်သူ ခေါင်းတိုင်ပေါ်တွင် ထိုင်လျက်သား ဖြစ်နေသည်ကို တွေ့ရ၏။ ဟာရီ၏ ကျောင်းအုပ် ဆရာမကြီးထံမှ ဟာရီသည် ကျောင်း အဆောက်အအုံတွေပေါ် တက်ကြောင်းနှင့် ဒေါသတကြီး တိုင်စာကို ဒါစလီ ဇနီးမောင်နှံတို့ ရရှိကြ၏။ သို့သော် သူ ရှင်းပြနိုင်သည်ကား (သော့ခတ်ထားသော သူ့ဗီရို တံခါးကြားမှ ဦးလေး ဗာနွန်ကို အော်ပြောခြင်းဖြင့်) ကျောင်းမီးဖိုဆောင် တံခါးများ အပြင်ဘက်မှ ပုံးကြီးများ အနောက်သို့ ခုန်ဝင်ခြင်းသာ ဖြစ်သည် ဆို၏။ သူ အခုန်လိုက်တွင် လေက သူ့ကို သယ်ဆောင်ခြင်း ဖြစ်မည်ဟု ဟာရီက ထင်မှတ်သည်။

သို့သော် ယနေ့တော့ဖြင့် ဘာပြဿနာမှ ပေါ်စရာ မရှိပါ။ ဒတ်ဒလီနှင့် ပိယားစ်တို့နှင့် အတူ နေရသည့်တိုင်အောင် ကျောင်းလည်း မဟုတ်၊ မိမိ၏ ဗီရိုကြီးလည်းမဟုတ်၊ မစ္စက်ဖစ်၏ ဂေါ်ဖီထုပ်စော် နံနေသည့် ဧည့်ခန်းလည်း မဟုတ်သော နေရာတွင် အချိန်ကုန်ရသည်မှာ အချိန်ကုန်ရကျိုးနပ်ပါသည်။

ကားကို မောင်းသွားခိုက်တွင် ဦးလေး ဗွာနွန်က ဒေါ်ဒေါ် ပဲ့ကျူးနီးယား ထံမှောက်တွင် ညည်းညူပြနေသည်။ သူ့အလုပ်က လူတွေ အကြောင်း၊ ဟာရီ အကြောင်း၊ အလုပ်နှင့် ဆက်ဆံနေရသော ကောင်စီ အကြောင်း၊ ဟာရီ အကြောင်း၊ ဘဏ် အကြောင်း၊ ဟာရီ အကြောင်း ဟူသည်တို့သည် သူ ညည်းညူနေကျ အနှစ်သက်ဆုံးသော အကြောင်းအရာများ ဖြစ်ပေ၏။ ယနေ့ နံနက်တွင် သူ ညည်းညူ ပြစ်တင်သည်မှာ မော်တော်ဆိုင်ကယ်များ အကြောင်း ဖြစ်လေသည်။

'...အရူးတွေလို တဝုန်းဝုန်းနှင့် လျှောက်မောင်းနေတော့တာပဲ၊ ဒီဆိုးသွမ်း လူငယ်လေးတွေဟာ...'ဟု မော်တော်ဆိုင်ကယ် တစ်စင်းက သူ့ကို ကျောက်တက် အသွားတွင် သူက ပြော၏။

'ကျွန်တော်လေ မော်တော်ဆိုင်ကယ် တစ်စင်း အကြောင်း အိပ်မက် မက်တယ်'ဟု ဟာရီက ရုတ်တရက် သတိရ၍ ပြောလိုက်သည်။ 'အဲဒီ မော်တော်ဆိုင်ကယ်က မိုးပေါ်မှာ ပျံနေတယ်'

ဦးလေး ဗွာနွန်သည် ရှေ့က ကားကို ဝင်တိုက်မိလုနီးနီး ဖြစ်သွား၏။ သူ့ထိုင်ခုံတွင် ထိုင်ရင်းက ချာခနဲ နောက်သို့ လှည့်၍ ဟာရီကို အော်ထည့်လိုက်သည်။ သူ့မျက်နှာကြီးမှာ နုတ်ခမ်းမွေးနှင့် မုန်လာဥကြီးနှင့် တူသည်။ 'မော်တော်ဆိုင်ကယ်တွေ မပျံဘူးကွ'

ဒတ်ဒလီနှင့်ပိယားစ်တို့က မပွင့်တပွင့် ရယ်ကြ၏။
'ဒါတွေ မပျံဘူးဆိုတာ ကျွန်တော် သိပါတယ်'ဟု ဟာရီက ပြောသည်။ 'ဒါဟာ အိပ်မက်ပဲ ဥစ္စာ'

သို့သော် သူ ဘာမျှ မပြောမိလျှင် ကောင်းမည်ဟု တွေးမိ၏။ သူ မေးခွန်းတွေ မေးတာထက် ဒါစလီ ဇနီးမောင်နှံတို့က ပို၍ မုန်းတီးသော အရာမှာ မပြုမူသင့်သည်ကို ပြုမူသည့် အရာ တစ်ခုခု အကြောင်းကို ပြောခြင်း ဖြစ်၏။ အိပ်မက်ပဲ ဖြစ်ဖြစ်၊ ကာတွန်းပဲ ဖြစ်ဖြစ် သူတို့တွေက ဟာရီသည် အန္တရာယ်ရှိသော စိတ်ကူးတွေ ပေါက်ကုန်မည်ဟု ထင်မှတ်ကြပုံရသည်။

အလွန်ပင် နေသာသော စနေနေ့ တစ်နေ့ ဖြစ်သောကြောင့် တိရစ္ဆာန် ဥယျာဉ်သည် မိသားစုများဖြင့် စည်ကားနေ၏။ ဒါစလီ ဇနီးမောင်နှံက ဒတ်ဒလီနှင့် ပိယားစ်တို့ အတွက် ကြီးမားသော ချောကလက် အိုက်စကရင်များကို အဝင်ဝတွင် ဝယ်ပေးသည်။ ထို့နောက် အရောင်း ကားထဲမှ ပြုံးရယ်နေသော အရောင်း အမျိုးသမီးကြီးက သူတို့က ဟာရီကို ဖယ်ရှား မထုတ်နိုင်ခင်ပင် ဘာကို လိုချင်သလဲ မေးလိုက်သောကြောင့် ဒါစလီ ဇနီးမောင်နှံသည် အပေါစား လိမ္မော် ရေခဲလော်လီကို ဝယ်ပေး၏။ ဟာရီက လော်လီကို လျှာဖြင့်လျက်ရင်း ဒါလည်း မဆိုးပါဘူးဟု တွေးမိသည်။ သူတို့သည် မျောက်ဝံကြီး ခေါင်းကုတ်နေသည်ကို ကြည့်နေကြသည်ဖြစ်ရာ ဟာရီက ဒတ်ဒလီနှင့် တူလှသည်ဟု ထင်မိ၏။ မျောက်ဝံကြီး၏ ဆံပင်တွေက ရွှေရောင် မဟုတ်ခြင်းဘဲ ကွာခြားသည်။

ဟာရီသည် ကြာမြင့်စွာက ကြုံခဲ့ရသမျှ နံနက်ခင်းများတွင် အကောင်းဆုံးသော နံနက်ခင်း ဖြစ်တော့၏။ သူသည် သတိထား၍ ဒါစလီတို့နှင့် ခပ်ခွာခွာ လျှောက်၏။ နေ့လယ်စာ စားသောက်ချိန်တွင် ဒတ်ဒလီနှင့် ပိယားစ်တို့မှာ တိရစ္ဆာန်များကို ကြည့်ရခြင်းတွင် ငြီးငွေ့လာသလိုလို ဖြစ်လာကြပြီဖြစ်ရာ သူတို့ အနှစ်သက်ဆုံး ဝါသနာဖြစ်သည့် မိမိကို ထိုးခြင်း ဝါသနာပြန်၍ ပေါ်မလာစေရန် အတွက် ဖြစ်လေသည်။ သူတို့သည် တိရစ္ဆာန် ဥယျာဉ်အတွင်းမှ

စားသောက်ဆိုင်တွင် စားသောက်ကြရာ ဒတ်ဒလီက သူ့အတွက်ဖြစ်သော 'ဒတ်ချ် လူမျိုးတို့၏ ကျက်သရေ'ဟု အမိပ္ပာယ် ရသော 'နစ်ကာဘော့ကာ – ဂလိုရီ'ဟု ခေါ်သော အစားအစာမှာ ကြီးမားသင့်သလောက် မကြီးမား ဆိုသော ဒေါသူပုန် ထသဖြင့် ဦးလေး ဗာနွန်က နောက်တစ်ပွဲ ထပ်မှာပေးရသည်။ ပထမဟာကို ဟာရီ စားခွင့် ရသွား၏။

နောင်တွင် ဟာရီက ထိုဟာသည် ကုန်အောင် စားမပစ်သင့်လောက်အောင်ပင် ကောင်းလွန်းလှသည်ဟု တွေးထင် ခံစားမိသည်။

နေ့လယ်စာ စားသောက် ပြီးစီးကြသောအခါတွင် သူတို့သည် မြွေရုံသို့ သွားကြ၏။ ဤအထဲတွင် နံရံ၌ မီးထွန်းထားသော ပြတင်းများ ရှိသော်လည်း အေးစက် မှောင်မိုက်လှသည်။ မှန်ချပ်ကြီးများ၏ နောက်တွင် အမျိုးမျိုးသော တွားသွား သတ္တဝါများနှင့် မြွေများသည် သစ်သားစများ ကျောက်တုံးများပေါ်၌ တွားသွားသူက တွားသွား၊ တွန့်ရုံ့သွားသူက တွန့်ရုံ့သွားနှင့် လုပ်နေကြ၏။ ဒတ်ဒလီနှင့် ပိယားစ်တို့သည် ကြီးမားပြီး အဆိပ်ပြင်းသည့် မြွေဟောက်များနှင့် ထွားကျိုင်း၍ လူကို ညှစ်သတ်နိုင်သော စပါးကြီးမြွေများကို ကြည့်လိုကြသည်။ ဒတ်ဒလီသည် ထိုနေရာအတွင်း အကြီးဆုံးသော မြွေကြီးကို လျင်မြန်စွာ တွေ့မိသည်။ ထိုမြွေကြီးသည် ဦးလေး ဗာနွန်၏ ကားကို ကိုယ်ဖြင့် ခြေမွပစ်နိုင်လောက်၏။ သို့သော် ယခု အခိုက်အတန့်မှာ မြွေကြီးသည် ထိုသို့ လုပ်ချင်စိတ် ရှိပုံမရချေ။ အမှန်မှာ မြွေကြီးသည် အိပ်ပျော်နေ၏။

ဒတ်ဒလီသည် မှန်ချပ်ကို နှာခေါင်းနှင့် ဖိကပ်၍ ရပ်နေပြီး မြွေကြီး၏ ပြောင်လက်သော အညိုရောင် အခွေကြီးများကို စိုက်ကြည့်နေသည်။

'မြွေကို ရွေ့လျားအောင် လုပ်ပေးပါ'ဟု ညည်းသံဖြင့် ဖခင်အား ပြောကြား၏။ ဦးလေး ဗာနွန်က မှန်ချပ်ကို လက်ခေါက်များဖြင့် ဖျတ်လတ်စွာ ခေါက်၏။ သို့သော် မြွေသည် ဆက်လက်၍ အိပ်မောကျနေသည်။

'ပျင်းစရာကြီး'ဟု ဒတ်ဒလီက ညည်းထွားသည်။ သူသည် ရုပ်တိုက် ထွက်သွား၏။

ဟာရီက မြွေကန်၏ ရှေ့တွင် ရပ်၍ မြွေကြီးကို စူးစိုက်စွာ ကြည့်သည်။ ဒီမြွေကြီး ပျင်း၍ သေသွားမည်ဆိုလျှင် သူသည် အံ့သြမည် မဟုတ်ပါ။ တစ်နေ့လုံး နှောက်ယှက်ဖို့ရန် မှန်ချပ်ပေါ် လက်ချောင်းများဖြင့် ဒရမ် ခေါက်ကြသည့် လူမိုက်များက လွဲ၍ အဖော်ဟူ၍ မရှိချေ။ ဗီရိုကို အိပ်ခန်းသဖွယ် ပြုရပြီး တစ်ဦးတည်းသော ဧည့်သည်မှာ ဒေါ်ဒေါ် ပဲ့ကျူးနီးယား ဖြစ်၍ အိပ်ရာက နှိုးဖို့ ထုရိုက်မှုသာ ရှိသည့် အဖြစ်ထက် မြွေကြီး၏ အဖြစ်က ပို၍ ဆိုးဝါးပါ၏။ မိမိက အနည်းဆုံးတော့ အိမ်တွင်း အခြားနေရာများကို သွားရောက်နိုင်ပါသည်။

မြွေကြီးသည် သူ၏ သေးငယ် တောက်ပြောင်သော မျက်လုံးများကို ရုတ်တရက် ဖွင့်လိုက်၏။ တဖြည်းဖြည်း... လွန်မင်းစွာ တဖြည်းဖြည်းဖြင့် သူ့ဦးခေါင်းကို ထောင်ရာ မျက်စိများသည် ဟာရီ၏ မျက်စိများနှင့် တစ်ပြေးညီ ဖြစ်သွားသည်။

မြွေကြီးက မျက်စိကို ပိတ်လိုက် ဖွင့်လိုက် လုပ်သည်။

ဟာရီက စိုက်ကြည့်၏။ ထို့နောက် သူသည် ဘေးလူ တစ်ယောက်ယောက်ကများ ကြည့်နေလေသလား သိရန် လျင်မြန်စွာ ပတ်ချာလည် လှည့်ကြည့်သည်။ လူတွေက ကြည့်မနေကြပါ။ သူသည် မြွေကြီးကို ပြန်ကြည့်၍ မျက်လုံးကို သူကလည်း မှိတ်တုတ်မှိတ်တုတ် ပြန်လုပ်ပြ၏။

မြွေကြီးက ဦးလေး ဗွာနွန်နှင့် ဒတ်ဒလီတို့ဘက်သို့ ဦးခေါင်းကို ဆတ်ခနဲ ထိုးပြပြီး မျက်လုံး၏ အကြည့်ကို မျက်နှာကြက်ဆီသို့ ပင့်တင်လိုက်သည်။ ဤအပြုအမူသည် ဟာရီအတွက် 'ငါ အမြဲတမ်း ဒီလို ခံနေရတာပဲ'ဟု ပြတ်ပြတ်သားသား ပြောသည့် အသွင်မျိုး ရှိသည်။

'ငါ သိပါတယ်'ဟု ဟာရီက မှန်ချပ်ကို ဖြတ်၍ တီးတိုး ညည်းတွားပြောဆိုသည်။ သို့တိုင်အောင် မြွေကြီးက သူ့စကားကို ကြားမည် ဆိုခြင်းမှာ မသေချာပါ။ 'တော်တော် အနှောက်အယှက် ဖြစ်မှာပါ'
မြွေကြီးက ပြင်းထန်စွာ ခေါင်းညိတ်ပြသည်။

'ဒါထက် မင်း ဘယ်က လာသလဲ' ဟု ဟာရီက မေးသည်။
မြွေကြီးက မှန်ချပ်နောက်မှ ဆိုင်းဘုတ်ငယ်ကလေးကို အမြီးဖြင့် ထိုးပြ၏။ ဟာရီက ချောင်းကြည့်လိုက်သည်။

စပါးကြီးမြွေ – ဘရာဇီးလ်။
'အဲဒီ အရပ်မှာ နေလို့ ကောင်းသလား'

စပါးကြီးမြွေက အမြီးဖြင့် ဆိုင်းဘုတ်ကလေးကို ထိုးပြပြန်၏။ ဟာရီက ဖတ်ကြည့်ရသည်။ ဤပြသားသော မြွေသည် ဤတိရစ္ဆာန် ဥယျာဉ်တွင် ပေါက်ဖွားခြင်း ဖြစ်သည်။ 'သြော် ငါ သိပြီ၊ မင်းဟာ ဘရာဇီးလ်ကို မရောက်ဖူးပဲကိုး'

မြွေက ခေါင်းခါလိုက်စဉ် ဟာရီ၏ နောက်မှ နားပင်းစေနိုင်လောက်အောင် အော်လိုက်သံက နှစ်ဦးစလုံးကို ထခုန်စေပါသည်။ 'ဒတ်ဒလီ၊ မစ္စတာ ဒါစလီ၊ ဒီမြွေကို လာကြည့်ကြစမ်းပါ၊ မြွေ ဘာလုပ်နေတယ် ဆိုတာ ပြောရင် ယုံမှာ မဟုတ်ဘူး'

ဒတ်ဒလီသည် တတ်နိုင်သလောက် မြန်မြန် သူတို့ထံသို့ ဘဲသွားဖြင့် လာသည်။

'ဖယ်စမ်းကွာ'ဟု သူက ဟာရီ၏ နံရိုးများကို ထိုးရင်း ပြော၏။ အမှတ်တမဲ့ ခံလိုက်ရသည် ဖြစ်သောကြောင့် ဟာရီသည် သမံတလင်း ကြမ်းပေါ်သို့ ခပ်ပြင်းပြင်း ကျသွားသည်။ နောက်ဖြစ်ပျက်သော အဖြစ်သည် မြန်ဆန်လွန်းလှသဖြင့် ဘယ်လို ဖြစ်သွားသည်ကို မည်သူမျှ မမြင်လိုက်ရချေ။ ပထမ တစ်စက္ကန့်တွင် ပီယားစ်နှင့် ဒတ်ဒလီတို့သည် မှန်ချပ်နား ရောက်သည်အထိ မှီနေကြ၏။ နောက်စက္ကန့်တွင် သူတို့သည် အလန့်တကြား အော်ဟစ်သံများဖြင့် နောက်သို့ ခုန်ဆုတ်ကြသည်။

ဟာရီ ထထိုင်၍ အံ့အားသင့် ပင့်သက်ဖိုမိ၏။ စပါးကြီး မြွေကန်မှ မှန်ချပ်ကြီးများ ပျောက်ကွယ်သွားခဲ့၏။ မြွေကြီးသည် လျင်မြန်စွာပင် အခွေများကို ဖြေကာ ကြမ်းပြင်ပေါ်သို့ တွန့်ချည် ရှုံ့ချည်ဖြင့် ဆင်းထွက်လာသည်။ မြွေရုံ တစ်ခုလုံးမှ လူများသည် အော်ဟစ်ကာ ထွက်ပေါက်များဆီသို့ ပြေးကုန်ကြလေ၏။

မြွေကြီးသည် သူ့ဘေးနားက လျင်မြန်စွာ လျှောဖြတ်သွားစဉ် တိုးတိုးကလေး လေချွန်သံလို အသံမျိုးဖြင့် 'ဘရာဇီးလ်ရေ၊ ငါ လာပြီ၊ ကျေးဇူးတင်ပါတယ် အာမီဂိုရယ်'ဟု ပြောသွားသံ ကြားရခြင်းကို ဟာရီ ကျိန်တွယ် ပြောနိုင်ပါသည်။

မြွေရုံစောင့်သည် အထိတ်တလန့် ဖြစ်သွားရ၏။

'ဒါပေမဲ့ မှန်ချပ်လေ…' ဟု သူက အဆက် မပြတ် ပြောနေ၏။ 'မှန်ချပ်က ဘယ်ရောက်သွားတာလဲ'

တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးမှူးက ဒေါ်ဒေါ် ပဲ့ကျူးနီးယားအား လက်ဖက်ရည် အချိုပြင်းပြင်း တစ်ခွက်ကို ဖျော်တိုက်ရင်း အထပ်ထပ်အခါခါ တောင်းပန် စကား ပြောကြားသည်။ ပိယားစ်နှင့် ဒတ်ဒလီတို့မှာ စကားကို ဗလုံးဗထွေးသာ ပြောနိုင်ကြ၏။ ဟာရီက မြင်သလောက်မှာတော့ မြွေသည် ဘာကိုမျှ မလုပ်ဘဲ လူတွေနား ဖြတ်သွားခိုက်တွင် ကစားသလိုဖြင့် ဖနောင့်တွေကို ဖျတ်ခနဲ တိုးသွားခြင်းမျှသာ လုပ်သည်။ သို့ရာတွင် သူတို့ အားလုံးသည် ဦးလေး ဗားနွန်၏ ကားထဲသို့ ပြန်ရောက်သောအခါ ဒတ်ဒလီက မြွေသည် သူ၏ ခြေထောက်ကို ဘယ်လို ကိုက်ဖြတ်ပစ်မလို လုပ်ပုံကို ပြော၏။ ပိယားစ်ကလည်း မြွေက သူ့ကို သေလုနီးပါး ဖျစ်ညှစ်ရန် ဘယ်လို ကြိုးစားပုံတွေကို ပြောသည်။ သို့သော် အဆိုးဆုံးကား၊ အထူးသဖြင့် ဟာရီ အတွက် အဆိုးဆုံးကား ပိယားစ်သည် 'ဟာရီက မြွေကို စကားပြောနေတယ်၊ မဟုတ်ဘူးလား ဟာရီ'ဟု ပြောနိုင်လောက်အောင် စိတ်ငြိမ်သွားခြင်း ဖြစ်ပေ၏။

ဦးလေး ဗားနွန်က ပိယားစ်သည် အိမ်မှ ဘေးကင်းစွာ ပြန်သွားသည်အထိ စောင့်ဆိုင်းနေ၏။ ပြီးတော့မှ ဟာရီအတွက် စတင်တော့သည်။ သူသည် ဒေါသ ထွက်လွန်းသဖြင့် စကားကို အနိုင်နိုင် ပြောရသည်။ 'သွား… ဗီရို…၊ အဲဒီမှာ နေ၊ အစား မစားရ'ဟု ကြိုးစား ပြောဆိုပြီးနောက်တွင် ကုလားထိုင်ပေါ်သို့ ပုံကျသွားလေ၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ပြေး၍ သူ့အတွက် ဘရန်ဒီ အကြီး တစ်ပုလင်းကို ယူပေးရသည်။

ဟာရီသည် တော်တော် ညဉ့်နက်သည် အထိ ဗီရိုထဲတွင် လဲလျောင်းနေရသည်။ နာရီလေး တစ်လုံးလောက် ရှိချင်၏။ ဘယ်အချိန် ရှိနေပြီ ဆိုခြင်းကို သူ မသိချေ။ ဒါစလီတို့ တစ်တွေ အိပ်ပြီလားကိုလည်း သူ မသေချာချေ။ သူတို့ မအိပ်ကြမချင်း သူသည် အစားအစာ အတွက် မီးဖိုချောင်ဆီသို့ ခိုးကြောင်ခိုးဝှက် သွားရန် မစွန့်စားရဲချေ။

သူသည် ဒါစလီတို့နှင့် ဆယ်နှစ်နီးပါးခန့် နေခဲ့ရပြီ။ ဒုက္ခကြီးလှသော ဆယ်နှစ်ဖြစ်၏။ သူ မှတ်မိသရွေ့ သူ မွေးကင်းစ ကလေးဘဝ ကတည်းက ဖြစ်၏။ သူ့မိဘတွေက မော်တော်ကား မတော်တဆ ဖြစ်မှုတွင် သေဆုံးကုန်ကြသည်။ သူ့ မိဘတွေ သေဆုံးစဉ် သူ ကားထဲ ရှိနေခြင်းကို သူ မမှတ်မိနိုင်ပါ။ တစ်ခါတစ်ရံ သူသည် ဗီရိုထဲတွင် နာရီပေါင်း များစွာ နေရစဉ် အတောအတွင်း ညှစ်၍ စဉ်းစားကြည့်သောအခါ သူသည် ထူးဆန်းသော အာရုံကို ရသည်။ အစိမ်းရောင် အလင်းရောင်သည် မျက်စိ ကန်းမလား မှတ်ရအောင် ဖျန်းခနဲ လက်သွားခြင်းနှင့် နဖူးတွင် ပူလောင် နာကျင်မှု ဟူသော အာရုံ ဖြစ်၏။ သူ့အထင်မှာ ဤဟာသည်ကား မတော်တဆ ဖြစ်ခြင်း ဖြစ်ပုံရ၏။ သို့တိုင်အောင် အလင်းရောင် စိမ်းစိမ်းက ဘယ်က လာသည်ကိုတော့ သူ စဉ်းစား၍ မရချေ။ သူ့ မိဘတွေကို လုံးဝ သတိမရတော့ပါ။ သူ့အဒေါ်နှင့် ဦးလေးတို့က သူတို့အကြောင်းကို ဘယ်တော့မှ မပြောကြချေ။ ပြီးတော့ သူ့ကိုလည်း မေးခွန်းတွေ မမေးရန် တားမြစ်ထားသည်။ သူ့ မိဘတို့၏ ဓာတ်ပုံများသည် ဤအိမ်တွင် မရှိပါ။

ခပ်ငယ်ငယ်တုန်းက သူသည် သူ မသိသော ဆွေမျိုး တစ်ယောက်က သူ့ကို လာခေါ်သွားသည်ဟု အကြိမ်ကြိမ် အိပ်မက်ခဲ့၏။ သို့သော် တကယ် မဖြစ်ခဲ့ပါ။ ဒါစလီတို့သည် သူ၏ တစ်ခုတည်းသော မိသားစု ဖြစ်သည်။ သို့တိုင်အောင် တစ်ခါတစ်ရံ သူ ထင်မိသည်ကတော့ (မျှော်လင့်တာလည်း ဖြစ်ချင် ဖြစ်မည်) လမ်းပေါ်က သူစိမ်းများသည် သူ့ကို သိနေသလို ဖြစ်နေ၏။ သူတို့သည် အလွန် ထူးဆန်းသော သူစိမ်းများလည်း ဖြစ်ကြသည်။ တစ်ခါက ဒေါ်ဒေါ် ပဲ့ကျူးနီးယားနှင့် ဒတ်ဒလီတို့နှင့်အတူ ဈေးဝယ်သွားစဉ် ခရမ်းရောင် ဦးထုပ်ရှည်နှင့် လူပုပုကလေး တစ်ယောက်က သူ့ကို ဦးညွှတ်သွား၏။ ထိုလူကို ဟာရီ သိသလားဟု ရှူးရှူးရှဲရှဲနှင့် မေးမြန်းပြီးနောက် ဒေါ်ဒေါ် ပဲ့ကျူးနီးယားသည် ဘာကိုမျှ မဝယ်တော့ဘဲ သူတို့ကို အတင်း ဆိုင်တွင်းမှ ခေါ်ထုတ်လာခဲ့သည်။ တစ်ခါက ဘတ်စ်ကားပေါ်တွင် တစ်ကိုယ်လုံး အစိမ်းရောင်တွေ ဝတ်ထားသော ခပ်ရိုင်းရိုင်းပုံပေါက်သည့် အဘွားအို တစ်ယောက်က သူ့ကို ရွှင်ပျစွာ လက်ဝှေ့ယမ်း ပြသွား၏။ တစ်နေ့က

www.burmeseclassic.com

လမ်းထဲတွင် အလွန် ရှည်သော ခရမ်းရောင် ကုတ်အင်္ကျီကြီးကို ဝတ်ဆင်ထားသော ထိပ်ပြောင်ပြောင်နှင့် လူကြီးသည် သူ့ကို လက်များပင် ဆွဲ၍ နှုတ်ဆက်ကာ စကားတစ်ခွန်းမျှ မပြောဘဲ လမ်းလျှောက် ထွက်ခွာသွားသည်။ ဤလူများနှင့် ပတ်သက်၍ အဆန်းကြယ်ဆုံးသည်ကား ဟာရီက အနီးကပ် ကြည့်မည် ကြံသည့်ခဏတွင် သူတို့ ကွယ်ပျောက်သွားကြပုံပင် ဖြစ်လေသည်။

ကျောင်းတွင် ဟာရီ၌ အဖော်အပေါင်း တစ်ယောက်မျှ မရှိပါ။ အင်္ကျီအဟောင်း ပွပွကြီးများကို ဝတ်ဆင်ထားပြီး ကွဲအက်နေသော မျက်မှန်ကို တပ်ထားသော ခပ်ကြောင်ကြောင် ဟာရီ ပေါ့တာကို ဒတ်ဒလီ၏ ဂိုဏ်းက မုန်းတီးကြောင်း လူတိုင်း သိ၏။ ပြီးတော့ ဒတ်ဒလီဂိုဏ်းနှင့် မည်သူကမျှ သဘောထား မကွဲလိုကြချေ။

အခန်း သုံး

ဘယ်သူ့ဆီကမှ မဟုတ်သော ပေးစာများ

ဘရာဇီးလ် ဇာတိမျိုးနွယ် စပါးကြီး မြွေကြီး လွတ်မြောက် သွားခြင်းသည် ဟာရီအဖို့ ယခုအချိန် အထိ ကာလအတွင်း အရှည်ကြာဆုံးသော ဒဏ်ခတ်မှုကို လုပ်ပေးခဲ့လေသည်။ သူ၏ ဗီရိုထဲမှ တစ်ဖန် ပြန်ထွက်ခွင့်ရသော အချိန်သည် နွေရာသီ ပိတ်ရက်များ စတင်နေပြီ ဖြစ်ကာ ဒတ်ဒလီသည် ရုပ်ရှင် ကင်မရာ အသစ်ကို ချိုးဖျက်ပစ်၊ အဝေးထိန်း လေယာဉ်ပျံကို ခြေမွခဲ့ပြီ ဖြစ်ပြီး ပထမဆုံး အကြိမ် အဖြစ် ပြိုင်စက်ဘီးကို စီးရင်း မစ္စက်ဖစ်ကို တိုက်လှဲပစ်ခဲ့ပြီ ဖြစ်သည်။ မစ္စက်ဖစ်သည် ချိုင်းထောက်ဖြင့် ပရစ်ဗစ် ဒရိုက် လမ်းကို ဖြတ်လျှောက်စဉ်က ဖြစ်လေသည်။

ဟာရီသည် ကျောင်း ပြီးဆုံးသွားခြင်း အတွက် ဝမ်းသာလျက် ရှိ၏။ သို့ရာတွင် အိမ်ကို နေ့စဉ် လာလည်သည့် ဒတ်ဒလီဂိုဏ်း၏ လက်မှတော့ မလွတ်ပါ။ ပီယားစ်၊ ဒင်းနစ်၊ မဲလ်ကွမ်း၊ ဂေါ်ဒွန်တို့ အားလုံးသည် ကြီးမား၍ မိုက်မဲကြ၏။ သို့သော် ဒတ်ဒလီက သူတို့ထဲတွင် အကြီးဆုံးနှင့် အမိုက်မဲဆုံး ဖြစ်ပေရာ သူသည် ခေါင်းဆောင် ဖြစ်လာ၏။ ကျန်လူများ အားလုံးသည် ဒတ်ဒလီ၏ အနှစ်သက်ဆုံး ဖျော်ဖြေစရာ ဖြစ်သည့် ဟာရီကို အမဲလိုက်ခြင်းတွင် ပူးပေါင်း ပါဝင် ဆင်နွှဲရခြင်းကို ပျော်ရွှင် ကျေနပ်ကြပေသည်။

ဤအကြောင်းကြောင့်ပင် ဟာရီသည် တတ်နိုင်သလောက် အချိန်များများ အိမ်ပြင်ပတွင် သုံးခဲ့ခြင်းဖြစ်၏။ ကျောင်းပိတ်ရက်တွေ ကုန်မည့် အချိန်ကို တွေးတော၍ လှည့်လည် သွားလာနေခဲ့သည်။ ထိုသို့ ကုန်ဆုံးချိန်တွင် သူသည် မျှော်လင့်ချက် ရောင်ခြည် မှုန်မှုန်ကလေးကို တွေ့နိုင်ပေ၏။ စက်တင်ဘာရောက်ပြီးဆိုလျှင် ဒုတိယ အဆင့် ကျောင်းသို့ သွားရမည်ဖြစ်ရာ သူ့ဘဝတွင် ပထမဆုံး အကြိမ်အဖြစ် ဒတ်ဒလီနှင့် ဝေးနေရမည် ဖြစ်သည်။ ဒတ်ဒလီသည် ဦးလေး ဗွာနွန် နေခဲ့သော ကျောင်းဖြစ်သည့် စမက်တင်းစ်တွင် တက်ရမည် ဖြစ်၏။ ပီယားစ် ပေါလ်ကစ်သည်လည်း ထိုကျောင်းသို့ သွားရမည် ဖြစ်သည်။ ဟာရီကမူ စတုန်းဝေါ ဟိုင်းဟု ခေါ်သည့် အထက်တန်းကျောင်း သွားရမည်။ ဒေသတွင်းက ကျောင်းဖြစ်၏။ ဒတ်ဒလီက ဤကျောင်းသည် ရယ်စရာ ကောင်းသည်ဟု ထင်နေသည်။

'စတုန်းဝေါက ကျောင်းမှာ ပထမဆုံးနေ့ ဆိုရင် လူတွေရဲ့ ဦးခေါင်းကို အိမ်သာခွက်ထဲ ထိုးနှစ်ကြတယ်'ဟု သူက ဟာရီကို ပြောပြသည်။ 'အပေါ်ထပ်ကို လာပြီး မလေ့ကျင့်ချင်ဘူးလား'

'ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်'ဟု ဟာရီက ပြောသည်။ 'သနားစရာ အိမ်သာခွက်ဟာ မင်းရဲ့ခေါင်း အနှစ်ခံရတာထက် ဆိုးဝါးတာ ကြုံရမှာ မဟုတ်ဘူး၊ သူ့ခမျာ ဖျားရှာမှာပဲ' ထိုသို့ ပြောပြီးနောက် သူသည် ဒတ်ဒလီက သူ့စကား အဓိပ္ပာယ်ကို သဘောမပေါက်နိုင်ခင် ထွက်ပြေးလေ၏။

ဇူလိုင်လ၏ တစ်နေ့တွင် ဒေါ်ဒေါ် ပဲ့ကျူးနီးယားသည် ဒတ်ဒလီကို စမက်တင်းစ် ကျောင်းဝတ်စုံကို ဝယ်ပေးရန် လန်ဒန်သို့ ခေါ်သွားသည်။ ဟာရီကို မစ္စက်ဖစ်၏ အိမ်တွင် ထားခဲ့၏။ မစ္စက်ဖစ်သည် ခါတိုင်းလို မဆိုးဝါးပါ။ ဖြစ်ပုံက သူသည် သူ့ကြောင် တစ်ကောင်ကို ခလုတ်တိုက်မိကာ ခြေကျိုးသွားရာ ရှေးကလောက် ကြောင်တွေကို နှစ်သက်ခြင်း မရှိတော့ပုံ ရသည်။ ဟာရီကို တယ်လီဗီးရှင်း ကြည့်ခွင့်ပေး၏။ နှစ်ပေါင်းများစွာ ကြာနေသလို အရသာပေါက်သည့် ချောကလက် ကိတ်မုန့် တစ်ဖဲ့ကို ကျွေးသည်။

ထိုနေ့ ညဦးပိုင်းတွင် ဒတ်ဒလီသည် ဝတ်စုံ အသစ်စက်စက်ကို ဝတ်ဆင်၍ ဧည့်ခန်းထဲတွင် မိသားစု ရှေ့မှောက်၌ ဟန်ရေးပြသည်။ စမက်တင်းစ် ကျောင်းသားများသည် နီညိုရောင် ကုတ်အင်္ကျီ၊ လိမ္မော်ရောင် ဒူးပတ်များ ဝတ်၍ 'ဘုတ်တာ'ဟု ခေါ်သည့် မြက်ဦးထုပ် အပြားများကို ဆောင်းကြသည်။ သူတို့သည် အဖုအထစ် ပါသော တုတ်တံများကိုလည်း ကိုင်ဆောင်ကြ၏။ ထို တုတ်တံများကို ဆရာတွေ မမြင်သည့် အလစ်တွင် အချင်းချင်း ရိုက်ရန်အတွက် အသုံးပြုကြလေသည်။ ဤဟာသည် ကြီးပြင်းလာသောအခါကာလ အတွက် ကောင်းမွန်သော လေ့ကျင့်မှု တစ်ရပ်ဟု မှတ်ယူကြသည်။

ဒူးပတ် အသစ်များနှင့် ဒတ်ဒလီကို ကြည့်ရင်း ဦးလေး ဗာနွန်သည် ယခုအချိန်မှာ မိမိ၏ဘဝတွင် ဂုဏ်အယူမိဆုံးသော အချိန်ဖြစ်သည်ဟု အသံကြမ်းကြီးဖြင့် ပြောလေ၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက မျက်ရည် တွေတွေကျရင်း ဤဟာသည် သူ့ အချစ်ကလေး ဒတ်ဒလီ ဖြစ်ကြောင်းမှာ မယုံနိုင်ပါဟု ဆို၏။ ဒတ်ဒလီသည် ကြီးကောင် ဝင်ပြီး အရမ်း ချောလှနေသည်ဟု သူ့ မြင်နေ၏။ ဟာရီက ထုတ်ပြောဖို့ သူ့ကိုယ်သူ မယုံချေ။ မရယ်မိရန် အောင့်အည်းထားရသဖြင့် ယခုပင် သူ့နံရိုး နှစ်ချောင်းသည် အက်သွားပြီဟု ထင်မှတ်နေမိသည်။

နောက်တစ်နေ့ နံနက်တွင် ဟာရီသည် မိုးသောက်စာ စားရန် ဝင်သွားသောအခါ မီးဖိုချောင်တွင် ဆိုးဝါးလှသော အနံ့ တစ်ခုကို ရသည်။ ရေဆေးကန်အတွင်း၌ ရှိသော ရေထည့်သည့် သတ္တုစည်ကြီးထဲက အနံ့လာနေပုံ ရ၏။ သူ သွား၍ ကြည့်သည်။ စည်ထဲတွင် မီးခိုးရောင်ထနေသော ရေထဲ၌ ကူးခတ်နေသည့် ညစ်ညစ်ပတ်ပတ် အဝတ်ထုများလိုလို ပစ္စည်းများဖြင့် ပြည့်ကျပ်နေ၏။

'ဒါ ဘာလဲ'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားအား မေးလိုက်၏။ အကယ်၍ သူသည် မေးခွန်းကို ဝံ့ဝံ့စားစား မေးရပြီ ဆိုလျှင် လုပ်နေကျအတိုင်း နှုတ်ခမ်းများကို တင်းတင်းစေ့လိုက်သည်။

'နင့် ကျောင်းဝတ်စုံသစ်လေ'ဟု ဒေါ်ဒေါ်က ပြော၏။

ဟာရီသည် စည်ထဲသို့ တစ်ဖန် ငုံ့ကြည့်ပြန်သည်။

'အို'ဟု သူကပြောသည်။ 'ဒါလောက် စိုနေရလိမ့်မယ်လို့ မထင်မိဘူး'

'မထုံစမ်းပါနှင့်'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ပြတ်ပြတ်ပြော၏။ 'ဒတ်ဒလီရဲ့ အဝတ် တချို့ကို နင့်အတွက် ငါက မီးခိုးရောင် ဆိုးပေးနေတာ၊ ငါ ဆိုးပြီးသွားတဲ့ အခါ သူများ ဝတ်စုံတွေလို ဖြစ်သွားလိမ့်မယ်'

ဟာရီက ဤစကားကို လေးလေးနက်နက်ပင် သံသယရှိသည်။ သို့သော် ငြင်းခုံမနေခြင်းက အကောင်းဆုံး ဖြစ်မည်ဟု သူ တွေးလိုက်၏။ စားပွဲတွင် ထိုင်၍ စတုန်းဝေါ ဟိုင်းတွင် သူ၏ ပထမဆုံးနေ့၌ သူ ဘာပုံ ထွက်နေမည် ဆိုသည်ကို မစဉ်းစားရန် ကြိုးစားနေ၏။ ဆင်သားရေ အစအနတွေကို ဝတ်ထားသလို ရှိနေရော့မည်။

ဒတ်ဒလီနှင့် ဦးလေး ဗွာနွန်တို့ ဝင်လာကြ၏။ ဟာရီ၏ ဝတ်စုံသစ်မှ ထွက်သော အနံ့ကြောင့် နှစ်ယောက်စလုံး နှာခေါင်းရှုံ့နေကြသည်။ ဦးလေးဗွာနွန်က ထုံးစံအတိုင်း သတင်းစာကို ဖြန့်လိုက်သည်။ ဒတ်ဒလီက သွားလေရာ ဆောင်သော စမက်တင်းစ် တုတ်တံကို စားပွဲပေါ်သို့ ဒိုင်းခနဲ တင်လိုက်သည်။

သူတို့သည် တံခါး အပြင်က စာထည့်သော သေတ္တာမှ ချောက်ခနဲ အသံကို ကြားလိုက်ကြရပြီး ခြေသုတ်ဖုံပေါ်သို့ စာတွေ ဖုတ်ခနဲ ကျလာသည်။

'စာတွေကို သွားယူ ဒတ်ဒလီ'ဟု ဦးလေး ဗွာနွန်က သတင်းစာ နောက်ကွယ်မှ ပြောလိုက်၏။

'ဟာရီကို ယူခိုင်းပါ'
'စာတွေ သွားယူ ဟာရီ'
'ဒတ်ဒလီကို ယူခိုင်းပါ'
'မင်းရဲ့ စမက်တင်းစ် တုတ်နှင့် သူ့ကို ထိုးလိုက်စမ်း ဒတ်ဒလီ'

ဟာရီသည် စမက်တင်းစ် တုတ်ကို တိမ်းရှောင်၍ စာတွေဆီ သွားသည်။ ခြေသုတ်ဖုံပေါ်တွင် သုံးစောင်ရှိနေသည်။ ဝိုက်ကျွန်းတွင် အားလပ်ရက် ယူနေသော ဦးလေး ဗွာနွန်၏ ညီမ မတ်ဂျ် ထံမှ ပို့စကတ် တစ်စောင်၊ ငွေတောင်းခံစာနှင့် တူသော စာအိတ်အညို တစ်အိတ်၊ နောက်တော့ ဟာရီအတွက် စာ တစ်စောင်။

ဟာရီက စာကို ကောက်ယူပြီး စိုက်ကြည့်စဉ် သူ့နှလုံးသားသည် ဧရာမ သားရေကွင်းကြီးလို မြည်နေသည်။ သူ့ တစ်သက်နှင့် တစ်ကိုယ် မည်သူကမှ စာရေးသားခဲ့ဖူးခြင်း မရှိချေ။ မည်သူများ ရေးသားလိုက်ခြင်း ဖြစ်ပါသနည်း။ သူ့တွင် သူငယ်ချင်း မိတ်ဆွေ မရှိ၊ အခြားသော ဆွေမျိုးများလည်း မရှိ။ ငှားသွားသော စာအုပ်တွေကို ပြန်ပို့ဖို့ မိုက်မိုက်ရိုင်းရိုင်း စာတွေ ရေးပို့မည့် စာကြည့်တိုက်နှင့် ဆက်ဆံခဲ့ခြင်းလည်း မရှိပါ။ သို့တိုင်အောင် ဒီမှာ စာတစ်စောင်။ မှားယွင်းဖွယ် မရှိအောင်ပင် ရှင်းလင်းစွာ ရေးထားသည်။

မစ္စတာ အိပ်ချ်၊ ပေါ့တာ၊
လှေကားအောက်မှ ဗီရို၊
၄၊ ပရစ်ဗစ် ဒရိုက်၊
လစ်တီးလ် ဝင်းဂင်း၊
ဆာရေး။

စာအိတ်သည် ထူ၍ လေးလံကာ ဝါကျင်ကျင် ရေစိုခံ စက္ကူဖြင့် လုပ်ထားခြင်း ဖြစ်သည်။ လိပ်စာကို မြစိမ်းရောင်မင်ဖြင့် ရေးထား၏။ တံဆိပ်ခေါင်း ကပ်ထားခြင်း မရှိ။

စာအိတ်ကို လှန်လှော့ခိုက် သူ့လက်သည် တုန်ယင်နေသည်။ ဟာရီသည် ခရမ်းရောင် ချိပ်ဖြင့် ခတ်နှိပ်ထားသော ရိုးရာ အမှတ်တံဆိပ်ကို တွေ့ရ၏။ ခြင်္သေ့၊ လင်းယုန်၊ ခွေးတူဝက်တူ၊ 'အိပ်ချ်'အက္ခရာကို ရစ်ပတ်ထားသော မြွေတို့ပါသော တံဆိပ်ဖြစ်သည်။

www.burmeseclassic.com

'ကောင်ကလေး မြန်မြန် လာစမ်း'ဟု မီးဖိုချောင်မှ ဦးလေး ဗွာနွန်က အော်သည်။ 'လာလုပ်နေသလဲ၊ စာအိတ်ဖုံးကို စစ်ဆေးနေတာလား' သူသည် သူ့ ပြက်လုံးကို သူ သဘောကျကာ ရယ်သည်။

ဟာရီသည် လက်ထဲက သူ့စာကို စိုက်ကြည့်လျက်ပင် ရိုကာ မီးဖိုချောင်သို့ ပြန်သွား၏။ ဦးလေး ဗွာနွန်အား ငွေတောင်းခံလွှာနှင့် ပို့စကတ်ကို ကမ်းပေးကာ ကုလားထိုင်တွင် ထိုင်ချ၍ ဝါကျင်ကျင် စာအိတ်ကို စတင် ဖွင့်သည်။

ဦးလေး ဗွာနွန်သည် ငွေတောင်းခံလွှာကို ဆွဲဖြဲ၍ ဖွင့်ပြီး စက်ဆုပ်မှုဖြင့် နှာလေမှုတ်သည်။ ပြီးတော့ ပို့စကတ်ကို လက်ချောင်းဖြင့် တောက်သည်။

'မတ်ဂျ်ဟာ နေမကောင်းဘူးတဲ့' သူက ဒေါ်ဒေါ် ပဲ့ကျူးနီးယားအား အကျိုးအကြောင်း ပြောသည်။ 'ခရု အကြီးစားကို သွားစားမိလို့'

'ဒက်ဒီ'ဟု ဒတ်ဒလီက ရုတ်တရက် ပြော၏။ 'ဒက်ဒီ၊ ဟာရီဟာ တစ်ခုခု ရထားတယ်'

ဟာရီသည် စာအိတ်နှင့် အလားတူပင် ထူထဲသော စာရွက်ပေါ်တွင် ရေးထားသည့် မိမိ၏ စာကို ဖွင့်ဖတ်တော့မည့် အခိုက်အတန့်တွင် ဦးလေး ဗွာနွန်က သူ့လက်ထဲမှ စာကို ဆောင့်ဆွဲလိုက်ခြင်းဖြစ်၏။

'အဲဒါ ကျွန်တော့်စာ'ဟု ဟာရီက ပြန်ဆွဲယူရန် ကြိုးစားရင်း ပြောသည်။

'ဘယ်သူက မင်းဆီကို ရေးမှာလဲ'ဟု ဦးလေး ဗွာနွန်က လက်တစ်ဖက်ဖြင့် စာခေါက်ကို ခါ၍ ဖြန့်ကြည့်ရင်း လှောင်ပြောင်သည်။ သူ့မျက်နှာသည် နီရာမှ စိမ်းသွားသည်မှာ ယာဉ်အချက်ပြ မီးပွိုင့်ထက် လျင်မြန်တော့၏။ ထိုနေရာတွင် ရပ်တန့်မနေပါ။ စက္ကန့် အနည်းငယ်အတွင်း ရက်လွန် ဆန်ပြုတ်ကဲ့သို့ ဖြူရော်ရော် မီးခိုးရောင်ဆန်ဆန် ဖြစ်သွားသည်။

'ပဲ့... ပဲ့ကျူးနီးယား' သူသည် ပင့်သက်ဖိုသွား၏။

ဒတ်ဒလီက စာကို ဖတ်ရန် လှမ်းဆွဲသော်လည်း ဦးလေး ဗာနွန်က သူ့ လက်လှမ်းမမီအောင် မြှောက်ကိုင်လိုက်၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဆန်းသလိုလို သဘောထားနှင့် ယူ၍ ပထမ စာကြောင်းကို ဖတ်သည်။ ခဏတော့ သူသည် မေ့လျော့သွားတော့မလို ဖြစ်သွား၏။ သူ့လည်ပင်းကို သူ ပြန်၍ ဆုပ်ကိုင်ကာ တစ်ဆို့သော အသံကိုပြု၏။

'ဗွာနွန်... ဘုရား... ဘုရား... ဗွာနွန်ရေ'

ဟာရီနှင့် ဒတ်ဒလီတို့ အခန်းထဲတွင် ရှိနေသေးသည်ကို မေ့သွားသလို ပုံမျိုးဖြင့် သူတို့သည် တစ်ယောက်ကို တစ်ယောက် ပြူးကြည့်နေမိကြ၏။ ဒတ်ဒလီသည် လျစ်လျူရှုခံရခြင်းကို ကျင့်သားမရပါ။ သူ၏ စမက်တင်းစ်တုတ်ဖြင့် သူ့အဖေ၏ ဦးခေါင်းကို ဆတ်ဆတ်လေး ခေါက်လိုက်သည်။

'အဲဒီစာကို ကျွန်တော် ဖတ်ချင်တယ်'ဟု သူက ကျယ်လောင်စွာ ပြော၏။

'ကျွန်တော် ဖတ်ချင်တယ်'ဟု ဟာရီက ရှူးရှူးရှဲရှဲ ပြောသည်။ 'အဲဒါဟာ ကျွန်တော့်စာပဲ ဥစ္စာ'

'သွားကြစမ်း၊ မင်းတို့ နှစ်ယောက်စလုံး'ဟု ဦးလေး ဗာနွန်က စာကို စာအိတ်ထဲသို့ သွတ်ရင်းက အသံကွဲကြီးဖြင့် ပြော၏။

ဟာရီက နေရာမှ မရွေ့ချေ။

'ကျွန်တော့် စာကို လိုချင်တယ်'ဟု သူက အော်ဟစ်၏။

'ကျွန်တော် ကြည့်ပါရစေ'ဟု ဒတ်ဒလီက တောင်းဆိုသည်။

'ထွက်သွားကြ'ဟု ဦးလေး ဗာနွန်က ဟိန်းဟောက်ပြီး သူသည် ဟာရီနှင့် ဒတ်ဒလီ နှစ်ယောက်စလုံးကို လည်ကုပ်မှ ဆွဲရင်း ခန်းမဆီသို့ ပစ်ထည့်ကာ သူတို့နောက်ဘက်မှ မီးဖိုချောင် တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်သည်။ မဆိုင်းမတွပင် ဟာရီနှင့် ဒတ်ဒလီတို့သည် သဲသဲမဲမဲ ဖြစ်သော်လည်း တိတ်ဆိတ်စွာပင် သော့ပေါက်တွင် နားတပ်၍ မည်သူက နားထောင်မည် ဆိုခြင်းအတွက် သတ်ပုတ်ကြ၏။ ဒတ်ဒလီက နိုင်သည်။ သို့ဖြင့် ဟာရီသည် မျက်မှန်ကြီး နားရွက် တစ်ဖက်မှ တွဲလောင်း ကျရင်း တံခါးရွက်နှင့် ကြမ်းကြားမှ နားထောင်ရန် ဝမ်းလျားမှောက်လိုက်၏။

'ဗာနွန်' ဒေါ်ဒေါ် ပဲ့ကျူးနီးယားက တုန်ယင်သော အသံဖြင့် ပြောနေ၏။ 'လိပ်စာကို ကြည့်ပါဦး၊ သူဘယ်မှာ အိပ်တယ်ဆိုတာကို သူတို့ ဘယ်လိုလုပ် သိနေကြသလဲ၊ သူတို့ဟာ ဒီအိမ်ကို စောင့်ကြည့်နေတယ်လို့ ရှင် မထင်ဘူးလား'

'စောင့်ကြည့်နေမယ်၊ ခိုးကြည့်နေမယ်၊ တို့ နောက်ကိုတောင် နောက်ယောင်ခံ လိုက်ချင် လိုက်နေကြမှာ'ဟု ဦးလေး ဗာနွန်က ရမ်းသန်း ပြောဆို ညည်းညူ၏။

'ဒါပေမဲ့ ကျွန်မတို့ ဘာလုပ်သင့်သလဲ ဗာနွန်၊ စာပြန်ရေးကြမလား၊ ကျွန်မတို့ မလိုလားဘူး ဆိုတာ သူတို့ကို ပြောမလား'

ဦးလေး ဗာနွန်၏ ပြောင်လက်နေသော ရှူးဖိနပ် မည်းမည်းသည် မီးဖိုချောင်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို မြင်ရ၏။

'ဟင့်အင်း'ဟု နောက်ဆုံးတွင် သူက ပြောသည်။ 'ဟင့်အင်း၊ တို့က ဂရုမစိုက်ဘဲ ထားလိုက်မယ်၊ တကယ်လို့ သူတို့ဟာ အဖြေ မရဘူး ဆိုရင်... ဟုတ်ပြီ၊ ဒါအကောင်းဆုံးပဲ၊ ငါတို့ ဘာမှ မလုပ်ဘူး'

'ဒါပေမဲ့...'

'ဒီအိမ်မှာ ဒီလိုမျိုး တစ်ယောက်ကိုမှ လက်မခံဘူး ပဲ့ကျူးနီးယား၊ သူ့ကို အိမ်ထဲ ခေါ်သွင်းလာတုန်းက အဲဒီ အန္တရာယ်ရှိတဲ့ အလကားဟာတွေကို နင်းခြေပစ်လိုက်မယ်လို့ ငါတို့ ကျိန်တွယ် ပြောခဲ့တယ် မဟုတ်လား'

ထိုနေ့ ညဦးပိုင်း အလုပ်မှ ပြန်လာသောအခါ ဦးလေး ဗာနွန်သည် ရှေးက မလုပ်ဖူးသော အလုပ်ကို လုပ်၏။ သူသည် ဗီရိုထဲမှ ဟာရီဆီသို့ သွားသည်။

'ကျွန်တော့်စာ ဘယ်မှာလဲ'ဟု ဦးလေး ဗွာနွန်က တံခါးကို ကျီခနဲ အဖွင့်တွင် မေးလိုက်၏။ 'ကျွန်တော့်ဆီ ဘယ်သူက ရေးတာလဲ'

'ဘယ်သူကမှ မဟုတ်ပါဘူးကွာ၊ မင်း လိပ်စာကို မှားပြီး တပ်လိုက်တာပါ'ဟု ဦးလေး ဗွာနွန်က တိုတိုပင် ပြော၏။ 'ငါ မီးရှို့ပစ်လိုက်ပြီ'

'မှားတာ မဟုတ်ဘူး'ဟု ဟာရီက ဒေါသဖြင့် ပြောသည်။ 'အဲဒီမှာ ကျွန်တော့် ဗီရိုကို ထည့်ရေးထားတယ်'

'တိတ်စမ်း'ဟု ဦးလေး ဗွာနွန်က အော်ထည့်လိုက်ရာ ဗီရို မျက်နှာကြက်မှ ပင့်ကူ နှစ်ကောင် ကျလာ၏။ သူသည် အသက်ပြင်းပြင်း ရှူခြင်းကို အကြိမ် အနည်းငယ် လုပ်ပြီးနောက် သူ့မျက်နှာကို ပြုံးသည့် အမူအရာ ဖြစ်အောင် အတင်း လုပ်၏။ တော်တော်တော့ အနာခံ လုပ်ရသလို ရှိသည်။

'အာ.. အေး... ဒီဗီရိုပေါ့၊ မင့် အဒေါ်နှင့် ငါတို့ ဆွေးနွေးနေကြတယ်၊ မင်းဟာ ဒီဗီရို အတွက်ဆို မကာချင်ဘူး၊ မင်း ကြီးလာပြီ၊ ဒီတော့ မင်းဟာ ဒတ်ဒလီရဲ့ ဒုတိယ အိပ်ခန်းကို ပြောင်းရင် ကောင်းမယ်လို့ တို့ ထင်တယ်'

'ဘာဖြစ်လို့လဲ'ဟု ဟာရီက မေးသည်။

'မေးခွန်းတွေ မမေးနှင့်'ဟု ဦးလေးက ခပ်ပြတ်ပြတ် ပြော၏။ 'အခု ချက်ချင်း မင့် ပစ္စည်းတွေကို အပေါ်ထပ်ကို သယ်ခဲ့'

ဒါစလီတို့၏ အိမ်တွင် အိပ်ခန်း လေးခု ရှိသည်။ တစ်ခုမှာ ဦးလေး ဗွာနွန်နှင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယားတို့ အတွက် လည်းကောင်း၊ တစ်ခုမှာ ဧည့်သည်များ (သာမန်အားဖြင့် ဦးလေး ဗွာနွန်၏ ညီမ မတ်ဂျ်) အတွက် လည်းကောင်း၊ တစ်ခုမှာ ဒတ်ဒလီ၏ ပထမ အိပ်ရန် အတွက် လည်းကောင်း၊ တစ်ခုမှာ ဒတ်ဒလီ၏ ပထမအိပ်ခန်းတွင် မဆံ့သော ကစားစရာများနှင့် အခြား အရာဝတ္ထုများ အတွက် လည်းကောင်း ဖြစ်ပေ၏။ ဟာရီပိုင်သည့် ပစ္စည်းများ အားလုံးကို အောက်က ဗီရိုထဲမှ အပေါ်ထပ် ဤအခန်းထဲသို့ ပြောင်းရွှေ့ရာတွင် တစ်ခေါက်တည်းနှင့် ပြီးတော့သည်။ ဟာရီသည် ခုတင်ပေါ် ထိုင်ချလိုက်ပြီး ပတ်ပတ်လည်ကို သေသေချာချာ ကြည့်၏။ ဤအထဲတွင် အရာဝတ္ထုများ အားလုံးလိုလို ကျိုးပဲ့နေသည်။ တစ်လ သက်တမ်းမျှသာ ရှိသော ရုပ်ရှင်ကင်မရာသည် တစ်ခါက ဒတ်ဒလီက ဟိုဘက်အိမ်က ခွေးပေါ် ဖြတ်၍ မောင်းနှင်စေခဲ့သော တင့်ကားကလေး၏ အပေါ်တွင် ရှိနေ၏။ အခန်းထောင့်တွင် ဒတ်ဒလီ၏ ပထမဆုံးသော ရုပ်မြင်သံကြားစက် ရှိသည်။ သူအကြိုက်ဆုံးသော ရုပ်သံ အစီအစဉ်ကို ပယ်ဖျက်လိုက်ရာတွင် ခြေထောက်ဖြင့် တက်နင်းခဲ့သော ရုပ်မြင်သံကြားစက် ဖြစ်သည်။ ကြီးမားသော ငှက်လှောင်အိမ် တစ်ခုလည်း ရှိနေသည်။ ယခင်က ထိုအထဲတွင် ကြက်တူရွေး တစ်ကောင် ရှိခဲ့၏။ ဒတ်ဒလီသည် ထိုကြက်တူရွေးကို ကျောင်းတွင် တကယ့် လေသေနတ်ဖြင့် လဲလှယ်ခဲ့သည်။ ထိုလေသေနတ်မှာ ဒတ်ဒလီက တက်ထိုင်လိုက်သောကြောင့် အဖျားပိုင်း ကောက်ကွေးလျက် ရှိပြီး စင်တစ်ခုပေါ်တွင် ရောက်နေ၏။ အခြားသော စင်များပေါ်တွင် စာအုပ်တွေ ပြည့်နှက်နေသည်။ ဤအခန်းထဲတွင် ထိုစာအုပ်များသည်သာလျှင် လက်ဖျားနှင့် အတို့မခံရသော ပစ္စည်းများဟု ယူဆရ၏။

ဒတ်ဒလီက သူ့ အမေအား အော်ဟစ် ပြောဆိုသံသည် အောက်ထပ်မှ ပေါ်ထွက်လာလေသည်။ 'ဟို အခန်းထဲမှာ သူ့ကိုထားတာ မကြိုက်ဘူး၊ အဲဒီ အခန်းကို ကျွန်တော် လိုချင်တယ်၊ သူ့ကို ထုတ်ပစ်လိုက်'

ဟာရီသည် သက်ပြင်းချ၍ ခုတင်ပေါ်တွင် ကိုယ်ကို ဆန့်လိုက်၏။ ဒီပေါ်ကို ရောက်ဖို့ မနေ့က သူသည် တစ်စုံတစ်ခုကို ပေးခဲ့ရသည်။ ယနေ့တွင် ထိုစာနှင့်ကင်း၍ ဒီပေါ်တွင် နေရခြင်းထက် ထိုစာနှင့်အတူ အောက်က ဗီရိုထဲသို့ ပြန်နေချင်သည်။

နောက်နေ့ မနက် မိုးသောက်စာ စားကြရာတွင် လူတိုင်းသည် တိတ်ဆိတ် ငြိမ်သက်နေကြ၏။ ဒတ်ဒလီသာလျှင် သောင်းကျန်းနေသည်။ သူ အော်ဟစ်သည်။ သူ့ အဖေကို စမက်တင်းစ် တုတ်ဖြင့် တဘုံးဘုံး ရိုက်သည်။ ရည်ရွယ်ချက်ဖြင့် ဖျားနာပစ်သည်။ အမေကို ကန်သည်။ မွေးထားသော သူ့လိပ်ကို မှန်မိုးမှန်ကာ အိမ်ကလေး၏ အမိုးကို ဖြတ်၍ ပစ်ခဲ့သည်။ သို့တိုင်အောင် သူသည် ထိုအခန်းကို ပြန်၍ မရချေ။ မနေ့က ဤအချိန်တွင် သူသည် ခန်းမထဲ၌ စာကို ဖွင့်ဖတ်ချင်စိတ် အလွန် ပြင်းပြနေခဲ့သည်ကို တွေးနေမိ၏။ ဦးလေး ဗားနွန်နှင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယားတို့သည် တစ်ယောက်ကို တစ်ယောက် စိတ်မရှင်းစွာ ကြည့်နေကြသည်။

စာပို့လုလင် ရောက်လာသောအခါ ဟာရီအပေါ် ကြိုးစား၍ ကောင်းနေသော ဦးလေး ဗားနွန်က ဒတ်ဒလီကို သွားယူစေ၏။ ဒတ်ဒလီက ခန်းမ တစ်လျှောက်လုံး သူ၏ စမက်တင်းစ် တုတ်ဖြင့် တွေ့ရာကို တဘုံးဘုံး ရိုက်သွားခြင်းကို သူတို့ ကြားကြရသည်။ ထို့နောက် သူက အော်ပြောသည်။ 'ဟော နောက်တစ်စောင်၊ မစ္စတာ အိပ်ချ်၊ ပေါ့တာ၊ အသေးဆုံး အိပ်ခန်း၊ ၄၊ ပရစ်ဗဲစ် ဒရိုက်'

လည်မျို အညှစ်ခံထားရသလို အော်ဟစ်ရင်း ထိုင်နေရာမှ ခုန်ထကာ ခန်းမ တစ်လျှောက် ပြေးချသွားလေ၏။ ဟာရီက နောက်က ထက်ကြပ်မကွာ ပါလာသည်။ စာကို ရဖို့ရန် ဦးလေး ဗားနွန်သည် ဒတ်ဒလီကို ကြမ်းပေါ်ကျအောင် နပန်းသတ်ရ၏။ နပန်းသတ်ရသည်မှာလည်း မလွယ်ကူလှ။ အဘယ့်ကြောင့်ဆိုသော် ဟာရီက နောက်မှနေ၍ ဦးလေး ဗားနွန်၏ လည်ပင်းကို ဖက်ဆွဲထားသောကြောင့် ဖြစ်၏။ တစ်မိနစ်လောက် ရှုန်းရင်းဆန်ခတ် သတ်ပုတ်ရာတွင် လူတိုင်းလိုပင် စမက်တင်းစ်တုတ်ဖြင့် အနက်ခံရပြီး နောက်တွင် ဦးလေး ဗားနွန်သည် ပင့်သက်လိုက်ဖိုပြုရင်း လက်ထဲတွင် ဟာရီ၏ စာကို ဆုပ်ကိုင်လျက် ခါးကို ဆန့်လိုက်လေသည်။

'မင့် ဗီရိုဆီကို... အဲလေ အိပ်ခန်းဆီကို သွား' သူသည် အသက် တရှိုက်ရှိုက် ရှုရင်း ပြောလိုက်၏။ 'ဒတ်ဒလီ သွား... သွားလိုက်'

ဟာရီသည် သူ့ အခန်းသစ်တွင် လှည့်၍ လှည့်၍ လျှောက်နေသည်။

သူသည် ဗီရိုထဲမှ ပြောင်းရွှေ့ ထွက်ခွာခဲ့ပြီ ဆိုသည်ကို သိသည်။ ထို့ပြင် ပထမစာကို သူ မရသည်ကိုလည်း သူတို့ သိပုံရ၏။ ဒါဆိုလျှင် သူတို့ ထပ်ကြိုးစားဦးမည့် သဘောလား။ ဒီတစ်ကြိမ်တော့ သူတို့ ပျက်ကွက်ခြင်း မဖြစ်ရစေအောင် မိမိက သေချာစေပါမည်။ သူ့တွင် အကြံတစ်ခု ရှိ၏။

နောက်နေ့နံနက်တွင် ပျက်သည်ကို ပြင်ထားသော နာရီ နှိုးစက်သည် ခြောက်နာရီတွင် မြည်လေတော့သည်။ ဟာရီသည် နှိုးစက်ခလုတ်ကို လျင်မြန်စွာ ပိတ်၍ အဝတ်အစားကို တိတ်ဆိတ်စွာ လဲသည်။ ဒါစလီတွေ မနိုးမှ ဖြစ်မည်။ မည်သည့် မီးကိုမှ မဖွင့်ဘဲ သူသည် အောက်ထပ်သို့ ခိုးကြောင်ခိုးဝှက် ဆင်းလာသည်။

သူသည် ပရစ်ဗစ် ဒရိုက် လမ်းထောင့်သို့ သွား၍ စာပို့လုလင်ကို စောင့်ကာ အိမ်နံပါတ် ၄ အတွက် စာတွေကို ဦးအောင် ရယူရန် ဖြစ်သည်။ အိမ်ရှေ့ပေါက်ဆီသို့ ဦးတည်၍ မှောင်မိုက်သော ခန်းမကို အဖြတ်သွားတွင် သူ့နှလုံးသည် တူထုသလို ဖြစ်နေ၏။

'အား'

ဟာရီသည် လေထဲသို့ ခုန်လိုက်မိသည်။ ခြေသုတ်ဖုံပေါ်က ကြီးကြီးနှင့် လေးလေး အရာဝတ္ထု တစ်ခုကို သူ တက်နင်းမိ၏။ အသက်ရှိသော တစ်စုံတစ်ခု ဖြစ်သည်။

အိမ်ပေါ်ထပ်က ဓာတ်မီးခလုတ် ချောက်ခနဲ မြည်၍ မီးတွေ လင်းလာ၏။ ဟာရီ အလန့်တကြား သိရသည်ကား သူ တက်နင်းမိသည့် ကြီးကြီးနှင့် လေးလေး ဖြစ်သော အရာမှာ သူ့ဦးလေး၏ မျက်နှာ ဖြစ်နေကြောင်း ဖြစ်တော့သည်။ ဦးလေး ဗာနွန်သည် အိမ်ရှေ့တံခါးရင်းတွင် အိပ်ရာအိတ်ကြီး ခင်း၍ လဲလျောင်းနေခဲ့၏။ ဟာရီ ကြံစည်သော အရာကို ဟာရီ မလုပ်နိုင်စေရန် သေချာအောင် လုပ်ခြင်း ဖြစ်သည်ကား ထင်ရှားလှသည်။ ဟာရီကို နာရီဝက်လောက် အော်ဟစ် ကြိမ်းမောင်းပြီးနောက် လက်ဖက်ရည် တစ်ခွက် သွားဖျော်ခိုင်းသည်။ ဟာရီသည် စိတ်ဒုက္ခ ရောက်စွာဖြင့် မီးဖိုချောင်သို့ ရှပ်တိုက်သွား၏။ သူ ပြန်ရောက်ချိန်တွင် စာများသည် ဦးလေး ဗာနွန်၏ ပေါင်ခွင်သို့ တန်း၍ ကျရောက်ခဲ့ပြီ ဖြစ်၏။ မင်စိမ်းကြီးများဖြင့် ရေးသားထားသော စာ သုံးစောင်ကို ဟာရီ တွေ့နိုင်ပါ၏။

'ကျွန်တော် လိုချင်...'သူက စကားစ၏။ သို့သော် ဦးလေး ဗာနွန်က သူ့ မျက်စိရှေ့တွင်ပင် စာများကို အစိတ်စိတ်အမွှာမွှာ ဆုတ်ပစ်နေသည်။

ထိုနေ့တွင် ဦးလေး ဗာနွန်သည် အလုပ် မတက်ချေ။ သူသည် အိမ်တွင် နေ၍ စာထည့်သည့် သေတ္တာကို သံရိုက်၍ ပိတ်ပစ်သည်။

'တွေ့လား'ဟု သူသည် သံတွေ ပြည့်နေအောင် ကိုက်ထားသည့် ပါးစပ်ဖြင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယားကို ရှင်းပြော၏။ 'တကယ်လို့ သူတို့ စာမပေးဝေနိုင်ဘူး ဆိုရင် လက်လျှော့သွားကြမှာပဲ'

'ဗာနွန်... အဲဒါ အလုပ်ဖြစ်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး'

'အို သူတို့ရဲ့ စိတ်တွေက ထူးဆန်းတဲ့ နည်းလမ်းတွေနှင့် အလုပ်လုပ်တာ ပဲ့ကျူးနီးယားရဲ့၊ မင်းတို့ ငါတို့နှင့် တူတာ မဟုတ်ဘူး'ဟု ဦးလေး ဗာနွန်က ပြောရင်း ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ယခုတွင် ယူလာသည့် သစ်သီးကိတ် တစ်ဖဲ့ဖြင့် သံကို ရိုက်နေမိတော့၏။

သောကြာနေ့တွင် ဆယ့်နှစ်စောင်ထက် မနည်းသောစာများကို ဟာရီအတွက် ရောက်ရှိလာကြသည်။ စာထည့်ရန် သေတ္တာမှ တစ်ဆင့် မရောက်နိုင်သည်တွင် တံခါးရွက် အောက်က ထိုးတန်ထိုး၊ တံခါးရွက် ဘေးကြားမှ သွတ်တန်သွတ်၊ အချို့စာတွေကို အောက်ထပ် အိမ်သာမှ ပြတင်းပေါက် အသေးကလေးထဲကိုပင် ထိုးသွင်းတန်သွင်း ပြုလုပ်ခဲ့ကြသည်။

ဦးလေး ဗာနွန် အိမ်တွင် နေပြန်၏။ စာတွေ အားလုံးကို မီးရှို့ပစ်ပြီးနောက် သူသည် တူနှင့် သံများကို ထုတ်ယူကာ အိမ်ရှေ့နှင့် နောက်ဖေး တံခါးများမှ ပပ်ကြားများကို ပျဉ်ပြားဖြင့် ပိတ်သည်။ ဘယ်သူမှ အပြင် ထွက်နိုင်မည်

မဟုတ်။ သူသည် အလုပ် လုပ်ရင်း 'ကျူးလစ် ဂမုန်းပင်ကြားမှ ခြေဖျားထောက် လျှောက်ပါ'ဟူသော သီချင်းကို ညည်း၏။ အသံဗလံ အသေးကလေး ကြားလျှင်တောင်မှ ထခုန်၏။

စနေနေ့တွင်ကား မထိန်းနိုင်အောင် ဖြစ်ရတော့သည်။ ဟာရီထံ ပေးပို့သောစာ နှစ်ဆယ့်လေးစောင်သည် လမ်းရှာ၍ အိမ်ထဲရောက်လာကြ၏။ သူတို့၏ ဗလုံးဗထွေးနိုင်လှသော နို့ပို့သမားက ဧည့်ခန်း ပြတင်းပေါက်မှ တစ်ဆင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယားသို့ လက်ကမ်းပေးသော ကြက်ဥ နှစ်ဒါဇင်တို့၏ အကြားဝယ် ရစ်ပတ် ကွယ်ဝှက်ပြီး ရောက်လာကြခြင်း ဖြစ်၏။ ဦးလေး ဗွာနွန်က စာတိုက်နှင့် နွားနို့ အရောင်းဌာနသို့ ပြစ်တင်စကား ပြောဖို့ ရှူးရှူးရှဲရှဲနှင့် တယ်လီဖုန်း ဆက်နေခိုက်တွင် ဒေါ်ဒေါ် ပဲ့ကျူးနီးယားက စာတွေကို ဆုတ်ဖြဲ၍ အစာမွှေစက်ထဲ ထည့်သည်။

'ဘယ်သူကများ မင်းကို ဒါလောက် အပူတပြင်း ပြောချင်ရတာလဲကွ' ဒတ်ဒလီက အံ့သြစွာဖြင့် ဟာရီကို မေးလေ၏။

တနင်္ဂနွေနေ့ နံနက်တွင် ဦးလေး ဗွာနွန်သည် မိုးသောက်စာ စားသောစားပွဲတွင် ထိုင်ချလိုက်သည်။ သူ့ကြည့်ရသည်မှာ ပင်ပန်း နွမ်းနယ်နေပြီး နေမကောင်းသလိုပင် ဖြစ်နေသော်လည်း ပျော်ရွှင်နေပုံတော့ ရ၏။

'တနင်္ဂနွေနေ့မှာ စာတွေ မဝေဘူး' သူသည် လိမ္မော်ခွံယိုကို သတင်းစာပေါ်တွင် ဖြန့်သုတ်ရင်းက တခြားလူတွေကို သတိပေးလိုက်သည်။ 'ဒီနေ့ ဘယ်စာမှ လာမှာ မဟုတ်ဘူး'

သူ ဤသို့ ပြောလိုက်စဉ် တစ်စုံတစ်ခုသည် မီးဖိုခေါင်းတိုင်ထဲမှ ဝှီးခနဲ ဆင်းချလာကာ သူ၏ နောက်စေ့ကို တည့်တည့် လာမှန်လေသည်။ နောက်ခဏတွင် မီးဖိုနေရာမှ စာအစောင်ပေါင်း သုံးလေးဆယ်တို့သည် ကျည်ဆန်များကဲ့သို့ တဖွဲဖွဲ ရောက်ရှိလာ၏။ ဒါစလီတို့က ငုံ့ကြသော်လည်း ဟာရီကမူ စာတစ်စောင်လောက်ကို ဖမ်းမိအောင် လေထဲသို့ ခုန်သည်။

'ထွက်သွား၊ ထွက်သွား'

ဦးလေး ဗွာနွန်သည် ဟာရီကို ခါး ဖမ်းဆွဲ၍ ခန်းမဆီသို့ ပစ်ထုတ်သည်။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားနှင့် ဒတ်ဒလီတို့ လက်မောင်းများဖြင့် မျက်နှာကို ကွယ်ကာ ထွက်ပြေးကြသောအခါတွင် ဦးလေး ဗွာနွန်သည် တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်၏။ စာများ အခန်းတွင်းသို့ တသွင်သွင် ဝင်လာကြပြီး နံရံများနှင့် ကြမ်းပြင်ပေါ်သို့ ခုန်ပျံ ကျရောက်နေသေးသည်ကို သူတို့ ကြားကြရသည်။

'ဒါပဲပေါ့'ဟု ဦးလေး ဗွာနွန်က စကားကို ကြိုးစား၍ တည်ငြိမ်စွာ ပြောရင်း တစ်ချိန်တည်းတွင် နှုတ်ခမ်းမွေးတွေ တစ်ထွေးကြီး ဆွဲနုတ်သည်။ 'အားလုံး ဒီကို ငါးမိနစ် အတွင်း ပြန်လာခဲ့ကြစေချင်တယ်၊ သွားဖို့ အဆင်သင့်ပြင်ကြ၊ ငါတို့ သွားကြမယ်၊ အဝတ်အစား တချို့လောက် ယူကြမယ်၊ ဘာမှ စောဒက တက်မနေကြနှင့်'

သူ့တွင် နှုတ်ခမ်းမွေးတွေ တစ်ဝက်လောက် မရှိတော့ဘဲ ဖြစ်နေပြီး အတော်ပင် အန္တရယ် ပေးမည့်ပုံ ပေါက်နေရာ မည်သူကမျှ စောဒက မတက်ဝံ့ချေ။ နောက် ဆယ်မိနစ်ခန့် ကြာသောအခါ သူတို့သည် ပျဉ်ပြားတွေ ရိုက်ထားသော တံခါးများ အကြားမှ ကိုယ်ကို လိမ်ပတ် ထွက်ကြပြီး ကားပေါ်တက်ကာ လမ်းမဆီသို့ အလျင်အမြန် မောင်းထွက်ခဲ့သည်။ ဒတ်ဒလီသည် ကားနောက်ထိုင်ခုံတွင် တရှုပ်ရှုပ် ငိုနေသည်။ သူသည် အားကစားအိတ်ထဲသို့ တီဗီ၊ ဗီဒီယို၊ ကွန်ပျူတာတို့ကို ထည့်ယူရန် ကြိုးစားခြင်းဖြင့် သူတို့ကို နှောင့်နှေးစေသည် ဆိုကာ သူ့အဖေက သူ့ခေါင်းတစ်ဝိုက်ကို ထိုးကြိတ်ခဲ့သည်။

သူတို့ မောင်းခဲ့ကြသည်။ ဆက်လက် မောင်းပြန်၏။ ဘယ်ကို သွားနေကြသလဲ ဆိုခြင်းကို ဒေါ်ဒေါ် ပဲ့ကျူးနီးယားပင် မမေးဝံ့ချေ။ မကြာခဏ ဆိုသလို ဦးလေး ဗွာန္ဒွန်သည် ဖျတ်ခနဲ ကွေ့ထည့်ကာ ဆန့်ကျင်ဘက် အရပ်မျက်နှာသို့ ခဏကြာမျှ ဦးတည် မောင်းနှင်တတ်၏။

'သူတို့ကို ခါထုတ်၊ သူတို့ကို ခါထုတ်'ဟု သူသည် ဤကဲ့သို့ မောင်းနှင်တိုင်း မြည်တွန် တောက်တီးသည်။

သူတို့သည် တစ်နေ့လုံး စားရန်သော်လည်းကောင်း၊ သောက်ရန်သော်လည်းကောင်း မရပ်နားချေ။ ညမိုးချုပ်သောအခါ ဒတ်ဒလီသည် ညည်းညူနေတော့သည်။ သူ့ဘဝတွင် ဤမျှလောက် ဆိုးဝါးသော နေ့ကို မကြုံဖူးချေ။ သူ ဆာလောင်နေသည်။ သူ ကြည့်လိုသော ရုပ်မြင်သံကြား အစီအစဉ် ငါးခုလွတ်သွားပြီ။ ကွန်ပျူတာ မနှိပ်ဘဲ ဒါလောက် ကြာအောင် မသွားခဲ့ဖူးပါ။

နောက်ဆုံး၌ မြို့ကြီး တစ်မြို့၏ မြို့ပြင် အရပ်ရှိ ခပ်မှောင်မှောင် တွေ့နေရသော ဟိုတယ် တစ်ခု ရှေ့တွင် ဦးလေး ဗွာန္ဒွန်သည် ကားကို ရပ်လိုက်၏။ ဒတ်ဒလီနှင့် ဟာရီတို့သည် ခုတင် နှစ်လုံးနှင့် မှိုတက် စိုထိုင်းနေသော အိပ်ရာခင်းများ ရှိသော အခန်း တစ်ခန်းတွင် နေကြရ၏။ ဒတ်ဒလီက ဟောက်နေတော့သည်။ သို့သော် ဟာရီကမူ လုံးဝ အိပ်မပျော်ဘဲ ပြတင်းပေါင်ပေါ်တွင် ထိုင်၍ အောက်က ဖြတ်သွားသော ကားမီးများကို ကြည့်ကာ တွေးတော စူးစမ်းနေသည်။

နောက်နေ့ နံနက်တွင် မိုးသောက်စာ အဖြစ် သူတို့သည် သိုးနေသော 'ကွန်းဖလိတ်'များနှင့် အေးစက်နေသော စည်သွတ် ခရမ်းချဉ်သီး မီးကင်များကို စားကြရသည်။ သူတို့ စားသောက်ပြီးခါစတွင် ဟိုတယ် ပိုင်ရှင်က သူတို့ စားပွဲဆီသို့ ရောက်လာသည်။

'ခွင့်လွှတ်ပါ၊ ခင်ဗျားတို့ထဲက တစ်ယောက်ယောက်ဟာ မစ္စတာ အိပ်ချ်၊ ပေါ့တာလား၊ အရှေ့က စားပွဲမှာ အဲဒါတွေ ရာနှင့်ချီပြီး ရထားတယ်'

ပိုင်ရှင် အမျိုးသမီးက မင်စိမ်းဖြင့် ရေးသားထားသော လိပ်စာကို သူတို့ ဖတ်ရှုနိုင်အောင် စာတစ်စောင်ကို ထောင်ပြ၏။

မစ္စတာ အိပ်ချ်၊ ပေါ့တာ၊
အခန်း ၁၇၊
ရေးလ်ဗျူး ဟိုတယ်၊
ကုတ်ဝပ်။

ဟာရီက စာကို ဖမ်းဆုပ်မည် လုပ်၏။ သို့သော် ဦးလေး ဗွာန္ဒွန်က လမ်းလွဲသွားအောင် သူ့လက်ကို ဆတ်ခနဲ ထိုးထုတ်သည်။ အမျိုးသမီးက ပြူးကြည့်၏။

'အဲဒါတွေကို ကျွန်တော် ယူမယ်'ဟု ဦးလေး ဗွာန္ဒွန်က လျင်မြန်စွာ မတ်တတ်ထရင်း ပြောကာ အမျိုးသမီး နောက်သို့ ထမင်းစားခန်းမှ လိုက်၍ ထွက်သွားသည်။

'အိမ်ပြန်တာက ပိုမကောင်းဘူးလား အချစ်ရယ်'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက နာရီပေါင်း များစွာ ကြာပြီးနောက် ကြောက်ကြောက်နှင့် အကြံပြုသည်။ သို့သော် ဦးလေး ဗွာနွန်သည် သူ့စကားကို ကြားပုံမရချေ။ သူဘာကို မျှော်လင့်နေသည် ဆိုခြင်းကို မည်သူကမျှ အတိအကျ မသိပါ။ သူသည် သူတို့ကို တောအုပ်အလယ်သို့ ကားမောင်း ခေါ်သွားသည်။ ကားထဲမှထွက်၍ ပတ်ပတ်လည်သို့ ကြည့်သည်။ ဦးခေါင်းကို ခါယမ်း၍ ကားထဲ ပြန်ဝင်ကာ မောင်းနှင်သွားပြန်လေ၏။ ထွန်ယက်ထားသော လယ်ကွင်းလယ်တွင် လည်းကောင်း၊ ကြိုးဆိုင်းတံတား၏ လမ်းခုလတ်တွင် လည်းကောင်း၊ အထပ်ပေါင်းများစွာရှိသည့် အဆောက်အအုံ ထိပ်ပေါ်က ကားရပ်နားရာတွင် လည်းကောင်း ဤအတိုင်းပင် ပြုမူခဲ့သည်။

'ဒက်ဒီ ရူးသွားပြီ၊ မဟုတ်ဘူးလာဟင်' ထိုနေ့ ညနေနှောင်းပိုင်းတွင် ဒတ်ဒလီက ဒေါ်ဒေါ် ပဲ့ကျူးနီးယားအား မေးမြန်းသည်။ ဦးလေး ဗွာနွန်သည် ပင်လယ်ကမ်းခြေတွင် ကားကို ရပ်တန့်၍ သူတို့အားလုံးကို ကားထဲထည့် သော့ခတ်ထားခဲ့ကာ ပျောက်ကွယ်သွားတော့သည်။

မိုးရွာလာလေပြီ။ မိုးပေါက်ကြီးများသည် ကားခေါင်မိုးပေါ်သို့ အရှိန်ဖြင့် ကျရောက်နေကြ၏။ ဒတ်ဒလီက ချွဲချွဲပျစ်ပျစ် ပြောသည်။

'ဒီနေ့ တနင်္လာနေ့ပဲ'သူက သူ့အမေကို ပြော၏။ 'ဒီည ဂရိတ်ဟမ်ဘာတို ရှိတယ်၊ တယ်လီဗီးရှင်း ရှိတဲ့ နေရာ တစ်ခုခုမှာ နေချင်တယ်'

တနင်္လာနေ့၊ ဤဟာသည် ဟာရီအား တစ်စုံတစ်ခုကို သတိရစေသည်။ တယ်လီဗီးရှင်းကြောင့်သာ မဟုတ်လျှင် နေ့တွေနှင့် ပတ်သက်၍ ဒတ်ဒလီကို မယုံစားနိုင်ပါ။ အကယ်၍ ယနေ့သည် တနင်္လာနေ့ ဖြစ်သည်ဆိုလျှင် နက်ဖြန်သည် အင်္ဂါနေ့ဖြစ်၍ ဟာရီ၏ ဆယ့်တစ်နှစ်မြောက် မွေးနေ့ ဖြစ်တော့သည်။ တကယ်တော့ သူ့မွေးနေ့များသည် ဘယ်တုန်းကမှ ပျော်စရာ မဖြစ်ခဲ့ပါ။ လွန်ခဲ့သည့် နှစ်က ဒါစလီတို့က သူ့အား မွေးနေ့လက်ဆောင်အဖြစ် ကုတ်အင်္ကျီချိတ် တစ်ခုနှင့် ဦးလေး ဗွာနွန်၏ ခြေအိတ်ဟောင်း တစ်စုံကို ပေးခဲ့ကြသည်။ သို့တိုင်အောင် နေ့တိုင်းသည် ဆယ့်တစ်နှစ် မမြောက်နိုင်ပါ။

ဦးလေး ဗွာနွန်သည် ပြန်ရောက်လာ၏။ သူသည် ပြုံးရယ်နေသည်။ သူသည် ရှည်ရှည်ကျဉ်းကျဉ်း အထုပ် တစ်ခုကိုလည်း သယ်ဆောင်လာ၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဘာဝယ်လာသလဲ မေးသည်ကို သူသည် ပြန်၍ မဖြေချေ။

'တကယ်ကောင်းတဲ့ နေရာကို တွေ့ရပြီပဲ'ဟု သူက ပြော၏။ 'လာကြ၊ အားလုံးထွက်ကြ'

ကားအပြင်ဘက်တွင် အလွန် အေးလှသည်။ ဦးလေး ဗွာနွန် ညွှန်ပြနေသည်မှာ ပင်လယ်ထဲသို့ ထိုးထွက်နေသော ကြီးမားသည့် ကျောက်လမ်းကြီးဟု ထင်ရသော အရာဖြစ်သည်။ ကျောက်လမ်းထိပ်ပေါ်တွင် တည်ရှိနေသည်ကား သင် တွေးထင်နိုင်သမျှတွင် အနံ့ချာ အစုတ်ပြတ်ဆုံးသော သစ်သားတဲအိမ်ကလေး ဖြစ်၏။ တစ်ခုတော့ သေချာသည်။ ထိုတဲအိမ်ကလေးထဲတွင် တယ်လီဗီးရှင်းတော့ မရှိပါ။

'ဒီနေ့ည မုန်တိုင်းကျမယ်လို့ ကြိုတင် ခန့်မှန်းချက် ရှိတယ်'ဟု ဦးလေး ဗွာနွန်က လက်ဝါး နှစ်ဖက် ရိုက်ရင်း ဝမ်းမြောက်စွာ ပြော၏။ 'ပြီးတော့ ဒီလူကြီးက ကြင်နာမှု အပြည့်နှင့် သူ့လှေကို တို့ကို ငှားတယ်လေ'

သွားမရှိသော အဘိုးအိုသည် သူတို့ထံ ခပ်မှန်မှန် လျှောက်လာ၏။ ကလိမ်ကကျစ် အပြုံးဆန်ဆန် ပြုံးရင်း သူတို့၏ အောက်ဘက် မီးခိုးရောင် ရေပေါ်တွင် ဝှပ်ချည်ပေါ်ချည် ဖြစ်နေသော လှော်လှေ အဟောင်း တစ်စင်းကို လက်ညှိုးညွှန်ပြသည်။

'ငါ့မှာ ရိက္ခာ နည်းနည်းပါးပါးတော့ ပါပြီ' ဟု ဦးလေး ဗွာန္ဒန်က ပြော၏။ 'ဒီတော့ အားလုံး လှေပေါ် တက်ကြမယ်'

လှေထဲတွင် ရေခဲတော့မလောက် အေးလှသည်။ ရေခဲလို ဖြစ်နေသော ပင်လယ်က ရေမှုန်တွေဖြင့် ပက်၍ မိုးရေက သူတို့၏ လည်ပင်းများမှ စီးဆင်းကာ အေးမြသော လေသည် သူတို့၏ မျက်နှာတွေကို ကျာပွတ်ဖြင့် ရိုက်သလိုထိမှန်နေ၏။ နာရီပေါင်းများစွာ ကြာမြင့်သည်ဟု ထင်မှတ်ရသော အချိန် လွန်မြောက်သောအခါတွင် သူတို့သည် ကျောက်တုံးကြီးဆီသို့ ရောက်ကြကာ ဦးလေး ဗွာန္ဒန်က ချော်လဲ၊ လျှောကျနှင့် ပြိုပျက်နေသော အိမ်ဆီသို့ ဦးဆောင်ခေါ်ငင်သွားသည်။

အတွင်းဘက်မှာ စိတ်ပျက်စရာ ကောင်းလှ၏။ စူးရှသော ပင်လယ် မှော်နံ့ကို ရသည်။ သစ်သားနံရံတွေအကြားမှ လေသည် တရွှီရွှီ မြည်၍ ဝင်ရောက်နေ၏။ မီးဖိုနေရာမှာ စိုထိုင်းနေပြီး ဘာမျှ မရှိချေ။ အခန်းကတော့ နှစ်ခန်းရှိသည်။

ဦးလေး ဗွာန္ဒန်၏ ရိက္ခာဆိုသည်မှာ မုန့်ကြွပ်လေးထုပ်နှင့် ငှက်ပျောသီးလေးလုံး ဖြစ်ပေ၏။ သူသည် မီးမွေးဖို့ ကြိုးစားသည်။ သို့သော် မုန့်ကြွပ်အိတ်ခွံ အလွတ်များသည် မီးခိုးတွေသာ အူထွက်၍ တွန့်လိမ် ရှုံ့တွကုန်ကြသည်။

'ဟို စာတွေ လာရင်တော့ မီးမွေးလို့ ရမှာပဲနော်'ဟု သူသည် ရွှင်ရွှင်လန်းလန်းဖြင့် ပြော၏။

သူ့တွင် ဖြစ်ပေါ်နေသော စိတ်အနေအထားမှာ အလွန်ပင် ကောင်းမွန်နေသည်။ မုန်တိုင်းကြားတွင် စာကို လာပို့ရန် ဒီလို နေရာမျိုးမှ သူတို့ဆီကို မည်သူမျှ စွန့်၍ လာမည်မဟုတ်ဟု သူ ထင်မှတ်သည်မှာ သိသာပါ၏။ ဟာရီကလည်း သူ့အနေဖြင့် ထိုအတိုင်းပင် ထင်သည်။ သို့သော် ထိုသို့ ထင်မှတ်ခြင်းသည် သူ့ကိုတော့ လုံးဝ မရွှင်လန်းစေပါ။

ညဉ့်ရောက်လာသည်တွင် ကြိုတင် ခန့်မှန်းထားသော မုန်တိုင်းသည် သူတို့ ဘေးပတ်လည်တွင် တိုက်ခတ်တော့၏။ မြင့်တက်လာသော လှိုင်းလုံးကြီးများမှ ရေမှုန်တို့သည် သစ်သားတဲ၏ နံရံတို့ကို ပက်၏။ ကြမ်းတမ်းသော လေကလည်း ညစ်ပတ်နေသော ပြတင်းပေါက်များကို တရုပ်ရုပ် မြည်စေသည်။ ဒေါ်ဒေါ် ပဲ့ကျုံးနီးယားသည် ဒုတိယ အခန်းထဲတွင် မှိုတက်နေသော စောင် အချို့ကို တွေ့၍ ပိုးထိုးထားသော ဆိုဖာပေါ်တွင် ဒတ်ဒလီအတွက် အိပ်ရာပြင်ပေး၏။ သူနှင့် ဦးလေး ဗွာန္ဒန်တို့ကတော့ နောက်တစ်ခန်းတွင် ရှိသော ခိုးခုလုနိုင်သော ခုတင်ဆီသို့ သွားကြသည်။ ဟာရီ အဖို့မှာမူကား သူ ရှာဖွေနိုင်သမျှတွင် ပျော့ပျောင်းဆုံး ကြမ်းပြင်ပေါ်၌ အပါးလွှာဆုံးနှင့် အစုတ်ပြတ်ဆုံးသော စောင်အောက်တွင် ကွေးနေရန်သာ ရှိတော့သည်။

ညဉ့်နက်လာသည်နှင့်အမျှ မုန်တိုင်းသည် ပို၍ ပို၍ ကြမ်းတမ်းလာ၏။ ဟာရီသည် မအိပ်နိုင်ပါ။ သူသည် တုန်ယင်နေ၍ သက်သက်သာသာ ရှိအောင် ကြိုးစားသည့် သဘောဖြင့် လိမ့်သည်။ သူ့ ဗိုက်သည် ဆာလောင်သဖြင့် တကြုတ်ကြုတ် မြည်နေ၏။ သန်းခေါင်ယံနားသို့ ရောက်သော် စတင် ဖြစ်ပေါ်လာသော မိုးခြိမ်းသံ ခပ်တိုးတိုးက ဒတ်ဒလီ၏ ဟောက်သံများကို ဖုံးအုပ်၏။ ဆိုဖာအစွန်းမှ တွဲလောင်းကျနေသော ဒတ်ဒလီ၏ လက်ကောက်ဝတ်ဝဝပေါ်မှ လင်းနေသော နာရီဒိုင်ခွက်က နောက် ဆယ်မိနစ် ကြာလျှင် ဟာရီသည် ဆယ့်တစ်နှစ် ပြည့်တော့မည် ဖြစ်ကြောင်းနှင့် သူ့ကို ပြောပြနေသည်။ သူ့ မွေးနေ့သည် တချောက်ချောက် ချက်ချက်နှင့်

နီးကပ်လာနေသည်ကို လဲလျောင်း စောင့်ကြည့်ရင်း ဒါစလီတို့သည် သတိမှ ထားမိပါလေစ ဟူ၍ စူးစမ်းနေမိသည်။ ယခုဆိုလျှင် စာတွေကို ရေးသောသူသည် ဘယ်မှာ ရှိနေပါလိမ့် ဟူ၍ စူးစမ်းနေမိသည်။

ငါးမိနစ်ပဲ ကျန်တော့သည်။ အပြင်ဘက်က ကျွိကျွိ အသံ တစ်ခုကို ဟာရီကြားမိသည်။ ခေါင်မိုးကြီးတော့ ပြိုကျမလာတန် ကောင်းပါရဲ့ဟု သူ မျှော်လင့်၏။ တကယ်တော့ ပြိုကျလာလျှင် သူ့အဖို့ ပိုနွေးနိုင်ပါသည်။ လေးမိနစ်သာ ကျန်တော့သည်။ ခုဆို ပရစ်ဗစ် ဒရိုက် လမ်းက အိမ်တွင် စာတွေ ပြည့်နှက်နေကောင်း၏။ ပြန်ရောက်လျှင် စာတစ်စောင်ကိုတော့ တစ်နည်းတစ်ဖုံ ဖတ်နိုင်ကောင်းပါ၏။

သုံးမိနစ်သာ ကျန်တော့သည်။ ကျောက်ဆောင်ကို ဤမျှ တဖျပ်ဖျပ် ရိုက်ခတ်လာသည်မှာ ပင်လယ်ပြင်များ ဖြစ်လေရော့သလား။ ဟော (နှစ်မိနစ်သာ ကျန်တော့သည်။) တချွတ်ချွတ် အသံက ဘာသံပါလိမ့်။ ကျောက်ဆောင်သည် ပင်လယ်ထဲသို့ ပဲ့ကျနေလေပြီလား။

တစ်မိနစ်သာ ကျန်တော့သည်။ သူ ဆယ့်တစ်နှစ် ပြည့်တော့မည်။ စက္ကန့် သုံးဆယ်... နှစ်ဆယ်... တစ်ဆယ်... ကိုး... ဒတ်ဒလီကို အနှောင့်အယှက် ပေးဖို့ နှိုးလိုက်ရ ကောင်းမလား သုံး... နှစ်... တစ်–

ဗုန်း။

သစ်သားတဲ တစ်ခုလုံး တုန်သွားသည်။ ဟာရီသည် တောင့်တောင့်ကြီး ထထိုင်၍ တံခါးဝကို ပြူးကြည့်မိသည်။ တစ်ယောက်ယောက်သည် အပြင်ဘက်တွင် ရောက်နေ၏။ အထဲသို့ ဝင်ရန် အတွက် တံခါးခေါက်နေသည်။

အခန်း လေး

သော့တံများကို ထိန်းရသူ

ဗုန်း။ သူတို့ ခေါက်ပြန်လေပြီ။ ဒတ်ဒလီသည် ဆတ်ခနဲ လူးပ်ကာ နိုးလာ၏။

'အမြောက်က ဘယ်မှာလဲ'ဟု သူက မိုက်မဲစွာပြောသည်။

သူတို့ နောက်ဘက်ဆီမှ အသံ တစ်ခု ထွက်ပေါ်လာပြီးနောက် ဦးလေး ဗာနွန်သည် အခန်းတွင်းသို့ ဘေးတိုက် တစ်လှမ်းချင်း ဝင်ရောက်လာလေ၏။ သူသည် လက်ထဲတွင် ရိုင်ဖယ်ကို ကိုင်ထားသည်။ သူတို့နှင့်အတူ ဤနေရာသို့ လာခဲ့စဉ်က ယူခဲ့သော ရှည်ရှည်ကျဉ်းကျဉ်း အထုပ်ထဲတွင် ဘာပါလာခဲ့သည် ဆိုသည်ကို ယခုတော့ သူတို့ သိပြီဖြစ်၏။

'ဘယ်သူလဲ'ဟု သူက ထအော်၏။ 'ငါ သတိပေးနေတယ်နော်၊ ငါ့မှာ လက်နက် ရှိတယ်'

ခဏတော့ ရပ်တန့်သွားသည်။ ထိုနောက်–

ဝုန်း။

တံခါးရွက်ကို ထိုးထည့်လိုက်သည်မှာ အရှိန် ပြင်းလှရကား တံခါးရွက်သည် ပတ္တာမှ ပြုတ်ထွက်သွားပြီး နားကွဲတော့မလောက် အသံကြီးဖြင့် ကြမ်းပေါ်သို့ ကျရောက် ပြားကပ်သွားတော့သည်။

လူ့ဘီလူးကြီး တစ်ယောက်သည် တံခါးပေါက်ဝတွင် မတ်တတ်ရပ်နေ၏။ သူ့မျက်နှာသည် ရှည်လျား၍ ဖုတ်သိုက်ကြီး ဖြစ်နေသော ဆံပင် ထူလပျစ်ကြီးနှင့် ကြမ်းတမ်း ရှုပ်ထွေးနေသော မုတ်ဆိတ်ကြီးကြောင့် လုံးဝနီးပါး ဖုံးကွယ်နေသည်။ သို့သော် သူ့မျက်လုံးများကိုတော့ ရှာဖွေ တွေ့ရှိနိုင်ပါသည်။ အမွေးအမှင်များ အောက်တွင် တလက်လက်တောက်နေသော ချေးထိုးပိုးများကဲ့သို့ ဖြစ်နေသည်။

ဘီလူးကြီးသည် တဲအိမ်ထဲသို့ ဖျစ်ညှစ် ဝင်ရောက်လာသည်။ ခါးကုန်းထားရကား သူ့ဆံပင်များသည် မျက်နှာကြက်ကို ဘရပ်ရှ်ဖြင့် တိုက်လာသလို ဖြစ်နေ၏။ သူသည် ကုန်းပြီး တံခါးရွက်ကို ကောက်ယူကာ ပေါင်အတွင်းသို့ အလွယ်တကူပင် ပြန်တပ်လိုက်သည်။ အပြင်ဘက်က မုန်တိုင်းသံသည် အနည်းငယ် တိုးသွား၏။ သူသည် အားလုံးဘက်သို့ လှည့်ကြည့်သည်။

'တို့အတွက် လက်ဖက်ရည် ဖျော်မပေးနိုင်ဘူးလားဟင်၊ လာခဲ့ရတဲ့ ခရီးက လွယ်ကူလှတာ မဟုတ်ဘူး'

ဒတ်ဒလီသည် ကြောက်ရွံ့သဖြင့် တစ်ကိုယ်လုံး ခဲသွားတော့မည့်ပုံဖြင့် ထိုင်နေသော ဆိုဖာဆီသို့ သူ လှမ်းသွားသည်။

'လှုပ်ရှားစမ်း အသားတုံးကြီးရယ်'ဟု သူစိမ်းက ဆို၏။

ဒတ်ဒလီသည် တကျွိကျွိ မြည်သံနှင့်အတူ ထပြေးကာ သူ့အမေနောက် သွားပုန်းသည်။ သူ့အမေကလည်း ကြောက်ကြောက်နှင့် ဦးလေး ဗားနွန် နောက်တွင် ကုပ်နေ၏။

'အဲ၊ ဟာရီက ဒီမှာကိုး'ဟု ဘီလူးကြီးက ပြောသည်။

ဟာရီက ကြမ်းတမ်း ရိုင်းစိုင်းပြီး အရိပ်ကျနေသော မျက်နှာကို မော့ကြည့်သည်တွင် ချေးထိုးပိုး မျက်လုံးများသည် အပြုံးကြောင့် အရစ်စင်းတွေ ပေါ်နေ၏။

'နောက်ဆုံး ငါ မြင်ခဲ့တုန်းက မင်းဟာ ကလေးလေးပဲ'ဟု ဘီလူးကြီးက ပြောလေသည်။ 'မင်းဟာ မင်းအဖေနှင့် တူတယ်၊ ဒါပေမဲ့ မျက်လုံးတွေကတော့ အမေ့ မျက်လုံးတွေပဲ'

ဦးလေး ဗားနွန်က ရယ်စရာ ကောင်းသော တဂျစ်ဂျစ် အသံကို ပြုသည်။

'ဆရာကြီး၊ ခုချက်ချင်း ထွက်သွားဖို့ ကျုပ် တောင်းဆိုတယ်'ဟု သူက ပြော၏။ 'ခင်ဗျားဟာ ဖောက်ထွင်း ဝင်ရောက်လာတာ'

'အား၊ တိတ်စမ်း၊ ဒါစလီ ဆီးသီးခြောက်ကြီးရယ်'ဟု ဘီလူးကြီးက ပြော၏။ သူသည် ဆိုဖာနောက်သို့ လက်လှမ်းကာ ဦးလေး ဗွာနွန်၏ လက်ထဲက သေနတ်ကို ဆောင့်ဆွဲယူလိုက်ကာ ရော်ဘာဖြင့် ပြုလုပ်ထားဘိသည့်အလား လွယ်လွယ်ကူကူပင် ကွေး၍ ထုံးပစ်ပြီး အခန်းထောင့် တစ်ခုဆီသို့ လွှင့်ပစ်လိုက်၏။

ဦးလေး ဗွာနွန်သည် တက်နင်းခံရသည့် ကြွက်လို အသံ တစ်မျိုးကို ပြုပြန်သည်။

'ဘယ်လိုပဲ ဖြစ်ဖြစ် ဟာရီရေ… 'ဟု ဘီလူးကြီးသည် ဒါစလီတို့ကို ကျောခိုင်းလိုက်သည်။ 'မင်းအတွက် အလွန် ပျော်စရာ မွေးနေ့ ဖြစ်ပါစေ၊ မင်းအတွက် ငါ့မှာ တစ်ခုခု ပါလာတယ်၊ ဒီမှာ၊ အဖျားပေါ်တော့ တက်ထိုင်မိသလား မသိဘူး၊ ဒါပေမဲ့ အရသာတော့ မပျက်ပါဘူး'

သူ့ကုတ်အင်္ကျီအနက်ကြီး၏ အတွင်းအိတ်ထဲမှ အနည်းငယ် ပြားနေသော ဘူးတစ်ခုကို ထုတ်သည်။ ဟာရီက တုန်ယင်သော လက်များဖြင့် ဘူးကို ဖွင့်၏။ အတွင်းဘက်တွင်ကား ကြီးမား စေးကပ်သော ချောကလက် ကိတ်မုန့်ကြီး ဖြစ်၍ မုန့်ပေါ်တွင် အစိမ်းရောင် သကြားရည်ဖြင့် 'ပျော်စရာ မွေးနေ့ပါ ဟာရီ'ဟု ရေးထားလေသည်။

ဟာရီက ဘီဘူးကြီးကို မော့ကြည့်၏။ သူက ကျေးဇူးတင်ပါတယ်ဟု ပြောလိုရင်း ဖြစ်သော်လည်း စကားလုံးများသည် သူ့ပါးစပ်ဖျားသို့ အလာလမ်းတွင် ပျောက်သွားကာ ထိုစကား အစား 'ခင်ဗျား ဘယ်သူလဲ'ဟု ဖြစ်သွားတော့သည်။

ဘီလူးကြီးက ရယ်၏။

'ဟုတ်တာပေါ့၊ ငါ့ကိုယ်ငါကမှ မိတ်ဆက် မပေးရသေးတာ၊ ငါက ရူးဘီးယပ်စ် ဟက်ဂရစ် ဖြစ်တယ်၊ ဟော့ဂဝပ်က ခြံမြေနှင့် သော့တံတွေကို ထိန်းရသူပါ'

သူသည် ဧရာမ လက်ကြီးကို ဆန့်ထုတ်၍ ဟာရီ၏ လက်တစ်ခုလုံးကို လှုပ်သွားအောင် လက်ဆွဲ နှုတ်ဆက်သည်။

'လက်ဖက်ရည် သောက်မလား'ဟု လက်ကြီးနှစ်ဖက် ပွတ်၍ ပြောသည်။ 'မင်းတို့မှာရှိတယ် ဆိုရင် ကျကျကလေး တိုက်ရင်လည်း စိတ်မဆိုးပါဘူး'

သူ့မျက်လုံးများသည် ဟင်းလင်း ဖြစ်နေသော မီးဖိုနှင့် အထဲ၌ တွန့်ရှုံ့နေသော မုန့်ကြွပ်အိတ်များဆီသို့ ရောက်သွားသောအခါ နှာလေမှုတ်သံ ပြုသည်။ သူသည် မီးဖိုနေရာပေါ်သို့ ကုန်းလိုက်သည်။ သူဘာလုပ်နေသည်ကို မမြင်ရသော်လည်း တစ်စက္ကန့်လောက် အကြာတွင် နောက်သို့ ဆုတ်လိုက်သောအခါ မီးဖိုတွင် အရှိန် ကောင်းလှသော မီးသည် တောက်နေလေပြီ။ ထိုမီးက စိုထိုင်းနေသော တဲအိမ် တစ်ခုလုံးကို မှိန်ချည်လင်းချည် အလင်းရောင်ကို ပေးသည်။ ဟာရီသည် ရေနွေးကန်ထဲ နစ်သွားသလို တစ်ကိုယ်လုံး ပူနွေးသွားသည်ကို ခံစားရတော့၏။

ဘီလူးကြီးသည် ဆိုဖာဆီသို့ ပြန်သွား၍ ထိုင်ချသည်။ ဆိုဖာသည် သူ့ကိုယ်ကြီးကြောင့် ပိ၍ အိကျ၏။ သူသည် ကုတ်အင်္ကျီ အိတ်တွေထဲမှ အရာဝတ္ထုမျိုးစုံကို ထုတ်သည်။ ကြေးဖြင့် ပြုလုပ်ထားသည့် ရေနွေးကရား၊ အရည်ရွှမ်းသော ဝက်အူချောင်း အထုပ်၊ မီးဆွတုတ်တံ၊ လက်ဖက်ရည်အိုး၊ မတ်ခွက်များ၊ ပယင်းရောင် အရည် ပါသည့် ပုလင်းတို့ ဖြစ်သည်။ သူသည် လက်ဖက်ရည် မဖျော်မီ ပယင်းရောင် အရည်ကို တစ်မော့ တစ်ကျိုက် သောက်လိုက်သေး၏။ မကြာခင်ပင် တဲအိမ် တစ်ခုလုံးသည် ဝက်အူချောင်းဆီမှ တစီစီ မြည်သော အသံနှင့် အနံ့တို့ဖြင့် ပြည့်နှက်သွားသည်။ ဘီလူးကြီး အလုပ် လုပ်နေခိုက်တွင် မည်သူကမျှ ဘာမျှ မပြောချေ။ သို့ရာတွင်

www.burmeseclassic.com

သူသည် ပထမဆုံးသော အနည်းငယ် မီးကျွမ်းနေသည့် အရည်ရွှမ်းရွှမ်း ဝက်အူချောင်း ဝဝကြီး ခြောက်ချောင်းကို မီးဆွတုတ်တံဆီမှ လျှောထုတ်လိုက်သောအခါတွင်တော့ ဒတ်ဒလီသည် အနည်းငယ် ဂနာမငြိမ် ဖြစ်လာသည်။ ဦးလေး ဗွာနွန်က ဒတ်ဒလီ၊ သူ ဘာပေးပေး မတို့နှင့်'ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ဘီလူးကြီးက ခပ်မှုန်မှုန်ဖြင့်ပင် ရယ်လိုက်သည်။

'ခင်ဗျားရဲ့ ပူတင်း ဖြစ်နေတဲ့ သားဟာ ထပ်ပြီး ဝဖို့ မလိုတော့ပါဘူး ဒါစလီရယ်၊ မပူပါနှင့်'

သူက ဝက်အူချောင်းများကို ဟာရီသို့ ကမ်းပေး၏။ ဟာရီမှာ ဆာလောင်လျက်ရှိရကား ဤမျှလောက် ကောင်းမွန်လှခြင်းကို ဘယ်တုန်းကမှ အရသာ မခံခဲ့ဖူးသလို ဖြစ်ရသည်။ သို့တိုင်အောင် သူ၏ မျက်လုံးများကို ဘီလူးကြီးထံမှ မလွှဲဖယ်နိုင်သေးပါချေ။ နောက်ဆုံး၌ ဘယ်သူကမှ ဘာမျှ ရှင်းလင်း ပြောပြမည့်ပုံ မရှိသဖြင့် 'ထုတ်ပြောရတာတော့ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ဦးကြီးဟာ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိသေးပါဘူး'ဟု ဟာရီက ပြောလေသည်။

ဘီလူးကြီးသည် လက်ဖက်ရည်ကို တစ်ကျိုက် သောက်ချလိုက်ပြီး သူ၏ လက်ဖမိုးကြီးဖြင့် ပါးစပ်ကို သုတ်၏။

'ငါ့ကို ဟတ်ဂရစ်လို့ ခေါ်ကွာ'ဟု သူက ပြော၏။ 'လူတိုင်း ဒီလို ခေါ်တာပဲ၊ ပြီးတော့ ငါ ပြောခဲ့သားပဲ၊ ငါဟာ ဟော့ဂဝပ်မှာ သော့တံတွေကို ထိန်းရသူဖြစ်တယ်၊ ဟော့ဂဝပ် အကြောင်းတော့ မင်း အားလုံး သိမှာပေါ့နော်'

'အယ်… ဟင့်အင်း'ဟု ဟာရီက ပြောသည်။

ဟတ်ဂရစ်က တုန်လှုပ်သွားသလို ဖြစ်သွား၏။

'ဝမ်းနည်းပါတယ်'ဟု ဟာရီက ခပ်မြန်မြန် ပြောသည်။

'ဝမ်းနည်းတယ် ဟုတ်လား'ဟု ဟတ်ဂရစ်သည် ဒါစလီတို့ကို လှည့်၍ ပြူးကြည့်ရင်း ဟိန်းဟောက်သည်။ ဒါစလီ မိသားစုသည် မှောင်ရိပ်ထဲသို့ ကုပ်၍ ရွှေ့သွားကြ၏။ 'ဝမ်းနည်းရမှာက သူတို့တွေပဲ၊ မင်းဟာ စာတွေကို ရမနေဘူး ဆိုတာ ငါ သိခဲ့တယ်၊ ဒါပေမဲ့ ဒါလောက် ကျော်ကြားတဲ့ ဟော့ဂဝပ် အကြောင်း သိတောင် မသိခဲ့ဘူးလို့တော့ ငါ မထင်ခဲ့ဘူး၊ မင်းရဲ့ မိဘတွေ ဒါတွေ အားလုံးကို ဘယ်က သင်ယူ တတ်မြောက်လာခဲ့သလဲ ဆိုတာ မင်း မစူးစမ်းခဲ့ဘူးလား'

'ဘာတွေ အားလုံးကိုလဲ'ဟု ဟာရီက မေးသည်။

'ဘာတွေ အားလုံးကိုလဲ… ဟုတ်လား'ဟု ဟတ်ဂရစ်က မိုးခြိမ်းသံဖြင့် ပြောသည်။ 'နေဦး၊ တစ်စက္ကန့်လောက် ခဏစောင့်'

သူသည် ခုန်ထလိုက်၏။ အမျက်ဒေါသ အရှိန်ဖြင့် သူသည် တဲအိမ်ကြီး တစ်ခုလုံး ပြည့်သွားသယောင် ရှိတော့သည်။ ဒါစလီ မိသားစုသည် နံရံကို ကပ်၍ ကြောက်ဒူးတုန်နေကြ၏။

'ခင်ဗျားတို့က ကျုပ်ကို...'သူသည် ဒါစလီတို့ကို ဟိန်းဟောက်တော့သည်။ 'ဒီကောင်လေး၊ ဒီကောင်လေး ဘာမှ မသိဘူးလို့ ပြောချင်ကြတယ်ပေါ့လေ၊ ဘာအကြောင်းကိုမှ မသိဘူးပေါ့လေ'

ဒါတော့ လွန်ပြီဟု ဟာရီက ထင်မိ၏။ သူသည် ကျောင်း တက်ခဲ့ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူ ရခဲ့သော အမှတ်များမှာ မဆိုးလှပါ။

'ကျွန်တော် တချို့ကို သိပါတယ်လေ'ဟု သူက ပြောသည်။ 'ကျွန်တော်ဟာ သင်္ချာတွေ ဘာတွေ တတ်ပါတယ်... သိလား'

သို့ရာတွင် ဟတ်ဂရစ်က အသာလက်ဖြင့် ဝှေ့ယမ်းလိုက်ပြီး ပြော၏။ 'ငါတို့ရဲ့ လောကကြီး အကြောင်းကို ပြောတာ၊ မင်းရဲ့ လောက၊ ငါ့ရဲ့ လောက၊ မင်းမိဘတွေရဲ့ လောက'

'ဘာလောကလဲ'

ဟတ်ဂရစ်သည် ပေါက်ကွဲတော့မလောက် ဖြစ်သွား၏။

'ဒါစလီ'ဟု သူက အသံနက်ကြီးဖြင့် အော်သည်။

ဖြူဖပ်ဖြူရော် ဖြစ်သွားသော ဦးလေး ဗွာနွန်က 'မင်ဗယ်ဝင်ဗယ်'လိုလို ဘာလိုလို အသံထွက်သော စကားလုံး တစ်စုံတစ်ရာကို တီးတိုး ပြောသည်။ ဟတ်ဂရစ်က ဟာရီကို စူးစူးဝါးဝါး ပြူးကြည့်သည်။

'မင်းအမေနှင့် အဖေတို့ အကြောင်းကိုတော့ မင်း သိရမှာပေါ့'ဟု သူက ပြော၏။ 'ငါ ဆိုလိုတာက သူတို့ဟာ ကျော်ကြားတယ်၊ မင်းဟာ ကျော်ကြားတယ်'

'ဘယ်လို၊ ကျွန်တော့် အဖေနှင့် အမေဟာ မကျော်ကြားပါဘူး၊ ကျော်ကြားလို့လား'

မင်း မသိဘဲကိုး၊ မင်း မသိဘဲကိုး' ဟတ်ဂရစ်သည် သူ့ဆံပင်များအတွင်းသို့ သူ့လက်ချောင်းများကို ထိုးသွင်းပြီး ဟာရီကို တွေဝေစွာဖြင့် စိုက်ကြည့်သည်။

'မင်းဟာ ဘာဆိုတာ မင်း မသိဘဲကိုး'ဟု နောက်ဆုံးတွင် သူ ပြော၏။

ဦးလေး ဗွာနွန်သည် ရုတ်တရက် အသံ ထွက်လာသည်။

'ရပ်လိုက်'ဟု သူက အမိန့်ပေးသည်။ 'အဲဒီတွင် ရပ်ပါ ဆရာကြီး၊ ကောင်ကလေးကို ဘာမှ မပြောဖို့ ကျုပ် ခင်ဗျားကို တားမြစ်တယ်'

ယခု ကြည့်လိုက်သော ဟတ်ဂရစ်၏ စူးစူးဝါးဝါး ကြည့်ခြင်းတွင် ဦးလေး ဗွာနွန်ထက် ပို၍ ရဲရင့်သူပင် ကြောက်ကြောက်နှင့် ကုပ်သွားမည် ဖြစ်၏။ ဟတ်ဂရစ်က စကားပြောသောအခါတွင်ကား စကားလုံး အသံထွက်တိုင်းသည် ဒေါသဖြင့် တုန်နေတော့သည်။

'ခင်ဗျားက သူ့ကို ဘယ်တုန်းကမှ မပြောခဲ့ဘူး ဟုတ်လား၊ ဒမ်ဗယ်လ်ဒေါက သူနှင့် အတူ ထားရစ်ခဲ့တဲ့ စာထဲမှာ ဘာတွေ ပါတယ် ဆိုတာ မပြောခဲ့ဘူး ဟုတ်လား၊ ဒါလောက် နှစ်ပေါင်း များစွာ ကြာအောင် ခင်ဗျား သူ့ကို အသိမပေးခဲ့ဘူး ဟုတ်လား'

'ကျွန်တော့်ကို ဘာအသိမပေးတာလဲ'ဟု ဟာရီက စိတ်အားထက်သန်စွာဖြင့် မေးသည်။

'တော်တော့၊ ကျုပ် တားမြစ်တယ်'ဟု ဦးလေး ဗွာနွန်က ထိတ်ထိတ်ပျာပျာနှင့် အော်သည်။

ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ကြောက်လန့်၍ ပင့်သက်ဖိုမိ၏။

'အား.. ခေါင်းတွေကို သွားပြီး ရေနွေးနှင့် ပြုတ်ပစ်လိုက်၊ ခင်ဗျားတို့ နှစ်ယောက်စလုံး'ဟု ဟတ်ဂရစ်က ပြောသည်။ 'ဟာရီ၊ မင်းဟာ မှော်ဆရာ တစ်ယောက်ပဲ'

တဲထဲတွင် တိတ်ဆိတ်သွားလေ၏။ ပင်လယ်ပြင်နှင့် တရှူးရှူး တိုက်နေသော လေ၏ အသံတို့ကိုသာကြားရသည်။

'ကျွန်တော်ဟာ ဘာ...'ဟု ဟာရီက ပင့်သက်ဖိုရင်း မေး၏။

'မှော်ဆရာပေါ့ကွ'ဟု ဆိုဖာပေါ်သို့ ပြန်၍ ထိုင်ချလိုက်သော ဟတ်ဂရစ်က ပြောသည်။ ဆိုဖာသည် မြည်တမ်းရင်း ပို၍ပင် နိမ့်ကျသွား၏။ 'နည်းနည်းကလေး သင်ကြား လေ့ကျင့်လိုက်ပြီ ဆိုရင် မင်းဟာ သူမတူအောင် တော်လာမယ်လို့ ငါပြောနိုင်တယ်၊ မင်းအမေနှင့် အဖေလိုဟာမျိုးတွေက ပေါက်ဖွားလာတာ၊ မင်းဟာ တခြား ဘာများ ဖြစ်နိုင်မှာလဲ၊ ကဲ အခုဟာ မင်းဟာ စာကို ဖတ်ရဖို့ အချိန်တန်ပြီ ထင်ပါတယ်'

နောက်ဆုံးတွင်ကား ဟာရီသည် လက်ကို ဆန့်၍ ဝါကျင်ကျင် စာအိတ်ကို လှမ်းယူသည်။ စာအိတ်ပေါ်တွင် မြစိမ်းရောင်မင်ဖြင့် မစ္စတာ ပေါ့တာ၊ မြေကြီးပေါ်၊ ကျောက်ဆောင်ပေါ်က သစ်သားတဲ၊ ပင်လယ်ပြင်။ ဟူ၍ လိပ်စာတပ်ထား၏။ သူသည် အထဲက စာကို ထုတ်၍ ဖတ်လိုက်သည်။

ဟော့ဂဝပ် စုန်းအတတ်နှင့် မှော်ပညာသင်ကျောင်း

ကျောင်းအုပ်။ အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ။
(မာလင် ဂိုဏ်းတော်၊ ပထမတန်းစား မှော်ဆရာကြီး။
စကော့တလန် မှော်ဆရာချုပ်။ အင်ဒီးယန်း လူနီ
မှော်ခေါင်းဆောင်ချုပ်။ နိုင်ငံတကာ မှော်ဆရာများ အစည်းအရုံး)

ခင်မင်ရပါသော မစ္စတာ ပေါ့တာ

သင်သည် ဟော့ဂဝပ် စုန်းအတတ်နှင့် မှော်ပညာသင် ကျောင်းတွင် တက်ရောက်ခွင့် တစ်နေရာ ရပါကြောင်း ဝမ်းမြောက်စွာ အသိ ပေးအပ်ပါသည်။ လိုအပ်သော စာအုပ်များနှင့် ပစ္စည်းများ စာရင်းကို ပူးတွဲထားသည်ကို တွေ့ရပါလိမ့်မည်။

သင်တန်းကာလသည် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ပါသည်။ သင်၏ ဇီးကွက်သည် ဇူလိုင်လ ၃၁ ရက်ထက် နောက်မကျဘဲ ရောက်လာမည်ဟု ကျွန်ုပ်တို့ မျှော်လင့် စောင့်စားနေပါသည်။

သစ္စာရှိစွာဖြင့်။

မီနာဗွား၊မက်ဂေါ်နဂေါ
ဒုတိယ ကျောင်းအုပ်။

ဟာရီ၏ ဦးခေါင်းထဲတွင် မီးရှူးမီးပန်းများ ဖောက်သလို မေးခွန်းများသည် ပေါက်ကွဲနေသည်။ သို့တိုင်အောင် ဘယ်မေးခွန်းကို အရင်ဆုံး မေးရမည်ကို သူ မဆုံးဖြတ်နိုင်ချေ။ မိနစ် အနည်းငယ် အကြာတွင် သူက အထစ်ထစ် အငေါ့ငေါ့နှင့် 'ဒါက ဘာပြောတာလဲ၊ သူတို့က ကျွန်တော့် ဇီးကွက်ကို စောင့်နေတယ် ဆိုတာ'ဟု မေးသည်။

'အလိုလေး... အခုမှ သတိရတယ်'ဟု ဟတ်ဂရစ်က ပြောပြီး သူ့နဖူးကို လက်ဝါးဖြင့် ရိုက်သည်။ ရိုက်သည့်အား အရှိန်မှာ လှည်းဆွဲသည့် မြင်းတစ်ကောင်ကို လဲကျသွားစေနိုင်လောက်၏။ ထိုနောက် သူ့ ကုတ်အင်္ကျီ၏ နောက်ထပ် အိတ်ထဲမှ ဇီးကွက် တစ်ကောင်၊ တကယ့် အသက် ရှိပြီး အမွေးတွေ ပွထနေသည့် ဇီးကွက်၊ ငှက်မွေးကလောင်တံ အရှည် တစ်ချောင်း၊ ပုရပိုက် စာရွက်လိပ် တစ်လိပ်တို့ကို ဆွဲထုတ်လေသည်။ သူသည် လျှာကြီးကို ကိုက်၍ စာတစ်စောင် ကောက်ခြစ်သည်။ သူ့စာကို ဟာရီသည် မျက်နှာချင်းဆိုင်ကပင် ဇောက်ထိုး ကြည့်၍ ဖတ်နိုင်၏။

ခင်မင်ရပါသော မစ္စတာ ဒမ်ဗယ်လ်ဒေါ။

ဟာရီအား သူ့စာကို ပေးပြီးပါပြီ။ နက်ဖြန်ခါ ပစ္စည်းတွေ ဝယ်ဖို့ သူ့ကို ခေါ်သွားမယ်။ ရာသီဥတုကတော့ ဆိုးဝါးလှတယ်။ နေကောင်းကြမယ်လို့ မျှော်လင့်ပါတယ်။

ဟတ်ဂရစ်

ဟတ်ဂရစ်သည် စာကို လိပ်လိုက်ပြီး ဇီးကွက်အား ပေးသည်။ ဇီးကွက်က စာကို ပါးစပ်ဖြင့် ကိုက်ညှပ်ထား၏။ ဟတ်ဂရစ်သည် တံခါးပေါက်ဆီသို့ သွား၍ ဇီးကွက်ကို မုန်တိုင်းထဲ လွှတ်ထည့်လိုက်လေတော့သည်။ ထို့နောက် သူသည် ပြန်လာကာ ထိုင်ချ၏။ သူ့ အမူအရာမှာ တယ်လီဖုန်းဖြင့် စကားပြောရသလို ပုံမှန်ဖြစ်နေသည်။

ဟာရီက မိမိ၏ ပါးစပ်သည် ဟနေမိသည်ကို သိသွားကာ လျင်မြန်စွာ ပြန်ပိတ်လိုက်လေ၏။

'ငါ ပြောတာ ဘယ်ရောက်သွားပြီလဲ'ဟု ဟတ်ဂရစ်က ပြောသည်။ သို့သော် ထိုအခိုက်ဝယ် ဦးလေး ဗွာနွန်သည် ဖြူဖပ်ဖြူရော် ဖြစ်နေသေးသော်လည်း အလွန် အမျက်ထွက်သော မျက်နှာဖြင့် မီးဖို အလင်းရောင်ထဲသို့ ထွက်လာ၏။

'သူ မသွားရဘူး'ဟု သူက ပြောသည်။

ဟတ်ဂရစ်က ဝက်လို မြည်လိုက်၏။

'ခင်ဗျားလို မဟာ မတ်ဂယ်ကြီး တစ်ယောက်က သူ့ကို တားဆီးနိုင်တာကို ကြည့်ချင်လိုက်တာ'ဟု သူက ပြော၏။

'ဘာကြီး တစ်ယောက်…'ဟု စိတ်ဝင်စားသွားကာ ဟာရီက မေးသည်။

'မတ်ဂယ်'ဟု ဟတ်ဂရစ်က ပြောသည်။ 'အဲဒါက သူတို့လို မှော်မဆန်တဲ့ လူတွေကို တို့က ခေါ်တဲ့ စကားလုံးပဲ၊ ငါ တွေ့ဖူးသမျှထဲမှာ အကြီးမားဆုံးသော မတ်ဂယ် မိသားစုထဲမှာ မင်းက ကြီးပြင်းလာရတာ ကံဆိုးလို့ပဲ'

'ကျုပ်တို့ သူ့ကို လက်ခံယူလိုက်ကတည်းက အဲဒီလို အမှိုက်သရိုက်တွေမျိုး မဖြစ်စေရဘူးလို့ ကျိန်ခဲ့တယ်'ဟု ဦးလေး ဗာနွန်က ပြော၏။ 'ကျုပ်တို့ သူ့ကိုယ်ထဲက အမှိုက်သရိုက်တွေကို နင်းခြေ ထုတ်ပစ်မယ်လို့ ကျိန်ပြောခဲ့တယ်၊ အဲဒီ မှော်ဆရာ အဖြစ်ကိုပေါ့'

'ဦးလေး သိတယ် ဟုတ်လား'ဟု ဟာရီက ပြောသည်။ 'ကျွန်တော်ဟာ မှော်ဆရာ တစ်ယောက် ဖြစ်တယ် ဆိုတာ ဦးလေး သိတယ် ဟုတ်လား'

'သိသားပဲ'ဟု ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ရုတ်တရက် ထအော်သည်။ 'သိတယ်၊ ငါတို့ သိပ်သိတာပေါ့၊ နင် မဖြစ်ဘဲ နေပါ့မလား၊ ကျိန်စာမိထားတဲ့ ငါ့ ညီမဟာ သူ့ကိုယ်တိုင်က ဖြစ်နေတာပဲဟာ၊ အို သူဟာ အဲဒီလို စာမျိုးကို ရပြီး ပျောက်သွားတော့တာပဲ၊ အဲဒီ… အဲဒီကျောင်းကို သွားတက်တာလေ၊ ကျောင်းပိတ်ရက်တိုင်း အိမ်ကို ပြန်လာပြီး သူ့အိတ်ထဲမှာ ဖားဥတွေ တစ်ထွေးကြီး ပါလာတယ်၊ လက်ဖက်ရည် ပန်းကန်လုံးတွေကို ကြွက်တွေ အဖြစ် ပြောင်းပစ်တယ်၊ သူ့ကို အမှန်အတိုင်း မြင်တာ ငါတစ်ယောက်ပဲ ရှိတယ်၊ သူဟာ သဘာဝအတိုင်း မဟုတ်တော့တဲ့ လူ ဖြစ်နေပြီ၊ မေမေနှင့် ဖေဖေတို့ကတော့ လီလီဟာ ဒါမျိုး မဟုတ်ပါဘူး၊ ဟိုဟာမျိုး မဟုတ်ပါဘူးနှင့် မိသားစုထဲမှာ စုန်းမ တစ်ယောက် ရှိနေတာကိုများ ဂုဏ်ယူကြသေးတယ်'

သူသည် အသက်ကို ဝဝ ရှူဖို့ စကားကို ရပ်လိုက်၏။ ထိုနောက် ဒေါ်နှင့် မောနှင့် ဆက်လက်၍ ပြောသည်။ နှစ်ပေါင်း များစွာပင် ပြောချင်တာတွေ အောင့်ထားရပုံ ပေါက်နေ၏။

'ဒီနောက်တော့ အဲဟို ပေါ့တာကို ကျောင်းမှာ တွေ့ရော၊ သူတို့ ထွက်သွားကြပြီး လက်ထပ်လိုက်ကြလို့ နင့်ကို မွေးတယ်၊ ဒီတော့ နင်လည်း ဒီပုတ်ထဲက ဒီပဲ ဖြစ်မယ် ဆိုတာ ငါ သိပါတယ်၊ သူတို့လို ထူးဆန်းတယ်၊ သာမန်မဟုတ်ဘူး၊ ဒီနောက်တော့ နင်သဘောကျသလို ပြောရရင် သူတို့တွေ ထွက်သွားကြပြီး ပေါက်ကွဲသွားတာ၊ နောက်ဆုံး နင်ဟာ ငါတို့ဆီ ရောက်လာတယ်ပဲ'

ဟာရီသည် သွေးဆုတ်သလို ဖြူဖွေးသွားသည်။ သူ စကားပြောစရာ အသံ ထွက်လာသောအခါ ချက်ချင်းပင် 'ပေါက်ကွဲသွားတယ်… နို့ ဒေါ်ဒေါ် ပြောတော့ ကားမှောက်တာဆို'ဟု ပြော၏။

'ကားမှောက်တာ'ဟု ဟတ်ဂရစ်က ဟိန်းဟောက်ပြီး သူသည် ခုန်ထလိုက်ရကား ဒါစလီတို့သည် သူတို့၏ အိမ်ထောင့်ကလေးဆီသို့ သုတ်ခြေတင် ပြန်ပြေးသည်။ 'ကားမှောက်တာမျိုးက ဘယ်လိုလုပ်ပြီး လီလီနှင့် ပေါ့တာတို့ကို သတ်နိုင်မှာလဲ၊ ဒါဟာ စော်ကားတာ၊ အသရေဖျက်တာ၊ ကျုပ်တို့ လောကမှာ ကလေးတိုင်းက သူ့နာမည်ကို သိနေကြတဲ့ အချိန်မှာ ဟာရီ ပေါ့တာဟာ သူ့ အဖြစ်ကို သူ မသိရှာပါကလား'

'ဘာဖြစ်လို့လဲ၊ ဘာတွေ ဖြစ်ပျက်ခဲ့တာလဲ'ဟု ဟာရီက အလောတကြီး မေး၏။

ဟတ်ဂရစ်၏ မျက်နှာတွင် အမျက်ဒေါသသည် မှေးမှိန်သွား၏။ သူသည် ချက်ချင်းပင် ခပ်တည်တည် ဖြစ်သွားသည်။

www.burmeseclassic.com

'ငါ ဒါကို မမျှော်လင့်ခဲ့ဘူး'သူသည် ခပ်တိုးတိုးပင် သောကရှိနေသည့် လေသံဖြင့် ပြောသည်။ 'ငါ့ကို ဒမ်ဗယ်လ်ဒေါက မင်းကို ဖုံးထားရင် ပြဿနာတွေ ဖြစ်နိုင်တယ်လို့ ပြောတုန်းက မင်း ဘယ်လောက် မသိမှန်း ငါ မမှန်းဆနိုင်ခဲ့ဘူး၊ အား... ဟာရီ၊ ငါဟာ မင်းကို ပြောပြဖို့ လူမှန်လားတော့ ငါ မသိဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ ပြောရမှာပဲလေ၊ မင်းဟာ မသိဘဲနှင့်တော့ ဟော့ဂဝပ်ကို သွားလို့ မဖြစ်ဘူး'

သူသည် ဒါစလီ ဇနီးမောင်နှံတို့ကို မှုန်တေတေနှင့် လှမ်းကြည့်လိုက်သည်။

'ကဲလေ၊ ငါ ပြောနိုင်သလောက် ပြောတာကို မင်း သိရရင် အကောင်းဆုံးပါပဲ၊ ငါ အားလုံးကို မပြောနိုင်ဘူး ဆိုတာတော့ သတိပြုပေါ့၊ အဲဒါဟာ မဟာ ပဟေဠိကြီးပဲ၊ တချို့တလေကိုပဲ ပြောနိုင်မှာပေါ့လေ'

သူသည် ထိုင်ချလိုက်ပြီး မီးဖိုမှ မီးကို စက္ကန့် အနည်းငယ် စိုက်ကြည့်လိုက်ပြီးနောက် စကားပြောတော့၏။
'စတင်တာက... ငါ ထင်တယ် လူ တစ်ယောက်ကပေါ့၊ သူ့နာမည်ကို ငါတို့ လောကမှာ လူတိုင်း သိနေတယ်၊ ဒါပေမဲ့ မင်းက မသိဘူး ဆိုတော့ ယုံနိုင်စရာ မရှိဘူးလေ'

'ဘယ်သူလဲ'

'အယ်၊ မပြောလဲ နေလို့ရရင် သူ့နာမည်ကို မပြောချင်ဘူး၊ ဘယ်သူကမှ ပြောချင်တာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'အလိုလေး ဟာရီ၊ လူတွေဟာ ကြောက်နေကြတုန်းပဲ၊ တော်တော်တော့ ခက်တာပဲ၊ ဒီလိုလေ၊ တစ်ခါက မှော်ဆရာ တစ်ယောက် ရှိတယ်၊ သူဟာ... ဆိုးသွမ်း သွားတယ်လေ၊ အဆိုးတကာ့ အဆိုးဆုံး လူ ဖြစ်သွားတယ်၊ သူ့နာမည်က...'
သူသည် တံတွေးကို မျိုလိုက်၏။ သို့သော် ဘာစကားလုံးမှ ထွက်မလာပါ။

'စာနှင့် ချရေးပြလို့ ရမလား'ဟု ဟာရီက အကြံပြု၏။

'ဟင့်အင်း၊ ငါ စာလုံး အပေါင်းတတ်ဘူး၊ ကောင်းပြီ၊ ပြောမယ်၊ ဗော်လ်ဒီမော့' ဟတ်ဂရစ်သည် တုန်သွား၏။
'ထပ်မရွတ်နှင့်၊ ဘာပဲဖြစ်ဖြစ် အဲဒီ မှော်ဆရာဟာ ခုကဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်ကပေါ့၊ တပည့်တွေ စပြီးတော့ မွေးတော့တယ်၊ ရလည်း ရပါတယ်လေ၊ တချို့ကတော့ သူ့ကို ကြောက်လို့၊ တချို့ကတော့ သူ့ရဲ့ တန်ခိုး တစ်စိတ်လောက် ရချင်လို့ တပည့်ခံတာပေါ့လေ၊ သူကိုယ်တိုင်ကလည်း တော်တော် တန်ခိုး ရှိတာကိုး၊ မှောင်ကျတဲ့ ရက်တွေပေါ့ကွာ ဟာရီရာ၊ ဘယ်သူ့ကို ယုံရမှန်း မသိဘူး၊ ကိုယ်မသိတဲ့ မှော်ဆရာတွေ စုန်းမတွေ ဆိုရင် အရောမဝင်ရဲဘူး၊ ကြောက်စရာအဖြစ်တွေ ဖြစ်ခဲ့တယ်၊ သူက ဦးစီးတော့တာပဲ၊ အင်းလေ၊ တချို့က သူ့ကို အာခံကြသေးတယ်၊ သူက သတ်ပစ်တော့တာပဲ၊ ကြောက်စရာပါကွာ၊ ဘေးကင်းရာ နေရာတစ်ခု ကျန်တာက ဟော့ဂဝပ်ပဲ၊ ဒမ်ဗယ်လ်ဒေါဟာသာလျှင် ဘယ်သူလဲဆိုတာ မင်းသိတဲ့လူက ကြောက်တာလို့ ငါ ထင်တယ်၊ ဒီတော့ ကျောင်းကိုတော့ သူ လာမသိမ်းဘူး၊ ဒီအတိုင်း ထားလိုက်တယ်။

'အဲ မင်းရဲ့ အဖေနှင့် အမေဟာ ငါသိသမျှထဲမှာ စုန်းကောင်း၊ မှော်ဆရာကောင်းတွေပါ၊ သူတို့ခေတ်က ဆိုရင် ကျောင်းမှာ အတော်ဆုံး ယောကျ်ားလေးနှင့် မိန်းကလေးပါ၊ အရင်ကတည်းက ဘယ်သူလဲ ဆိုတာ မင်းသိတဲ့လူက

www.burmeseclassic.com

သူ့ဘက်ကို ပါအောင် ဘာ့ကြောင့် မသိမ်းသွင်းခဲ့ဘူး ဆိုတာကတော့ အသိခက် လျှို့ဝှက်ချက်ပဲ၊ ဖြစ်နိုင်တာက သူတို့ဟာ အမှောင်ပိုင်းကို သိပ်မဆက်ဆံချင်တာက ဒမ်ဗယ်လ်ဒေါနှင့် သိပ်ရင်းနှီးလို့ ဖြစ်မယ် ထင်တယ်။

'သူဟာ မင့်မိဘတွေကို ဖြားယောင်းနိုင်မယ်လို့ ထင်ချင်ထင်မယ်၊ သူတို့ကို ခပ်ကင်းကင်း ထားချင်တာလည်း ဖြစ်ချင်ဖြစ်နိုင်မယ်ပေါ့၊ လူတိုင်း သိထားတာကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်က ဟာလိုဝင်းပွဲမှာ သူဟာ မင်းတို့ တစ်တွေ နေတဲ့ ရွာကလေးကို ပေါက်ချလာတယ်၊ မင်းဟာ အခါလည်သားပဲ ရှိသေးတယ်၊ သူဟာ မင်းတို့ အိမ်ကို ရောက်လာပြီး...၊ ရောက်လာပြီးတော့...'

ဟတ်ဂရစ်သည် ရုတ်တရက် အလွန် ညစ်ပတ် ပေရေနေသော အစက်အပြောက်နှင့် လက်ကိုင်ပုဝါကို ဆွဲထုတ်ကာ မြူသတိပေး ဟွန်းသံကဲ့သို့သော အသံဖြင့် နှပ်ညှစ်သည်။

'ခွင့်လွှတ်ပါကွာ'ဟု သူက ပြော၏။ 'ဒါပေမဲ့ အတော့်ကို ဝမ်းနည်းရပါတယ်၊ သူတို့ထက် ပိုပြီး ကောင်းတဲ့လူ ရှာမတွေ့နိုင်တဲ့ မင်းမေမေနှင့် ဖေဖေတို့ကို ဘယ်လိုပဲဖြစ်ဖြစ်...

'ဘယ်သူလဲ ဆိုတာ မင်းသိတဲ့ လူက သတ်ပစ်လိုက်တယ်၊ ပြီးတော့ အဲ... အဲဒါဟာ တကယ့် ပဟေဠိ ဖြစ်ရတာက သူဟာ မင်းကိုလည်း သတ်ဖို့ ကြိုးစားခဲ့တယ်လေ၊ လက်စတုံး ရှင်းပစ်ချင်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သူဟာ အဲဒီတုန်းက လူသတ်ချင်နေတာပဲလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ ဒါပေမဲ့ သူ သတ်လို့ မရခဲ့ဘူး၊ မင့် နဖူးပေါ်က အမှတ်ကို ဘယ်လို ရခဲ့သလဲဆိုတာ ဘယ်တုန်းကမှ မစူးစမ်းမိခဲ့ဘူးလား၊ ဒါဟာ သာမန် ဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ မင့် အမေရော အဖေရော မင့် အိမ်ကိုရောပါ ထိခိုက်သွားစေနဲ့ အစွမ်းထက်လှတဲ့ မိစ္ဆာပယောဂဟာ မင့်အပေါ် ကျရောက်လာတော့ အဲဒီအမှတ် ဖြစ်ပေါ်လာတာပဲ၊ မိစ္ဆာပယောဂရဲ့ အစွမ်းဟာ မင်းကျတော့ ဘာမှ မရှိတော့ဘူး၊ အဲဒါကြောင့် မင်းဟာ ကျော်ကြားလာတာ ဖြစ်တယ် ဟာရီ၊ သူက သတ်ပါတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ ဆိုရင် ဘယ်သူမှ အသက်ရှင် မနေနိုင်ဘူး၊ မင်း တစ်ယောက်ပဲ ရှင်ကျန်ရစ်ခဲ့နိုင်တာ၊ ပြီးတော့ သူဟာ အဲဒီခေတ်က အကောင်းဆုံး စုန်းတွေနှင့် မှော်ဆရာတွေကို သတ်ခဲ့တယ်၊ မက်ကင်နွန်တို့၊ ဗုန်းတို့၊ ပရီဝက်တို့တွေလိုမျိုး စုန်းတွေ မှော်ဆရာကောင်းတွေပေါ့၊ ပြီးတော့ မင်းဟာ ကလေးပဲ ရှိသေးတယ်၊ ဒါပေမဲ့ မင်း ရှင်ကျန်ခဲ့တယ်'

အလွန်တရာ နာကျင်ဖွယ် ခံစားမှု တစ်စုံတစ်ခုသည် ဟာရီ၏ စိတ်တွင် ဖြစ်ပေါ်နေတော့သည်။ ဟတ်ဂရစ် ပြောပြသော အကြောင်း အဖြစ်အပျက် အဆုံးသတ်သို့ ရောက်သောအခါတွင် သူသည် မျက်စိကန်းသွားလောက်အောင် ဝင်းခနဲ ဖြစ်စေသော အစိမ်းရောင် အလင်းရောင်ကြီးကို ပြန်လည်၍ မြင်ယောင်လာ၏။ ရှေးက သတိရခဲ့တာတွေထက် ပို၍ ကြည်လင်ပြတ်သားသည်။ ထို့ပြင် သူ့ဘဝတွင် ပထမဆုံး အကြိမ်အဖြစ် အခြား တစ်စုံတစ်ခုကိုပါ ပြန်လည် သတိရလာ၏။ ကျယ်လောင်ပြီး အေးစက်စက်နှင့် ရက်စက်လှသော ရယ်သံကြီး ဖြစ်သည်။

ဟတ်ဂရစ်သည် သူ့ကို ဝမ်းနည်းစွာ စောင့်ကြည့် အကဲခတ်နေ၏။

'ဒမ်ဗယ်လ်ဒေါရဲ့ အမိန့်နှင့် ငါကိုယ်တိုင် ပျက်စီးနေတဲ့ အိမ်အထဲက မင်းကို သယ်ယူခဲ့တယ်၊ မင်းကို ဒီဟာတွေဆီကို လာပို့ခဲ့တယ်'

'အမှိုက်သရိုက် ဝန်ထုပ်ကြီးပေါ့'ဟု ဦးလေး ဗာနွန်က ပြောသည်။ ဟာရီသည် ခုန်မိ၏။ သူသည် ဒါစလီတို့ ထိုနေရာတွင် ရှိနေကြခြင်းကို မေ့သွားသလောက် ရှိနေ၏။ ဦးလေး ဗာနွန်သည် သူ့သတ္တိကို သူ

ပြန်ရလာပုံပေါ်သည်။ သူသည် ဟတ်ဂရစ်ကို စိန်းစိန်းကြည့်နေပြီး လက်သီးများကို ဆုပ်ထားသည်။

'ဒီမှာ နားထောင်စမ်း ကောင်လေး'ဟု သူက မာန်ဖီသည်။ 'မင်းမှာ ထူးဆန်းနေတာ ရှိတာကိုတော့ ငါ လက်ခံတယ်၊ ကောင်းကောင်း တီးပေးတာတောင် မဖျောက်နိုင်တဲ့ ထူးဆန်းတာပေါ့လေ၊ မင်းမိဘတွေနှင့် ပတ်သက်လို့တော့ သူတို့ဟာ အဲ... နာနာဘာဝ လောကနှင့် ဆက်ဆံသူတွေဆိုတာ မငြင်းနိုင်ပါဘူး၊ ငါ့ သဘောအရတော့ လောကမှာ သူတို့ မရှိတာကမှ ကောင်းပါသေးတယ်၊ သူတို့မှာ ရှိတာတွေ အတောင်းခံရတယ်၊ မှော်ဆရာလိုလို ဟာတွေနှင့် ရောတယ်၊ အဲဒီတော့ ငါ မျှော်လင့်ထားသလိုပါပဲလေ၊ သူတို့ဟာ စိတ်မချမ်းသာစရာ အဆုံးသတ်နှင့် ကြုံတွေ့ရမယ်လို့ ငါ သိနေခဲ့တယ်'

သို့သော် ထိုအခိုက်တွင် ဟတ်ဂရစ်သည် ဆိုဖာမှ ခုန်သည်။ သူ့ကုတ်အင်္ကျီအတွင်းမှ ထုရိုက်ထားသော ပန်းရောင် ထီးတစ်လက်ကို ထုတ်ယူသည်။ ထိုထီးဖြင့် ဓားသဖွယ် ဦးလေး ဗာနွန်ကို ထိုးချိန်ပြီး 'ဒါစလီ၊ ကျုပ် သတိပေးနေတယ်၊ ကျုပ် သတိပေးနေတယ်နော်၊ နောက် တစ်ခွန်း ထပ်ပြောစမ်း'ဟု ပြော၏။

မုတ်ဆိတ်နှင့် ဘီလူးကြီးက ထီးထိပ်ဖြင့် ထိုးချိန်ထားသော အန္တရာယ်နှင့် ကြုံရသောအခါ ဦးလေး ဗာနွန်၏ သတ္တိသည် ပျောက်ကွယ်သွားရပြန်လေသည်။ သူသည် နံရံတွင် ပြားနေအောင် ကပ်ရင်း ငြိမ်သွားလေသည်။

'အဲဒါ ကောင်းတာပေါ့'ဟု ဟတ်ဂရစ်က ပြောကာ အသက်ကို ပြင်းပြင်း ရှူရင်း ဆိုဖာပေါ် ပြန်၍ ထိုင်ချလိုက်ရာ ဤ အကြိမ်တွင်တော့ ကြမ်းပြင်ပေါ် ဒုတ်ဒုတ်ထိ အိကျသွားလေတော့၏။

ထိုအချိန်တွင် ဟာရီမှာ မေးစရာ မေးခွန်းတွေ ရှိနေသေးသည်။ ရာနှင့်ချီ၍ ရှိနေ၏။

'ဒါထက်... ဗော်လ်... ဟိုဟာ... ဘယ်သူလဲ ဆိုတာ သိတဲ့လူဟာ ဘာဖြစ်သွားသလဲ'

'ကောင်းလိုက်တဲ့ မေးခွန်းပဲ ဟာရီ၊ သူ ပျောက်ကွယ်သွားတယ်၊ စုံးစုံးမြုပ် ပျောက်သွားတယ်လေ၊ မင်းကို သတ်ဖို့ ကြိုးစားတဲ့ ညဟာ မင်းကို ပိုပြီး ကျော်ကြားအောင် လုပ်ပေးလိုက်တယ်၊ သူဟာ တန်ခိုးတွေ ပိုပိုပြီး ရှိလာတယ်၊ ဒါဖြင့် ဘာဖြစ်လို့ သူ ထွက်သွားရသလဲ၊ အဲဒါဟာ အဖြေ ရှာမရတဲ့ ပဟေဠိပဲ။

'တချို့က ပြောတော့ သူ သေပြီတဲ့၊ ငါ ထင်တာကတော့ပေါ့လေ၊ သူဟာ သေတယ် ဆိုရလောက်အောင် သူ့မှာ လူသား သဘာဝမှ ရှိသေးရဲ့လား မသိဘူး၊ တချို့က ပြောတော့လည်း သူဟာ ရှိနေသေးတယ်တဲ့၊ အချိန်အခါကို စောင့်ဖို့ ပုန်းနေသတဲ့၊ ဒါပေမဲ့ ငါ မယုံပါဘူး၊ သူ့ဘက် ပါသွားခဲ့တဲ့လူတွေ တို့ဘက်ကို ပြန်ရောက်လာကြတယ်၊ တချို့ဟာ ဓာတ်စီးပြီး ဘဝင်ကျ မိန်းမောသွားရာက ပြန်ထလာသလိုပဲ၊ တကယ်လို့သာ သူ ပြန်လာမယ်ဆိုရင် အဲဒီလူတွေဟာ တို့ဘက်ကို ပြန်လာမှာ မဟုတ်ဘူး။

'တို့ထဲက လူတော်တော်များများကတော့ သူဟာ တစ်နေရာရာမှာ ရှိနေသေးတယ်၊ ဒါပေမဲ့ တန်ခိုးတွေကို ဆုံးရှုံးလိုက်ရပြီ၊ ဆက်လက် လှုပ်ရှားဖို့ အင်အား ချည့်နဲ့နေပြီလို့ ထင်ကြတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဟာရီ... မင်းနှင့် ပတ်သက်တာ တစ်စုံတစ်ခုက သူ့ကို လက်စသတ်လိုက်တာ ဖြစ်မယ်၊ အဲဒီညက သူကြိုပြီး တွက်ထားတာ မဟုတ်တာ တစ်ခုခု ဖြစ်လာပုံရတယ်၊ အဲဒါဟာ ဘာလဲ ဆိုတာတော့ ငါ မသိဘူး၊ ဒါပေမဲ့ မင်းနှင့် ပတ်သက်တဲ့ တစ်စုံတစ်ခုက သူ့ကို အကျပ်တွေ့စေခဲ့တာတော့ အမှန်ပဲ'

ဟတ်ဂရစ်သည် ဟာရီကို နွေးထွေးမှုနှင့် လေးစားမှုဖြင့် တောက်ပလျက် ရှိသော မျက်လုံးများဖြင့် ကြည့်သည်။ သို့ရာတွင် ဟာရီကတော့ ကျေနပ်ပြီး ဂုဏ်ယူရမည့်အစား တော်တော် ဆိုးဝါးသော အမှားအယွင်း တစ်ခုခုမှချ ဖြစ်နေပြီဟု သူ ထင်မြင် ခံစားရသည်။ မှော်ဆရာတဲ့လား။ ဘယ်လို ဖြစ်နိုင်ပါမည်လဲ။ သူသည် ဒတ်ဒလီ၏ အထိုးအကြိတ်နှင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယား၊ ဦးလေး ဗွာနွန်တို့၏ အနိုင်ကျင့်ခံရသော ဘဝတွင် နေခဲ့ရသည်။ အကယ်၍သာ သူသည် မှော်ဆရာ ဖြစ်ခဲ့သော် သူ့ကို သူတို့တွေက ဗီရိုထဲတွင် သော့ခတ်ထားသည့် အခါတိုင်း အဘယ့်ကြောင့် သူတို့သည် ပြုပ်ထနေသော ဖားပြုပ်တွေ ဖြစ်မကုန်ကြပါသလဲ။ အကယ်၍ သူသည် ကမ္ဘာတွင် အကြီးမားဆုံး မှော်ဆရာကို အနိုင်ယူခဲ့သည် ဆိုလျှင် အဘယ်သို့လျှင် ဒတ်ဒလီက သူ့ကို ဘောလုံးကန်သလို လိုက်ကန်နေနိုင်ပါသလဲ။

'ဟတ်ဂရစ်'ဟု သူက တည်ငြိမ်စွာ ပြောသည်။ 'ဦးကြီးဟာ အမှားအယွင်း လုပ်ခဲ့မိပြီ ထင်တယ်၊ ကျွန်တော်ဟာ မှော်ဆရာ ဖြစ်နိုင်တယ်လို့ ကျွန်တော် မထင်ဘူး'

သူ အံ့ဩသွားရသည်ကား ဟတ်ဂရစ်က တခစ်ခစ် ရယ်လိုက်ခြင်း ဖြစ်၏။

'မှော်ဆရာ မဟုတ်ဘူး… ဟုတ်လား၊ မင်း သိပ်ကြောက်သွားရင် ဖြစ်ဖြစ် သိပ် ဒေါသထွက်သွားရင် ဖြစ်ဖြစ် ဘာတွေမှ ဖြစ်မလာဘူးလား'

ဟာရီသည် မီးဖိုမှ မီးကို ကြည့်နေ၏။ ဟော… သူ စဉ်းစားမိပါပြီ။ မိမိသည် စိတ်ပျက်အောင် ဖြစ်ဖြစ်၊ ဒေါသထွက်အောင် ဖြစ်ဖြစ် အခြေအနေ ဖြစ်ပေါ်လာသော် ဒေါ်ဒေါ်နှင့် ဦးလေးတို့ ရှုးရှူးရှဲရှဲ ဖြစ်ရသည့် ခပ်ဆန်းဆန်း ဖြစ်ရပ်များကို တွေးမိလာပါပြီ။ ဒတ်ဒလီတို့ ဂိုဏ်းက လိုက်လံခြင်းကို ခံရသောအခါ သူတို့ လက်လှမ်းမမီသည့် နေရာကို ရောက်နေရခြင်း၊ ရယ်ပွဲဖွဲ့စရာ ဆံပင်ကြောင့် ကျောင်းတက်ရမှာ ကြောက်သောအခါ ဆံပင်တွေ ပြန်ရှည်လာစေခြင်း၊ နောက်ဆုံး အကြိမ်က ဒတ်ဒလီက သူ့ကို ထိုးတော့ သူတောင် ဘာလုပ်မိမှန်း မသိသည့် လက်စားချေခြင်းကို လုပ်နိုင်ခဲ့သည့် မဟုတ်လား။ ဒတ်ဒလီကို စပါးကြီး မြွေကြီးနှင့် တွေ့ပေးခဲ့သည် မဟုတ်လား။

'သိပြီ မဟုတ်လား'ဟု ဟတ်ဂရစ်က ပြောသည်။ 'ဟာရီ ပေါ့တာဆိုတာ မှော်ဆရာ တစ်ယောက် မဟုတ်ဘူးတဲ့လား၊ အေး စောင့်ကြည့်စမ်း၊ မင်းဟာ ဟော့ဂဝပ်မှာ ကောင်းကောင်း ကျော်ကြားလာပါလိမ့်မယ်'

သို့ရာတွင် ဦးလေး ဗွာနွန်သည် ခံသတ်မှု မရှိဘဲနှင့်တော့ အလျှော့ ပေးမည် မဟုတ်ပါ။

'သူ မသွားရပါဘူးလို့ ကျုပ် ခင်ဗျားကို ပြောမထားဘူးလား'ဟု သူက မြည်တွန်၏။ 'သူဟာ စတုန်းဝေါ ဟိုင်း အထက်တန်းကျောင်းကို သွားရမယ်၊ နောင်မှာ ဒါအတွက် သူ ကျေးဇူးတင်လာမှာပါ၊ ဟိုစာတွေကို ကျုပ် ဖတ်ကြည့်ပြီးပြီ၊ မန္တန် စာအုပ်တွေ ဆေးကြိမ်လုံးတွေ ဆိုတဲ့ အလကားဟာတွေ သူ့အတွက် လိုသတဲ့'

'တကယ်လို့ သူကသာ သွားချင်တယ်ဆိုရင် ခင်ဗျားလို မတ်ဂယ်ကြီး တစ်ယောက်က သူ့ကို မဟန့်တားနိုင်ပါဘူး'ဟု ဟတ်ဂရစ်က ဟိန်းဟောက်သည်။ 'လီလီနှင့် ဂျိမ်းစ် ပေါ့တာတို့ရဲ့ သားကို ဟော့ဂဝပ်ကို မသွားရဘူးလို့ တားတယ်ပေါ့လေ၊ ခင်ဗျား ရူးနေပြီ၊ သူ မွေးကတည်းက သူ့နာမည် ဟိုမှာ ပေါက်နေပြီ၊ သူဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး စုန်းအတတ်နှင့် မှော်ပညာသင်ကျောင်းကို တက်ရတော့မှာ၊ အဲဒီမှာ ခုနစ်နှစ် နေလိုက်ရင် သူ့ကိုယ်သူတောင် သူ သိတော့မှာ မဟုတ်ဘူး၊ သူ့အမျိုးအစားထဲက လူငယ်တွေနှင့် သူ အပေါင်းအသင်းဖြစ်မယ်၊

အပြောင်းအလဲပေါ့၊ ပြီးတော့ သူဟာ ဟော့ဂဝပ်မှာ ရှိခဲ့သမျှ ကျောင်းအုပ်ကြီးတွေထဲမှာ အကြီးမြတ်ဆုံး ကျောင်းအုပ်ကြီးရဲ့ တပည့် ဖြစ်ရမှာ၊ ကျောင်းအုပ်ကြီးက အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါပေါ့'

'လူမိုက် ငတုံး တစ်ယောက်ယောက်က သူ့ကို မျက်လှည့်ပြတာတွေကို သင်ပေးဖို့ ကျုပ်ခွင့်မပြုနိုင်ဘူး'ဟု ဦးလေး ဗွာနွန်က အော်ကြီးဟစ်ကျယ် ပြောသည်။

သို့သော် သူ တော်တော် တရားလွန်သွားလေပြီကော။ ဟတ်ဂရစ်သည် သူ့ထီးကို ယူ၍ သူ၏ ခေါင်းပေါ်တွင် ဝှေ့ယမ်းသည်။ 'ငါ့ ရှေ့မှာ အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါကို ဘယ်တော့မှ မစော်ကားနှင့်ကွ'ဟု သူက မိုးခြိမ်းသံဖြင့် အော်ဟစ်၏။

သူသည် ထီးကို ဝှီးခနဲ ဆွဲချကာ ဒတ်ဒလီသို့ ချိန်ရွယ်လိုက်၏။ ဖျောက်အိုး ဖောက်သံလို ထွက်ပေါ်လာပြီး ခရမ်းရောင် အလင်းရောင်သည် ဝင်းခနဲ ထွက်ပေါ်လာပြီး နောက်တစ်စက္ကန့် အကြာတွင် ဒတ်ဒလီသည် လက်များကို တင်ပါးနောက်တွင် ဆုပ်ကိုင်ရင်း ထခုန်ကာ နာကျင်မှုဖြင့် အော်နေ၏။ သူတို့ဘက်သို့ နောက်ပိုင်းကို လှည့်၍ ပြလိုက်သောအခါတွင် သူ့ဘောင်းဘီထဲမှ ကွေးကောက်နေသော ဝက်မြီးသည် ဖောက်ထွက်နေသည်ကို ဟာရီ တွေ့ရလေတော့သည်။

ဦးလေး ဗွာနွန်သည် ကျယ်လောင်စွာ မြည်တမ်းလိုက်၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားနှင့် ဒတ်ဒလီတို့ကို အခြား အခန်းထဲသို့ ဆွဲခေါ်သွားရင်း ဟတ်ဂရစ်ကို အထိတ်တလန့်နှင့် နောက်ဆုံး တစ်ချက် ကြည့်ပြီး အခန်းတွင်း ဝင် တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်လေသည်။

ဟတ်ဂရစ်သည် သူ့ထီးကို ငုံ့ကြည့်ပြီး မုတ်ဆိတ်ကို သပ်၏။

ငါ စိတ်မထွက်သင့်ဘူးပေါ့'ဟု သူက နောင်တရသလို ပြောကြားသည်။ 'ဒါပေမဲ့ သိပ်မဆိုးပါဘူး၊ ငါက သူ့ကို ဝက်ဖြစ်အောင် လုပ်လိုက်တာ၊ သူက ဝက်နှင့် တူပြီးသား ဆိုတော့ များများ လုပ်စရာ မကျန်တော့ဘူးပေါ့'

သူသည် ထူထပ်သော မျက်ခုံးကြီးများ အောက်မှ ဟာရီကို စောင်းကြည့်၏။

'ဟော့ဂဝပ်က လူတွေကို မင်းက ပြန်မပြောရင် ငါက ကျေးဇူးတင်ရမှာပါ'ဟု သူက ပြောသည်။ 'တိတိကျကျ ပြောရရင် ငါဟာ အဲ... မှော်တန်ခိုးကို မသုံးရဘူးလေ၊ ဒါပေမဲ့ မင်း နောက်ကို လိုက်ဖို့ မင်းဆီကို စာတွေယူလာဖို့ ဆိုတာမျိုးလောက်မှာပဲ ငါက မှော်တန်ခိုးကို သုံးပိုင်ခွင့် ရှိတာ၊ ဒါ့ကြောင့်လည်းပဲ ငါက အဲဒီ အလုပ်တွေကို လုပ်ချင်နေတာ'

'ဘာဖြစ်လို့ ဦးကြီးက မှော်တန်ခိုးကို မသုံးရတာလဲ'ဟု ဟာရီက မေးသည်။

'အို၊ ဟိုဟာလေ၊ အရင်က ငါကိုယ်တိုင် ဟော့ဂဝပ်ကို တက်ခဲ့တာပဲ၊ ဒါပေမဲ့ အဲ အမှန်ပြောရရင် ငါ ကျောင်းထုတ်ခံရတယ်၊ တတိယနှစ်မှာပေါ့၊ သူတို့က ငါ့ ဆေးကြိမ်လုံးကို ချိုးပစ်တာတွ ဘာတွေ လုပ်တယ်လေ၊ ဒါပေမဲ့ ဒမ်ဗယ်လ်ဒေါက ငါ့ကို အစောင့်အဖြစ်နှင့် ဆက်ထားခဲ့တယ်၊ လူတော်ကြီးပါ ဒမ်ဗယ်လ်ဒေါဟာ'

'ဘာဖြစ်လို့ ကျောင်းထုတ်ခံရတာလဲ'

'ညဥ့်နက်နေပြီ၊ နက်ဖြန်မှာလည်း တို့ လုပ်စရာတွေ အများကြီး ရှိတယ်'ဟု ဟတ်ဂရစ်က ကျယ်လောင်စွာ ပြောသည်။ 'မြို့ထဲ သွားပြီး မင့် စာအုပ်တွေ ဘာတွေအတွက် လုပ်ရဦးမယ်'

သူ၏ ထူထဲသော ကုတ်အင်္ကျီနက်ကြီးကို ချွတ်၍ ဟာရီသို့ ပစ်ပေးသည်။

'အဲဒါကို ဝတ်ပြီး အိပ်လိုက်'ဟု သူက ပြော၏။ 'နည်းနည်းပါးပါး ခိုးခုလု ဖြစ်ရင်လည်း ဂရုမစိုက်နှင့်၊ အိတ်တစ်အိတ်ထဲမှာ ကြွက် နှစ်ကောင် ရှိနေသေးတယ် ထင်ပါရဲ့ကွာ'

အခန်း ငါး

ဒိုင်ယာဂွန် လမ်းကြား

နောက်နေ့ နံနက်စောစောတွင် ဟာရီ အိပ်ရာမှ နိုးလာသည်။ နေ့စင်စင် လင်းနေပါပြီဟု သူ ပြောနိုင်သည် မှန်သော်လည်း မျက်စိများကို အတင်း မှိတ်ထား၏။

'အိပ်မက် မက်တာပါ'ဟု သူ့ကိုယ်သူ အခိုင်အမာ ပြောသည်။ 'အိပ်မက်ထဲမှာ ဟတ်ဂရစ်လို့ ခေါ်တဲ့ ဘီလူးကြီး တစ်ယောက်ဟာ ရောက်လာပြီး မှော်ဆရာတွေ အတွက် ကျောင်းကို ငါ တက်ရမယ်လို့ ပြောတယ်၊ အခု ငါ့ မျက်လုံးတွေကို ပြန်ဖွင့်လိုက်ရင် ငါ့အိမ်က ဗီရိုထဲကို ပြန်ရောက်နေမှာပါ'

ကျယ်လောင်သော တံခါးခေါက်သံသည် ရုတ်တရက် ထွက်ပေါ်လာ၏။

'ဟော... ဒေါ်ဒေါ် ပဲ့ကျူးနီးယား တံခါး လာခေါက်နေပြီ' ဟာရီသည် ဤသို့ တွေးကာ စိတ်တွေ ညှိုးငယ်သွားသည်။ သို့ရာတွင် မျက်လုံးတွေကိုတော့ မဖွင့်သေးဘဲ ထား၏။ အိပ်မက်က တော်တော့်ကို ကောင်းနေသည်။

ဒေါက်... ဒေါက်... ဒေါက်။

'ကောင်းပြီ'ဟာရီက ဗလုံးဗထွေး ပြော၏။ 'ထတော့မယ်'

သူထ၍ ထိုင်လိုက်သည်တွင် ဟတ်ဂရစ်၏ ကုတ်အင်္ကျီ အလေးကြီးသည် လျှောကျသွားသည်။ တဲအိမ်သည် နေရောင်ဖြင့် ပြည့်နှက်နေ၏။ မုန်တိုင်း စဲသွားလေပြီ။ ဟတ်ဂရစ် ကိုယ်တိုင်က ပိကျနေသော ဆိုဖာပေါ်တွင် အိပ်ပျော်နေပြီး ဇီးကွက် တစ်ကောင်သည် နှုတ်သီးဖြင့် သတင်းစာကို ကိုက်ချီထားရင်းက လက်သည်းဖြင့် ပြတင်းပေါက်ကို ခေါက်နေသည်။

ဟာရီသည် အားတက်သရော မတ်တတ်ထသည်။ ပျော်လိုက်သည်မှာ ပူဖောင်း အကြီးကြီးသည် သူ့ကိုယ်ထဲတွင် ဖောင်းကားနေသလား ထင်ရ၏။ သူသည် ပြတင်းပေါက်ဆီသို့ တန်းသွားပြီး ဆောင့်တွန်း၍ ဖွင့်လိုက်သည်။ ဇီးကွက်သည် အတွင်းဘက်သို့ ထိုးဆင်းလာပြီး ဟတ်ဂရစ်ပေါ်သို့ သတင်းစာကို ပစ်ချ၏။ ဟတ်ဂရစ်ကတော့ မနိုးချေ။ ထိုအခါ ဇီးကွက်သည် ပျာလောင်ခတ်သွားပြီး ကြမ်းပေါ်သို့ ထိုးဆင်းကာ ဟတ်ဂရစ်၏ ကုတ်အင်္ကျီကြီးကို တိုက်ခိုက်တော့၏။

BURMESE CLASSIC .com

'အဲဒီလို မလုပ်နှင့်လေ'

ဟာရီက ဇီးကွက်ကို တခြားသို့ ထွက်သွားစေရန် ယပ်ပစ်ဖို့ ကြိုးစား၏။ သို့သော် ဇီးကွက်က သူ့ကို နှုတ်သီးဖြင့် တစ်ချက် လှည့်ဆိတ်ပြီး ကုတ်အင်္ကျီကြီးကို ဆက်လက်၍ သဲသဲမဲမဲ ဆိတ်ဆွနေသည်။

'ဟတ်ဂရစ်'ဟု ဟာရီက အကျယ်ကြီး အော်၏။ 'ဇီးကွက် တစ်ကောင်–'

'ပိုက်ဆံပေးလိုက်' ဟတ်ဂရစ်က ဆိုဖာထဲ ခေါင်းမြှုပ်၍ ဝက်သံဖြင့်ပြောသည်။

'ဘယ်လို...'

'သတင်းစာ လာပို့ရတဲ့ အတွက် ပိုက်ဆံ လိုချင်တာ၊ အိတ်တွေထဲမှာ ရှာကြည့်'

ဟတ်ဂရစ်၏ ကုတ်အင်္ကျီကြီးသည် အိတ်တွေချည်း သက်သက် ချုပ်ထားသလားဟု ထင်မှတ်ရသည်။ သော့တွဲတွေ၊ လောက်စာလုံးတွေ၊ ကြိုးထုံးတွေ၊ ပက်ပါမင့် သကြားလုံးများ၊ လက်ဖက်ခြောက်အိတ်များ စသည်ဖြင့် တစ်အိတ်ပြီး တစ်အိတ်တွင် တွေ့နေရာမှ နောက်ဆုံး၌ ဟာရီသည် ထူးဆန်းသော ပုံစံရှိသည့် ပိုက်ဆံပြား လက်တစ်ဆုပ်ကို ဆွဲထုတ်နိုင်ခဲ့သည်။

'သူ့ကို ငါးနတ် ပေးလိုက်'ဟု ဟတ်ဂရစ်က အိပ်ချင်မူးတူးနှင့် ပြော၏။

'နတ်... ဟုတ်လား'

'ကြေးပြားကလေးတွေကွာ'

ဟာရီသည် ကြေးပြား လေးငါးပြားကို ရေ၍ အပြီးတွင် ဇီးကွက်က သူ၏ ခြေထောက်ကို ထိုးပေး၏။ သို့ဖြင့် သူ့ခြေထောက်တွင် ချည်နှောင်ထားသော သားရေအိတ်ငယ်လေးထဲသို့ ပိုက်ဆံပြားများကို ထည့်လိုက်နိုင်တော့သည်။ ထိုအခါ ဇီးကွက်သည် ဖွင့်ထားသော ပြတင်းပေါက်မှ ပျံထွက်သွားလေ၏။

ဟတ်ဂရစ်သည် ကျယ်လောင်စွာ သမ်းဝေပြီး ထထိုင်ကာ အညောင်းဆန့်သည်။

'တို့ သွားကြရင် ကောင်းမယ် ဟာရီ၊ ဒီနေ့လုပ်ရမှာတွေက များတယ်၊ လန်ဒန်ကို သွားပြီး မင့်အတွက် ကျောင်းပစ္စည်းတွေ ဝယ်ရမယ်'

ဟာရီသည် မှော်ဆရာသုံး ပိုက်ဆံတွေကို အပြန်ပြန်အလှန်လှန် ကြည့်နေ၏။ သူသည် တစ်စုံတစ်ခုကို တွေးမိသည်တွင် သူ့ကိုယ်ထဲက ပျော်ရွှင်မှု ပူဖောင်းသည် ပေါက်သွားသလို ခံစားရသည်။

'အွန် ဟတ်ဂရစ်'

'ဟင်၊ ဘာလဲ'ဟု ဟတ်ဂရစ်က သူ၏ ဘွတ်ဖိနပ်ကြီးတွေကို စီးနေရင်း ပြော၏။

'ကျွန်တော့်မှာ ပိုက်ဆံ မရှိဘူး၊ ပြီးတော့ ညက ဦးလေး ဗွာန္ဒန်က ကျွန်တော် ကျောင်းသွားပြီး မျက်လှည့်သင်ဖို့ သူက ပိုက်ဆံ မပေးဘူးလို့ ပြောတာ ကြားတယ် မဟုတ်လား'

'အဲဒါအတွက် ပူမနေပါနှင့်'ဟု ဟတ်ဂရစ်က မတ်တတ်ထပြီး ခေါင်းကုတ်ရင်း ပြော၏။ 'မင်းမိဘတွေက မင်းအတွက် ဘာမှ မထားရစ်ခဲ့ဘူးလို့ ထင်နေသလား'

'နို့ အိမ်က အဖျက်ဆီးခံရတယ် ဆိုတော့…'

'သူတို့ရဲ့ ရွှေတွေကို အိမ်မှာ မထားပါဘူး လူလေးရယ်၊ အဲ ငါတို့ ပထမဆုံး သွားရမှာက ဂရင်းဂေါ့ပဲ၊ ဂရင်းဂေါ့ဆိုတာ စုန်းတွေ မှော်ဆရာတွေရဲ့ ဘဏ်တိုက်လေ၊ ဝက်အူချောင်း စားလိုက်၊ အဲဒါဟာ အေးနေပေမဲ့ စားလို့ကောင်းပါတယ်၊ ပြီးတော့ မင်းရဲ့ မွေးနေ့ကိတ်မုန့်ကိုလည်း ဖဲ့စားချင် စားလိုက်ဦး'

'မှော်ဆရာတွေမှာ ဘဏ်ရှိတယ်၊ ဟုတ်သလား'

'တစ်ခုတည်းပါ၊ ဂရင်းဂေါ့လေ၊ ဂေါ့ဗလင် နတ်ပုတွေ ဖွင့်ထားတာ'

'ဂေါ့ဗလင် နတ်ပုတွေ'

'အေး ဒီကောင်လေးတွေ ဆိုတော့ မင်းက လုရလွယ်မယ်လို့ ထင်မယ်၊ ငါ ပြောပြမယ်၊ ဂေါ့ဗလင်တွေကို သွားပြီး အကောက်မကြံလေနှင့် ဟာရီ၊ မင်းဟာ မင့်ပစ္စည်း ဥစ္စာတွေကို လုံလုံခြုံခြုံ ထားချင်တယ် ဆိုရင် ဂရင်းဂေါ့ဟာ ကမ္ဘာပေါ်မှာ ဘေးအကင်းဆုံး နေရာပဲပေါ့ကွာ၊ အေး၊ ဟော့ဂဝပ်က လွဲရင်ပေါ့လေ၊ အမှန်ပြောရရင် ငါဟာ ဂရင်းဂေါ့ကို သွားသွားနေရတာပဲ၊ ဒမ်ဗယ်လ်ဒေါက ခိုင်းလို့လေ၊ ဟော့ဂဝပ် လုပ်ငန်းကိစ္စတွေ အတွက်ပေါ့ကွာ' ဟတ်ဂရစ်က ဂုဏ်ယူ ဝင့်ကြွားသည့် ဟန်မျိုး ဝင်လာသည်။ 'သူဟာ အရေးကြီးတဲ့ ကိစ္စတွေ ဆိုရင် ငါ့ကို ခိုင်းတော့တာပဲ၊ မင်းကို ခေါ်ဖို့ကိစ္စ၊ ဂရင်းဂေါ့မှာ အထုတ်အသွင်း ကိစ္စတွေလိုမျိုးပေါ့၊ ငါဟာ ယုံကြည်ရတယ် ဆိုတာ သူ သိတယ်လေ၊ နားလည်တယ် မဟုတ်လား၊ ငါ ပြောတာတွေ အားလုံး နားလည်တယ် မဟုတ်လား၊ ဒါဖြင့် သွားကြစို့'

ဟာရီသည် ဟတ်ဂရစ်၏ နောက်ကလိုက်၍ ကျောက်ဆောင်ပေါ် ထွက်ခဲ့သည်။ ယခုအခါတွင် ကောင်းကင်သည် ကြည်လင်နေပြီး ပင်လယ်ပြင်သည် နေရောင်တွင် တလက်လက် ဖြစ်နေ၏။ ဦးလေး ဗွာန္ဒန် ငှားထားသော လှေကလေးသည် ရှိနေသေး၏။ လေမုန်တိုင်းဒဏ်ကြောင့် အောက်ပိုင်းတွင် ရေတွေ များစွာ ဝင်နေသည်။

'ဟိုကို ဘယ်လို သွားမလဲ'ဟု ဟာရီက နောက်ထပ် လှေတစ်စင်း ရှိလေမည်လားဟု ဘေးပတ်လည် ကြည့်ရှု ရှာဖွေရင်း မေး၏။

'ပျံသွားကြမယ်လေ'ဟု ဟတ်ဂရစ်က ပြောသည်။

'ပျံသွားကြမယ်၊ ဟုတ်လား'

'အေး၊ ဒါပေမဲ့ ဒါနှင့်ပဲ သွားကြမယ်ကွာ၊ အခု မင်းက ပါနေပြီ ဆိုတော့ မှော်တန်ခိုးကို သုံးလို့ မဖြစ်တော့ဘူး'

သူတို့သည် လှေထဲ ဆင်းလိုက်ကြ၏။ ဟာရီသည် ဟတ်ဂရစ်ကို စိုက်ကြည့်နေဆဲပင် ဖြစ်သည်။ သူ မိုးပေါ် ပျံနေပုံကို တွေးကြည့်နေမိ၏။ 'ဒါပေမဲ့ လှော်ခတ်ရမှာတော့ အရှက်သား'ဟု ဟတ်ဂရစ်က သူ လုပ်နေကျ ဘေးတိုက်ကြည့်ခြင်းဖြင့် ဟာရီကို ကြည့်ရင်း ပြောသည်။ 'ဒါကတော့ ငါ မြန်မြန်လုပ်ဖို့ လိုရင်ပေါ့လေ၊ မင်းက ဟော့ဂဝပ်ကျရင် ပြန်မပြောဘူး ဆိုမှပါ'

'ဘယ်ပြန်ပြောပါ့မလဲ'ဟု ဟာရီက မှော်တန်ခိုးကို ပို၍ ကြည့်ချင်စိတ် ထက်သန်စွာဖြင့် ပြောသည်။ ဟတ်ဂရစ်သည် ပန်းရောင်ထီးကို ဆွဲထုတ်ပြန်၏။ ထီးဖြင့် လှေနံကို နှစ်ချက် ရိုက်လိုက်သည်တွင် တစ်ရှိန်ထိုး ကမ်းဆီသို့ ထွက်သွားကြတော့သည်။

'ဂရင်းဂေါ့ကို ဘာဖြစ်လို့ လုယက်လို့ မရတာလဲ'ဟု ဟာရီက မေး၏။

'ဂါထာမန္တန်တွေ အစီအမံတွေကြောင့်ပေါ့'ဟု ဟတ်ဂရစ်က သတင်းစာကို ဖြန့်ရင်းပြောသည်။ 'လုံခြုံမှု အမြင့်ဆုံး ဘဏ္ဍာတိုက်ခန်းတွေမှာ နဂါးတွေ စောင့်တယ်လို့ လူတွေက ပြောကြတယ်၊ နောက်ပြီး ဂရင်းဂေါ့ကို ရောက်ဖို့ဆိုတာ လမ်းရှာရသေးတယ်၊ ဂရင်းဂေါ့ ဆိုတာ လန်ဒန်ရဲ့အောက် မိုင်ပေါင်းရာပေါင်း များစွာ ဝေးတယ်၊ မြေအောက် အနက်ကြီးမှာ၊ ရွှေ ငွေ ဥစ္စာတွေကို ခိုးယူ လုယက်လို့ ရခဲ့တယ်ပဲ ထားဦး၊ ပြန်တက်ဖို့ ကြိုးစားရင်း အစာငတ်ပြီး သေမှာပဲ'

သူ ပြောတာတွေကို ဟာရီက ထိုင်၍ တွေးနေ၏။ ထိုအခိုက်တွင် ဟတ်ဂရစ်သည် သူ့ သတင်းစာ ဖြစ်သော 'ပုရောဟိတ် နေ့စဉ်'ကို ဖတ်ရှုနေသည်။ သတင်းစာ ဖတ်နေခိုက်တွင် လူများသည် စကား လာပြောသည်ကို မနှစ်သက်ကြောင်းကို ဟာရီသည် ဦးလေး ဗွာနွန်ထံမှ သိရှိခဲ့ပြီ ဖြစ်၏။ သို့သော် စကား မပြောမိဖို့က တော်တော့်ကို ခက်သည်။ သူ့ဘဝတွင် ယခုလောက် မေးစရာ မေးခွန်းတွေ များတာ မကြုံခဲ့ဖူးပါ။

'မှော်ပညာ ဝန်ကြီးဌာနဟာ ခါတိုင်းလိုပဲ အကုန်လုံး ရှုပ်ကုန်အောင် လုပ်တော့တာပဲကိုး'ဟု ဟတ်ဂရစ်သည် စာမျက်နှာ လှန်ရင်း မကြားတကြားပြောသည်။

'မှော်ပညာ ဝန်ကြီး ဌာနရယ်လို့ ရှိသလား'ဟု ဟာရီသည် မိမိကိုယ် မိမိ မထိန်းနိုင်ခင် မေးမိတော့သည်။

'ရှိတာပေါ့'ဟု ဟတ်ဂရစ်က ပြန်ဖြေသည်။ 'သူတို့က ဒမ်ဗယ်လ်ဒေါကို ဝန်ကြီး လုပ်စေချင်တယ်၊ ဒါပေမဲ့ သူက ဟော့ဂဝပ်က မခွာဘူးပေါ့လေ၊ ဒါနှင့်ပဲ သက်ကြီးရွယ်အို ကော်နဲလီယပ်စ် ဖတ်ချ်က ဝန်ကြီး ဖြစ်သွားတယ်၊ ကပေါက်ကချာ သမားကြီး မဟုတ်လား၊ ဒီတော့ မနက်တိုင်း ဒမ်ဗယ်လ်ဒေါဆီကို ဇီးကွက်တွေ လွှတ်တော့တာပေါ့၊ အကြံဉာဏ် တောင်းတာလေ'

'မှော်ပညာ ဝန်ကြီးဌာနက ဘာတွေ လုပ်ရတာလဲ'

'အဲ၊ သူတို့ရဲ့ အဓိက အလုပ်ကတော့ နိုင်ငံ တစ်နံတစ်လျားမှာ စုန်းတွေနှင့် မှော်ဆရာတွေ ရှိနေသေးတယ်ဆိုတာ မတ်ဂယ်တွေ မသိအောင် လုပ်ဖို့ပဲ'

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

'ဘာဖြစ်လို့ရမှာလဲ ဟာရီ၊ လူတိုင်းဟာ သူတို့ရဲ့ ပြဿနာတွေအတွက် မှော်ပညာ ဖြေရှင်းမှုတွေကို လိုချင်နေကြတာချည်းပဲ၊ တို့ဟာ သူတို့နှင့် ကင်းကင်း နေရတာ အကောင်းဆုံးပါ'

ဤအခိုက်တွင် လေသည် ဆိပ်ကမ်းနံရံကို ညင်သာစွာ ဆောင့်သည်။ ဟတ်ဂရစ်သည် သူ့သတင်းစာကို ခေါက်သိမ်းလိုက်ကာ သူတို့သည် ကျောက်လှေကားထစ်များကို ခဲခဲယဉ်းယဉ်း တက်ခဲ့ပြီးနောက် လမ်းပေါ်သို့ ရောက်ခဲ့ကြလေ၏။

သူတို့သည် မြို့ကလေးကို ဖြတ်၍ ဘူတာရုံသို့ အသွားတွင် လမ်းသွားလမ်းလာများသည် ဟတ်ဂရစ်ကို ပြူးကြည့်ကြသည်။ ဟာရီက သူတို့ကို အပြစ်မတင်ချင်ပါ။ ဟတ်ဂရစ်သည် လူတိုင်းထက် နှစ်ဆလောက် မြင့်နေရုံမက မော်တော်ကား ရပ်ခ တောင်းသည့် မီတာတိုင်လို ရိုးရိုးပစ္စည်းများကို လက်ညှိုးကြီး တထိုးထိုးဖြင့် 'ဟာရီ တွေ့လား၊ မတ်ဂယ်တွေ စိတ်ကူးပေါက်တာတွေလေ'ဟု အကျယ်ကြီး ပြောတတ်ပေ၏။

'ဟတ်ဂရစ်'ဟု အမီလိုက်ရသောကြောင့် ပြေးရသဖြင့် အနည်းငယ် မောနေရင်းက ဟာရီက ခေါ်လိုက်သည်။ 'ဂရင်းဂေါ့မှာ နဂါးတွေ ရှိတယ်လို့ ပြောလိုက်တယ် မဟုတ်လား'

'အေး၊ သူတို့ ပြောကြတာပဲ'ဟု ဟတ်ဂရစ်က ပြော၏။ 'ငါက နဂါးကို သဘောကျ နှစ်သက်တယ်'

'နှစ်သက်တယ်၊ ဟုတ်လား'

'ငါ ကလေး ဘဝမှာ ကတည်းက တစ်ကောင်လောက် မွေးထားချင်ခဲ့တာ၊ ဟော ငါတို့ ရောက်ပြီ'

သူတို့သည် ဘူတာရုံသို့ ရောက်ခဲ့ကြလေပြီ။ ငါးမိနစ် အကြာတွင် လန်ဒန်သို့ ရထားတစ်စီး ထွက်တော့မည်။ 'မတ်ဂယ် ပိုက်ဆံတွေ'ဟု သူက ခေါ်သော ပိုက်ဆံများကို မတွက်တတ်သဖြင့် ဟတ်ဂရစ်သည် ရထား လက်မှတ်ဝယ်ရန် ဟာရီအား ငွေစက္ကူတွေကို ပေး၏။

ရထားပေါ်တွင် လူများသည် ပို၍ပင် ပြူးကြည့်ကြသည်။ ဟတ်ဂရစ်သည် ထိုင်ခုံ နှစ်ခုံကို အသုံးပြု၍ ထိုင်ကာ သဘော်စာဝါငှက်၊ အဝါရောင်ရှိသော ဆပ်ကပ်တဲလိုဟာမျိုးကို ဇာထိုးသလို ထိုးနေ၏။

'ဟာရီ၊ မင်းအတွက် စာပါခဲ့တယ် မဟုတ်လား'ဟု သူက ချုပ်ရိုးကို ရေတွက်ရင်း မေးသည်။

ဟာရီက စာရွက်ထူထူနှင့် လုပ်ထားသော စာအိတ်ကြီးကို အိတ်ထဲမှ ထုတ်၏။

'ကောင်းတယ်'ဟု ဟတ်ဂရစ်က ပြောသည်။ 'မင်းအတွက် လိုတဲ့ပစ္စည်း အားလုံးရဲ့ စာရင်း အဲဒီထဲမှာ ပါတယ်'

ဟာရီက သူ လွှန်ခဲ့သော ညက သတိမထားခဲ့မိသော ဒုတိယ စာရွက်ကို ဖြန့်လိုက်ပြီး ဖတ်ရှု၏။

ဟော့ဂဝပ် စုန်းအတတ်နှင့် မှော်ပညာသင်ကျောင်း

ဝတ်စုံ။

ပထမနှစ် ကျောင်းသားများသည် အောက်ပါတို့ကို လိုအပ်သည်။
၁။ လုပ်ငန်းသုံး ဝတ်စုံ ရိုးရိုး (အနက်ရောင်) သုံးစုံ။
၂။ နေ့ဘက်တွင် ဆောင်းရန် ထိပ်ချွန် ဦးထုပ် ရိုးရိုး (အနက်ရောင်) တစ်လုံး။
၃။ အကာအကွယ် လက်အိတ် (နဂါး အရေခွံ သို့တည်းမဟုတ် အလားတူ) တစ်စုံ။
၄။ ဆောင်းတွင်း ဝတ်ရုံ (အနက်ရောင်။ ငွေဖြင့် ပြုလုပ်ထားသော ချည်နှောင်စရာများဖြင့်) တစ်ထည်။
ကျောင်းသားများ၏ အဝတ်အစား အားလုံးတွင် အမည် ကတ်ပြားကလေးများ ပါရမည်။

စာအုပ်များ။

ကျောင်းသား အားလုံးတွင် အောက်ပါ စာအုပ် တစ်အုပ်စီ ရှိရမည်။

တန်းစီ မန္တန် စာအုပ် (အဆင့် ၁)။ ရေးသူ – မီရန်ဒါ ဂေါ့ရှော့

မှော်ပညာ သမိုင်း။ ရေးသူ– ဘာထီးလ်ဒါ ဘတ်ရှော့။

မှော်ပညာဆိုင်ရာ နောက်ခံ သဘောတရား။ ရေးသူ – အဒါးလ်ဘတ် ဝပ်ဖလင်း။

သဏ္ဍာန်ပြောင်းခြင်(နာနာရုပ်)အတွက် လက်သင်တို့၏ လမ်းညွှန်။ ရေးသူ – အဲမရစ် ဆွစ်။

မှော်ပညာဆိုင်ရာ ဆေးပင်များနှင့် မှိုများ ထစ်ထောင်။ ရေးသူ – ဖီးလီဒါ စပေါ့။

မှော်ပညာ ဆိုင်ရာ ဆေးနှင့် ဆေးရည်များ။ ရေးသူ – အာဆီးနီးယပ် ဂျစ်ဂါ။

ထူးဆန်းသော သားရဲ တိရစ္ဆာန်ကြီးများနှင့် သူတို့ကို တွေ့နိုင်သောနေရာ။ ရေးသူ – ညွှတ် စကာမန်းဒါး။

အမှောင်ပိုင်း စွမ်းအားများ။ ကိုယ်ခံ လမ်းညွှန်။ ရေးသူ – ကွင်တင် ထရင်းဘဲလ်။

အခြား တန်ဆာပလာများ။

ဆေးကြိမ်လုံး တစ်ချောင်း။

ဒယ်အိုးကြီး (ခဲ သံဖြူရော။ တန်းမီ အရွယ် ၂) တစ်လုံး။

ဖန် (သို့တည်းမဟုတ်) သလင်းဖြင့် ပြုလုပ်သော ပုလင်း တစ်စုံ။

အဝေးကြည့် မှန်ပြောင်း တစ်လက်။

ကြေးချိန်ခွင် တစ်စုံ။

ကျောင်းသားများသည် ဇီးကွက် တစ်ကောင် (သို့တည်းမဟုတ်) ကြောင် တစ်ကောင် (သို့တည်းမဟုတ်) ဖားပြုပ် တစ်ကောင်ကိုလည်း ခေါ်ဆောင်လာနိုင်ပါသည်။

ပထမနှစ် ကျောင်းသားများသည် မိမိတို့ ကိုယ်ပိုင် တံမြက်စည်းများကို ကိုင်ခွင့် မပြုကြောင်း မိဘများကို သတိပေး နှိုးဆော်အပ်ပါသည်။

'ဒါတွေ အားလုံး လန်ဒန်မှာ ဝယ်လို့ရလား' ဟု ဟာရီက ကျယ်ကျယ်ပင် စူးစမ်းသည်။

'ဘယ်သွားဝယ်ရမယ်ဆိုတာ သိရင်ပေါ့လေဟု ဟတ်ဂရစ်က ပြော၏။

ဟာရီသည် ယခင်က လန်ဒန်ကို မရောက်ဖူးပါ။ သူ ဘယ်သွားနေသည် ဆိုတာကို သိပုံရသော်လည်း ဟတ်ဂရစ်သည် လိုရာသို့ သွားရာတွင် ထုံးစံဖြစ်သော လမ်းရိုးကို မသုံးပါ။ မြေအောက်ရထား လက်မှတ် သိမ်းသည့် နေရာတွင် သူသည် ညပ်နေ၏။ သို့ဖြင့် သူက ထိုင်ခုံတွေ သိပ်သေးပြီး ရထားတွေက နှေးလွန်းကြောင်း ကျယ်လောင်စွာ ပြစ်တင် ပြောဆိုသည်။

'မတ်ဂယ်တွေဟာ မှော်ပညာ မသုံးဘဲ ဘယ်လို နေထိုင်နိုင်ကြတယ် မသိပါဘူး'ဟု ပျက်နေသော စက်လှေကားကို တက်ရင်း သူက ပြော၏။ လှေကားကို တက်ပြီးသော အခါတွင် ဆိုင်တွေ တန်းစီနေသော လူစည်ကားသည့် လမ်းတစ်လမ်းသို့ ရောက်တော့သည်။

ဟတ်ဂရစ်သည် ကြီးမားလှသည် ဖြစ်ရကား လူအုပ်ကြားကို လွယ်လွယ်ကူကူပင် ခွဲ၍ ဝင်ရောက်နိုင်၏။ ဟာရီအဖို့ လုပ်စရာ လိုသည်မှာ သူ့နောက်က ထက်ကြပ်မကွာလိုက်ရုံသာ ရှိသည်။ သူတို့သည် စာအုပ်ဆိုင်များ၊ တေးဂီတ စတိုးများ၊ ဟမ်ဘာဂါ အရောင်းဆိုင်များ၊ ရုပ်ရှင်ရုံများကို ဖြတ်ကျော်သွားကြ၏။ သို့သော် မှော်ပညာဆိုင်ရာ ဆေးကြိမ်လုံးကို ရောင်းပုံရသည့် ဆိုင်သည် ဘယ်မှာမှ မရှိချေ။ ဤဟာသည် ရိုးရိုးလမ်း ဖြစ်၍ ရိုးရိုးလူများဖြင့် ပြည့်နှက်နေ၏။ သူတို့၏ အောက်ဘက် မိုင်ပေါင်း များစွာ အနက်တွင် မှော်ဆရာတို့၏ ရွှေပုံကြီးသည် တကယ် ရှိနိုင်ပါမည်လား။ မန္တန် စာအုပ်များနှင့် တံမြက်စည်းများ ရောင်းသော ဆိုင်တွေ တကယ် ရှိပါသလား။ ဒါစလီတို့ ထွင်လုံးဖြစ်သော ပြက်လုံးကြီး တစ်ခု မဖြစ်နိုင်ပြီလော။ အကယ်၍ ဒါစလီတို့တွင် ဟာသဉာဉ် မရှိကြောင်းကို ဟာရီသာ မသိခဲ့လျှင် သူ ဒီလို ထင်မိမည် ဖြစ်၏။ သို့တိုင်အောင် ဘယ်လိုပဲဖြစ်ဖြစ် ယခုအချိန် အထိ ဟတ်ဂရစ် ပြောသမျှတို့သည် ယုံကြည်နိုင်စရာ မရှိသည့်တိုင်အောင် ဟာရီသည် သူ့ကို မယုံဘဲ မနေနိုင်ပါ။

'ဒါပဲပေါ့'ဟု ဟတ်ဂရစ်က အသွားရပ်လိုက်ပြီး ပြော၏။ 'ယိုနေသော ဒယ်အိုးကြီး၊ ဒါ နာမည်ကျော် နေရာပဲ'

ညစ်ပတ်နေဟန်တူသည့် အရက်ဆိုင်ကလေး ဖြစ်သည်။ အကယ်၍ ဟတ်ဂရစ်ကသာ မညွှန်ပြဘူးဆိုလျှင် ထိုဆိုင်ကလေး ရှိမှန်း ဟာရီ သတိပြုမိမည် မဟုတ်ပါ။ ရှေ့က ဖြတ်၍ သုတ်ခြေတင် လျှောက်သွားကြသူများသည် လှည့်တောင် မကြည့်ကြချေ။ သူတို့သည် 'ယိုနေသော ဒယ်အိုးကြီး'ကို လုံးဝ မမြင်သလိုနှင့် လမ်းတစ်ဖက်မှ စာအုပ်ဆိုင်ကြီးမှသည် အခြား တစ်ဖက်မှ ဓာတ်ပြားဆိုင်ဆီသို့ မျက်လုံးတွေကို ရွှေ့သွားကြ၏။ စင်စစ်ဆိုရသော် သူနှင့် ဟတ်ဂရစ်တို့ကသာ ဒီဆိုင်ကလေးကို မြင်ရသလို ဟာရီသည် ထူးခြားစွာ ခံစားမိသည်။ ဒါကို သူက ထုတ်မပြောနိုင်ခင်ပင် ဟတ်ဂရစ်က သူ့ကို အတွင်းသို့ ခေါ်ငင်သွားလေ၏။

ကျော်ကြားသည့် နေရာ တစ်နေရာ အတွက် ဆိုလျှင်တော့ အလွန်မှောင်ပြီး စုတ်ချာလွန်းသည်ဟု ဆိုရပေတော့မည်။ မိန်းမအိုကြီး အနည်းငယ်သာ ထောင့် တစ်ထောင့်တွင် ထိုင်၍ ရှယ်ရီအရက်ကို သောက်နေကြသည်။ သူတို့ထဲမှ

တစ်ယောက်သည် ရှည်လျားသော ဆေးတံကြီးကို သောက်နေ၏။ ဦးထုပ် အမြင့်ကြီးကို ဆောင်းထားသော လူသေးသေး တစ်ယောက်သည် အရက်ကောင်တာမှ အဘိုးအိုနှင့် စကားပြောနေသည်။ အရက်ရောင်းသူ အဘိုးအိုမှာ ထိပ်ပြောင်ကြီးနှင့် ဖြစ်၍ စေးကပ်ကပ် သစ်ကျားသီးပုံ ပေါက်နေသည်။ ဟာရီတို့ လျှောက်ဝင်သွားသောအခါတွင် စကားတွေ တစီစီ ပြောနေခြင်းသည် ရပ်တန့်သွား၏။ လူတိုင်းက ဟတ်ဂရစ်ကိုသိပုံရသည်။ သူတို့က ဟတ်ဂရစ်ကို လက်ဖေ့ယမ်း ပြ၍ ပြုံးရယ်ပြကြသည်။ အရက်ကောင်တာမှ လူသည် ဖန်ခွက် တစ်ခုကို လှမ်းယူရင်း 'ခါတိုင်းလိုပဲလား ဟတ်ဂရစ်'ဟု ပြော၏။

'သောက်လို့မဖြစ်ဘူး တွမ်၊ ကျုပ်ဟာ ဟော့ဂဝပ် ကိစ္စနှင့် လာခဲ့တာ'ဟု ဟတ်ဂရစ်က ပြောပြီး သူ၏ လက်ကြီးဖြင့် ဟာရီ၏ ပခုံးကို ခပ်ဆတ်ဆတ် ရိုက်လိုက်ရာ ဟာရီမှာ ဒူးတွေပင် ကွေးညွတ်သွားရသည်။

'ဘုရားရေ' အရက်ဘားမှ လူကြီးက ဟာရီကို သေသေချာချာ ကပ်ကြည့်ပြီး 'ဒါဟာ ဖြစ်နိုင်ပါ့မလား'ဟု ပြောသည်။

'ယိုနေသော ဒယ်အိုးကြီး' ဆိုင်တစ်ခုလုံးသည် ချက်ချင်းပင် ငြိမ်သက် တိတ်ဆိတ်သွားလေ၏။

'ဘုရားမတာပဲ' အရက်ဘားမှ အဘိုးအိုက တီးတိုးပြောသည်။ 'ဟာရီ ပေါ့တာ၊ ဘယ်လောက်များ ဂုဏ်ယူစရာ ဖြစ်ပါသလဲ'

သူသည် အရက်ကောင်တာနောက်မှ ပျာယီးပျာယာနှင့် ထွက်လာကာ ဟာရီထံ ပြေးကပ်သွားပြီး ဟာရီ၏ လက်ကို ဆွဲကိုင်စဉ် သူ့မျက်လုံးများတွင် မျက်ရည်များ ပြည့်နေသည်။

'ပြန်လာတာ ကြိုဆိုပါတယ် မစ္စတာ ပေါ့တာရယ်၊ ကြိုဆိုပါတယ်'

ဟာရီသည် ဘာပြန်ပြောရမှန်း မသိတော့ချေ။ လူတိုင်းက သူ့ကို ကြည့်နေကြသည်။ ဆေးတံကြီးနှင့် အဘွားကြီးသည် ဆေးတံ မီးငြိမ်းနေသည်ကို မသိဘဲ စွတ်၍ ဖွာရှိုက်နေ၏။ ဟတ်ဂရစ်သည် ရွှင်ပျနေသည်။

ထို့နောက် ကုလားထိုင် ရွှေ့သံတွေ တစ်ခဲနက် ပေါ်လာပြီးနောက် အခြားမဲ့တွင် 'ယိုနေသော ဒယ်အိုးကြီး'ထဲမှ လူအားလုံးသည် ဟာရီနှင့် လာရောက်၍ လက်ဆွဲနှုတ်ဆက်ကြလေတော့၏။

'ဒေါရစ် ခရောက်ဖွတ်ပါ မစ္စတာ ပေါ့တာ၊ ခုလို လာတွေ့ရလိမ့်မယ်လို့ မယုံကြည်နိုင်ခဲ့ပါဘူး'

'သိပ်ဂုဏ်ယူမိပါတယ် မစ္စတာ ပေါ့တာ၊ သိပ်ပြီး ဂုဏ်ယူမိပါတယ်'

မစ္စတာပေါ့တာနှင့် လက်ဆွဲ နှုတ်ဆက်ချင်နေတာ အမြဲတမ်းပါပဲ၊ ခုတော့ စိတ်လှုပ်ရှားရပါတယ်'

'ဝမ်းသာလိုက်တာ မစ္စတာ ပေါ့တာရယ်၊ ဘယ်လို ဝမ်းသာမှန်း မသိဘူး၊ ကျုပ်နာမည်က ဒစ်ဂဲလ်ပါ၊ ဒက်ဒလတ်စ် ဒစ်ဂဲလ်'

'ကျွန်တော် အရင်က တွေ့ဖူးပါတယ်'ဟု ဟာရီက အပြောတွင် ဒက်ဒလတ်စ် ဒစ်ဂဲလ်သည် စိတ်တုန်လှုပ်သွား၍ ဦးထုပ်အမြင့်ကြီး ကျွတ်ကျသည်။ 'တစ်ခါတုန်းက ဆိုင်တစ်ဆိုင်မှာ ကျွန်တော့်ကို ခေါင်းညွတ်ပြသွားသေးတယ်'

'သူ မှတ်မိတယ်ဗျ'ဟု ဒက်ဒလတ်စ် ဒစ်ဂဲလ်က ဘေးပတ်လည်က လူတိုင်းကို လှည့်ကြည့်ရင်း အော်ပြောသည်။ 'ကြားကြသလား၊ သူ ကျုပ်ကို မှတ်မိတယ်ဗျ'

ဟာရီက အထပ်ထပ်ပင် လက်ဆွဲ နှုတ်ဆက်ရတော့သည်။ ဒေါရစ်ခရောက်ဖွတ်က ခဏခဏ ပြန်ပြန်လာနေသည်။

ဖြူဖပ်ဖြူရော် လူငယ် တစ်ဦးသည် အလွန် တုန်လှုပ်စွာဖြင့် လူကြားထဲမှ တိုး၍ ထွက်လာသည်။ သူ့မျက်လုံး တစ်ဖက်မှာ အကြောဆွဲနေ၏။

'ပရိုဖက်ဆာ ကွစ်ရဲလ်'ဟု ဟတ်ဂရစ်က ပြောသည်။ 'ဟာရီ၊ ပရိုဖက်ဆာ ကွစ်ရဲလ်ဟာ ဟော့ဂဝပ်မှာ မင်းကို သင်မယ့် ဆရာတွေထဲက တစ်ယောက်ပဲ'

'ပေါ့... ပေါ့... ပေါ့တာ'ဟု ဟာရီ၏ လက်ကို ဖမ်းဆုပ်၍ ပရိုဖက်ဆာ ကွစ်ရဲလ်သည် ထစ်ထစ်ငေါ့ငေါ့နှင့် စကားပြောသည်။ 'မင်းနှင့် တွေ့ရတာ ဘယ်... ဘယ်လောက် ကျေ... ကျေနပ်ရတယ် ဆိုတာ မ...မပြောနိုင်... နိုင်ဘူး'

'ဘယ်လို မှော်ပညာမျိုးကို သင်ပါသလဲ ပရိုဖက်ဆာ ကွစ်ရဲလ်'

'မိတ်... မိစ္ဆာ အတတ်တွေကို ကာ... ကာကွယ်တဲ့ ပညာ'ဟု ပရိုဖက်ဆာ ကွစ်ရဲလ်က ခပ်တိုးတိုးပြောသည်။ ထိုအကြောင်းကို သူ မစဉ်းစားလို့သည့် ပုံမျိုးနှင့် ဖြစ်၏။ 'မင်း... မင်း အတွက်တော့ မ... မလိုပါဘူးနော်၊ ပေါ့... ပေါ့တာ'သူက တုန်လှုပ်စွာ ရယ်လိုက်သည်။ 'တန်ဆာ...ဆာ...ပလာ...လာ ပစ္စည်းတွေ အား...အားလုံး ရမယ် ထင်ပါတယ်၊ ငါ ကိုယ်တိုင်... တိုင် သွေးစုပ်ဖုတ်ကောင်တွေ အကြောင်း...ကြောင်း...စာ... စာအုပ်သစ်တွေကို ကျေ...ကျေအောင် လုပ်ရဦးမယ်' တွေးမိရုံဖြင့်ပင် သူသည် ကြောက်သွားသလို ရှိ၏။

သို့ရာတွင် အခြားလူများက ဟာရီကို သူတစ်ယောက်တည်း မောင်ပိုင်စီးထားဖို့ ပရိုဖက်ဆာ ကွစ်ရဲလ်အား ခွင့်မပြုပါ။ သူတို့တွေ အားလုံးဆီက လွတ်ထွက်ဖို့ရန်မှာ ဆယ်မိနစ်လောက် ကြာသည်။ နောက်ဆုံးတွင် ဟတ်ဂရစ်က သူတို့ အားလုံးထက် ကျော်အောင် ပြောရတော့၏။

'သွားရတော့မယ်၊ ဝယ်စရာတွေ အများကြီး ရှိတယ်၊ လာ... ဟာရီ'

ဒေါရစ် ခရောက်ဖွတ်ကို နောက်ဆုံး အကြိမ် အဖြစ် ဟာရီက လက်ဆွဲ နှုတ်ဆက် အပြီးတွင် ဟတ်ဂရစ်က ဦးဆောင်ကာ အရက်ဘားကို ဖြတ်၍ သေးငယ်သော နံရံကာ ခြံဝင်းထဲသို့ ထွက်ခဲ့၏။ ထို ခြံဝင်းထဲ၌ အမှိုက်ပုံးတစ်ခုနှင့် ပေါင်းမြက် အချို့က လွဲ၍ အခြား ဘာမျှ မရှိချေ။

'ငါ ပြောတယ် မဟုတ်လား၊ မင်းဟာ ကျော်ကြားပါတယ်လို့၊ မင်းနှင့် တွေ့ရတာ ပရိုဖက်ဆာ ကွစ်ရဲလ်တောင် တုန်တုန်ယင်ယင် ဖြစ်နေတယ်၊ သတိထား၊ သူဟာ ဒီလိုပဲ တုန်ယင်တတ်တယ်'

'ဒါလောက်တောင် သူဟာ စိတ်တုန်လှုပ်တတ်သလား'

'ဟုတ်တာပေါ့၊ သနားစရာကောင်းတဲ့ လူပါ၊ စိတ်ထားကတော့ တကယ်ကောင်းပါတယ်၊ စာအုပ်တွေနှင့် လေ့လာနေခဲ့တုန်းကတော့ သူဟာ ဟန်ကျနေခဲ့ပါတယ်၊ ဒါပေမဲ့ တစ်နှစ်လောက် ထွက်ပြီး ကိုယ်တိုင် အတွေ့အကြုံ

သွားယူတယ်၊ လူတွေ ပြောတာကတော့ သူဟာ ဘလက် ဖောရက်စ် တောအုပ်ထဲမှာ သွေးစုပ်ဖုတ်ကောင်တွေနှင့် တွေ့ခဲ့ပြီး စုန်းမအိုကြီး တစ်ယောက်နှင့် အချင်းများခဲ့တယ် ဆိုပဲ၊ အဲဒီကတည်းက သူဟာ အရင်ပုံမျိုး မလာတော့ဘူး၊ ကျောင်းသားတွေကို ကြောက်တယ်၊ သူသင်ရမယ့် ဘာသာရပ်တွေကို ကြောက်တယ်၊ ကဲ ငါ့ထီး ဘယ်မလဲ'

သွေးစုပ်ဖုတ်ကောင်တွေ စုန်းမအိုကြီးတွေ။ ဟာရီ၏ ဦးခေါင်းသည် ချာလည်လည်နေသည်။ ထိုအခိုက်တွင် ဟတ်ဂရစ်သည် အမှိုက်ပုံး နံရံပေါ်က အုတ်ချပ်တွေကို ရေတွက်နေ၏။

'အပေါ်ကို သုံး၊ ဘေးကို နှစ်'ဟု သူက ခပ်တိုးတိုးပြော၏။ 'ဟုတ်ပြီ၊ နောက်ဆုတ် ဟာရီ'

သူသည် နံရံကို ထီးထိပ်ဖြင့် သုံးချက် ထိုး၏။

သူထိလိုက်သော အုတ်ချပ်သည် တုန်လှုပ် လူးလွန့်သွားပြီး အလယ်တွင် အပေါက်ကလေး ပေါ်လာ၏။ အဖြည်းဖြည်း ကျယ်ကျယ်လာကာ နောက်တစ်စက္ကန့်လောက် အကြာတွင် မုခ်ပေါက် တစ်ခု ဖြစ်ပေါ်လာတော့သည်။ ဟတ်ဂရစ်ပင် ဝင်လို့ ရလောက်၏။ မုခ်ပေါက်၏ တစ်ဖက်တစ်ချက်တွင် ကျောက်ခဲ ခင်းထားသော လမ်းသည် ကွေ့ကောက်၍ မမြင်ရတော့အောင် ကွေ့ထွက်သွားတော့၏။

'ဒိုင်ယာဂွန် လမ်းကြားက ကြိုဆိုပါတယ်'ဟု ဟတ်ဂရစ်က ပြောသည်။

သူသည် ဟာရီ အံ့ဩနေသည်ကို ကြည့်၍ ပြုံး၏။ သူတို့သည် မုခ်ပေါက်ကို ဖြတ်၍ လှမ်းဝင်သွားကြ၏။ ဟာရီက သမင်လည်ပြန် လှည့်ကြည့်လိုက်သောအခါ မုခ်ပေါက်သည် ရှုံ့သွားပြီး ချက်ချင်းပင် ထုထည်ကြီးနှင့် နံရံပြန်ဖြစ်သွားသည်ကို မြင်ရလေသည်။

အနီးဆုံး ဆိုင်ရှေ့တွင် ထပ်ထားသော ဒယ်အိုးကြီးများ အပုံပေါ်သို့ နေသည် တောက်ပစွာ သာနေသည်။ ဒယ်အိုးများ – အရွယ်စုံ – ကြေးဝါ၊ ကြေးနီ၊ ခဲသံဖြူရော၊ ငွေ – အလိုအလျောက် မွှေသည် – ဖြိုချနိုင်သည် ဟူသော ဆိုင်းဘုတ်ကို အပေါ်တွင် ဆွဲထား၏။

'အဲ မင်းဟာ ဒယ်အိုးကြီး တစ်ခု လိုတယ်' ဟု ဟတ်ဂရစ်က ပြောသည်။ 'ဒါပေမဲ့ ငါတို့ ပိုက်ဆံ အရင် ထုတ်ရမယ်'

ဟာရီက မျက်လုံး ရှစ်လုံးလောက် လိုချင်လာ၏။ သူတို့လမ်းကို လျှောက်သွားရင်း အရပ်မျက်နှာ အားလုံးသို့ ဦးခေါင်းလှည့်ကာ အားလုံးကို တစ်ချိန်တည်း ကြည့်ရန် ကြိုးစားသည်။ ဆိုင်တွေ၊ ဆိုင်ရှေ့က ပစ္စည်းတွေ၊ ဈေးဝယ်နေသူတွေ အားလုံးကို တစ်ချိန်တည်း မြင်နိုင်အောင် ကြိုးစားသည်။ သူတို့ ဖြတ်လျှောက်သွားစဉ် ပရဆေးဆိုင် ရှေ့က မိန်းမ ခပ်ဝဝ တစ်ယောက်သည် ခေါင်းခါခါ လည်ခါခါဖြင့် 'နဂါး အသည်း ရမယ်၊ တစ်အောင်စကို ဆယ့်ခုနစ် ဆစ်ကဲပဲ၊ လူကြိုက်များနေတယ်နော်' ဟု အော်နေ၏။

ခပ်မှောင်မှောင် ဆိုင်တစ်ဆိုင်ဆီမှ ဇီးကွက် အော်သံ တိုးတိုး ထွက်ပေါ်လာသည်။ ဆိုင်မှ ဆိုင်းဘုတ်တွင် ဆီလော့ပ်စ် ဇီးကွက် အရောင်းဆိုင်ကြီး၊ ညိုဝါဝါ၊ အညိုရောင်၊ အဖြူရောင်၊ ဇီးကွက် အမျိုးမျိုး ရမည် ဟူ၍ ရေးထား၏။ ဟာရီနှင့် အသက်တူလောက် ရှိသည့် ကောင်ကလေး အတော်များများသည် တံမြက်စည်းများ ထည့်ထားသော မှန်တံခါးကို နှာခေါင်းဖြင့် ဖိကပ်၍ အတွင်းသို့ ကြည့်ကြ၏။ 'ကြည့်စမ်း'တစ်ယောက်က ပြောသည်ကို ဟာရီက ကြားလိုက်မိသည်။ 'တိမ်ပြာ နှစ်ထောင် အမြန်တကာ့ အမြန်ဆုံးတဲ့' ဝတ်ရုံများ ရောင်းသော ဆိုင်များ၊ အဝေးကြည့်

မှန်ပြောင်းများ ရောင်းသောဆိုင်များ၊ ဟာရီ ယခင်က မမြင်ဖူးသော ငွေထည်ပစ္စည်းများ ရောင်းသောဆိုင်များ၊ ပြတင်းပေါက်တွင် လင်းနို့ သရက်ရွက်များ၊ ငါးရှဉ့် မျက်လုံးများ ထည့်ထားသော စည်ကြီးများဖြင့် ပြည့်ကျပ်နေသော ဆိုင်များ၊ ယိုင်နေသော မန္တန် စာအုပ်ပုံကြီးများ၊ ငှက်မွေး ကလောင်တံများ၊ စာရွက်လိပ်ကြီးများ၊ ဆေးရည်ပုလင်းများ၊ လဝန်းလုံးကြီးများ။

'ဟော၊ ဂရင်းဂေါ့'ဟု ဟတ်ဂရစ်က ပြောလိုက်သည်။

အခြားသော ဆိုင်ကလေးအပေါ် မိုးနေသော နှင်းပွင့်လို ဖြူဖွေးနေသည့် အဆောက်အအုံ တစ်ခုဆီသို့ သူတို့ရောက်လာကြလေ၏။ ပြောင်လက်နေအောင် တိုက်ချွတ်ထားသော ကြေးတံခါးကြီးများ၏ ဘေးတွင် ရပ်နေသော ကြက်ချေးရောင်နှင့် ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထားသူကား...။

'ဟုတ်တယ်၊ အဲဒါ ဂေါ့ဗလင် နတ်ပုပဲ'ဟု ဟတ်ဂရစ်က တိုးတိုးပြောရင်း သူ့ဆီသို့ ဦးတည်သော ကျောက်လှေကားထစ် ဖြူဖြူများကို နင်းတက် လျှောက်သွားကြသည်။ ဂေါ့ဗလင်သည် ဟာရီထက် ဦးခေါင်း တစ်လုံးစာလောက် နိမ့်၏။ သူ့တွင် ညိုမောင်းသော အသားရောင်နှင့် ပါးနပ် လိမ္မာသော မျက်နှာ၊ အချွန်းကလေး ဖြစ်နေသော မုတ်ဆိတ်မွေးတို့ ရှိပေ၏။ ထို့ပြင် ဟာရီ သတိပြုမိသည်မှာ သူ၏ လက်ချောင်း ခြေချောင်းများသည် အလွန် ရှည်လျားပေသည်။ သူတို့ အတွင်းသို့ ဝင်သွားခိုက်တွင် သူက ဦးညွှတ်၏။ ယခုအခါတွင် သူတို့သည် ဒုတိယ တံခါးအစုံကို မျက်နှာပြုနေရပြန်သည်။ ဤတံခါးများကတော့ ငွေတံခါးများ ဖြစ်ကြ၏။ တံခါးရွက်တွင် အောက်ပါ စာများကို ထွင်းထားသည်။

ဝင်ခဲ့ပါ ဧည့်သည်ရယ်၊ ဒါပေမဲ့ လောဘရဲ့ အပြစ်စု
အဲဒါအတွက် ဘာက စောင့်နေတယ် သတိပြု
ယူတော့ယူတယ်၊ မရှိ လုပ်အားပေးမှု
အဲဒီလူတွေ အလှည့်ကျရင် ပြန်ဆပ် အစုစု
ငါတို့ရဲ့ ကြမ်းပြင်တွေ အောက်ကို ရှု
သင်တို့ဟာ မဟုတ်တဲ့ ရတနာ အထု
သတိပေးနေတယ်၊ ခိုးသူရေ သတိပြု
အဲဒီအထဲက ရတနာတွေထက် ပိုပြီး တွေ့ရမယ့် အမှု။

'ငါပြောသလိုပေါ့၊ မင်း လုယက်ဖို့ ကြံရင် ရူးသွားမယ်' ဟု ဟတ်ဂရစ်က ပြောသည်။

ငွေတံခါးကြီးများကို သူတို့ အဖြတ်လိုက်တွင် ဂေါ့ဗလင် နတ်ပုကလေးနှစ်ယောက်က ဦးညွှတ်ကြသည်။ သူတို့သည် ကြီးမားသော စကျင်ကျောက်ခန်းမကြီးထဲသို့ ရောက်သွားကြလေ၏။ ရှည်လျားသော ကောင်တာခုံကြီးနောက်မှ ခွေးခြေ ထိုင်ခုံရှည်ကြီးများပေါ်တွင် နောက်ထပ် ဂေါ့ဗလင် နတ်ပုကလေး တစ်ရာလောက်သည် လယ်ဂျာ စာအုပ်ကြီးများတွင် ရေးခြစ်နေသူက ရေးခြစ်နေ၊ ကြေးချိန်ခွင် များဖြင့် ပိုက်ဆံပြားများကို ချိန်သူက ချိန်နေ၊ ကျောက်မျက်များကို မှန်ဘီလူးဖြင့် ကြည့်သူက ကြည့်နေဖြင့် ရှိနေကြသည်။ အခန်းထဲမှ ထွက်ပေါက်များသည် မရေတွက်နိုင်လောက်အောင် များပြားသည့်တိုင်အောင် နောက်ထပ် ဂေါ့ဗလင် နတ်ပုတို့သည် လူများကို အဝင်အထွက် လမ်းပြ ကူညီပေးနေကြသည်။ ဟတ်ဂရစ်နှင့် ဟာရီတို့သည် ကောင်တာသို့ သွားလိုက်ကြ၏။

'မင်္ဂလာ နံနက်ပါ'ဟု ဟတ်ဂရစ်က အားနေသော ဂေါ့ဗလင် နတ်ပု တစ်ဦးကို နှုတ်ဆက် ဆန္ဒပြုလိုက်သည်။ 'မစ္စတာ ဟာရီ ပေါ့တာရဲ့ မီးခံ သေတ္တာထဲက ပိုက်ဆံကို ထုတ်ဖို့ ကျွန်တော်တို့ လာခဲ့ကြတာပါ'

'သူ့ သော့တံ ပါခဲ့ပါသလား ခင်ဗျာ'

'အိတ် တစ်ခုခုထဲမှာတော့ ပါလာပါတယ်လေ'ဟု ဟတ်ဂရစ်က ပြောပြီးနောက် သူ့အိတ်တွေထဲက ပစ္စည်းတွေကို ထုတ်၍ ကောင်တာပေါ်သို့ တင်ရာ မှိုတက်နေသော ခွေးစားသည့် ဘီစကွတ် လက်တစ်ဆုပ်စာသည် ဂေါ့ဗလင်၏ စာရင်းစာအုပ်ပေါ်တွင် ပြန့်ကြဲသွားသည်။ ဂေါ့ဗလင် နတ်ပုက နှာခေါင်းရှုံ့၏။ ဟာရီသည် သူတို့၏ လက်ယာဘက်က ဂေါ့ဗလင် နတ်ပုက ပတ္တမြား အပုံကြီးကို ချိန်တွယ်နေသည်ကို ကြည့်ရှုနေသည်။ ပတ္တမြားများသည် မီးခဲကြီးတွေလောက် ကြီး၏။

'ရပြီ'ဟု နောက်ဆုံးတွင် ဟတ်ဂရစ်က ပြောပြီး ရွှေသော့တံကလေးကို မြှောက်ပြသည်။

ဂေါ့ဗလင် နတ်ပုက သော့တံကို သေသေချာချာ အနီးကပ်၍ ကြည့်၏။

'နည်းလမ်းတကျ ရှိနေတဲ့ ပုံပါပဲ'

'ကျွန်တော့်ဆီမှာ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါဆီက စာတစ်စောင် ပါသေးတယ်'ဟု ဟတ်ဂရစ်က ရင်ကို ကော့ရင်း အရေးပါစွာ ပြော၏။ 'ခုနစ်ရာ တစ်ဆယ့်သုံး ငွေတိုက်ခန်းထဲက ဘာဆိုတာ သိတဲ့ဟာ အကြောင်း ပါတယ်'

ဂေါ့ဗလင် နတ်ပုသည် စာကို သေသေချာချာ ဖတ်ရှု၏။

'ကောင်းပြီလေ'ဟု သူက စာကို ဟတ်ဂရစ်သို့ ပြန်ပေးရင်း ပြောသည်။ 'ခင်ဗျားတို့ကို ငွေတိုက်ခန်း နှစ်ခုစလုံးဆီ ခေါ်သွားဖို့ တစ်ယောက်ထည့်လိုက်မယ်၊ ဟေ့ ဂရစ်ဖွတ်'

ဂရစ်ဖွတ်သည် နောက်ဂေါ့ဗလင် နတ်ပု တစ်ဦး ဖြစ်သည်။ ဟတ်ဂရစ်က ခွေးစား ဘီစကွတ်များကို သူ့အိတ်များထဲသို့ ပြန်၍ ထိုးသွတ်ပြီးသည်နှင့် တစ်ပြိုင်နက် သူနှင့် ဟာရီတို့သည် ခန်းမထဲက ထွက်သော တံခါးပေါက် တစ်ခုဆီသို့ ဂရစ်ဖွတ်နောက်မှ လိုက်သွားကြလေ၏။

'ခုနစ်ရာ တစ်ဆယ့်သုံး ငွေတိုက်ခန်းထဲက ဘာဆိုတာ သိတဲ့ဟာဆိုတာ ဘာလဲ'ဟု ဟာရီက မေးသည်။

'အဲဒါကို မပြောနိုင်ဘူး'ဟု ဟတ်ဂရစ်က ဆန်းကြယ် လျှို့ဝှက်စွာ ပြောသည်။ 'သိပ်လျှို့ဝှက်တယ်၊ ဟော့ဂဝပ် လုပ်ငန်း ကိစ္စပဲ၊ ဒမ်ဗယ်လ်ဒေါက ငါ့ကို ယုံမှတ်ထားတာ၊ မင်းကို အဲဒီအကြောင်း ပြောဖို့ထက် ငါ့အလုပ်က ပိုပြီး တန်ဖိုးရှိတယ်'

ဂရစ်ဖွတ်က သူတို့အတွက် တံခါးကို ဖွင့်ထားပေး၏။ နောက်ထပ် စကျင်ကျောက်ခန်းတွေ တွေ့ရဦးမည်ဟာ မျှော်လင့်ထားသော ဟာရီသည် အံ့အားသင့်သွားရတော့သည်။ ကျောက်တုံးဖြင့် ပြုလုပ်ထားသော စင်္ကြံ လမ်းကျဉ်းကလေးထဲသို့ သူတို့ ရောက်ရှိကြရပြီး မီးတုတ်များ ထွန်းညှိထားသည်။ မတ်စွာ အောက်သို့ နိမ့်ဆင်းသွားပြီး ကြမ်းပြင်တွင် ရထား သံလမ်းကလေးကို တွေ့ရ၏။ ဂရစ်ဖွတ်က လေတစ်ချက် ချွန်လိုက်သည်တွင်

လှည်းငယ်ကလေး တစ်ခုသည် သူတို့ဆီသို့ တရျောင်းရျောင်းနှင့် ပေါက်ချလာသည်။ သူတို့ တက်လိုက်ကြ၏။ ဟတ်ဂရစ် အဖို့တော့ ခက်ခက်ခဲခဲ ရှိသည်။ တက်ပြီးသောအခါ လှည်းသည် ထွက်သွားလေ၏။

အစတွင်တော့ သူတို့သည် ကွေ့ကောက်နေသော စင်္ကြံလမ်းများ ဝင်္ကပါထဲတွင် သွားနေကြသည်။ ဟာရီက ကြိုးစား၍ မှတ်ကြည့်၏။ ဘယ်၊ ညာ၊ ညာ၊ ဘယ်၊ အလယ် လမ်းဆုံ၊ ညာ၊ ဘယ်၊ ဆက်၍ မမှတ်နိုင်တော့ပါ။ တရျောင်းရျောင်း မြည်နေသော လှည်းကလေးသည် သူ့လမ်းသူ သိပုံရ၏။ အဘယ့်ကြောင့်ဆိုသော် ဂရစ်ဖွတ်က မောင်းနှင်နေခြင်း မဟုတ်သောကြောင့်တည်း။

အေးမြသော လေသည် သူတို့ကို တိုးဝှေ့သဖြင့် ဟာရီ၏ မျက်လုံးများသည် စပ်လာကြသည်။ သို့သော် သူက ကျယ်ကျယ် ဖွင့်ထားသည်။ တစ်ကြိမ်တွင် စင်္ကြံလမ်း အဆုံး တစ်ခုတွင် ဟုန်းခနဲ မီးတောက်လိုက်သည်ကို မြင်မိသလို ရှိ၍ နဂါးတစ်ကောင်များလားဟု ချာခနဲ လှည့်ကြည့်သည်။ သို့သော် သိပ် နောက်ကျသွားပြီ ဖြစ်၏။ သူတို့သည် ပို၍ နက်ရှိုင်းစွာ ဆင်းသွားကြပြီး မြေအောက် ရေကန်ကို ဖြတ်သန်းလျက် ရှိသော ဂူမိုးမှ တွဲလွဲ ကျနေသော ကျောက်ခက် ကျောက်ပန်းများကို လည်းကောင်း၊ ဂူ၏ ကြမ်းပြင်မှ ထိုးထိုးထောင်ထောင် ထွက်နေသော ကျောက်ခက် ကျောက်တိုင်ချွန်းများကို လည်းကောင်း မြင်ကြရသည်။

'ကျွန်တော် မသိခဲ့တာက'ဟု ဟာရီက လှည်း၏ ဆူညံသံကို လွှမ်းအောင် ဟတ်ဂရစ်ကို နာမည်ခေါ်ရင်း မေးသည်။ 'မြေပေါက် ကျောက်ခက်နှင့် အမိုးကျ ကျောက်ခက်တို့ဟာ ဘယ်လို ကွာခြားမှု ရှိသလဲ ဆိုတာကိုပဲ'

'မြေပေါက် ကျောက်ခက် ဆိုတာက မြေက ထွက်တယ်လေ'ဟု ဟတ်ဂရစ်က ပြောသည်။ 'အခုနေ မေးခွန်းတွေ မမေးစမ်းပါနှင့်၊ ငါ ဖျားချင်သလိုလို ဖြစ်နေလို့'

သူသည် တကယ်ပင် မျက်နှာ ညိုပုပ်ပုပ် ဖြစ်နေသည်။ နောက်ဆုံးတွင် စင်္ကြံနံရံမှ တံခါးပေါက် တစ်ခု ရှေ့၌ လှည်း ရပ်သွားသောအခါ ဟတ်ဂရစ်သည် လှည်းပေါ်မှ ဆင်း၍ ဒူးတွေ တုန်လျက် ရှိနေသည်ကို ပျောက်အောင် နံရံကို မှီနေရသေးသည်။

ဂရစ်ဖွတ်က တံခါးကို သော့ဖွင့်လိုက်၏။ များစွာသော အစိမ်းရောင် မီးခိုးလုံးများသည် အလိပ်လိုက် လိမ့်ထွက်လာကြ၏။ မီးခိုးတွေ ရှင်းသွားမှ ဟာရီ အသက်ရှူနိုင်တော့သည်။ အတွင်းဘက်တွင်ကား ရွှေဒင်္ဂါးတွေ တောင်လို ပုံနေ၏။ ငွေ ဒင်္ဂါးတွေ အတောင့်လိုက် ရှိသည်။ 'နတ်'ဟု ခေါ်သော ကြေးနီ ပိုက်ဆံကလေးတွေ အစုလိုက် ရှိနေ၏။

'ဒါတွေ အားလုံး မင်းဟာတွေချည်းပဲ'ဟု ဟတ်ဂရစ်က ရယ်၍ ပြောသည်။

အားလုံး ဟာရီ့ ဟာတွေ။ မယုံနိုင်စရာ ဖြစ်၏။ ဒါစလီ ဇနီးမောင်နှံက ဒါတွေကို သိပုံမရ။ အကယ်၍များ သိခဲ့လျှင် မျက်တောင် တစ်ခတ်ထက်ပင် မြန်မြန် လာယူကြမည် ဖြစ်၏။ ဟာရီကို ကျွေးမွေးရတာ ဘယ်လောက် စရိတ်ကြီးလှပါသလဲ ဟူ၍ သူတို့ အကြိမ်ပေါင်း များစွာ ညည်းညူခဲ့ကြသည်။ သို့တိုင်အောင် သူ၏ ကြွယ်ဝမှုကလေးသည် လန်ဒန်မြို့၏ အောက်ဘက် နက်ရှိုင်းသော နေရာတွင် မြုပ်လျက် ရှိနေခဲ့ချေ၏။

ဟာရီက အိတ်တစ်အိတ်ထဲသို့ ငွေ အချို့ကို ယူရာတွင် ဟတ်ဂရစ်က ကူညီ လုပ်ကိုင်ပေးသည်။

'ရွှေတွေက ဂါလီယံတွေလေ'ဟု သူက ရှင်းပြ၏။ 'ငွေ ဆစ်ကယ် ဆယ့်ခုနစ်ပြားဟာ ဂါလီယံ တစ်ပြားနှင့် ညီတယ်၊ နတ်ကြေးပြား နှစ်ဆယ့်ကိုးပြားဟာ ဆစ်ကယ် တစ်ပြားနှင့် ညီတယ်၊ လွယ်ပါတယ်ကွာ၊ ဟုတ်ပြီ၊ ဒါဆိုရင် သင်တန်း နှစ်ကြိမ်စာလောက် ရပြီ၊ ကျန်တာတွေ မင်းအတွက် စိတ်ချရအောင် ဒီမှာထားခဲ့မယ်' သူသည် ဂရစ်ဖွတ်ဘက် လှည့်လိုက်သည်။ 'ကဲ၊ ခုနစ်ရာ တစ်ဆယ့်သုံး ငွေတိုက်ခန်းကို သွားကြမယ်၊ ကျေးဇူးပြု၍ ခပ်နှေးနှေး သွားလို့ မရဘူးလား'

'နှုန်းတစ်မျိုးတည်း ရတယ်'ဟု ဂရစ်ဖွတ်ကပြောသည်။

သူတို့သည် ပို၍ နက်ရှိုင်းလာပြီး ပို၍ လျှင်မြန်လာသည်။ ထောင့်ချိုးများကို တရှောင်းရှောင်း ကွေ့ခဲ့ကြပြီးသော်လေသည် ပို၍ ပို၍ အေးမြလာ၏။ သူတို့သည် မြေအောက် လှိုဏ်မြောင် တောင်ကြားကို တရှောင်းရှောင်းနှင့် ဖြတ်ကျော်စဉ် ဟာရီက အောက်ဘက် မှော်မိုက်သော အောက်ခြေတွင် ဘာရှိသလဲ သိရန် ဘေးမှ ငုံ့ကြည့်ဖို့ ကြိုးစားသည်တွင် ဟတ်ဂရစ်က ဗလုံးဗထွေး ပြောပြီး သူ့ကို လည်ကုပ်မှ ပြန်၍ ဆွဲယူလိုက်၏။

ခုနစ်ရာ တစ်ဆယ့်သုံး ငွေတိုက်ခန်းမှာ သော့ပေါက် မရှိချေ။

'နောက်ဆုတ်ကြ'ဟု ဂရစ်ဖွတ်က အရေးပါစွာ ပြော၏။ သူ၏ ရှည်လျားသော လက်ချောင်းများဖြင့် တံခါးကို ဖြည်းညင်းစွာ ပုတ်လိုက်ရာ တံခါးရွက်သည် ပျော်ကျသွားလေတော့၏။

'ဂရင်းဂေါ့က ဂေါ့ဗလင်က လွဲလို့ တခြားလူ ဒီလို လာလုပ်ရင် တံခါးရွက်ကို ဖြတ်လို့ အထဲကို စုပ်သွင်းလိုက်ပြီး အထဲမှာ ပိတ်မိနေရော'ဟု ဂရစ်ဖွတ်က ရှင်းပြသည်။

'အထဲမှာ ပိတ်မိနေတာများ ရှိသလားလို့ ဘယ်နှခါလောက် စစ်ကြည့်သလဲ'ဟု ဟာရီက မေးသည်။

'ဆယ်နှစ်မှာ တစ်ခါ စစ်ဆေးတယ်'ဟု ဂရစ်ဖွတ်က တစ်မျိုးကြီးဖြစ်သော အပြုံးဖြင့် ပြန်ပြော၏။

အလွန်အမင်း လုံခြုံအောင် ပြုလုပ်ထားသော ဤငွေတိုက် အတွင်းဝယ် တကယ်ပင် ထူးခြားလှသော တစ်စုံတစ်ခုတော့ ရှိရမည်ဟု ဟာရီက သေချာပေါက် တွက်ထားသည်။ သို့ဖြင့် အနည်းဆုံး ပုံပြင်ဆန်သည့် ကျောက်မျက်ရတနာတွေကိုတော့ တွေ့ရတော့မှာပဲဟု မျှော်လင့်ရင်း သူသည် စိတ်ထက်သန်စွာဖြင့် ရှေ့သို့ ကိုင်းကြည့်သည်။ သို့သော် အစတွင် အခန်းသည် ဟောင်းလောင်းဟု သူ ထင်မိ၏။ ထို့နောက်မှ စက္ကူအညိုဖြင့် ပတ်ထားသော ညစ်ပတ်ပေရေနေသည့် အထုပ်ကလေး တစ်ခုကို ကြမ်းပေါ်၌ ချထားသည်ကို သတိပြုမိတော့သည်။ ဟတ်ဂရစ်က ကောက်ယူလိုက်ကာ သူ့ ကုတ်အင်္ကျီအိတ် အတွင်းနက်နက်သို့ ထိုးသွင်းလိုက်၏။ ထိုဟာသည် ဘာလဲဟု ဟာရီက သိချင်လှသည်။ သို့သော် မမေးတာက ပိုကောင်းကြောင်း သူ သဘောပေါက်ပါသည်။

'ကဲ လာ၊ ဒီအပါယ်ဘုံက လှည်းပေါ်ပြန်တက်၊ အပြန်လမ်းမှာ ငါ့ကို စကား မပြောနှင့်၊ ငါ့အတွက် ပါးစပ် ပိတ်ထားတာက အကောင်းဆုံးပဲ'ဟု ဟတ်ဂရစ်က ပြော၏။

အကြမ်းပတမ်း လှည်းစီးမှု တစ်ချီ အပြီးတွင် သူတို့သည် ဂရင်းဂေါ့၏ အပြင်ဘက် နေရောင်ထဲတွင် မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် ရပ်နေကြတော့၏။ ယခုအခါ၌ သူ့တွင် ပိုက်ဆံတွေ အိတ်ကြီး တစ်အိတ်နှင့် အပြည့်ဖြစ်ရာ ပထမဆုံး ဘယ်ထွက်ပြေးရမည်ကို ဟာရီ မသိ ဖြစ်ရချေတော့သည်။ သူ့ တစ်သက်လုံးတွင် ရခဲ့သော ပိုက်ဆံများ၊

ဒတ်ဒလီပင် ရခဲ့သော ပိုက်ဆံများ၊ ထို ပိုက်ဆံများထက် ပိုမိုသော ပိုက်ဆံများကို လက်ဝယ် ကိုင်ဆောင်ထားရပြီဆိုခြင်းကို သိဖို့အတွက် တစ်ပေါင်လျှင် ဂါလီယံ ဘယ်လောက် ရှိရမည်ကို သူသိဖို့ မလိုပါ။

'မင်းရဲ့ ဝတ်စုံ ဝယ်မှ ထင်တယ်'ဟု ဟတ်ဂရစ်က 'မာဒမ် မာလ်ကင်၏ ပွဲတိုင်းအတွက် ဝတ်ရုံများ'ဟူသော ဆိုင်းဘုတ်ဆီသို့ မေးငေါ့ပြရင်း ပြောသည်။

'ဒီမှာ ကြည့်စမ်း ဟာရီ၊ ငါ ယိုနေသော ဒယ်အိုးကြီး ထဲ သွားပြီး တစ်ခွက် တစ်ဖလား မော့ပါရစေ၊ ဂရင်းဂေါ့ လှည်းတွေဟာ မသက်သာလှဘူး'

သူ့ကို ကြည့်ရသည်မှာ နေမကောင်းဖြစ်နေသည့်ပုံ ပေါက်နေသောကြောင့် ဟာရီသည် စိတ်တုန်လှုပ်လျက်ကပင် မာဒမ် မာလ်ကင်၏ ဆိုင်ထဲသို့ တစ်ယောက်တည်း ဝင်သွားလေသည်။

မာဒမ် မာလ်ကင်သည် တစ်ကိုယ်လုံး ခရမ်းရောင်ကို ဝတ်ဆင်ထားကာ ပြုံးပြုံးရွှင်ရွှင်နှင့် ဖြစ်သော စုန်းမ ပုတိုကလေး ဖြစ်၏။ ဟာရီက အကျိုးကြောင်း ပြောပြသောအခါ သူက 'ဟော့ဂဝပ် ဝတ်စုံလား ကလေးရယ်'ဟု ပြော၏။ 'အများကြီး ရှိတာပေါ့၊ ဟိုမှာပဲ လူကလေး တစ်ယောက်ကို အခုပဲ ဆင်ကြည့်နေသေးတယ်'

ဆိုင်၏ အနောက်ခန်းတွင် ဖြူဖပ်ဖြူရော် မျက်နှာ စုတ်ချွန်းချွန်းနှင့် ကောင်ကလေး တစ်ယောက်သည် ခွေးခြေပေါ်တွင် မတ်တတ် ရပ်နေပြီး အခြားသော စုန်းမ တစ်ယောက်က ဝတ်ရုံရှည် အနက်ကြီးကို အပ်များဖြင့် တွယ်ပေးနေ၏။ မာဒမ် မာလ်ကင်က ထိုကောင်ကလေး၏ ဘေးနားက ခွေးခြေပေါ်တွင် ဟာရီကို ရပ်စေပြီး ရှည်လျားသော ဝတ်ရုံကြီးကို ခေါင်းပေါ်မှ စွပ်ချကာ အရှည် မှန်ကန်သော အနေအထားတွင် အပ်ထိုးသည်။

'ဟဲလို'ဟု ကောင်ကလေးက ပြော၏။ 'ဟော့ဂဝပ်ပဲလား'

'ဟုတ်တယ်'ဟု ဟာရီက ပြောသည်။

'ငါ့ အဖေက ဟိုဘက်ဆိုင်မှာ ငါ့အတွက် စာအုပ်တွေ ဝယ်နေပြီး အမေကတော့ လမ်းထိပ်မှာ ဆေးကြိမ်လုံးတွေ ကြည့်နေတယ်'ဟု ကောင်ကလေးက ပြောသည်။ သူ့အသံမှာ စိတ်မပါဘဲ ပြောနေသလို လေးတွဲ့တွဲ့ကြီး ဖြစ်နေ၏။ 'ဒီနောက်မှာ ငါက သူတို့ကို အပြေးပြိုင် တံမြက်စည်းတွေကို ကြည့်ဖို့ ဆွဲခေါ်ရဦးမယ်၊ ပထမနှစ်သမားတွေက ဘာဖြစ်လို့ ကိုယ်ပိုင် မလိုဘူး ဆိုတာကို ငါ နားမလည်ဘူး၊ အဖေ့ကို အတင်း အဝယ်ခိုင်းပြီး ကျောင်းထဲကို တစ်နည်းနည်း ခိုးသွင်းမယ် စိတ်ကူးတာပဲ'

ဟာရီသည် ဒတ်ဒလီကို များစွာ သွားသတိရမိတော့၏။

'မင်းမှာကော ကိုယ်ပိုင် တံမြက်စည်း ရှိပြီလား'ဟု ကောင်ကလေးက ဆက်ပြောသည်။

'ဟင့်အင်း'ဟု ဟာရီက ပြော၏။

'ကွစ်ဒစ်ချ် ကစားဖူးသလား'

'ဟင့်အင်း'ဟု ဟာရီက ပြောရင်း ကွစ်ဒစ်ချ်ဆိုသည်မှာ ဘာကို ပြောပါလိမ့်ဟု တွေးနေမိသည်။

'ငါတော့ ကစားတယ်၊ အဖေကပြောတယ်၊ ငါ့အသင်း အတွက် အရွေး မခံရရင် လူညံ့ပဲတဲ့၊ သူပြောတာ ဟုတ်တယ် ထင်တာပဲ၊ မင်းကော ဘယ်အသင်းထဲ ရောက်မလဲ၊ သိပြီလား'

'ဟင့်အင်း'ဟု ဟာရီက ပြော၏။ ထိုအချိန်တွင် ပို၍ပင် အတီးအတ နိုင်သလို ခံစားရသည်။

'အေးလေ၊ ဟိုမရောက်မချင်း ဘယ်သူမှ မသိပါဘူး၊ ငါတော့ ဆလိုင်သရင် အသင်းထဲ ရောက်မှာပါ၊ တို့မိသားစု တစ်ခုလုံး အဲဒီထဲ ပါခဲ့တာပဲ၊ ဟပ်ဖဲပတ်ထဲ ရောက်သွားရင်တော့လား၊ ငါတော့ ကျောင်းထွက်မယ်၊ မင်းကော...'

'ဟင်း'ဟု ဟာရီက သူသည် ထို့ထက် နည်းနည်းကလေး ပို၍ စိတ်ဝင်စားဖွယ် စကားတွေ ပြောရင် ကောင်းမှာပဲဟု ဆန္ဒပြုရင်းက ပြန်ပြောသည်။

'ဟေး... ဟို လူကြီးကို ကြည့်လိုက်စမ်း'ဟု ကောင်ကလေးက ရုတ်တရက် ပြော၍ အရှေ့က ပြတင်းပေါက်ဆီသို့ မေးငေါ့ပြသည်။ ထိုနေရာတွင် ဟတ်ဂရစ်သည် ဟာရီကို ပြုံးကြည့်ရင်း ရပ်နေ၏။ သူ့လက်ထဲက ကြီးမားလှသော အိုက်စကရင် နှစ်ခုကို သူ ဝင်မလာနိုင်ကြောင်း အဖြစ် ပြသည်။

'အဲဒါ ဟတ်ဂရစ်ပဲ'ဟု ဟာရီက ပြောသည်။ ကောင်ကလေး မသိတာ သူ သိခြင်းမှာ တစ်စုံတစ်ခုတော့ ရှိသည်ဟု သိရသဖြင့် ကျေနပ်မိသည်။ 'သူက ဟော့ဂဝပ်မှာ အလုပ် လုပ်တယ်'

'အို'ဟု ကောင်ကလေးက ပြောသည်။ 'သူ့ အကြောင်း ကြားဖူးတယ်၊ သူဟာ အစေခံ တစ်မျိုးဆိုပဲ၊ မဟုတ်ဘူးလား'

'သူဟာ ခြံစောင့်ကြီးပါ'ဟု ဟာရီက ပြောသည်။ ကောင်ကလေးကို တစ်စထက် တစ်စ ပို၍ မနှစ်သက်ခြင်း ဖြစ်လာ၏။

'ဟုတ်တာပေါ့၊ သူဟာ အရိုင်းအစိုင်း ဆန်တယ်လို့ ငါ ကြားဖူးတယ်၊ ကျောင်းဝင်းထဲက တဲကလေးမှာ နေပြီး မကြာခဏ အရက်မူးတယ်၊ မှော်တန်ခိုးတွေကို စမ်းသပ် ပြုလုပ်တယ်၊ နောက်တော့ သူ့အိပ်ရာ မီးစွဲလောင်တာမှာ နိဂုံးချုပ်ကရော'

'ငါကတော့ သူ သိပ်တော်တယ် ထင်တာပဲ'ဟု ဟာရီက အေးတိအေးစက် ပြောသည်။

'ဩ၊ မင်း ထင်သလား'ဟု ကောင်ကလေးက ခပ်လှောင်လှောင် လေသံဖြင့် ပြောသည်။ 'သူက ဘာဖြစ်လို့ မင်းနှင့် ပါလာတာလဲ၊ မင်း မိဘတွေက ဘယ်မှာလဲ'

'သေကုန်ကြပြီ'ဟု ဟာရီက ပြတ်ပြတ်ပင် ပြောသည်။ ဤကောင်ကလေးနှင့် စကားတွေ ရှည်ရှည်ဝေးဝေး ပြောမနေချင်တော့ပါ။

'အို ဝမ်းနည်းပါတယ်'ဟု သူက လုံးဝ ဝမ်းမနည်းသည့် လေသံဖြင့် ပြော၏။ 'သူတို့ဟာ တို့လို အမျိုးအစားတွေပဲ မဟုတ်လား'

'သူတို့ဟာ စုန်းမနှင့် မှော်ဆရာပဲ၊ မင်းက အဲဒါကို ဆိုလိုတာ ဆိုရင်ပေါ့'

'တခြား အမျိုးအစားတွေ အဝင်ခံမှာ မဟုတ်ဘူးလို့ ငါ ထင်ပါတယ်၊ တို့နှင့် မတူဘူးဆိုရင် တို့ လုပ်ပုံကိုင်ပုံတွေကို နားလည်မှာ မဟုတ်ဘူး၊ တချို့များဆိုရင် ဟော့ဂဝပ်အကြောင်းကို သိတောင် မသိဘူး၊ စာရတော့မှ သိကြတာ၊ ရှေးဟောင်း မှော်ဆရာ မိသားစုထဲမှာ ကြီးပြင်းရတာ ကောင်းတယ်၊ ဒါထက် မင်းရဲ့ မျိုးနွယ် နာမည်က ဘာလဲ'

သို့ရာတွင် ဟာရီက ပြန်ဖြေနိုင်မီ မာဒမ် မာလ်ကင်က 'ကဲ ပြီးပြီ ကလေးရေ' ဟု ဆိုလိုက်သဖြင့် ကောင်ကလေးနှင့် စကားဖြတ်စရာ အကြောင်းပေါ်လာသည်ကို ဝမ်းမနည်းဘဲ ခွေးခြေပေါ်မှ ခုန်ဆင်းလိုက်၏။

'ကောင်းပြီ ဟော့ဂဝပ်မှာ ဆုံကြဦးမယ် ထင်ပါတယ်'ဟု လေးတွဲ့တွဲ့ပြောသော ကောင်ကလေးက ဆို၏။

ဟာရီသည် ဟတ်ဂရစ်က ဝယ်လာပေးသော အိုက်စကရင်ကို စားရင်း အထူး တိတ်ဆိတ်နေ၏။ (သစ်သီး အဆန်များနှင့် ရောထားသော ချောကလက် ရပ်စဘယ်ရီ အိုက်စကရင် ဖြစ်၏။)

'ဘာတွေ ဖြစ်ခဲ့သလဲ'ဟု ဟတ်ဂရစ်က ပြော၏။

'ဘာမှ မဖြစ်ပါဘူး'ဟု ဟာရီက ညာပြောသည်။ စာရွက်များနှင့် ငှက်မွေးကလောင်တို့ကို ဝယ်ရန် သူတို့ ရပ်ကြ၏။ စာရေးနေစဉ် အရောင်ပြောင်းသော မင်အိုးကို တွေ့ရသဖြင့် ဟာရီသည် အနည်းငယ် ရွှင်လန်းသွားသည်။ ထိုဆိုင်မှ ထွက်သောအခါ သူက 'ဟတ်ဂရစ်၊ ကွစ်ဒစ်ချ် ဆိုတာ ဘာလဲ'ဟု မေးသည်။

'အလိုလေး ဟာရီရယ်၊ မင်း ဘာမှ မသိတာ ငါ မေ့ မေ့ သွားတယ်၊ ကွစ်ဒစ်ချ်ကို မသိဘဲကိုး'

'ပိုပြီး ခံစားရအောင် မလုပ်ပါနှင့်'ဟု ဟာရီက ပြောသည်။ သူက မာဒမ် မာကင်လ်၏ ဆိုင်ထဲတွင် တွေ့ခဲ့ရသော ဖြူဖပ်ဖြူရော် ကောင်ကလေး အကြောင်းကို ပြောပြ၏။

'ပြီးတော့ သူက ပြောသေးတယ်၊ မတ်ဂယ် မိသားစုတွေကို ဆွဲသွင်းမလာသင့်ဘူး ဘာဘူးနှင့်'

'မင်းက မတ်ဂယ် မိသားစုကမှ မဟုတ်တာ၊ တကယ်လို့များ မင်းဟာ ဘယ်သူ ဆိုတာ သူ သိနိုင်ရင်တော့လား...၊ သူ့မိဘတွေဟာ မှော်ဆရာ မျိုးနွယ်တွေ ဆိုရင် သူဟာ သိနိုင်လောက်တဲ့ အရွယ် ရောက်နေပါပြီလေ၊ ယိုနေသော ဒယ်အိုးကြီးထဲက သူတွေ မင်း တွေ့တယ် မဟုတ်လား၊ ဒါထက် သူက ဘယ်လောက် သိလို့လဲ၊ ငါ တွေ့ဖူးသမျှ မှော်ပညာမှာ အကောင်းဆုံး လူတွေဟာ သူတို့ရဲ့ အမျိုးတွေထဲမှာ မတ်ဂယ်တွေ တသီကြီး ရှိတာတွေပဲ၊ မင့် အမေကို ကြည့်လေ၊ သူ့အစ်မကိုလည်း ကြည့်လေ'

'ကွစ်ဒစ်ချ် ဆိုတာကတော့ ဘာတုံး'

'အဲဒါ တို့ရဲ့ အားကစားနည်း၊ မှော်ဆရာ အားကစားနည်းပေါ့၊ ဘာနှင့် တူသလဲ ဆိုရင် ဟို မတ်ဂယ်လောကက ဘောလုံး ကစားပွဲလိုပေါ့၊ လေထဲမှာ တံမြက်စည်းတံတွေ စီးပြီး ကစားရတယ်၊ ဘောလုံးက လေးလုံး၊ ကစားပွဲ ဥပဒေတွေက ရှင်းပြရ ခက်တယ်ကွ'

'နောက်ပြီး ဆလိုင်သရင်နှင့် ဟပ်ဖဲပတ် ဆိုတာက ဘာတွေလဲ'

www.burmeseclassic.com

'ကျောင်းက အသင်းတွေလေ၊ လေးသင်းရှိတယ်၊ ဟပ်ဖဲပတ်ဟာ တော်းတွေချည်း စုနေတယ်လို့ လူတိုင်းက ပြောတယ်၊ ဒါပေမဲ့...'

'ကျွန်တော်ကတော့ ဟပ်ဖဲပတ်ထဲ ရောက်မှာပါ'ဟု ဟာရီက စိတ်ညှိုးငယ်စွာနှင့် ပြော၏။

'ဆလိုင်သရင်ထဲ ရောက်တာထက် ဟပ်ဖဲပတ်ထဲ ရောက်ရတာ ပိုကောင်းပါတယ်'ဟု ဟတ်ဂရစ်က ခပ်ဖုံးဖုံး ပြောသည်။ 'ဆလိုင်သရင်ထဲ မရောက်တဲ့ စုန်းတွေ၊ မှော်ဆရာတွေထဲမှာ ဆိုးသွားတာ တစ် မရှိဘူး၊ ဘယ်သူလဲ ဆိုတာ သိတဲ့ လူဟာ ဆလိုင်သရင်ထဲကပေါ့'

'ဗော်လ်... ခွင့်လွှတ်ပါ၊ ဘယ်သူလဲ ဆိုတာ သိတဲ့ လူဟာ ဟော့ဂဝပ်ကလား'

'လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပေါ့ကွာ'ဟု ဟတ်ဂရစ်က ပြော၏။

သူတို့သည် ဟာရီ၏ ကျောင်းစာအုပ်များကို 'ဖလားဝါးရစ် အင် ဘလော့'အမည်ရှိ ဆိုင်တွင် ဝယ်ကြ၏။ ထိုဆိုင်တွင် ပလက်ဖောင်း ကျောက်ပြားလောက် အရွယ်ရှိ သားရေဖုံးနှင့် စာအုပ်များသည် လည်းကောင်း၊ စာအိတ်ခေါင်း အရွယ်ရှိ ပိုးဝတ်ဖုံးနှင့် စာအုပ်များသည် လည်းကောင်း၊ မြင်နေကျ မဟုတ်သည့် သရုပ် သင်္ကေတများ ပြည့်နှက်နေသည့် စာအုပ်များသည် လည်းကောင်း၊ အထဲတွင် ဘာမျှမပါသည့် စာအုပ် အနည်းငယ်သည် လည်းကောင်း စင်များပေါ်တွင် မျက်နှာကြက်ကို ထိအောင် စုပုံလျက် ရှိပေ၏။ ဘာကိုမျှ ဘယ်တော့မှ မဖတ်သည့် ဒတ်ဒလီ ဆိုလျှင်တောင် ထိုစာအုပ် အချို့ဆီသို့ လက်ရောက်သွားနိုင်လောက်သည်။ 'ကျိန်စာများနှင့် တန်ပြန် ကျိန်စာများ (နောက်ဆုံးပေါ် လက်စားချေနည်းများ ဖြစ်ကြသော ဆံပင်ကျွတ်စေခြင်း၊ ခြေမခိုင်ဖြစ်စေခြင်း၊ စကားမထွက်နိုင် ဖြစ်စေခြင်းမှ စ၍ အခြား မျိုးစုံဖြင့် သင့် မိတ်ဆွေများကို ပြုစားနိုင်သည်။) ရေးသူ – ပရိုဖက်ဆာ ဗွင်ဒစ်တပ်၊ ဗွီရီဒီယန်'ဟူသော ခေါင်းစီးပါ စာအုပ်ဆီမှ ဟာရီကို ဟတ်ဂရစ်သည် အတော်ပင် ဆွဲခေါ်ယူရသည်။

'ဒတ်ဒလီကို ဘယ်လို ပြုစားရမလဲ ဆိုတာ ရှာကြည့်မလို့'

'အေး၊ အဲဒီ အကြံ မဆိုးဘူးလို့ ငါ ထင်ပါတယ်၊ ဒါပေမဲ့ အထူးစပါယ်ရှယ် အခြေအနေ မဟုတ်ဘူး ဆိုရင် မတ်ဂယ်လောကမှာ မှော်တန်ခိုးကို မသုံးရဘူး'ဟု ဟတ်ဂရစ်က ပြော၏။ 'ဘယ်လိုပဲ ဖြစ်ဖြစ် မင်းဟာ အဲဒီ ကျိန်စာတွေကို လုပ်နိုင်ဦးမှာ မဟုတ်သေးဘူး၊ အဲဒီ အဆင့် ရောက်ဖို့ အတွက်က မင်းဟာ အတော်များများ ကျက်မှတ် လေ့လာရဦးမှာကွ'

ဟတ်ဂရစ်သည် ရွှေသက်သက်ဖြင့် ပြုလုပ်ထားသော ဒယ်အိုးကြီးကိုလည်း ဟာရီအား ဝယ်ခွင့်မပြုပါ ('စာရင်းထဲမှာ ခဲ၊ သံဖြူရောလို့ ဆိုထားတယ် မဟုတ်လား')။ သို့သော် သူတို့သည် ဆေးဖော်ရာတွင် ဆေးအမယ်များကို ချိန်တွယ်ရန် ချိန်ခွင် အကောင်းစားကို လည်းကောင်း၊ ကြေးဖြင့် ပြုလုပ်ထားသည့် အခေါက်ကြည့် မှန်ပြောင်းကို လည်းကောင်း ဝယ်လိုက်ကြသည်။ ထိုနောက် သူတို့သည် ပရဆေးဆိုင်သို့ သွားကြ၏။ ကြက်ဥပုပ်များနှင့် ဂေါ်ဖီထုပ်ပုပ် အနံ့အသက်များ ရောနှောနေခြင်းကြောင့် စိတ်ဆွဲဆောင်မှု ရှိသည်။ ကြမ်းပြင်ပေါ်၌ ချွဲကျိုသော အရည်များ ထည့်ထားသည့် စည်များ ရှိ၍ နံရံများပေါ်တွင် ဆေးပင် ဆေးရွက်များ၊ အမြစ်ခြောက်များ၊ အရောင် တောက်ပသော အမှုန့်များ ထည့်ထားသော ဖန်ဘူးများ တန်းစီနေသည်။ ငှက်မွေးအစည်းများ၊ ကြိုးဖြင့် သီထားသော အစွယ်များ၊ မာန်ဝင်နေသော တိရစ္ဆာန်လက်သည်းများသည် မျက်နှာကြက်ဆီမှ တွဲလွဲကျနေကြ၏။ ဟတ်ဂရစ်သည် ကောင်တာနောက်မှ လူအား ဟာရီအတွက် လိုအပ်သော အခြေခံ ဆေးအမယ်အချို့ကို မေးမြန်းနေစဉ် ဟာရီ ကိုယ်တိုင်က တစ်ခုလျှင် နှစ်ဆယ့်တစ် ဂါလီယံတန်သည့် ငွေဖြင့် ပြုလုပ်သော ယူနီကောင်း ဦးချိုများနှင့်

သေးသေးကလေးနှင့် တောက်ပြောင်သော ချေးထိုးပိုး အနက်၏ မျက်လုံးများ (တစ်ကော်လျှင် ငါးနတ်) ကို သေသေချာချာ ကြည့်ရှုနေ၏။

ပရဆေးဆိုင် ရှေ့တွင် ဟတ်ဂရစ်သည် ဟာရီ၏ စာရင်းကို ပြန်၍ တိုက်စစ်ပြန်လေသည်။

'ဆေးကြိမ်လုံးပဲ ကျန်တော့တယ်၊ အို… အေး၊ ငါ မင်း အတွက် မွေးနေ့ လက်ဆောင် မပေးရသေးဘူး'

ဟာရီသည် မျက်နှာနီမြန်းသွားသည်။

'ပေးရမယ် မဟုတ်ပါဘူး'

'အေးပါ၊ ငါ့အနေနှင့် မပေး မနေရတော့ မဟုတ်ဘူး ဆိုတာ ငါ သိပါတယ်၊ ဒီမှာ ငါပြောမယ်၊ ငါ မင်းကို တိရစ္ဆာန် တစ်ကောင် ဝယ်ပေးမယ်၊ ဖားပြုပ်ကို မဝယ်ဘူး၊ ဖားပြုပ်တွေ ခေတ်မစားတော့တာ နှစ်ပေါင်းကြာလှပြီ၊ မင်း့ အချစ်တော်ဟာ ဖားပြုပ်ကြီး ဆိုရင် လူတွေ မင်းကို ဝိုင်းရယ်ကြလိမ့်မယ်၊ ကြောင် ဆိုပြန်ရင်လည်း ငါ မကြိုက်ဘူး၊ ကြောင်ကို မြင်ရင် ငါ ချေချင်တယ်၊ ငါ မင်းကို ဇီးကွက် တစ်ကောင် ပေးမယ်၊ ကောင်ကလေးတိုင်း ဇီးကွက်ကို လိုချင်ကြတာချည်းပဲ၊ ဒီကောင်တွေက သိပ်အသုံးကျတာ၊ မင်းအတွက် စာတွေ ဘာတွေကို သယ်ပေးတယ်လေ'

နောက် မိနစ်နှစ်ဆယ် ကြာသောအခါ သူတို့သည် တောင်ပံတွေ တဖျပ်ဖျပ် ခတ်သံတွေ၊ ကျောက်မျက်တွေလို တဖိတ်ဖိတ် တလက်လက် ဖြစ်နေသော မျက်လုံးတွေဖြင့် ပြည့်နှက်နေသော မှောင်နှင့်မည်းမည်း ဖြစ်သည့် 'အီလော့ပ်စ် ဇီးကွက် အရောင်းဆိုင်ကြီး'ထဲမှ ထွက်ခဲ့ကြတော့သည်။ ယခုအချိန်တွင် ဟာရီသည် လုပသော နှင်းလို ဖြူဆွတ်သည့် ဇီးကွက် တစ်ကောင် ပါသည့် လှောင်ချိုင့်ကြီးကို သယ်ယူလာပြီ ဖြစ်၏။ ဇီးကွက်သည် အတောင်ပံကြားတွင် ခေါင်းစိုက်၍ အိပ်မောကျနေ၏။ ဟာရီသည် ကျေးဇူးတင်စကားကို ပရိုဖက်ဆာ ကွစ်ရဲလ်ကဲ့သို့ ထစ်ထစ်ငေါ့ငေါ့နှင့် ပြောမဆုံးအောင် ရှိတော့သည်။

'ကျေးဇူးတင်စကားတွေ ပြောမနေပါနှင့်လေ'ဟု ဟတ်ဂရစ်က ခပ်ကြမ်းကြမ်းပင် ပြောသည်။ 'ဒါစလီတို့ဆီက လက်ဆောင်တွေ တစ်ပုံကြီး ရမယ်လို့ မင်း မမျှော်လင့်နှင့်၊ ကဲ အော်လီဗန်းဒါးစ်ပဲ ကျန်တော့တယ်၊ ဆေးကြိမ်လုံးတွေ အတွက် တစ်ခုတည်းသော ဆိုင်ပဲ၊ အော်လီဗန်းဒါးစ်၊ ဒါပေမဲ့ အကောင်းဆုံး ဆေးကြိမ်လုံးကို မင်း ရမယ်'

ဆေးကြိမ်လုံး… ဤဟာသည် ဟာရီက မျှော်တလင့်လင့် ဖြစ်နေသော အရာဝတ္ထုပင်တည်း။

ဤနောက်ဆုံးဆိုင်သည် ကျဉ်းမြောင်း၍ စုတ်ချာသည်။ တံခါးရွက်ပေါ်မှ မေးမှိန်သော ရွှေရောင်စာလုံးများက 'အော်လီဗန်းဒါးစ်–ဘီစီ ၃၈၂ ကတည်းက ဆေးကြိမ်လုံးကောင်းများကို ပြုလုပ်သူများ' ဟူ၍ ဖော်ပြနေသည်။ တစ်ချောင်းသော ဆေးကြိမ်လုံးသည် အရောင် မှိန်ပြယ်နေသော ခရမ်းရောင် ကူရှင်ပေါ်၌ ရှိနေသည်ကို ဖုန်တက်နေသော ပြတင်းပေါက် ပြခန်းတွင် မြင်တွေ့ရ၏။

သူတို့ အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်တွင် ခေါင်းလောင်းမြည်သံသည် ဆိုင်၏ ဝေးလံသော အတွင်းဘက် တစ်နေရာမှ ထွက်ပေါ်လာ၏။ နေရာမှာ သေးငယ်၍ မြင့်မား ကျဉ်းမြောင်းသော ကုလားထိုင် တစ်လုံးမှ လွဲ၍

ဟောင်းလောင်း ဖြစ်သည်။ ထို ကုလားထိုင်ပေါ်တွင် ဟတ်ဂရစ်က ထိုင်၍ စောင့်၏။ ဟာရီက အလွန် စည်းကမ်းတင်းကျပ်သည့် စာကြည့်တိုက်ထဲ ဝင်ရောက်ရသလို ထူးဆန်းစွာ ခံစားမိသည်။ စိတ်ကူးပေါက်လာသော မေးခွန်းသစ်ပေါင်း များစွာကို မျိုသိပ်ပြီး မေးမနေတော့ဘဲ မျက်နှာကြက် ထိအောင် သပ်သပ်ရပ်ရပ် ထပ်ထားသည့် ထောင်ပေါင်းများစွာသော ဘူးကျဉ်းများစွာကို ကြည့်နေလိုက်သည်။ အကြောင်း တစ်ခုခုကြောင့် သူ့လည်ကုပ်သည် စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။ ဤနေရာထဲမှ ဖုန်နှင့် တိတ်ဆိတ်မှုတို့က လျှို့ဝှက်သော မှော်တန်ခိုးဖြင့် ကလိသကဲ့သို့ ရှိ၏။

'မင်္ဂလာရှိသော နေ့လယ်ခင်းပါ'ဟူ၍ ညင်သာသော အသံ တစ်ခု ထွက်ပေါ်လာ၏။ ဟာရီက ခုန်လိုက်မိသည်။ ဟတ်ဂရစ်သည်လည်း ထခုန်လိုက်သည် ဖြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ကျယ်လောင်သော တကျွတ်ကျွတ် အသံ ထွက်ပေါ်လာပြီး သူသည် ကျဉ်းမြောင်းသော ခုံမြင့်ပေါ်က လျင်မြန်စွာ ထပြီးသား ဖြစ်နေသောကြောင့်တည်း။

အဘိုးအို တစ်ယောက်သည် သူတို့ရှေ့တွင် ရပ်နေသည်။ သူ၏ ကျယ်ဝန်း ဖျော့တော့သော မျက်လုံးများသည် ဆိုင်တွင်းမှ အမှောင်ထဲတွင် လများကဲ့သို့ ထွန်းလင်းနေကြ၏။

'ဟဲလို'ဟု ဟာရီက ကိုးရိုးကားရားနှင့် ပြောလိုက်၏။

'သြော်... အေး'ဟု လူကြီးက ပြောသည်။ 'အေး၊ ဟုတ်ပြီ၊ မင်းကို တွေ့ရတော့မယ်လို့ ငါ ထင်ခဲ့သားပဲ ဟာရီပေါ့တာ' ဤစကားသည် မေးခွန်းမဟုတ်ပါ။ 'မင့် မျက်လုံးတွေက မင်းအမေ မျက်လုံးတွေ အတိုင်းပဲ၊ မနေ့ကပဲ သူကိုယ်တိုင် ဒီကိုလာပြီး သူ့အတွက် ပထမဆုံး ဆေးကြိမ်လုံးကို ဝယ်သွားသလား မှတ်ရတယ်၊ တစ်ဆယ်နှင့် လေးပိုင်းတစ်ပိုင်း လက်မ ရှည်ပြီး တရွှီးရွှီးနှင့် နေတဲ့ မိုးမခသား ဆေးကြိမ်လုံးပဲ၊ မှော်လုပ်ငန်း အတွက် ဆေးကြိမ်လုံးကောင်းလေ'

မစ္စတာ အော်လီဗန်းဒါးစ်သည် ဟာရီ၏ အနားသို့ ပို၍ ကပ်လာ၏။ ဟာရီက မျက်တောင်ခတ်မိရင် ကောင်းမှာပဲဟု ခံစားမိ၏။ ထိုငွေရောင် မျက်လုံးများက ကျောစိမ့်စရာ ကောင်းလှသည်။

'မင်းအဖေကတော့ မိုးမခ မဟုတ်ဘူး၊ မဟော်ဂနီ ဆေးကြိမ်လုံးမှတဲ့ကွ၊ ဆယ့်တစ်လက်မရှည်တယ်၊ ကွေးညွတ်လို့ရတယ်၊ တန်ခိုး ပိုရှိပြီး နာနာရုပ် ဖန်ဆင်းဖို့ အတွက် အကောင်းဆုံးပဲ၊ အေး မင်းအဖေက ပိုပြီး နှစ်သက်တာကို ပြောတာ၊ တကယ်တော့ ဘယ်လို မှော်ဆရာမျိုး ဖြစ်ရမယ် ဆိုတာ ဆေးကြိမ်လုံးက ဖန်တီးပေးတာကွ'

မစ္စတာ အော်လီဗန်းဒါးစ်သည် ပို၍ ကပ်လာရကား သူနှင့် ဟာရီတို့မှာ နှာခေါင်းချင်း ထိတော့မလောက် ဖြစ်၏။ ဟာရီသည် မြူခိုးတွေ ဝေနေသော ထိုမျက်လုံးများတွင် မိမိကိုယ်မိမိ ရိပ်ပြန်ထင်နေသည်ကိုပင် မြင်နိုင်လေသည်။

'အဲ... အဲဒီနေရာကတော့...'

မစ္စတာ အော်လီဗန်းဒါးစ်သည် ရှည်လျား ဖြူဖွေးသော လက်ချောင်းဖြင့် ဟာရီ၏ နဖူးပေါ်မှ လျှပ်စစ် မိုးကြိုးသဏ္ဍာန်အမာရွတ်ကိုတို့ထိလိုက်၏။

'အဲဒါဖြစ်အောင် လုပ်တဲ့ ဆေးကြိမ်လုံးကို ငါ ရောင်းလိုက်တာလို့ ပြောရတာ ဝမ်းနည်းစရာတော့ ကောင်းတာပဲ'ဟု သူက တိုးတိုးပြောသည်။

'ဆယ့်သုံးလက်မခွဲ ရှိတယ်၊ ထင်းရှူးသား၊ တန်ခိုးကြီးတဲ့ ဆေးကြိမ်လုံးလေ၊ သိပ်ကို တန်ခိုးကြီးတယ်၊ မဟုတ်တဲ့ လက်ကို ရောက်သွားရတယ်လေ၊ တကယ်လို့သာ စောစောကတည်းက ဒီဆေးကြိမ်လုံးနှင့် လောကထဲမှာ လျှောက်ပြီး... အင်း၊ ငါ ကြိုသိမယ် ဆိုရင်တော့...'

သူသည် ခေါင်းကို ခါယမ်းလိုက်စဉ်တွင် ဟာရီ သက်သာသွားချင်၍လားမသိ၊ ဟတ်ဂရစ်ကို မြင်သွားတော့သည်။

'ရူးဘီးယပ်စ်၊ ရူးဘီးယပ်စ် ဟတ်ဂရစ်၊ မင်းနှင့် ပြန်တွေ့ရတာ ကောင်းလိုက်တာ၊ ဝက်သစ်ချသား၊ ဆယ့်ခြောက်လက်မ ရှည်တယ်၊ နည်းနည်းတော့ကောက်တယ် မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ခင်ဗျ၊ ဟုတ်ပါတယ်'ဟု ဟတ်ဂရစ်က ပြော၏။

'အဲဒါ ဆေးကြိမ်လုံးကောင်းပါ၊ ဒါပေမဲ့ မင်း ကျောင်းထုတ်ခံရတော့ သူတို့ ထက်ပိုင်းချိုးပစ်လိုက်တယ်လို့ ငါ ထင်တယ်'ဟု မစ္စတာ အော်လီဗန်းဒါးစ်က ချက်ချင်း မျက်နှာတည်သွားပြီး ပြောသည်။

'အဲ၊ ဟုတ်တယ်၊ သူတို့ ချိုးပစ်လိုက်တယ်၊ ဟုတ်ပါတယ်'ဟု ဟတ်ဂရစ်က ခြေထောက်တွေကို လှုပ်လှုပ်ရွရွ လုပ်ရင်း ပြော၏။ 'ဒါပေမဲ့ အပိုင်းအစတွေ ကျွန်တော့်ဆီမှာ ရှိနေပါသေးတယ်'ဟု သူက သွက်လက်စွာ ထပ်ပြောသည်။

'ဒါပေမဲ့ အဲဒါတွေကို မင်း မသုံးဘူး မဟုတ်လား'ဟု မစ္စတာ အော်လီဗန်းဒါးစ်က ခတ်ပြတ်ပြတ် မေး၏။

'အို၊ ဟင့်အင်း၊ မသုံးပါဘူး ခင်ဗျ'ဟု ဟတ်ဂရစ်က လျင်မြန်စွာ ပြောသည်။ သူသည် စကားပြောရင်း သူ၏ ပန်းရောင်ထီးကို အလွန် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်ကို ဟာရီက သတိပြုမိ၏။

'ဟင်း...'ဟု မစ္စတာ အော်လီဗန်းဒါးစ်က ဟတ်ဂရစ်ကို ထွင်းဖောက်သွားတော့မည့် အကြည့်မျိုးနှင့် ကြည့်ရင်း ပြောသည်။ 'ကဲ၊ ကဲ မစ္စတာ ပေါ့တာ၊ မှန်းစမ်း'သူသည် အိတ်ထဲမှ ငွေရောင် အမှတ်အသားတွေ ပါသည့် ပေကြိုးရှည်ကို ဆွဲထုတ်၏။ 'ဘယ်ဟာ မင်းရဲ့ ဆေးကြိမ်လုံးလက်လဲ'

'ဩော်...အဲ...ကျွန်တော်ဟာ ညာသန်ပါတယ်'ဟု ဟာရီက ပြော၏။

'လက်ကို ဆန့်စမ်း၊ ဟုတ်ပြီ'သူသည် ဟာရီ၏ ပခုံးမှ လက်ချောင်းထိပ်အထိ၊ ထို့နောက် လက်ကောက်ဝတ်မှ တံတောင်ဆစ် အထိ၊ ပခုံးမှ ကြမ်းပြင် အထိ၊ ဒူးမှ ချိုင်းအထိ၊ ပြီးတော့ ဦးခေါင်းလုံးပတ် ဟူသည်တို့ကို တိုင်း၏။ ထိုသို့ တိုင်းရင်း သူက ပြောသည်။ 'အော်လီဗန်းဒါးစ် ဆေးကြိမ်လုံးတိုင်းဟာ အလယ်မှာ တန်ခိုးကြီးတဲ့ မှော်ဝင် ဝတ္ထုပစ္စည်းဟာ ပါတာချည်းပဲ မစ္စတာ ပေါ့တာ၊ တို့ဟာ ယူနီကောင်း အမွေးတွေ၊ ဖီးနစ် ငှက်မြီးဆံတွေ၊ နဂါးတွေရဲ့ နှလုံးသွေးကြောတွေကို အသုံးပြုတယ်၊ ယူနီကောင်းတွေ၊ နဂါးတွေ၊ ဖီးနစ်ငှက်တွေဟာ နှစ်ကောင် ထပ်တူတူတာ မရှိသလို အော်လီဗန်းဒါးစ် ဆေးကြိမ်လုံးဟာလည်း ထပ်တူတူတဲ့ နှစ်ချောင်းဆိုတာ မရှိဘူး၊ အင်းလေ... တခြား မှော်ဆရာရဲ့ ဆေးကြိမ်လုံးကို မင်း သုံးလို့တော့ ရလဒ်ကောင်းကို မင်း ရမှာ မဟုတ်ပါဘူးလေ'

www.burmeseclassic.com

သူ၏ နှာခေါင်းပေါက်တွေကို တိုင်းနေသော ပေကြိုးသည် သူ့ဘာသာသူ တိုင်းနေခြင်း ဖြစ်သည်ကို ဟာရီသည် ရုတ်တရက် သတိပြုမိတော့၏။ မစ္စတာ အော်လီဗန်းဒါးစ်သည် စင်တွေဆီကို လှစ်ခနဲ လှစ်ခနဲ သွား၍ ဘူးတွေကို ယူချနေသည်။

'တော်လောက်ပြီ'ဟု သူက ပြောသည်တွင် ပေကြိုးသည် ကြမ်းပေါ်သို့ ပုံကျသွား၏။ 'ကောင်းပြီ မစ္စတာ ပေါ့တာ၊ ဒါကို စမ်းကြည့်စမ်းပါ၊ ဘီချ်အပင်ရဲ့ အသား၊ နဂါးရဲ့ နှလုံးသွေးကြော၊ ကိုးလက်မ၊ ကောင်းတယ်၊ ကွေးလို့ ရတယ်၊ ယူပြီး ဝှေ့ယမ်းကြည့်စမ်း'

ဟာရီက ဆေးကြိမ်လုံးကို ယူ၍ (ခပ်ကြောင်ကြောင်ပင်) အနည်းငယ် ဝှေ့ယမ်းကြည့်သည်။ သို့သော် ချက်ချင်း ဆိုသလိုပင် မစ္စတာ အော်လီဗန်းဒါးစ်က သူ့လက်ထဲမှ ဆွဲယူလိုက်၏။

'သကြားပင်ရဲ့ အသားနှင့် ဖီးနစ်ငှက်ရဲ့ အမွေး၊ ခုနစ်လက်မ၊ လွှဲယမ်းလို့ ရတယ်၊ စမ်းကြည့်ဦး'

ဟာရီက စမ်းကြည့်၏။ သို့သော် သူသည် ဆေးကြိမ်လုံးကို မြှောက်ရုံရှိသေး၊ ဒါကိုလည်း မစ္စတာ အော်လီဗန်းဒါးစ်က ဖတ်ခနဲ ဆွဲယူလိုက်ပြန်သည်။

'မကောင်းသေးဘူး၊ ဒီမှာ သစ်နက်သားနှင့် ယူနီကောင်း အမွေး၊ ရှစ်လက်မခွဲ၊ ရိုက်ရင် ပြန်ခုန်တယ်၊ လုပ်စမ်း၊ လုပ်စမ်း၊ စမ်းကြည့်'

ဟာရီက စမ်းကြည့်၏။ ဆက်၍ စမ်းကြည့်၏။ မစ္စတာ အော်လီဗန်းဒါးစ်က ဘာကို စောင့်လင့်နေမှန်းကို သူတွေး၍ မရပါ။ စမ်းထားသော ဆေးကြိမ်လုံး အပုံသည် ကုလားထိုင် အမြင့်ပေါ်တွင် မြင့်၍ မြင့်၍ တက်လာ၏။ သို့သော် မစ္စတာ အော်လီဗန်းဒါးစ်သည် စင်တွေပေါ်က ဆေးကြိမ်လုံးတွေကို များများ ဆွဲချရလေလေ သူက ပို၍ ပို၍ ပျော်လာလေလေ ဖြစ်နေပုံရ၏။

'အရွေးရခက်တဲ့ ဝယ်သူပဲ... ဟုတ်လား၊ မပူနှင့်၊ ကောင်းကောင်း ဟပ်မိတာ တွေ့ရမှာပါ၊ အဲ... ဒါများလား၊ ဟုတ်ရမှာပေါ့၊ ထုံးစံ မဟုတ်တဲ့ အတွဲလေ၊ ဆူးပန်းကြီးသားနှင့် ဖီးနစ် ငှက်မွေး၊ ဆယ့်တစ်လက်မ၊ ကောင်းတယ်၊ ပျော့ပျောင်းတယ်'

ဟာရီက ဆေးကြိမ်လုံးကို ယူလိုက်သည်။ သူ့လက်ချောင်းများ ပူနွေးသွားသည်ကို ချက်ချင်း ခံစားလိုက်ရ၏။ ဆေးကြိမ်လုံးကို ဦးခေါင်းပေါ်တွင် မြှောက်ကာ ဖုန်ထူသော လေကို ဖြတ်၍ ဝှီးခနဲ ဆွဲချလိုက်ရာ အနီနှင့် ရွှေရောင် မီးပွင့်ကလေးများသည် ဆေးကြိမ်လုံး၏ အဖျားမှ မီးပန်းကဲ့သို့ အမြှင်တန်း၍ ထွက်ပေါ်လာပြီး နံရံများပေါ်တွင် မီးရောင် အကွက်ကလေးများ ခုန်ပေါက်၍ ဖြစ်ပေါ်လာကြသည်။ ဟတ်ဂရစ်က အော်ဟစ်၍ လက်ခုပ်တီး၏။ မစ္စတာ အော်လီဗန်းဒါးစ်ကလည်း အော်ဟစ်ပြောသည်။ 'ဟား ယောကျ်ားဘသားကွ၊ အေး၊ သိပ်ကောင်းတယ်၊ ကဲ ကဲ ဘယ်လောက် ထူးဆန်းသလဲ၊ ဘယ်လောက် ထူးဆန်းသလဲ'

'ခွင့်လွှတ်ပါ'ဟု ဟာရီက ပြော၏။ 'ဒါပေမဲ့ ဘာက ထူးဆန်းနေတာလဲ'

မစ္စတာ အော်လီဗန်းဒါးစ်က သူ၏ ဖျော့တော့တော့ အကြည့်ဖြင့် ဟာရီကို စိုက်ကြည့်သည်။

'ငါ ရောင်းလိုက်သမျှ ဆေးကြိမ်လုံးတွေ အားလုံးကို ငါ မှတ်မိတယ် မစ္စတာ ပေါ့တာ၊ ဆေးကြိမ်လုံးတိုင်းကို မှတ်မိတာ၊ ဖြစ်ပုံက ဒီလို၊ မင့် ဆေးကြိမ်လုံးထဲက အမွေးပိုင်ရှင် ဖီနစ်ငှက်ဟာ တခြား အမွေး တစ်ပင်ကို တခြား ဆေးကြိမ်လုံးကို တစ်ခုတည်းကိုပဲ ပေးခဲ့တယ်၊ မင်း ဒီဆေးကြိမ်လုံးကို ရတာ တကယ်ပဲ အတော့်ကို ထူးဆန်းပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီဆေးကြိမ်လုံးရဲ့ နောင်တော် ဆေးကြိမ်လုံးက အဲ... အဲဒီ နောင်တော် ဆေးကြိမ်လုံးက မင်းကို အဲဟို အမာရွတ်ကို ပေးခဲ့တာ'

ဟာရီသည် မျိုချ၏။

'ဟုတ်ပြီ၊ ဆယ့်သုံးလက်မခွဲ၊ ထင်းရှူးသား၊ ဒါတွေ ဖြစ်ပုံဟာ သိပ်ဆန်းကြယ်လှတယ်၊ ဆေးကြိမ်လုံးက မှော်ဆရာကို ဖန်တီးတယ်၊ မှတ်ထားနော်၊ မင်းဆီက ကြီးကျယ်တဲ့ အရာတွေ ထွက်ပေါ်လာမှာကို ငါတို့ မျှော်လင့်တယ်၊ မစ္စတာ ပေါ့တာ၊ တကယ်တော့ နာမည် မတပ်ရမယ့် လူဟာ ကြီးကျယ်တာတွေကို လုပ်ခဲ့ပါတယ်၊ ကြောက်စရာတော့ ကြောက်စရာပေါ့၊ ဒါပေမဲ့ ကြီးကျယ်တယ်'

ဟာရီ တုန်တုန်ယင်ယင် ဖြစ်သွားသည်။ သူသည် မစ္စတာ အော်လီဗန်းဒါးစ်ကို အလွန် နှစ်သက်ပါရဲ့လား ဆိုသည်ကို သူ မသေချာပါ။ သူသည် သူ့ ဆေးကြိမ်လုံး အတွက် ရွှေဂါလီယံ ခုနစ်ပြားကို ပေးခဲ့ရာ မစ္စတာ အော်လီဗန်းဒါးစ်က သူ့ဆိုင်တွင်းမှ သူတို့ကို ဦးညွှတ် နှုတ်ဆက်လိုက်လေ၏။

မိုးကောင်းကင်တွင် ညနေစောင်း နေသည် နိမ့်နိမ့်ကလေး ချိတ်တွယ်နေခိုက်တွင် ဟာရီနှင့် ဟတ်ဂရစ်တို့သည် အပြန်ခရီးအဖြစ် ဒိုင်ယာဂွန် လမ်းကြားကို လျှောက်၊ နံရံကို ဖြတ်ကျော်၊ ယခုအခါတွင် လူရှင်းပြီ ဖြစ်သော 'ယိုနေသော ဒယ်အိုးကြီး'ကို ပြန်၍ ဖြတ်ကျော်ခဲ့ကြသည်။ သူတို့သည် လမ်းကို လျှောက်ခဲ့ကြစဉ် ဟာရီသည် လုံးဝ စကားမပြောချေ။ မြေအောက်ရထားပေါ်တွင် သူတို့ကို လူတွေ မည်မျှ ပြူးတူးပြဲတဲ စိုက်ကြည့်ကြသည်ဆိုခြင်းကိုပင် သူ သတိမပြုမိပါ။ သူတို့တွင် ရယ်စရာ ကောင်းသော ပုံပန်းရှိသည့် အထုပ်များ ပြည့်နေပြီး ဖြူဖွေးသော ဇီးကွက်သည် ဟာရီ၏ ပေါင်ပေါ်တွင် အိပ်နေသည်။ နောက် စက်လှေကား တစ်ခုကို တက်ပြီး ပတ်ဒင်တန်ဘူတာရုံ အပြင် ရောက်၍ ဟတ်ဂရစ်က သူ့ပခုံးကို ပုတ်လိုက်တော့မှ ဟာရီသည် သူတို့ ဘယ်ကို ရောက်နေသည် ဆိုခြင်းကို သဘောပေါက်တော့၏။

'မင်းရဲ့ ရထား မထွက်ခင် စားစရာ အချိန်ကလေး ရပါသေးတယ်'ဟု ဟတ်ဂရစ်ကပြောလေသည်။

သူသည် ဟာရီအားလည်း ဟမ်ဘာဂါ တစ်ခုဝယ်ပေးကာ သူတို့သည် ပလတ်စတစ် ထိုင်ခုံများတွင် ထိုင်ကာ စားသောက်ကြ၏။ ဟာရီသည် ပတ်ချာလည် ကြည့်သည်။ အရာရာသည် တစ်နည်းတစ်ဖုံ လွန်စွာ ထူးဆန်းနေပေသည်။

'ဟာရီ၊ အားလုံး ဟန်ကျရဲ့လား၊ မင်း သိပ်ပြီး တိတ်ဆိတ်နေတယ်'ဟု ဟတ်ဂရစ်က ပြော၏။

ဟာရီက ရှင်းပြနိုင်မည်ဟု သူ့ကိုယ်သူ မသေချာပါ။ သူ့ဘဝတွင် အကောင်းဆုံးသော မွေးနေ့ကာလကို ကြုံတွေ့ခဲ့ရပါသည်။ သို့တိုင်အောင်... သူသည် ဟမ်ဘာဂါကို စားရင်း စကားလုံးများကို ရှာဖွေနေသည်။

www.burmeseclassic.com

'အားလုံးက ကျွန်တော့်ကို ထူးခြားနေတယ်လို့ ထင်နေကြတယ်' ဟု နောက်ဆုံးတွင် သူက ပြောတော့၏။ 'ယိုနေသော ဒယ်အိုးကြီးထဲက လူတွေ အားလုံးပေါ့၊ ပရိုဖက်ဆာ ကွစ်ရဲလ်၊ မစ္စတာ အော်လီဗန်းဒါးစ်တို့တွေပေါ့၊ ဒါပေမဲ့ ကျွန်တော်က မှော်အတတ်ဆို ဘာမှ တတ်တာ မဟုတ်ဘူး၊ သူတို့က ဘယ်လိုလုပ်ပြီး ကြီးကျယ်တဲ့ အရာတွေကို မျှော်လင့်နိုင်ကြတာလဲ၊ ကျွန်တော်ဟာ ကျော်ကြားနေတယ်၊ ဒါပေမဲ့လည်း ကျွန်တော် ဘာ့ကြောင့် ကျော်ကြားနေရတယ် ဆိုတာကို ကျွန်တော် မမှတ်မိဘူး၊ ကျွန်တော် မသိတာက ဗော်လ်... ခွင့်လွှတ်ပါ အဲ...ကျွန်တော့်မိဘတွေ သေတဲ့ညက ဘာဖြစ်ခဲ့တယ် ဆိုတာကို ကျွန်တော် မသိဘူး'

ဟတ်ဂရစ်က စားပွဲကို ဖြတ်၍ ကိုယ်ကို ကိုင်းလိုက်သည်။ ထူထပ်သော မုတ်ဆိတ်နှင့် မျက်ခုံးကြီးများအောက်တွင် သူသည် ကြင်နာသော အပြုံးကို ဆောင်နေ၏။

'မပူစမ်းပါနှင့် ဟာရီရယ်၊ မင်းဟာ မြန်မြန်ကြီး တတ်မှာပါ၊ ဟော့ဂဝပ်မှာ လူတိုင်းဟာ အစက စကြရတာချည်းပါပဲ၊ မင်း အဆင်ပြေမှာပါ ခပ်အေးအေး နေစမ်းပါ၊ အဲဒီလို နေဖို့ ခက်တယ်ဆိုတာ ငါ သိပါတယ်၊ မင်းဟာ သူများနှင့် မတူ တစ်မူထူးနေတယ်၊ အဲဒီတော့ အမြဲတမ်း ခက်ခဲနေတော့တာပေါ့၊ ဒါပေမဲ့ မင်းဟာ ဟော့ဂဝပ်မှာ ပျော်မှာပါ၊ ငါလည်း ပျော်ခဲ့ပါတယ်၊ အမှန် ပြောရရင်တော့ ခုလည်း ပျော်နေပါသေးတယ်လေ'

ဟတ်ဂရစ်က ဟာရီအား ဒါစလီတို့ဆီ ပြန်ရောက်မည့် ရထားပေါ်သို့ ကူညီ တင်ပေးပြီးနောက် စာအိတ် တစ်အိတ်ကို ကမ်းပေးသည်။

'ဟော့ဂဝပ် သွားဖို့ မင်းရဲ့ လက်မှတ်'ဟု သူက ပြောသည်။ 'စက်တင်ဘာလ ၁ ရက် နော်၊ ကင်းစခရော့စ် ဘူတာရုံ၊ အဲဒါတွေ အားလုံး မင်းလက်မှတ်မှာ ပါတယ်၊ ဒါစလီတွေနှင့် ပြဿနာပေါ်ရင် မင်း ဇီးကွက်နှင့် စာပေးလိုက်၊ ငါ့ကို ဘယ်မှာရှာရမယ် ဆိုတာ သူ သိတယ်၊ ကဲ မင်းနှင့် မကြာခင် တွေ့မယ်နော် ဟာရီ'

ရထားသည် ဘူတာရုံမှ ထွက်ခွာခဲ့သည်။ ဟာရီသည် ဟတ်ဂရစ်ကို မျက်စိ ကွယ်သွားသည် အထိ စောင့်ကြည့်ချင်သည်။ သူသည် ထိုင်ခုံမှ ထ၍ ပြတင်းပေါက်မှန်တွင် နှာခေါင်းကို ဖိကပ်သည်။ သို့သော် သူ မျက်တောင် အခတ်လိုက်တွင် ဟတ်ဂရစ် မရှိတော့ချေ။

အခန်း ခြောက်

ကိုးလေးပိုင်းသုံးပိုင်း စင်္ကြံမှ ခရီးစဉ်

ဒါစလီတို့နှင့် အတူ နေရသော ဟာရီ၏ နောက်ဆုံးလမှာ ပျော်စရာ မကောင်းပါ။ ယခုအခါတွင် ဒတ်ဒလီသည် ဟာရီကို ကြောက်လန့်ရကား တစ်ခန်းတည်းတွင် အတူ မနေချေ။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားနှင့် ဦးလေး ဗွာနွန်တို့သည် ဟာရီကို ဗီရိုထဲတွင် ပိတ်ထားခြင်း၊ အလုပ်ကို အတင်း လုပ်ခိုင်းခြင်း၊ သူ့ကို အော်ဟစ်ခြင်း ဟူသည်တို့ကို မပြုလုပ်ကြတော့သည် မှန်သော်လည်း သူ့ကို လုံး၀ စကား မပြောချေ။ ကြောက်လန့်ခြင်း တစ်ဝက်၊ စိတ်ဆိုးခြင်း တစ်ဝက်နှင့် သူတို့သည် ဟာရီနေထိုင်သော ကုလားထိုင် ဆိုလျှင် ကုလားထိုင် အလွတ်လို ပြုမူနေကြ၏။ ဤဟာသည် နေရာပေါင်း များစွာတွင် တိုးတက်မှု ဖြစ်သည် မှန်သော်လည်း ခဏကြာသော အခါတွင်ကား အနည်းငယ် စိတ်ပျက်စရာ ဖြစ်လာရတော့သည်။

ဟာရီသည် အပေါင်းအသင်း အသစ်ဖြစ်သော သူ့ဇီးကွက်နှင့် အတူ အခန်း အောင်းတော့သည်။ သူ့ ဇီးကွက်မကြီးကို ဟက်ဒွစ်ဟု ခေါ်ရန် ဆုံးဖြတ်ထား၏။ 'မှော်ပညာ သမိုင်း' စာအုပ်တွင် တွေ့ရသော နာမည် ဖြစ်သည်။ သူ့ ကျောင်းစာအုပ်များသည် အလွန် စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။ သူသည် အိပ်ရာတွင် လှဲလျောင်း၍ ညဉ့်နက်သည် အထိ ထိုစာအုပ်တွေကို ဖတ်ရာ ဟက်ဒွစ်သည် ဖွင့်ထားသော ပြတင်းပေါက်မှ ဝိုးခနဲ ဝိုးခနဲ ဝင်လိုက် ထွက်လိုက် ကြိုက်သလို လုပ်နေသည်။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက လေစုပ်စက်ဖြင့် အခန်း သန့်ရှင်းရေး လာမလုပ်တော့ခြင်းကပင် ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့် ဆိုသော် ဟက်ဒွစ်သည် ကြွက်သေတွေကို ယူယူ လာသောကြောင့် ဖြစ်၏။ ညစဉ် အိပ်ခါနီးတိုင်း ဟာရီသည် နံရံတွင် တွယ်ကပ်ထားသော စာရွက်ပေါ်မှ စက်တင်ဘာလ တစ်ရက်ထိ ရေးထားသည့် ရက်စွဲများ အနက်မှ တစ်ရွက်ချင်းကို ခြစ်ပစ်၏။

ဩဂုတ်လ၏ နောက်ဆုံးရက်သို့ ရောက်သောအခါ သူသည် နောက်နေ့တွင် ကင်းစခရော့စ် ဘူတာရုံသို့ သွားဖို့ အတွက် သူ့အဒေါ်နှင့် ဦးလေးတို့ကို စကား ပြောသင့်သည်ဟု တွေးတော၏။ ထို့ကြောင့် သူတို့တွေ ရုပ်မြင်သံကြားမှ လာနေသော ပဟေဠိအခန်းကို ကြည့်ရှုနေကြရာ ဧည့်ခန်းဆီသို့ သူသည် ဆင်းသွားသည်။ သူ ရောက်နေပြီ ဆိုကြောင်းကို သိစေဖို့ သူက ချောင်းဟန့်လိုက်၏။ ဒတ်ဒလီက အော်၍ အခန်းထဲမှ ထွက်ပြေးသွားလေသည်။

'အဲ၊ ဦးလေး ဗာနွန်'

ဦးလေး ဗာနွန်က သူ နားထောင်နေကြောင်း မပီမသ ပြန်ပြောသည်။

'ဟိုဟာ၊ ကျွန်တော် နက်ဖြန်မှာ ကင်းစခရော့စ်ကို ရောက်ဖို့ လိုပါတယ်၊ ဟော့ဂဝပ်ကို သွားဖို့လေ'

ဦးလေး ဗာနွန်က ဗလုံးဗထွေး အသံ ပြုပြန်၏။

'ကျွန်တော့်ကို ကားနှင့် လိုက်ပို့နိုင်မလား'

ဗလုံးဗထွေးသံ ထွက်လာ၏။ ဤဟာသည် 'အေး'ဟု ဆိုလိုသည်ဟု ဟာရီက မှတ်ယူလိုက်သည်။

'ကျေးဇူးတင်ပါတယ်'

သူ အပေါ်ထပ် ပြန်တက်မည် လုပ်တော့မှ ဦးလေး ဗာနွန်က စကား တကယ် ပြောလေတော့၏။

'မှော်ဆရာတွေရဲ့ ကျောင်းကို မီးရထားနှင့် သွားမယ် ဆိုတာ ရယ်စရာကြီးပဲ၊ မှော်တန်ခိုး ရှိတဲ့ ကော်ဇောတွေက အပေါက်တွေ ဖြစ်နေလို့လား'

ဟာရီက ဘာမျှ ပြန်မပြောချေ။

'နေပါဦး... ကျောင်းက ဘယ်မှာလဲ'

'ကျွန်တော် မသိဘူး'ဟု ဟာရီက ပြန်ဖြေရင်း သူ မသိခြင်းကို ပထမဆုံး အနေဖြင့် သူ သဘောပေါက်မိသည်။ ဟတ်ဂရစ် ပေးခဲ့သော လက်မှတ်ကို အိတ်ထဲမှ ဆွဲထုတ်၏။

www.burmeseclassic.com

'ဆယ့်တစ်နာရီမှာ ကိုးလေးပိုင်းသုံးပိုင်း စကြိုက နေပြီး ရထားစီးရုံပဲ'

သူ့အဒေါ်နှင့် ဦးလေးတို့က သူ့ကို ပြူးကြည့်ကြသည်။

'စကြို ဘယ်လောက်ကွ'

'ကိုးလေးပိုင်းသုံးပိုင်း'

'ပေါက်တတ်ကရတွေ ပြောမနေနှင့်'ဟု ဦးလေး ဗွာနွန်က ပြောသည်။ 'ကိုးလေးပိုင်းသုံးပိုင်း စကြို ဆိုတာ မရှိဘူး'

'ကျွန်တော့် လက်မှတ်ပေါ်မှာ ရေးထားတယ်'

'ခွေးရူးတွေလိုပဲ'ဟု ဦးလေးဗွာနွန်က ပြော၏။ 'သူတို့တွေ အားလုံးဟာ၊ မင်း တွေ့ပါလိမ့်မယ်၊ စောင့်ကြည့်ပေါ့၊ ကောင်းပြီ၊ ငါတို့ မင်းကို ကင်းစခရော့စ်ကို ခေါ်သွားမယ်၊ ငါတို့ နက်ဖြန်ကို လန်ဒန် သွားဖို့ ရှိတယ်၊ နို့မို့ရင်တော့ လိုက်ပို့နိုင်မှာ မဟုတ်ပါဘူးလေ'

'လန်ဒန်ကို ဘာဖြစ်လို့ သွားမှာလဲ'ဟု ဟာရီက အခင်မင် မပျက်စေရန် ကြိုးစားသောအားဖြင့် မေးသည်။

'ဒတ်ဒလီကို ဆေးရုံ ခေါ်သွားရမှာပေါ့ကွ'ဟု ဦးလေး ဗွာနွန်က မကျေမနပ်သံဖြင့် ပြောသည်။ 'သူ စမက်တင်းစ်ကို မသွားခင် ဟို အမြီးနီနီကြီးကို ဖယ်ပစ်ရမယ်လေ'

နောက်နေ့ နံနက်တွင် ဟာရီသည် ငါးနာရီတွင် အိပ်ရာက နိုးလာပြီး စိတ်လှုပ်ရှားလွန်းအားကြီးသဖြင့် ပြန်မအိပ်နိုင်တော့ချေ။ သူသည် အိပ်ရာမှ ထ၍ ဂျင်းဘောင်းဘီကို ဝတ်သည်။ အဘယ့်ကြောင့် ဆိုသော် မှော်ဆရာ ဝတ်ရုံကြီးကို ခြုံ၍ ဘူတာရုံထဲ လျှောက်ဝင် မသွားလိုသောကြောင့် ဖြစ်၏။ ရထားပေါ်ကျမှ အဝတ် လဲပါတော့မည်။ သူ လိုတာတွေ အကုန် ပါရဲ့လား သေချာအောင် ဟော့ဂဝပ် စာရင်းကို ပြန်စစ်သည်။ ဟက်ဒွစ်ကော လှောင်အိမ်ထဲတွင် လုံလုံခြုံခြုံ ပိတ်ထားပြီး ဖြစ်သလားကို စစ်သည်။ ထိုနောက် ဒါစလီ မိသားစု အိပ်ရာက ထသည် အထိ စောင့်ရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ နောက်နှစ်နာရီ ကြာသောအခါ ဟာရီ၏ ကြီးမား လေးလံသော သေတ္တာကြီးကို ဒါစလီ၏ ကားထဲသို့ ထည့်သည်။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားက ဒတ်ဒလီကို ဟာရီ၏ ဘေးနားတွင် ထိုင်ဖို့ ဖျောင်းဖျ ပြောဆိုပြီး သူတို့ ထွက်လာကြလေသည်။

ကင်းစခရော့စ်သို့ ဆယ်နာရီခွဲတွင် ရောက်ကြ၏။ ဦးလေး ဗွာနွန်သည် ဟာရီ၏ သေတ္တာကို လက်တွန်းလှည်းပေါ်သို့ ပစ်ချပြီး ဘူတာရုံထဲသို့ တွန်းသွားပေး၏။ ဟာရီက ထူးဆန်းစွာ ကြင်နာနေလိုက်တာဟု တွေးနေမိခိုက်တွင် ဦးလေးဗွာနွန်သည် ပလက်ဖောင်း စကြိုများကို ရင်ဆိုင်လိုက်ပြီး သရော်တော်တော် ပြုံးကာ ခြေစုံ ရပ်လိုက်လေတော့သည်။

'ကဲ တွေ့လား၊ ဟော့ကောင်၊ စကြိုကိုး၊ စကြို တစ်ဆယ်၊ မင်း သွားမယ့် စကြိုက အဲဒီ နှစ်ခု အလယ်မှာ ဖြစ်မယ်၊ ဒါပေမဲ့ သူတို့ဟာ အဲဒီ စကြိုကို မဆောက်ရသေးဘူး ထင်တယ်'

တကယ်တော့ သူ မှန်ပါသည်။ ပလတ်စတစ် နံပါတ် ကိုး ဂဏန်းသည် စကြို တစ်ခုပေါ်တွင် ရှိ၍ ပလတ်စတစ် နံပါတ် တစ်ဆယ်သည် နောက်စကြိုတစ်ခုပေါ်တွင် ရှိ၏။ အလယ်ကောင်တွင် ဘာမျှ မရှိပါ။

'ကောင်းသော စာသင်နှစ် ဖြစ်ပါစေ'ဟု ဦးလေး ဗွာနွန်က ပို၍ပင် သရော်ပုံပေါက်သော အပြုံးဖြင့် ပြောသည်။ နောက်ထပ် ဘာမျှ မပြောတော့ဘဲ သူ ထွက်သွားလေ၏။ ဟာရီက လှည့်ကြည့်လိုက်သောအခါ ဒါစလီတို့ ကားသည် ထွက်သွားလေပြီ။ သူတို့ သုံးယောက်သားသည် ရယ်ရယ်မောမောနှင့် ဖြစ်သွားကြ၏။ ဟာရီသည် အာတွေ ခြောက်သွေ့သွားတော့သည်။ သူ ဘာများ လုပ်ရပါ့မလဲ။ ဟက်ဒွစ်သာ မပါခဲ့လျှင် သူသည် အတော်ပင် ကြောင်တောင်တောင် ဖြစ်နေပေလိမ့်မည်။

ဖြတ်သွားသော ဂါတ်ဗိုလ် တစ်ယောက်ကို တားလိုက်၏။ သို့သော် သူသည် ကိုးလေးပိုင်းသုံးပိုင်း စင်္ကြံကို မမေးရဲပါ။ ဂါတ်ဗိုလ်သည် ဟော့ဂဝပ် ဆိုသည်ကို ကြားဖူးခြင်းပင် မရှိပါ။ အဲဒါ ဘယ်အရပ်တွင် ရှိကြောင်းကိုသော်လည်း ဟာရီက မပြောနိုင်ချေ။ ဟာရီက တမင် ပေါကြောင်ကြောင် လုပ်သည်ထင်ကာ ဂါတ်ဗိုလ်သည် စိတ်တိုစပြုလာ၏။ ကြံရာမရသဖြင့် ဟာရီက ဆယ့်တစ်နာရီတွင် ထွက်မည့် ရထားကို မေးသည်။ ထိုအချိန် ထွက်မည့်ရထား မရှိဟု ဂါတ်ဗိုလ်က ပြော၏။ နောက်ဆုံးတွင် သူသည် သက်သက် အချိန်ဖြုန်းတာပဲဟု ညည်းတွားပြောဆို၍ ထွက်သွားလေသည်။ ယခုအခါတွင် ဟာရီသည် ပျာလောင် မခတ်မိစေဖို့ ကြိုးစားရ၏။ ရထားဝင်ချိန် ဖော်ပြသည့် ကြော်ငြာ သင်ပုန်းပေါ်က နာရီကြီးအရ ဆိုလျှင် သူသည် ဟော့ဂဝ်သွားမည့် ရထားပေါ်သို့ တက်ရန် ဆယ်မိနစ်သာ ကျန်တော့သည်။ သူ ဘယ်လို လုပ်ရမှန်းမသိ။ ဘူတာရုံ အလယ်တွင် သူ ကောင်းကောင်းမမနိုင်သော သေတ္တာ တစ်လုံး၊ မှော်ဆရာသုံး ပိုက်ဆံ ပြည့်နေသော အိတ်ကပ်၊ ဇီးကွက်ကြီး တစ်ကောင်နှင့် သူ သောင်တင်နေလေပြီ။

ဟတ်ဂရစ်သည် သူ လုပ်ဖို့ရှိသည့် အရာ တစ်စုံတစ်ခုကို ပြောဖို့မေ့နေတာ ဖြစ်ရမည်။ ဒိုင်ယာဂွန် လမ်းကြားထဲ ဝင်ရန်အတွက် လက်ဝဲဘက်က တတိယမြောက် အုတ်ခဲကို ခေါက်တာမျိုး ဖြစ်သည်။ မိမိ၏ ဆေးကြိမ်လုံးကို ထုတ်၍ စင်္ကြံကိုးနှင့် စင်္ကြံတစ်ဆယ်တို့ အကြားတွင် ရှိသော လက်မှတ်ပုံးကို ခေါက်ကြည့်ရ ကောင်းမလားဟု ကြံစည်မိသည်။

ထိုအခိုက်တွင် လူတစ်အုပ်သည် သူ့နောက်နားက ကပ်၍ ဖြတ်လျှောက်သွားရာ သူတို့ ပြောနေသော စကား အချို့ကို သူ ကြားလိုက်ရ၏။

'...မတ်ဂယ်တွေနှင့် ပြည့်နှက်နေတာပေါ့'

ဟာရီက ချာခနဲ လှည့်ကြည့်သည်။ စကားပြောသူသည် ဝဝဖိုင့်ဖိုင့် အမျိုးသမီး တစ်ဦးဖြစ်၍ ကောင်ကလေး လေးယောက်ကို ပြောနေခြင်း ဖြစ်၏။ ကလေး အားလုံးမှာ တောက်ပြောင် နီရဲနေသည့် ဆံပင်များနှင့် ဖြစ်ကြ၏။ ကောင်ကလေးတိုင်းသည် ဟာရီ၏ သေတ္တာနှင့် တူသော သေတ္တာကို ရှေ့တွင် တွန်းနေကြပြီး သူတို့တွင် ဇီးကွက် တစ်ကောင်စီ ပါ၏။

နှလုံးခုန်စွာနှင့်ပင် ဟာရီသည် သူ့လက်တွန်းလှည်းကို သူတို့နောက်မှ လိုက်တွန်းသည်။ သူတို့က ရပ်လိုက်သောအခါ သူကလည်း သူတို့ ပြောစကားကို ကြားလောက်အောင် ကပ်၍ ရပ်လိုက်၏။

'အေး၊ စင်္ကြံ နံပါတ်က ဘာလဲ'ဟု ကောင်ကလေးတွေ၏ အမေက မေးသည်။

'ကိုးလေးပိုင်းသုံးပိုင်း'ဟု ကောင်မလေး တစ်ယောက်က သံသေးသံကြောင်ဖြင့် ပြောသည်။ သူကလည်း ဆံပင် အနီနှင့် ဖြစ်၍ မိန်းမကြီးကို လက်ဆွဲထား၏။

'မာမီ၊ သမီးကော'

'ဂင်နီ၊ နင်က ငယ်သေးတယ်၊ ဒီတော့ တိတ်တိတ်နေစမ်း၊ ကဲ... ပါစီ၊ နင် အရင်သွား'

အသက် အကြီးဆုံး ဖြစ်ဟန်တူသော ကောင်ကလေးသည် စကြိုကိုနှင့် တစ်ဆယ်ဆီသို့ ဦးတည်၍ ချီတက်သွားသည်။ ဟာရီက စောင့်ကြည့်သည်။ မမြင်လိုက်ရမှာ စိုးသဖြင့် မျက်တောင် မခတ်မိအောင် သတိထားနေမိ၏။ သို့ရာတွင် ကောင်ကလေးသည် စကြို နှစ်ခုကြား ခြားထားသော နေရာအရောက်တွင် ကြီးမားသော ကမ္ဘာလှည့် ခရီးသည်အုပ်ကြီးသည် သူ့ရှေ့မှ စုပြုံ၍ ဖြတ်သွားကြသည်။ နောက်ဆုံး ကျောပိုးအိတ်ကြီးရှင် သွားသောအခါတွင်ကား ကောင်ကလေးသည် ပျောက်ကွယ်သွားတော့သည်။

'ဖရက်၊ နင်က နောက်က လိုက်'ဟု ဝဝဖိုင့်ဖိုင့် မိန်းမကြီးက ပြော၏။

'ကျွန်တော် ဖရက် မဟုတ်ဘူး၊ ကျွန်တော်က ဂျော့ပါ'ဟု ကောင်ကလေးက ပြောသည်။ 'ဒါနှင့်များ အမေ ဖြစ်ချင်သေးတယ်၊ ကျွန်တော်ဟာ ဂျော့မှန်း မသိဘူးလား'

'ခွင့်လွှတ်ပါ ဂျော့၊ အချစ်ကလေးရယ်'

'နောက်နေတာပါ၊ ကျွန်တော် ဖရက်ပါ'ဟု ပြော၍ ကောင်ကလေးက ထွက်သွားသည်။ သူ့အမွှာပူးက ခပ်မြန်မြန် သွားရန် နောက်က အော်ပြော၏။ သူကလည်း မြန်မြန် သွားလိုက်ပုံရ၏။ အဘယ့်ကြောင့်ဆိုသော် နောက်တစ်စက္ကန့် အကြာတွင် သူ မရှိတော့ချေ။ သူ ဘယ်လို လုပ်လိုက်ပါလိမ့်။

ထိုနောက်တွင် တတိယမြောက် ညီဖြစ်သူသည် လက်မှတ်ပုံးဆီသို့ ခပ်သွက်သွက် သွားနေ၏။ အနား ရောက်ခါနီးတွင် ရုတ်တရက် သူ မရှိတော့ပေ။

လက်မှတ်ပုံးမှ လွဲ၍ ဘာမျှ မရှိချေ။

'ကျွန်တော် ပြောပါရစေ ခင်ဗျာ'ဟု ဟာရီက ဝဝဖိုင့်ဖိုင့် မိန်းမကြီးကို ပြောသည်။

'ဟဲလို ကလေး'ဟု မိန်းမကြီးက ပြော၏။ 'ဟော့ဂဝပ်ကို ပထမဆုံး တက်ရောက်မှာလား၊ ရွှန်ဟာလည်း လူသစ်ပဲလေ'

အနားက နောက်ဆုံးနှင့် အငယ်ဆုံး သားကို ညွှန်ပြသည်။ သူသည် အရပ် ရှည်ရှည် ပိန်ပိန်နှင့် ကလန်ကလား ဖြစ်သည်။ မဲ့ခြောက်တွေလည်း ရှိသည်။ လက်ကြီး ခြေကြီး ဖြစ်၍ နှာခေါင်းက ရှည်သေးသည်။

'ဟုတ်ကဲ့'ဟု ဟာရီက ပြောသည်။ 'ခက်တာက ... ခက်တာက ကျွန်တော် မသိဘူးလေ၊ ဘယ်လို... ဘယ်လို'

'စကြိုပေါ် ဘယ်လိုတက်ရမယ် ဆိုတာ မသိဘူး ဆိုပါတော့'ဟု သူက ကြင်နာစွာ ပြောရာ ဟာရီက ခေါင်းညိတ်သည်။

'ပူစရာ မဟုတ်ဘူး'ဟု မိန်းမကြီးက ပြော၏။ 'မင်းလုပ်ရမှာက စကြိုကိုနှင့် တစ်ဆယ်ကြားက အကာဆီ တည့်တည့်ကြီး လျှောက်သွားရုံပဲ၊ ရပ်လည်း မရပ်နှင့်၊ ဝင်တိုက်မှာကိုလည်း မကြောက်နှင့်၊ အဲဒါ

သိပ်အရေးကြီးတယ်၊ မင်း တုန်လှုပ်နေတယ် ဆိုရင်တော့ အပြေးကလေး သွားတာ အကောင်းဆုံးပဲ၊ သွား အခု ရှွန်ရဲ့ ရှေ့က သွားတော့'

'အာ ကောင်းပြီလေ'ဟု ဟာရီက ပြော၏။

သူသည် လက်တွန်းလှည်းကို ဆွဲလှည့်လိုက်ပြီး အဟန့်အတားကို စိုက်ကြည့်သည်။ အဟန့်အတားမှာ ထုနှင့်ထည်နှင့် အခိုင်အမာကြီးလို ထင်ရ၏။

သူက ထိုနေရာသို့ ဦးတည်၍ စတင် လျှောက်လှမ်းသည်။ စကြီးကိုးနှင့် တစ်ဆယ်သို့ သွားကြသော လူများက သူ့ကို တိုးဝှေ့ တိုက်ခိုက်သွားကြ၏။ ဟာရီက ပို၍ မြန်မြန် လျှောက်လိုက်သည်။ သူသည် လက်မှတ်ပုံးကို တည့်တည့်ကြီး ဝင်တိုက်ပြီး ဒုက္ခ တွေ့တော့မည်ကဲ့သို့ ရှိ၏။ လက်တွန်းလှည်းပေါ် ခါးကုန်းလိုက်ပြီး အတင်းပြေးသည်။ အဟန့်အတားသည် ပို၍ နီးကပ်လာ၏။ သူရပ်၍ မရတော့ပါ။ လက်တွန်းလှည်းကို ထိန်း၍ မရတော့။ သူက တစ်ပေလောက် ကွားဝေးနေ၏။ တိုက်တော့ဟယ် ဆို၍ မျက်စိတွေကို ပိတ်ထားသည်။

မတိုက်လာခဲ့။ သူကတော့ ပြေးမြဲ ပြေးနေသည်။ မျက်လုံးတွေကို ဖွင့်လိုက်၏။

ခရမ်းရောင် ရေနွေးငွေ့သုံး စက်ခေါင်းကြီးသည် လူတွေ ပြည့်ကျပ်နေသော စကြီနှင့် ကပ်၍ စောင့်နေသည်။ အပေါ်တွင် 'ဟော့ဂဝပ် အမြန်၊ ၁၁နာရီ'ဟူသော ဆိုင်းဘုတ်ရှိ၏။ ဟာရီက နောက်ပြန် လှည့်ကြည့်သောအခါ လက်မှတ်ပုံး ရှိခဲ့သည့် နေရာတွင် ညှစ်သံဖြင့် ပြုလုပ်ထားသော မုခ်ပေါက်ကို 'စကြီ ကိုးလေးပိုင်းသုံးပိုင်း'ဟူသော အပေါ်က စာများနှင့် အတူ တွေ့ရတော့သည်။ သူကား လုပ်ဆောင် အောင်မြင်သွားလေပြီ။

စက်ခေါင်းမှ မီးခိုးများသည် စကားတွေ ဆူညံစွာ ပြောနေကြသော လူအုပ်၏ ခေါင်းများပေါ်သို့ လွင့်မျောသွားကြသည်။ လူအုပ်၏ ခြေထောက်များ အကြားတွင် အရောင်မျိုးစုံနှင့် ကြောင်များသည် ဟိုကွေ့ဒီပတ်နှင့် သွားနေကြ၏။ ဇီးကွက်များသည် ဆူညံသော စကားသံများနှင့် လေးလံသော သေတ္တာများကို ဆွဲသံများကို ကျော်လွန်၍ တစ်ကောင်နှင့် တစ်ကောင် သုန်သုန်မှုန်မှုန် ဟစ်ကြွေးကြသည်။

ပထမ တွဲအချို့မှာ ကျောင်းသားများ ပြွတ်သိပ်နေကြ၏။ အချို့က သူတို့၏ မိသားစုများနှင့် စကားပြောဖို့ ပြတင်းပေါက်မှ ပြူထွက်နေကြ၏။ အချို့က ထိုင်ခုံနေရာ လုနေကြသည်။ ဟာရီသည် သူ့ လက်တွန်းလှည်းကို ထိုင်ခုံလွတ် ရှာရင်း စကြီ တစ်လျှောက် တွန်းသွားသည်။ သူသည် 'အဘွားရေ ကျွန်တော့် ဖားပြုပ် ပျောက်သွားပြန်ပြီ'ဟု ပြောနေသော မျက်နှာ ဝိုင်းဝိုင်းနှင့် ကောင်ကလေးကို ဖြတ်ကျော်သွား၏။

'အို နဲဗီးလ်ရယ်'ဟု အဘွားကြီး၏ သက်ပြင်းချသံကို သူ ကြားလိုက်ရသည်။

သော့ခလောက်တွေ ခတ်ထားသော သေတ္တာကလေးနှင့် ကောင်ကလေးကို လူအုပ်တစ်စုက ဝိုင်းနေ၏။

'တို့ ကြည့်ချင်တယ်ကွာ၊ လီရယ်... လုပ်စမ်းပါ'

ကောင်ကလေးက သူ ပွေ့ပိုက်ထားသော သေတ္တာကလေး၏ အဖုံးကို ဖွင့်ဟလိုက်သည်တွင် အတွင်းက အမွေးအမှင် ထူထပ်စွာနှင့် ခြေတံရှည် တစ်ခု ထွက်လာသဖြင့် ဝိုင်းနေသော လူတွေ အော်ဟစ်ကုန်ကြသည်။

www.burmeseclassic.com

ဟာရီသည် လူအုပ်ကြားထဲသို့ အတင်းဖိ၍ တိုးသွားရာ ရထား အဆုံးနားတွင် တွဲလွတ် တစ်ခုကို တွေ့ရတော့၏။ သူသည် ဟက်ဒွစ်ကို အရင် အတွင်းသို့ သွင်းလိုက်ပြီး သူ၏ သေတ္တာကြီးကို ရထား တံခါးပေါက်ဆီသို့ ချီမ တွန်းရွှေ့သည်။ ရထားတွဲ လှေကားထစ်များပေါ်သို့ မတင်ရန် ကြိုးစားသည်တွင် တစ်ဖက်ကိုပင် မနိုင့်တနိုင် ဖြစ်၍ ခြေထောက်ပေါ်သို့ နှစ်ကြိမ် လွတ်ကျ၏။

'အကူ လိုသလား'ပြောသူမှာ လက်မှတ်ပုံးဆီသို့ သူ့ နောက်က လိုက်ခဲ့သော ဆံပင်နီနီ အမြွှာညီနောင် အနက်မှ တစ်ဦးဖြစ်သည်။

'ဟုတ်တယ်၊ ကျေးဇူးပြု၍ တစ်ဆိတ်လောက်'ဟု ဟာရီက ဖုတ်လိုက်ဖုတ်လိုက် အသက်ရှူရင်း ပြော၏။

'ဟေ့ ဖရက်၊ ဒီလာပြီး ကူပါဦး'

အမြွှာညီနောင်တို့၏ အကူအညီဖြင့် ဟာရီ၏ သေတ္တာသည် နောက်ဆုံးတွင် ရထားတွဲ၏ အခန်းထောင့်တွင် ထိုးထည့်မိတော့၏။

'ကျေးဇူးပါပဲ'ဟု ဟာရီက ချွေးစိုရွှဲနေသော ဆံပင်ကို မျက်စိများနှင့် လွတ်အောင် တွန်းဖယ်ရင်း ပြောသည်။

'ဟိုဟာ ဘာလဲ'ဟု တစ်ယောက်သော အမြွှာက ဟာရီ၏ လျှပ်စစ်မိုးကြိုးပုံ အမာရွတ်ကို လက်ညှိုးညွှန်၍ လွှတ်ခနဲ ပြောလိုက်၏။

'အလိုလေး'ဟု အခြားသော အမြွှာက ပြောသည်။ 'မင်းဟာ...'

'သူ ဟုတ်တာပေါ့'ဟု ပထမ အမြွှာက ပြော၏။ 'မဟုတ်ဘူးလား'ဟု သူက ဟာရီအား ဖြည့်စွက်မေးသည်။

'ဘာ ဟုတ်တာလဲ'ဟု ဟာရီက ပြောသည်။

'ဟာရီ ပေါ့တာ'ဟု အမြွှာညီနောင်က သံပြိုင်ပြောကြ၏။

'အို သူကိုး'ဟု ဟာရီက ပြော၏။ 'အဲလေ၊ ဟုတ်တယ်၊ ငါပဲ'

ကောင်ကလေး နှစ်ယောက်သည် ကြောင်စီစီနှင့် ငေးကြည့်ကြသည်။ ဟာရီသည် ရှိန်းခနဲ မျက်နှာနီသွားသလို ခံစားရ၏။ ထိုနောက် သူ သက်သာရာရချင်တော့ အသံ တစ်ခုသည် ဖွင့်ထားသော ရထားပေါက်ကို ဖြတ်၍ ဝင်လာလေသည်။

'ဖရက်၊ ဂျော့၊ နင်တို့ ရှိကြသလား'

'လာပြီ မာမီ'

ဟာရီကို နောက်ဆုံး ကြည့်ပြီးနောက် အမြွှာညီနောင်သည် ရထားတွဲပေါ်မှ ခုန်ချသွားကြလေ၏။

www.burmeseclassic.com

ဟာရီသည် ပြတင်းပေါက်နား ကပ်၍ ထိုင်၏။ ထိုနေရာက ဆိုလျှင် ကိုယ်တစ်ဝက် ကွယ်နေပြီး စကြံပေါ်က ဆံပင်နီ မိသားစုကို စောင့်ကြည့်နိုင်ပြီး သူတို့ ပြောဆိုနေသည်များကိုလည်း ကြားနိုင်ပေ၏။ သူတို့၏ အမေသည် လက်ကိုင်ပုဝါကို ထုတ်ယူလိုက်ပြီး ဖြစ်သည်။

'ရွန်၊ နင့် နှာခေါင်းမှာ ပေနေတယ်'

အငယ်ဆုံး ကောင်ကလေးသည် လွတ်အောင် ရှောင်ဖို့ ကြိုးစားသေး၏။ သို့သော် မိခင် ဖြစ်သူက ဖမ်းဆွဲ၍ နှာခေါင်းထိပ်ကို ပွတ်ပေးသည်။

'မာမီ နွတ်ပါ'သူက တွန့်လိမ်၍ ရုန်း၏။

'အား... ရော်နီကလေး နှာထောင်းမှာ တစ်ထုထု ပေနေတယ်'ဟု အမွှာ တစ်ယောက်က ပြောသည်။

'တိတ်'ဟု ရွန်က ပြော၏။

'ပါစီ ဘယ်မှာလဲ'ဟု သူတို့ အမေက မေးသည်။

'သူ အခု လာနေပါပြီ'

အကြီးဆုံး ကောင်ကလေးသည် ခြေလှမ်းကျဲကြီးများဖြင့် မြင်ကွင်းထဲ ဝင်လာလေ၏။ သူသည် လှိုင်းထလျက် ရှိသော သူ၏ ဟော့ဂဝပ် ဝတ်ရုံနက်ကြီးကို လဲထားပြီးပြီ ဖြစ်ရာ ဟာရီက သူ့ရင်ဘတ်ပေါ်တွင် အပေါ်က 'ပီ'(ဏ)အက္ခရာ ပါသော တောက်ပြောင်နေသည့် ငွေရောင် တံဆိပ်ကို မြင်မိသည်။

'ကြာကြာ မနေနိုင်ဘူး မေမေ'ဟု သူက ပြော၏။ 'ကျွန်တော်က ဟိုးရှေ့မှာ၊ အတန်းခေါင်းဆောင်တွေက တွဲ နှစ်တွဲ ရပါတယ်'

'အို...မင်းက အတန်းခေါင်းဆောင် တစ်ယောက်လား ပါစီ'ဟု အမွှာ တစ်ယောက်က လွန်စွာ အံ့ဩသော လေသံဖြင့် ပြောသည်။ 'စောစောက ပြောထားဖို့ ကောင်းတယ်၊ တို့ ဘာမှ မထင်ခဲ့မိဘူး'

'အသာနေစမ်းပါ၊ အဲဒီအကြောင်း သူ တစ်ခုခုပြောတာ ငါ မှတ်မိလိုက်ပါတယ်'ဟု အခြားသော အမွှာက ပြောသည်။ 'တစ်ကြိမ်'

'ဒါမှမဟုတ် နှစ်ကြိမ်'

'တစ်မိနစ်'

'တစ်နွေလုံး'

'အို၊ တိတ်ကြစမ်း'ဟု အတန်းခေါင်းဆောင် ပါစီက ပြောသည်။

'ဒါထက် ပါစီဟာ ဘယ်လိုလုပ်ပြီး ဝတ်ရုံ အသစ်တွေ ရသလဲ'ဟု အမြွှာတစ်ယောက်က ပြောသည်။

'သူက အတန်းခေါင်းဆောင်ကိုး'ဟု သူတို့၏ မိခင်က ချစ်စနိုးပြောသည်။ 'ကောင်းပြီ၊ အချစ်ကလေးရေ၊ အဆင်ပြေတဲ့ စာသင်နှစ် ဖြစ်ပါစေ၊ ဟိုရောက်ရင် ငါ့ဆီကို ဇီးကွက် တစ်ကောင် လွှတ်လိုက်နော်'

သူက ပါစီ၏ ပါးကို နမ်းလိုက်သည်တွင် ပါစီ ထွက်ခွာသွားသည်။ ထိုအခါ သူသည် အမြွှာညီနောင်ဘက် လှည့်လိုက်၏။

'ကဲ၊ မင်းတို့ နှစ်ယောက်၊ ဒီနှစ်တော့ ကောင်းကောင်း နေကြနော်၊ တကယ်လို့ ဇီးကွက် တစ်ကောင် ရောက်လာပြီး မင်းတို့ဟာ ... မင်းတို့ဟာ အိမ်သာကို ဖောက်ခွဲ ပစ်လိုက်တယ်များ ဆိုရင်'

'အိမ်သာကို ဖောက်ခွဲတယ် ဟုတ်လား၊ ကျွန်တော်တို့ ဘယ်တုန်းကမှ အိမ်သာကို မဖောက်ခွဲပါဘူး'

'ဘာပဲဖြစ်ဖြစ် စိတ်ကူးကတော့ ဂရိတ်ပဲ၊ ကျေးဇူးတင်ပါတယ် မာမီ'

'ဟဲ့၊ ရယ်စရာ မဟုတ်ဘူး၊ ပြီးတော့ ရွန်ကိုလည်း ကြည့်ပြီး စောင့်ရှောက်လိုက်'

'မပူပါနှင့်၊ ရော်နီကလေးဟာ ကျွန်တော်တို့နှင့် နံခြံုပါတယ်'

'တိတ်'ဟု ရွန်က ပြောပြန်၏။ ယခုပင် သူသည် အမြွှာ နှစ်ယောက်လောက် အရပ် မြင့်နေပေပြီ။ သူ၏ နှာခေါင်းမှာ သူ့အမေ ပွတ်သွားသော နေရာ၌ ပန်းရောင်အသွေး ရှိနေဆဲ ဖြစ်သည်။

'ဒီမှာ မာမီ၊ ဘာထင်လဲ၊ ရထားပေါ်မှာ ကျွန်တော်တို့ ခုတင် တွေ့ခဲ့တာ ဘယ်သူလို့ ထင်သလဲ'

ဟာရီသည် သူ ကြည့်နေတာကို သူတို့ မြင်မသွားအောင် လျင်မြန်စွာ နောက်သို့ မှီလိုက်၏။

'ဘူတာရုံထဲမှာ တုန်းက ကျွန်တော်တို့နားက ဆံပင် နက်နက်နှင့် ကောင်ကလေးကို သိတယ် မဟုတ်လား၊ သူ ဘယ်သူလဲ သိသလား'

'ဘယ်သူလဲ'

'ဟာရီ ပေါ့တာဗျ'

ကောင်မလေး၏ အသံကို ဟာရီ ကြားရသည်။

'အို မာမီ၊ ရထားပေါ် သွားပြီး သမီး သူ့ကို မတွေ့နိုင်ဘူးလား ဟင်၊ မာမီ လုပ်ပါ'

'သမီး တွေ့ပြီးပြီကော ဂင်နီ၊ အဲဒီကလေးဟာ သမီး တိရစ္ဆာန်ရုံထဲမှာ ပြုံးတူးပြတဲ ကြည့်ရမယ့်ဟာမျိုး မဟုတ်ဘူး သမီးရဲ့၊ ဖရက် တကယ်ပဲ သူလား၊ နင်တို့ ဘယ်လို သိသလဲ'

www.burmeseclassic.com

'သူ့ကို မေးကြည့်ပါလား၊ သူ့ရဲ့ အမာရွတ်ကို တွေ့ခဲ့တယ်၊ သူ့မှာ ရှိတယ်၊ လျှပ်စစ်မိုးကြိုးပုံလေ'

'သနားစရာပဲနော်၊ သူ တစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ စကြိုးပေါ် ဘယ်လို တက်ရမလဲလို့ မေးတုန်းက သူဟာ သိပ်ယဉ်ကျေးတာပဲ'

'အဲဒါ ထားးစမ်းပါဦး၊ ဘယ်သူလဲ ဆိုတာ သိတဲ့လူရဲ့ ပုံပန်းကို သူမှတ်မိမယ်လို့ ထင်သလား'

သူတို့၏ မိခင်သည် ရုတ်တရက် မျက်နှာ တည်သွားသည်။

'ဖရက်၊ သူ့ကို မမေးဖို့ငါ တားမြစ်တယ်၊ မလုပ်နှင့်၊ အတင်း သွားမမေးနှင့်၊ သူ့ရဲ့ ကျောင်းမှာ ပထမဆုံးနေ့ကို သတိပေးရသလို ဖြစ်နေမှာပေါ့'

'ကောင်းပြီ၊ စိတ်အေးအေး ထားးစမ်း'

ဝီစီမှုတ်သံ ထွက်ပေါ်လာ၏။

'မြန်မြန်လုပ်'ဟု သူတို့ အမေက ပြောသည်။ ကောင်ကလေး သုံးယောက်သည် ရထားပေါ်သို့ ကုတ်ကပ် တက်ကုန်ကြသည်။ သူတို့သည် မိခင်က နှုတ်ဆက် အနမ်း နမ်းနိုင်ရန် ပြတင်းပေါက်မှ ကုန်းထွက်ကြ၏။ သူတို့၏ ညီမငယ်ကလေးက ငိုလေတော့သည်။

'ဂင်နီ၊ မငိုနှင့်၊ ဇီးကွက်တွေ တစ်ပုံကြီး ပို့လိုက်မယ်'

'ဟော့ဂဝပ်က အိမ်သာခုံ ပို့လိုက်မယ်'

'ဂျော့'

'နောက်တာပါ မာမီ'

ရထားသည် ရွေ့လျားစပြု၏။ ကောင်ကလေးတွေ၏ မိခင်သည် ရယ်တစ်ဝက် ငိုတစ်ဝက် ဖြစ်နေသော သူတို့၏ ညီမလေးနှင့်အတူ လက်ပြရင်း ရထားကို အမီပြေးလိုက်လာရာ ရထားက အရှိန်ရလာလေ၏။ ဒီတော့မှ မိခင်ဖြစ်သူသည် နောက်တွင် လက်ပြကျန်ခဲ့တော့သည်။

ရထားသည် ကွေ့သွားသဖြင့် ကောင်မလေးနှင့် သူ့အမေတို့ ပျောက်ကွယ်သွားသည် အထိ ဟာရီက စောင့်ကြည့်နေသည်။ အိမ်များသည် ရထားပြတင်းကို တရိပ်ရိပ်နှင့် ဖြတ်ပြေးနေကြသည်။ စိတ်လှုပ်ရှားမှု လွှားခနဲ ခုန်တက်သွားသလို ဟာရီ ခံစားရ၏။ ဘာတွေ ဖြစ်လာမည်ကို သူ မသိပါ။ ဒါပေမဲ့ နောက်တွင် ချန်ခဲ့ရသည့် အဖြစ်ထက်တော့ ပိုမို၍ ကောင်းပါလိမ့်မည်။

ရထားတွဲမှ တံခါးသည် လျှောခနဲ ပွင့်သွားပြီး အငယ်ဆုံး ဖြစ်သော ဆံပင်နီနီနှင့် ကောင်ကလေး ဝင်ရောက်လာ၏။

www.burmeseclassic.com

'ဒီထိုင်ခုံမှာ လူရှိသလား'ဟု ဟာရီ၏ မျက်နှာချင်းဆိုင်က ထိုင်ခုံကို လက်ညှိုးထိုးပြရင်း သူကမေးသည်။ 'တခြားနေရာတွေ အားလုံး ပြည့်ကျပ်နေတယ်'

ဟာရီက ခေါင်းခါပြ၍ ကောင်ကလေးက ထိုင်ချလိုက်သည်။ သူသည် ဟာရီကို တစ်ချက် ကြည့်လိုက်ပြီးနောက် မကြည့်သလို ပုံမျိုးနှင့် ပြတင်းပေါက်အပြင်သို့ လျင်မြန်စွာကြည့်၏။ သူ့နှာခေါင်းပေါ်တွင် အမည်းမှတ် ရှိနေသေးသည်ကို ဟာရီ မြင်ရသည်။

'ဟေ့ ရွန်'

အမွှာညီနောင် ပြန်ရောက်လာကြ၏။

'ဒီမှာ ကြည့်စမ်း၊ ငါတို့ ရထားတွဲ အလယ်က လျှောက်သွားတော့ လီဂျော်ဒန်ရဲ့ တရန်းဂျူလာ ပင့်ကူကြီးကို အဲဒီမှာ တွေ့ခဲ့တယ်'

'ဟုတ်တယ်'ဟု ရွန်က ဗလုံးဗထွေး ပြောသည်။

'ဟာရီ'ဟု အခြားသော အမွှာက ခေါ်၏။ 'တို့ကိုယ်တို့ မိတ်မဆက်ရသေးဘူးနော်၊ ဖရက်နှင့် ဂျော့ ဝီးဇလီပါ၊ ဒါက တို့ရဲ့ ညီလေး ရွန်လေ၊ နောက်မှ တွေ့ကြသေးတာပေါ့'

'ဘိုင့်ဘိုင်'ဟု ဟာရီနှင့် ရွန်တို့က ပြောသည်။ အမွှာညီနောင်သည် ဆွဲတံခါးကို ပိတ်၍ ထွက်သွားကြလေ၏။

'မင်းဟာ ဟာရီ ပေါ့တာလား' ဟု ရွန်က လွှတ်ခနဲ မေးသည်။

ဟာရီက ခေါင်းညိတ်ပြ၏။

'အို၊ ဖရက်နှင့် ဂျော့တို့က နောက်ပြန်ပြီလို့ ထင်နေတာ'ဟု ရွန်က ပြောသည်။ 'မင်းမှာလေ၊ ဟိုဟာ... ဟိုဟာ ရှိပါတယ်နော်'

သူက ဟာရီ၏ နဖူးကို လက်ညှိုး ညွှန်ပြ၏။

ဟာရီက လျှပ်စစ်မိုးကြိုး အမာရွတ်ကို မြင်သာအောင် ဆံမြိတ်ကို ဖယ်ရှားလိုက်သည်။ ရွန်က စိုက်ကြည့်၏။

'အဲဒီနေရာဟာ ဘယ်သူလဲ ဆိုတာ သိတဲ့လူက...'

'ဟုတ်တယ်'ဟု ဟာရီက ပြောသည်။ 'ဒါပေမဲ့ ငါ မမှတ်မိတော့ဘူး'

'ဘာကိုမှ မမှတ်မိတာလား'ဟု ရွန်က စိတ်ထက်သန်စွာဖြင့် မေးသည်။

'အင်း မီးရောင် စိမ်းစိမ်းကို တစ်ဝကြီး တွေ့ရတာကိုပဲ မှတ်မိတယ်၊ တခြား ဘာကိုမှ မမှတ်မိတော့ဘူး'

www.burmeseclassic.com

'ဝိုး'ဟု ရွှန်က ပြော၏။ သူသည် ထိုင်၍ ခဏကြာအောင် ဟာရီကို စိုက်ကြည့်သည်။ ထိုနောက် သူ့ဘာသာသူ ဘာလုပ်နေမိသည် ဆိုခြင်းကို ရုတ်တရက် သတိပြုမိသလို ဖြစ်ကာ ပြတင်းပေါက် အပြင်ဘက်သို့ လျှင်မြန်စွာ ကြည့်လိုက်ပြန်လေတော့သည်။

'မင်းတို့ မိသားစုတွေ အားလုံး မှော်ဆရာတွေချည်းပဲလား'ဟု ရွှန်က သူ့ကို စိတ်ဝင်စားသလို သူကလည်း ရွှန်ကို ပြန်၍ စိတ်ဝင်စားမိသဖြင့် ဟာရီက မေး၏။

'အား၊ ဟုတ်တယ်၊ ဟုတ်တယ် ထင်တာပဲ'ဟု ရွှန်က ပြောသည်။ 'မာမီ့မှာတော့ နှစ်ဝမ်းကွဲ မောင် တစ်ယောက်တော့ ရှိတယ်၊ သူက စာရင်းကိုင်လေ၊ ဒါပေမဲ့ တို့ဟာ သူ့အကြောင်း ဘယ်တော့မှ မပြောကြဘူး'

'ဒါဆိုရင် ခုလောက်ဆို မင်းတို့ဟာ မှော်အတတ်ကို တစ်ပုံကြီး တတ်နေရောပေါ့'

'ဝီးဇလီတို့သည် ဒိုင်ယာဂွန် လမ်းကြား၌ ဖြူဖပ်ဖြူရော် ကောင်ကလေး ပြောသော ရှေးကျသည့် မှော်ဆရာ မိသားစုတွေထဲက မိသားစု တစ်ခု ဖြစ်ကြောင်း ထင်ရှားပါသည်။

'မင်းဟာ မတ်ဂယ်တွေနှင့် သွားနေရတယ်လို့ ကြားတယ်'ဟု ရွှန်က ပြော၏။ 'သူတို့တွေက ဘာနှင့် တူသလဲ'

'စိတ်ပျက်စရာပါကွာ၊ အဲ... မတ်ဂယ်တွေ အားလုံးတော့ မဟုတ်ပါဘူး၊ ငါ့အဒေါ်၊ ဦးလေး၊ ဝမ်းကွဲ ညီအစ်ကိုတော်ကတော့ စိတ်ပျက်စရာပါ၊ ငါ့မှာ မှော်ဆရာ ညီအစ်ကို သုံးယောက် ရှိချင်လိုက်တာ'

'ငါးယောက်ကွ'ဟု ရွှန်က ပြော၏။ အကြောင်း တစ်ခုခုကြောင့် သူသည် ညှိုးငယ်သွားသည်။ 'ဟော့ဂဝပ်ကို သွားတဲ့ ငါတို့ မိသားစုထဲမှာ ငါကခြောက်ယောက်မြောက်ပဲ၊ ငါတော်တော် မီအောင် လိုက်ရမှာကွ၊ ဘီလ်နှင့် ချာလီတို့က ကျောင်းထွက်သွားကြပြီ၊ ဘီလ်က လူရည်ချွန်၊ ချာလီက ကွစ်ဒစ်ချ်ရဲ့ အသင်းခေါင်းဆောင်၊ ဟော အခု ပါစီက အတန်းခေါင်းဆောင်၊ ဖရက်နှင့် ဂျော့ကတော့ တော်တော်ကလေး ဗရုတ်ကျတယ်၊ ဒါပေမဲ့ သူတို့တွေ အမှတ်တွေ ကောင်းကြတယ်၊ လူတိုင်းက သူတို့တွေဟာ ပျော်ပျော် နေတတ်ကြတယ်လို့ မြင်ကြတယ်လေ၊ လူတိုင်းက ငါ့ကို သူတို့တွေလို ဖြစ်မယ်လို့ မျှော်လင့်ကြတယ်၊ ဒါပေမဲ့ ငါ ဖြစ်မယ် ဆိုရင်တောင် တော်တော်ကြီး ကြိုးစားရမှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က ရှေ့က လုပ်ပြသွားကြတာကိုး၊ ညီအစ်ကို ငါးယောက်နှင့်ဆို မင်းဟာ ဘာကိုမှ ထူးချွန်အောင် လုပ်ပြလို့ ရမှာ မဟုတ်ဘူး၊ ငါ့မှာ ဘီလ်ရဲ့ ဝတ်ရုံဟောင်းတွေ၊ ချာလီရဲ့ ဆေးကြိမ်လုံးဟောင်း၊ ပါစီရဲ့ ကြွက်အဟောင်းကြီး၊ အဲဒါတွေ အားလုံး ရှိတယ်'

ရွှန်က သူ့ဂျက်ကက်ထဲ လက်နှိုက်၍ မီးခိုးရောင် ကြွက်ဝဝကြီး တစ်ကောင်ကို ဆွဲထုတ်လိုက်၏။ ကြွက်ကတော့ အိပ်ပျော်နေသည်။

'သူ့နာမည်က စကတ်ဘားလို့ ခေါ်တယ်၊ ဘာမှ အသုံးမကျဘူး၊ သူနိုးနေတယ်လို့ မရှိသလောက်ဘဲ၊ ပါစီဟာ အတန်းခေါင်းဆောင် ဖြစ်သွားလို့ ဒယ်ဒီ့ဆီက ဇီးကွက် တစ်ကောင် ရတယ်၊ ငါ့ကျတော့ စကတ်ဘားကိုပဲ ရတယ်လေ'

ရွှန်၏ နားရွက်များ နီမြန်းသွားသည်။ သူ့ စကားတွေ လွန်ကုန်ပြီဟု သူ ထင်မှတ်ပုံရ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ပြတင်းပေါက်ဘက် ပြန်လှည့်၍ အပြင်သို့ ကြည့်နေသောကြောင့် ဖြစ်သည်။

ဇီးကွက်တစ်ကောင် မထားရှိနိုင်ခြင်းသည် တစ်စုံတစ်ခု ချွတ်ယွင်းမှု ရှိနေခြင်း ဖြစ်သည်ဟု ဟာရီက မယူဆပါ။ တကယ်ဆိုလျှင် မိမိ၏ ဘဝတွင် လွန်ခဲ့သော တစ်လခန့် မတိုင်မီ အချိန်အထိ လက်ထဲတွင် ပိုက်ဆံ လုံးဝ မရှိခဲ့ပါ။ သူက ထိုသို့ ပိုက်ဆံ မကိုင်ရပုံ၊ ဒတ်ဒလီ၏ အကျႌတွေကို ဝတ်ရပုံ၊ မွေးနေ့လက်ဆောင် ဆို၍ ကောင်းကောင်းမွန်မွန် ဘယ်တော့မှ မရခဲ့ပုံများကို ရွန်အား ပြောပြသည်။ ဤစကားများသည် ရွန်ကို ရွှင်လန်း တက်ကြွစေပါသည်။

'...ဟတ်ဂရစ်က ငါ့ကို မပြောခင်က ဆိုရင် မှော်ဆရာ ဖြစ်ရတဲ့ အကြောင်းတွေ၊ ငါ့မိဘ အကြောင်းတွေ၊ ဗော်လ်ဒီမော့ အကြောင်းတွေ ငါ မသိခဲ့ဘူး'

ရွန်က သက်ပြင်းချလိုက်၏။

'ဘာဖြစ်တာလဲ'ဟု ဟာရီက ပြောသည်။

'ဘယ်သူလဲ ဆိုတာ သိတဲ့လူရဲ့ နာမည်ကို မင်း ရွတ်လိုက်တယ်ကော'ဟု ရွန်က အလန့်တကြား ဖြစ်ခြင်းတစ်ဝက်၊ ဟာရီကို အထင်ကြီးခြင်း တစ်ဝက် ပါဝင်သော လေသံဖြင့် ပြော၏။ 'ငါ ထင်ပါတယ်၊ မင်းဟာ လူတွေထဲမှာ...'

'သူ့နာမည်ကို ပြောလိုက်တာ၊ ငါ သတ္တိကောင်းတာ ဖြစ်ဖို့ ကြိုးစားတာ မဟုတ်ပါဘူးကွာ'ဟု ဟာရီက ပြောသည်။ 'သူ့နာမည်ကို မပြောရဘူးဆိုတာ မသိလို့သာပါ၊ ငါပြောတာ နားလည်ပြီ မဟုတ်လား၊ ငါ သင်ယူမှတ်သားစရာတွေ တစ်ပုံကြီး ရှိသေးသကိုး၊ တကယ်ပါပဲလေ'ဟု မကြာသေးခင်ကစ၍ သူ့ကို များစွာ ပူပန်စေခဲ့သော အကြောင်း တစ်စုံတစ်ခုကို ပထမဆုံး အကြိမ်အဖြစ် ထုတ်ဖော်သောအားဖြင့် သူက ဆက်ပြော၏။ 'တကယ်ပါပဲလေ၊ ငါဟာ အတန်းထဲမှာ အညံ့ဖျင်းဆုံး ဖြစ်မှာ သေချာပါတယ်'

'မင်း အညံ့ဖျင်းဆုံး ဖြစ်မှာ မဟုတ်ဘူး၊ မတ်ဂယ် မိသားစုတွေထဲက လာပြီး မြန်မြန်ဆန်ဆန်ပဲ သင်ယူ တတ်မြောက်တဲ့ လူတွေ တစ်ပုံကြီး ရှိပါတယ်'

သူတို့ စကားပြောနေခိုက်တွင်ပင် ရထားသည် သူတို့ကို လန်ဒန်မြို့ အပြင်ဘက်သို့ သယ်ယူသွားလေသည်။ ယခုအချိန်တွင် သူတို့သည် နွားများ၊ သိုးများဖြင့် ပြည့်နေသော ကွင်းပြင်များကို အရှိန်ဖြင့် ဖြတ်ကျော်နေကြလေပြီ။ လှစ်ခနဲ လှစ်ခနဲ ဖြတ်သွားသော ကွင်းကျယ်များ၊ လမ်းငယ်များကို ငေးကြည့်နေကြရင်း သူတို့သည် ခဏတော့ တိတ်ဆိတ်နေကြသည်။

ဆယ့်နှစ်နာရီခွဲနား တစ်ဝိုက် ရောက်သောအခါ အပြင်ဘက် စင်္ကြံတွင် ချိုးချိုးချောက်ချောက် အသံများ ဆူညံစွာ ထွက်ပေါ်လာပြီးနောက် ပြုံးရယ်နေသော ပါးချိုင့်နှင့် အမျိုးသမီးသည် သူတို့၏ တံခါးကို လျှောတိုက်ဖွင့်၍ ပြော၏။

'လက်တွန်းလှည်းကလေးထဲက ဝယ်ချင်တာများ ရှိကြသေးသလား ကလေးတို့'

နံနက် အိပ်ရာထ မိုးသောက်စာကို မစားခဲ့ရသော ဟာရီသည် ခုန်၍ ထလိုက်၏။ သို့ရာတွင် ရွန်၏ မျက်နှာသည် နီမြန်းသွားပြန်ကာ သူသည် ဆင်းဒဝစ်များ ယူလာခဲ့ကြောင်းကို ဗလုံးဗထွေး ပြောသည်။ ဟာရီသည် တွဲတွင်း စင်္ကြံလမ်းကလေးသို့ ထွက်လိုက်၏။

ဒါစလီတို့နှင့် နေခဲ့ရစဉ်က သရေစာ သကြားလုံးတို့ကို ဝယ်စားစရာ ပိုက်ဆံ မရှိခဲ့ပါ။ ယခုတော့ သူ့အိတ်ထဲတွင် ရွှေတွေ၊ ငွေတွေ တချွင်ချွင်နှင့် ဖြစ်နေရကား မားစ် ချောကလက် အတောင့်များကို သူ သယ်နိုင်သလောက် ဝယ်ရန်

အသင့် ဖြစ်နေလေပြီ။ သို့သော် ဈေးသည် မိန်းမတွင် မားစ် ချောကလက် အတောင့်များ မပါရှိပါ။ သူ့မှာ ရှိတာတွေက ဘာတီ ဘော့၏ အနံ့ အရသာစုံ ပဲများ၊ ဒရူးဘဲ၏ အကောင်းဆုံး ဘဝင်းဂမ်းများ၊ ချောကလက်ဖာများ၊ ရွှေဖရုံသီး အသားသွတ် မုန့်များ၊ ဒယ်အိုးကြီး ကိတ်မုန့်များ၊ နွယ်ချို ဆေးကြိမ်လုံးများတို့ အပြင် ဟာရီ တစ်သက်နှင့် တစ်ကိုယ် မမြင်ဖူးခဲ့သော အခြား ထူးဆန်းသော အရာများ ဖြစ်သည်။ ဘယ်ဟာကိုမှ မလွှတ်ချင်သဖြင့် နည်းနည်းစီ အစုံ ဝယ်ယူကာ သူသည် ဈေးသည် မိန်းမအား ငွေဆစ်ကယ် ဆယ့်တစ်ပြားနှင့် ကြေးနတ် ခုနစ်ပြားတို့ကို ပေးလိုက်ရလေသည်။

ရထားတွဲထဲမှ အခန်းသို့ ပြန်ရောက်သောအခါ ဟာရီက ထိုမုန့်တွေအားလုံးကို ထိုင်ခုံလွတ်ပေါ်သို့ သွန်ချလိုက်သည်တွင် ရွန်က ပြူးကြည့်နေ၏။

'တော်တော် ဆာနေသလား'

'အရမ်း ဆာနေတာပေါ့' ရွှေဖရုံ အသားသွတ်မုန့်ကို အကြီးကြီး ကိုက်ဖဲ့လိုက်ရင်း ဟာရီက ပြောသည်။

ရွန်က ခိုးခုလု ဖြစ်နေသော အထုပ် တစ်ထုပ်ကို ထုတ်ယူ၍ ဖြေလိုက်၏။ အထဲတွင် ဆင်းဒဝစ် လေးခု ပါသည်။ သူသည် တစ်ခုကို ဖြဲပစ်လိုက်ပြီး ပြောသည်။ ဆားလူးထားတဲ့ အမဲသားကို ငါ မကြိုက်တာ ငါ့ အမေဟာ အမြဲတမ်း မေ့တယ်'

'ဒါ တစ်ခုနှင့် လဲ စားပါဦးလား'ဟု ဟာရီက အသားသွတ်မုန့်တွေကို မြှောက်ပေးရင်း ပြော၏။ 'ယူပါကွ'

'မင်းက ဒါကို စားချင်မှာ မဟုတ်ပါဘူး၊ အကုန်လုံး ခြောက်နေတာပဲ' ဟု ရွန်က ပြောသည်။ 'အမေက အချိန် သိပ်မရဘူးလေ' ဟု သူက ကပျာကယာ ဆက်ပြောသည်။ 'မင်း သိတယ် မဟုတ်လား၊ ငါတို့က ငါးယောက်တောင် မဟုတ်လား'

'လုပ်ပါ၊ အသားသွတ် မုန့်တစ်ခုကို ယူစမ်းပါ'ဟု ဟာရီက ပြောသည်။ ယခင်ကဆိုလျှင် သူ့တွင် ဝေငှစရာ ဘယ်တုန်းကမှ မရှိခဲ့ပါ။ တကယ်တော့လည်း ဝေငှပေးရမည့်သူလည်း မရှိခဲ့ပါ။ တစ်လမ်းလုံး ဟာရီ၏ အသားသွတ်မုန့်များနှင့် ကိတ်မုန့်တွေကို စားရင်း ရွန်နှင့် အတူ ထိုင်သွားရသည်မှာ ကောင်းမွန်သော စိတ်ခံစားမှုကို ခံစားရပါသည်။ (ဆင်းဒဝစ်များကို ဘေးတွင် မေ့ထားကြ၏။)

'ဒါတွေက ဘာတွေလဲ'ဟု ဟာရီက ချောကလက်ဖားများ အထုပ်တစ်ထုပ်ကို မြှောက်ပြရင်း ရွန်အား မေး၏။ 'ဒါတွေဟာ တကယ်တော့ ဖားတွေ မဟုတ်ပါဘူးနော်' ဘာကမှ သူ့ကို အံ့သြစေနိုင်မည် မဖြစ်တော့သလို သူသည် ခံစားစပြုလာပေပြီ။

'ဟင့်အင်း'ဟု ရွန်က ပြောသည်။ 'ကတ်ပြားပေါ်မှာ ဘာရေးထားသလဲ၊ ကြည့်စမ်း၊ ကျွန်ုပ် အဂရစ်ပါကို လွမ်းနေပါသည်...တဲ့'

'ဘယ်လို'

'အို...အေး၊ မင်းသိမှာ မဟုတ်ဘူး၊ ချောကလက်ဖားတွေထဲမှာ ကတ်ပြားလေးတွေ ပါတယ်လေ၊ စုထားဖို့ပေါ့၊ နာမည်ကျော် စုန်းတွေ၊ မှော်ဆရာတွေ နာမည် ပါတယ်၊ ငါ့မှာ ကတ်ပြားပေါင်း ငါးရာလောက် ရှိတယ်၊ ဒါပေမဲ့ အဂရစ်ပါနှင့် တော်လမီတို့တော့ မပါဘူး'

ဟာရီက သူ၏ ချောကလက် ဖား အထုပ်ကို ဖြေ၍ ကတ်ပြားကို ကောက်ယူကြည့်သည်။ ယောကျ်ား တစ်ယောက်၏ မျက်နှာကို ဖော်ပြထားသည်။ လခြမ်းမျက်မှန်ကို တပ်ထား၍ ရှည်လျား ကွေ့ကောက်သော နှာခေါင်း၊ ရှည်လျား လွင့်ပါးနေသော ငွေရောင် ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့ ပါရှိသည်။ ရုပ်ပုံ၏ အောက်တွင် ပါရှိသည်ကား အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ ဟူသော အမည်ပင်တည်း။

'ဩော်... ဒါက ဒမ်ဗယ်လ်ဒေါကိုး'ဟု ဟာရီက ပြော၏။

'မင်းက ဒမ်ဗယ်လ်ဒေါ ဆိုတဲ့ နာမည်ကို မကြားဖူးလို့ ပြောဦးမလို့လား'ဟု ရွန်က ဆိုသည်။ 'ငါ ဖားတစ်ကောင် ထပ်စားပါရစေ၊ အဂရစ်ပါရချင်ရနေမှာ၊ အဲ... ကျေးဇူးပါပဲကွာ'

ဟာရီသည် သူ့ကတ်ပြားလေးကို ကျောဘက်လှန်၍ ဖတ်ရှု၏။

မကြာသေးခင်က ဟော့ဂဝပ်၏ ကျောင်းအုပ်ဆရာကြီး ဖြစ်သော အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ၊
လူအများက ယခုခေတ်တွင် အကြီးမြတ်ဆုံးသော မှော်ဆရာဟု ယူဆထားသည့်
ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါသည် ၁၉၄၅ခုတွင် အောက်လမ်း မှော်ဆရာဂရင်ဒယ်ဝေါ်ကို နှိမ်နင်းနိုင်ခဲ့၍ အထူး နာမည်ကျော်သည်။
နဂါး၏ သွေး အသုံး ဆယ့်နှစ်မျိုးကို ဖော်ထုတ်နိုင်ခဲ့၍ လည်းကောင်း၊ သူ့လုပ်ဖော် အတွဲဖြစ်သော နီးကလပ် ဖလမ်းမဲနှင့်အတူ လုပ်ကိုင်ခဲ့သော အဂ္ဂိရတ် လုပ်ငန်းကြောင့် လည်းကောင်း အထူးနာမည်ကျော်သည်။
ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါသည် ဝိုင်းငယ် တေးဂီတနှင့် တိုင်ဆယ်တိုင် ဘိုးလင်းကို နှစ်သက် သဘောကျ၏။

ဟာရီက ကတ်ပြားကို လှန်၍ ကျောဘက်ကို ကြည့်လိုက်သောအခါ သူ အံ့ဩသွားရအောင်ပင် ဒမ်ဗယ်လ်ဒေါ၏ မျက်နှာသည် ပျောက်ကွယ်သွားပြီ ဖြစ်၏။

'သူ မရှိတော့ဘူး'

'ဩော်... သူ တစ်နေ့လုံး ရှိနေဖို့ မင်းက မျှော်လင့်နေလို့ မရဘူး'ဟု ရွန်က ပြော၏။ 'သူ ပြန်လာမှာပါ၊ ကြည့်လေ... ငါ့မှာ မော်ဂါနာ ပြန်ရောက်နေပြန်ပြီ၊ အဲဒီ အမျိုးသမီးပုံ ခြောက်ခုလောက် ရှိတယ်၊ မင်း လိုချင်လား၊ စပြီး စုလို့ ရတာပေါ့'

ရွန်၏ မျက်လုံးများသည် စက္ကူပုတ် ဖြေဖို့ အသင့် စောင့်နေသော ချောကလက်ဖားများ အပုံဆီသို့ ရောက်သွားသည်။

'ယူစားလေ'ဟု ဟာရီက ပြော၏။ 'မင်း သိတယ် မဟုတ်လား၊ မတ်ဂယ်တို့ရဲ့ လောကမှာ လူတွေဟာ ဓာတ်ပုံဖြစ်သွားရင် နေနေတာပဲ'

'ဟုတ်လား၊ ဘယ်လိုလဲ၊ သူတို့ လုံးဝ မရွေ့ရှားတော့ဘူးလား'ရွန်၏ အသံမှာ အံ့ဩမှု ပါဝင်နေ၏။ 'ထူးဆန်းလိုက်တာ'

သူ့ကတ်ပြားပေါ်က ရုပ်ပုံထဲသို့ ဒမ်ဗယ်လ်ဒေါသည် ခိုးကြောင်ခိုးဝှက် ဝင်လာပြီး သူ့ကို ခပ်ပြုံးပြုံး ကြည့်လိုက်သည်ကို ဟာရီက ပြူးကြည့်မိတော့သည်။ ရွန်ကမူ နာမည်ကျော် စုန်းများနှင့် မှော်ဆရာများ ကတ်ပြားများကို ကြည့်ခြင်းထက် ဖားများကို စားခြင်းတွင် ပို၍ စိတ်ဝင်စားနေ၏။ သို့သော် ဟာရီကမူ ထိုကတ်ပြားများမှ မျက်စိကို မခွာနိုင်ပါချေ။ မကြာခင် သူ့တွင် ဒမ်ဗယ်လ်ဒေါနှင့် မော်ဂါနာတို့၏ ပုံများသာမက ဝတ်ခရော့မှ ဟင်းဂစ်၊ အာလ်ဘရစ် ဂရန်းနီယန်၊ စားစီ၊ ပါရာစဲလ်ဆပ်၊ မာလင်တို့၏ ပုံများပင် ရရှိနေလေပြီ။ နောက်ဆုံးတွင် သူသည် သူ့နှာခေါင်းကို သူကုတ်နေသော ဒရူးဝစ် အမျိုးသမီး ကလိုင်ယော့ဒနားထံမှ မျက်စိကို လွှဲဖယ်လိုက်ပြီး တာတီဘော့၏ အနံ့အရသာစုံ ပဲများ အိတ်ကို ဖွင့်လေတော့သည်။

'အဲဒါတွေကို ဆိုရင် သတိထားဖို့ လိုတယ်နော်'ဟု ရွန်က ဟာရီကို သတိပေးသည်။ 'အနံ့အရသာစုံလို့ သူတို့က ပြောရင် တကယ့်ကို အနံ့အရသာ စုံတာ သိလား၊ တွေ့နေကျ ဖြစ်တဲ့ ချောကလက်၊ ပက်ပါမင့်၊ သီးခွံယိုတွေကိုလည်း တွေ့ရမယ်၊ ဒါတွေတွင် မကဘူးကွ၊ ဟင်းနုနယ်ရော၊ သည်းခြေ၊ အမဲအူတွေကိုရော တွေ့ရသေးတယ်၊ ဂျော့များဆိုရင် တစ်ခါက သူဟာ မှင်စာ အနံ့အရာသာနှင့် ကြုံခဲ့သေးတယ်လို့ ထင်နေတယ်လေ'

ရွန်က ပဲစိမ်းကလေးကို ကောက်ယူ၍ပြီး သေသေချာချာ ကြည့်ကာ ထေင့်က ကိုက်လိုက်သည်။

'ဖရူးဖရူး... တွေ့လား၊ သစ်ညှောက်တွေ'

သူတို့သည် အနံ့အရသာစုံပဲများကို စားရင် ပျော်ရွှင်နေကြသည်။ ဟာရီက ပေါင်မုန့်မီးကင် အရသာ။အုန်းအနံ့ အရသာ၊ မီးဖုတ်ထားသည့် ပဲအရသာ၊ စတော်ဘယ်ရီ အရသာ၊ ဟင်း အရသာ၊ မြက် အရသာ၊ ကော်ဖီ အရသာ၊ ငါးသေတ္တာငါး အရသာတို့နှင့် ကြုံရရုံမက ရွန် မထိရဲသည့် မီးခိုးရောင် ပဲစေ့ကို အရဲစွန့်၍ ဝါးကြည့်ရာငရုတ်ကောင်း အနံ့အရသာကိုပါ ကြုံရလေသည်။

ပြတင်းပေါက်ကို တရိပ်ရိပ် ဖြတ်သန်းနေသော ကျေးလက် ရှုခင်းသည် တဖြည်းဖြည်းနှင့်ခေါင်၍ခေါင်၍ လာသည်။ သပ်ရပ်သော လယ်ကွင်းပြင်တွေ ပျောက်ကုန်၏။ တောအုပ်တွေ၊ ကွေ့ကောက်နေသော ချောင်းတွေ၊ အစိမ်းရင့်ရောင် ကုန်းမြင့်တွေ ဖြစ်လာကြသည်။

သူတို့၏ အခန်းတံခါး ခေါက်သံ ထွက်ပေါ်လာပြီးနောက် ဟာရီက ကိုးလေးပိုင်းသုံးပိုင်း စင်္ကြံတွင် တွေ့ခဲ့သော မျက်နှာဝိုင်းဝိုင်းနှင့် ကောင်ကလေး ဝင်လာ၏။ သူ့မျက်နှာတွင် မျက်ရည်တွေနှင့် ဖြစ်သည်။

'ခွင့်လွှတ်ပါ'ဟု သူက ဆို၏။ 'ငါ့ ဖားပြုပ်ကလေး တွေ့မိကြသလား'

သူတို့က ခေါင်းခါပြကြသောအခါ သူသည် ငိုကြွေး မြည်တမ်းတော့၏။ 'ပျောက်သွားပြီ၊ သူဒီလို ထွက်ထွက်သွားတာပဲ'

'ပြန်လာမှာပေါ့ကွာ'ဟု ဟာရီက ပြောသည်။

'ဟုတ်ပါတယ်'ဟု ကောင်ကလေးက စိတ်မချမ်းသာစွာ ပြော၏။ 'ဒါထက် သူ့ကို တွေ့ရင်ပေါ့လေ...'

သူ ပြန်ထွက်သွား၏။

'ဘာကြောင့်များ သူ စိတ်အနှောက်အယှက် ဖြစ်နေရတာလဲ မသိပါဘူး'ဟု ရွှန်ကပြောသည်။ 'ငါသာ ဖားပြုပ်ကို ယူလာခဲ့ရရင် မြန်မြန် ပျောက်ပစ်မှာပဲ၊ ခုတော့ ငါက စကတ်ဘားကို ခေါ်ခဲ့တာ မဟုတ်လား၊ ဒီတော့ စကားမပြောနိုင်ဘူး'

ကြွက်သည် ရွှန်၏ ပေါင်ပေါ်တွင် အိပ်ပျော်နေဆဲ ဖြစ်၏။

'သူ သေနေတာရင်လည်း ဖြစ်မယ်၊ သူသေတာနှင့် ရှင်တာ ဘာမှ မထူးခြားဘူး'ဟု ရွှန်က စက်ဆုပ်သလို ပြောသည်။ 'မနေ့က ငါ သူ့ကို အဝါရောင် ပြောင်းကြည့်တယ်၊ ပိုပြီး စိတ်ဝင်စားစရာ ကောင်းမလားလို့လေ၊ ဒါပေမဲ့ မန္တန်က တန်ခိုးမပြဘူး၊ ငါပြမယ် ကြည့်'

သူသည် သေတ္တာထဲတွင် မွှ၍ ရှာဖွေသည်။ ထို့နောက် ထုရိုက်ထားသလို ဖြစ်နေသော ဆေးကြိမ်လုံးကို ဆွဲထုတ်လိုက်၏။ ဆေးကြိမ်လုံးမှာ နေရာတော်တော်များများပင် ပွန်းပဲ့နေပြီး အဖျားဘက်၌ အဖြူရောင် ပစ္စည်းတစ်ခုသည် ပြောင်လက်နေသည်။

'ယူနီကောင်းရဲ့ အမွေးက ထွက်တော့မလို့ ဖြစ်နေတယ်၊ ဘာပဲ ဖြစ်ဖြစ်လေ…'

သူက ဆေးကြိမ်လုံးကို မြှောက်လိုက်စဉ် အခန်းတံခါးသည် လျှောပွင့်လာပြန်၏။ ဖားပြုပ်ပျောက်သော ကောင်ကလေး ပြန်ရောက်လာပြန်၏။ ဤအကြိမ်တွင်တော့ ကောင်မလေး တစ်ယောက်ပါ ပါလာသည်။ ကောင်မလေးက ဟော့ဂဝပ် ဝတ်ရုံ အသစ်ကို ဝတ်ဆင်ထားပြီ ဖြစ်၏။

'ဖားပြုပ်ကလေး တစ်ကောင် တွေ့ကြလား၊ နဲဗီးလ်က သူ့ဖားပြုပ် ပျောက်သွားလို့'ဟု သူက ပြောသည်။ သူ့အသံမှာ ဆရာ လုပ်ချင်သံ ပေါက်နေ၏။ ညိုသော ဆံပင် ဖုတ်သိုက်နှင့် ဖြစ်ပြီး ရှေ့သွားများမှာ တော်တော်ကလေး ကြီးသည်။

'မတွေ့ပါဘူးလို့ သူ့ကို ပြောလိုက်ပြီးပြီ ဥစ္စာ'ဟု ရွှန်က ပြော၏။ သို့ရာတွင် ကောင်မလေးသည် သူ့စကားကို နားမထောင်ဘဲ သူ့လက်ထဲက ဆေးကြိမ်လုံးကို ကြည့်နေသည်။

'အို..နင်က မှော်တန်ခိုး လုပ်မလို့လား၊ ကောင်းပြီ ကြည့်ကြရအောင်'

သူက ထိုင်ချလိုက်သည်။ ရွှန်က အံ့အားသင့်သွားပုံရ၏။

'အာ..အဲ…ကောင်းပြီလေ'

သူက လည်ချောင်းရှင်းလိုက်၏။

'နေရောင်၊ ဒေစီပန်းတွေ၊ ထောပတ်မှည့်လင်းနေ၊
ဒီငမိုက်သား ကြွက်ဝဝကို ဝါဝင်းစေ…'

www.burmeseclassic.com

သူသည် ဆေးကြိမ်လုံးကို ဝှေ့ယမ်း၏။သို့သော် ဘာမျှ ဖြစ်မလာချေ။ စကတ်ဘားသည် မီးခိုးရောင်ပင် ဖြစ်ပြီး အိပ်မောကျနေသည်။

'အဲဒီမန္တန်ဟာ အမှန်ဆိုတာ နင် သေချာရဲ့လား'ဟု ကောင်မလေးက ပြော၏။ 'တယ်ကောင်းပုံတော့ မရပါဘူး၊ အလေ့အကျင့် သဘောမျိုးနှင့် မန္တန် လွယ်လွယ်ကလေးတွေကို ငါ စမ်းဘူးတယ်၊ အားလုံး ဖြစ်တာချည်းပဲ၊ ငါ့ မိသားစုထဲမှာ ဘယ်သူမှ မှော်မတတ်ကြပါဘူး၊ ငါ စာရတော့ အတော့်ကို အံ့သြကုန်ကြတယ်၊ ငါကတော့ အရမ်းကျေနပ်တာပေါ့၊ ငါ ကြားဖူးထားတာ အဲဒါဟာ စုန်းအတတ်သင် ကျောင်းထဲမှာ အကောင်းဆုံး ဆိုတာကိုး၊ ပြဋ္ဌာန်းစာအုပ်တွေ အားလုံး ငါ အလွတ် ကျက်ပြီးပြီ၊ လုံလောက်ပြီလို့ ငါ မျှော်လင့်တာပဲ၊ ဒါထက်... ငါက ဟမိုင်းယွန်းနီ ဂရိန်ဂျာပါ၊ နင်တို့က ဘယ်သူတွေလဲ'

ထို စကားတွေ အားလုံးကို သူသည် အလွန်မြန်မြန် ပြောသည်။

ဟာရီက ရွန်ကို ကြည့်လိုက်ရာ ရွန်၏ ကြောင်အမ်းအမ်း မျက်နှာအရ သူသည်လည်း ပြဋ္ဌာန်းစာအုပ်တွေ အားလုံး အလွတ် မကျက်ရသေးကြောင်း တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားတော့၏။

'ငါက ရွန် ဝီးဇလီ'ဟု ရွန်က မကြားတကြား ပြောသည်။

'ဟာရီ ပေါ့တာ'ဟု ဟာရီက ပြော၏။

'တကယ်လား'ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'နင့်အကြောင်းကို ငါ အကုန်သိတာပေါ့၊ နောက်ခံထားဖတ်ဖို့ အထူးစာအုပ် နည်းနည်းပါးပါး ငါ့မှာ ရှိတယ်လေ၊ ခေတ်သစ် မှော်ပညာ သမိုင်း မှာရော၊ အောက်လမ်းပညာများ အတက်နှင့် အကျ မှာရော၊ နှစ်ဆယ့်တစ်ရာစုမှ မှော်ပညာ ဖန်တီးမှု ဖြစ်ရပ်ကြီးများ စာအုပ်မှာရော နင် ပါတယ်'

'ငါပါတယ်... ဟုတ်လား'ဟု ဟာရီက မူမိုက်သလို ခံစားရရင်းက ပြောသည်။

'ဖြစ်မှ ဖြစ်ရလေ၊ နင် မသိဘူးလား၊ ငါသာဆိုရင် ငါ့အကြောင်း ဘာမဆို သိအောင် ငါတတ်နိုင်သလောက် လုပ်ထားတယ်၊ နင် ဘယ်အသင်းထဲ ပါမလဲ သိလား၊ ငါတော့ လျှောက်မေးထားတာပဲ၊ ငါတော့ ဂရစ်ဖင်ဒါမှာ ပါမယ်၊ အဲဒါ အကောင်းဆုံး အသင်းပဲ၊ ဒမ်ဗယ်လ်ဒေါ ကိုယ်တိုင် အဲဒီအထဲမှာ ပါခဲ့တယ်လို့ထင်တယ်၊ ရေဗွင်ကလော ဆိုရင်လည်း မဆိုးပါဘူးလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ နဲဗီးလ်ရဲ့ ဖားပြုပ်ကို သွားရှာကြဦးမှ ဖြစ်မယ်၊ နင်တို့ နှစ်ယောက် အဝတ်လဲကြဖို့ ကောင်းပြီ၊ တို့ ဟိုကို ခဏကြာရင် ရောက်တော့မယ် သိလား'

ပြောပြောဆိုဆိုနှင့် သူ ထွက်သွားသည်။ ဖားပြုပ် မရှိတော့သော ကောင်ကလေးကို အတူ ခေါ်သွားသည်။

'ငါတို့ ဘယ်အသင်းထဲ ရောက်ရောက် သူ မပါပါစေနှင့်လို့ မျှော်လင့်ရမှာပဲ'ဟု ရွန်က ပြော၏။ သူသည် သူ၏ ဆေးကြိမ်လုံးကို သေတ္တာထဲသို့ ပြန်ပစ်ထည့်လိုက်သည်။ 'အလကား မန္တန်၊ ဂျော့က ပေးခဲ့တာလေ၊ အလကား ဟာဆိုတာ သူ သိမှာပါ'

'မင့် အစ်ကိုတွေက ဘယ်အသင်းတွေမှာလဲ'

'ဂရစ်ဖင်ဒါပေါ့'ဟု ရွန်က ပြော၏။ မှုန်တေတေ ဖြစ်မှုသည် သူ့အပေါ် ပြန်၍ ကျရောက်လာပြန်၏။ 'မာမီနှင့် ဒယ်ဒီတို့လည်း အဲဒီထဲ ပါခဲ့တာပဲ၊ ငါက အဲဒီထဲ မပါတော့ သူတို့ ဘာပြောကြမလဲ မသိဘူး၊ ရေဗွင်ကလောဆိုရင်လည်း မဆိုးဘူး ထင်ပါတယ်၊ ဒါပေမဲ့ သူတို့ ငါ့ကို ဆလိုင်သရင်ထဲ ထည့်ထားရင် ဘယ်လို ဖြစ်မလဲ တွေးကြည့်စမ်း'

'အဲဒါ ဖော်လ်.... အဲလေ... ဘယ်သူလဲ ဆိုတာ သိတဲ့လူ ပါခဲ့တဲ့ အသင်းလား'

'အေးပေါ့'ဟု ရွန်က ပြော၏။ သူသည် ထိုင်ခုံပေါ်သို့ ဖုတ်ခနဲ ပြန်ထိုင်ချလိုက်သည်။ စိတ်ဓာတ်တွေ ကျနေဟန် ရှိ၏။

'စကတ်ဘားရဲ့ နှုတ်ခမ်းမွေး ထိပ်ကလေးတွေဟာ နည်းနည်းတော့ အရောင် ဖျော့လာသလားလို့'ဟု ဟာရီက အသင်းတွေထဲက ရွန်၏ အာရုံကို လွှဲဖယ်ရန် ကြိုးစားသလို ပြောလိုက်လေသည်။ 'ဒါထက်... မင်းရဲ့ အစ်ကိုကြီးတွေက ကျောင်းထွက်ပြီး အခု ဘာလုပ်နေကြသလဲ'

မှော်ဆရာသည် ကျောင်းပြီးသွားသောအခါ ဘာတွေများ လုပ်ပါလိမ့်ဟူ၍ ဟာရီက စူးစမ်းနေမိခြင်း ဖြစ်၏။

'ချားလ်စ်က ရိုမန်းနီးယားမှာ နဂါးတွေကို လေ့လာနေတယ်၊ ဘီလ်ကတော့ အာဖရိကမှာ၊ ဂရင်းဂေါ့ အတွက် တစ်ခုခု လုပ်ပေးနေတယ်'ဟု ရွန်က ပြန်ပြောသည်။ 'ဂရင်းဂေါ့ အကြောင်း ကြားပြီးပြီလား၊ ပုရောဟိတ်နေ့စဉ် မှာ အားလုံးပါတယ်၊ ဒါပေမဲ့ ဒါဟာ မတ်ဂယ်တွေတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်၊ လုံခြုံရေး အတင်းကျပ်ဆုံး ဖြစ်တဲ့ ငွေတိုက်ခန်းကို တစ်ယောက်ယောက်က လုယက်ဖို့ ကြံစည်သတဲ့လေ'

ဟာရီ မျက်လုံးပြူးသွားသည်။

'တကယ်လား၊ အဲဒီလူတွေ ဘာဖြစ်သွားသလဲ'

'ဘာမှ ဖြစ်မသွားဘူး၊ အဲဒါကြောင့် အဲဒီသတင်းဟာ ဟိုးလေးတကျော် ဖြစ်သွားတာပေါ့၊ သူတို့ကို မမိဘူး၊ ဂရင်းဂေါ့ကို ဖြတ်ကျော်ဝင်ရောက်နိုင်ဖို့ ဆိုတာ အစွမ်းထက်တဲ့ အောက်လမ်းဆရာ တစ်ယောက်ဖြစ်ရမယ်လို့ ဒက်ဒီက ပြောတယ်၊ ဒါပေမဲ့ အဲဒီလူတွေက ဘာကိုမှ ယူမသွားဘူးတဲ့၊ အဲဒါ တစ်မျိုး ဖြစ်နေတာပေါ့၊ ဒါမျိုးဖြစ်ပြီဆိုရင် လူတွေက အဲဒီနောက်ကွယ်မှာ ဘယ်သူလဲ ဆိုတာ သိတဲ့ လူက ရှိနေမလား ဆိုပြီး လူတွေ ကြောက်ကုန်ကြတာပေါ့'

ဟာရီသည် ထိုသတင်းကို စိတ်ထဲတွင် ပြန်လှန် တွေးတောနေ၏။ ဘယ်သူလဲ ဆိုတာ သိတဲ့လူဟု ပြောလိုက်တိုင်း ကြောက်ချင်သလိုလို ခံစားရသည်။ ဤဟာသည် မှော်လောကထဲသို့ ဝင်လာမိသည့် အစိတ်အပိုင်း ဖြစ်မည် ထင်သည်။ သို့ရာတွင် ဘာမှ ပူပန်မှု မရှိဘဲ 'ဖော်လ်ဒီမော့'ဟု ပြောလိုက်ခြင်းက အများကြီး ပို၍ သက်သောင့်သက်သာ ရှိပေလိမ့်မည်။

'မင်းရဲ့ ကွစ်ဒစ်ချ် အသင်းက ဘာလဲ'ဟု ရွန်က မေးသည်။

'အာ...အဲ... ငါ ဘာမှ မသိဘူး'ဟု ဟာရီက ဝန်ခံ၏။

'ဘယ်လို'ရွှန်သည် အံ့အားသင့်၍ မှင်တက်မိသွားသလို ဖြစ်ရသည်။ 'အို... ငါပြောပြမယ်... အဲဒါဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး ကစားပွဲပဲ' ထိုနောက် သူသည် ဘောလုံး လေးလုံး၊ ကစားသူ ခုနစ်ဦး၏ နေရာယူပုံများ၊ သူ့အစ်ကိုတွေနှင့် အတူ သွားကြည့်ခဲ့ရသော နာမည်ကျော် ပွဲစဉ်များ၊ ပိုက်ဆံရှိလျှင် သူ လိုချင်သော တံမြက်စည်းတံ အကြောင်း စသည်တို့ကို ကရားရေလွှတ် ပြောတော့သည်။ သူသည် ကစားပွဲ၏ အကောင်းဆုံး အချက်များကို ရေရေလည်လည် ပြောကြားနေစဉ်မှာပင် တွဲထဲမှ အခန်းတံခါးသည် လျှောပွင့်လာပြန်သည်။ ဤတစ်ကြိမ်တွင်တော့ နဲမီးလ် တည်းဟူသော ဖားပြုပ်မဲ့ ကောင်ကလေးလည်း မဟုတ်၊ ဟမိုင်းယွန်းနီ ဂရိန်ဂျာလည်း မဟုတ်ချေ။

ကောင်ကလေး သုံးယောက် ဝင်လာကြ၏။ ဟာရီက အလယ်က ကောင်ကလေးကို ချက်ချင်း မှတ်မိလိုက်သည်။ မာဒမ် မာလ်ကင် ဝတ်ရုံဆိုင်မှ ဖြူဖပ်ဖြူရော် ကောင်ကလေး ဖြစ်၏။ ဒိုင်ယာဂွန် လမ်းကြားတွင် တွေ့ခဲ့ရစဉ်ကထက် များစွာ ပိုမိုသော စိတ်ဝင်စားမှုဖြင့် သူသည် ဟာရီကို ကြည့်နေသည်။

'အမှန်ပဲလား'ဟု သူက ပြောသည်။ 'ရထား တစ်စင်းလုံး သူတို့ ပြောနေကြတယ်၊ ဟာရီ ပေါ့တာဟာ ဒီအခန်းထဲမှာတဲ့၊ အဲဒါ မင်းပေါ့ ဟုတ်လား'

'ဟုတ်တယ်'ဟု ဟာရီက ပြောသည်။ သူသည် အခြား ကောင်ကလေးများကို ကြည့်နေ၏။ နှစ်ယောက်စလုံးမှာ တုတ်တုတ်ခိုင်ခိုင်နှင့် ဖြစ်ကြပြီး အလွန်တရာပင် အောက်တန်းကျပုံပေါက်သည်။ ဖြူဖပ်ဖြူရော် ကောင်ကလေး၏ တစ်ဖက်တစ်ချက်တွင် ရပ်နေသည် ဖြစ်ရာ ကိုယ်ရံတော်တွေပုံ ပေါက်နေ၏။

'အို ဒါက ခရပ်၊ ဒါက ဂွိုင်းလ်'ဟု ဖြူဖပ်ဖြူရော် ကောင်ကလေး ဟာရီ ဘယ်ကို ကြည့်နေသည်ကို သတိပြုမိ၍ ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။ 'ငါ့ နာမည်ကတော့ မာလ်ဖွိုင်း၊ ဒရာကို မာလ်ဖွိုင်း'

ရွှန်က ချောင်းအနည်းငယ် ဟန့်လိုက်၏။ မပွင့်တပွင့် ရယ်ချင်ခြင်းကို ဖုံးဖိခြင်း ဖြစ်ကောင်းပါသည်။ ဒရာကို မာလ်ဖွိုင်းက သူ့ကို ကြည့်၏။

'ငါ့နာမည်က ရယ်စရာ ကောင်းတယ်လို့ မင်းထင်သပေါ့လေ၊ မင်း ဘယ်သူလဲဆိုတာ မေးနေစရာ မလိုဘူး၊ ငါ့ အဖေက ပြောတယ်၊ ဝီးဇလီတွေ အားလုံးဟာ ဆံပင်နီတယ်၊ မှဲ့ခြောက်တွေ ရှိတယ်၊ ပြီးတော့ သူတို့ ကျွေးမွေး ပြုစုနိုင်တာထက် ကလေးတွေကို ပိုမွေးထားတယ်တဲ့'

သူသည် ဟာရီဘက် ပြန်လှည့်၏။

'တချို့ မှော်ဆရာမျိုးနွယ်တွေဟာ တခြား မှော်ဆရာမျိုးနွယ်တွေထက် အများကြီး ပိုကောင်းတယ် ဆိုတာ မကြာခင် မင်းတွေ့ပါလိမ့်မယ်၊ မင်းဟာ မဟုတ်တဲ့ အမျိုးအစားတွေကို မိတ်ဆွေ ဖြစ်ချင်မှာ မဟုတ်ပါဘူး၊ အဲဒီလို ရွေးချယ်ရေးမှာ ငါ ကူညီနိုင်ပါတယ်'

သူက ဟာရီနှင့် လက်ဆွဲနှုတ်ဆက်ရန် လက်ကို ကမ်းသည်။ သို့သော် ဟာရီက သူ့လက်ကို မဆွဲပါ။

'ဘယ်ဟာဟာ မဟုတ်တဲ့ အမျိုးအစား ဖြစ်တယ်ဆိုတာ ငါ့ဘာသာ ငါပြောနိုင်မယ်လို့ ထင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'ဟု သူက အေးတိအေးစက်ဖြင့် ပြန်ပြောသည်။

www.burmeseclassic.com

ဒရာကို မာလ်ဖွိုင်းသည် မျက်နှာတော့ နီမြန်းမသွားပါ။ သို့သော် သူ၏ ဖြူဖပ်ဖြူရော် ပါးများပေါ်တွင် ပန်းရောင် အသွေးကလေးကတော့ဖြင့် ပေါ်ပေါက်လာ၏။

'ပေါ့တာ၊ ငါသာဆို သတိထားမှာပဲ'ဟု သူက လေးတွဲ့စွာ ပြောသည်။ 'မင်းဟာ နည်းနည်းကလေး ပိုပြီး မယဉ်ကျေးဘူးဆိုရင် မင်းမိဘတွေလမ်းကို လိုက်ရမှာပဲ၊ သူတို့အတွက် ဘာက ကောင်းတယ် ဆိုတာ သူတို့လည်း မသိကြဘူးလေ၊ ဝီးဇလီတွေလို၊ ဟိုး ဟတ်ဂရစ်လို အောက်တန်းစား လူတွေနှင့် ပေါင်းနေမယ်ဆိုရင် အောက်တန်းကျတာတွေဟာ မင်းဆီကို ကူးစက်လာလိမ့်မယ်'

ဟာရီရော ရွန်ပါ မတ်တတ်ထလိုက်ကြသည်။ ရွန်၏ မျက်နှာမှာ သူ့ဆံပင်လောက်ပင် နီမြန်းနေ၏။

'အဲဒီစကားကို ပြန်ပြောစမ်း'ဟု သူက ဆိုသည်။

'သြော်.. မင်းတို့က တို့ကို ချမယ်ပေါ့လေ၊ ဟုတ်လား'ဟု မာလ်ဖွိုင်းက မခန့်လေးစား ပြောသည်။

'မင်းတို့ ခုချက်ချင်း ထွက်မသွားကြဘူး ဆိုရင်ပေါ့လေ'ဟု ဟာရီက သူ ခံစားရတာထက် ပို၍ ရဲရင့်စွာ ပြောမိ၏။ အဘယ့်ကြောင့်ဆိုသော် ခရပ်နှင့် ဂွိုင်းလ်တို့သည် သူ့ထက်ရော ရွန်ထက်ပါ များစွာ ကြီးမားကြသောကြောင့် ဖြစ်သည်။

'ဒါပေမဲ့ ငါတို့က ထွက်မသွားချင်ကြသေးဘူး၊ မဟုတ်ဘူးလား ကိုယ့်လူတို့၊ ငါတို့ရဲ့ စားစရာတွေ အားလုံး ကုန်ပြီ၊ မင်းတို့မှာက ကျန်နေသေးပုံ ရတယ်'

ဂွိုင်းလ်သည် ရွန်နားတွင် ရှိသော ချောကလက်ဖားများဆီသို့ လက်လှမ်း၏။ ရွန်က ရှေ့သို့ ခုန်ထွက်သည်။ သို့သော် သူသည် ဂွိုင်းလ်ကို ထိတောင် မထိရသေးပါ။ ဂွိုင်းလ်သည် မချိအဆံ့ အော်ဟစ်လိုက်လေတော့၏။

ကြွက်ကလေး စကက်ဘားသည် သူ့လက်ချောင်းတွင် တွဲလွဲ ခိုနေ၏။ ထက်လှစွာသော သွားများသည် ဂွိုင်းလ်၏ လက်ဆစ်ထဲ နစ်ဝင်နေကြသည်။ ဂွိုင်းလ်သည် ပတ်ချာလှည့်၍ အော်ဟစ် ညည်းညူကာ စကက်ဘားကို ခါပစ်နေစဉ် ခရပ်နှင့် မာလ်ဖွိုင်းတို့သည် နောက်သို့ ဆုတ်ကြသည်။ နောက်ဆုံးတွင် စကက်ဘားသည် လွင့်သွားပြီး ပြတင်းပေါက်မှန်ကို ရိုက်မိစဉ် သူတို့ သုံးယောက်သည် ချက်ချင်းပင် ပျောက်ကွယ်သွားကြတော့၏။ မုန့်တွေကြားထဲတွင် နောက်ထပ် ကြွက်တွေ ရှိနေသည်ဟု သူတို့ ထင်သွားကြသောကြောင့် ဖြစ်ချင်ဖြစ်မည်။ ခြေသံတွေ ကြားသောကြောင့် ဖြစ်ချင်ဖြစ်မည်။ အကြောင်း တစ်ခုခုကြောင့် သူတို့ လစ်ပြေးသွားကြခြင်း ဖြစ်မည်။ နောက် တစ်စက္ကန့်လောက် အကြာတွင် ဟမိုင်းယွန်းနီ ဂရန်ဂျာ ဝင်ရောက်လာသောကြောင့် ဖြစ်၏။

'ဘာတွေ ဖြစ်နေတာလဲ'ဟု သူက ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသော မုန့်များနှင့် စကက်ဘားကို အမြီးမှ ဆွဲ၍ ကောက်ယူနေသော ရွန်ကို ကြည့်ရင်း ပြောလိုက်သည်။

'သူ နောက်ကောက်ကျသွားပြီထင်တယ်' ဟု ရွန်က ဟာရီအား ပြောကြားသည်။ စကက်ဘားကို ပို၍ ကပ်ကြည့်လိုက်၏။ 'မဟုတ်ဘူး… မယုံနိုင်စရာပဲ၊ သူ ပြန်ပြီး အိပ်ပျော်နေပြီ'

အမှန်ပင် ကြွက်ကလေးသည် အိပ်ပျော်နေသည်။

'မာလ်ဖွိုင်းနှင့် အရင်က တွေ့ခဲ့ဖူးသလား'

ဟာရီက ဒိုင်ယာဂွန် လမ်းကြားတွင် သူတို့ ဆုံခဲ့ကြပုံကို ရှင်းပြောပြ၏။

'သူ့မိသားစု အကြောင်း ငါကြားဖူးတယ်'ဟု ရွန်က သုန်မှုန်စွာ ပြောသည်။ 'ဘယ်သူလဲ ဆိုတာ သိတဲ့ လူ ပျောက်သွားပြီးတဲ့နောက် တို့ဘက်ကို ပထမဆုံး ပြန်ရောက်လာတဲ့ လူတချို့ထဲမှာ သူတို့ပါတယ်၊ သူတို့ဟာ ပြုစားခံရတာလို့ သူတို့က ဆိုတာပဲ၊ ငါ့ ဒယ်ဒီကတော့ အဲဒါကို မယုံဘူး၊ မာလ်ဖွိုင်းရဲ့ အဖေဟာ အမှောင်ဘက်ကို ကူးပြောင်းသွားရေးမှာ ဆင်ခြေပေးစရာ မလိုဘူးလို့ ဒယ်ဒီက ပြောတယ်'သူသည် ဟမိုင်းယွန်းနီဘက်သို့ လှည့်လိုက်သည်။ 'ငါတို့ ဘာကူညီရမလဲ'

'မြန်မြန် လုပ်ပြီး ဝတ်ရုံတွေ လဲကြတော့လေ၊ ငါ ရထား ရှေ့ဘက်ကို သွားပြီး စက်ခေါင်းမောင်းတဲ့ လူကို မေးပြီးပြီ၊ သူက ခုပဲ ရောက်တော့မယ်တဲ့၊ နင်တို့တွေ ဖိုက်တင်ချနေကြတာ မဟုတ်ပါဘူးနော်၊ ငါတို့ ဟိုမရောက်ခင်မှာတွင် နင်တို့ ဒုက္ခတွေ့ကြလိမ့်မယ်'

'ငါတို့ မဟုတ်ဘူး၊ စကတ်ဘားက ဖိုက်တင်ချတာ'ဟု ရွန်က သုန်မှုန်စွာ ပြန်ပြောသည်။ 'ငါတို့ အဝတ်အစားလဲတုန်း နင် ထွက်သွားပေးမလား'

'ကောင်းပြီ၊ ငါ ဒီထဲ ဝင်လာရတာက အပြင်က လူတွေ ကလေးတွေလို ပြုမူနေကြလို့ပဲ၊ စင်္ကြံလမ်းကျဉ်းတွေမှာ အတင်းလုပြီး သွားလိုက်ပြန်လိုက် လုပ်နေကြတယ်လေ'ဟု ဟမိုင်းယွန်းနီက နှာရှုံ့သံဖြင့် ပြောသည်။ 'ဒါထက် နင့်မှာကလည်း နှာခေါင်းမှာ ဖုန်ပေနေပြီ၊ နင် သိလား'

သူ ထွက်သွားစဉ် ရွန်က ပြူးတူးပြဲတဲ ကြည့်၏။ ဟာရီက ပြတင်းပေါက်မှ အပြင်သို့ ချောင်းကြည့်သည်။ အပြင်ဘက်တွင် မှောင်စပြုနေပေပြီ။ ခရမ်းရင့်ရောင် ကောင်းကင်အောက်တွင် တောင်များနှင့် တောတွေကို သူ မြင်ရ၏။ ရထားသည် အရှိန်ကို လျှော့ချနေပုံ ရသည်။

သူနှင့် ရွန်တို့သည် ဂျက်ကက်တွေကို ချွတ်၍ ရှည်လျားသော ဝတ်ရုံနက်ကြီးများကို ဝတ်ကြသည်။ ရွန်အတွက်တော့ နည်းနည်း တိုနေသည်။ ဝတ်ရုံအောက်ဘက်တွင် အားကစား ဖိနပ်ကို မြင်နေရ၏။

အသံ တစ်သံသည် ရထားတစ်လျှောက် ပဲ့တင်ရိုက်သွားသည်။ 'ငါးမိနစ် အတွင်းမှာ ဟော့ဂဝပ်ကို ရောက်ကြတော့မယ်၊ ဝန်စည်စလှယ်တွေကို ရထားပေါ်မှာ ထားရစ်ကြပါ၊ အဲဒါတွေကို ကျောင်းကို သီးခြား သယ်သွားပေးမယ်'

စိတ်တုန်လှုပ်မှုကြောင့် ဟာရီ၏ ဝမ်းဗိုက်သည် လှုပ်ရှားသွားပြီး ရွန်သည်လည်း မဲ့ခြောက်တွေအောက်က မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်ကို သူ တွေ့ရသည်။ သူတို့သည် ကျန်သမျှသော မုန့်ချိုများကို အိတ်များတွင်းသို့ ထိုးသွတ် ထည့်သွင်းပြီး ရထားတွဲထဲမှ စင်္ကြံလမ်းတွင် စုပြုံပြည့်နှက်နေသော လူအုပ်ထဲသို့ ဝင်လိုက်ကြလေ၏။

ရထားသည် သိသိသာသာ အရှိန်လျှော့ချလိုက်ပြီးနောက် နောက်ဆုံးတွင် ရပ်သွားလေတော့၏။ လူများသည် တံခါးပေါက်ဆီသို့ တိုးဝှေ့သွားကြကာ မှောင်မိုက် သေးငယ်သော ပလက်ဖောင်း စင်္ကြံပေါ်သို့ ထွက်လိုက်ကြသည်။ ထိုအခါ မီးအိမ်တစ်ခုသည် ကျောင်းသားများ၏ ဦးခေါင်းတွေပေါ်မှ နိမ့်ချည်မြင့်ချည်နှင့် ရောက်ရှိလာပြီးနောက်

ဟာရီသည် အကျွမ်းဝင်နေသော အသံကို ကြားရ၏။ 'ပထမနှစ်တွေ... ပထမနှစ်တွေ...အဲဒီမှာလား၊ ဟေ့...မင်းရှိသလား...ဟာရီ'

ဦးခေါင်းတွေ တစ်ပြုံကြီးပေါ်မှ ဟက်ဂရစ်၏ အမွေးအမှင် ထူထပ်သော မျက်နှာကြီးသည် ထင်းခနဲ ပေါ်လာလေတော့သည်။

'လာကြ၊ ငါ့နောက် လိုက်ကြ၊ ပထမနှစ်တွေ ရှိကြသေးသလား၊ ကဲ သတိထားပြီး ခြေလှမ်းကြနော်၊ ပထမနှစ်တွေ ငါ့နောက် လိုက်ခဲ့ကြ'

ခြေချော်လိုက် ခလုတ်တိုက်လိုက်နှင့် သူတို့သည် မတ် ကျဉ်းမြောင်းသော လမ်းကလေးဟု ထင်ရသော လမ်းဖြင့် ဟက်ဂရစ်နောက်သို့ လိုက်ကြသည်။ ဘေးတစ်ဖက်တစ်ချက်မှာ မှောင်မိုက်လွန်းလှသဖြင့် သစ်ပင်များ ထူထပ်စွာ ရှိနေရမည်ဟု ဟာရီ တွေးမိ၏။ မည်သူကမျှ စကားများများ မပြောချေ။ ဖားပြုပ် ပျောက်ပျောက်နေသော နဲဗီးလ်သည်သာ တစ်ကြိမ် နှစ်ကြိမ်လောက် နှာရှုံ့သည်။

'တစ်စက္ကန့်လောက် အတွင်းမှာ ဟော့ဂဝပ်ကို ပထမဆုံး အကြိမ် မင်းတို့ မြင်ရတော့မယ်'ဟု ဟက်ဂရစ်က သူ့ပခုံးပေါ်မှ ကျော်၍ ပြောသည်။ 'ဟိုကွေ့ အလွန်ကလေးပဲ'

'အိုး'ဟူသော ကျယ်လောင်သည့် အသံ ထွက်ပေါ်လာ၏။

လမ်းကျဉ်းကလေးသည် ရုတ်တရက်ပင် ကြီးမားသော အနက်ရောင် ကန်ရေပြင်ကြီး အစွန်းဆီသို့ ဆိုက်ရောက်လာသည်။ ကန်၏ တစ်ဖက်ကမ်းမှ မြင့်မားသော တောင်ပေါ်တွင် ကြယ်စုံပြည့်နေသော ကောင်းကင်၌ ပြတင်းပေါက်တွေ တထိန်ထိန် ဖြစ်နေပြီး တည်ရှိနေသည်ကား ပြအိုး မျှော်စင်ပေါင်းများစွာနှင့် ကြီးမားသော ရဲတိုက်ကြီးပင် ဖြစ်ပေတော့၏။

'လှေတစ်စင်းမှာ လူလေးယောက်ထက် မပိုစေနှင့်'ဟု ဟက်ဂရစ်က ရေစပ်တွင် ရပ်တည်နေကြသော လှေငယ်ကလေးများ အုပ်စုသို့ လက်ညှိုးညွှန်ပြရင်း အော်ပြောသည်။ ဟာရီနှင့် ရွန်တို့၏ လှေပေါ်တွင် နဲဗီးလ်နှင့် ဟမိုင်းယွန်းနီတို့လည်း လိုက်တက်ကြ၏။

'အားလုံး တက်မိပြီလား'ဟု သူကိုယ်တိုင် လှေတစ်စီးပေါ်တွင် ရောက်နေသော ဟက်ဂရစ်က အော်မေး၏။ 'ကောင်းပြီ... ဒါဖြင့် ရှေ့ကိုသွား'

ထိုအခါ လှေငယ်ကလေးများ အုပ်စုသည် တစ်ပြိုင်နက်ပင် မှန်သားပြင်ကဲ့သို့ ချောမွတ်နေသော ကန်ရေပြင်ကို ဖြတ်၍ လျှောထွက်သွားကြတော့သည်။ အားလုံးသည် ဦးခေါင်းပေါ်မှ ရဲတိုက်ကြီးကို မော့ကြည့်နေပြီး တိတ်ဆိတ်နေကြ၏။ ရဲတိုက်ကြီးသည် သူတို့အပေါ် မိုးနေသည်။ သူတို့သည် ရဲတိုက်ကြီး တည်ရှိရာ တောင်ထွတ်နှင့် နီးနီးလာကြသည်။

'ခေါင်းတွေ ငုံ့ကြ'ဟု ပထမဆုံးသော လှေများ တောင်ကမ်းပါးဆီသို့ ကပ်ရောက်သည်တွင် ဟက်ဂရစ်က အော်လိုက်၏။ သူတို့အားလုံး ဦးခေါင်းတွေကို ငုံ့လိုက်ကြသည်တွင် လှေကလေးများသည် ကန့်လန့်ကာကြီးလို ဖြစ်နေသည့် နံရံကပ် အိုင်ဗီပင်နွယ်များကို ဖြတ်ကျော်၍ ကျောက်ကမ်းပါးရှိ အပေါက်ကျယ်ကြီးတွင်းသို့ သယ်ဆောင်သွားလေသည်။ ရဲတိုက်ကြီး၏ အောက်တည့်တည့်ဟု ယူဆရသော မှောင်မိုက်သည့်

www.burmeseclassic.com

လိုဏ်ခေါင်းတစ်လျှောက် ပါသွားကြပြီး မြေအောက်လှေဆိပ်သဖွယ် ဖြစ်နေသော နေရာဆီသို့ ရောက်လာကြလေ၏။ သူတို့သည် ကျောက်တုံးများ၊ ကျောက်စရစ်ခဲများပေါ်သို့ ခဲခဲယဉ်းယဉ်း တက်ကြရသည်။

'ဟိတ်… ဟိုကကောင်၊ ဒါ မင်း့ ဖားပြုပ်လားဟု လှေကားပေါ်က လူတွေ ဆင်းနေသည်ကို စစ်ဆေး ကြည့်ရှုနေသော ဟတ်ဂရစ်က ပြောသည်။

'ထရဲဗွား'ဟု စိတ်ချမ်းသာသွားသလို နဲဗီးလ်က လက်များကို ဆန့်တန်း၍ အော်သည်။ ထို့နောက် သူတို့သည် ဟတ်ဂရစ်၏ မီးအိမ်နောက်မှ လိုက်ရင်း ကျောက်လမ်းကလေးကို ခဲခဲယဉ်းယဉ်း သွားကြရာ ရဲတိုက်ကြီး၏ အရိပ်အာဝါသတွင်းမှ ချောမွေ့ စိုထိုင်းသော မြက်များပေါ်သို့ ရောက်ရှိခဲ့ကြတော့၏။

သူတို့သည် ကျောက်လှေကားထစ်များကို တက်ကြပြီးနောက် ကြီးမားသော ဝက်သစ်ချသား အရှေ့တံခါးကြီးတွင် ဝိုင်း၍ စုပြုံရပ်မိကြသည်။

'အားလုံး စုံပြီနော်၊ ဟေး မင်းဖားပြုပ် ရှိပါသေးတယ်နော်'

ဟတ်ဂရစ်သည် ဧရာမ လက်သီးကြီးကို မြှောက်၍ ရဲတိုက်တံခါးကို သုံးချက်တိတိ ခေါက်လိုက်လေ၏။

အခန်း ခုနစ်

ရွေးချယ်ပေးသော ဦးထုပ်

တံခါးသည် ချက်ချင်းပင် ဟင်းလင်းပွင့်သွားသည်။ မြစိမ်းရောင် ဝတ်ရုံကြီးကို ဝတ်ဆင်ထားသော အရပ်ရှည်ရှည် ဆံပင်နက်နက်နှင့် စုန်းမ တစ်ယောက်သည် ရပ်နေ၏။ သူ့မျက်နှာမှာ တည်လွန်းလှသည်ဖြစ်ရာ သူ့ကို စိတ်ဆိုးအောင် မပြုလုပ်သင့်သူ ဟူသော အတွေးသည် ဟာရီ၏ ပထမဆုံး ပေါက်လာသော အတွေးဖြစ်၏။

'ပထမနှစ်တွေပါ ပရိုဖက်ဆာ မက်ဂေါ်နဂေါ်'ဟု ဟတ်ဂရစ်က ပြောသည်။

'ကျေးဇူးတင်ပါတယ် ဟတ်ဂရစ်၊ ဒီကနေ ကျွန်မ လွှဲယူလိုက်ပါ့မယ်'

သူက တံခါးကို ပို၍ ကျယ်ကျယ် ဆွဲဖွင့်သည်။ အဝင်ဝ ခန်းမကြီးသည် အလွန်ပင် ကျယ်ဝန်းလေရာ ဒါစလီတို့၏ အိမ်တစ်အိမ်လုံး ထည့်ထား၍ ရနိုင်၏။ ကျောက်နံရံများတွင် ဂရင်းဂေါ့မှာကဲ့သို့သော မီးတုတ်ကြီးများဖြင့် ထွန်းလင်းနေသည်။ အပေါ် မျက်နှာကြက်မှာ မြင့်လွန်းသဖြင့် မမြင်ရချေ။ သူတို့၏ မျက်နှာချင်းဆိုင်မှ ခံ့ညား ထည်ဝါလှသော စကျင်ကျောက်လှေကားကြီးသည် အပေါ်ထပ်များသို့ ပေါက်၏။

သူတို့သည် ကျောက်ပြားခင်းထားသော ကြမ်းပြင်ကို ဖြတ်၍ ပရိုဖက်ဆာ မက်ဂေါ်နဂေါ် နောက်သို့ လိုက်သွားကြသည်။ လက်ယာဘက်ရှိ တံခါးပေါက်ဆီမှ ရာပေါင်းများစွာသော တစီစီ အသံများကို ဟာရီ ကြားရသည်။ ကျန်သော အတန်းများမှ ကျောင်းသားတွေ ထိုအထဲတွင် ရောက်နေကြဟန် တူ၏။ သို့ရာတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် ပထမနှစ်များကို ခန်းမမှလှမ်းလှမ်း အခန်းလွတ်ကလေးဆီသို့ ခေါ်သွားသည်။

သူတို့သည် စုပြုံနေကြပြီး တစ်ယောက်နှင့် တစ်ယောက် သာမန်ထက်ပို၍ ကပ်နေကြကာ ပတ်ဝန်းကျင်ကို တုန်လှုပ်စွာနှင့် သေသေချာချာ ကြည့်နေကြ၏။

'ဟော့ဂဝပ်က ကြိုဆိုပါတယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောသည်။ 'သင်တန်း အစ စားသောက်ပွဲက မကြာခင် စတင်တော့မှာပါ၊ ဒါပေမဲ့ မဟာခန်းမကြီးထဲမှာ မင်းတို့ နေရာ မယူခင် မင်းတို့တွေကို ဘယ်အသင်းအဖွဲ့ထဲ ပါရမယ် ဆိုတာ ရွေးချယ်လိမ့်မယ်၊ ရွေးချယ်ပွဲဟာ အလွန်အရေးကြီးတဲ့ အခမ်းအနားဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ ဒီမှာရှိနေသရွေ့ မင်းတို့နှင့် သက်ဆိုင်တဲ့ အသင်းအဖွဲ့ဟာ ဟော့ဂဝပ်ထဲမှာ မင်းတို့ရဲ့ မိသားစုသဘော ဆောင်နေလို့ပဲ၊ မင်းတို့ရဲ့ အသင်းအဖွဲ့ထဲက ကျန်တဲ့လူတွေနှင့် သင်တန်းတွေ အတူတက်ကြရမယ်၊ အသင်းအဖွဲ့ရဲ့ ဘုံအိပ်ခန်းမှာ အိပ်ကြရမယ်၊ ပြီးတော့ အသင်းအဖွဲ့ရဲ့ ဘုံအနားယူခန်းမှာ အချိန်ကုန်ရမယ်။

'အသင်းလေးသင်းကတော့ ဂရစ်ဖင်ဒါ၊ ဟပ်ဖဲပတ်၊ ရေဗွင်ကလော၊ ဆလိုင်သရင်တို့ ဖြစ်တယ်၊ အသင်းတိုင်းဟာ ကိုယ်ပိုင် မြင့်မြတ်တဲ့ သမိုင်းစဉ်ရှိပြီး အသင်းတိုင်းဟာ ထင်ရှား ကျော်ကြားတဲ့ စုန်းတွေ၊ မှော်ဆရာတွေကို မွေးထုတ်ပေးတာချည်းပဲ၊ မင်းတို့ ဟော့ဂဝပ်မှာ ရှိနေတုန်း မင်းတို့ရဲ့ အောင်ပွဲကြီးတွေဟာ မင်းတို့အသင်းကို အမှတ်တွေ ပေးလိမ့်မယ်၊ ဥပဒေစည်းကမ်း ချိုးဖောက်မှုတွေကတော့ အသင်းရဲ့ အမှတ်တွေကို လျော့ပါးစေလိမ့်မယ်၊ နှစ်ကုန်ဆုံးတဲ့အခါမှာ အမှတ်အများဆုံးရတဲ့ အသင်းကို အသင်းဖလား ချီးမြှင့်မယ်၊ ကြီးကျယ်တဲ့ ဂုဏ်ကျက်သရေပေါ့ကွယ်၊ မင်းတို့တွေ လူတိုင်းလူတိုင်းဟာ ဘယ်အသင်းကိုပဲ ရောက်ရောက် ကိုယ့်အသင်းကို အမှတ်ပေးမယ်လို့ ငါ မျှော်လင့်ပါတယ်။

'မိနစ်အနည်းငယ်အတွင်း ရွေးချယ်ပွဲကို တခြား ကျောင်းသားတွေရဲ့ ရှေ့မှာ ကျင်းပလိမ့်မယ်၊ အခု စောင့်နေတဲ့ အချိန်အတွင်းမှာ ကိုယ့်ကိုယ်ကိုယ် ပိုပြီး စတိုင်ကျအောင် တတ်နိုင်သလောက် လုပ်ထားကြပေတော့'

သူ့မျက်လုံးများသည် နဲဗီးလ်၏ လက်ဝဲဘက် နားအောက်တွင် ချိတ်ထားသော ဝတ်ရုံနှင့် ရွန်၏ စွန်းထင်နေသော နှာခေါင်းဆီသို့ ခဏကြာအောင် တရစ်ဝဲဝဲ ဖြစ်နေသည်။ ဟာရီက ကြောက်ကြောက်နှင့် သူ့ဆံပင်ကို ဖိချလေသည်။

'အဆင်သင့် ဖြစ်ပြီဆိုရင် ငါ ပြန်လာခဲ့မယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြော၏။ 'တစ်ဆိတ် တိတ်တိတ်ဆိတ်ဆိတ် နေကြပါ'

သူ အခန်းထဲမှ ထွက်သွား၏။ ဟာရီသည် တံတွေးကို မျိုချသည်။

'တို့ကို အသင်းတွေထဲ ဘယ်လိုများ ရွေးချယ်ထည့်ကြသလဲ'ဟု သူက ရွန်ကို မေး၏။

'ငါ ထင်တော့ တစ်နည်းနည်း စစ်ဆေးမှာ ဖြစ်မှာပေါ့၊ ဖရက်က ပြောတော့ အဲဒီလို ရွေးချယ်တာ တော်တော်ခံရတယ် ဆိုပဲ၊ ဒါပေမဲ့ အဲဒါ သူ နောက်နေတာ ဖြစ်မှာပါ'

ဟာရီ၏ နှလုံးသည် ကြောက်စရာကောင်းအောင် ခုန်တော့၏။ စစ်ဆေးမှုတဲ့လား။ တစ်ကျောင်းလုံး ရှေ့မှာ ဒီလို လုပ်မှာလား။ ခက်တာက သူသည် ဘာမှော်ပညာကိုမှ မတတ်သေး။ ဘာတွေများ သူ့ကို လုပ်ခိုင်းကြမှာလဲ။ သူတို့ ရောက်လာသည့် အချိန်တွင် ဒါမျိုးကို သူ မမျှော်လင့်ခဲ့ပါ။ စိတ်ပူပန်စွာဖြင့် ဘေးဘီကို လှည့်ကြည့်ရာ အခြားလူတိုင်းသည် ထိတ်လန့်နေသလို ရှိနေကြ၏။ ဟမိုင်းယွန်းနီ ဂရိန်ဂျာမှ လွဲ၍ မည်သူမျှ စကားများများ မပြောကြပါ။ ထိုကောင်မလေးကတော့ သူ ကျက်ထားသမျှ မန္တန်တွေ အားလုံးကို တီးတိုး ရွတ်ရင်း ဘယ်ဟာသည် သူနှင့် ကိုက်မည်ကို စူးစမ်းနေသည်။ သူ့ကို နားမထောင်မိစေရန် ဟာရီသည် အပြင်းအထန် ကြိုးစားရ၏။ သူသည်

ရှေးက ဤမျှလောက် မတုန်လှုပ်ခဲ့ဖူးပါ။ ဘယ်တုန်းကမှ မတုန်လှုပ်ခဲ့ဖူးပါ။ သူ့ဆရာ၏ ဆံပင်တုကို အပြာရောင် ဖြစ်သွားအောင် လုပ်ခဲ့ကြောင်း အကြောင်းကြားစာကို ဒါစလီတို့ ဖတ်ဖို့ ပေးရန် အိမ်ပြန်ယူခဲ့စဉ်ကပင် ဤမျှလောက် မတုန်လှုပ်ခဲ့ပါ။ သူသည် တံခါးကိုသာ မျက်ခြည်မပြတ် ကြည့်နေမိ၏။ ယခုအခါ စက္ကန့်မဆိုင်း ပရိုဖက်ဆာ မက်ဂေါ်နဂေါ် ပြန်ရောက်လာပြီး ပျက်စီးခြင်း ငါးပါးဆိုင်အောင် သူ့ကို ခေါ်ဆောင်သွားတော့မည်။

ထိုအခိုက်တွင် တစ်စုံတစ်ခုသော အခြင်းအရာသည် ဖြစ်ပေါ်လာရာ လေထဲ တစ်ပေလောက် မြင့်အောင် ထခုန်မိတော့သည်။ နောက်က လူအများက အော်ဟစ်ကြ၏။

'ဟင်...ဘယ်လိုလဲ'

သူသည် ပင့်သက်ဖိုသည်။ သူ့ ဘေးပတ်လည်က လူတွေလည်း ဤအတိုင်းပင် ဖြစ်၏။ ဦးရေ နှစ်ဆယ်လောက် ရှိသော တစ္ဆေတို့သည် အနောက်ဘက်က နံရံကို ဖောက်ထွင်း ဖြတ်သန်း၍ ရွေ့ရှား ဝင်ရောက်လာကြလေသည်။ ပုလဲကဲ့သို့ ဖြူဖွေး၍ ဖောက်ထွင်းမြင်ရလုနီးနီး ဖြစ်သော ထိုတစ္ဆေများသည် အချင်းချင်း စကားပြောနေကြကာ အခန်းကို လျှောတိုက် ဖြတ်သန်းကြသည် ဖြစ်ရာ ပထမနှစ် ကျောင်းသားများကို သတိမပြုမိကြသလောက် ရှိကြ၏။ သူတို့သည် အချင်းချင်း ငြင်းခုံနေကြဟန် တူလေသည်။ ခပ်ဝဝ၊ လူကောင်သေးသေး ဘုန်းကြီးနှင့် တူသူက 'ခွင့်လွှတ်ပြီး မေ့လိုက်ကြပါလို့ ငါပြောတယ်၊ သူ့ကို ဒုတိယအကြိမ် အဖြစ် အခွင့်အရေး ပေးသင့်ပါတယ်'ဟု ပြောသည်။

'ဖရိုင်ယာ ကိုယ်တော်ကြီးရယ်... ပီးဗ်ဇ်ကို သူနှင့် ထိုက်တန်တဲ့ အခွင့်အလမ်းတွေ အားလုံးကို တပည့်တော်တို့ မပေးခဲ့ဘူးလား၊ သူက တပည့်တော်တို့ အားလုံးကို နာမည်ဆိုးပေးတာပဲ ရှိတယ်၊ သူဟာ တကယ်တော့ တစ္ဆေတောင် မပီသဘူး၊ အလို... မင်းတို့တွေက ဒီမှာ ဘာလုပ်နေကြတာလဲ'

ငှက်မွေးများနှင့် အသားကပ် အဝတ်အစားများ ဝတ်ဆင်ထားသော တစ္ဆေတစ်ကောင်က ပထမနှစ်များကို ရုတ်တရက် သတိပြုမိသွား၏။

မည်သူကမျှ ပြန်မပြောချေ။

'ကျောင်းသားသစ်တွေ...'ဟု ဖရိုင်ယာ ကိုယ်တော်ဝဝက ကျောင်းသားများကို ရယ်မော၍ လှည့်ပတ်ကြည့်ရင်း ပြောသည်။ 'ရွေးချယ်ပြီး ထည့်ပေးဖို့ ထင်ပါတယ်'

ကျောင်းသား အနည်းငယ်က စကားမပြောဘဲ ခေါင်းညိတ်ပြ၏။

'မင်းတို့ကို ဟပ်ဖဲပတ်မှာ တွေ့ရမယ်လို့ ငါမျှော်လင့်ပါတယ်'ဟု ဖရိုင်ယာ ကိုယ်တော်က ပြောသည်။ 'အဲဒါ ငါ့အသင်းဟောင်းလေ... သိလား'

'ကိုင်း...သွားကြမယ်'ဟု စူးရှသော အသံတစ်ခုက ဆိုသည်။ 'ရွေးချယ်ပွဲကြီး စတော့မယ်'

ပရိုဖက်ဆာ မက်ဂေါ်နဂေါ် ပြန်ရောက်လာလေပြီ၏။ တစ်ဦးပြီးတစ်ဦး တစ္ဆေများသည် မျက်နှာချင်းဆိုင်က နံရံကို ဖောက်ထွင်း၍ လွင့်မျော ဝင်ရောက်သွားကြလေသည်။

'ကဲ တန်းစီကြစမ်း'ဟု ပရိဖက်ဆာ မက်ဂေါ်နဂေါက ပထမနှစ်များအား ပြောကြားသည်။ 'ပြီးတော့ ငါ့နောက်က လိုက်ခဲ့ကြ'

သူ့ခြေထောက်များက ဦးဆောင် ခေါ်သွားကြသလို ခပ်ကြောင်ကြောင် ခံစားမိရင်းက ဟာရီသည် ဝါနီရောင် ဆံပင်နှင့် ကောင်ကလေး နောက်မှ နေပြီး တန်းဝင်စီလိုက်၏။ ရွန်က သူ့နောက်က ဖြစ်သည်။ ထိုနောက် သူတို့သည် အခန်းတွင်းမှ လျှောက်၍ ထွက်ကြသည်။ ခန်းမကို တစ်ဖန်ပြန်၍ ဖြတ်ကြပြီး တံခါးပေါက် နှစ်ပေါက်ကို ဖြတ်ကျော်ပြီး မဟာခန်းမကြီးထဲသို့ ရောက်ရှိသွားကြလေ၏။

ဤမျှ ထူးဆန်း၍ ခံ့ညားသော နေရာမျိုးကို ဟာရီသည် ဘယ်တုန်းကမှ စိတ်ပင် မကူးမိခဲ့ချေ။ စားပွဲရှည်ကြီး လေးခုတို့၏ အပေါ် လေထဲတွင် လွင့်မျောနေကြသည့် ထောင်ပေါင်းများစွာသော ဖယောင်းတိုင်တို့၏ အလင်းရောင်ဖြင့် လင်းထိန်လျက် ရှိသည်။ စားပွဲရှည်ကြီး လေးခုတွင် ကျန်သောကျောင်းသားများ ထိုင်နေကြ၏။ စားပွဲများပေါ်တွင် ရွှေဖြင့် ပြုလုပ်ထားသော ပန်းကန်ပြားများနှင့် လက်ကိုင်မဲ့ ရေသောက်ခွက်ကြီးများသည် တလက်လက် တပြောင်ပြောင်နှင့် ရှိနေကြ၏။ ခန်းမကြီး၏ ထိပ်တွင် နောက်စားပွဲရှည်ကြီး တစ်လုံး ရှိ၍ ထိုစားပွဲတွင် ဆရာများ ထိုင်နေကြလေသည်။ ပရိဖက်ဆာ မက်ဂေါ်နဂေါ်သည် ပထမနှစ်များကို ဤနေရာအထိ ခေါ်လာရကား သူတို့သည် အခြား ကျောင်းသားများကို မျက်နှာပြု၍ စီတန်း ရပ်မိကြတော့သည်။ ဆရာများက သူတို့၏ နောက်တွင် ရှိသည်။ သူတို့ကို စိုက်ကြည့်နေကြသည့် ရာပေါင်းများစွာသော မျက်နှာများသည် တဖျပ်ဖျပ် ဖြစ်နေသော ဖယောင်းတိုင် မီးရောင်တွင် မှိန်ပျသော မီးအိမ်ကလေးများသဖွယ် ရှိနေကြ၏။ ကျောင်းသားများအကြား ဟိုနေရာ သည်နေရာတို့တွင် တစ္ဆေများသည် ငွေနှင်းမြူအလား အရောင်ထွက်နေကြသည်။ စိုက်ကြည့်နေကြသော မျက်လုံးများကို ရှောင်ရန် ဟူသည့် အဓိက ရည်ရွယ်ချက်ဖြင့် ဟာရီသည် မော့ကြည့်လိုက်ရာ အနက်ရောင် ကတ္တီပါကြီးသဖွယ် ဖြစ်နေသော မျက်နှာကြက်ပေါ်တွင် ကြယ်များပေါက်နေသည်ကို တွေ့ရ၏။ ဟမိုင်းယွန်းနီက လေသံဖြင့် 'အဲဒါ အပြင်က ကောင်းကင်ကြီးလို့ ထင်ရအောင် အတတ်နှင့် စီရင်ထားတာ၊ ဟော့ဂဝပ်–သမိုင်းတစ်ခေတ် ဆိုတဲ့ စာအုပ်ထဲမှာ ငါဖတ်ရတယ်'ဟု ပြောကြား၏။

အပေါ်တွင် မျက်နှာကြက် ရှိသည်ဟု ယုံကြည်ဖို့ရန် ခက်ခဲလှသည်။ ထို့ပြင် မဟာခန်းမကြီးသည် မိုးကောင်းကင် အောက်တွင် ဟင်းလင်း ဖြစ်နေမည် ဆိုသည်ကိုလည်း ယုံကြည်ဖို့ရန် ခက်ခဲလှပါ၏။

ပရိဖက်ဆာ မက်ဂေါ်နဂေါက ခြေလေးချောင်းပါ ခွေးခြေလေး တစ်ခုံကို ပထမနှစ်များ ရှေ့တွင် တိတ်ဆိတ်စွာ ချထားသဖြင့် ဟာရီသည် လျင်မြန်စွာ အောက်သို့ ပြန်ကြည့်ပြန်သည်။ ခွေးခြေပေါ်တွင် ထိပ်ချွန်လျက်ရှိသော မှော်ဆရာ ဦးထုပ်ကို ပရိဖက်ဆာက တင်ထားလိုက်၏။ ဦးထုပ်မှာ ဖာရာတွေနှင့် စုတ်ပြတ်နေသာ အလွန့်အလွန်ပင် ညစ်ပတ်လှ၏။ ဒေါ်ဒေါ် ပဲ့ကျူးနီးယားဆိုလျှင် အိမ်တွင် လက်ခံထားမည့် ဦးထုပ် မဟုတ်ပါ။

မိမိတို့သည် ထိုဦးထုပ်ထဲမှ ယုန်တစ်ကောင်ကို ထုတ်ပြရမည်လားဟု ဟာရီက ရမ်းသမ်း တွေးတောမိသည်။ ဒါမျိုးလုပ်ရမည့် ပုံမျိုး ဖြစ်သည်။ ခန်းမကြီးထဲရှိ လူအားလုံးက ထိုဦးထုပ်ကို စိုက်ကြည့်နေကြသည် ဖြစ်ကြောင်း သတိပြုမိလေရာ မိမိလည်း စိုက်ကြည့်မိ၏။ စက္ကန့် အနည်းငယ် ကြာအောင် လုံးဝ တိတ်ဆိတ်နေသည်။ ထိုနောက် ဦးထုပ်သည် အကြောဆွဲသလို ဖြစ်လာ၏။ အနားပတ်နားက အစုတ်အပြဲ နေရာသည် ပါးစပ်ပေါက်ကဲ့သို့ ဟလာကာ ဦးထုပ်သည် သီချင်းဆိုလေတော့သည်။

'အို... ငါလှတယ်လို့ မင်းထင်မှာ မဟုတ်လေရဲ့၊
ဒါပေမဲ့ မြင်တာနှင့်တော့ မဆုံးဖြတ်လေနှင့်၊
ငါ့ကိုယ်ငါ စားပစ်မှာ၊ ငါ့ထက်တော်တဲ့ ဦးထုပ်ကို၊

တကယ်လို့သာ မင်းတွေ့မယ်ဆို။
မင်းတို့ရဲ့ ဦးထုပ်လုံး အမည်းတွေကိုပဲ ဆောင်း... ဆောင်း၊
မင်းတို့ ဦးထုပ်ရှည် ပြောင်ချောချောတွေ ဘယ်လောက် ကောင်း..ကောင်း၊
ငါက ဟော့ဂဝပ်က ရွေးချယ်ပေးတဲ့ ဦးထုပ်မို့
ဦးထုပ် အားလုံးအပေါ် လွှမ်းမှာပဲလို့။
ရွေးချယ်ပေးတဲ့ ဦးထုပ်က မမြင်နိုင်စရာ၊
မင်းတို့ ဦးခေါင်းထဲမှာ ဖုံးကွယ်မထားနိုင်ပါ၊
ဒါကြောင့် ငါ့ကို ဆောင်းကြည့်၊
မင်း ဘယ်မှာ ရှိသင့်တယ် ပြောနိုင်၏။
မင်းတို့ ဂရစ်ဖင်ဒါကို ရောက်ချင်ရောက်မယ်၊
အဲဒီမှာ ရဲရင့်သူတွေ ရှိကြတယ်၊
သူတို့ရဲ့ အစွမ်းထာမ... သတ္တိက၊
ဂရစ်ဖင်ဒါကို ခွဲထုတ်ပြ။
မင်းဟာ ဟပ်ဖဲပတ်ကို ရောက်မယ်ကြံ၊
အဲဒါက သစ္စာရှိပြီး ဖြောင့်မတ်မှန်ကန်၊
သည်းခံတတ်တဲ့ ဟတ်ဖဲပတ်တွေဟာ၊
မှန်ကန်ပြီး အလုပ်ကို မကြောက်ပါ။
ပညာကြွယ်တဲ့ ရေဗွင်ကလောကြီးကိုလား၊
မင်းဦးနှောက်ကို အသင့်ပြင်ထား၊
သိချင်တတ်ချင်သူ အချင်းချင်း၊
အဲဒီမှာ ပေါင်းဖက်မိလေခြင်း။
ဆလိုင်သရင်ကိုများ သွားမှာလား၊
တကယ့်လူတွေကို တွေ့မှာဗျား၊
အဲဒီက လူပါးလူနပ်တွေ၊
လိုချင်တာကို ရအောင် ယူတတ်ပေ။
ကိုင်း... ငါ့ကို ဆောင်းကြည့်၊ ကြောက်ရွံ့စိတ်ဖယ်ဘိ၊
အဖပ်ကြားထဲလည်း ဝင်ခိုမနေနှင့်ကွယ်၊
မင်းတို့ဟာ ဘေးကင်းစေတဲ့ လက်ထဲ ရောက်နေတယ်၊
(တကယ်တော့ ငါဟာ လက်မရှိတဲ့ အမျိုး)
အကြောင်းကတော့ ငါဟာ စဉ်းစားတတ်တဲ့ ဦးထုပ်ကိုး။

ဦးထုပ်က သီချင်းဆို၍ ပြီးသွားသည်တွင် ခန်းမကြီး တစ်ခုလုံးတွင် သြဘာသံပွင့်ထွက်သွားလေတော့သည်။ ဦးထုပ်ဟာ စားပွဲ လေးခုစလုံးကို ဦးညွှတ်ပြီးနောက် ပြန်၍ ငြိမ်သက်သွားလေ၏။

'ငါတို့ ဦးထုပ် ဆောင်းကြည့်ရတော့မှာပေါ့နော်'ဟု ရွန်က ဟာရီအား လေသံဖြင့် ပြောသည်။ 'ငါတော့ ဖရက်ကို သတ်ချင်တယ်၊ သူက ဂေါ့ဗလင် နတ်ပုနှင့် နပန်းချရတယ်ချည်း ပြောပြောနေခဲ့တယ်'

ဟာရီက ယဲ့ယဲ့ကလေး ပြုံးလိုက်၏။ မှန်ပါသည်။ ဦးထုပ်ကို ဆောင်းကြည့်ရခြင်းသည် ဂါထာမန္တန်ဖြင့် လုပ်ရသည်ထက် အများကြီး ကောင်းပါ၏။ သို့ရာတွင် တခြားလူတွေက ဝိုင်းကြည့်မနေဘဲ စမ်းသပ်၍

ရစေချင်ပါ၏။ ဦးထုပ်က မေးခွန်းတွေ တော်တော်များများ မေးမည့်ပုံ ရှိသည်။ ထိုအချိန်တွင်တော့ ဟာရီသည် ရဲရင့်ခြင်း၊ ဉာဏ်သွက်လက်ခြင်း စသည် ဘာတစ်ခုမျှ ဖြစ်ပေါ်မနေဘဲ ရှိနေသည်။ အကယ်၍များ ဦးထုပ်က ဖျားချင်သလိုလို ရှိနေသည့် လူများအတွက် အသင်းကို ထုတ်ဖော် ပြောဆိုမည်ဆိုပါက ထိုအသင်းသည် မိမိအတွက် ဖြစ်ပေလိမ့်မည်။

ထိုခဏတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် လက်ထဲတွင် ရှည်လျားသော စာရွက်လိပ်ကြီးကို ကိုင်၍ ရှေ့သို့ လှမ်းထွက်လာ၏။

'ငါက မင်းတို့ နာမည်ကိုခေါ်ရင် မင်းတို့က ဦးထုပ်ကို ဆောင်းပြီး ရွေးချယ်ပေးမှုကို ခံယူဖို့ ခွေးခြေပေါ် ထိုင်ရမယ်'ဟု သူက ပြောသည်။ 'အက်ဘော့ ဟန်းနား'

ပန်းရောင် မျက်နှာ၊ ရွှေရောင် ကျစ်ဆံမြီးနှင့် ကောင်မလေးတစ်ယောက်သည် တန်းစီနေရာမှ ခလုတ်တိုက် ထွက်လာပြီး ဦးထုပ်ကို ဆောင်းသည်။ ဦးထုပ်သည် သူ့မျက်စိပေါ်သို့ ရောက်အောင် ကျဆင်းလာ၏။ သူက ထိုင်ချသည်။ ခဏမျှ တိတ်သွားပြီးနောက်

'ဟပ်ဖဲပတ်'ဟု ဦးထုပ်က အော်၏။

လက်ယာဘက် စားပွဲက ကောင်းချီးပေးသံ၊ လက်ခုပ်သံတွေ ထွက်ပေါ်လာစဉ် ဟန်းနားသည် ဟပ်ဖဲပတ် စားပွဲသို့ သွား၍ ထိုင်သည်။ ဝဖြိုးသော ဖရိုင်ယာ ကိုယ်တော် တစ္ဆေက သူ့ကို ပျော်ရွှင်စွာ လက်ဝှေ့ယမ်းပြသည်ကို ဟာရီက မြင်လိုက်သည်။

'ဘုန်းစ် ဆူဇင်'

'ဟပ်ဖဲပတ်'ဟု ဦးထုပ်က အော်ပြန်၏။ ဆူဇင်သည် သုတ်ခြေတင်ပြေး၍ ဟန်းနား၏ နံဘေးတွင် ထိုင်လိုက်သည်။

'ဘွတ် တယ်ရီ'

'ရေဗွင်ကလော'

ဤတစ်ကြိမ်တွင်တော့ လက်ဝဲဘက် ဒုတိယ စားပွဲက လက်ခုပ်တီးကြသည်။ တယ်ရီက သူတို့ထံ သွားပေါင်းသည်တွင် ရေဗွင်ကလော အသင်းသား အများအပြားက ထ၍ သူ့ကို လက်ဆွဲ နှုတ်ဆက်ကြသည်။

'ဘရောက်ကဲဟတ်စ် မန်ဒီ'သည်လည်း ရေဗွင်ကလောသို့ပင် သွားရ၏။ သို့ရာတွင် 'ဘရောင်း လာဗင်ဒါ'ကတော့ ပထမဆုံး ဂရစ်ဖင်ဒါအသစ် ဖြစ်လာ၍ လက်ဝဲဘက် အစွန်ဆုံးက စားပွဲမှ ကောင်းချီးပေးသံတွေ ပွင့်ထွက်လာသည်။ ရွန်၏ အမွှာညီနောင်က သံသေးသံကြောင်ဖြင့် လှမ်းအော်သည်ကို ဟာရီ တွေ့ရလေသည်။

'ဘူးလ်စထရုဒ် မီးလီစင့်'က ထိုနောက်တွင် ဆလိုင်သရင် တစ်ဦးဖြစ်လာ၏။ ဆလိုင်သရင် အကြောင်း သူ ကြားဖူးထားခဲ့သောကြောင့် ဟာရီ၏ စိတ်က ထင်ခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့သော် သူတို့တွေကို ကြည့်ရသည်မှာ နှစ်သက်ဖွယ် မရှိသော လူအုပ်ဟု သူ ထင်မြင်မိသည်။

ယခုအချိန်တွင် သူသည် မအီမသာ ခံစားမိစ ပြုလာပေပြီ။ သူ နေခဲ့သော ကျောင်းဟောင်းတွင် အားကစား သင်တန်းအတွက် အသင်းအဖွဲ့များတွင် လူရွေးခဲ့ကြသည်ကို သူ ပြန်လည် အမှတ်ရသည်။ သူသည် အမြဲတမ်း နောက်ဆုံးမှချည်း ရွေးချယ်ခြင်း ခံခဲ့ရသည်။ သူ မတော်သောကြောင့် မဟုတ်ပါ။ သူ့ကို သဘောကျသည်ဟု ဒတ်ဒလီက ထင်သွားမှာကို မလိုလားကြသောကြောင့် ဖြစ်သည်။

'ဖင့်ချ်၊ ဖလက်ချလီ ဂျတ်စတင်ဂ

'ဟပ်ဖဲပတ်'

ဟာရီ သတိပြုမိသည်မှာ တစ်ခါတစ်ရံ ဦးထုပ်သည် အသင်းနာမည်ကို ချက်ချင်း အော်သော်လည်း တစ်ခါတစ်ရံတွင်ကား ဆုံးဖြတ်ရန် ခဏမျှ အချိန်ယူသည် ဆိုခြင်း ဖြစ်၏။ 'ဖင်နီဂန် ရှေးမတ်'တန်းစီရာတွင် ဟာရီနှင့် ကပ်လျက်ဖြစ်သော ဝါနီရောင် ဆံပင်နှင့် ကောင်ကလေးသည် ခွေးခြေပေါ်တွင် ထိုင်ရာ တစ်မိနစ်လုံးလုံးလောက် ကြာမှ ဦးထုပ်က သူ့ကို ဂရစ်ဖင်ဒါ တစ်ယောက် အဖြစ် ကြေညာပေးသည်။

'ဂရန်ဂျာ ဟမိုင်းယွန်းနီ'

ဟမိုင်းယွန်းနီသည် ခွေးခြေဆီသို့ ပြေးလုနီးပါးသွား၍ စိတ်ထက်သန်စွာ ဦးထုပ်ကို ဖိသွတ်သည်။

'ဂရစ်ဖင်ဒါ'ဟု ဦးထုပ်က အော်သည်။ ရွန်က ညည်းတွားသည်။ အလွန်အမင်း စိတ်တုန်လှုပ်ပြီ ဆိုလျှင် ထိတ်လန့်ဖွယ် အတွေးများ ရောက်လာတတ်စမြဲ ဖြစ်ရာ ထိတ်လန့်ဖွယ် အတွေး တစ်ခုသည် ဟာရီထံ ရောက်လာ၏။ သူ့ကို လုံးဝ မရွေးချယ်ပါက ဘယ်လိုနေမည်လဲ။ သူသည် ဦးထုပ်ကြီး မျက်လုံးပေါ် ရောက်အောင် ဆောင်း၍ နှစ်ပေါင်းများစွာ ထိုင်နေရပြီး ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဦးထုပ်ကို သူ့ခေါင်းပေါ်မှ ဆွဲဖယ်ပြီး အမှားအယွင်းတော့ဖြင့် ရှိနေပြီ ဆိုခြင်းမှာ ထင်ရှားသည် ဆိုကာ သူ ရထားပေါ် ပြန်တက်ခဲ့ရလျှင် ဘယ်လိုနေမည်လဲ။

ဖားပြုပ်ကို တပျောက်တည်း ပျောက်နေသည့် ကောင်ကလေး ဖြစ်သော နဲဗီးလ် လောင်းဘော့တွမ်ကို ခေါ်ထုတ်လိုက်သောအခါ သူသည် ခွေးခြေဆီသို့ အသွားတွင် လဲကျသေး၏။ နဲဗီးလ် အတွက် ဆုံးဖြတ်ရန် ဦးထုပ်သည် အချိန် အကြာကြီး ယူရသည်။ နောက်ဆုံးတွင် ဦးထုပ်က 'ဂရစ်ဖင်ဒါ'ဟု အော်လိုက်သောအခါ ဦးထုပ်ဆောင်းလျက်နှင့်ပင် ပြေးထွက်သွားမိသဖြင့် ရယ်သံတွေ တသောသော ကြားမှ ခုန်ဆွ ခုန်ဆွနှင့် ပြန်လာခဲ့ကာ ဦးထုပ်ကို 'မက်ဒူးဂဲ မောရတ်'အား ပေးရသည်။

သူ့နာမည် အခေါ်ခံလိုက်ရသောအခါ မာလ်ဖွိုင်းသည် ဝင့်ကြွားစွာ ထွက်လာခဲ့သည်တွင် သူ့အလို ပြည့်သွားသည်။ ဦးထုပ်သည် သူ့ဦးခေါင်းကို ထိလိုက်ကာမျှနှင့်ပင် 'ဆလိုင်သရင်'ဟု အော်တော့သည်။

မာလ်ဖွိုင်းသည် အကျေနပ်ကြီး ကျေနပ်ကာ သူ့သူငယ်ချင်းများ ဖြစ်ကြသော ခရပ်နှင့် ဂွိုင်းလ်တို့ထံ သွားပေါင်းတော့သည်။

ယခုအခါတွင် လူများများ မကျန်တော့ပါ။

'မွန်း'...'နော့' ...'ပါကင်ဆင်'ထိုနောက် အမြွှာညီအစ်မ ဖြစ်ကြသော 'ပါတီးလ်'နှင့် 'ပါတီးလ်'... ။ နောက် 'ပါ့တ်စ်ဆယ်လီ အန်း'ထို့နောက် နောက်ဆုံးအနေဖြင့်

'ပေါ့တာ ဟာရီ'

ဟာရီက ရှေ့သို့ လှမ်းထွက်လိုက်သည်တွင် ချက်ချင်းပင် တီးတိုးပြောသံများသည် မီးတောက်များ မြည်သကဲ့သို့ ရှူးရှူးရှားရှား မြည်သံကလေးများသဖွယ် ခန်းမ တစ်ခုလုံးတွင် ဖြစ်ပေါ်သွားတော့သည်။

'သူ ဘာပြောလိုက်သလဲ... ပေါ့တာ တဲ့လား'

'ဟို... ဟာရီ ပေါ့တာလား'

ဦးထုပ်က သူ့မျက်လုံးတွေပေါ် ကျမလာခင် ဟာရီက နောက်ဆုံးမြင်လိုက်ရသည်ကား လူတွေ ပြည့်နှက်နေသော ခန်းမကြီး တစ်ခုလုံးသည် သူ့ကို ကောင်းကောင်း မြင်ရအောင် လည်တွေ ဆန့်ကုန်ကြခြင်းပင် ဖြစ်ပေ၏။ နောက်တစက္ကန့် အချိန်တွင် သူသည် ဦးထုပ်၏ မည်းမှောင်နေသော အတွင်းဘက်ကို ကြည့်ရှုနေရတော့သည်။ သူ စောင့်ဆိုင်းနေ၏။

'ဟင်း' အသံသေးသေးကလေးကို သူ့နားထဲတွင် ကြားရသည်။ 'ခက်တယ်၊ အရမ်း ခက်တာပဲ၊ ရဲစွမ်းသတ္တိ အပြည့်ရှိတယ်လို့ ငါသိတယ်၊ ပြီးတော့လည်း စိတ်ရင်းက မဆိုးပါဘူး၊ အစွမ်းအစ ရှိတယ်ကော၊ အလိုလေး...အဲ ဟုတ်ပြီ၊ မင်းကိုယ်မင်း သက်သေပြဖို့ ဆန္ဒ ပြင်းနေတယ်၊ ဒါဟာ စိတ်ဝင်စားစရာပဲ၊ အဲဒီတော့ မင်းကို ငါ ဘယ်ထဲ ထည့်ရပါ့မလဲ'

ဟာရီသည် ခွေးခြေ အစွန်းတွေကို ဆုပ်ကိုင်ရင်း 'ဆလိုင်သရင် မဟုတ်ပါစေနှင့်... ဆလိုင်သရင် မဟုတ်ပါစေနှင့်'ဟု တွေးနေမိသည်။

'ဆလိုင်သရင် မဟုတ်ချင်ဘူးလား ဟင်'ဟု အသံကလေးက ပြောသည်။ 'သေချာရဲ့လား၊ မင်းဟာ ထွန်းပေါက်နိုင်တယ် သိလား၊ မင်း ဦးခေါင်းထဲမှာ ဒါတွေ အားလုံး ရှိနေတယ်၊ ပြီးတော့ ဆလိုင်သရင်က ထွန်းပေါက်ဖို့ လမ်းမှာ မင်းကို ကူညီနိုင်တယ်၊ အဲဒါ သံသယ ရှိစရာ မလိုဘူး၊ ဘယ့်နှယ်–မလိုချင်ဘူး ဟုတ်လား၊ ကောင်းပြီ၊ မလိုချင်တာ မင်းဘာသာမင်း သေချာရင်တော့ ဒါပဲ ကောင်းပါတယ်လေ၊ ဂရစ်ဖင်ဒါ'

နောက်ဆုံး စကားလုံးကို တစ်ခန်းလုံး ကြားလောက်အောင် ဦးထုပ်က အော်ပြောသည်ကို ဟာရီ ကြားရသည်။ သူသည် ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် ဂရစ်ဖင်ဒါ စားပွဲဆီသို့ တုန်လှုပ်စွာ လျှောက်လှမ်းသွားသည်။ ဆလိုင်သရင်တွင် မထည့်ဘဲ ယခုလို ရွေးချယ်လိုက်ခြင်း ခံရသဖြင့် သူသည် များစွာ စိတ်သက်သာရာ ရသွား၏။ သို့တိုင်အောင် သူသည် အကျယ်လောင်ဆုံး အားပေးခြင်းကို ခံရကြောင်း သတိမပြုမိသလောက် ရှိရသည်။ အတန်းခေါင်းဆောင် ပါစီက ထ၍ သူ့ကို အားရပါးရ လက်ဆွဲ နှုတ်ဆက်စဉ် ဝီးဇလီ အမြွှာညီနောင်တို့က 'ပေါ့တာကို တို့ရတယ်... ပေါ့တာကို တို့ရတယ်'ဟု အော်ဟစ်ကြ၏။ ဟာရီသည် စောစောက သူ မြင်ခဲ့သည့် ငှက်မွေးများနှင့် တစ္ဆေ၏ မျက်နှာချင်းဆိုင် နေရာတွင် ထိုင်ချသည်။ တစ္ဆေက သူ့လက်မောင်းကို ပုတ်ရာ ဟာရီအား ရုတ်တရက် ရေခဲလို အေးစက်နေသော ရေပုံးထဲတွင် အနှစ်ခံလိုက်ရသလို ကြောက်စရာ ခံစားမှုကို ပေးလိုက်သလို ရှိတော့၏။

ယခုအခါတွင် သူသည် 'အထူး စားပွဲတော်'ကို ကောင်းကောင်း မြင်နိုင်ပြီ ဖြစ်၏။ သူနှင့် အနီးဆုံး အစွန်းတွင် ဟတ်ဂရစ် ထိုင်နေရာ သူနှင့် အကြည့်ချင်း ဆုံသည်တွင် လက်မ ထောင်ထားသော လက်သီးဆုပ်ကို မြှောက်ပြသည်။ ဟာရီက ပြန်ပြုံးပြလိုက်၏။ အထူး စားပွဲတော်၏ အလယ်ကောင်တွင်ကား အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ ထိုင်နေချေသည်။ ရထားပေါ်၌ 'ချောကလက်ဖား' အထုပ်ထဲက သူ ရရှိခဲ့သော ကတ်ပြားအရ ဒမ်ဗယ်လ်ဒေါကို ဟာရီသည် ချက်ချင်း မှတ်မိသည်။ ဒမ်ဗယ်လ်ဒေါ၏ ငွေရောင်ဆံပင်သည်သာလျှင် ခန်းမကြီး တစ်ခုလုံးထဲ၌ တဖွေဖွေလောက် တောက်ပြောင်စွာ အရောင်ထွက်သည့် တစ်ခုတည်းသော အရာဝတ္ထု ဖြစ်တော့သည်။ ဟာရီသည် ပရိုဖက်ဆာ ကွစ်ရဲလ်ကိုလည်း မြင်မိ၏။ 'ယိုနေသော ဒယ်အိုးကြီး'မှ စိတ်တုန်လှုပ်နေသော လူငယ်ဖြစ်သည်။ သူသည် ကြီးမားသော ခရမ်းရောင် ဦးပေါင်းကြီးနှင့် တော်တော်ပင် ထူးခြားနေပေ၏။

ယခုအချိန်တွင် ရွေးချယ်ဖို့ရန် သုံးယောက်သာ ကျန်တော့သည်။ 'တာပင် လီဇာ'က ရေဗွင်ကလော ဖြစ်သွားပြီးနောက် ရွန်၏ အလှည့် ကျလာသည်။ ဤအချိန်တွင် သူသည် အစိမ်းရောင် ဖျော့ဖျော့ အသွေး ဖြစ်နေ၏။ ဟာရီသည် စားပွဲအောက်တွင် လက်ချင်းယှက်၍ ဆုပ်ထားမိသည်။ နောက် တစ်စက္ကန့်အကြာတွင် ဦးထုပ်က 'ဂရစ်ဖင်ဒါ'ဟု အော်လိုက်လေတော့သည်။

ဟာရီသည် အများနှင့်အတူ ကျယ်လောင်စွာ လက်ခုပ်တီးနေခိုက် ရွန်သည် သူ့ဘေးနားက ကုလားထိုင်ပေါ်သို့ ပုံကျလာလေ၏။

'သိပ်ဟုတ်တာပေါ့ ရွန်ရယ်၊ အကောင်းဆုံးပဲ'ဟု ပါစီ ဝီးဇလီက ဟာရီကို ကျော်၍ ဝင့်ကြွားစွာ ပြောသည်။ ထိုအခိုက်တွင် 'ဇာဘီနီ ဘလေ့ဇ်'ကို ဆလိုင်သရင် ပြုလုပ်လိုက်သည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သူ့စာရွက်ရှည်ကြီးကို ပြန်လိပ်ပြီးလျှင် 'ရွေးချယ်ပေးသော ဦးထုပ်'ကို ပြန်သိမ်းသွားလေ၏။

ဟာရီက ဟင်းလင်း ဖြစ်နေသော သူ၏ ရွှေပန်းကန်ပြားကို ငုံ့ကြည့်သည်။ သူ ဘယ်လောက် ဆာလောင်နေသည် ဆိုခြင်းကို ယခုကလေးတွင်မှ သဘောပေါက်လာ၏။ ရွှေဖရုံသီး အသားသွတ်မုန့်များသည် ခေတ်အဆက်ဆက် ကြာခဲ့ပြီလို ခံစားရသည်။ အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါသည် မတ်တတ်ရပ်လိုက်သည်။ သူသည် ကျောင်းသားများကို ကြည်လင်စွာ ကြည့်သည်။ လက်မောင်းများ ခပ်ကျယ်ကျယ် ဖွင့်ထားသည်။ ကျောင်းသားတွေ အားလုံး ဒီကို ရောက်နေသည်ကို မြင်တွေ့ရခြင်းထက် အခြား ဘာကိုမှ သူ့ကို ကျေနပ်အောင် မလုပ်နိုင်သည့် အသွင် ဖြစ်၏။

'ကြိုဆိုပါတယ်'ဟု သူက ပြောသည်။ 'ဟော့ဂဝပ်က ပထမနှစ်ကို တက်ရောက်ဖို့ ကြိုဆိုပါတယ်၊ တို့များ စားသောက်ပွဲကြီးကို မကျင်းပခင် ဆရာ စကား အနည်းငယ် ပြောချင်ပါတယ်၊ ဆရာ ပြောချင်တာကတော့ နစ်ဝစ်၊ ဘလတ်ဘာ၊ အော့ဒမင့်၊ တွိ၊ ကျေးဇူးတင်ပါတယ်'

သူ ပြန်ထိုင်ချလိုက်သည်။ အားလုံးက လက်ခုပ်သြဘာ ပေး၍ ချီးကျူးကြ၏။ ဟာရီသည် ရယ်ရအခက် မရယ်ရအခက် ဖြစ်နေ၏။

'သူ နည်းနည်း ကြောင်နေသလား'ဟု သူက ပါစီအား ဇဝေဇဝါနှင့် မေးသည်။

'ကြောင်နေတယ် ဟုတ်လား'ဟု ပါစီက ပေါ့ပေါ့ပင် ပြောသည်။ 'သူဟာ စွမ်းပကားရှင်ကွ၊ ကမ္ဘာပေါ်မှာ အတော်ဆုံး မှော်ဆရာပဲ၊ ဒါပေမဲ့ ... ဟုတ်တယ်၊ သူ နည်းနည်းတော့ ကြောင်နေတယ်၊ အာလူး စားမလား ဟာရီ'

ဟာရီ ပါးစပ် ဟသွားရသည်။ သူ့ရှေ့ကက ပန်းကန်ပြားများသည် ယခုအချိန်တွင် အစားအစာများဖြင့် ပြည့်လျှံနေ၏။ စားပွဲ တစ်ခုတည်းပေါ်တွင် သူ စားချင်သော အစားအစာ ဒါလောက်များများကို သူ မတွေ့ဖူးခဲ့ချေ။ အမဲကင်၊ ကြက်ကင်၊ ဝက်သားစင်းကော၊ သိုးသားစင်းကော၊ ဝက်အူချောင်းများ၊ ဝက်သားကင်၊ ဝက်သားကြော်၊ အာလူးပြုတ်၊ အာလူးမီးဖုတ်၊ အာလူးလွှာကြော်၊ ယော့ခရှိုင်းယား ပူတင်း၊ ပဲများ၊ မုန်လာဥများ၊ ဟင်းအနှစ်၊ ရှာလကာရည် ဟူသည်တို့အပြင် ထူးဆန်းသော အကြောင်းဖြင့် ချက်ပြုတ်ထားသော ပူဒီနာ ဟင်းရွက်ပြုတ်များ ဟူသည်တို့ ဖြစ်ကြ၏။

အမှန်ပြောရလျှင် ဒါစလီတို့သည် ဟာရီအား အငတ်မထားခဲ့ပါ။ သို့ရာတွင် သူ ကြိုက်သလောက်တော့ ဘယ်တော့မှ စားခွင့်မပေးခဲ့ချေ။ ဟာရီ ဆတ်ဆတ်ခါသွားပါစေ၊ သူ တကယ်စားချင်သော ဟာကို ဒတ်ဒလီက စားသွားသည်ချည်းပင် ဖြစ်ခဲ့၏။ ဟာရီသည် သူ့ပန်းကန်ထဲသို့ ပူဒီနာပြုတ်က လွဲလျှင် အားလုံးကို နည်းနည်းစီ ယူထည့်လိုက်ပြီး စားလေတော့သည်။ အားလုံးသည် အရသာရှိလှ၏။

'ကြည့်ရတာ အဲဒါ စားလို့ကောင်းမယ့်ပုံ ရှိတယ်'ဟု ငှက်မွေးများ ဝတ်ဆင်ထားသော တစ္ဆေက ဟာရီ ဝက်သားကြော်ကို လှီးဖြတ်နေသည် ကြည့်၍ ဝမ်းနည်းစွာ ပြောသည်။

'မစားနိုင်...'

'ငါ မစားတာ နှစ်ပေါင်း လေးရာလောက် ရှိပြီ'ဟု တစ္ဆေက ပြော၏။ 'တကယ်တော့ ငါဟာ စားဖို့ မလိုဘူးပေါ့လေ၊ ဒါပေမဲ့ လွမ်းတော့ အလွမ်းသား၊ ငါ မင်းကို မိတ်မဆက်ရသေးဘူး ထင်တယ်၊ ငါဟာ မင်းရဲ့ အမှုကို ထမ်းရွက်ပေးမယ့် ဆာ နီးကလစ်၊ ဒီ၊ မင်းဆီ ပေါ်ပင်တန်ပါ၊ ဂရစ်ဖင်ဒါမျှော်စင်မှာ အခြေစိုက်နေထိုင်တဲ့ တစ္ဆေ ဖြစ်တယ်'

'ခင်ဗျား ဘယ်သူဆိုတာ ကျွန်တော် သိတယ်'ဟု ရွန်က ရုတ်တရက် ပြောသည်။ 'ကျွန်တော့် အစ်ကိုတွေက ခင်ဗျားအကြောင်းကို ပြောပြပါတယ်၊ ခင်ဗျားဟာ ခေါင်းပြတ်လုနီးနီး နစ်လို့ ပြောတယ်'

'ငါက မင်းတို့ ငါ့ကို ဆာ နီးကလစ်၊ ဒီ၊ မင်းဆီလို့ ခေါ်တာကို ပိုပြီး နှစ်သက်ပါတယ်'ဟု တစ္ဆေက ခပ်တင်းတင်း ဖြေသော်လည်း ဝါနီရောင် ဆံပင်ရှိသူ ရှေးမတ် ဖင်နီဂန်က ဝင်ပြောပြန်၏။

'ခေါင်းပြတ်လုနီးနီး ဟုတ်လား၊ ဘယ်လိုဖြစ်ပြီး ခေါင်းပြတ်လုနီးနီး ဖြစ်ရတာလဲ'

သူတို့၏ စကားဝိုင်းကလေးသည် သူ လိုချင်သလို မဖြစ်သည့်အလား ဆာ နီးကလစ်သည် အတော်ကြီးပင် မခံချိ မခံသာ ပုံမျိုးပေါက်သွားလေသည်။

'ဒီလိုလေကွာ...'ဟု သူက စိတ်တိုတိုနှင့် ပြောပြီး သူ့ လက်ဝဲဘက် နားရွက်ကို ဖမ်းကိုင်၍ ဆွဲသည်။ သူ့ဦးခေါင်းကြီး တစ်ခုလုံးသည် ပတ္တာတပ်ထားသလို လည်တိုင်မှ လွှဲယမ်း ပြုတ်ထွက်လာပြီး ပခုံးပေါ်ကျသည်။ တစ်စုံတစ်ယောက်က သူ့ကို ခေါင်းဖြတ်သည်မှာ သေချာ၏။ သို့သော် သေသေချာချာ မဖြတ်ခဲ့ချေ။ ကျောင်းသားများ၏ မျက်နှာများပေါ်တွင် အံ့ဩသွားသော လက္ခဏာများကို ကြည့်၍ ကျေနပ်သွားပုံရသော ခေါင်းပြတ်လုနီးနီး နစ်သည် သူ့ဦးခေါင်းကို လည်တိုင်ပေါ်သို့ ပြန်တင်လိုက်ပြီးနောက် ချောင်းတစ်ချက်ဟန့်ကာ ပြောသည်။ 'ကဲ... ဂရစ်ဖင်ဒါ လူသစ်တွေပေါ့နော်၊ ဒီနှစ်မှာ ငါတို့အသင်းက အသင်းတွေရဲ့ ချန်ပီယံဘွဲ့ကို ဆွတ်ခူးနိုင်ဖို့ မင်းတို့က

www.burmeseclassic.com

ကူညီလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်၊ ဂရစ်ဖင်ဒါဟာ ဒါလောက် ကြာအောင် အနိုင်မရဘဲ ဘယ်တော့မှ မနေဘူး၊ ဆလိုင်သရင်က ဖလားကို ခြောက်နှစ်ဆက်တိုက် ရခဲ့တယ်၊ ဘလတ်ဒီ ဘာရွန် ထောင်ထောင် ထောင်ထောင် ဖြစ်တာ သည်းမခံနိုင်စရာပဲ၊ သူက ဆလိုင်သရင် တစ္ဆေလေ'

ဟာရီက ဆလိုင်သရင် စားပွဲဆီသို့ လှမ်းကြည့်ရာ ထိုစားပွဲတွင် ထိုင်နေသော ကြောက်မက်ဖွယ် တစ္ဆေကို တွေ့ရသည်။ ခံစားမှု ကင်းမဲ့စွာ ငေးကြောင်ကြည့်နေသော မျက်စိများ၊ ပိန်ချုံးနေသော မျက်နှာ၊ ငွေရောင် သွေးများစွန်းထင်နေသော ဝတ်ရုံနှင့် ဖြစ်သည်။ သူသည် မာလ်ဖွိုင်းနားတွင် ကပ်ထိုင်နေ၏။ ထိုင်ခုံနေရာ ချထားမှုနှင့် ပတ်သက်၍ မာလ်ဖွိုင်း ကျေနပ်ပုံ မရသည်ကို မြင်ရသော ဟာရီသည် ကျေနပ်နေမိ၏။

'သူက ဘယ်လိုဖြစ်ပြီး သွေးတွေ စွန်းကုန်ရတာလဲ'ဟု ရှေးမတ်က အရမ်းပင် စိတ်ဝင်စားကာ မေးမြန်းသည်။

'ငါ မေးမကြည့်ဖူးဘူး'ဟု ခေါင်းပြတ်လုနီးနီး နစ်က သိမ်မွေ့စွာ ပြန်ပြော၏။

လူတိုင်းသည် သူတို့ စားလိုသလောက် စားပြီးသွားကြသောအခါတွင် ကျန်ရှိသော အစားအစာများသည် ပန်းကန်ပြားများထဲမှ မှေးမှိန်ကာ ပျောက်ကွယ်သွားကြပြီး ပန်းကန်ပြားများမှာ မူလကကဲ့သို့ပင် တောက်ပြောင် စင်ကြယ်လျက် ရှိကြတော့သည်။ ခဏအကြာတွင် ပူတင်းများ ပေါ်လာ၏။ ပန်းသီးပိုင်းများ၊ သကာရည်မုန့်များ၊ ချောကလက် အီကလဲယားများ၊ ယိုစုံဒိုးနတ်များ၊ စပန့်ကိတ်များ၊ စတော်ဘယ်ရီ၊ ဂျယ်လီ၊ ဆန်ပူတင်းတို့မှ စ၍ စဉ်းစားနိုင်သမျှ အနံ့အရသာ သွင်းထားသော အိုက်စကရင် အတုံးကြီးများလည်း ပေါ်လာသည်။

ဟာရီက သကာရည်မုန့်ကို စားနေခိုက် စကားဝိုင်းသည် မိသားစုများဆီသို့ ဦးလှည့်သွားလေ၏။

'ငါက ကပြားကွ'ဟု ရှေးမတ်က ပြောသည်။ 'ငါ့အဖေက မတ်ဂယ်၊ ငါ့အမေက လက်ထပ်မပြီးမချင်း သူဟာ စုန်းပါလို့ ဒယ်ဒီ့ကို မပြောဘူး၊ ဒယ်ဒီကတော့ ကောင်းကောင်းကြီး အထိတ်တလန့် ဖြစ်ရတာပေါ့လေ'

အခြားသူများက ရယ်ကြလေ၏။

'နဲဗီးလ်၊ မင်းကကော ဘယ်လိုတုံး'ဟု ရွန်က ပြော၏။

'အဲ ငါ့ကို ပြုစု မွေးမြူလာတာက အဘွားလေ၊ သူက စုန်းမ တစ်ဦးပဲ'ဟု နဲဗီးလ်က ပြော၏။ 'ဒါပေမဲ့ ငါ့မိသားစုက နှစ်ပေါင်းများစွာပဲ ငါ့ကို လုံးဝ မတ်ဂယ်ဖြစ်နေပြီလို့ ထင်ကြတယ်၊ ငါ့အဘိုးလေး အယ်လ်ဂျီက ငါ့ကို အလစ်စောင့်ပြီး မှော်တန်ခိုးကို အတင်း ထုတ်ကြည့်တယ်လေ၊ တစ်ခါက ဘလက်ပူးလ် ဘောတံတားပေါ်ကနေ ငါ့ကို ရေထဲ တွန်းချတာ ငါ ကံကောင်းလို့ ရေမနစ်တယ်၊ ဒါပေမဲ့ ဘာမှ မဖြစ်ပေါ်ခဲ့ဘူး၊ အဲ... ငါ အသက် ရှစ်နှစ်ရောက်တော့မှပဲ ပေါ်လာတော့တယ်၊ အဘိုးလေး အယ်လ်ဂျီဟာ လက်ဖက်ရည်သောက်ဖို့အလာမှာ ငါ့ကို အပေါ်ထပ် ပြတင်းပေါက်ကနေ ထုတ်ပြီး ခြေချင်းဝတ်က တွဲလောင်းကိုင်ထားခိုက် အဘွားလေး အီးနစ်က အဘိုးလေးကို သကြားနှင့် ကြက်ဥအကာ မွှေပြီး ဖုတ်ထားတဲ့ မုန့်ကို လာပို့တာမှာ အဘိုးလေးက ငါ့ကို ယောင်ပြီး လွှတ်ချလိုက်မိတယ်၊ ငါဟာ ပန်းခြံထဲကနေ လမ်းမကို ရောက်တဲ့အထိ ဘောလုံးလို ခုန်ခုန်သွားတော့တာကိုး၊အဲဒီတွင် သူတို့အားလုံး ကျေနပ်သွားကြတယ်၊ အဘွားဆိုတာ ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျတယ်၊ ငါ ဒီကျောင်းကို တက်ရတော့မယ် ဆိုတော့ သူတို့ မျက်နှာတွေကို မင်းတို့ မြင်စေချင်တယ်၊ သူတို့က ငါဟာ ဒီကျောင်းတက်နိုင်လောက်အောင် မှော်ပါရမီ မရှိဘူးလို့ ထင်နေကြတာကိုး သိလား၊ အဘိုးလေး အယ်လ်ဂျီဟာဆိုရင် ကျေနပ်လွန်းလို့ ငါ့ကို ဖားပြုပ်တစ်ကောင် ဝယ်ပေးတယ်လေ'

ဟာရီ၏ အခြားတစ်ဖက်တွင် ပါစီ ဝီးဇလီနှင့် ဟမိုင်းယွန်းနီတို့သည် ကျောင်းသင်ခန်းစာတွေနှင့် ပတ်သက်၍ ပြောနေ၏။ ('စာတွေအကြောင်း ချက်ချင်း ပြောကြရင် ကောင်းမယ်၊ သင်ယူစရာတွေ အများကြီး ရှိနေတယ်၊ ငါက သဏ္ဌာန်ပြောင်းခြင်း (နာနာရုပ်) အတတ်ကို အထူး စိတ်ဝင်စားတယ်၊ တစ်စုံတစ်ခုကို တစ်စုံတစ်ခု အဖြစ် ပြောင်းပစ်လိုက်တာပေါ့၊ သိတယ် မဟုတ်လား၊ တော်တော် ခက်တယ်လို့ ယူဆရတဲ့ ဟာပေါ့၊ မင်းဟာ ငယ်ငယ်ကလေးဖြစ်သွားမယ်၊ အပ်ချုပ်တဲ့ အပ်နှင့် ဟပ်မိလောက်အောင် ဆိုတာမျိုး')

ဟာရီသည် နွေးလာပြီး အိပ်ငိုက်စ ပြုလာသဖြင့် အထူး စားပွဲတော်ဆီသို့ မော့ကြည့်လိုက်ပြန်သည်။ ဟတ်ဂရစ်သည် လက်ကိုင်မဲ့ ရေသောက်ခွက်ကြီးကို မော့၍ အားရပါးရ သောက်နေသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါအား စကားပြောနေ၏။ ခပ်ဆန်းဆန်း ဦးပေါင်းကြီးနှင့် ပရိုဖက်ဆာ ကွစ်ရဲလ်သည် မည်းနက် ပြောင်လက်သော ဆံပင်၊ ကောက်ချိတ်သော နှာခေါင်း၊ ဖြူရော်သော အသားအရေနှင့် ဆရာ တစ်ဦးနှင့် စကားပြောနေသည်။

အဖြစ်က ရုတ်တရက် မြန်ဆန်လှ၏။ နှာခေါင်းကောက်ကောက်နှင့် ဆရာသည် ကွစ်ရဲလ်၏ ဦးပေါင်းကြီးကို ကျော်လွန်၍ ဟာရီ၏ မျက်စိများကို ကြည့်လိုက်ရာ စူးရှ ပူလောင်သော ဝေဒနာသည် ဟာရီ၏ နဖူးပေါ်မှ အမာရွတ်ကို ဖြတ်၍ ဖြစ်ပေါ်လာ၏။

'အို...'ဟာရီသည် လက်တစ်ဖက်ဖြင့် နဖူးကို အုပ်မိ၏။

'ဘာလဲ'ဟု ပါစီက မေးသည်။

'ဘာ...ဘာမှ မဟုတ်ပါဘူး'

ဝေဒနာသည် မြန်မြန်ဆန်ဆန် ဖြစ်ပေါ်သလို မြန်မြန်ဆန်ဆန်ပင် ပျောက်ကွယ်သွားသည်။ ခါထုတ်ပစ်ဖို့ ခက်ခဲသည်ကတော့ ထိုဆရာ၏ အကြည့်မှ ရသော ခံစားမှုပင် ဖြစ်၏။ သူသည် ဟာရီကို လုံးဝ နှစ်သက်ခြင်း မရှိဟူသော စိတ်ခံစားမှု ဖြစ်သည်။

'ပရိုဖက်ဆာ ကွစ်ရဲလ်နှင့် စကားပြောနေတာ ဘယ်သူလဲ'ဟု သူက ပါစီကို မေး၏။

'သြော်...မင်းက ဆရာ ကွစ်ရဲလ်ကို သိနေတာကိုး... ဟုတ်လား၊ အံ့သြစရာ မဟုတ်ပါဘူးလေ၊ သူက အရမ်းကို တုန်လှုပ်တတ်တာကိုး၊ ဟိုဟာက ပရိုဖက်ဆာ စနိတ်ပေါ့၊ သူက ဆေးရည် ဆိုတဲ့ ဘာသာရပ်ကို သင်တယ်၊ သူက အဲဒါကို မသင်ချင်ပါဘူး၊ ဆရာ ကွစ်ရဲလ်ရဲ့ အလုပ်ကို လုပ်ချင်နေတယ်ဆိုတာ လူတိုင်းသိတယ်၊ မိစ္ဆာအတတ် (အောက်လမ်းပညာ)အကြောင်း အများကြီး သိတယ်လေ၊ အဲဒီ ဆရာ စနိတ်ဟာ...'

ဟာရီက ခဏကြာအောင် စနိတ်ကို စောင့်ကြည့်နေ၏။ သို့ရာတွင် စနိတ်က သူ့ကို ပြန်မကြည့်တော့ပါ။

နောက်ဆုံးတွင် ပူတင်းများသည်လည်း ပျောက်ကွယ်ကြပြန်လေသည်။ ထိုနောက် ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါသည် မတ်တတ်ထပြန်၏။ ခန်းမသည် ငြိမ်သက်သွားသည်။

'အဟမ်း... စကားကလေး နည်းနည်း ပြောပါ့မယ်၊ အခု ဆရာတို့ စားသောက်ပြီးကြပြီ ဆိုတော့ သင်တန်းနှစ် အစ ကြေငြာချက်တွေကို ပေးရမှာပေါ့။

'ပထမနှစ်တွေ သိထားရမှာက ကျောင်းဝင်းထဲက တောအုပ်ဆီကို ဘယ်ကျောင်းသားမှ မသွားရဘူး ဆိုတာပဲ၊ ကျောင်းသားကြီး အချို့လဲ သတိရကြရင် ကောင်းမယ်'

ဒမ်ဗယ်လ်ဒေါ၏ တလက်လက် မျက်လုံးအစုံသည် ဝီးဇလီ အမြွှာညီနောင် ရှိရာဘက်သို့ ဖျတ်ခနဲ ရောက်ရှိလာကြသည်။

'ပြီးတော့လည်း ငါ့ကို ကျောင်းစောင့်ကြီး မစ္စတာ ဖစ်ချ်က သတိပေးခိုင်းထားသေးတယ်၊ အဲဒါ ဘာလဲဆိုရင် သင်တန်းချိန် တစ်ခုနှင့် တစ်ခုအကြား လူသွားစင်္ကြံလမ်းပေါ်မှာ ဘယ်လို မှော်ပညာကိုမှ မသုံးဖို့ဘဲ။

'ကွစ်ဒစ်ချ် ပြိုင်ပွဲတွေကို သင်တန်းနှစ် ဒုတိယ ရက်သတ္တပတ်မှာ ကျင်းပလိမ့်မယ်၊ ကိုယ့်အုပ်စု အသင်းအတွက် ကစားဖို့ စိတ်ဝင်စားတဲ့သူ မည်သူမဆို မာဒမ် ဟုချ်နှင့် ဆက်သွယ်ပါ။

'နိဂုံးချုပ် အနေနှင့် ပြောရရင် ဒီနှစ်မှာ တတိယထပ်က လက်ယာဘက် စင်္ကြံလမ်းဟာ သေခြင်းဆိုးနှင့် မသေချင်တဲ့ လူမှန်သမျှ မသွားရ နယ်မြေပဲ'

ဟာရီက ရယ်မိသည်။ သို့သော် သွားချင်သူ အနည်းငယ်ထဲတွင် သူ ပါဝင်ခဲ့၏။

'သူ အတည်ပြောနေတာ ဟုတ်မယ် မထင်ပါဘူးနော်'ဟု သူက ပါစီကို တီးတိုးပြောသည်။

'အတည်ပြောနေတာ ဖြစ်ရမယ်'ဟု ပါစီက ဒမ်ဗယ်လ်ဒေါကို မျက်မှောင်ကုတ်ကြည့်ရင်း ပြော၏။ 'နည်းနည်းတော့ ဆန်းနေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်နေရာရာကို မသွားရဘူး ဆိုရင် ဘာကြောင့် မသွားရသလဲဆိုတဲ့ အကြောင်းရင်းကို ပြောတတ်လို့ပဲ၊ အဲဒီတောထဲမှာ အန္တရာယ် ပြုနိုင်တဲ့ သားရဲတိရစ္ဆာန်တွေ ရှိတယ်ဆိုတာမျိုးပေါ့၊ ဒါကို လူတိုင်း သိတာပဲ၊ အနည်းဆုံး ငါတို့လို အတန်းခေါင်းဆောင်တွေကိုတော့ သူ ပြောထားသင့်တာပေါ့နော်'

'ကဲ အခု ငါတို့ အိပ်ရာမဝင်ခင် ကျောင်းသီချင်းကို သီဆိုကြရအောင်'ဟု ဒမ်ဗယ်လ်ဒေါက အော်ပြောသည်။ ဟာရီက အခြားသော ဆရာများ၏ အရယ် အပြုံးများသည် တည်ငြိမ်ကုန်ကြခြင်းကို သတိပြုမိ၏။

ဒမ်ဗယ်လ်ဒေါက သူ့ဆေးကြိမ်လုံး၏ ထိပ်ဖျားမှ ယင်ကောင်ကို မောင်းထုတ်ဖို့ ကြိုးစားသလို ဆေးကြိမ်လုံးကို ခပ်ဆတ်ဆတ်ကလေး ပုတ်ခတ်လိုက်ရာ ရှည်လျားသော ရွှေရောင် ဖဲကြိုးသည် ဆေးကြိမ်လုံးထဲမှ ခုန်ပျံထွက်ပေါ်လာကာ စားပွဲများ၏ အထက် များစွာ မြင့်သော နေရာအထိ တက်သွားပြီး မြွေအသွင် တွန့်လိမ် ကောက်ကွေးရင်း စာလုံးများကို ဖော်ပြလေတော့သည်။

'လူတိုင်းက ကိုယ် နှစ်သက်ရာ သံစဉ်ကို ယူကြ'ဟု ဒမ်ဗယ်လ်ဒေါက ပြော၏။ 'ကဲ ဆိုကြမယ်ဟေ့'

တစ်ကျောင်းလုံး အော်ဟစ် မြည်တွန်ကြလေ၏။

ဟော့ဂဝပ်–ဟော့ဂဝပ်။ ဟော့ဂ်(ဝက်) လို–ဝပ်(အသားမာ) လိုဖြစ်တဲ့ ဟော့ဂဝပ်ရေ၊

တစ်ခုခုကိုတော့ သင်ပေးပါလေ၊
ငါတို့ဟာ အိုမင်းလို့ ထိပ်ပြောင်နေနေ၊
ယယ်ရွယ်လို့ ဒူးမှာ အနာတွေ စွဲနေနေ၊
စိတ်ဝင်စားစရာတွေနှင့်လေ၊
ငါတို့ ဦးခေါင်းကို ဖြည့်လို့ရပါပေ၊
ခုတော့ ဦးခေါင်းတွေက ဟင်းလင်းပါ၊ ရှိတာတွေက ဝါယော လေ၊
ငှက်မွေးတွေနှင့် ယင်ကောင်သေ၊
ဒါကြောင့် သိသင့်တာတွေ သင်ပေးပါလေ၊
ပြန်ပြီး ဖော်ပေးပါ–မေ့ကုန်တာတွေ၊
သင်က အဖန်တစ်ရာ လုပ်စေ–ငါတို့က ကျန်တာလုပ်မလေ၊
ဦးနှောက်တွေ ဆွေးမြည့်တဲ့အထိ သင်ယူကြမှာ မသွေ။

လူတိုင်းသည် အကွဲကွဲအပြားပြား အချိန်များဖြင့် အဆုံးသတ်ကြ၏။ နောက်ဆုံးတွင် ဝီဇလီ အမြွာညီနောင်နှစ်ယောက်သာလျှင် အလွန် နှေးကွေးသော အသုဘ ခြေလှမ်း တေးသံစဉ်မျိုးဖြင့် ဆိုကျန်ရစ်တော့သည်။ ဒမ်ဗယ်လ်ဒေါသည် နောက်ဆုံး သီချင်းပိုဒ် စာကြောင်း အနည်းငယ်ကို သူ၏ ဆေးကြိမ်လုံးဖြင့် တီးဝိုင်းခေါင်းဆောင်သဖွယ် ဦးဆောင် ညွှန်ပြပေးလေသည်။ သူတို့သီဆို ပြီးဆုံးသွားသောအခါ အကျယ်ဆုံး လက်ခုပ်သြဘာပေးသူများထဲတွင် သူ တစ်ယောက် အပါအဝင် ဖြစ်ခဲ့လေသည်။

'အား.. တေးဂီတဆိုတာ...'ဟု သူက မျက်လုံးတွေကို ပွတ်ရင်း ပြော၏။ 'ငါတို့ ဒီမှာ လုပ်သမျှတွေ အားလုံးကို ကျော်လွန်နိုင်တဲ့ မှော်အတတ်ပဲ၊ ကဲ.. အိပ်ရာဝင်ချိန် ရောက်ပြီ၊ အားလုံး သွားကြပေတော့'

ဂရစ်ဖင်ဒါ ပထမနှစ်များသည် စကားတွေ ဆူဆူညံညံ ပြောနေကြသော လူအုပ်အကြား ဖြတ်၍ ပါစီ၏ နောက်မှလိုက်ကာ မဟာခန်းမကြီးကို ဖြတ်ပြီး စကျင်ကျောက် လှေကားကြီးကို တက်ကြသည်။ ဟာရီ၏ခြေထောက်များသည် ခဲများသဖွယ် ဖြစ်လာပြန်၏။ သို့သော် သူသည် မောပန်းပြီး ဗိုက်ပြည့်နေသောကြောင့်သာဖြစ်ပါ၏။

စင်္ကြံ လမ်းတစ်လျှောက်က ပုံတူပန်းချီ ကားကြီးများထဲမှ လူများသည် သူတို့ ဖြတ်သွားသောအခါ တီးတိုးပြော၍လက်ညှိုးညွှန်ပြခြင်းကိုလည်းကောင်း၊ ဝှက်ကွယ်ထားသည့် လျှောဖွင့်၍ ရသော နံရံ မှန်ကူကွက်များနှင့်တွဲလွဲချိတ်ထားသော ပန်းပြောက် ရုပ်ပုံများနှင့် ကမ္ဗလာထည်များ နောက်မှ တံခါးများကို နှစ်ကြိမ်မျှပင် ပါစီကဦးဆောင် ဖြတ်သန်းခြင်းကို လည်းကောင်း အံ့သြမနေနိုင်လောက်အောင်ပင် သူသည် ငိုက်မျဉ်းနေပေ၏။ သူတို့သည် သမ်းသမ်းဝေဝေနှင့် ခြေထောက်တွေကို ဒရွတ်တိုက်ဆွဲရင်း လှေကားတွေကို တက်ကြရပြန်၏။ ဟာရီက သူတို့သည် ဘယ်လောက်ဝေးဝေး သွားရဦးမည်လဲဟု စောကြောနေမိခိုက်တွင်ပင် သူတို့ ရုတ်တရက် ရပ်လိုက်ကြသည်။

သူတို့ရှေ့တွင် လမ်းလျှောက် လက်ကိုင်တုတ် အစည်း တစ်စည်းသည် လေထဲတွင် လွင့်မျောနေရာက ပါစီကသူတို့ဆီသို့ ခြေတစ်လှမ်း အလှမ်းလိုက်တွင် တုတ်စည်းကြီးက အလိုလို သူ့ထံ ပစ်ပေါက်လာသည်။

'ပီးဗ်ဇ်'ဟု ပါစီက ပထမနှစ်များထံသို့ လေသံဖြင့် ပြောသည်။ 'ပုဏ္ဏကတစ္ဆေလေ'သူသည် အသံကို မြှင့်၍အော်လိုက်၏။ 'ပီးဗ်ဇ်... ကိုယ်ထင်ပြစမ်း'

လေပူဖောင်းထဲမှ လေကို ထုတ်လိုက်သည့် အသံမျိုးနှင့် တူသော ကျယ်လောင် ရိုင်းပြသည့် အသံဖြင့် ပြန်ဖြေ၏။

'မင်းက ငါ့ကို သွေးစွန်းတဲ့ ဘလတ်ဒီ ဘာရွန်ဆီကို သွားခိုင်းတာလား'

ရုတ်တရက် လှုပ်ရှားမှု ဖြစ်ပေါ်လာသည်။ ယုတ်မာ နက်မှောင်သော မျက်လုံးများနှင့် ပါးစပ်ကြီး ပြဲနေသော လူသေးသေးယဲယဲသည် ပေါ်လာ၏။ သူသည် လေထဲတွင် ခြေချိတ်ထိုင်ရင်း လွင့်ပျံနေကာ လမ်းလျှောက်တုတ်များကို ဆုပ်ကိုင်ထားသည်။

'အိုး...'ဟု သူက ကျယ်လောင်သော မိစ္ဆာရယ်သံဖြင့် ပြော၏။ 'ပထမနှစ် ကောင်ကလေးတွေ၊ ပျော်စရာကြီးပေ့ဟေ့'

သူသည် ကလေးတွေဆီသို့ ရုတ်တရက် အဟုန်နှင့် ထိုးဆင်းသည်။ သူတို့တွေက ဆတ်ခနဲ ငုံ့လျှိုးလိုက်ကြရ၏။

'သွားနော် ပီးဗ်ဖ်၊ မဟုတ်ရင် ဘာရွန်ကို တိုင်ပြောလိုက်မယ်၊ ကျွန်တော် တကယ်ပြောတာ'ဟု ပါစီက ဟောက်သည်။

ပီးဗ်ဖ်သည် လျှာထုတ်ပြကာ ပျောက်ကွယ်သွား၏။ လက်ထဲက လမ်းလျှောက်တုတ်တွေကို နဲဗီးလ်၏ ခေါင်းပေါ် လွှတ်ချခဲ့သည်။ ဝှီးခနဲ အသံကို သူတို့ ကြားကြရ၏။ သူ ဖြတ်သွားစဉ် သံချပ်အင်္ကျီ တချွမ်းချွမ်း အသံထွက် ပေါ်လာသည်။

'မင်းတို့ ပီးဗ်ဖ်ကို သတိထားကြနော်'ဟု သူတို့က ဆက်လျှောက်စဉ် ပါစီက ပြော၏။ 'သူ့ကို ထိန်းကွပ်နိုင်တာ ဘလတ်ဒီ ဘာရွန် တစ်ယောက်တည်း ရှိတယ်၊ ငါတို့လို အတန်းခေါင်းဆောင်တွေ စကားကိုတောင် သူ နားမထောင်ဘူး၊ ဟော... တို့ ရောက်ပြီ'

စင်္ကြံလမ်း၏ အဆုံးစွန်တွင် ပန်းရောင် ပိုးအဝတ်အစားများ ဝတ်ထားသော မိန်းမဝဝကြီး၏ ပုံတူ ဆေးရေး ပန်းချီကား ချိတ်လျက်သား ရှိသည်။

'စကားဝှက်က ဘာလဲ'ဟု ထိုမိန်းမကြီးက ပြော၏။

'ကာပွတ် ဒရာကောနစ်' (နဂါးဦးခေါင်း)ဟု ပါစီက ပြောလိုက်သောအခါ ပန်းချီကားကြီးသည် ရှေ့သို့ လွှဲယမ်းထွက်လာသည်တွင် နံရံ၌ အပေါက်ဝိုင်း တစ်ခု ပေါ်လာတော့၏။ သူတို့အားလုံး တွားဝင်ကြသည်။ နဲဗီးလ်ကိုတော့ ခြေတစ်ဖက် ပင့်တင်ပေးရသည်။ သူတို့သည် အတွင်းဘက်က ဂရစ်ဖင်ဒါ စုပေါင်း အနားယူခန်းသို့ ရောက်ကြခြင်း ဖြစ်၏။ နွေးထွေးသော အခန်းဝိုင်းဖြစ်ပြီး လက်တန်းပါ ကုလားထိုင်များ ပြည့်ညပ်နေသည်။

ပါစီက မိန်းမလေးများကို သူတို့၏ စုပေါင်း အိပ်ခန်းသို့ ဝင်ရန် တံခါးပေါက်ကို ညွှန်ပြ၍ ယောကျ်ားလေးများကို အခြား တံခါးပေါက်သို့ ညွှန်ပြသည်။ ကြောင်လိမ်လှေကား တစ်ခု၏ ထိပ်တွင် ဖြစ်၍ သူတို့သည် မျှော်စင် ပြာသာဒ် တစ်ခုထဲတွင် ရှိနေသည်မှာ သေချာပေသည်။ နောက်ဆုံးတွင် သူတို့၏ အိပ်ရာများကို တွေ့ကြတော့၏။ တိုင်လေးတိုင်နှင့် ခုတင် ငါးလုံးဖြစ်သည်။ ကြက်သွေးရောင် ခြင်ထောင်များ ချိတ်ဆွဲထားသည်။ သူတို့၏ သေတ္တာများကိုလည်း တင်ထားပြီး ဖြစ်၏။ စကားများများ မပြောနိုင်လောက်အောင် ပင်ပန်းနေကြပြီ ဖြစ်သောကြောင့် သူတို့သည် ညအိပ်ဝတ် ပဂျားမားများကို ဆွဲဝတ်ကာ အိပ်ရာဝင်ကုန်ကြလေသည်။

'အစားအစာတွေကတော့ ဂရိတ်ပဲ၊ မဟုတ်ဘူးလား'ဟု ရွန်က ခြင်ထောင်ကို ဖြတ်၍ ဟာရီအား ပြောသည်။ 'ဖယ်စမ်း...စကတ်ဘား၊ ဒီကောင် ငါ့အိပ်ရာခင်းတွေကို ကိုက်နေတာကိုး'

ဟာရီက သကာရည်မုန့်တွေ ရှိသေးသလားဟု ရွန်ကို မေးဦးမည်ကြံမိပါသော်လည်း မမေးနိုင်တော့ဘဲ ချက်ချင်းလိုလိုပင် အိပ်ပျော်သွားလေတော့၏။

သူသည် အစားများသွားခြင်း ဖြစ်ကောင်းဖြစ်မည်။ အဘယ်ကြောင့် ဆိုသော် ထူးဆန်းလှသော အိပ်မက်ကို မက်သောကြောင့် ဖြစ်၏။ သူသည် ပရိုဖက်ဆာ ကွစ်ရဲလ်၏ ဦးပေါင်းကြီးကို ဆောင်းထားပြီး ထိုဦးပေါင်းက သူ့အား ဆလိုင်သရင် အသင်း အုပ်စုသို့ ချက်ချင်း ပြောင်းရမည်။ အဘယ်ကြောင့်ဆိုသော် သူ့ကံကြမ္မာပ ဤအတိုင်း ဖြစ်သောကြောင့် ဖြစ်သည်ဟု ဦးပေါင်းကြီးက အထပ်ထပ် ပြောနေ၏။ ဟာရီက မိမိသည် ဆလိုင်သရင်တွင် မနေလိုကြောင်းနှင့် ဦးပေါင်းကြီးကို ပြောသောအခါ ဦးပေါင်းသည် ပို၍ ပို၍ လေးလံလာ၏။ သူသည် ချွတ်ပစ်ရန် ကြိုးစားသော်လည်း ဦးပေါင်းကြီးသည် နာကျင်လောက်အောင်ပင် ကျပ်နေ၏။ ထိုအခါ မာလ်ဖွိုင်းကို သတိပြုမိ၏။ သူက ဦးပေါင်းကြီးနှင့် ရုန်းကန်နေရသည်ကို မာလ်ဖွိုင်းက ရယ်မောနေ၏။ ထို့နောက် မာလ်ဖွိုင်းသည် နှာရောင်ကောက် ဆရာ စနိတ် ဖြစ်သွားကာ ရယ်သံသည်လည်း ကျယ်လောင်၍ အေးစက်စက် နိုင်လာသည်။ ထိုခဏတွင် အစိမ်းရောင် အလင်းသည် ဖျန်းခနဲ ဖြစ်ပေါ်လာသည်တွင် ဟာရီသည် အိပ်ရာမှ လန့်နိုးကာ ချွေးတွေ ပြန်၍ တုန်ယင်လျက် ရှိသည်။

သူသည် လိမ့်လိုက်၍ ပြန်အိပ်ပျော်သွားသည်။ နောက်နေ့ အိပ်ရာမှ နိုးသောအခါ အိပ်မက်ကို လုံးဝ မမှတ်မိတော့ချေ။

အခန်း ရှစ်

ဆေးရည်ဆရာ

'ဟိုမှာလေ... ကြည့်ပါလား'

'ဘယ်မှာလဲ'

'ဆံပင်နီနီ အရပ်ရှည်ရှည်နှင့် ကောင်ရဲ့ ဘေးမှာလေ'

'မျက်မှန် တပ်ထားတာလား'

'သူ့ မျက်နှာကို မြင်ခဲ့သလား'

'သူ့ အနာရွတ်ကို မြင်ခဲ့သလား'

နောက်နေ့ စုပေါင်း အိပ်ခန်းမှ ထက်လာခဲ့သည့် အချိန်က စ၍ တီတိုးပြောသံများသည် ဟာရီနောက်သို့ တကောက်ကောက် လိုက်တော့သည်။ စာသင်ခန်းများ အပြင်ဘက်တွင် တန်းစီနေကြသော လူများသည် သူ့ကို မြင်ရအောင် ခြေဖျားထောက်သူက ထောက်ကြည့်၏။ စင်္ကြံလမ်းတွင် သူ့ကို နောက်ထပ်ကပ်၍ ဖြတ်ကျော်နိုင်ရန် နောက်တစ်ခေါက် ပြန်လျှောက်သူက ပြန်လျှောက်သည်။ ဟာရီက သူတို့ကို ဒီလို မလုပ်စေချင်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် စာသင်ခန်းများဆီသို့ သွားရန် လမ်းရှာခြင်း၌ စိတ်အာရုံကို စူးစိုက်ထားလိုသောကြောင့် ဖြစ်ပါသည်။

ဟော့ဂဝပ်တွင် လှေကားပေါင်း တစ်ရာလေးဆယ့်နှစ်ခု ရှိ၏။ ကျယ်၍ ပြန့်ကားနေသော လှေကားများ၊ ကျဉ်း၍ ခနော်ခနဲ့ ဖြစ်နေသော လှေကားများ၊ သောကြာနေ့များတွင် အခြား နေရာဆီသို့ ရောက်စေသော လှေကားများ၊ ခရီး တစ်ဝက်တွင် လှေကားဆန်များ ပျောက်ကွယ်သွားတတ်သဖြင့် ခုန်ကျော်ဖို့ သတိထားရသည့် လှေကားများ ရှိသည်။ ယဉ်ယဉ်ကျေးကျေး တောင်းပန်ခြင်း မပြုမချင်း မပွင့်သော တံခါးများ၊ နေရာမှန်တွင် အတိအကျ ကလိထိုးမှ ပွင့်သော တံခါးများ၊ တကယ်တော့ တံခါးပေါက် မဟုတ်ဘဲ တံခါးဟန်ဆောင်ထားသည့် ပိန်းပိတ်သား နံရံများလည်း ရှိကြသည်။ ဘယ်နေရာတွင် ဘာရှိသည်ကို မှတ်ထားရ ခက်လှ၏။ အဘယ်ကြောင့်ဆိုသော် အရာဝတ္ထုများသည် အတော်ပင် ဟိုရောက် ဒီရောက်နှင့် ရှိကြပေ၏။ ဆေးရေးပန်းချီကားတွေထဲမှ လူများသည် ရုပ်ပုံ တစ်ခုမှ တစ်ခုသို့ သွားရောက် လည်ပတ်တတ်ကြပြီး သံချပ်အင်္ကျီများ လမ်းလျှောက်နိုင်သည်ကို ဟာရီ အခိုင်အမာ သိပါသည်။

တစ္ဆေများကလည်း ဘာမှ မကူညီကြပါ။ တစ္ဆေ တစ်ကောင်ကောင် ရုတ်တရက် ပေါ်လာပြီး သင် ဖွင့်ရန် ကြိုးစားနေသည့် တံခါးကို ဖြတ်သန်း၍ လျှောတိုက်သွားသည်နှင့် ကြုံရလျှင် တော်တော်ပင် အခံရခက်လှ၏။ ခေါင်းပြတ်လုနီးနီး နစ်သည် ဂရစ်ဖင်ဒါ လူသစ်များကို လမ်းမှန်သို့ ညွှန်ပြရလျှင် အမြဲပင် ပျော်ရွှင်၏။ သို့သော် သင် အတန်းတက်ရန် နောက်ကျနေခိုက်တွင် ပုဏ္ဏကတစ္ဆေ ပီးဗ်ဇ်နှင့် တွေ့လိုက်ရလျှင်ကား သော့ခတ်ထားသော တံခါးနှစ်ထပ်နှင့် မမှန်မကန် လှေကားကို တွေ့ရသလို ရှိတော့သည်။ သူသည် သင့်ခေါင်းပေါ်သို့ အမှိုက်ခြင်းများကို ပစ်ချမည်။ သင်၏ ခြေထောက်အောက်မှ ခြေသုတ်ဖုံကို ဆွဲမည်။ သင့်ကို မြေဖြူခဲ အတိုအစတွေနှင့် ပစ်ပေါက်မည်။ ကိုယ်ရောင်ဖျောက်၍ သင့်နောက်က ခိုးကြောင်ခိုးဝှက် လိုက်လာကာ သင့်နှာခေါင်းကို ဆွဲဖျစ်ပြီး 'မင့် နှာခေါင်းကို ငါရပြီဟေ့'ဟူ၍ စူးစူးဝါးဝါး အော်ပေလိမ့်မည်။

အကယ်၍ ဖြစ်နိုင်သည်ဆိုပါက ပီးဗ်ဇ်ထက် ဆိုးဝါးသူ ရှိသေး၏။ ထိုသူကား အဆောက်အအုံကို ထိန်းသိမ်းရသူ အစောင့် အားဂတ်စ် ဖစ်ချ် ဖြစ်တော့သည်။ ထိုနေ့ နံနက်တွင်ပင် ဟာရီနှင့် ရွန်တို့သည် သူ့ကို စိတ်တိုအောင် လုပ်မိခဲ့ကြပေ၏။ သူတို့သည် တံခါးပေါက် တစ်ခုသို့ ဝင်မည်ပြုသည်ကို ဖစ်ချ်က တွေ့သွားသည်။ ထိုတံခါးပေါက်မှာ တတိယထပ်တွင် ရှိ၍ မသွားရ နယ်မြေ စင်္ကြံသို့ ပေါက်သော တံခါးပေါက် ဖြစ်နေ၏။ သူတို့ လမ်းပျောက်နေသည် ဆိုခြင်းကို သူက မယုံကြည်ဘဲ သူတို့သည် စည်းကမ်းကို တမင် ချိုးဖောက်သည် ဆိုကာ အချုပ်ခန်းထဲတွင် သော့ပိတ်ထားပါမည် တကဲကဲ ဖြစ်နေရာ ဖြတ်လျှောက်လာသော ပရိုဖက်ဆာ ကွစ်ရဲလ်က ကယ်လိုက်၍သာ သက်သာသွားကြသည်။

ဖစ်ချ်တွင် မစ္စက် နောရစ်ဟု ခေါ်သော ကြောင်တစ်ကောင် ရှိ၏။ ထိုကြောင်မှာ ပိန်ကြုံပြီး ဖုန်မှုန့်အရောင်နှင့် ဖြစ်ကာ ဖစ်ချ်၏ မျက်လုံးများကဲ့သို့ပင် ပြူးထွက်၍ မီးအိမ်နှင့် တူသော မျက်လုံးများ ရှိသည်။ စင်္ကြံလမ်းများကို ထိုကြောင်မ တစ်ကောင်တည်းက လှည့်လည် စောင့်ကြပ်၏။ သူ့ရှေ့တွင် ခြေချောင်းကလေး တစ်ချောင်း စည်းကို ကျော်ခြင်းဖြင့် ဥပဒေ ချိုးဖောက်ပါက သူက ဖြုန်းခနဲ ဖစ်ချ်ကို ရှာဖွေ ခေါ်လာမည် ဖြစ်၏။ နောက် နှစ်စက္ကန့်လောက် အကြာတွင် ရှူးရှူးရှဲရှဲနှင့် ဖစ်ချ် ပေါက်ချလာမည် ဖြစ်သည်။ ဖစ်ချ်သည် ကျောင်း၏ လျှို့ဝှက် စင်္ကြံလမ်းတွေကို အားလုံးထက် ပို၍ သိသည်ဖြစ်သောကြောင့် (ဝီးဇလီ အမွှာညီနောင်ကိုတော့ ခြွင်းချက်ထားကောင်း ထားရပါလိမ့်မည်။) တစ္ဆေတွေလောက်ပင် လျင်မြန်စွာ ပေါ်ထွက်လာနိုင်၏။ ကျောင်းသားများက သူ့ကို မုန်းတီးကြပြီး ကျောင်းသား အများစု၏ တန်ဖိုး အထားဆုံး ဆန္ဒဓာမှာ မစ္စက် နောရစ်ကို ကောင်းကောင်း ကန်ထည့်ခြင်းပင် ဖြစ်လေသည်။

သင်ခန်းစာများနှင့် တွေ့ရပြန်တော့လည်း သင်ခန်းစာများက နိုင်နင်းအောင် ပြုလုပ်ရခက်လှသည်။ ဟာရီ လျက်မြန်စွာပင် တွေ့ရှိလာရသည်ကား မှော်ပညာဆိုသည်မှာ ဆေးကြိမ်လုံးကလေး ဝှေ့ယမ်း၍ ခပ်ကြောင်ကြောင် စကားကလေးများ ရွတ်ဆိုခြင်းလောက်သာ မဟုတ်ပါ။ ထို့ထက် အများကြီး ပိုပါသည်။

သူတို့သည် ညဘက် ကောင်းကင်ပြင်များကို ဗုဒ္ဓဟူးနေ့ ညဥ့် သန်းခေါင်ရောက်တိုင်း မှန်ပြောင်းဖြင့် ကြည့်၍ လေ့လာ သင်ယူကြရပါသည်။ ကြယ်အမျိုးမျိုး၏ အမည်နာမများနှင့် ဂြိုလ်တို့၏ သွားလာမှုများကို သင်ယူကြရပါသည်။ ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ကျ ရဲတိုက်ကြီး၏ နောက်ဘက်ရှိ ဖန်မိုးမှန်ကာ စိုက်ခင်းသို့ သွားရောက်ပြီး ပရိုဖက်ဆာ စပရောက် အမည်ရှိ ပုအိုင့်အိုင့် သေးသေးကွေးကွေး စုန်းမနှင့် အတူ ဆေးပင်ဗေဒကို သင်ယူကြရ၏။ ထူးဆန်းသော အပင်များနှင့် မှိုများကို မည်သို့ ပြုစုပျိုးထောင်ရသည် ဆိုခြင်းနှင့် မည်သို့ အသုံးဝင်သည် ဆိုခြင်းများကို သင်ယူကြရလေသည်။

ပျင်းစရာ အကောင်းဆုံး သင်ခန်းစာကား မှော်ပညာ သမိုင်းပင် ဖြစ်၍ ထိုဘာသာရပ်ကို တစ္ဆေ တစ်ဦးက သင်ကြားသည်။ ပရိုဖက်ဆာ ဘင်းစ်သည် အိုမင်းနေချိန်တွင် ဆရာများအခန်း မီးလောင်စဉ် အိပ်ပျော်နေရာ နောက်နေ့ နံနက်ထ၍ စာသွားသင်ရာ သူ၏ ကိုယ်ခန္ဓာကြီးသည် ကျန်ရစ်ခဲ့တော့သည်။ သူသည် စာသင်လျှင် အိပ်ချင်မူးတူးသံကြီးဖြင့် သင်၍ နာမည်များနှင့် ရက်စွဲများကို ကောက်ခြစ်ပြတတ်သည်။ လူ့ မိစ္ဆာကြီး အဲမရစ်နှင့် လူကတ်ကြီး ယူးရစ်တို့ အကြောင်း ပြောရာတွင် ရောထွေးကုန်သည်။

ဂါထာမန္တန်ဆရာ ပရိုဖက်ဆာ ဖလစ်ဝစ်သည်ကား သေးကွေးလှသော မှော်ဆရာကလေး ဖြစ်ရာ သူ့ရှေ့က စားပွဲခုံကို ကျော်၍ ကြည့်နိုင်ရန် အတွက် စာအုပ်ပုံပေါ်တွင် တက်ရပ်ရလေသည်။ ပထမဆုံး စာသင်ခြင်း အစတွင် သူသည် တက်ရောက်မှု မှတ်တမ်းကို ဖတ်၍ ခေါ်ရာ ဟာရီ၏ နာမည်သို့ ရောက်သောအခါ သူသည် စူးစူးဝါးဝါး တစ်ချက်အော်၍ ကျွမ်းပြန်ကျကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ပရိုဖက်ဆာ မက်ဂေါ်နဂေါကမူ သူများနှင့် အတူ တစ်မူကွဲပြန်၏။ ကဏ္ဍကောစ မလုပ်သင့်သည့် ဆရာ ဖြစ်သည်ဟု ဟာရီ ထင်ခြင်းသည် မှန်ကန်လှချေ၏။ သူသည် စည်းကမ်းကြီး၍ ကျွမ်းကျင်လိမ္မာသည်။ ပထမဆုံး ပို့ချချက်တွင်ပင် သူက ကျောင်းသားများကို ကောင်းကောင်း ပြောပစ်ခဲ့၏။

'ဟော့ဂဝပ်မှာ သင်ယူရာမှာ ပုံသဏ္ဌာန် ပြောင်းလဲခြင်း နာနာရုပ်အတတ် ဆိုတာ ရှုပ်လည်း ရှုပ်တယ်၊ အန္တရာယ်လည်း ကြီးမားတဲ့ မှော်ပညာ ဖြစ်တယ်'ဟု သူက ပြောသည်။ 'ငါ့ စာသင်ခန်းထဲမှာ ဗရုတ်ကျတဲ့ ကောင်ဆိုရင် ထွက်သွားပြီး နောက်ပြန်မလာခဲ့နှင့်တော့၊ မင်းတို့ကို ငါ သတိပေးတယ်'

ထိုနောက် သူက သူ့စားပွဲခုံကို ဝက်တစ်ကောင်အဖြစ် ပြောင်းလဲပစ်လိုက်ပြီးနောက် ခုံအဖြစ် ပြန်လည် ပြုလုပ်လိုက်သည်။ သူတို့သည် များစွာစိတ်၌ စွဲထင်သွားကြပြီး ထိုပညာကို ချက်ချင်း သင်ယူလိုကြသည်။ သို့သော် ဂရိဘောဂ ပစ္စည်းကို တိရစ္ဆာန်အဖြစ် ပြောင်းလဲခြင်းကို ကာလကြာမြင့်သည်အထိ သူတို့ ပြုလုပ်နိုင်ကြဦးမှာ မဟုတ်ကြောင်း မကြာမီပင် သူတို့ သဘောပေါက်လာကြသည်။ ရှုတ်ထွေးသော မှတ်စုပေါင်း များစွာကို ပို့ချပြီးနောက် သူတို့အား မီးခြစ်ဆံ တစ်ချောင်းစီ ပေး၍ အပ်အဖြစ် အသွင်ပြောင်းခိုင်း၏။ စာသင်ချိန် ပြီးဆုံးချိန်၌ ဟမိုင်းယွန်းနီ ဂရန်ဂျာ တစ်ယောက်ကသာ သူ့ မီးခြစ်ဆံကို မီးခြစ်ဆံနှင့် မတူအောင် ပြောင်း၍ ရ၏။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သင်တန်းသားများအား မိမိတို့ ဘယ်လောက် လွယ်လွယ် ထင်နေကြသည်ကို ပြသသွား၏။ ထို့နောက် ဟမိုင်းယွန်းနီအား ရှားပါးလှသော အပြုံးဖြင့် ပြုံးပြသည်။

www.burmeseclassic.com

တစ်တန်းလုံး တကယ်ပင် လည်ဆန့်၍ မျှော်နေကြသည်ကား အမှောင်ပိုင်း စွမ်းအင်များ (သို့မဟုတ်) အောက်လမ်း စွမ်းအင်များကို ခုခံ ကာကွယ်ခြင်း ဟူသော အကြောင်းအရာ ဖြစ်၏။ သို့ရာတွင် ကွစ်ရဲလ်၏ သင်ကြားချက်များသည် ပြက်လုံးဆန်ဆန် ဖြစ်နေလေသည်။ သူ့ စာသင်ခန်းသည် ကြက်သွန်ဖြူနံ့ လှိုင်နေ၏။ လူတိုင်းက ပြောနေကြသည်မှာ ကြက်သွန်ဖြူသည် ရိုမန်းနီးယား နိုင်ငံတွင် သူ တွေ့ခဲ့ရသော သွေးစုပ်ဖုတ်ကောင်ကို မောင်းနှင်ထုတ်ရန် ဖြစ်သည်ဟု ဆို၏။ ထိုသွေးစုပ်ဖုတ်ကောင်သည် ဤရက်များတွင် သူ့ဆီလာပြီး သူ့ကို ဖမ်းသွားမှာ စိုးရွံ့ဟန်တူလေသည်။ သူ့အပြောအရ ဆိုသော် သူ၏ ဦးပေါင်းကြီးမှာ ဒုက္ခပေးသော အသက်ဝင် လူသေဖုတ်ကောင်ကို ဖယ်ရှင်းပေးခဲ့သောကြောင့် အာဖရိက မင်းသား တစ်ပါးက ကျေးဇူးဆပ်ခြင်း ဖြစ်သည် ဆို၏။သို့သော် ထို အဖြစ်အပျက်ကို ကျောင်းသားများက ယုံကြည်ဆိုခြင်းကား မသေချာချေ။ တစ်ခါက ရှေးမတ် ဖင်နီဂန်က ဆရာ ကွစ်ရဲလ်သည် လူသေဖုတ်ကောင်ကို ဘယ်လို တိုက်ခိုက်လိုက်ခဲ့ကြောင်းကို ကြားလိုစိတ် ပြင်းပြစွာဖြင့် မေးသည်တွင် ဆရာ ကွစ်ရဲလ်သည် မျက်နှာမှာ ပန်းရောင်ဖြစ်သွားကာ ရာသီဥတု အကြောင်းတွေ လျှောက်ပြောတော့သည်။ နောက်တစ်ကြိမ်ကလည်း ဦးပေါင်းကြီးတွင် အနံ့တစ်မျိုး စွဲနေသည်ကို သူတို့ သတိပြုမိကြသောအခါ ဝီးဇလီ အမွှာညီနောင်က ဦးပေါင်းတွင်လည်း ကြက်သွန်ဖြူတွေကို သိပ်ထည့်ထားခြင်းဖြင့် ဆရာ ကွစ်ရဲလ်သည် သွားလေရာ ကာကွယ်ပြီးသား ဖြစ်နေသည်ဟု အခိုင်အမာ ပြောကြသည်။

ဟာရီအနေဖြင့် မိမိသည် သူများနောက်တွင် မိုင်ပေါင်းများစွာ နောက်ကျ ကျန်နေသည် မဟုတ်ဟု သိရသဖြင့် လွန်စွာ စိတ်သက်သာရာ ရသွား၏။ များစွာသော ကျောင်းသားများသည် မတ်ဂယ် မိသားစုများမှ ပေါက်ဖွားလာကြသည် ဖြစ်ပြီး မိမိကဲ့သို့ပင် သူတို့သည် ကိုယ်တိုင်က စုန်းများ၊ မှော်ဆရာများ ဖြစ်နေကြသည်ကို စိတ်ကူးမပေါက်ခဲ့ကြချေ။ သင်တန်းတွင် သင်ယူစရာတွေက များလှသည်ဖြစ်ရာ ရွန်လို လူမျိုးပင်လျှင် ရှေ့သို့ များစွာ ရောက်ရှိပြီး စတင်ခဲ့ရခြင်း မရှိပါ။

သောကြာနေ့သည် ဟာရီနှင့် ရွန်တို့အတွက် အရေးကြီးသော နေ့ဖြစ်၏။ နောက်ဆုံးတွင် သူတို့သည် အိပ်ရာထ မိုးသောက်စာ အတွက် မဟာခန်းမကြီးဆီသို့ တစ်ချီမှ လမ်းမျက်စိ မလည်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဆင်းသက် ရောက်ရှိလာသည်။

'တို့ ဒီနေ့ ဘာရှိသလဲ'ဟု ဟာရီက နို့ထမင်းထဲသို့ သကြားထည့်ရင်း ရွန်အား မေးလိုက်၏။

'ဆလိုင်သရင်တွေနှင့် ဆေးရည် နှစ်ခွက်စာ ပြိုင်ရမယ်'ဟု ရွန်ကပြောသည်။ 'ဆရာ စနိတ်က ဆလိုင်သရင် အသင်းရဲ့ ခေါင်းဆောင်လေ၊ သူက ဆလိုင်သရင် ဘက်ကို အမြဲတမ်း မျက်နှာလိုက်တယ်လို့ သူတို့ပြောကြတယ်၊ အဲဒါ အမှန်ပဲလား တို့ သိနိုင်တော့မယ်လေ'

'ဆရာမ မက်ဂေါ်နဂေါက တို့ကို မျက်နှာလိုက်ရင် ကောင်းမှာပဲ'ဟု ဟာရီက ပြောသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ဂရစ်ဖင်ဒေါ အသင်း၏ခေါင်းဆောင် ဖြစ်သည်။ သို့သော် ထိုသို့ ဖြစ်ရုံဖြင့် အရင်နေ့က သူတို့အား အိမ်စာတွေ တစ်ပုံတစ်ခေါင်းကြီး ပေးလိုက်ခြင်းကို မတားဆီးနိုင်ပါ။

ထိုခဏတွင်ပင် ပို့စာများ ရောက်ရှိလာ၏။ ယခုအချိန်တွင် ဟာရီမှာ ပို့စာလာခြင်းကို ကျင့်သားရနေပြီ ဖြစ်သော်လည်း ပထမဆုံး နံနက်က မိုးသောက်စာ စားနေခိုက်တွင် ရာနှင့်ချီသော ဇီးကွက်များသည် မဟာခန်းမကြီးထဲသို့ ရုတ်တရက် လိမ့်ဝင်လာကြသောအခါ ဟာရီသည် အနည်းငယ် အထိတ်တလန့် ရှိခဲ့သည်။ ဇီးကွက်များသည် ထိုသို့ ဝင်လာကြပြီး စားပွဲတွေကို ပတ်ပျံနေကြကာ သူတို့ သခင်ကို တွေ့သောအခါ စာများနှင့် ပါဆယ်ထုပ်များကို ပေါင်ပေါ်သို့ ပစ်ချကြလေ၏။

ယခု အချိန်အထိတော့ ဟက်ဒွစ်သည် ဟာရီထံ ဘာကိုမျှ ယူမလာခဲ့သေးပါ။ ထိုဇီးကွက်မသည် တစ်ခါတစ်ရံ ကျောင်းမှ အခြားသော ဇီးကွက်များနှင့် အတူ အိပ်တန်းဝင်ရန် ဇီးကွက်ရိပ်မြုံသို့ မသွားမီ ပျံဝင်လာပြီး ဟာရီ၏ နားရွက်ကို ကိုက်ဝါးကာ အသားကင် အစအနကို စား၍ သွားတတ်၏။ သို့ရာတွင် ယနေ့နံနက်တွင်တော့ သူသည် လိမ္မော်ခွံယို ပုလင်းနှင့် သကြားခွက်အကြားသို့ တောင်ပံ တဖျပ်ဖျပ် ခတ်ရင်း ရောက်ရှိလာကာ ဟာရီ၏ ပန်းကန်ပြားထဲသို့ စာတစ်စောင် ပစ်ချသွားသည်။ ဟာရီက ချက်ချင်းပင် စာအိတ်ကို ဆုတ်ဖြဲပြီး ဖောက်ဖတ်၏။

ခင်မင်ရသော ဟာရီ။ (မသပ်မရပ် ရေးခြစ်ထားသည်)
သောကြာနေ့ နေ့လယ်တွေမှာ ကျောင်းအားချိန်ရမှန်း ငါ သိပါတယ်။ ဒီတော့ သုံးနာရီနား တစ်ဝိုက်မှာ ငါ့ဆီလာပြီး လက်ဖက်ရည် သောက်လှည့်ပါလား။ မင်းရဲ့ ပထမ သီတင်းပတ် အကြောင်းတွေ အားလုံး ငါ ကြားချင်တယ်။ ပြန်ကြားစာကို ဟက်ဒွစ်နှင့် ပြန်ပြီးပို့ပေးလိုက်ပါ။
ဟတ်ဂရစ်

ဟာရီက ရွှန်ထံမှ ငှက်မွေးမင်တံကို ငှားကာ ထိုစာရွက်၏ နောက်ကျောဘက်တွင် 'ဟုတ်ကဲ့...ကျေးဇူးတင်ပါသည်၊ လာခဲ့ပါမည်'ဟု ကောက်ခြစ်၍ ဟက်ဒွစ်အား ပြန်လွှတ်လိုက်လေသည်။

ဟာရီသည် ဟတ်ဂရစ်နှင့် လက်ဖက်ရည်သောက်ရန် အရေးကို မျှော်လင့်စရာ ရှိနေသည်မှာ ကံကောင်းသည် ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ဆေးရည်များ သင်ကြားပို့ချမှုမှာ ယခုအချိန်အထိ သူ ကြုံတွေ့ရသမျှတို့တွင် အဆိုးဝါးဆုံး ဖြစ်လာသောကြောင့်တည်း။

သင်တန်းဖွင့် စားသောက်ပွဲတွင် ပရိုဖက်ဆာ စနိတ်သည် မိမိကို မနှစ်သက်ကြောင်း ဟာရီ အတွေးပေါက်ခဲ့၏။ ပထမဆုံး ဆေးရည်များ ပို့ချချက် အပြီးတွင်ကား သူ၏ အတွေးပေါက်မှုသည် လွဲချော်နေကြောင်း သူ သိရတော့သည်။ ဆရာ စနိတ်သည် ဟာရီကို မနှစ်သက်သည် မဟုတ်။ သူ့ကို မုန်းတီးခြင်းသာ ဖြစ်သည်။

ဆေးရည်များ ဘာသာရပ်ကို သင်ကြားပို့ချမှုကို မြေတိုက် အချုပ်ခန်း တစ်ခုထဲတွင် ပြုလုပ်ခြင်း ဖြစ်၏။ ထိုနေရာသည် အပေါ်က ရဲတိုက် ပင်မထက် ပို၍ အေးစက်စက်နိုင်သည် ဖြစ်သောကြောင့် ပတ်ပတ်လည် နံရံများပေါ်တွင် ဖန်ချိုင့်များ အတွင်း၌ လွင့်မျောနေသော သနပ်ပြုလုပ်ထားသည့် တိရစ္ဆာန်များ မပါဘဲနှင့်ပင် ကျောစိမ့်စရာ ဖြစ်သည်။

ဆရာ စနိတ်သည် ဆရာ ဖလစ်ဝစ်ကဲ့သို့ပင် ကျောင်းတက် မှတ်ပုံတင်မှ နာမည်များကို ခေါ်၍ ပို့ချခြင်းကို စတင်သည် ဖြစ်ရာ ဆရာ ဖလစ်ဝစ်ကဲ့သို့ပင် ဟာရီ၏ နာမည်သို့ အရောက်တွင် ခဏ ရပ်လိုက်၏။

'သြော်...ဟုတ်ပြီ'ဟု သူက တိုးတိုး ပြောသည်။ 'ဟာရီ ပေါ့တာ၊ တို့ရဲ့ လူသစ် အကျော်အမော်ပဲ'

ဒရာကို မာလ်ဖွိုင်းနှင့် သူ့သူငယ်ချင်းများ ဖြစ်ကြသော ခရပ်နှင့် ဂွိုင်းလ်တို့သည် ပါးစပ်ကို လက်ကာ၍ မပွင့်တပွင့် ရယ်လိုက်ကြသည်။ ဆရာ စနိတ်သည် နာမည်များ ခေါ်ပြီးသော် ခေါင်းမော့၍ သင်တန်းသားများကို ကြည့်သည်။ သူ့ မျက်လုံးများသည် ဟတ်ဂရစ်၏ မျက်လုံးများကဲ့သို့ပင် နက်မှောင်နေသည်။ သို့သော် ဟတ်ဂရစ်၏ နွေးထွေးမှုတော့ လုံးဝ မရှိချေ။ ထိုမျက်လုံးများသည် အေးစက်၍ ဟာလာဟင်းလင်း နိုင်လှကာ မြင်ရသူအား မှောင်မိုက်သော ဥမင်လိုဏ်ခေါင်းများကို သတိရစေတော့သည်။

www.burmeseclassic.com

'မင်းတို့ ဒီကို လာတာ ဆေးရည် ဖော်စပ်ခြင်း ဆိုတဲ့ သိမ်မွေ့တဲ့ အတတ်၊ တိကျလှတဲ့ ပညာကို သင်ယူဖို့ ဖြစ်တယ်'ဟု သူက စတင် သင်ကြား၏။ သူသည် တီးတိုးသံ သာသာကလေးလောက် ပြောကြားသည် ဖြစ်သော်လည်း ကျောင်းသားများသည် တစ်လုံးမကျန် ကြားရသည်။ ပရိဖက်ဆာ မက်ဂေါ်နဂေါကဲ့သို့ပင် ဆရာ စနိတ်သည် အားထုတ်ရမှု မရှိဘဲနှင့်ပင် သင်တန်းကို ငြိမ်သက်နေအောင် ထိန်းထားနိုင်၏။ 'ဒီမှာက ဆေးကြိမ်လုံးစုတ်ကို ဇွေ့ယမ်းတာ ဘာတာက မရှိသလောက် ဖြစ်နေတော့ မင်းတို့က မှော်ပညာလို့တောင် သိပ် ယုံချင်ကြမှာ မဟုတ်ဘူး၊ တလက်လက် ထွက်နေတဲ့ အငွေ့တွေနှင့် ခပ်တိုးတိုးကလေး တစီစီ ပွက်နေတဲ့ ဒယ်အိုးကြီးရဲ့ အလှအပကို မင်းတို့ တကယ်တမ်း နားလည်ကြလိမ့်မယ်လို့ ငါ မမျှော်လင့်ပါဘူး၊ နောက်ပြီး လူတွေရဲ့ သွေးကြောတွေထဲ စိမ့်တက်ပြီး စိတ်ကို ညှို့ယူ၊ အာရုံတွေကို ဖမ်းစားတတ်တဲ့ ဆေးရည်တွေရဲ့ နူးညံ့ သိမ်မွေ့တဲ့ တန်ခိုးကိုလည်း မင်းတို့ နားလည်ကြလိမ့်မယ်လို့ ငါ မမျှော်လင့်ပါဘူး၊ ငါ များသောအားဖြင့် သင်ခဲ့ရတဲ့ ငတုံးတွေလောက် မတုံးကြဘူး ဆိုရင်တော့ ငါဟာ မင်းတို့ကို ကျော်ကြားမှုကို ဘယ်လို ပုလင်းထဲ သွတ်ရမယ်၊ ဂုဏ်ကျက်သရေကို ဘယ်လို ချက်ရမယ်၊ မရဏ ဘူးဆို့ကိုတောင် ဘယ်လို ဆို့ရမယ် ဆိုတာတွေကို ငါ သင်ပေးနိုင်ပါတယ်'

ဤမိန့်ခွန်းကလေး အဆုံးတွင် ပို၍ တိတ်ဆိတ်သွားလေ၏။ ဟာရီနှင့် ရွန်တို့သည် မျက်ခုံးတွေ ကြွတက်သွားလောက်အောင် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ဟမိုင်းယွန်းနီ ဂရန်ဂျာသည် ထိုင်ခုံစွန်းတွင် ရောက်နေပြီး မိမိသည် ငတုံး မဟုတ်ကြောင်း အရဲစွန့်၍ သက်သေပြလိုနေပုံ ပေါ်နေ၏။

'ပေါ့တာ'ဟု ဆရာ စနိတ်က လွှတ်ခနဲ ခေါ်လိုက်သည်။ 'ဒေါနပင်းကို ဖျော်ထားတဲ့ အရည်ထဲကို အမှုန့်ထောင်းထားတဲ့ နှင်းပန်း အမြစ်ကို ပေါင်းထည့်လိုက်ရင် ဘာကို ရမလဲ'

'ဘာရဲ့ အမြစ်မှုန့်နှင့် ဘာကို ဖျော်ထားတာ'ဟာရီက ရွန်ကို ဖျတ်ခနဲ ကြည့်သည်။ ရွန်ကတော့ သူ့ပုံစံအတိုင်း သစ်ငုတ်တိုသဖွယ် ရှိနေသည်။ ဟမိုင်းယွန်းနီ၏ လက်သည် လေထဲသို့ တိုးထွက်လာ၏။

'ကျွန်တော် မသိဘူး ဆရာ'ဟု ဟာရီက ပြောသည်။

ဆရာ စနိတ်၏ နှုတ်ခမ်းများသည် မလေးမခန့် အသွင်ကို ဆောင်၍ ကောက်ကွေ့သွားကြသည်။

'ထက်...ထက်...ကျော်ကြားမှုဟာ အရာရာကို ခြုံငုံနိုင်တာ မဟုတ်တာ ထင်ရှားနေတာပဲ'

သူသည် ဟမိုင်းယွန်းနီ၏ လက်ကို ဂရုမထားချေ။

'နောက်တစ်ခု စမ်းကြည့်ကြရအောင်၊ ပေါ့တာ...တကယ်လို့ ငါက ဆိတ်အမြုတေကို ရှာပေးပါ ဆိုရင် မင်း ဘယ်မှာ ရှာကြည့်မလဲ'

ဟမိုင်းယွန်းနီသည် ထိုင်ခုံက မထဘဲနှင့် သူ့ လက်သည် ထွက်သွားတော့မယောင် လက်ကို လေထဲသို့ ဆန့်ထုတ် ထောင်လိုက်၏။ သို့သော် ဟာရီကတော့ ဆိတ်အမြုတေ ဆိုသည်မှာ ဘာကို ဆိုလိုမှန်း စိတ်ကူးပင် မပေါက်ပါ။ သူသည် မာလ်ဖွိုင်း၊ ခရပ်၊ ဂွိုင်းလ်တို့ကို မကြည့်မိရန် ကြိုးစားနေ၏။ သူတို့သည် တုန်ခါနေအောင်ပင် ရယ်နေကြ၏။

'ကျွန်တော် မသိဘူး ဆရာ'

'မင်း မလာခင် စာအုပ် တစ်အုပ်မှ ဖွင့်မဖတ်ခဲ့ဘူး ထင်တယ်၊ ဟုတ်လား ပေါ့တာ'

ဟာရီသည် ထိုအေးစက်စက် မျက်လုံးတွေထဲကို တည့်တည့်ကြီး ကြည့်နေနိုင်အောင် မိမိကိုယ်မိမိ ဖွတ်တင်းထား၏။ ဒါစလီတို့၏ အိမ်တွင် ရှိစဉ်က သူ စာအုပ်တွေကို ဖတ်ကြည့်ခဲ့ပါသည်။ သို့သော် 'မှော်ပညာ ဆိုင်ရာ ဆေးပင်များနှင့် မှိုများ တစ်ထောင်'ထဲမှ ပါတာတွေ အားလုံးကို သူ မှတ်မိနေမည်ဟု ဆရာ စနိတ်က မျှော်လင့်ထားပါသလား။

ဆရာ စနိတ်သည် တယမ်းယမ်း ဖြစ်နေသော ဟမိုင်းယွန်းနီ၏ လက်ကို ဂရုမစိုက်ပင် ရှိသေးသည်။

'ပေါ့တာ...မွန်ရွတ်ပင်နှင့် ဝတ်စဘိန်းဟာ ဘာကွာခြားသလဲ'

ဤတစ်ချီတွင် ဟမိုင်းယွန်းနီသည် မတ်တတ် ထရပ်တော့၏။ သူ့လက်မှာ မြေတိုက်ခန်း မျက်နှာကြက်ဆီသို့ ဆန့်တန်းနေသည်။

'ကျွန်တော် မသိဘူး'ဟု ဟာရီက အေးဆေးစွာ ပြောသည်။ 'ဟမိုင်းယွန်းနီတော့ သိတယ် ထင်ပါတယ်၊ ဘာဖြစ်လို့ ဆရာက သူ့ကို မေးမကြည့်တာလဲ'

လူအနည်းငယ်က ရယ်ကြသည်။ ဟာရီက ရှေးမတ်၏ အကြည့်နှင့် ဆုံသွား၏။ ရှေးမတ်က မျက်စိမှိတ်ပြသည်။ သို့ရာတွင် ဆရာ စနိတ်ကတော့ မကျေနပ်ချေ။

'ထိုင်စမ်း'ဟု သူက ဟမိုင်းယွန်းနီကို ခပ်ပြတ်ပြတ် ပြောသည်။ 'ပေါ့တာ၊ မင်း သိဖို့ ပြောမယ်၊ နှင်းပန်းနှင့် ဒေါနပန်းဟာ အင်မတန် အာနိသင် ထက်မြက်တဲ့ အိပ်ဆေးဖြစ်လို့ အသက်ရှင်နေသော သေခြင်းဆေးရည်လို့တောင် ခေါ်ကြတယ်၊ ဆိတ်အမြုတေ ဆိုတာက ဆိတ်ဝမ်းဗိုက်ထဲက ယူရတဲ့ ကျောက်တုံးကို ခေါ်တယ်၊ အဲဒါဟာ အဆိပ်တော်တော်များများကို နိုင်တယ်၊ မွန်ရွတ်နှင့် ဝတ်စဘိန်း ဆိုတာက ဆီမိးတောက်ပင်ကိုပဲ ခေါ်တဲ့ စကားလုံးတွေပဲ၊ အကိုနိုက်လို့လည်း ခေါ်ကြသေးတယ်၊ ကောင်းပြီ၊ မင်းတို့ ဒါတွေကို ဘာဖြစ်လို့ မမှတ်ကြတာလဲ'

ငှက်မွေးကလောင်တွေ၊ မိုင်းကိုင်စက္ကူတွေကို ရုတ်တရက် လှုန်လှော ရှာဖွေသံတွေ ထွက်ပေါ်လာ၏။ ထိုအသံများကြားမှပင် ဆရာ စနိတ်က 'ပေါ့တာ၊ မင်းရဲ့ ပြောင်ချော်ချော် စကားကြောင့် ဂရစ်ဖင်ဒါ အသင်းထဲက တစ်မှတ်လျှော့မယ်'ဟု ပြောသည်။

ဆေးရည်များ သင်ခန်းစာ ဆက်သွားသည်တွင် ဂရစ်ဖင်ဒါများ အတွက် အခြေအနေကတော့ဖြင့် တိုးတက်ကောင်းမွန်လာခြင်း မရှိပါ။ ဆရာ စနိတ်သည် သူတို့ကို နှစ်ယောက်စီ တွဲပေးပြီး အပူလောင်ခြင်းကို ကုသဖို့ ဆေးရည် စပ်ခိုင်း၏။ သူသည် ရှည်လျားသော ဝတ်ရုံနက်ကြီး တကားကားနှင့် သူတို့တွေ ခွေးလှေးပင် အခြောက်များကို ချိန်တွယ်ပုံ၊ မြွေစွယ်များကို ထောင်းပုံတွေကို လျှောက်ကြည့်ကာ မာလ်ဖွိုင်းမှ လွဲ၍ ကျန်သော လူအားလုံး လိုလိုကို ဝေဖန် ပြစ်တင်၏။ မာလ်ဖွိုင်းကိုတော့ သူ သဘောကျပုံရသည်။သူက သင်တန်းသားအားလုံးအား မာလ်ဖွိုင်းက ပက်ကျိကို နှပ်ချက်သည်မှာ အဘယ်မျှ ပြည့်စုံ ကောင်းမွန်သည် ဆိုခြင်းကို အကြည်င်း၏။ မြေတိုက်ခန်းထဲတွင်တော့ အက်စစ် အစိမ်းရောင် မီးခိုးများနှင့် ကျယ်လောင်သော တစီစီ မြည်သံများ ပေါ်ထွက်နေတော့သည်။ နဲဗီးလ်က ဘယ်လို လုပ်လိုက်သည် မသိ။ ရှေးမတ်၏ ဒယ်အိုးကြီးမှာ အရည်ပျော်၍ လိမ်ကောက်နေသော သံခဲကြီး ဖြစ်သွားပြီး သူတို့ ဖော်စပ်နေသည့် ဆေးရည်များသည် ကျောက်သားကြမ်းပြင်ပေါ်သို့

ယိုစိမ့်ကျနေပြီး လူများ၏ ဖိနပ်များတွင် အပေါက်တွေ ဖြစ်အောင် လောင်ကျွမ်းတော့သည်။ စက္ကန့်အနည်းငယ် အတွင်းတွင်ပင် တစ်တန်းလုံးသည် ခွေးခြေများပေါ် တက်ရပ်ကုန်ကြ၏။ နဲဗီးလ် တစ်ယောက်သာလျှင် ဒယ်အိုးကြီး အပျက်တွင် ဆေးရည်များ ရွဲနစ်ကာ သူ၏ လက်နှင့် ခြေထောက်များတွင် မီးလောင်ဖုများ အနှံ့အပြား ပေါ်ပေါက်လာသည်တွင် နာကျင်မှုဖြင့် ညည်းတွား၏။

'လူမိုက်ကလေး'ဟု ဆရာ စနိတ်က ဟိန်းဟောက်ပြီး သူ၏ ဆေးကြိမ်လုံးကို တစ်ချက် ဝှေ့ယမ်းကာ ဖိတ်စင်ကျကုန်သော ဆေးရည်များကို ရှင်းပစ်လိုက်၏။ 'ဒယ်အိုးကို မီးဖိုပေါ်က မချသေးဘဲနှင့် ဖြူကောင်ရဲ့ ဆူးတွေကို ထည့်လိုက်တယ် ထင်တယ်'

နဲဗီးလ်သည် နှာခေါင်း တစ်ခုလုံးပေါ်တွင် မီးလောင်ဖုတွေ ပေါ်ထွက်လာသည်တွင် အော်၍ ညည်းတော့သည်။

'သူ့ကို ဆေးရုံ အဆောင်ဆီကို ခေါ်သွားလိုက်'ဟု ဆရာ စနိတ်က တံတွေး တစ်ချက် ထွေး၍ ရှေးမတ်အား ပြောသည်။ ထိုနောက် သူသည် နဲဗီးလ်နှင့် ကပ်၍ အလုပ်လုပ်နေကြသော ဟာရီနှင့် ရွန်တို့ဆီ ပတ်၍ ရောက်လာလေ၏။

'ပော့ကောင် ပေါ့်တာ၊ ဖြူဆူးတွေကို မထည့်ရဘူးလို့ မင်းက ဘာဖြစ်လို့ သူ့ကို မပြောတာလဲ၊ သူ မှားယွင်းသွားရင် မင်းက လူတော် ဖြစ်လာမယ် ထင်နေလို့လား၊ အဲဒါ ဂရစ်ဖင်ဒါအတွက် နောက်တစ်မှတ် လျှော့ပြန်ပြီ'

မတရားလွန်းလှသည် ဖြစ်ရာ ဟာရီက စောဒက တက်ရန် ပါးစပ်ဟ လိုက်သော်လည်း ရွန်က ဒယ်အိုးကြီး နောက်ကွယ်မှနေ၍ သူ့ကို မာန်လိုက်၏။

'သွားမငြင်းနှင့်'ဟု သူက တီးတိုးပြောသည်။ 'ဆရာ စနိတ်ဟာ တော်တော် ညစ်တတ်တယ်လို့ ငါ ကြားထားတယ်'

နောက်တစ်နာရီ ကြာသော် သူတို့သည် မြေတိုက်ခန်းမှ အထွက် လှေကားထစ်များကို တက်ရင် ဟာရီ အတွေးသည် တရိပ်ရိပ် ပြေးနေ၏။ သူ၏ စိတ်ဓာတ်တို့သည် ကျဆင်းနေသည်။ သူ၏ ပထမဆုံးသော သီတင်းပတ်တွင်ပင် ဂရစ်ဖင်ဒါ အတွက် သူသည် နှစ်မှတ် ဆုံးရှုံးလိုက်ရပါပြီ။ ဘာကြောင့်များ ဆရာ စနိတ်သည် သူ့ကို ဒါလောက် မုန်းတီးရပါလိမ့်။

'ပျော်ပျော်နေစမ်းပါကွာ'ဟု ရွန်က ပြောသည်။ 'ဆရာ စနိတ်ဟာ ဖရက်နှင့် ဂျော့တို့ဆီကလည်း အမှတ်တွေ လျှော့နေတာပဲ၊ ငါ မင်းနှင့် လိုက်ပြီး ဟတ်ဂရစ်ကို မတွေ့နိုင်ဘူးလား'

သုံးနာရီထိုးရန် ငါးမိနစ် အလိုတွင် သူတို့သည် ရဲတိုက်ကြီးမှ ထွက်၍ ခြံမြေကို ဖြတ်သန်း လမ်းယူသွားကြသည်။ ဟတ်ဂရစ်သည် မသွားရဟု တားမြစ်ထားသော တော၏ အစပ်၊ သစ်သား အိမ်ငယ်ကလေးတွင် နေသည်။ အိမ်ရှေ့တံခါး၏ အပြင်ဘက်တွင် ဒူးလေး တစ်လက်နှင့် နှင်းတောတိုးရန် အသုံးပြုသည့် ဖိနပ် အပေါ်က စွပ်၍ စီးရသော ဖိနပ် တစ်ရန် ရှိသည်။

ဟာရီက တံခါးကို ခေါက်လိုက်သောအခါ အတွင်းဘက်မှ စိတ်ချောက်ချားစွာဖြင့် လက်သည်းများဖြင့် ကုတ်ခြစ်သံများ၊ ဟိန်းသံဖြင့် ခွေးဟောင်သည့်အသံများ ဆက်တိုက် ထွက်ပေါ်လာတော့၏။ ထိုနောက် ဟတ်ဂရစ်၏ အသံဖြင့် 'နောက်ဆုတ်စမ်း…ဖန်း…နောက်ဆုတ်စမ်း'ဟု ပြောသံကို ကြားရသည်။

www.burmeseclassic.com

တံခါးရွက်ကို ဆွဲဖွင့်လိုက်စဉ် တံခါးကြားမှ အမွေးအမှင် ထူထပ်လှသော ဟတ်ဂရစ်၏ မျက်နှာကြီး ပေါ်ထွက်လာ၏။

'ခဏနေဦး'ဟု သူက ပြောသည်။ 'နောက်ဆုတ်စမ်း...ဖန်း'

သူသည် ကြီးမားလှသော အမဲလိုက် ခွေးနက်ကြီး၏ လည်ပတ်ကို ဆွဲထားနိုင်ရန် ရုန်းကန်နေရင်းက သူသည် ဟာရီတို့ကို အဝင်ခိုင်းသည်။

အထဲတွင် အခန်းမှာ တစ်ခုတည်း ရှိ၏။ ဝက်ပေါင် ကျပ်တင်ခြောက်နှင့် ရစ်ငှက်များကို မျက်နှာကြက်မှ တွဲလွဲဆွဲထားသည်။ ဟင်းလင်း မီးဖိုပေါ်တွင် ကြေးရေနွေးအိုးကြီးသည် ပွက်ပွက်ဆူနေ၏။ ထောင့်တွင် ထုထည်ကြီးမားသော ခုတင် တစ်လုံး ရှိပြီး အပေါ်တွင် စပ်စောင်ကို လွှမ်းအုပ်ထားသည်။

'ကိုယ့်အိမ်လို သဘောထားပြီး နေကြကွာ'ဟု ဟတ်ဂရစ်က ပြော၏။ ဖန်းကို လွှတ်လိုက်ပြီဖြစ်ရာ ခွေးသည် ရွန်ဆီသို့ တန်းပြေးသွားပြီး ရွန်၏ နားရွက်ကို လျှာဖြင့် လျက်တော့သည်။ ဟတ်ဂရစ်ကဲ့သို့ပင် ဖန်းသည် အမြင်တွင် ကြမ်းတမ်း ခက်ထရော်သည်ဟု ထင်ရသော်လည်း တကယ်တော့ ထိုမျှလောက် မဟုတ်သည်မှာ ထင်ရှားနေတော့သည်။

'ဒီဟာက ရွန်လေ'ဟု ဟာရီက ဟတ်ဂရစ်ကို ပြောသည်။ ဟတ်ဂရစ်သည် လက်ဖက်ရည်အိုးကြီးထဲသို့ ရေနွေးများ လောင်းထည့်ပြီး 'ကျောက်တုံးကိတ်'ဟု ခေါ်ဝေါ်သည့် အဖုအထစ်နှင့် ဘန်းမုန့်များကို ပန်းကန်ပြားထဲသို့ ထည့်နေသည်။

'နောက်ထပ် ဝီးဇလီ တစ်ယောက်ပေါ့ ဟုတ်လား'ဟု ဟတ်ဂရစ်က ရွန်၏ မဲ့ခြောက်များကို ဖျတ်ခနဲ ကြည့်ရင်း ပြော၏။ 'မင်းရဲ့ အမြွှာနောင်တော်တွေကို တောထဲက လိုက်မောင်းထုတ်တာနှင့် ငါ့အသက် တစ်ဝက်လောက် အချိန်ကုန်ခဲ့ရတယ်'

ကျောက်တုံးကိတ်များသည် သူတို့ သွားများကို ချိုးတော့မည်လောက် ပြုကြ၏။ သို့ရာတွင် ဟာရီနှင့် ရွန်တို့သည် ပထမ သင်ခန်းစာတွေ အကြောင်းပြောရင်း စား၍ ကောင်းသလို ဟန်ဆောင်ပြနေကြ၏။ ဖန်းကမူ ဟာရီ၏ ဒူးပေါ်တွင် မေးတင်၍ သူ့ဝတ်ရုံပေါ်သို့ သွားရည်တွေ တမျှားမျှား ကျနေ၏။

ဟတ်ဂရစ်က ဖစ်ချ်ကို 'အဲဒီ ဂျစ်ကြီး'ဟု ရည်ညွှန်း ခေါ်ဝေါ်ခြင်းကို ကြားရသောအခါ ဟာရီနှင့် ရွန်တိုသည် ဝမ်းမြောက်ဝမ်းသာ ရှိကြသည်။

'ပြီးတော့ အဲဟို မစ္စက် နောရစ် ဆိုတဲ့ ကြောင်တော့လား၊ တစ်ချိန်မှာ ဖန်းနှင့် မိတ်ဆက်ပေးလိုက်ချင်တယ်၊ မင်းတို့ သိလား၊ ငါကျောင်းပေါ်တက်သွားတိုင်း အဲဒီ ကြောင်မဟာ ငါ ဘယ်သွားသွား ငါ့နောက်ကို လိုက်နေတာပဲ၊ သူ့ကို ရှောင်လို့ မရဘူး၊ ဖစ်ချ်က သူ့ကို အဲဒါအတွက် ထားတာ'

ဟာရီက ဆရာ စနိတ်၏ ပို့ချချက် အကြောင်းကို ဟတ်ဂရစ်အား ပြောပြသည်။ ဟတ်ဂရစ်ကလည်း ရွန်ကဲ့သို့ပင် မပူဖို့ရန် ဟာရီကို ပြောကြား၏။ ဆရာ စနိတ်သည် ဘယ်ကျောင်းသားကိုမျှ နှစ်လိုသည်ဟူ၍ မရှိဟု ဆိုသည်။

'ဒါပေမဲ့ သူ ကျွန်တော့်ကို တကယ်ပဲ မုန်းတဲ့ပုံ ရှိတယ်'

www.burmeseclassic.com

'မဟုတ်တာ'ဟု ဟတ်ဂရစ်က ဆို၏။ 'သူက ဘာကြောင့် မုန်းရမှာလဲ'

သို့တိုင်အောင် ဟတ်ဂရစ်သည် ထိုစကားကို ပြောစဉ် သူနှင့် အကြည့်ချင်းဆိုင်၍ ပြောခြင်း မရှိဟု ဟာရီသည် မထင်ဘဲ မနေနိုင်ချေ။

'မင်း အစ်ကို ချာလီကော ဘယ်လိုလဲ'ဟု ဟတ်ဂရစ်က ရွန်ကို မေးသည်။ 'ငါ သူ့ကို အရမ်း သဘောကျတာ၊ သူဟာ တိရစ္ဆာန်တွေနှင့် ဆိုရင် ဂရိတ်ပဲ'

ဟာရီက ဟတ်ဂရစ်သည် တမင်ပင် စကား အကြောင်းအရာကို လွှဲပစ်သလောဟု စောကြောနေမိ၏။ ရွန်က ဟတ်ဂရစ်အား နဂါးများနှင့် စပ်ဆိုင်သော ချာလီ၏ လုပ်ငန်းများ အကြောင်းတွေ အားလုံးကို ပြောနေခိုက်တွင် လက်ဖက်ရည်ကရား အစွပ်၏ အောက် စားပွဲပေါ်တွင် ရှိနေသော စာရွက်စကလေး တစ်ခုကို ဟာရီက ကောက်ယူကြည့်လိုက်သည်။ 'ပုရောဟိတ် နေ့စဉ်' သတင်းစာထဲမှ ဖြတ်ထားသော တစ်ပုဒ် ဖြစ်၏။

ဂရင်းဂေါ့ကို မကြာခင်က ဖောက်ထွင်း ဝင်ရောက်မှု

ဇူလိုင် ၃၁ ရက်နေ့က ဂရင်းဂေါ့ကို ဖောက်ထွင်း ဝင်ရောက်မှုကို စုံစမ်းမှုများ ဆက်လက် ပြုလုပ်နေရာ အမည်မသိ မိစ္ဆာမှော်ဆရာများ သို့တည်းမဟုတ် မိစ္ဆာစုန်းများ၏ လက်ချက်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်နေကြသည်။

ဘာကိုမျှ ရယူသွားခြင်း မရှိဟု ဂရင်းဂေါ့မှ ဂေါ့ဗလင် နတ်ပုများက အခိုင်အမာ ပြောကြ၏။ သူတို့ မွှေနှောက် ရှာဖွေခဲ့သော ငွေတိုက်ခန်းမှာ တကယ်တော့ ထိုနေ့တွင်ပင် အကုန်ပြောင်အောင် ထုတ်ယူပြီး ဖြစ်သည်။

'ဒါပေမဲ့ အဲဒီထဲမှာ ဘာထားခဲ့တယ် ဆိုတာကိုတော့ ကျုပ်တို့ပြောမှာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားတို့အတွက် ဘာကောင်းတယ်ဆိုတာ သိရင် အဲဒီ ကိစ္စက ခပ်ကင်းကင်း နေပေါ'ဟု ပြောရေးဆိုခွင့်ရှိသူ ဂေါ့ဗလင် နတ်ပုက ယနေ့ညနေတွင် ပြောပြလေသည်။

ရထားပေါ်တွင် ရွန်က ဂရင်းဂေါ့ကို တစ်စုံတစ်ယောက်က လုယက်ရန် ကြံစည်ခဲ့သည်ဟု သူ့အား ပြောကြားခဲ့သည်ကို ဟာရီ အမှတ်ရ၏။ သို့သော် ရွန်သည် ရက်စွဲကို မပြောခဲ့ချေ။

'ဟတ်ဂရစ်'ဟု ဟာရီက ခေါ်လိုက်၏။ 'ဟို...ဂရင်းဂေါ့ ဖောက်ထွင်း ဝင်ရောက်မှုဟာ ကျွန်တော့် မွေးနေ့မှာ ဖြစ်ခဲ့တာပဲ၊ ကျွန်တော်တို့ ဟိုမှာ ရှိနေတုန်း ဖြစ်ခဲ့တာ ဖြစ်ရမယ်'

ဤအကြိမ်တွင် ဟတ်ဂရစ်သည် ဟာရီ၏ အကြည့်ကို သေသေချာချာပင် ရှောင်လွှဲခြင်းအပေါ် ဟာရီ သံသယ မရှိတော့ပါ။ သူသည် ဝက်ကဲ့သို့ အော်မြည်ပြီး ကျောက်တုံးကိတ် နောက်တစ်ခုကို သူ့အား ပေးသည်။ ဟာရီက အဖြစ်အပျက်ကို ထပ်၍ ဖတ်ပြန်၏။ သူတို့ မွှေနှောက်ရှာဖွေခဲ့သော ငွေတိုက်ခန်းမှာ တကယ်တော့ ထိုနေ့တွင်ပင် အကုန်ပြောင်အောင် ထုတ်ယူပြီး ဖြစ်သည်။ ဟတ်ဂရစ်သည် ငွေတိုက်ခန်း အမှတ် ခုနစ်ရာ တစ်ဆယ့်သုံးမှ အကုန် ပြောင်အောင် ထုတ်ယူသည်ဟု ခေါ်နိုင်မည်ဆိုလျှင် ညစ်ပတ် ပေရေနေသော အထုပ်ကလေး တစ်ထုပ်ကို ထုတ်ယူခဲ့၏။ ဤဟာကလေးသည် သူခိုးများ ရှာဖွေနေသော အရာ ဖြစ်လေသလော။

www.burmeseclassic.com

ဟာရီနှင့် ရွန်တို့သည် ညစာစားရန် ရဲတိုက်သို့ အပြန်တွင် သူတို့၏ အိတ်တွေမှာ ကျောက်တုံးကိတ်တို့ဖြင့် လေးလံနေတော့သည်။ ကျွေးတိုင်း မငြင်းဆန်ချင်အောင် ယဉ်ကျေးလွန်းခဲ့ကြခြင်း ဖြစ်၏။ ယခုအထိ သင်ကြားပြီးခဲ့သမျှ သင်ခန်းစာ အားလုံးသည် ဟတ်ဂရစ်နှင့် လက်ဖက်ရည် သောက်စဉ် တွေးစရာများလောက် ဘယ်ဟာမှ ခက်ခဲခြင်း မရှိဟု ဟာရီ ထင်မိသည်။ ဟတ်ဂရစ်သည် ထိုအထုပ်ကလေးကို အချိန်မီ ပြန်လည် ထုတ်ယူခဲ့ခြင်း ဖြစ်ပါလား။ ထိုအထုပ်ကလေး အခု ဘယ်မှာလဲ။ ဟာရီအား မပြောပြလိုသော ဆရာ စနိတ်၏ အကြောင်း တစ်စုံတစ်ရာကို ဟတ်ဂရစ်သည် သိထားပါသလား။

အခန်းကိုး

သန်းခေါင်ယံ စီးချင်းထိုးပွဲ

ဒတ်ဒလီထက် ပို၍ မုန်းသော ကောင်ကလေးကို သူ ကြုံရလိမ့်မည်ဟု ဟာရီသည် ဘယ်တုန်းကမှ မယုံကြည်ခဲ့ပါ။ သို့သော် ထိုသို့ မယုံကြည်ခြင်းမှယ ဒရာကို မာလ်ဖွိုင်းကို မတွေ့ကြုံရခင်က ဖြစ်ပါသည်။ သို့တိုင်အောင် ပထမနှစ် ဂရစ်ဖင်ဒါများသည် ဆလိုင်သရင်များနှင့် ဆုံစည်းရသည်မှာ ဆေးရည်များ ဘာသာရပ်တွင်သာ ဖြစ်၍ သူတို့သည် မာလ်ဖွိုင်းကို များများ သည်းမခံရပါ။ သို့သော် ထိုသို့ များများ သည်းမခံရခြင်းမှာ ဂရစ်ဖင်ဒါ စုပေါင်း အနားယူခန်းတွင် ကြော်ငြာတစ်စောင် ကပ်ထားသော အခါတွင် ချုပ်ငြိမ်းသွားတော့၏။ ထိုကြော်ငြာစာကြောင့် သူတို့အားလုံး ညည်းတွားကုန်ကြရသည်။ မိုးပျံခြင်း သင်ခန်းစာများသည် ကြာသပတေးနေ့တွင် စတင်တော့မည်ဖြစ်ပြီး ဂရစ်ဖင်ဒါနှင့် ဆလိုင်သရင်တို့ အတူ ပူးတွဲ သင်ယူ ကြရပေတော့မည်။

'စံပဲ'ဟု ဟာရီက သုန်မှုန်စွာ ပြောသည်။ 'ငါ ထာဝစဉ် ဖြစ်ချင်နေတဲ့အတိုင်း ဖြစ်တာပဲ၊ မာလ်ဖွိုင်းရဲ့ ရှေ့မှာ တံမြက်စည်းကို ခွပြီး ငါ့ကိုယ်ငါ ငတုံး လုပ်ပြရတော့မှာပဲ'

အခြား ဘာသာရပ်တွေ အားလုံးထက် မိုးပျံခြင်းကို သင်ယူရန် သူသည် မျှော်တလင့်လင့် ဖြစ်ခဲ့သည်။

'မင်းကိုယ်မင်း ငတုံးဖြစ်မယ် ဆိုတာ မင်း မသိပါဘူး'ဟု ရွန်က ယုတ္တိရှိစွာ ပြောသည်။ 'ဘယ်လိုပဲ ဖြစ်ဖြစ် ဘယ်တော့မဆို မာလ်ဖွိုင်းက သူဟာ ကွစ်ဒစ်ချ် ကစားတာမှာ ဘယ်လောက် တော်တယ် ဆိုတာ ပြောနေတာ ငါသိပါတယ်၊ ဒါပေမဲ့ အဲဒါဟာ လေပဲ ဆိုတာ ငါ လောင်းရဲပါတယ်ကွာ'

မာလ်ဖွိုင်းသည် တကယ်ပဲ ပျံသန်းခြင်း အကြောင်းတွေ အများကြီး ပြောသည်။ ပထမနှစ် ကျောင်းသားတွေကို အသင်းလိုက် ကွစ်ဒစ်ချ် ကစားပွဲများတွင် ထည့်သွင်း မကစားခိုင်းခြင်းကို ညည်းညူသည်။ ထိုနောက် ရှည်လျားသော ဝါကြွားသည့် လုပ်ဇာတ်တွေကို ပြော၍ ထာဝစဉ်လိုပင် အဆုံးသတ်မှာ ဟယ်လီကော့ပတာတွေထဲက မတ်ဂယ်များ ရန်မှ သီသီကလေး လွတ်ခဲ့ရခြင်းများတွင် အဆုံးသတ်လေ့ ရှိသည်။ သို့သော် မိုးပျံခြင်း ဇာတ်လမ်းတွေကို ပြောသူမှာ သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ရှေးမတ် ဖင်နီဂန်ကလည်း သူ၏ ငယ်စဉ်ဘဝ အချိန်များကို တံမြက်စည်းကို စီး၍ တောပိုင်း တစ်လျှောက် တဝီဝီနှင့် သွားခဲ့ခြင်းများ အကြောင်း ပြောပြ၏။ ထိုအချိန်က နားထောင်မည့် သူ ရှိလျှင် ရွန်ကပင် သူသည် ချာလီ၏ တံမြက်စည်းဟောင်းကြီးကို စီး၍ ပျံသွားရာ လေယာဉ်ဖြင့် ဆွဲသည့် ဂလိုက်ဒါနှင့် တိုက်မိလုနီးနီး ဖြစ်ခဲ့ရပုံကို ပြောပြသည်။ မှော်ဆရာ မိသားစုမှ ပေါက်ဖွားသူ အားလုံးသည် ကွစ်ဒစ်ချ် အကြောင်း မှန်မှန် ပြောသည်ချည်း ဖြစ်၏။ ရွန်သည် သူတို့နှင့် စုပေါင်း အိပ်ဆောင်တွင် အတူအိပ်သော ဒင်း တောမတ်နှင့် ဘောလုံးပွဲ အကြောင်း အကြီးအကျယ် ငြင်းခုံရပြီးပြီ ဖြစ်၏။ ဘယ်သူမှလည်း မိုးပေါ်သို့ မပျံရဘဲ ဘောလုံးကလေး တစ်လုံးနှင့် ကစားရသော ကစားပွဲသည် စိတ်လှုပ်ရှားစရာ ကောင်းသည်

ဆိုခြင်းကို ရွန်က နားမလည်နိုင်ချေ။ ဒင်း၏ ဝက်စ်ဟမ် ဘောလုံးအသင်း ပိုစတာကြီးကို ရွန်က ဆေးကြိမ်လုံးဖြင့် ထိုး၍ ဘောလုံးသမားများကို လှုပ်ရှားခိုင်းနေသည်ကို ဟာရီက မိဖူးလေသည်။

နဲဗီးလ်ကတော့ သူ့ဘဝတွင် တံမြက်စည်းကို လုံးဝ မစီးဖူးချေ။ အဘယ်ကြောင့်ဆိုသော် သူ့အဘွားက တံမြက်စည်းနား အကပ်မခိုင်းခဲ့သောကြောင့် ဖြစ်၏။ ဟာရီက သူ့အဘွား တာမြစ်ခြင်းသည်လည်း အကြောင်းပြချက် ခိုင်လုံပုံရသည်ဟု သူ့ဘာသာသူ တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် နဲဗီးလ်သည် ခြေနှစ်ချောင်းစလုံး မြေပေါ်တွင် ရှိနေလျက်ကပင် ထူးခြားလှသော မတော်တဆ ဖြစ်မှုတွေ ဖြစ်လေ့ဖြစ်ထ ရှိနေသောကြောင့်တည်း။

ဟမိုင်းယွန်းနီ ဂရန်ဂျာသည် မိုးပျံခြင်းနှင့် ပတ်သက်၍ နဲဗီးလ်လောက်ပင် စိတ်တုန်လှုပ်နေသည်။ ဤကိစ္စသည် စာအုပ်ထဲက စာများ အလွတ်ကျက်၍ ပြုလုပ်နိုင်သော ကိစ္စ တစ်ခု မဟုတ်ပါ။ သူ မစမ်းသပ်ခဲ့သည်တော့ မဟုတ်ပါ။ ကြာသပတေးနေ့ နံနက် မိုးသောက်စာ စားချိန်တွင် သူသည် စာကြည့်တိုက်မှ ငှားလာသော 'ခေတ်အဆက်ဆက်က ကွစ်ဒစ်ချ်' စာအုပ်ထဲက မိုးပျံခြင်းနှင့် ပတ်သက်သော အရိပ်အမြွက် ညွှန်းချက်တွေကို သူတို့တွေ နားငြီး စိတ်ပျက်အောင်ပင် ပြောပြခဲ့သည်။ နဲဗီးလ်ကသာ နောင်တွင် သူသည် တံမြက်စည်းပေါ်တွင် မြဲမြဲတွယ်နေမိစေရန် အကျိုးငှာ သူ၏ စကားလုံးတိုင်းကို မြဲမြဲတွယ်မိရန် ကြိုးစားနားထောင်ခဲ့၏။ ကျန်လူတွေကတော့ ပို့စာများ ရောက်လာခြင်းဖြင့် ဟမိုင်းယွန်းနီ၏ စကားပြော ပြတ်တောက်ရခြင်း အတွက် အလွန်တရာ ကျေနပ်ကုန်ကြလေသည်။

ဟတ်ဂရစ်ထံမှ စာလာပြီးသည့် နောက်တွင် ဟာရီသည် စာတစ်စောင်မျှ မရရှိခဲ့ချေ။ ဤသည်မှာလည်း မာလ်ဖွိုင်းက သတိပြုမိရာတွင် လျင်မြန်သော အရာတစ်ခု ဖြစ်ခဲ့လေသည်။ မာလ်ဖွိုင်း၏ လင်းယုန် ဇီးကွက်သည် မာလ်ဖွိုင်းထံသို့ သူ့အိမ်က ပေးပို့လိုက်သည့် ချိုချဉ်ထုပ်များကို အမြဲတမ်း သယ်ဆောင်လာသည်။ ထိုချိုချဉ်ထုပ်များကို မာလ်ဖွိုင်းသည် ဆလိုင်သရင် စားပွဲတွင် ပီတိတွေ ဖြာရင်း ဖြေဖွင့်ခဲ့၏။

စပါးကျီ ဇီးကွက် တစ်ကောင်သည် နဲဗီးလ်ထံသို့ သူ့အဘွား ပို့လိုက်သော အထုပ်ကလေး တစ်ခုကို ယူဆောင်လာသည်။ နဲဗီးလ်က အထုပ်ကို စိတ်တုန်လှုပ်စွာနှင့် ဖွင့်ဖြေလိုက်ပြီးနောက် ဂေါ်လီလုံး အကြီးစားလောက် ရှိသော ဖန်လုံးကို သူတို့အား ပြသ၏။ ဖန်လုံးမှာ အဖြူရောင် မီးခိုးတွေ ဖုံးလွှမ်းနေသလို ရှိသည်။

'ဒါဟာ ရီမင်းဘရောလ် (အားလုံးကို သတိရ) ဖန်လုံးပဲ'ဟု သူက ရှင်းပြသည်။ 'ငါ မေ့တတ်တာ အဘွားက သိတယ်၊ တစ်ခုခုလုပ်ဖို့ မေ့နေရင် ဒါက ပြောတယ်၊ ဒီလိုလေ၊ ဒါကို ဒီလို ညှစ်ပြီး ကိုင်လိုက်လို့ ဒါဟာ အနီရောင် ဖြစ်သွားရင် အိုး...' သူ့မျက်နှာ ပျက်သွား၏။ ရီမင်းဘရောလ်သည် ရုတ်တရက် ကြက်သွေးရောင် ဖြစ်၍ ထွန်းတောက်လာသည်။ '...တစ်ခုခု မေ့နေပြီ...'

သူ ဘာကို မေ့နေပါလိမ့်ဟု နဲဗီးလ်က ပြန်လည် သတိရအောင် ဖော်ထုတ်နေစဉ် ဂရစ်ဖင်ဒေါ စားပွဲနားမှ ဖြတ်သွားသော ဒရာကို မာလ်ဖွိုင်းသည် သူ၏ လက်ထဲက ရီမင်းဘရောလ် ဖန်လုံးကို ဆတ်ခနဲ...။

ဟာရီနှင့် ရွန်တို့က ခုန်ထလိုက်ကြသည်။ သူတို့သည် မာလ်ဖွိုင်းကို တိုက်ခိုက်ရန် မျှော်လင့်ချက် တစ်ဝက်နှင့် ဖြစ်၏။ သို့ရာတွင် ပြဿနာကို တစ်ကျောင်းလုံးက ဆရာတွေထက် မြန်မြန်မြင်တတ်သော ပရိဖက်ဆာ မက်ဂေါနဂေါသည် လျှပ်တစ်ပြက်အတွင်း ထိုနေရာသို့ ရောက်ရှိလာလေတော့သည်။

'ဘာတွေ ဖြစ်နေသလဲ'

www.burmeseclassic.com

'မာလ်ဖွိုင်းက ကျွန်တော့် ရီမင်းဘရောလ်ကို ယူလို့ကါ ပရိဖက်ဆာ'

သုန်မှုန်စွာဖြင့် မာလ်ဖွိုင်းသည် စားပွဲပေါ်သို့ ရီမင်းဘရောလ်ကို ချက်ချင်း ပြန်ချလိုက်၏။

'ကြည့်ရှုံ ကြည့်တာပါ'ဟု သူက ပြော၍ ခရပ်နှင့် ဂွိုင်းတို့နောက်က လိုက်ပါရင်း သူသည် ရှောင်ထွက်သွားလေ၏။ ထိုနေ့ ညနေ သုံးနာရီခွဲတွင် ဟာရီ၊ ရွန်နှင့် အခြားသော ဂရစ်ဖင်ဒါ အသင်းဝင်များသည် ပထမဆုံးသော ပျံသန်းခြင်း သင်ကြားမှုကို ရရှိဖို့အတွက် အရှေ့လှေကားမှ ဆင်းကာ ခြံမြေထဲသို့ ထွက်ခဲ့ကြ၏။ ရာသီဥတု ကြည်လင်၍ လေတဟူးဟူး ဖြစ်နေသော နေ့တစ်နေ့ ဖြစ်သည်။ သူတို့သည် ပြေပြစ် ချောမွတ်သော မြက်ခင်းပြင်ဆီသို့ ကုန်းစောင်း မြက်ခင်းပြင်ကို နင်းအသွားတွင် သူတို့ ခြေထောက်အောက်မှ မြက်များ လှိုင်းထသွား၏။ ပြေပြစ်သော မြက်ခင်းပြင်သည် မသွားရဟူ၍ တားမြစ်ထားသော 'မသွားရ တောအုပ်'၏ မျက်နှာချင်းဆိုင်က ခြံမြေထဲတွင် ရှိသည်။ 'မသွားရ တောအုပ်'မှ သစ်ပင်များသည် အဝေးရပ်တွင် မည်းမှောင်စွာ ယိမ်းထိုးနေကြ၏။

ဆလိုင်သရင်များကား ရောက်နှင့်နေကြပေပြီ။ ထိုနည်းတူစွာပင် တံမြက်စည်း အချောင်း နှစ်ဆယ်သည်လည်း မြေကြီးပေါ်တွင် သပ်ရပ်စွာ တန်း၍ လဲလျောင်းနေကြပေပြီ။ ကျောင်းမှ တံမြက်စည်းများနှင့် ပတ်သက်၍ ဖရက်နှင့် ဂျော့ ဝီးဇလီတို့က ညည်းညူ ပြစ်တင် ပြောဆိုသည်ကို ဟာရီ ကြားခဲ့ရဖူးသည်။ သူတို့ အပြောအရ အချို့သော တံမြက်စည်းများသည် မြင့်လွန်းစွာ ပျံသန်းလျှင် တုန်ခါလာတတ်သည် ဆို၏။ ထိုသို့မှ မဟုတ်လျှင်လည်း အမြဲတမ်းပင် လက်ဝဲဘက်ကို အနည်းငယ် ယိမ်း၍ ပျံတတ်သည် ဆို၏။

သူတို့၏ ဆရာမ မာဒမ် ဟုချ် ရောက်လာလေ၏။ သူ့ဆံပင်မှာ ဖြူနေပြီး တိုတို ဖြစ်သည်။ သူ့တွင် သိမ်းငှက်ကဲ့သို့ အဝါရောင် မျက်လုံးများ ရှိသည်။

'ကောင်းပြီ၊ မင်းတို့က ဘာကို စောင့်နေကြသလဲ'ဟု သူက ဟောက်၏။ 'အားလုံး တံမြက်စည်းတွေနားမှာ အသင့်ရပ်နေကြပါ၊ လာလေ မြန်မြန်'

ဟာရီက သူ့တံမြက်စည်းကို ငုံ့ကြည့်လိုက်၏။ တံမြက်စည်းမှာ ဟောင်းနွမ်းနေပြီး အညွှန့်အခက်တို့သည် ထိုးထိုးထောင်ထောင်နှင့် ရှိကြသည်။

'ညာဘက်လက်ကို ထုတ်ပြီး တံမြက်စည်းပေါ်မှာ ဆန့်ထားလိုက်ကြ'ဟု မာဒမ် ဟုချ်က အော်ပြောသည်။ 'ပြီးတော့ တက်ခဲ့စမ်းလို့ ပြော'

'တက်ခဲ့စမ်း'ဟု အားလုံးက အော်သည်။

ဟာရီ၏ တံမြက်စည်းသည် သူ့လက်တွင်းသို့ ချက်ချင်း ရောက်ရှိလာသည်။ သို့ရာတွင် ဤသို့ဖြစ်ခြင်းမှာ လူအနည်းငယ်သာ ဖြစ်၏။ ဟမိုင်းယွန်းနီ ဂရန်ဂျာ၏ တံမြက်စည်းသည် မြေပေါ်တွင် လိမ့်သွားရုံသာ လိမ့်သွားသည်။ နဲဗီးလ်၏ တံမြက်စည်းသည် လုံးဝ မလှုပ်ချေ။ တံမြက်စည်းတွေများ မြင်းတွေလို အသုံးပြုမည့်သူ ကြောက်နေသောအခါ သိကြသလား မဆိုနိုင်ဟု ဟာရီက တွေးမိသည်။ နဲဗီးလ်က သူ့ခြေထောက်တွေကို မြေပေါ်တွင် ထားရှိချင်နေကြောင်း ပြောသောအခါ အသံတွေမှာ အထင်အရှားပင် တုန်နေ၏။

ထိုအခါ မာဒမ် ဟုချ်က တံမြက်စည်းများကို အဆုံးဘက်က လျှောမကျဘဲ တက်စီးနိုင်သည့် နည်းကို ပြသပေး၏။ သူသည် အတန်းတိုင်းကို တက်လိုက် ဆင်းလိုက်နှင့် လျှောက်ရင်း ဆုပ်ကိုင်ပုံများ မှန်ကန်အောင် ပြုလုပ်

ပြသပေး၏။ သူက မာလ်ဖွိုင်းအား နှစ်ပေါင်းများစွာပင် တလွဲ လုပ်နေသည်ဟု ပြောသောအခါ ဟာရီနှင့် ရွန်တို့သည် ပျော်ရွှင်သွားကြသည်။

'ကဲ…ငါက ဝီစီကို မှုတ်လိုက်ရင် မြေကြီးကို နာနာကန်လိုက်ကြ'ဟု မာဒမ် ဟုချ်က ပြော၏။ 'မင်းတို့ရဲ့ တံမြက်စည်းတွေကို ငြိမ်ငြိမ် ကိုင်ထားကြ၊ အပေါ်ကို ပေအနည်းငယ်လောက် တက်ပြီးရင် တန်းပြီး ပြန်ဆင်းခဲ့၊ ပြန်ဆင်းဖို့က ရှေ့ကို နည်းနည်းကလေး ကိုင်းပေးလိုက်ရမယ်၊ ငါ ဝီစီ မှုတ်တော့မယ်…သုံး…နှစ်…'

သို့သော် နဲဗီးလ်မှာ မြေပြင်ပေါ် ကျန်ရစ်ခဲ့မည်ကို စိုးရိမ်၍ တုန်လှုပ်စွာ ခုန်ဆွခုန်ဆွ ဖြစ်နေရာ ဝီစီသည် မာဒမ် ဟုချ်၏ နှုတ်ခမ်းကို ထိမည် မကြဲသေးခင်မှာပင် အလျင်အမြန် ထွက်သွားလေ၏။

'ဟဲ့ ကောင်ကလေး၊ ပြန်လာခဲ့'ဟု သူက အော်ဟစ်၏။ သို့ရာတွင် နဲဗီးလ်သည် ပုလင်းဆီမှ ဘူးဆို့ ကန်ထွက်သွားသလို ဆယ့်နှစ်ပေ…ပေနှစ်ဆယ်…ထိုးတက်သွားသည်။ သူ၏ ကြောက်လန့်နေသော ဖြူဖပ်ဖြူရော် မျက်နှာသည် မြေကြီးတွေ နိမ့်ဆင်းသွားသည်ကို ငုံ့ကြည့်နေပြီး ပင့်သက်ဖိုနေသည်ကို ဟာရီက မြင်လိုက်ရပြီး ခဏာတွင်–

ဘုံး –ဒုတ်ခနဲ ဂွပ်ခနဲ မြည်သံဖြင့် နဲဗီးလ်သည် မြက်ပုံပေါ်သို့ မှောက်လျက်ကျ၏။ သူ၏ တံမြက်စည်းသည် ဆက်လက်၍ မြင့်မြင့် ပျံတက်နေပြီး နောက် 'မသွားရ တောအုပ်'ဆီသို့ တအိအိနှင့် လွင့်မျောသွားကာ မမြင်ရတော့ချေ။

မာဒမ် ဟုချ်သည် နဲဗီးလ်ကို ကုန်းကြည့်နေရာ သူ့မျက်နှာမှာ နဲဗီးလ်၏ မျက်နှာလောက်ပင် ဖြူဖွေးနေသည်။

'လက်ကောက်ဝတ် ကျိုးသွားတယ်'သူ တိုးတိုးပြောသည်ကို ဟာရီကြားရ၏။ 'လာ လူလေး၊ ဘာမှ မဖြစ်ပါဘူး၊ ထစမ်း'

သူသည် ကျန်သော ကျောင်းသားများဘက်သို့ လှည့်လိုက်၏။

'ငါ ဒီကလေးကို ဆေးရုံဆောင်ကို ခေါ်သွားနေတုန်းမှာ မင်းတို့တွေ ဘယ်သူမှ မလှုပ်ကြနှင့်၊ ဟို တံမြက်စည်းတွေကို ရှိနေတဲ့အတိုင်း ထားလိုက်၊ နို့မဟုတ်ရင်တော့လား…မင်းတို့တွေ ကွစ်ဒစ်ချ်လို့ မဆိုနိုင်ခင် ဟော့ဂဝပ်က ထုတ်ပစ်တာ ခံကြရမယ်၊ ကဲ ကလေး လာခဲ့'

မျက်နှာတွင် မျက်ရည် အကြောင်းအကြောင်းနှင့် လက်ကောက်ဝတ်ကလေးကို ဆုပ်ကိုင်ထားသော နဲဗီးလ်သည် မာဒမ် ဟုချ်နှင့်အတူ ထော့နင်းထော့နင်း လိုက်ပါသွား၏။ မာဒမ် ဟုချ်က လက်တစ်ဖက်ဖြင့် သူ့ကို ဖက်ထားသည်။

သူတို့ နှစ်ယောက် မကြားလောက်သော နေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မာလ်ဖွိုင်းက အော်ရယ်လိုက်၏။

'သူ့မျက်နှာကို မြင်လိုက်သလား၊ အာလူးကြီး ထွက်လို့'

အခြားသော ဆလိုင်သရင် တစ်ဦးကပါ ဝင်ပြောကြားလာသည်။

'တိတ်စမ်း…မာလ်ဖွိုင်း'ဟု ပါဗွာတီ ပါတီးလ်က တိုတိုပင် ပြော၏။

'အိုး လောင်းဘော့တွမ်ကို ကာကွယ်တယ်ပေါ့လေ'ဟု မျက်နှာထား တင်းတင်းနှင့် ဆလိုင်သရင် မိန်းကလေး တစ်ဦးဖြစ်သော ပန်စီ ပါကင်ဆင်က ပြော၏။ 'ငိုတတ်တဲ့ ကလေးတွေကို မင်း နှစ်သက်မယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့ဘူး ပါဗွာတီ'

'ကြည့်စမ်း'ဟု မာလ်ဖွိုင်းသည် ပြောပြီး ရှေ့သို့ ဂူးခနဲ ထိုးထွက်ကာ မြက်များကြားထဲမှ တစ်စုံတစ်ခုကို လှမ်းဆွဲလိုက်သည်။ 'ဒါဟာ လောင်းဘော့တွမ်ရဲ့ အဘွားက ပို့လိုက်တဲ့ ခပ်တုံးတုံး ပစ္စည်းလေ'

သူက မြှောက်ကိုင်လိုက်သည်တွင် ရီမင်းဘရောလ် (အားလုံးကို သတိရ) ဖန်လုံးသည် နေရောင်တွင် လက်နေသည်။

'အဲဒါကို ပေးစမ်း မာလ်ဖွိုင်း'ဟု ဟာရီက ခပ်အေးအေး ပြောသည်။ အားလုံးသည် သူတို့ကို ကြည့်ဖို့ စကားပြောခြင်းကို ရပ်ပစ်လိုက်ကြသည်။

မာလ်ဖွိုင်းက ကောက်ကျစ်စွာ ပြုံးလိုက်၏။

'လောင်းဘော့တွမ် သွားယူဖို့ ငါ တစ်နေရာရာမှာ ထားမှ ထင်တယ်၊ အဲ သစ်ပင်ပေါ်မှာ ထားရရင် ဘယ့်နှယ့် နေမလဲ'

'ဒီကို ပေးစမ်း'ဟု ဟာရီက အော်သည်။ သို့သော် မာလ်ဖွိုင်းသည် သူ၏ တံမြက်စည်းတံပေါ် ခုန်တက်၍ ထွက်သွားတော့သည်။ သူ လိမ်ပြောနေခဲ့ခြင်း မဟုတ်ပါ။ သူ ကောင်းကောင်း ပျံနိုင်ပါ၏။ ဝက်သစ်ချပင်ကြီး တစ်ပင်၏ ထိပ်ဖျား သစ်ကိုင်းများနှင့် အညီ နေရာတွင် ပျံဝဲရင်း 'လာယူလေ...ပေါ့တာ'ဟု အော်ခေါ်သည်။

ဟာရီက တံမြက်စည်းကို ဖမ်းဆုပ်လိုက်၏။

'မလုပ်နှင့်'ဟု ဟမိုင်းယွန်းနီ ဂရိန်ဂျာက အော်ပြောသည်။ 'မာဒမ် ဟုချ်က ငါတို့ကို မလှုပ်ဖို့ ပြောသွားတယ်၊ နင် လုပ်တာနှင့် တို့အားလုံး ဒုက္ခရောက်ကုန်တော့မှာပဲ'

ဟာရီက သူ့ကို ဂရုမစိုက်ချေ။ သူ့နားရွက်များတွင် သွေးတွေ တိုးနေ၏။ သူသည် တံမြက်စည်းပေါ် တက်လိုက်ပြီး မြေကြီးကို ပြင်းပြင်း ဆောင့်ကန်လိုက်ရာ သူသည် ပျံတက်သွားလေ၏။ လေသည် သူ့ဆံပင်တွေကို ဖိတိုးသည်။ သူ့ ဝတ်ရုံသည် သူ့နောက်တွင် တဖတ်ဖတ် ဖြစ်နေ၏။ ရုတ်တရက် ပေါ်ပေါက်လာသော ပြင်းထန်သည့် ပျော်ရွှင်မှုဖြင့် မသင်ရဘဲနှင့် သူ လုပ်နိုင်သော အရာတစ်ခုကို တွေ့ရှိရပြီ ဖြစ်ကြောင်း သဘောပေါက်လာရသည်။ လွယ်ကူပါသည်။ အံ့ဖွယ်ရာ ဖြစ်ပါသည်။ သူသည် ပို၍ မြင့်အောင် ပျံရန်အတွက် တံမြက်စည်းတံကို အပေါ်နည်းနည်း ဆွဲပင့်သည်။ အောက်က မြေကြီးပေါ်က မိန်းကလေးတွေ အော်သံ၊ ပင့်သက်ဖြင့် အသံပြုခြင်းများနှင့်တကွ ရွန်ထံမှ ချီးကျူးပြီး အော်ဟစ်သံကိုပါ သူ ကြားရသည်။

လေထဲတွင် မာလ်ဖွိုင်းနှင့် မျက်နှာချင်းဆိုင်ရန် အတွက် သူ့ တံမြက်စည်းကို ဖျတ်ခနဲ လှည့်လိုက်၏။ မာလ်ဖွိုင်းသည် အံ့အားကြီးသင့်နေသည်။

'ဒီကို ပေးစမ်း'ဟု ဟာရီက အော်ပြော၏။ 'မပေးရင် မင်းကို အဲဒီ တံမြက်စည်းပေါ်က လွင့်ကျသွားအောင် ဆော်ပစ်လိုက်မယ်'

'ဩော်…ဟုတ်လား'ဟု မာလ်ဖွိုင်းက သရော်ရန် ကြိုးစား၏။ သို့သော် ပူပန်နေပုံ ပေါ်နေ၏။

တစ်နည်းနည်းဖြင့် ဟာရီသည် သူ ဘာလုပ်ရမည်ကို သူ သိနေ၏။သူသည် ရှေ့သို့ ကိုယ်ကို ကိုင်းလိုက်ကာ တံမြက်စည်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်တွင် တံမြက်စည်းသည် ပြေးခုန်ပစ်မှ လှံတံသဖွယ် မာလ်ဖွိုင်းဆီသို့ တန်းထွက်သွားလေ၏။ မာလ်ဖွိုင်းက လမ်းလွှဲလိုက်နိုင်သည်မှာ အချိန်မီကလေး ဖြစ်သည်။ ဟာရီသည် ဖျတ်ခနဲ ပြန်ကွေ့ပြီး တံမြက်စည်းကို မြဲမြဲ ကိုင်ထား၏။ အောက်က လူအနည်းငယ်က လက်ခုပ်တီး သြဘာပေးကြသည်။

'ဒီပေါ်မှာ ခရပ် မရှိဘူး၊ ဂွိုင်းလ် မရှိဘူး၊ မင်း လည်မပြတ်အောင် ကယ်ဖို့လေ မာလ်ဖွိုင်း'ဟု ဟာရီက အော်ပြော၏။

မာလ်ဖွိုင်းသည်လည်း ထိုအတွေးကို ပေါက်ပုံရပါသည်။

'ဒါဖြင့်…မင်း ဖမ်းနိုင်ရင် ဖမ်းတော့'ဟု သူက အော်၍ ဖန်လုံးကို လေထဲ အမြင့်ကြီး ပစ်တင်လိုက်ပြီး မြေပြင်ဆီသို့ ပြန်၍ စွတ်ပြေးတော့၏။

ရုပ်ရှင်ထဲတွင် အနှေးပြသလို ဖန်လုံးသည် လေထဲ တက်သွားပြီးနောက် ခဏအကြာတွင် ပြန်ကျလာသည်ကို ဟာရီ တွေ့ရသည်။ သူသည် ရှေ့သို့ ကုန်းလိုက်ကာ တံမြက်စည်း လက်ကိုင်ကို အောက်သို့ ချိန်လိုက်သည်တွင် နောက်တစ်စက္ကန့် အတွင်း အရှိန်ရလာကာ ဖန်လုံးနှင့် အပြိုင် ထိုးဆင်းလာလေ၏။ နားထဲတွင် လေများ တိုးသံသည် အောက်က ကြည့်နေသူတွေ၏ အော်သံများနှင့် ရောနေ၏။ သူသည် လက်ကို ဆန့်ထုတ်လိုက်သည်။ မြေမှ တစ်ပေလောက် အကွာတွင် ဖန်လုံးကို သူ ဖမ်းမိသည်။ အချိန်မီပင် တံမြက်စည်းကို တည့်တည့် ဖြစ်သွားအောင် ဆွဲတင်လိုက်၏။ သူသည် မြက်များပေါ်သို့ ညင်သာစွာ ကျွမ်းပြန်ကျသွားသည်။ သူ့လက်သီးဆုပ်ထဲတွင် ရီမင်းဘရောလ် ဖန်လုံးသည် ဘေးမသီ ရန်မခ ရှိနေ၏။

'ဟာရီ ပေါ့တာ'

သူ ယခု ထိုးဆင်းလာစဉ်ကထက် လျင်မြန်စွာ နှလုံးခုန်ခြင်း ရပ်တော့မလောက် ဖြစ်သွားရ၏။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သူတို့ဆီသို့ ပြေးလာနေ၏။ သူသည် မတ်တတ်ရပ်လိုက်၏။ တစ်ကိုယ်လုံး တုန်နေသည်။

'ငါ ဟော့ဂဝပ်မှာ ရှိနေသမျှ အချိန်တစ်လျှောက်လုံး ဘယ်တုန်းကမှ…'

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် အထိတ်တလန့် ဖြစ်ရခြင်းကြောင့် စကား မပြောနိုင်လောက်အောင် ရှိပြီး သူ့မျက်မှန်သည် တလက်လက် ရှိလှသည်။ 'ရဲလုချည့်လား၊ ဇက်ကျိုးနိုင်တယ်…'

'အဲဒါ သူ့အပြစ် မဟုတ်ပါဘူး ပရိုဖက်ဆာ'

'တိတ်တိတ်နေစမ်းပါ မစ္စပါတီးလ်'

'ဒါပေမဲ့ မာလ်ဖွိုင်းက…'

'တော်ပါပြီ မစ္စတာ ဝီးဇလီရယ်၊ ကဲ...ပေါ့တာ၊ ငါ့နောက် လိုက်ခဲ့'

သူ ထွက်သွားစဉ် မာလ်ဖွိုင်း၊ ခရပ်၊ ဂွိုင်းလ်တို့၏ အောင်မြင်သော မျက်နှာထားများကို ဟာရီ မြင်ရသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ရဲတိုက်ကြီးဆီသို့ ဦးတည်လျှောက်သွားရာ သူက ပရိုဖက်ဆာ၏ လမ်းကြောင်းအတိုင်း မလျှောက်ချင်လျှောက်ချင်နှင့် လိုက်သွားရ၏။ သူ့ကို ကျောင်းက ထုတ်ပစ်တော့မည်ကို သူ သိနေပါသည်။ သူ့ကိုယ်သူ ကာကွယ်သည့် သဘောဖြင့် နည်းနည်းပါးပါးတော့ ပြောချင်၏။ သို့ရာတွင် သူ့အသံတွေ ချွတ်ယွင်းနေသလို ရှိ၏။ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သူ့ကို လှည့်၍ပင် မကြည့်ဘဲ ခပ်သုတ်သုတ် လျှောက်နေသည်။ သူက ပရိုဖက်ဆာကို မီရန် အပြေးကလေးပင် လိုက်ရသည်။ သူတော့ လုပ်မိခဲ့ပါပြီ။ သီတင်းပတ် နှစ်ပတ်တောင် မနေလိုက်ရပါ။ နောက် ဆယ်မိနစ်တွင် သူသည် အထုပ်အပိုး ပြင်ရပါတော့မည်။ သူ တံခါးဝကို နင်းမိလျှင် ဒါစလီတို့က ဘာပြောကြပါလိမ့်မည်နည်း။

ရဲတိုက်ပေါက် အဝင် လှေကားတွေကို တက်၏။ အတွင်းက စကျင်ကျောက် လှေကားကြီးကို တက်၏။ ဤအချိန်အထိ ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် သူ့ကို စကားတစ်ခွန်းမျှ မပြောသေးချေ။ ပရိုဖက်ဆာသည် တံခါးတွေကို လှည့်ဖွင့်၍ စင်္ကြံလမ်း တစ်လျှောက် ချီတက်၏။ ဟာရီက နောက်က အလွန် စိတ်မချမ်းမြေ့စွာဖြင့် အပြေးကလေး လိုက်နေရသည်။ ပရိုဖက်ဆာသည် သူ့ကို ဒမ်ဗယ်လ်ဒေါဆီ ခေါ်သွားနေခြင်း ဖြစ်ကောင်းပါ၏။ ဟက်ဂရစ်ကို သွားသတိရမိသည်။ ကျောင်းထုတ်ခံရသော်လည်း ခြံမြေစောင့် အဖြစ် ဆက်လက်နေခွင့် ပြုထား၏။ မိမိသည် ဟက်ဂရစ်၏ လက်ထောက်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါ၏။ ဤသို့ တွေးမိစဉ်ဝယ် ဝမ်းဗိုက်ထဲမှ လိမ့်၍ လိမ့်၍ ခံစားရ၏။ ရွန်နှင့် အခြားသူများ မှော်ဆရာတွေ ဖြစ်ကုန်ကြသည်ကို ကြည့်ရင်း မိမိကတော့ ဟက်ဂရစ်၏ အိတ်ကို ဆွဲ၍ ခြံမြေတွင် လှည့်လည်သွားလာနေရတော့မည်။

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် စာသင်ခန်း တစ်ခု ရှေ့တွင် ရပ်လိုက်၏။ တံခါးကို ဆွဲဖွင့်၍ ခေါင်းကို သွင်းကြည့်သည်။

'ခွင့်ပြုပါ ပရိုဖက်ဆာ ဖလစ်ဝစ်၊ ဝုဒ်ကို ခဏ ငှားနိုင်မလား'

ဝုဒ် (သစ်သား) တဲ့လား။ ဟာရီသည် တွေးရင်းက မျက်စိတွေ လည်ကုန်သည်။ ဝုဒ် ဆိုသည်မှာ ရိုက်ရန် တုတ်ကို ဆိုလိုသလား။

သို့သော် ဝုဒ်ဆိုသည်မှာ သစ်သား မဟုတ်ဘဲ လူ ဖြစ်နေသည်ကို တွေ့ရ၏။ သန်မာ ထွားကျိုင်းသော ပဉ္စမနှစ် ကျောင်းသားကလေး ဖြစ်၏။ သူသည် ဆရာ ဖလစ်ဝစ်၏ သင်တန်း အခန်းထဲမှ အူကြောင်ကြောင်နှင့် ထွက်လာသည်။

'မင်းတို့ နှစ်ယောက်စလုံး ငါ့နောက် လိုက်ခဲ့ကြ'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောပြီးနောက် သူတို့သည် စင်္ကြံလမ်းတစ်လျှောက် ချီတက်ကြတော့သည်။ ဝုဒ်က ဟာရီကို ပြူးတူးပြဲတဲ ကြည့်ရင်း ပါသွား၏။

'ဒီထဲဝင်'

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် စာသင်ခန်းတစ်ခုကို ညွှန်ပြ၍ ဝင်စေသည်။ အထဲတွင် ပီးဗ်စ်က လွဲ၍ အခြား မည်သူမျှ မရှိ။ ပုဏ္ဏက တစ္ဆေ ပီးဗ်ဇ်သည်သာလျှင် သင်ပုန်းကြီးပေါ်တွင် ရိုင်းပျသော စကားလုံးများကို ရေးနေ၏။

www.burmeseclassic.com

'ပီးဗ်ဇ် ထွက်သွားစမ်း'ဟု ပရိုဖက်ဆာက ဟောက်သည်။ ပီးဗ်ဇ်သည် မြေဖြူခဲကို သံပုံး တစ်ခုထဲသို့ ဒေါင်ခနဲ ပစ်ထည့်ပြီး ဆဲရေးကာ တစ်ဟုန်ထိုး ထွက်သွားလေသည်။ သူ ထွက်သွားပြီးသောအခါ ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် တံခါးကို ဂျိုင်းခနဲ ပိတ်၍ ကောင်ကလေး နှစ်ယောက်ကို မျက်နှာချင်းဆိုင်ရန် လှည့်လိုက်၏။

'ပေါ့တာ...ဒါဟာ အော်လစ်ဗာ ဝုဒ်ပဲ၊ ဝုဒ်ရေ၊ ငါလေ မင်းအတွက် ဆီကာ (ရှာဖွေသူ)တစ်ယောက် တွေ့ထားပြီ'

ဝုဒ်၏ မျက်နှာထားသည် ဘာတွေပါလိမ့်ဟု ဖြစ်နေရာမှ ရွှင်ပျနေလေသည်။

'တကယ် ပြောတာလား ပရိုဖက်ဆာ'

'တကယ်ပေါ့ဟဲ့'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ကြွပ်ဆတ်ဆတ် ပြန်ဖြေသည်။ 'ဒီကောင်လေးက ဝမ်းတွင်းပါပဲ၊ ဒါမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ အဲဒါဟာ မင်း ပထမဆုံးအကြိမ် တံမြက်စည်းကို စီးဖူးတာလား ပေါ့တာ'

ဟာရီက စကား မပြောဘဲ ဦးခေါင်းကိုသာ ညိတ်ပြသည်။ ဘာတွေ ဖြစ်နေသည် ဆိုခြင်း အတွက် သဲလွန်စကိုတော့ မရပါ။ သို့သော် သူ့ကို ကျောင်းထုတ်မည့် ပုံတော့ မရှိ။ ဤတွင် သူ့ခြေထောက်များ၌ ခံစားမှု ပြန်ပေါ်လာတော့၏။

'ပေ ငါးဆယ်လောက်က ထိုးဆင်းလာပြီးတဲ့နောက် အဲဒါကို သူ့လက်ထဲမှာ ဖမ်းမိတော့တာပဲ'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဝုဒ်ကို ပြောပြသည်။ 'သူ့မှာ ခြစ်ရာကလေးတောင် မထင်ဘူး၊ ချာလီ ဝီးဇလီ ဆိုရင် ဒါမျိုး လုပ်နိုင်မှာ မဟုတ်ဘူး'

ယခုအချိန်တွင် ဝုဒ်၏ မျက်နှာထားမှာ သူ့အိပ်မက်တွေ အားလုံး ချက်ချင်းပင် တကယ် ဖြစ်လာပြီ ဆိုသော ပုံမျိုး ဖြစ်နေသည်။

'ပေါ့တာ...မင်း ကွစ်ဒစ်ချ်ပွဲကို မြင်ဖူးသလား'ဟု သူက စိတ်တုန်လှုပ်စွာဖြင့် မေးမြန်း၏။

'ဝုဒ်ဟာ ဂရစ်ဖင်ဒါက ကွစ်ဒစ်ချ် အသင်းရဲ့ ကက်ပတိန်ပဲ'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ရှင်းပြလေသည်။

'သူ့မှာ ဆီကာ (ရှာဖွေသူ) တစ်ယောက်ရဲ့ ကိုယ်လုံးကိုယ်ပေါက်လည်း ရှိတာပဲ'ဟု ဤအချိန်တွင် ဝုဒ်က ဟာရီကို ပတ်လျှောက်ရင်း စိုက်ကြည့်ကာ ပြော၏။ 'ပေါ့ပါးတယ်၊ လျင်မြန်တယ်၊ ပရိုဖက်ဆာ...ကျွန်တော်တို့ဟာ သူ့အတွက် ခံ့ညားတဲ့ တံမြက်စည်းကို ရှာပေးရမယ်၊ ကျွန်တော် ပြောချင်တာတော့ နင်းဘတ် (ရောင်ခြည်) နှစ်ထောင်၊ ဒါမှမဟုတ် ကလင်းဆွိ (အပြတ်လှဲ) ခုနစ် တစ်ခုခု ဖြစ်ရမယ်'

'ငါ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါကို ပြောကြည့်မယ်၊ ပထမနှစ် ဥပဒေကို လျှော့ပေါ့လို့ ရမလား ကြည့်ကြတာပေါ့၊ ကောင်းကင်ဘုံက သိပါတယ်၊ ငါတို့ဟာ လွန်ခဲ့တဲ့ နှစ်ကထက် ပိုပြီး ကောင်းတဲ့ အသင်း ဖြစ်ဖို့ လိုတယ်၊ လွန်ခဲ့တဲ့ ပွဲမှာ ဆလိုင်သရင်ကို ပြားနေအောင် ရှုံးလိုက်တုန်းက ငါဟာ ဆီဗွီးယားရပ် စနိတ်ရဲ့ မျက်နှာကို သီတင်းပတ်ပေါင်း များစွာ မကြည့်နိုင်ဘူး ဖြစ်ခဲ့တယ်'

ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် သူ့မျက်နှာပေါ်က ကျော်၍ ဟာရီကို ခပ်တည်တည်နှင့် သေသေချာချာ ကြည့်သည်။

www.burmeseclassic.com

'ပေါ့တာ … မင်းဟာ လေ့ကျင့်ခန်းကို အပြင်းအထန် ယူနေပါပြီ ဆိုတာကို ငါ ကြားချင်တယ်၊ နို့မဟုတ်ရင် မင်းကို အပြစ်ဒဏ်ပေးနည်း ပြောင်းပစ်ဖို့ ငါ စိတ်ပြောင်းရမှာပဲ'

ထို့နောက် သူသည် ချက်ချင်း ပြုံးလိုက်၏။

'မင်း အဖေဟာ မင်းအတွက် ဂုဏ်ယူမိမှာပဲ'ဟု သူက ပြောသည်။ 'သူ ကိုယ်တိုင်က အကောင်းဆုံး ကွစ်ဒစ်ချ် သမားကိုး'

'မင်း နောက်နေတာပါ'

ညစာစားချိန် ဖြစ်သည်။ ဟာရီက သူသည် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်နှင့်အတူ ခြံမြေထဲမှ ထွက်သွားခဲ့ပြီးနောက် ဘာတွေ ဖြစ်ပျက်ခဲ့သည် ဆိုခြင်းကို ရွန်အား ပြောပြ၍ ပြီးခါစ ဖြစ်သည်။ ရွန်သည် အသားလွှာနှင့် ကျောက်ကပ်ကင် ပိုင်တစ်တုံးကို ပါးစပ်ဆီသို့ ယူလာခိုက် ဖြစ်သည်။ သူသည် ဆက်၍ ပါးစပ်ထဲ သွင်းရန် မေ့သွားသည်။

'ဆီကာ …ဟုတ်လား'ဟု သူက မေး၏။ 'ဒါပေမဲ့ ပထမနှစ်တွေ ဘယ်တော့မှ …မင်းဟာ အငယ်ဆုံး အသင်းလိုက် ကစားသမား ဖြစ်မယ်၊ ဘယ်လောက် အတွင်းလဲ ဆိုတော့…'

နှစ်တစ်ရာ အတွင်းပေါ့ကွာ'ဟု ဟာရီက ပိုင်တစ်တုံးကို ပါးစပ်ထဲသို့ ကော်သွင်းရင်း ပြောလိုက်၏။ ညနေစောင်းက စိတ်တုန်လှုပ်တွေ ဖြစ်ရပြီး နောက်တွင် သူသည် အထူးပင် ဆာလောင်လာ၏။ 'အဲဒီလို ဝုဒ်က ပြောတယ်'

ရွန်သည် အလွန် အံ့သြ၊ အလွန် အထင်ကြီးသွားရကား ပါးစပ်ကြီး ဟပြီး ဟာရီကို ထိုင်ကြည့်နေမိတော့သည်။

'နောက်အပတ်မှာ ငါ စပြီး လေ့ကျင့်ရတော့မယ်'ဟု ဟာရီက ပြောသည်။ 'ဘယ်သူ့မှတော့ မပြောနှင့်နော်၊ ဝုဒ်က ဒါကို လျှို့ဝှက်ထားချင်တယ်'

ထိုအချိန်တွင် ဖရက်နှင့် ဂျော့ ဝီးဇလီတို့သည် ခန်းမတွင်းသို့ ဝင်လာရာ ဟာရီကို မြင်သွားသည်တွင် ခပ်သုတ်သုတ် ရောက်လာကြ၏။

'တော်တာပဲကွာ'ဟု ဂျော့က တိုးတိုး ပြော၏။ 'ငါတို့ကို ဝုဒ်က ပြောတယ်၊ ငါတို့လည်း အဲဒီ အသင်းထဲမှာ ပါတယ်လေ၊ ဘီတာ (ရိုက်သူ)တွေပေါ့'

'ငါ ပြောရဲတယ်၊ ဒီနှစ်တော့ ကွစ်ဒစ်ချ် ဖလားကို ငါတို့ သေချာပေါက် ရရမယ်' ဟု ဖရက်က ပြောသည်။ 'ချာလီ ကျောင်းထွက်သွားပြီး ကတည်းက ငါတို့ မနိုင်တော့ဘူး၊ ဒါပေမဲ့ ဒီနှစ်တော့ တို့အသင်းဟာ လျှမ်းလျှမ်းတောက် ဖြစ်ရမယ်၊ ဟာရီ မင်းဟာ တော်မှာပါ၊ ဝုဒ်ဟာ တို့ကို ပြောပြရင်း ထခုန်တော့မလောက် ဖြစ်နေတယ်'

'ဘယ်လိုပဲ ဖြစ်ဖြစ် တို့ သွားရတော့မယ်၊ လီ ဂျော်ဒန်က သူဟာ ကျောင်းက အပြင်ထွက်လို့ ရတဲ့ လျှို့ဝှက် စင်္ကြံလမ်း အသစ် တစ်ခုကို တွေ့ထားတယ် ဆိုတာပဲ'

'အဲဒါ ငါတို့ ပထမ သီတင်းပတ်မှာ ကတည်းက တွေ့ထားတဲ့ မျက်နှာလိုအားရ လုပ်လွန်းသော ဂရယ်ဂရီ ကျောက်ရုပ်ရဲ့ နောက်ကဟာ ဖြစ်ရမယ်ကွာ၊ ကဲ နောက်မှ တွေ့ကြသေးတာပေါ့'

ဖရက်နှင့် ဂျော့တို့ ကွယ်သွားခါစကလေး ရှိသေးခိုက်တွင် များစွာ မကြိုဆိုချင်သူ တစ်ယောက် ပေါက်ချလာ၏။ ခရပ်နှင့် ဂွိုင်းလ်တို့ ရံထားသော မာလ်ဖွိုင်းပင် ဖြစ်တော့သည်။

'နောက်ဆုံး ညစာကို စားနေတာလား ပေါ့တာ၊ မတ်ဂယ်တွေဆီကို ပြန်သွားဖို့ ဘယ်တော့ ရထားစီးမှာလဲ'

'မြေကြီးပေါ်ကို ပြန်ရောက်ပြီး သူငယ်ချင်းတွေနှင့် ပြန်ပေါင်းရပြီ ဆိုတော့ တော်တော်ကြီး ပိုပြီး ရဲလာပြီပေါ့နော်'ဟု ဟာရီက အေးအေးဆေးဆေးပင် ပြောသည်။ ခရပ်နှင့် ဂွိုင်းလ်တို့နှင့် ပတ်သက်၍ ဘာမျှ သေးသေးကလေးဖြစ်ဖို့ အကြောင်းမရှိသော်လည်း အထူးစားပွဲတော်တွင် ဆရာများ ပြည့်နှက်နေသည် ဖြစ်သောကြောင့် သူတို့ နှစ်ယောက်စလုံးသည် လက်ဆစ်များ ချိုး၍ မျက်မှောင်ကုတ်နေရုံထက် ပို၍ ဘာမျှ မလုပ်နိုင်ကြချေ။

'မင်းကို အချိန်မရွေး ငါကိုယ်တိုင် ကိုင်နိုင်တယ်'ဟု မာလ်ဖွိုင်းက ပြောသည်။ 'ဒီညမှာ တွေ့ကြရအောင်၊ မင်း လိုလားရင်ပေါ့၊ မှော်ဆရာတို့ရဲ့ စီးချင်းထိုးပွဲလေ၊ ဆေးကြိမ်လုံးချည်းသက်သက်ပဲ၊ လူချင်း ထိတွေ့ဖို့ မလိုဘူး၊ ဘာဖြစ်တာလဲ၊ မှော်ဆရာတို့ရဲ့ စီးချင်းထိုးပွဲ ဆိုတာ ရှေးက မကြားဖူးဘူးလို့ ငါ ထင်ပါတယ်'

'သူ ကြားဖူးတာပေါ့ကွာ'ဟု ရွန်က ချာခနဲ ဦးခေါင်းကို လှည့်၍ ပြော၏။ 'ငါက သူ့လက်ထောက်ပဲ၊ မင်းလက်ထောက်ကကော ဘယ်သူလဲ'

မာလ်ဖွိုင်းက ခရပ်နှင့် ဂွိုင်းလ်တို့ကို ကြည့်၍ အကဲခတ်လိုက်သည်။

'ခရပ်'ဟု သူက ဖြေသည်။ 'သန်းခေါင်ယံကွာ…ဘယ့်နှယ်လဲ၊ အောင်ပွဲ ဆုပစ္စည်း အခန်းထဲမှာ မင်းတို့ကို ငါတို့ လာတွေ့မယ်၊ အဲဒီအခန်းက ဘယ်တော့မှ သော့ခတ်မထားဘူး'

မာလ်ဖွိုင်း ထွက်ခွာသွားသောအခါ ရွန်နှင့် ဟာရီတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

'မှော်ဆရာတို့ရဲ့ စီချင်းထိုးပွဲ ဆိုတာ ဘာလဲကွ'ဟု ဟာရီက မေးသည်။ 'ပြီးတော့ မင်းက ငါ့ရဲ့ လက်ထောက် ဆိုတာက ဘာ အဓိပ္ပာယ်လဲ'

'မင်း သေရင် မင်းကိုယ်စား တိုက်ပွဲ ဆက်ဝင်ရမယ့် လူပေါ့ကွာ'ဟု ရွန်က ခပ်ပေါ့ပေါ့ပင် ပြန်ပြောသည်။ အေးစက်နေပြီ ဖြစ်သော စားလက်စ ပိုင်ကို လက်စသတ် စားလိုက်၏။ ဟာရီ၏ မျက်နှာထားကို ရိပ်မိသွားသဖြင့် စကားကို လျင်မြန်စွာ ဆက်သည်။ 'ဒါပေမဲ့ လူတွေ သေကြတာက တကယ့် စီးချင်းထိုးပွဲတွေ ကျမှပါ၊ မှော်ဆရာ စစ်စစ်တွေ တိုက်ကြမှပါ၊ မင်းနှင့် မာလ်ဖွိုင်းတို့ အများဆုံး လုပ်နိုင်ကြမှာက တစ်ယောက်နှင့် တစ်ယောက် မီးပွားတွေကို လွှတ်တာပဲ လုပ်နိုင်ကြမှာပါ၊ မင်းတို့ နှစ်ယောက်စလုံး ဘယ်သူကမှ ထိခိုက် ပျက်စီးမှု စစ်စစ် ဖြစ်အောင် လုပ်နိုင်ကြမှာ မဟုတ်ပါဘူးလေ၊ အမှန်ကတော့ မင်းက ငြင်းလိုက်မယ်လို့ သူ မျှော်လင့်ခဲ့တာ ဖြစ်မယ်ဆိုတာ ငါ လောင်းဝံ့တယ်'

'တကယ်လို့ ငါက ဆေးကြိမ်လုံးကို ဝှေ့ယမ်းတော့ ဘာမှ ဖြစ်မလာရင် ဘယ်လို လုပ်မလဲ'

'ဆေးကြိမ်လုံးကို လွှင့်ပစ်ပြီး သူ့နှာခေါင်းကို ပိတ်ထိုးပေါ့ကွာ'ဟု ရွှန်က အဆိုပြု၏။

'ငါ့ကို ခွင့်လွှတ်ပါ'

သူတို့ နှစ်ယောက်စလုံး မော့ကြည့်ကြသည်။ ဟမိုင်းယွန်းနီ ဂရန်ဂျာ ဖြစ်တော့၏။

'ဒီနေရာမှာ အေးအေးဆေးဆေးကလေး မစားရဘူးလား'ဟု ရွှန်က ပြောသည်။

ဟမိုင်းယွန်းနီသည် သူ့ကို ဂရုမစိုက်ပဲ ဟာရီကို ပြော၏။

'နင်နှင့် မာလ်ဖွိုင်းတို့ ပြောနေကြတာတွေ ငါ ဘေးက ကြားတယ်'

'ကြားမယ်ဆိုတာ ငါ လောင်းဝံ့ပါတယ်' ဟု ရွှန်က မကြားတကြား ပြောလိုက်၏။

'နင်တို့ ညကြီးမင်းကြီး ကျောင်းထဲမှာ လျှောက်သွားမနေရဘူး၊ နင့်ကို မိသွားရင် ဂရစ်ဖင်ဒါက လျော့သွားမယ့် အမှတ်တွေကိုလည်း စဉ်းစားပါဦး၊ ပြီးတော့ နင့်ကို မိသွားကြမှာလည်း သေချာပါတယ်၊ နင်ဟာ တကယ်ပဲ အတ္တဆန်တယ်'

'အဲဒါ နင့်အလုပ် ဘာမှ မရှိပါဘူး'ဟု ဟာရီက ပြောသည်။

'ဂွတ်ဘိုင်'ဟု ရွှန်က ဆို၏။

ဘာပဲဖြစ်ဖြစ် ထိုဟာသည် နေ့တစ်နေ့၏ ပြည့်စုံ ကောင်းမွန်သော နိဂုံးဟူ၍တော့ မခေါ်နိုင်ဟု ဟာရီက တွေးနေမိသည်။ သူသည် ဒီးန်နှင့် ရှေးမတ်တို့ အိပ်မောကျနေသည်ကို နားထောင်ရင်း တော်တော်နှင့် မအိပ်နိုင်ဖြစ်နေရသည်။ (နဲဗီးလ်သည် ဆေးရုံဆောင်က ပြန်မရောက်သေးချေ။) ရွှန်က တစ်ညနေလုံး သူ့အား 'တကယ်လို့ သူက မင်းကို ကျိန်စာ တိုက်ရင် မင်းက ရှောင်လိုက်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျိန်စာကို ဘယ်လို တားဆီးရသလဲ ဆိုတာ ငါ မမှတ်မိတော့လို့ပဲ' သူတို့တွေကို ဖစ်ချ် သို့တည်းမဟုတ် မစ္စက် နောရစ်တို့ မိသွားစရာ လမ်းရှိသည်။ သူသည် ကံကို ယုံ၍ ဆူးပုံနင်းရပါတော့မည်။ ယနေ့တွင် ကျောင်းစည်းကမ်း နောက်တစ်ခုကို ချိုးဖောက်ရပါဦးမည်။ တစ်ဖက်တွင်လည်း မာလ်ဖွိုင်း၏ သရော်တော်တော် မျက်နှာသည် အမှောင်ထုထဲမှ မှုန်ဝါးဝါးပေါ်လာ၏။ ဤအကြိမ်သည် မာလ်ဖွိုင်းကို မျက်နှာချင်းဆိုင် အနိုင်ရှင်းဖို့ အတွက် အခွင့်အလမ်းကြီး ဖြစ်သည်။ ဒါကို လက်လွှတ်ခံ၍ မဖြစ်ပါ။

'ဆယ့်တစ်နာရီ ခွဲပြီ'ဟု ရွှန်က နောက်ဆုံးတွင် တိုးတိုးပြော၏။ 'ငါတို့ သွားကြမှ ကောင်းမယ်'

သူတို့သည် အကျီရှည်ကြီးများကို လဲ၍ ဆေးကြိမ်လုံးတွေကို ယူပြီး မျှော်စင်အခန်းကို ကုန်းကုန်း ကုန်းကုန်းနှင့် ဖြတ်ကျော်ကြသည်။ ကြောင်လိမ်လှေကားကို ဆင်း၍ ဂရစ်ဖင်ဒါများ စုပေါင်းနားနေရာ အခန်းသို့ ရောက်ကြ၏။ မီးဖိုနေရာတွင် မီးခဲ အနည်းငယ်သည် မီးရဲနေဆဲ ဖြစ်၏။ ထိုမီးရောင်ကြောင့် လက်တန်းနှင့် ကုလားထိုင်များသည်

အရိပ်မည်းမည်း ခုံးခုံးကြီးများကို ဖြစ်ပေါ်စေလေသည်။ နံရံဆေးရေး ပန်းချီကား အပေါက်ဆီသို့ ရောက်ခါနီးကလေးတွင် သူတို့နှင့် အနီးဆုံး ကုလားထိုင်ဆီမှ အသံထွက်လာ၏။ 'နင် ဒါ လုပ်လိမ့်မယ် ဆိုတာ ငါ မယုံနိုင်ဘူး…ဟာရီ'

မီးတိုင်သည် လှုပ်လှုပ်လှုပ်လှုပ် ထွန်းလင်းဆဲ ဖြစ်သည်။ ဟမိုင်းယွန်းနီ ဖြစ်သည်။ ပန်းရောင် ဂါဝန်ရှည်ကြီး ဝတ်၍ မျက်မှောင်ကြုတ် ကြည့်နေသည်။

'နင်ကိုး'ဟု ရွန်က ရှူးရှူးရှဲရှဲ ပြောသည်။ 'သွားပြန်အိပ်ချည်'

'ငါက နင့်အစ်ကိုကိုတောင် ပြောမလို့ လုပ်သေးတယ်'ဟု ဟမိုင်းယွန်းနီက ပြန်ပြောသည်။ 'ပါစီ သူက အတန်းခေါင်းဆောင် မဟုတ်လား၊ ဒါကို သူက တားဆီးနိုင်မှာ'

ဤမျှ ဝင်ရှုပ်မည့်သူ ရှိမည်ဟု ဟာရီ မယုံကြည်ခဲ့ပါ။

'လာကွာ'ဟု သူက ရွန်ကို ပြော၏။ အမျိုးသမီးဝဝကြီး၏ ဆေးရေးပန်းချီကားကြီးကို တွန်းဖွင့်၍ အပေါ်ကို တက်ကာ ဖြတ်သွားသည်။

ဟမိုင်းယွန်းနီသည် ဤမျှလောက် လွယ်လွယ်နှင့် အလျှော့ပေးမည် မဟုတ်ပါ။ သူသည် ပန်းချီကားပေါက်ကို ဖြတ်၍ ရွန်၏ နောက်သို့လိုက်ကာ ဒေါသထွက်နေသော ဘဲငန်းကဲ့သို့ တဖျစ်တောက်တောက် ပြောနေသည်။

'နင်တို့က ဂရစ်ဖင်ဒါအတွက် ဂရုမစိုက်ဘူး၊ နင်တို့အတွက်ပဲ နင်တို့ ဂရုစိုက်ကြတယ်၊ ဆလိုင်သရင်က အသင်းအုပ်စု ဖလားကို ယူသွားမှာ ငါ မလိုလားဘူး၊ လွှဲပြောင်းမန္တန်တွေကို သိတဲ့အတွက် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်ဆီက ငါ ရထားတဲ့ အမှတ်တွေကို နင်တို့က ဆုံးရှုံးပစ်လိုက်ကြတော့မှာ'

'သွားစမ်းပါဟယ်'

'ကောင်းပြီ၊ ငါ သတိပေးတယ်၊ နက်ဖြန် အိမ်ပြန်တဲ့ ရထားပေါ်ကျရင် ငါ ပြောတာတွေ သတိရကြပေါ့၊ နင်တို့ဟာ အရမ်းကို…'

သို့သော် သူတို့ ဘာတွေ ဖြစ်ကြသည် ဆိုခြင်းကို သူတို့ မသိနိုင်ကြတော့ပါ။ ဟမိုင်းယွန်းနီသည် အတွင်းဘက်သို့ ပြန်ဝင်ရန် အမျိုးသမီးဝဝကြီး ပန်းချီကားဘက်သို့ လှည့်လိုက်သောအခါ ဟင်းလင်းဖြစ်နေသော ပန်းချီကားကြီးကိုသာ တွေ့ရတော့သည်။ အမျိုးသမီးဝဝကြီးသည် ညဘက်ထွက်၍ အလည်သွားနေ၏။ ဟမိုင်းယွန်းနီသည် ဂရစ်ဖင်ဒါ မျှော်စင် အပြင်ဘက်တွင် ပိတ်မိနေလေပြီ။

'ကဲ…ငါ ဘာလုပ်ရမလဲ'ဟု သူက စူးရှသော အသံဖြင့် မေးသည်။

'အဲဒါ နင့် ပြဿနာပဲ'ဟု ရွန်က ပြော၏။ 'ငါတို့ သွားရမယ်၊ နောက်ကျနေတော့မှာပဲ'

သူတို့သည် စင်္ကြံလမ်း အဆုံးသို့ မရောက်ခင်ကလေးမှာပင် ဟမိုင်းယွန်းနီသည် သူတို့ကို မီလာတော့သည်။

'ငါ နင်တို့နှင့် လိုက်ခဲ့မယ်'ဟု သူက ဆို၏။

'နင် မလိုက်ရဘူး'

'ဩ…ငါက ဒီမှာ ရပ်နေပြီး ဖစ်ချ် လာရင် ငါ အမိခံနေမယ်လို့ နင်က ထင်သလား၊ ငါတို့ သုံးယောက်စလုံးကို တွေ့ရင် ငါက အမှန်ကို ပြောလိုက်မှာပဲ၊ ငါက နင်တို့ကို တားဖို့ ကြိုးစားနေတာပါလို့၊ အဲဒါ နင်တို့က ထောက်ခံကြပေါ့'

'နင် သတ္တိကောင်းသားပဲ'ဟု ရွှန်က ကျယ်လောင်စွာ ပြောသည်။

'တိတ်စမ်း… မင်းတို့ နှစ်ယောက်စလုံး'ဟု ဟာရီက ခပ်ပြတ်ပြတ် ပြောသည်။ 'ငါ အသံ တစ်ခု ကြားတယ်'

အသက်ပြင်းပြင်း ရှူနေသလို အသံမျိုး ဖြစ်၏။

'မစ္စက် နောရစ်လား'ဟု ရွှန်က ပင့်သက်ရှူ၍ ပြောကာ မှောင်ထဲသို့ မျက်စိကို မှေးကြည့်သည်။

မစ္စက်နောရစ် မဟုတ်ပါ။ နဲဗီးလ် ဖြစ်ပါသည်။ သူသည် ကြမ်းပေါ်တွင် ကွေးပြီး အိပ်မောကျနေသည်။ သို့သော် သူတို့က အနားသို့ ဝပ်၍ သွားသည်တွင် ရုတ်တရက် လှုပ်၍ နိုးသွားလေ၏။

'မင်းတို့ ငါ့ကို တွေ့တာ တော်သေးတာပေါ့၊ ငါ ဒီအပြင်မှာ ရောက်နေတာ နာရီပေါင်းများစွာ ကြာနေပြီလေ၊ အိပ်ရာဝင်ဖို့ အတွက် စကားဝှက် အသစ်ကို ငါ မမှတ်မိဘူး'

'တိုးတိုး ပြောပါ နဲဗီးလ်ရယ်၊ စကားဝှက်က ဝက်နူတ်သီး တဲ့၊ ဒါပေမဲ့ ခုတော့ အသုံးမဝင်တော့ဘူး၊ အမျိုးသမီးဝဝကြီးက တစ်နေရာကို သွားနေတယ်ကွ'

'မင့်လက် ဘယ့်နှယ်နေလဲ'ဟု ဟာရီက မေး၏။

'ကောင်းသွားပြီ'ဟု နဲဗီးလ်က ပြောရင်း သူတို့ကို ပြသည်။ 'မာဒမ် ပွမ်ဖရီက တစ်မိနစ်လောက် အတွင်းမှာ ပြုပြင်ပေးလိုက်တယ်လေ'

'ကောင်းတာပေါ့၊ ကဲ ဒီမှာ နဲဗီးလ်၊ ငါတို့ တစ်နေရာကို သွားစရာ ရှိလို့ မင်းနှင့် နောက်မှ တွေ့ကြသေးတာပေါ့'

'ငါ့ကို မထားရစ်ခဲ့ကြပါနှင့်'ဟု နဲဗီးလ်က ပြောသည်။ သူသည် အတင်းကုန်းထ၏။ 'ငါ ဒီမှာ တစ်ယောက်တည်း မနေခဲ့ချင်ဘူး၊ အခုတောင် ဘလတ်ဒီ ဘာရွန် ဖြတ်သွားတာ နှစ်ခါတောင် ရှိပြီ'

ရွှန်သည် သူ့နာရီကို ကြည့်လိုက်ပြီးနောက် ဟမိုင်းယွန်းနီနှင့် နဲဗီးလ်တို့ကို အမျက်ဒေါသဖြင့် ကြည့်လိုက်သည်။

'မင်းတို့ နှစ်ယောက်ကြောင့် ငါတို့ မိသွားရပြီဆိုရင် ဆရာ ကွစ်ရဲလ်က တို့ကို ပြောတဲ့ မှင်စာတွေရဲ့ ကျိန်စာ ဆိုတာကို မရမချင်း ကျက်ပြီး မင်းတို့ကို ပြုစားမယ်'

www.burmeseclassic.com

ဟာမိုင်းယွန်းနီက ပါးစပ်ကို ဟလိုက်၏။ 'မှင်စာတွေ၏ ကျိန်စာ'ကို ဘယ်လို သုံးရသည် ဆိုသည်ကို ရွန်အား သေသေချာချာ ပြောမည်ထင်ရသည်။ သို့သော် ဟာရီက သူ့ကို တိတ်တိတ်နေရန် ရှူးခနဲ လုပ်၍ အားလုံး ရှေ့သို့ သွားကြရန် ခေါ်ငင်သည်။

သူတို့သည် မြင့်မားသော ပြတင်းပေါက်များမှ လရောင်ဖြင့် အစင်းကြီးများ ဖြစ်နေသော စင်္ကြံလမ်း တစ်လျှောက် လှစ်ခနဲ သွားကြလေ၏။ အကွေ့ တစ်ခုကို ကွေ့လိုက်တိုင်း ဟာရီသည် ဖစ်ချ် သို့တည်းမဟုတ် မစ္စက် နောရစ်နှင့် ဝင်တိုးတော့မည်ဟု မျှော်လင့်မိခဲ့သော်လည်း သူတို့ ကံကောင်းကြသည်။ သူတို့သည် တတိယထပ်ဆီသို့ လှေကားဖြင့် ပြေးတက်ကြပြီးနောက် အောင်ပွဲ ဆုပစ္စည်း အခန်းသို့ ခြေဖျားထောက် သွားကြလေ၏။

မာလ်ဖွိုင်းနှင့် ခရပ်တို့ မရောက်ကြသေးချေ။ လရောင်ထိသည့် နေရာတွင် သလင်းကျောက်ဖြင့် ပြုလုပ်ထားသော အောင်ဆုပစ္စည်း ရှိုးကေ့စ်များသည် တလက်လက်နှင့် ရှိကြသည်။ ဖလားများ၊ ဒိုင်းများ၊ ပန်းကန်ပြားများ၊ ရုပ်တုများသည် ငွေရောင် ရွှေရောင်တို့ဖြင့် မှောင်ထဲတွင် မိုတ်တုတ် မိုတ်တုတ် ဖြစ်နေကြ၏။ သူတို့သည် နံရံတစ်လျှောက် ကပ်၍ စောင်းလျှောက်သွားကြရာမှ အခန်း၏ အဖျားနှစ်ဖက်မှ တံခါးပေါက်များဆီသို့ မျက်ခြည်မပြတ် ကြည့်ကြ၏။ မတော်တဆ မာလ်ဖွိုင်းသည် ခုန်ဝင်လာပြီး တိုက်ပွဲကို စတင်မှာ စိုးသဖြင့် ဟာရီသည် သူ့ဆေးကြိမ်လုံးကို ထုတ်လိုက်၏။ မိနစ်တို့သည် တရွေ့ရွေ့ ကုန်လွန်ခဲ့လေသည်။

'သူ နောက်ကျနေတယ်၊ ကြောက်လို့ နောက်တွန့်သွားသလားမှ မသိတာ'ဟု ရွန်က လေသံဖြင့် ပြော၏။

ထိုစဉ် တစ်ဖက်ခန်းမှ အသံ ထွက်ပေါ်လာသဖြင့် သူတို့ ခုန်မိကြ၏။ ဟာရီက သူ့ ဆေးကြိမ်လုံးကို မြှောက်လိုက်ကာ ရှိသေး တစ်ယောက်ယောက် စကားပြောလိုက်သံကို သူတို့ ကြားရသည်။ ထိုအသံသည် မာလ်ဖွိုင်း၏ အသံ မဟုတ်ပါ။

'လျှောက် အနံ့ခံကြည့်စမ်း အချစ်တော်ကလေးရယ်၊ ထောင့်မှာ သူတို့တွေ ပုန်းချင် ပုန်းနေကြမှာ'

ဖစ်ချ်က မစ္စက် နောရစ်ကို ပြောနေခြင်း ဖြစ်၏။ အလန့်တကြားနှင့် ဟာရီသည် သူ့နောက်ကို မြန်နိုင်သမျှ မြန်မြန် လိုက်ခဲ့ကြရန် အခြား သုံးယောက်အား လက်ယမ်းပြသည်။ သူတို့သည် ဖစ်ချ်၏ အသံနှင့် ဝေးရာဘက်က တံခါးပေါက်ဆီသို့ သုတ်သုတ်ပျာပျာ ပြေးကြ၏။ ဖစ်ချ်က အောင်ပွဲ ဆုပစ္စည်း အခန်းတွင်းသို့ ဝင်သံကြားသောအခါတွင်ကား နဲဗီးလ်၏ ဝတ်ရုံသည် ထောင့်ချိုးကို ဝေ့ခနဲ ပတ်လိုက်မိရုံ ဖြစ်တော့၏။

'သူတို့ ဒီထဲက တစ်နေရာရာမှာ ရှိတယ်'ဟု သူ ပြောဆိုသံကို သူတို့ ကြားကြရသည်။ 'ပုန်းနေတာ ဖြစ်လိမ့်မယ်'

'ဒီဘက်ကို လာကြ'ဟု ဟာရီက အခြားသူများအား ပြောပြီး တောင့်တောင့်ကြီး ဖြစ်နေသော ကိုယ်ခန္ဓာများဖြင့် သူတို့သည် သံချပ်အင်္ကျီများ ပြည့်နှက်နေသော အခန်းရှည်ကြီးသို့ တွား၍ သွားကြ၏။ ဖစ်ချ် နီးနီးလာသည်ကို သူတို့ ကြားရသည်။ နဲဗီးလ်သည် ကြောက်ကြောက်နှင့် ရုတ်တရက် အီခနဲ အော်ကာ ထပြေးတော့ရာ ခြေချော်သွားသည်တွင် ရွန်၏ ခါးကို ဖက်လိုက်၏။ နှစ်ယောက်စလုံးသည် လုံးထွေး၍ သံချပ်အင်္ကျီ တစ်စုံထဲသို့ တိုးဝင်သွားကြလေသည်။

တဂွမ်းဂွမ်း တဂျွမ်းဂျွမ်း အသံတို့သည် ရဲတိုက်ကြီး တစ်ခုလုံးကိုပင် နိုးစေနိုင်လောက်သည်။

'ပြေးကြ'ဟု ဟာရီက အော်၍ လေးယောက်သားသည် အခန်းရှည်ကြီးကို တစ်ရှိန်ထိုး ပြေးကြလေ၏။ ဖစ်ချ်များ လိုက်လာလေသလားကိုပင် လှည့်မကြည့်ဘဲ တံခါးတိုင်ကို ချာခနဲ ပတ်၍ စင်္ကြံလမ်း တစ်ခုပြီး တစ်ခု ပြေးကြသည်။ ဟာရီက ဦးဆောင်နေပြီး သူတို့ ဘယ်နေရာ ရောက်နေသည်၊ သို့တည်းမဟုတ် သူတို့ ဘယ်ကို ပြေးနေကြသည်ကို မသိကြချေ။ နံရံကပ် ကမ္ဗလာထည် တစ်ခုကို ဖြဲ၍ ဝင်လိုက်ရာ လျှို့ဝှက် စင်္ကြံလမ်း တစ်ခုကို တွေ့ရသဖြင့် ထိုလမ်းအတိုင်း ဆက်ပြေးကြရာ မန္တန် စာသင်ခန်းနားသို့ ပေါက်လာကြတော့သည်။ ထိုစာသင်ခန်းသည် အောင်ပွဲဆုပစ္စည်း အခန်းမှ မိုင်ပေါင်းများစွာ ဝေးမှန်းကို သူတို့ သိကြ၏။

'ငါတို့ သူ့ကို မျက်ခြည်ဖြတ်နိုင်ပြီ ထင်တယ်'ဟု ဟာရီက အေးစက်နေသော နံရံကို မှီကာ နဖူးမှ ချွေးကို သုတ်၍ ပင့်သက်ဖိုရင်း ပြောသည်။ နဲဗီးလ်သည် ခါးကြီးကုန်း၍ နှာရည် တရွှဲရွှဲ တရွှဲရွှဲ ဖြစ်နေ၏။

'နင်တို့ကို... ငါပြောတယ်' ဟမိုင်းယွန်းနီသည် ရင်ဘတ်က ချုပ်ရိုးကို ဆုပ်ကိုင်ရင်း ပင့်သက်ရှူကာ ပြော၏။ 'နင်တို့ကို...ငါ...ပြောတယ်'

'ငါတို့ ဂရစ်ဖင်ဒါ မျှော်စင်ဆီကို ပြန်ကြရမယ်'ဟု ရွန်က ပြောသည်။ 'တတ်နိုင်သလောက် အမြန်ဆုံး ပြန်မှ'

'မာလ်ဖွိုင်းက နင့်ကို လှည့်သွားတာ'ဟု ဟမိုင်းယွန်းနီက ဟာရီကို ပြော၏။ 'နင် သိပြီ မဟုတ်လား၊ သူက နင့်ကို ဘယ်တော့မှ လာတွေ့မှာ မဟုတ်ဘူး၊ တစ်ယောက်ယောက်ဟာ အောင်ပွဲ ဆုပစ္စည်း အခန်းထဲမှာ ရှိလိမ့်မယ် ဆိုတာကို ဖစ်ချ် သိတယ်၊ မာလ်ဖွိုင်းက သူ့ကို တစ်စွန်းတစ်စ ပြောလွှတ်လိုက်တာ ဖြစ်ရမယ်'

သူ့စကား အမှန် ဖြစ်စရာ ရှိကြောင်း ဟာရီ တွေးမိ၏။ သို့သော် ဟမိုင်းယွန်းနီကိုတော့ ပြောလိမ့်မည် မဟုတ်။

'ကဲ... သွားကြစို့'

ပြောသလောက်တော့ မလွယ်ပါ။ ခြေလှမ်း တစ်ဒါဇင်ထက် မပိုခင်ပင် တံခါးဘု တစ်ခုသည် လှုပ်သွားပြီး သူတို့ရှေ့က စာသင်ခန်းထဲမှ တစ်စုံတစ်ခုသည် ရှူးခနဲ ထွက်လာလေ၏။

ပုဏ္ဏက တစ္ဆေ ပီးဗ်ဖ် ဖြစ်တော့သည်။ သူသည် သူတို့တစ်တွေကို မြင်သောအခါ ပျော်ရွှင်သည်ဖြစ်၍ ရှည်လျား စူးရှသော အသံဖြင့် အော်၏။

'တိတ်တိတ်နေစမ်း ပီးဗ်ဖ်၊ ခင်ဗျား လုပ်တာနှင့် ကျွန်တော်တို့ ကျောင်းထုတ်ခံကြရမယ်'

ပီးဗ်ဖ်က ရယ်လိုက်၏။

'သန်းခေါင်သန်းလွဲမှာ လျှောက်လည်နေကြတယ်၊ ဟုတ်လား ပထမနှစ်တွေရယ်၊ ထတ်...ထတ်...ထတ်...မိတယ်...မိတယ်၊ မင်းတို့ ကွိလိမ့်မယ်'

'ခင်ဗျားကသာ ဖမ်းမပေးရင် ကျွန်တော်တို့ မကွိပါဘူး၊ လုပ်ပါ ပီးဗ်ဖ်ရယ်'

'ငါက ဖစ်ချ်ကို ပြောသင့်တာပေါ့၊ ငါ ပြောသင့်တယ်'ဟု ပီးဗ်ဇ်က သူတော်ကောင်း လေသံမျိုးဖြင့် ပြောသည်။ သို့သော် သူ့မျက်လုံးများသည် ယုတ်မာမှုဖြင့် လက်နေကြ၏။ 'အဲဒါ မင်းတို့ ကောင်းဖို့ အတွက်ပဲလေ၊ မင်းတို့ သိပါတယ်'

'လမ်းက ဖယ်စမ်း'ဟု ရွန်က ဖြတ်ပြောပြီး ပီးဗ်ဇ်ကို လွှဲရိုက်လိုက်၏။ ဤကား မဟာ အမှားကြီး ဖြစ်တော့သည်။

'ကျောင်းသားတွေ အိပ်ရာက ထလာကြတယ်'ဟု ပီးဗ်ဇ်က နွားအော်သလို အော်လေ၏။ 'ကျောင်းသားတွေ အိပ်ရာကထပြီး မန္တန် စာသင်ခန်း စင်္ကြံလမ်းမှာ ပြေးသွားကြတယ်'

ပီးဗ်ဇ်၏ အောက်မှ ငုံ့၍ သူတို့သည် အသက်လုပြီး ပြေးကြတော့၏။ စင်္ကြံလမ်း အဆုံးသို့ ရောက်သောအခါ တံခါးပေါက် တစ်ခုကို ဝင်တိုးမိကြသည်။ တံခါးသည် သော့ခတ်ထား၏။

'ဒါပဲပေါ့ ဟု ရွန်က ညည်းသည်။ သူတို့သည် အကျိုးမဲ့ တံခါးရွက်ကို တွန်းကြ၏။ 'ငါတို့တော့ သွားပြီ၊ ဒါဟာ တို့ရဲ့ နိဂုံးပဲ'

သူတို့သည် ခြေသံများကို ကြားကြရ၏။ ဖစ်ချ်သည် ပီးဗ်ဇ် အော်သံဆီသို့ မြန်နိုင်သမျှ မြန်မြန် ပြေးလာနေသည်။

'အို…သွားလေ'ဟမိုင်းယွန်းနီက မာန်မဲ၏။ သူက ဟာရီ၏ ဆေးကြိမ်လုံးကို ဆွဲယူကာ သော့ကို ခေါက်၍ 'အလိုဟိုမိုးရား'ဟု လေသံဖြင့် ရွတ်ဆိုသည်။

သော့သည် ကလစ်ခနဲ မြည်၍ တံခါးပွင့်သွားတော့၏။ သူတို့ စုပြုံ၍ ဝင်ကြပြီး တံခါးကို လျင်မြန်စွာ ပြန်ပိတ်ကာ နားတွေကို တံခါးတွင် ဖိကပ်၍ နားထောင်နေကြလေသည်။

'သူတို့ ဘယ်ဘက် ထွက်သွားကြသလဲ ပီးဗ်ဇ်'ဟု ဖစ်ချ်က ပြောနေသည်။ 'မြန်မြန်… မြန်မြန် ပြောစမ်းပါ'

'ကျေးဇူးပြုပြီး ဆိုတာ ထည့်ပြော'

'ရှုပ်မနေစမ်းပါနှင့် ပီးဗ်ဇ်ရာ၊ ကဲ သူတို့ ဘယ်ကို သွားကြသလဲ'

'ခင်ဗျားက ကျေးဇူးပြုပြီးလို့ မပြောရင် ကျုပ်က သုညပဲ၊ မပြောဘူး'ဟု သူ၏ စိတ်ရှုပ်စရာ သီချင်းဆိုသလို လေသံဖြင့် ပြောသည်။

'ကောင်းပြီ၊ ကျေးဇူးပြုပြီး ပြောပါ'

'သုညပဲ၊ ဟား ဟား ဟား ကျုပ်ပြောသားပဲ၊ ခင်ဗျားက ကျေးဇူးပြုပြီးလို့ မပြောရင် ကျုပ်က သုညပဲ၊ မပြောဘူးလို့ ပြောထားတယ် မဟုတ်လား၊ ဟား ဟား ဟား ဟား ဟား' ထို့နောက် သူတို့သည် ပီးဗ်ဇ်၏ ရွှတ်ခနဲ ပြေးသွားသံနှင့် ဖစ်ချ်၏ ဒေါသဖြင့် ဆဲဆို ရေရွတ်သံကို ကြားကြရ၏။

'သူက ဒီတံခါး သော့ခတ်ထားတယ်လို့ ထင်သွားတယ်'ဟု ဟာရီက လေသံဖြင့် ပြောသည်။ 'ငါတို့တော့ ဟန်ပြီထင်တယ်၊ ထွက်လေ…နဲဗီးလ်'သူက ဤသို့ ပြောရသည်မှာ နဲဗီးလ်က ဟာရီ၏ အင်္ကျီရှည်မှ အင်္ကျီလက်ကို အတင်း ဆောင့်ဆွဲနေသောကြောင့် ဖြစ်သည်။ 'ဘာဖြစ်တာလဲ'

ဟာရီက ချာခနဲ လှည့်ကြည့်၏။ ဘာဆိုတာကို ပြတ်ပြတ်သားသားပင် ကောင်းစွာ မြင်ရပါသည်။ ခဏတော့ သူသည် အိပ်မက်ဆိုးထဲသို့ တန်းဝင်မိနေသည်မှာ သေချာသွားရပါပြီ။ ယခုအချိန်အထိ ဖြစ်ပျက်ခဲ့သမျှတွင် ဤဟာက သရဖူဆောင်းသည်။

သူတို့ ထင်ခဲ့သလို ဤဟာသည် အခန်းတစ်ခု မဟုတ်ပါ။ သူတို့သည် စင်္ကြံလမ်း တစ်ခုထဲတွင် ရောက်နေကြခြင်း ဖြစ်၏။ တတိယထပ်မှ မသွားရ စင်္ကြံလမ်း ဖြစ်တော့သည်။ ယခုတော့ ဤစင်္ကြံလမ်းကို အဘယ်ကြောင့် မသွားရဟု တားမြစ်ထားကြောင်းကို သူတို့ သိကြရပါပြီ။

ကြောက်ရွံ့ဖွယ် သားရဲဆန်သော ခွေးကြီး တစ်ကောင်၏ မျက်လုံးတည့်တည့်ဆီ သူတို့ ကြည့်မိလျက်သား ဖြစ်နေသည်။ မျက်နှာပြင်နှင့် ကြမ်းပြင် တစ်ခုလုံး အကြားရှိ ကွက်လပ်ကြီးကို ပြည့်နေသော ခွေးကြီး ဖြစ်၏။ ဦးခေါင်းမှာ သုံးလုံး ဖြစ်သည်။ တလိမ့်လိမ့်နှင့် ရူးသွပ်သလို ဖြစ်နေသော မျက်လုံး သုံးစုံ၊ နှာခေါင်း သုံးခု၊ ကိုယ် ဦးတည်ရာဘက် ကိုယ်ကြည့်၍ အကြောဆွဲသလို တဆတ်ဆတ် လှုပ်ရှားနေသည်။ သွားရှည်တမြားမြား ဖြစ်နေသော ပါးစပ် သုံးခုမှ တံတွေးတို့သည် ဝါကျင့်ကျင့် အစွယ်များဆီမှ အောက်သို့ ချောပြောင်နေသော ကြိုးများသဖွယ် တွဲလွဲကျနေသည်။

ခွေးကြီးသည် ငြိမ်သက်စွာ ခြေစုံရပ်နေ၏။ မျက်လုံး ခြောက်ခုစလုံးက သူတို့ကို စိုက်ကြည့်နေကြ၏။ သူတို့ ယခုအချိန်တွင် သေပြီး မဖြစ်ကြသည့် တစ်ခုတည်းသော အကြောင်းရင်းမှာ ခွေးကြီးသည် ရုတ်တရက်မို့ အံ့အားသင့်ပြီး ကြောင်သွားခြင်းကြောင့် ဖြစ်သည်ဟု ဟာရီက သိ၏။ သို့ရာတွင် ခွေးသည် သတိကို ပြန်ဆည်မိပုံရသည်။ မိုးခြိမ်းသံကဲ့သို့သော မာန်ဖီသံက ထိုအချက် မမှားကြောင်း ဖော်ပြနေ၏။

ဟာရီသည် တံခါးဘုကို စမ်း၏။ ဖစ်ချ်နှင့် သေမင်း လမ်းနှစ်သွယ်တွင် သူသည် ဖစ်ချ်ကို ရွေးပါမည်။

သူတို့ နောက် ပြန်ဆုတ် ထွက်ကြ၏။ ဟာရီက တံခါးကို ဆောင့်ပိတ်လိုက်သည်။ ပြီးတော့ သူတို့ ပြေးကြလေသည်။ စင်္ကြံလမ်းတစ်လျှောက် ပြန်ပြေးကြရာတွင် ပျံသန်းနေသလား မှတ်ရသည်။ ဖစ်ချ်သည် သူတို့ကို တခြားနေရာတွင် ရှာဖွေရန် သုတ်သီးသုတ်ပျာ ထွက်သွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် သူ့ကို ဘယ်နေရာမှ မတွေ့ရသောကြောင့် ဖြစ်သည်။ သို့သော် မတွေ့တာ တွေ့တာ သူတို့ သိပ်ပြီး ဂရုမစိုက်နိုင်ပါ။ သူတို့ လိုလားနေသည်ကတော့ သားရဲခွေးကြီးနှင့် သူတို့အကြား ကွားဝေနိုင်သလောက် ကွားဝေးခြင်းသား ဖြစ်ပါ၏။ သူတို့သည် မရပ်မနား ပြေးလွှားလာခဲ့ကြရာ ခုနစ်ထပ်မှ အမျိုးသမီးဝဝကြီး၏ ဆေးရေးပန်းချီကားကြီး အရှေ့သို့ ရောက်သည်အထိပင် ဖြစ်တော့သည်။

'မင်းတို့ ဘယ်တွေများ သွားခဲ့ကြတာလဲ'ဟု အမျိုးသမီးကြီးက သူတို့၏ အဝတ်ရှည်ကြီးများ ပခုံးပေါ် တွဲလောင်းဖြစ်ပြီး သူတို့ မျက်နှာတွေက နီမြန်းပြီး ချွေးတွေ ပြန်နေသည်ကို ကြည့်ရင်း မေးသည်။

'ဒါတွေ အရေးမကြီးပါဘူးလေ၊ ဝက်နှုတ်သီး၊ ဝက်နှုတ်သီး'ဟု ဟာရီက ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ပြောလိုက်၏။ ပန်းချီကားကြီးသည် လွှဲယမ်း၍ ရှေ့သို့ ထွက်လာသည်။ သူတို့သည် စုပေါင်း အနားယူခန်းထဲသို့ စုပြုံ

တိုးဝေ့ဝင်ရောက်လာကြပြီးသော် လက်တင် ကုလားထိုင်များပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး တဆတ်ဆတ် တုန်နေကြတော့သည်။

သူတို့သည် တော်တော်ကြာကြာပင် ဘာမျှ မပြောနိုင်ဘဲ ဖြစ်နေကြ၏။ နဲဗီးလ်ကား စကားမပြောတော့ဘဲ ရှိတော့မည့် ပုံမျိုးပင် ဖြစ်နေသည်။

'ကျောင်းထဲမှာ ဒီလိုဟာကြီးကို ထားတာ သူတို့ ဘာလုပ်နေတယ်လို့ သူတို့ ထင်နေကြပါလိမ့်'ဟု နောက်ဆုံးတွင် ရွန်က ပြော၏။ 'ခွေးတွေသာ လေ့ကျင့်ခန်း လိုအပ်တယ်ဆိုရင် အဲဒီကောင်ကြီးဟာ လိုနေမှာပဲ'

ဟမိုင်းယွန်းနီသည် အသက်ရှုနိုင်ခြင်းကိုကော၊ စိတ်မရှည်နိုင်မှုကိုကော ပြန်လည် ရရှိသွား၏။

'နင်တို့တွေ ဘယ်သူမှ မျက်လုံးကို အသုံးမချဘူး မဟုတ်လား'ဟု သူက စိတ်တိုတိုနှင့် ပြော၏။ 'အဲဒီခွေးဟာ ဘာပေါ်မှာ ရပ်နေတာလဲ ဆိုတာ နင်တို့ မတွေ့ကြဘူးလား'

'ကြမ်းပေါ်မှာလား'ဟု ဟာရီက အဆိုပြုလိုက်၏။ 'ငါက သူ့ခြေထောက်တွေကို မကြည့်မိဘူး၊ သူ့ခေါင်းတွေနှင့်တွင် ငါ အလုပ်ရှုပ်နေလို့'

'ဟင့်အင်း၊ ကြမ်းပေါ် မဟုတ်ဘူး၊ ခွေးကြီးဟာ တံခါးဂုက် တစ်ခုပေါ်မှာ ရပ်နေတာ၊ တစ်ခုခုကိုတော့ စောင့်ကြပ်နေမှန်း သိသာတယ်'

သူသည် မတ်တတ်ထ၍ သူတို့ကို ပြူးကြည့်သည်။

'နင်တို့ ကျေနပ်လောက်ပြီလို့ ငါ မျှော်လင့်ပါတယ်၊ ငါတို့အားလုံး သေကုန်နိုင်တယ်၊ ပိုဆိုးတာက ကျောင်းထုတ်ပစ်ခံရနိုင်တယ်၊ ကဲ ကန့်ကွက်စရာ မရှိဘူး ဆိုရင် ငါသွားအိပ်တော့မယ်'

ရွန်က ပါးစပ်ကြီး ဟ၍ သူ့ကို လိုက်ကြည့်၏။

'ဟင့်အင်း မကန့်ကွက်ပါဘူး'ဟု သူက ပြောသည်။ ထိုနောက် ဟာရီကို လှည့်၍ 'ငါတို့က သူ့ကို တစ်လျှောက်လုံး ဆွဲလာရတယ်လို့ မင်း မထင်ဘူးလား'ဟု မေး၏။

သို့ရာတွင် ဟမိုင်းယွန်းနီသည် ဟာရီအား အိပ်ရာ အဝင်တွင် အခြားတွေးတောစရာကို ပေးသွားခဲ့လေပြီ။ ခွေးကြီးသည် တစ်စုံတစ်ခုကို စောင့်ကြပ်နေသည်တဲ့။ ဟတ်ဂရစ်က ဘာပြောခဲ့သလဲ။ မင်း ဝှက်ထားချင်တာ တစ်စုံတစ်ခု ရှိတယ်ဆိုရင် ဂရင်းဂေါ့ဟာ စိတ်အချရဆုံး နေရာပဲ၊ ဟော့ဂဝပ်က လွဲရင်ပေါ့လေ။

ငွေတိုက်ခန်း ခုနစ်ရာ တစ်ဆယ့်သုံးမှ ညစ်ပတ် ပေရေနေသော အထုပ်ကလေး ဘယ်မှာ ရောက်နေသည်ကို ဟာရီ တွေ့ရှိသွားသည့် အသွင်သဏ္ဌာန် ရှိလေသည်။

အခန်း တစ်ဆယ်

ဟာလိုဝင်းပွဲ

နောက်နေ့ ရောက်သောအခါ ဟာရီနှင့် ရွန်တို့သည် ဟော့ဂဝပ်တွင် ရှိနေသေးသည်ကို မြင်သော် မာလ်ဖွိုင်းသည် သူ့မျက်လုံးများကို သူ မယုံနိုင်ဖြစ်ရတော့သည်။ ဟာရီနှင့် ရွန်တို့သည် မောပန်း နွမ်းလျနေသည်က လွဲ၍ ရွှင်လန်းနေပုံတော့ ရကြသည်။ စင်စစ်တွင်ကား နောက်နေ့ နံနက်တွင် ဟာရီနှင့် ရွန်တို့သည် ခေါင်းသုံးလုံးနှင့် ခွေးကို ကြုံတွေ့ရခြင်းသည် အကောင်းဆုံးသော စွန့်စားခန်း ဖြစ်နေ၍ သူတို့သည် နောက်တစ်ခု တွေ့ရန်ကိုပင် စိတ်ထက်သန်လျက် ရှိကြပေ၏။ ဤအတောအတွင်းတွင် ဟာရီက ဂရင်းဂေါ့မှ ဟော့ဂဝပ်သို့ ရွှေ့ပြောင်းလိုက်သည့် လက္ခဏာရှိသော အထုပ်ကလေး အကြောင်းကို ရွန်အား ပြောပြထားသည်ဖြစ်ရာ သူတို့ နှစ်ယောက်သည် ဤမျှလောက် တင်းကျပ်သော အကာအကွယ် လိုအပ်ရအောင် ထိုဟာသည် ဘာများ ဖြစ်လေမည်လဲဟု စူးစမ်း တွေးတောရင်း အချိန်များစွာ ကုန်ကြရသည်။

'တကယ် အဖိုးတန်လို့ရင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် တကယ် အန္တရာယ် ရှိလို့ရင်လည်း ဖြစ်မယ်'ဟု ရွန်က ပြောသည်။

'ဒါမှမဟုတ်လည်း နှစ်ခုစလုံးကြောင့်ရင်လည်း ဖြစ်မယ်'ဟု ဟာရီက ပြော၏။

သို့ရာတွင် ထိုသိရခက် လျှို့ဝှက်သော အရာဝတ္ထုနှင့် ပတ်သက်၍ သူတို့ အသေအချာ သိရသလောက်ကား ထိုဟာသည် နှစ်လက်မလောက် ရှည်သည် ဆိုခြင်းသာ ဖြစ်၏။ နောက်ထပ် သဲလွန်စများ မရဘဲနှင့် ထိုဟာ ဘာဆိုတာ ခန့်မှန်းဖို့ သူတို့တွင် အခွင့်အလမ်း များစွာ မရှိပါ။

ခွေးကြီးအောက်တွင် ဘာရှိသည် ဆိုတာကိုရော၊ တံခါးဝှက်ကိုကော နဲဗီးလ်ကော၊ ဟမိုင်းယွန်းနီရော စိတ်ဝင်စားမှုကို နည်းနည်းကလေးမျှ မပြသချေ။ နဲဗီးလ် လုံးဝ ဂရုပြုခြင်းကတော့ ထိုခွေးကြီးကို ဘယ်တော့မှ တစ်ဖန် ပြန်မတွေ့ရန်ပင် ဖြစ်တော့သည်။

ယခုအခါတွင် ဟမိုင်းယွန်းနီသည် ဟာရီနှင့် ရွန်တို့ကို စကားမပြောဘဲ နေရာ သူသည် နေရာတကာ အပေါ်စီးက နေပြီး ဘာမဆို သိသော ဒေါ်သိကြီး လုပ်တတ်သဖြင့် ယခုကဲ့သို့ စကားမပြောဘဲ နေခြင်းသည် မိမိတို့ အတွက် အပိုဆုပေါက်ခြင်း ဖြစ်သည်ဟု သူတို့နှစ်ယောက်က ရှုမြင်လေသည်။

ယခုအချိန်တွင် သူတို့ တကယ် လိုချင်နေသမျှသည်ကား မာလ်ဖွိုင်းကို ဘယ်လို ပြန်၍ ကြွေးတောင်းရမလဲ ဆိုသည်ပင် ဖြစ်၏။ ထိုစဉ် သူတို့ ဝမ်းသာစရာ ဖြစ်ရသည်ကား နောက်တစ်ပတ်ခန့် ကြာသောအခါ မာလ်ဖွိုင်းကို ပြန်၍ အနိုင်ယူစရာ အရာတစ်ခုသည် ပို့စာများနှင့် အတူ ရောက်ရှိလာတော့သည်။

ခါတိုင်းကဲ့သို့ပင် ဇီးကွက်တို့သည် မဟာခန်းမကြီးတွင်းသို့ အုပ်လိုက်ပြုံ၍ ဝင်လာကြသည်တွင် ချက်ချင်းပင် လူတိုင်း၏ အာရုံကို ဖမ်းစားလိုက်သည်မှာ ကြီးမားသော ဇီးကွက် ခြောက်ကောင် သယ်ဆောင်လာသည့် သေးသွယ် ရှည်လျားသော အထုပ်ပင် ဖြစ်လေသည်။ ဤပါဆယ်ကြီးထဲတွင် ဘာများ ပါရှိပါ့မလဲဟု ဟာရီသည်လည်း အခြားသူများနည်းတူ စိတ်ဝင်စားနေရာ ဇီးကွက်များသည် ပျံဆင်းလာ၍ သူ့ရှေ့ကို ပစ်ချလိုက်ကြရာ သူ့ဝက်သားကင်ပင် ကြမ်းပေါ်သို့ လွင့်ကျသွားသည်ကို တွေ့ရသောအခါ အံ့အားသင့်သွားရသည်။ ထိုဇီးကွက်များ ပျံထွက်သွားကြမည် ပြုခါစကလေးတွင်ပင် အခြားသော ဇီးကွက် တစ်ကောင်က ပါဆယ်ထုပ်ပေါ်သို့ စာတစ်စောင်ကို ပစ်ချသည်။

ဟာရီက စာကို အရင် ဖောက်ဖတ်၏။ ဤသည်မှာ ကံကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် စာထဲတွင် အောက်ပါအတိုင်း ပါရှိသောကြောင့် ဖြစ်၏။

ပါဆယ်ကို စားပွဲတွင် မဖွင့်ပါနှင့်။
ပါဆယ်ထဲတွင် သင့်အတွက် နင်ဘတ် နှစ်ထောင် ပါသည်။
လူတကာက သင့်မှာ တံမြက်စည်း တစ်ခု ရှိကြောင်းကို မသိစေချင်ပါ။
သူတို့လည်း လိုချင်ကြမည် ဖြစ်သောကြောင့်တည်း။
အော်လစ်ဗာ ဝုဒ်က သင့်ကို ဒီည ခုနစ်နာရီ၊
ကွစ်ဒစ်ချ် ချိုင့်ခွက်မှာ တွေ့မည်။ သင့်ရဲ့
ပထမဆုံး လေ့ကျင့်မှု ကာလအတွက် ဖြစ်သည်။
ပရိုဖက်ဆာ၊ အမ်၊ မက်ဂေါ်နဂေါ်။

ဟာရီသည် သူ၏ ဝမ်းမြောက်မှုကို ဖုံးဖိရန် အခက်အခဲနှင့် ကြုံရင်းက စာကို ရွှန်အား ပေးဖတ်သည်။

'နင်ဘတ် (ရောင်ခြည်) နှစ်ထောင် တစ်ချောင်း'ရွှန်က မနာလိုစွာ ညည်းညူလိုက်သည်။ 'ငါဟာ အဲဒါမျိုးကို တို့တောင် မတို့ဖူးဘူး'

ပထမ သင်ကြားပို့ချမှု မတိုင်ခင်ပင် တံမြက်စည်းကို လူမသိ သူမသိ ဖြေကြည့်လိုသည် ဖြစ်၍ သူတို့သည် ခန်းမကြီးမှ လျင်မြန်စွာ ထွက်လာခဲ့ကြသည်။ သို့ရာတွင် အဝင်ဝ ခန်းမကို အဖြတ်တွင် လမ်းခုလတ်တွင်ပင် လှေကားရင်း၌ ခရပ်နှင့် ဂွိုင်းလ်တို့က လမ်းကို ပိတ်ဆို့ထားသည်ကို တွေ့ရ၏။ မာလ်ဖွိုင်းသည် ဟာရီ၏ လက်မှ အထုပ်ကို ဆွဲယူ၍ စမ်းကြည့်၏။

'ဒါဟာ တံမြက်စည်းပဲ'ဟု သူက ပြောပြီး မနာလိုခြင်းနှင့် ရန်လိုခြင်းတို့ ရောစပ်သော မျက်နှာထားဖြင့် အထုပ်ကို ဟာရီသို့ ပစ်ပေးလိုက်သည်။ 'ဒီ တစ်ကြိမ်တော့ မင်း ထိတော့မှာပဲ ပေါ့တာ၊ ပထမနှစ်တွေကို အဲဒါ ခွင့်မပြုဘူး'

ရွှန်က မအောင့်အည်းနိုင်တော့ပါ။

'အဲဒါဟာ ရိုးရိုး တံမြက်စည်းဟောင်း မဟုတ်ဘူးကွ'ဟု သူက ပြောသည်။ 'အဲဒါဟာ နင်ဘတ် နှစ်ထောင်ပဲ၊ မင်းပြောတဲ့ မင်းအိမ်မှာ ရှိတာ ဘာကွ မာလ်ဖွိုင်း...ကောမက် (ကြယ်တံခွန်) နှစ်ရာ့ခြောက်ဆယ် ဟုတ်လား'ရွှန်က ဟာရီဘက် လှည့်၍ ပြုံးသည်။ 'ကြယ်တံခွန်တွေဟာ အရောင် ထွက်သလိုပဲ၊ ဒါပေမဲ့ ရောင်ခြည် အဆင့်အတန်းတော့ မဝင်ဘူး'

'မင်း ဘာသိမှာလဲ ဝီးဇလီရယ်၊ မင်းဟာ လက်ကိုင်ရဲ့ တစ်ဝက်လောက်တောင် ဝယ်ဖို့ တက်နိုင်တဲ့ ကောင်မှ မဟုတ်တာ'ဟု မာလ်ဖွိုင်းက ပြန်ပက်သည်။ 'မင်းရော မင်းရဲ့ အစ်ကိုတွေရော တံမြက်စည်းမွေးတံ တစ်ချောင်းစီ စုရလိမ့်မယ်'

ရွှန်က ပြန်မဖြေနိုင်မီ ပရိုဖက်ဆာ ဖလစ်ဝစ်သည် မာလ်ဖွိုင်း၏ တံတောင်ဆစ်နားသို့ ရောက်ရှိလာလေ၏။

'ငြင်းခုံနေကြတာ မဟုတ်ပါဘူးနော် ကောင်ကလေးတွေ'ဟု သူက စာစာ စာစာနှင့် ပြောသည်။

www.burmeseclassic.com

'ပေါ့တာဆီကို တံမြက်စည်း တစ်ချောင်း ပို့လိုက်တယ် ပရိုဖက်ဆာ'ဟု မာလ်ဖွိုင်းက ခပ်သွက်သွက် ပြော၏။

'အေး အေး ဟုတ်တာပေါ့'ဟု ဟာရီကို ဝင်းကြည်စွာ ကြည့်ရင်း ပရိုဖက်ဆာ ဖလစ်ဝစ်က ပြောသည်။ 'ပရိုဖက်ဆာ မက်ဂေါ်နဂေါက ထူးခြားတဲ့ အခြေအနေ အကြောင်း ငါ့ကို ပြောတယ်လေ ပေါ့တာ၊ ဒါထက် မင့်ဟာက ဘာမော်ဒယ်လဲ'

'နင်ဘတ် နှစ်ထောင်ပါ ဆရာ'ဟု ဟာရီက မာလ်ဖွိုင်း၏ အလန့်တကြား ဖြစ်သွားသော မျက်နှာထားကြောင့် မရယ်မိရန် ကြိုးစား ဖိနှိပ်ရင်းက ပြောသည်။ 'တကယ်တော့ ဟောဒီ မာလ်ဖွိုင်း ကျေးဇူးကြောင့် ကျွန်တော် ရတာပါ'ဟု သူက ဖြည့်စွက်ပြော၏။

မာလ်ဖွိုင်း၏ သိသာလှသော အမျက်ဒေါသနှင့် ဘာမှန်းမသိ ရှုပ်ထွေးသလို ဖြစ်သွားမှုတို့ကို ကြည့်ပြီး ရယ်ချင်သည်ကို ဖိနှိပ်ရင်း ဟာရီနှင့် ရွန်တို့သည် အပေါ်ထပ်သို့ တက်ခဲ့ကြ၏။

'အဲဒါ အမှန်ပဲလေ'ဟု ဟာရီက စကျင်ကျောက် လှေကားကြီးထိပ်သို့ အရောက်တွင် ပြော၏။ 'တကယ်လို့သာ သူဟာ နဲဗီးလ်ရဲ့ ရီမင်းဘရောလ်ကို မခိုးလိုက်ရင် ငါဟာ ကွစ်ဒစ်ချ် အသင်းထဲ ရောက်မှာ မဟုတ်ဘူး'

'ဩ အဲဒါဟာ ဥပဒေ စည်းကမ်းကို ချိုးဖောက်ခြင်း အတွက် ရတဲ့ ဆုလာဘ်လို့ နင်တို့ ထင်သပေါ့လေ'ဟု သူတို့ နောက်နားကပ်လျက် ဒေါသသံ တစ်ခု ထွက်ပေါ်လာလေ၏။ ဟမိုင်းယွန်းနီသည် ဟာရီ၏ လက်ထဲက အထုပ်ကို မနှစ်မြို့သလို ကြည့်ရင်း လှေကားကို ဆောင့်နင်းတက်လာသည်။

'နင်...တို့ကို ပြောတာ မဟုတ်ပါဘူးနော်'ဟု ဟာရီက ပြော၏။

'အေး အခုတော့ ပြောသာပြောပါ'ဟု ရွန်က ပြောသည်။ 'နင်ပြောတာ ငါတို့အတွက် အရမ်းကို ကောင်းကျိုးဖြစ်ပါတယ်'

ဟမိုင်းယွန်းနီသည် ခေါင်းကို မော့ထား၍ ထွက်သွားလေ၏။

ထိုနေ့အဖို့ ဟာရီသည် သင်ခန်းစာထဲတွင် စိတ်အာရုံကို ထားရှိရန် ဒုက္ခများစွာ ခံရသည်။ သူ့စိတ်သည် တံမြက်စည်း အသစ်ကို ခုတင်အောက်တွင် ထားခဲ့သော အိပ်ခန်းဆီသို့ ရောက်သွားလိုက်၊ ထိုနေ့ညတွင် သင်ယူလေ့ကျင့်ရမည့် ကွစ်ဒစ်ချ် ချိုင့်ခွက်ဆီသို့ ရောက်သွားလိုက်နှင့် ဖြစ်နေသည်။

ထိုနေ့ညနေ၌ ညစာကို သူသည် ဘာစားလို့ ဘာစားမိမှန်း မသိဘဲ အတင်းဖိ၍ မျိုချ၏။ ထိုနောက် သူသည် ရွန်နှင့်အတူ နင်ဘတ် (ရောင်ခြည်) နှစ်ထောင်ကို ဖြေကြည့်ရန် လှေကားကို အတင်း တိုးတက်ခဲ့သည်။

'အား'ဟု ရွန်က ဟာရီ၏ ခုတင်ပေါ်သို့ တံမြက်စည်းသည် လိမ့်၍ ကျလာသည်တွင် သက်ပြင်းချမိ၏။

တံမြက်စည်း မျိုးစုံ အကြောင်း ဘာမျှ မသိသော ဟာရီပင်လျှင် ဤတံမြက်စည်းမှာ အံ့ဖွယ်ကောင်းအောင် ထူးခြားလှသည်ဟု ထင်မိ၏။ မဟော်ဂနီ ရိုးတံနှင့် ချောမွတ် ပြောင်လက်နေသော ထိုတံမြက်စည်းသည် သပ်ရပ်ဖြောင့်စင်းသော အခက်အလက်များနှင့် ဖြစ်ပြီး ထိပ်နားတွင် 'နင်ဘတ် နှစ်ထောင်'ဟူ၍ ရွှေစာလုံးဖြင့် ရေးထားသည်။

ခုနစ်နာရီသည် နီးကပ်လာသောအခါ ဟာရီသည် နေဝင်ရီတရောတွင် ရဲတိုက်ကြီးမှ ထွက်ခွာ၍ ကွစ်ဒစ်ချ် ချိုင့်ခွက်ဆီသို့ ထွက်ခဲ့လေ၏။ ကစားကွင်း အတွင်းသို့ ရေးက သူသည် မရောက်ဖူးပါ။ချိုင့်ခွက် ပတ်လည်တွင် ရာပေါင်းများစွာသော ထိုင်ခုံတို့သည် စင်မြင့်များဖြင့် ရှိကြ၏။ သို့မှသာ ပွဲကြည့် ပရိသတ်သည် ဘယ်လို ကစားကြသည်ကို မြင်လောက်အောင် အမြင့်တွင် ရှိကြမည် ဖြစ်၏။ ချိုင့်ခွက်၏ တစ်ဖက်တစ်ချက်သော အဆုံးစွန်းများတွင် ရွှေတိုင်ကြီးများ သုံးခုစီ ရှိ၍ တိုင်ထိပ်များတွင် ကွင်းများ ရှိလေသည်။ ဤဟာတွေကို မြင်သောအခါ မတ်ဂယ်များ၏ ကလေးများ ဆပ်ပြာပူဖောင်းတွေကို ထုတ်လွှတ်သော ပလတ်စတစ် တုတ်တံကလေးများကို သတိရမိ၏။ ဤတိုင်ကြီးများက ပေငါးဆယ် မြင့်မားသည်သာ ကွာခြားသည်။

ဝုဒ်ကို စောင့်ဆိုင်းရင်းက တစ်ဖန် မိုးသို့ ပျံချင်စိတ် ထက်သန်လွန်းသည်တွင် ဟာရီသည် သူ့တံမြက်စည်းကို ခွ၍ မြေပြင်ကို ကန်ထွက်လိုက်သည်။ ကောင်းလိုက်သည့် ခံစားမှုပါတကား။ သူသည် ဂိုးတိုင်များကို အရှိန်ဖြင့် ဝင်လိုက်ထွက်လိုက် လုပ်သည်။ ထိုနောက် ချိုင့်ခွက်တွင် အရှိန်ဖြင့် တက်လိုက် ဆင်းလိုက် ပြုလုပ်၏။ အသာကလေး တို့လိုက်ရုံဖြင့် နင်ဘတ် နှစ်ထောင်သည် သူ ကွေ့လိုရာ ကွေ့၍ ရလေသည်။

'ဟေ့ ပေါ့တာ၊ ဆင်းခဲ့'

အော်လစ်ဗာ ဝုဒ်သည် ရောက်လာပေပြီ။ သူ့လက်တွင် သစ်သားခြင်းကြီး တစ်ခုကို သယ်ဆောင်လာ၏။ ဟာရီက သူ့ဘေးနားသို့ ဆင်းသက်လိုက်သည်။

'တအား ကောင်းတာပဲဟေ့'ဟု မျက်လုံးများ တလက်လက် ဖြစ်နေသော ဝုဒ်က ပြော၏။ 'ဆရာမ မက်ဂေါ်နဂေါ ဘာဆိုလိုတယ် ဆိုတာ ငါသိပြီ၊ မင်းဟာ တကယ်ပဲ ဝမ်းတွင်းပါပဲ၊ ဒီညနေမှာ ဥပဒေတွေလောက်ကိုပဲ သင်ကြားပေးမယ်၊ ဒီနောက်တော့ မင်းဟာ တို့အသင်းထဲ ဝင်ပြီး တစ်ပတ်ကို သုံးကြိမ် လေ့ကျင့်ရမယ်'

သူသည် ခြင်းကြီးကို ဖွင့်လိုက်သည်။ အထဲတွင် အရွယ်အမျိုးမျိုးနှင့် ဘောလုံး လေးလုံး ရှိ၏။

'ဟုတ်ပြီ'ဟု ဝုဒ်က ပြောသည်။ 'ကိုင်း ကွစ်ဒစ်ချ်ဟာ နားလည်ဖို့ လွယ်တယ်၊ ကစားဖို့ မလွယ်ရင်တောင်ပေါ့လေ၊ တစ်ဖက် တစ်ဖက်မှာ ခုနစ်ယောက် ရှိတယ်၊အဲဒီအထဲက သုံးယောက်က ချေဇာ (လိုက်သူ) တွေလို့ခေါ်တယ်'

'ချေဇာက သုံးယောက်'ဟု ဟာရီက လိုက်၍ ပြောသည်။ ဝုဒ်က ဘောလုံးပွဲမှ ဘောလုံးအရွယ်ရှိ တောက်ပသော အနီရောင် ဘောလုံး တစ်လုံးကို ထုတ်ယူလိုက်၏။

'ဒီဘောလုံးကို ကွာ့ဖဲ လို့ခေါ်တယ်၊ ချေဇာတွေက ကွာ့ဖဲကို ကိုယ့်အချင်းချင်း တစ်ယောက်ကို တစ်ယောက် ပေးပြီး ဂိုးသွင်းဖို့ ကြိုးစားရတယ်၊ ဂိုးသွင်းတာက ကွာ့ဖဲကို ကွင်းတစ်ခုထဲ ဖြတ်ဝင်အောင် ပစ်ထည့်ရတယ်၊ ကွင်းထဲကို ကွာ့ဖဲ ဝင်တိုင်း ဆယ်မှတ် ရတယ်၊ ငါပြောတာ နားလည်သလား'

'ချေဇာတွေက ကွာ့ဖဲကို ပစ်ကြရတယ်၊ ပြီးတော့ အမှတ်ရဖို့ ကွင်းတွေထဲ ပစ်ထည့်ရတယ်'ဟု ဟာရီက လိုက်ပြော၏။ 'အင်း တံမြက်စည်းတွေ စီးပြီး ကွင်းခြောက်ကွင်းနှင့် ကစားရတဲ့ ဘတ်စကက်ဘောလိုမျိုး ကစားတာပေါ့နော်'

'ဘတ်စကက်ဘော ဆိုတာ ဘာလဲ'ဟု ဝုဒ်က စပ်စပ်စုစု မေးသည်။

'အဲဒါက အရေးမကြီးပါဘူးလေ'ဟု ဟာရီက လျင်မြန်စွာ ပြော၏။

'နောက်တော့ အသင်း တစ်ဖက်စီမှာ ကီပါ (တားသူ) လို့ ခေါ်တဲ့ သူ တစ်ယောက်စီ ရှိတယ်၊ ငါဟာ ဂရစ်ဖင်ဒါ အသင်းက ကီပါပဲ၊ တို့ဘက်က ကွင်းတွေနား ပတ်ပျံသန်းပြီး တခြားအသင်း အမှတ်မရအောင် တားရတယ်'

'ချေဇာက သုံးယောက်၊ ကီပါက တစ်ယောက်'ဟု အားလုံး မှတ်မိရမည်ဟု စိတ်ပိုင်းဖြတ်ထားသော ဟာရီက ပြောသည်။ 'ပြီးတော့ သူတို့က ကွာ့ဖဲနှင့် ကစားကြတယ်၊ အိုကေ ရပြီ၊ ဒါထက် ဒါတွေက ဘာအတွက်လဲ'

သူက ခြင်းထဲတွင် ကျန်နေသေးသည့် ဘောလုံး သုံးလုံးကို ညွှန်ပြသည်။

'ငါ အခုပြမယ်'ဟု ဝုဒ်က ပြော၏။ 'ဒါကို ယူထား'

သူသည် ဟာရီအား ခရစ်ကက်ရိုက်သူများ အသုံးပြုသည့် ဘက်တံနှင့် တူသော ရိုက်တံငယ် တစ်ခုကို ပေးသည်။

'ဘလတ်ဂျာတွေ ဘာလုပ်တယ် ဆိုတာ မင်းကို ငါပြမယ်'ဟု ဝုဒ်က ပြော၏။ 'ဒီဘောလုံး နှစ်လုံးက ဘလတ်ဂျာတွေပဲ'

သူက ဟာရီအား ဆင်တူ ဘောလုံး နှစ်လုံးကို ပြသည်။ ဘောလုံးများသည် မည်းချိတ်၍ အနီရောင် ကွာ့ဖဲထက် နည်းနည်း ငယ်သည်။ ဘောလုံးများသည် သူတို့ကို ခြင်းထဲတွင် နေစေရန် ဖမ်းထားသော ကြိုးပြားကို ရုန်းနေသည်ကို ဟာရီက သတိပြုမိ၏။

'နောက်ဆုတ်နေ'ဟု ဝုဒ်က ဟာရီကို သတိပေးသည်။ သူသည် ကုန်း၍ ဘလတ်ဂျာ တစ်လုံးကို ဖြေလွှတ်သည်။

ရုတ်တရက်ပင် ဘောလုံးနက်သည် လေထဲ အမြင့်ကြီး ပျံတက်သွားပြီးနောက် ဟာရီ၏ မျက်နှာတည့်တည့်ဆီသို့ အရှိန်နှင့် ပြေးဝင်လာသည်။ ဟာရီက သူ့နှာခေါင်းကို မထိမိစေရန် ဘောလုံးကို ဘက်တံဖြင့် လွှဲရိုက်လိုက်ရာ ဘောလုံးသည် ဘယ်ထိုး ညာထိုးဖြင့် မိုးပေါ်သို့ လွင့်သွား၏။ ဘောလုံးသည် သူတို့ ခေါင်းပေါ်တွင် အရှိန်ဖြင့် ပတ်ပျံပြီး ဝုဒ်ဆီသို့ တိုးဝင်ပြန်လေရာ ဝုဒ်က သူ့ကို ခုန်အုပ်၍ မြေပေါ်တွင် ဖိထားသည်။

'သဘောပေါက်ပြီလား'ဟု ဝုဒ်က ဖုတ်လိုက် ဖုတ်လိုက်နှင့် ပြောရင်း ဘလတ်ဂျာကို ရုန်းကန် တွန်းဖိလျက် ခြင်းထဲ ပြန်သွင်းပြီး လုံခြုံအောင် ကြိုးပြား ပြန်ပတ်သည်။ 'ဘလတ်ဂျာတွေဟာ ရော့ကက်တွေလို ပတ်ပျံနေပြီး ကစားသူတွေကို တံမြက်စည်းတွေပေါ်က ပြုတ်ကျအောင် ထိုးချတော့တာပဲ၊ အဲဒါကြောင့် အသင်း တစ်သင်းမှာ ဘီတာ (ရိုက်သူ) နှစ်ယောက် ထားရတာပေါ့၊ ဝီးဇလီ အမြွှာညီနောင်ဟာ တို့အသင်းရဲ့ ဘီတာတွေပဲ၊ သူတို့ရဲ့ အလုပ်က ဘလတ်ဂျာတွေ ကိုယ့်ဘက် မရောက်အောင် တခြား အသင်းဘက် လိုက်ရိုက်ထုတ်ပစ်ရတယ်လေ၊ ကဲ မင်း အားလုံး သဘောပေါက်ပြီ ထင်ပါတယ်'

'ချေဇာ သုံးယောက်က ကွာ့ဖဲနှင့် အမှတ်ယူဖို့ ကြိုးစားကြတယ်၊ ကီပါက ဂိုးတိုင်တွေမှာ စောင့်တယ်၊ ဘီတာတွေက ဘလတ်ဂျာတွေကို ကိုယ့်အသင်းဘက် မလာအောင် လုပ်ရတယ်'ဟု ဟာရီက တဒေါက်ဒေါက်နှင့် ရွတ်ပြသည်။

'တအား ကောင်းတာပဲ'ဟု ဝုဒ်က ပြော၏။

www.burmeseclassic.com

'သြော် ဘလတ်ဂျာတွေဟာ တစ်ယောက်ယောက်ကို သတ်တာ ရှိသလား'ဟု ဟာရီက ကောက်ကာ ငင်ကာ သဘောမျိုးဖြင့် မေးသည်။

'ဟော့ဂဝပ်မှာ တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး၊ မေးရိုး ကျိုးသွားတာ နှစ်ယောက်တော့ ရှိဖူးတယ်၊ ဒါပေမဲ့ ဒါထက်ဆိုးတာ မရှိဖူးဘူး၊ ကိုင်း အသင်းထဲက နောက်ဆုံး လူကတော့ ဆီကာ (ရှာဖွေသူ) ပဲ၊ အဲဒါ မင်းပေါ့၊ မင်းဟာ ကွာ့ဖဲကိုရော၊ ဘလတ်ဂျာတွေကိုရော ဂရုစိုက်နေစရာ မလိုဘူး'

'ကျွန်တော့် ခေါင်းကို သူတို့က မခွဲမချင်း ဆိုပါတော့'

'မပူပါနဲ့ကွာ၊ ဝီးဇလီတွေက ဘလတ်ဂျာတွေထက် သာပါတယ်၊ ငါ ဆိုလိုတာက သူတို့ ကိုယ်တိုင်က လူသား ဘလတ်ဂျာ တစ်စုံလောက် ဖြစ်နေတယ်လေ'

ဝုဒ်သည် ခြင်းထဲသို့ လက်နှိုက်၍ စတုတ္ထနှင့် နောက်ဆုံး ဘောလုံးကို ထုတ်ယူလေသည်။ ကွာ့ဖဲနှင့် ဘလတ်ဂျာတို့နှင့် နှိုင်းစာသော် ထိုဘောလုံးသည် သေးငယ်၍ သစ်ကျားသီး အကြီး အရွယ်လောက် ရှိ၏။ တောက်ပသော ရွှေရောင်ရှိပြီး တဖျပ်ဖျပ် ခတ်နေသော ငွေတောင်ပံကလေးများလည်း ပါရှိလေသည်။

'ဒီဟာက'ဟု ဝုဒ်က ရှင်းပြ၏။ 'ရွှေရောင် အလစ်သမား ဖြစ်တယ်၊ အားလုံးထဲမှာ အရေးအကြီးဆုံး ဘောလုံးပဲ ဖြစ်တယ်၊ သူ့ကို ဖမ်းရတာ အရမ်း ခက်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူက တအားမြန်ပြီး မြင်ရဖို့ ခက်လှတယ်၊ သူ့ကို ဖမ်းဖို့ဟာ ဆီကာ (ရှာဖွေသူ) ရဲ့ အလုပ်ပဲ၊ ဒါကို ဖမ်းနိုင်ဖို့က ချေဇာတွေ၊ ဘီတာတွေ၊ ဘလတ်ဂျာတွေနှင့် ကွာ့ဖဲတို့ကို ဝင်လိုက်ထွက်လိုက် ကွေ့ပတ်လူးလာပြီး တခြားအသင်းက ဆီကာက ရမသွားခင် ကိုယ်က ဖမ်းမိရမယ်လေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘယ်ဆီကာကပဲ ဖြစ်ဖြစ် အလစ်သမားကို မိလိုက်ပြီဆိုရင် သူ့အသင်းဟာ အမှတ်ပို တစ်ရာ့ငါးဆယ် ရမယ်၊ ဒီတော့ အမြဲတမ်းပဲ သူတို့ နိုင်ဖို့ဟာ နီးစပ်သွားရတယ်လေ၊ ဒါကြောင့်ပဲ ဆီကာတွေဟာ အများကြီး အညစ်ခံကြရတယ်၊ ကွစ်ဒစ်ချ် ကစားပွဲဟာ အလစ်သမားကို မိမှ ပြီးတာမို့ ပွဲတွေဟာ အချိန် ကြာရှည်နေနိုင်တယ်၊ အမြင့်ဆုံး စံချိန်ကတော့ သုံးလလို့ ငါထင်တယ်၊ ပါဝင်ကစားနေတဲ့ လူတွေ အိပ်နိုင်ဖို့အတွက် လူစားတွေ ထားကြရတယ်လေ။

'ကဲ ငါ ပြောစရာကတော့ ဒါပဲ၊ ဘာမေးချင်သေးသလဲ'

ဟာရီက ခေါင်းခါလိုက်သည်။ သူ ဘာလုပ်ရမည် ဆိုတာ ကောင်းကောင်း နားလည်ပါ၏။ သို့သော် ပြဿနာဖြစ်မှာကတော့ အဲဒါကို လုပ်ဖို့ပဲ ဖြစ်သည်။

'အလစ်သမားနှင့်တော့ ငါတို့ မလေ့ကျင့်သေးဘူး'ဟု ဝုဒ်က ထိုဘောလုံးကို သတိကြီးစွာဖြင့် ခြင်းထဲ ပြန်ထည့်ရင်းက ပြောသည်။ 'သိပ်မှောင်နေပြီ၊ ဒါပျောက်သွားမှာ စိုးရတယ်၊ ဒါလေးတွေနှင့်ပဲ စမ်းကြည့်ကြရအောင်'

သူသည် သူ့အိတ်ထဲမှ ရိုးရိုး ဂေါက်သီးများ ထည့်ထားသော အိတ်ကို ထုတ်လိုက်လေ၏။ ခဏအကြာတွင် သူရော ဟာရီပါ လေထဲတွင် ရောက်နေတော့သည်။ ဝုဒ်က ဟာရီ လိုက်ဖမ်းရန် ဘောလုံးများကို အဘက်ဘက်ဆီသို့ အားကုန်ပစ်သည်။

ဟာရီက တစ်လုံးမှ မလွတ်ခဲ့ချေ။ ဒါကို ဝုဒ်က ပျော်ရွှင်အားရလှသည်။ နောက်နာရီဝက်ခန့် ကြာသောအခါ ညဥ့်သည် ပီပီပြင်ပြင် ဖြစ်လာသဖြင့် သူတို့ ရှေ့ဆက်၍ မရကြတော့ပါ။

'ဒီနှစ်တော့ ကွစ်ဒစ်ချ် ဖလားပေါ်မှာ တို့အသင်းနာမည် ရောက်ရမယ်'ဟု ရဲတိုက်ကြီးဆီသို့ လေးကန်စွာ ပြန်လျှောက်လာကြရင်း ဝုဒ်က ပျော်ရွှင်စွာ ပြောသည်။ 'မင်းဟာ ချာလီ ဝီးဇလီထက် ပိုတော်တာကို တွေ့ရမယ်ဆိုရင် ငါ မအံ့သြပါဘူး၊ တကယ်လို့ သူဟာ နဂါးတွေ လိုက်ဖမ်းဖို့ ထွက်မသွားဘူးဆိုရင် အင်္ဂလန် အတွက် သူ ကစားရမှာပဲ'

ဟာရီသည် ယခုအခါ အိမ်စာများ အပြင် တစ်ပတ်လျှင် သုံးညနေခင်းကျ ကွစ်ဒစ်ချ် လေ့ကျင့်ခန်း ဆင်းပြီး အလုပ်များလှပေရာ သူသည် ဟော့ဂဝပ်ကို ရောက်ခဲ့သည်မှာ နှစ်လမျှ ကြာသွားပြီ ဖြစ်ကြောင်း သိရသည်တွင် မယုံနိုင်လောက်အောင် ဖြစ်မိသည်။ ပရစ်ဗက် ဒရိုက်မှာထက် ရဲတိုက်ကြီးက မိမိအိမ်နှင့် ပို၍ တူနေသေးတော့၏။ ယခုအခါတွင် သူတို့သည် အခြေခံတွေကို ပိုင်နိုင်ကြပြီ ဖြစ်သည့်အလျောက် သင်ခန်းစာများသည်လည်း ပို၍ ပို၍ စိတ်ဝင်စားဖွယ် ဖြစ်လာပေ၏။

ဟာလိုဝင်းပွဲနေ့ နံနက်တွင် စင်္ကြံလမ်းများတွင် လွင့်မျောနေသော ရွှေဖရုံသီး မုန့်ဖုတ်သည့် သင်းရနံ့ကလေးဖြင့် သူတို့ အိပ်ရာမှ နိုးကြရသည်။ ပို၍ ကောင်းသည်ကား မန္တန်သင်တန်းတွင် ပရိုဖက်ဆာ ဖလစ်ဝစ်က သူတို့သည် အရာဝတ္ထုများကို မိုးပျံအောင် လုပ်နိုင်ကြပြီဟု သူ ထင်ကြောင်း ကြေညာလိုက်ခြင်း ဖြစ်၏။ သူက နဲဗီးလ်၏ ဖားပြုပ်ကို စာသင်ခန်းထဲတွင် တဝီဝီနှင့် လှည့်ပတ် ပျံသန်းနေအောင် လုပ်ပြလိုက်ကတည်းက သူတို့တစ်တွေ သေလုမျှောပါး လုပ်ချင်နေကြသော ကိစ္စ ဖြစ်လေသည်။ ပရိုဖက်ဆာ ဖလစ်ဝစ်က လေ့ကျင့်ရန်အတွက် သင်တန်းသားများကို အစုံလိုက် ဖွဲ့ပေး၏။ ဟာရီ၏ အတွဲသည် ရှေးမတ် ဖင်နီဂန် ဖြစ်သည်။ (သက်သာရာရကြောင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နဲဗီးလ်က သူ့အကြည့်နှင့် ဆုံအောင် ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။) သို့ရာတွင် ရွန်ကတော့ ဟမိုင်းယွန်းနီ ဂရိန်ဂျာနှင့် တွဲရသည်။ ဤဟာနှင့် ပတ်သက်၍ ရွန်နှင့် ဟမိုင်းယွန်းနီတို့တွင် ဘယ်သူက ပို၍ ဒေါသထွက်နေသည် ဆိုခြင်းကို ပြောရခက်လှသည်။ ဟာရီ၏ တံမြက်စည်း ပါဆယ် ရောက်လာသည့် နေ့က စ၍ ဟမိုင်းယွန်းနီသည် သူတို့ နှစ်ယောက်ကို စကား မပြောတော့ချေ။

'ကိုင်း ငါတို့ လေ့ကျင့်နေခဲ့ကြတဲ့ ကောင်းမွန်လှတဲ့ လက်ကောက်ဝတ် လှုပ်ရှားမှုကို မမေ့ကြနှင့်'ဟု ပရိုဖက်ဆာ ဖလစ်ဝစ်သည် ခါတိုင်းကဲ့သို့ စာအုပ်ပုံပေါ် တက်ရပ်ရင်းက ကြွက်သံဖြင့် ပြောသည်။ 'ဆွစ်ရှ်နှင့် ဖလစ်က်နော်၊ မှတ်မိကြရဲ့လား၊ ဆွစ်ရှ်နှင့် ဖလစ်က်၊ မှော်ပညာ စကားလုံးတွေကို မှန်မှန်ကန်ကန် ဆိုတတ်ဖို့ဟာ အလွန် အရေးကြီးတယ်၊ မှော်ဆရာ ဘာရုပ်ဖီယိုကို ဘယ်တော့မှ မမေ့ကြနှင့်၊ သူဟာ အက်ဖ် အသံထွက်ရမယ့် နေရာမှာ အက်စ် အသံထွက်တယ်၊ ဒီတော့ သူဟာ ကြမ်းပေါ် ပက်လက်လန်နေပြီး သူ့ရင်ဘတ်ပေါ် ကျွဲတစ်ကောင် ရောက်နေတာ တွေ့ရပါရော'

တော်တော်ပင် ခက်ခဲပါ၏။ ဟာရီနှင့် ရှေးမတ်တို့သည် ဆွစ်ရှ်ကြ၊ ဖလစ်က်ကြပါ၏။ သို့သော် မိုးပေါ် ပျံရမည့် ငှက်မွေးသည် ခုံပေါ်တွင်ပင် ရှိနေ၏။ ရှေးမတ်သည် စိတ်မရှည်နိုင် ဖြစ်လာရကား သူ့ဆေးကြိမ်လုံးဖြင့် ငှက်မွေးကို ထိုး၍ မီးရှို့ပစ်ရာ ဟာရီက သူ့ ဦးထုပ်ဖြင့် မီးကို ငြိမ်းသတ်ရ၏။

ကပ်လျက် စားပွဲက ရွန်သည်လည်း သူတို့ထက် ပို၍ ကံမကောင်းပါ။

'ဝင်ဂါဒီယံ လယ်ဗီယိုးဆား'ဟု သူသည် လက်တံရှည်ကြီးတွေကို လေရဟတ်ကဲ့သို့ လုပ်ကာ အော်လိုက်၏။

'နင်ဆိုတာ မှားနေပြီ'ဟု ဟမိုင်းယွန်းနီက စိတ်တိုလာသလို ပြောသံကို ဟာရီ ကြားလိုက်ရသည်။ 'ဆိုရမှာက ဝင် ဂါး ဒီယံ၊ လယ်ဗီွ ယိုး ဆား၊ ဂါးကို ပီပီနှင့် ရှည်ရှည်ဆွဲ'

'နင် ဒါလောက် တော်နေရင်လည်း နင် လုပ်လေ'ဟု ရွန်က မာန်ဖီသည်။

ဟမိုင်းယွန်းနီသည် သူ့ ဂါဝန်လက်များကို လိပ်တင်ပြီး သူ၏ ဆေးတောင်ဝှေးကို လှုပ်ခါ၍ 'ဝင်ဂါးဒီယံ လယ်ဗီွယိုးဆား'ဟု ရွတ်၏။

သူတို့၏ ငှက်မွေးကလေးသည် ခုံပေါ်မှ ပျံတက်ကာ သူတို့၏ ဦးခေါင်းပေါ် လေးပေလောက် အမြင့်တွင် ဝဲပျံနေလေတော့သည်။

'အိုး တော်လိုက်တာ'ဟု ပရိုဖက်ဆာ ဖလစ်ဝစ်က လက်ခုပ်တီး၍ အော်ပြောသည်။ 'အားလုံး ဒီမှာ ကြည့်ကြစမ်း၊ မစ္စဂရန်ဂျာက လုပ်လိုက်နိုင်ပြီ'

သင်တန်းပြီးဆုံးချိန်တွင် ရွန်သည် စိတ်ထား အခြေအနေ အလွန် ဆိုးဝါးလျက် ရှိတော့၏။

'ဘယ်သူကမှ သူ့ သည်းညည်းကို မခံနိုင်တာ အံ့သြစရာ မရှိဘူး'ဟု သူတို့သည် လူတွေ ကျပ်နေသော စင်္ကြံလမ်းထဲ အတင်းတိုး၍ လျှောက်ကြရင်းက သူသည် ဟာရီအား ပြောကြားသည်။ 'ရိုးရိုးသားသား ပြောရရင် သူဟာ အိပ်မက်ဆိုး တစ်ခုပဲ'

လူတွေက ဟာရီကို တိုးဝှေ့ဖြတ်ကျော်ကြစဉ် တစ်ယောက်ယောက်သည် ဟာရီကို တိုက်သွား၏။ တိုက်သွားသူမှာ ဟမိုင်းယွန်းနီ ဖြစ်သည်။ ဟာရီက သူ့မျက်နှာကို ရိပ်ခနဲ မြင်လိုက်၏။ မျက်ရည်တွေနှင့် ဖြစ်နေသည်ကို မြင်၍ အံ့သြ တုန်လှုပ်မိသည်။

'မင်းပြောတာ သူ ကြားသွားတယ် ထင်တယ်'

'ဟုတ်သလား'ဟု ရွန်က ပြောလိုက်သော်လည်း သူ့ကို ကြည့်ရသည်မှာ စိတ်မသက်မသာ ဖြစ်နေပုံရသည်။ 'သူ့မှာ မိတ်ဆွေတွေ မရှိဘူးဆိုတာ သူ သတိပြုမိသွားတာ ဖြစ်ရမယ်'

နောက် စာသင်ချိန် တစ်ခုတွင် ဟမိုင်းယွန်းနီသည် ပေါ်မလာသည့်အပြင် ထိုနေ့ တစ်နေ့ခင်းလုံး သူ့ကို မမြင်ရတော့ချေ။ ဟာလိုဝင်း ပွဲတော် စားသောက်ပွဲ တက်ရောက်ဖို့အတွက် မဟာခန်းမကြီးဆီသို့ ဆင်းသွားကြရာတွင် ပါဗွာတီ ပါတီးလ်က သူ့ သူငယ်ချင်း လာဗင်ဒါအား ဟမိုင်းယွန်းနီသည် အမျိုးသမီးများ အိမ်သာထဲတွင် ငိုယိုနေပြီး သူ့ကို မေးမြန်း နှောက်ယှက်ခြင်း မပြုဖို့ ပြောကြောင်းနှင့် ပြန်ပြောပြသည်ကို ဟာရီနှင့် ရွန်တို့က ကြားလိုက်ကြရသည်။ ထိုသို့ ကြားသော် ရွန်မှာ ပို၍ ကသိကအောက် ဖြစ်သလို ရှိသွားသော်လည်း ဟာလိုဝင်းပွဲ အခမ်းအနားများ ပြင်ဆင်ထားသော မဟာခန်းမကြီးထဲသို့ ဝင်လိုက်ကြသောအခါတွင် ဟမိုင်းယွန်းနီသည် သူတို့၏ စိတ်ထဲတွင် မရှိတော့ချေ။

တစ်ထောင်ခန့်မျှသော လင်းနို့များသည် နံရံများနှင့် မျက်နှာကြက်ဆီမှ တဖျပ်ဖျပ် ပျံသန်းလျက်ရှိစဉ် နောက်ထပ် တစ်ထောင်ခန့်မျှသော လင်းနို့များသည် စားပွဲများပေါ်သို့ နိမ့်ကျလာသော တိမ်မည်းညိုကဲ့သို့ ထိုးဆင်းပျံသန်းကြရာ

ရွှေဖရုံသီးများထဲမှ ဖယောင်းတိုင်များသည် မှိတ်တုတ် မှိတ်တုတ် ဖြစ်ကုန်ရတော့သည်။ သင်တန်းကာလ စတင်ခြင်း စားသောက်ပွဲမှာကဲ့သို့ပင် စားသောက်စရာများသည် ရွှေပန်းကန်ပြားများပေါ်တွင် ရုတ်တရက် ပေါ်လာကြ၏။

ဟာရီသည် အခွံနှင့် တကွသော အာလူးကို စားနေစဉ် ပရိုဖက်ဆာ ကွစ်ရဲလ်သည် ခန်းမကြီးထဲသို့ ပြေးဝင်လာသည်။ သူ၏ ဦးခေါင်းကြီးမှာ ရွဲ့စောင်းနေပြီး ကြောက်လန့်မှုသည် သူ့မျက်နှာတွင် ပေါ်လွင်နေ၏။ အားလုံးက စိုက်ကြည့်နေစဉ်ပင် သူသည် ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါ၏ ထိုင်ခုံဆီသို့ ရောက်ရှိကာ စားပွဲကို ဝင်ဆောင့်မိပြီး ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေရာက 'ထရိုး ဖုတ်ပြိတ္တာ မြေတိုက်ခန်းတွေထဲမှာ ရောက်နေတယ်၊ ဆရာ သိသင့်တယ်လို့ ကျွန်တော် ထင်တယ်'ဟု ပြောသည်။

ထိုနောက် သူသည် ကြမ်းပေါ်သို့ ပုံကျ၍ သတိလစ်သွားတော့သည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ အားလုံး ငြိမ်ကျသွားရန် ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါ၏ ဆေးကြိမ်လုံး ထိပ်ဖျားမှ ခရမ်းရောင် ဖျောက်အိုးတော်တော်များများ ထွက်ပေါ်လာရ၏။

'အသင်းခေါင်းဆောင်တွေ'ဟု သူက မိုးခြိမ်းသံဖြင့် ပြောသည်။ 'ကိုယ့်အသင်း အုပ်စုကို ကိုယ် ဦးဆောင်ပြီး အစုချက်ချင်း အိပ်ခန်းတွေကို ပြန်ကြတော့'

ပါစီက အကြိုက်တွေ့သွားသည်။

'ငါ့နောက် လိုက်ခဲ့ကြ၊ ပထမနှစ်တွေ အချင်းချင်း ကပ်ထားကြ၊ မင်းတို့ ငါ့အမိန့်ကိုသာ နာခံကြမယ်ဆိုရင် ထရိုး ဖုတ်ပြိတ္တာကို ကြောက်စရာ မလိုဘူး၊ ငါ့နောက်က ကပ်လိုက်ခဲ့ကြ၊ ပထမနှစ်တွေ လာနေပါတယ်၊ လမ်းဖယ်ပေးကြပါ၊ ကျွန်တော်က အသင်းအုပ်စု ခေါင်းဆောင်ပါ'

'ဘယ်လိုလုပ်ပြီး ထရိုး ဖုတ်ပြိတ္တာက ဝင်လာနိုင်မှာလဲ'ဟု သူတို့တွေ လှေကားတက်ကြစဉ် ဟာရီက မေးသည်။

'ငါ့ကို မမေးနှင့်လေ၊ ဒီကောင်တွေဟာ တကယ် မိုက်မဲတဲ့ ကောင်တွေလို့ ယူဆထားကြတယ်၊ ဟာလိုဝင်းပွဲတော် ပြက်လုံးအဖြစ် ပုဏ္ဏကတစ္ဆေ ပီးဗ်ဇ်က ခေါ်သွင်းလာတာ ဖြစ်မှာပေါ့'ဟု ရွန်က ပြော၏။

အဘက်ဘက်သို့ ခပ်သုတ်သုတ် သွားနေကြသော အုပ်စု အမျိုးမျိုးကို သူတို့ ဖြတ်ကျော်ခဲ့ကြသည်။ သူတို့သည် ဗရုတ်သုတ်ခ ဖြစ်နေသော ဟပ်ဖဲပတ် လူအုပ်ကို တိုးဝှေ့ဖြတ်သန်းနေရာမှ ရုတ်တရက် ဟာရီသည် ရွန်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

'ငါ ဟမိုင်းယွန်းနီကို သတိရတယ်'

'ဘာအတွက်လဲ'

'သူဟာ ထရိုး ဖုတ်ပြိတ္တာ ကိစ္စကို မသိဘူး'

ရွန်က နှုတ်ခမ်းကိုက်၏။

'အေး ကောင်းပြီ'ဟု သူက ခပ်ပြတ်ပြတ်ပြောသည်။ 'ဒါပေမဲ့ တို့ကို ပါစီ မမြင်မှ ဖြစ်မယ်'

အသာ ခေါင်းငုံ့လိုက်ကြပြီး တခြားဘက်သို့ သွားနေကြသော ဟပ်ဖဲပတ်တို့နှင့် သူတို့ ရောပစ်လိုက်ကြသည်။ လူသူကင်းမဲ့နေသော ဘေးက စင်္ကြံလမ်းထဲသို့ လျှိုထွက်လိုက်ကြကာ မိန်းကလေး အိမ်သာဆီသို့ သုတ်ခြေတင်ကြလေ၏။ သူတို့သည် ထောင့်ချိုး တစ်ခုကို ကွေ့လိုက်မိခါစတွင်ပင် နောက်ဘက်မှ လျင်မြန်သော ခြေသံများကို ကြားကြရသည်။

'ပါစီပဲ'ဟု ရွန်က တီးတိုးပြောရင်း ဟာရီကို ကြီးမားသည့် ကျောက်ဖြင့် ထုထားသည့် ခြင်္သေ့ကိုယ်၊ လင်းယုန်ဦးခေါင်း၊ အတောင်ပံများနှင့် ဂရစ်ဖင် သတ္တဝါရုပ်ကြီး နောက်သို့ ဆွဲခေါ်လိုက်၏။

သို့သော် အသာကွယ်၍ ချောင်းကြည့်သော အခါတွင် ပါစီကို မတွေ့ရဘဲ ဆရာ စနိတ်ကိုသာ တွေ့ကြရ၏။ သူသည် စင်္ကြံလမ်းကို ဖြတ်သွားပြီးနောက် မြင်ကွင်းမှ ကွယ်သွားသည်။

'သူ ဘာလုပ်နေတာလဲ'ဟု ဟာရီက လေသံဖြင့် ပြော၏။ 'သူက ဘာဖြစ်လို့ တခြား ဆရာတွေနှင့်အတူ မြေတိုက်က အခန်းတွေမှာ မရှိရတာလဲ'

'မသိနိုင်တော့လား'

တတ်နိုင်သလောက် တိတ်ဆိတ်စွာဖြင့် သူတို့သည် ကပ်လျက် စင်္ကြံလမ်းအတိုင်း မှေးမှိန်သွားသော ဆရာ စနိတ်၏ ခြေသံများ နောက်သို့ ချွတ်နင်း လိုက်သွားကြသည်။
'သူက တတိယ အထပ်ဆီကို သွားနေတာ'ဟု ဟာရီက ပြော၏။ သို့သော် ရွန်က သူ့လက်ကို မြှောက်လိုက်၏။

'အနံ့ တစ်ခုခု မရဘူးလား'

ဟာရီက နှာခေါင်း ရှုံ့ကြည့်တွင် အနံ့ဆိုးကြီးသည် သူ့နှာဝသို့ ရောက်လာလေသည်။ ခြေအိတ်ဟောင်းများ အနံ့နှင့် မဆေးမကြော ပစ်ထားသည့် လူတကာသုံး အိမ်သာ အနံ့တို့ ရောနေသော အနံ့မျိုး ဖြစ်၏။

ထိုနောက် သူတို့ အသံကြားကြရတော့သည်။ ဝက်အော်သံလို အသံမျိုး ခပ်တိုးတိုးနှင့် ကြီးမားသော ခြေထောက်ကြီးများ မြေသို့ ကျသံများ ရောနှော ထွက်ပေါ်လာခြင်း ဖြစ်၏။ ရွန်က လက်ဝဲဘက်က စင်္ကြံလမ်း အဆုံးဆီသို့ ညွှန်ပြသည်။ ကြီးမားသော တစ်စုံတစ်ခုသည် သူတို့ဆီသို့ ရွေ့ရှားလာနေသည်။ သူတို့သည် မှောင်ရိပ်ထဲသို့ ကျုံ့ဝင်၍ ထိုဟာသည် လရောင် ကွက်ကွက်ကလေးဆီသို့ ထွက်အလာကို စောင့်ကြည့်ကြ၏။

ကြောက်မက်ဖွယ် မြင်ကွင်း ဖြစ်သည်။ ဆယ့်နှစ်ပေ မြင့်၏။ သူ့ အသားအရေမှာ လိပ်သည်းကျောက်၏ ခပ်မှိုင်းမှိုင်း မီးခိုးရောင် ဖြစ်သည်။ ကျောက်တုံးကြီးကဲ့သို့ တစ်လုံးတစ်ခဲ ကိုယ်လုံးကြီးပေါ်တွင် ထိပ်ပြောင်ပြောင် ဦးခေါင်းကလေးသည် အုန်းသီးကဲ့သို့ တင်နေသည်။ ခြေထောက်များမှာ တို၍ သစ်ပင် ပင်စည်ကဲ့သို့ တုတ်ခိုင်သည်။ ခြေဖဝါးမှာ ပြား၍ ခြေဖမိုးတွင် အဖုအထစ်နှင့် ဖြစ်သည်။ သူ့ဆီက ထွက်လာသော အနံ့မှာ မယုံနိုင်လောက်စရာ ဖြစ်သည်။ သူသည် ကြီးမားသော သစ်သားဆောက်ပုတ်ကြီးကို ကိုင်ထားသော်လည်း ထိုဟာကို ကြမ်းပေါ် တရွတ်တိုက် ဆွဲလာ၏။ သူ့လက်တွေက အလွန်အမင်း ရှည်လျားနေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

ထရိုး ဖုတ်ပြိတ္တာသည် တံခါးပေါက် တစ်ခုနားတွင် ကပ်၍ ရပ်လိုက်ပြီး အတွင်းသို့ ချောင်းကြည့်၏။ နားရွက်ရှည်ကြီးများကို လှုပ်ယမ်းကာ သူ့စိတ်ကလေးကို ပိုင်းဖြတ်လိုက်ပြီးနောက် အခန်းတွင်းသို့ ဖြည်းညင်းစွာပင် ကုန်းကုန်း ကုန်းကုန်းနှင့် ဝင်သွားလေသည်။

'သော့တံ တန်းလန်းကြီးနှင့်ကွ'ဟု ဟာရီက တိုးတိုးပြော၏။ 'သူ့ကို သော့ခတ် ပိတ်ထားလို့ ရမယ်'

'အဲဒီ အကြံ ကောင်းတယ်'ဟု ရွန်က တုန်လှုပ်စွာ ပြောသည်။

သူတို့သည် ပွင့်နေသော တံခါးဆီသို့ စောင်းကန်း စောင်းကန်းနှင့် သွားကြ၏။ ပါးစပ်တွေမှာ သွေ့ခြောက်နေ၏။ ထရိုး ဖုတ်ပြိတ္တာ ပြန်ထွက်မလာပါစေနှင့်ဦးဟု ဆုတောင်းမိ၏။ လွှားခနဲ ခုန်လိုက်ပြီး ဟာရီသည် သော့တံကို ဆုပ်ကိုင်ကာ တံခါးကို ဂျိုင်းခနဲ ပိတ်၍ သော့ခတ်လိုက်တော့သည်။

'ဟုတ်ပြီ'

အောင်မြင်မှုကြောင့် စိတ်ကြွနေပြီး သူတို့သည် စင်္ကြံလမ်း အထက်ဘက်ဆီသို့ ပြေးကြသည်။ သို့သော် ထောင့်ချိုးသို့ အရောက်တွင် သူတို့၏ နှလုံးတွေ အခုန်ရပ်သွားစေသော အသံ တစ်စုံတစ်ခုကို ကြားရ၏။ ကြက်သေသေရာက စူးစူးရှရှ အော်လိုက်သံ ဖြစ်ပြီး ထိုအသံမှာ သူတို့ ယခုတွင် သော့ခတ်၍ ပိတ်ထားလိုက်သော အခန်းထဲက ဖြစ်သည်။

'အာ မဟုတ်ပါစေနှင့်'ဟု ရွန်က ဘလတ်ဒီ ဘာရွန် တမျှ ဖြူဖပ် ဖြူရော် ဖြစ်သွားရင်း ပြောသည်။

'အဲဒါ မိန်းကလေး အိမ်သာတွေပဲ'ဟု ဟာရီက ပင့်သက် ဖိုမိတော့၏။

'ဟမိုင်းယွန်းနီ'သူတို့ နှစ်ယောက်စလုံး ရေရွတ်မိကြသည်။

သူတို့ မလုပ်ချင်ဆုံးသော အရာ ဖြစ်သည်။ သို့သော် သူတို့တွင် ရွေးစရာ ဘာလမ်း ရှိသေးသလဲ။ ချာခနဲ လှည့်၍ တံခါးဆီသို့ ပြန်ပြေးသွားကြကာ သော့ကို ဖွင့်ပြီး ကြောက်လန့်မှုဖြင့် ယောင်ကန်းကန်း ဖြစ်လျက် ဟာရီသည် တံခါးကို ဆွဲဖွင့်လိုက်ပြီးသော် သူတို့သည် အတွင်းသို့ ပြေးဝင်သွားကြသည်။

မျက်နှာချင်းဆိုင်ဘက်က နံရံတွင် ဟမိုင်းယွန်းနီ ဂရိန်ဂျာသည် ပြားကပ်နေ၏။ သူ မေ့လဲတော့မည့် သဏ္ဍာန် ရှိသည်။ ထရိုး ဖုတ်ပြိတ္တာသည် သူ့ဆီသို့ ချဉ်းကပ်အသွားတွင် နံရံတစ်လျှောက်က မျက်နှာသစ်ခွက်တွေကို ခိုက်မိသွား၏။

'ရှုပ်သွားအောင် လုပ်မှပဲ'ဟု ဟာရီက ဖြစ်လိုရာ ဖြစ်စေ သဘောဖြင့် ရွန်အား ပြောကာ ဘုံဘိုင်ခေါင်း တစ်ခုကို ဆွဲယူကာ နံရံကို တတ်နိုင်သလောက် တအားလွှဲ၍ ပေါက်သည်။

ထရိုး ဖုတ်ပြိတ္တာသည် ဟမိုင်းယွန်းနီနှင့် ပေအနည်းငယ် အကွာတွင် ရပ်လိုက်၏။ လေးကန်စွာ လှည့်ကြည့်သည်။ မိုက်မဲစွာ မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း ဘာသံလဲဟု ကြည့်သည်။ သူ့မျက်လုံး သေးသေးကလေးများက ဟာရီကို တွေ့သွား၏။ ခဏ တွေသွားသည်။ ထိုနောက်တွင်ကား လက်ထဲက ဆောက်ပုတ်ကို မြှောက်ချီ၍ ဟာရီဆီသို့ ပြေးလာတော့သည်။

www.burmeseclassic.com

'ဟော့ ပဲစေ့ဦးနှောက်'ဟု ရွှန်က အခန်းတစ်ဖက် နံရံဆီက အော်ပြောပြီး သံပိုက်ဖြင့် ပစ်သည်။ ပိုက်လုံးသည် သူ့ပခုံးကို လာထိမှန်သည်ကိုပင် သတိပြုမိပုံ မရသော်လည်း အော်သံကိုတော့ ကြားသဖြင့် ရပ်လိုက်ပြန်၏။ အကျည်းတန်းစွာ ထော်နေသော ပါးစပ်ကြီးကို ရွှန်ဘက်သို့ လှည့်၏။ ဤသို့ဖြင့် ဟာရီအား သူ့ကို ပတ်ပြေးချိန် ရသွားစေလေသည်။

'လာလေ...ပြေး...ပြေးလေဟယ်'ဟု ဟာရီက ဟမိုင်းယွန်းနီကို အော်ပြောသည်။ သူ့ကို တံခါးဆီသို့ ဆွဲခေါ်ရန် ကြိုးစား၏။ သို့သော် သူ မလှုပ်နိုင်ပါ။ နံရံတွင် ပြားကပ်လျက်ပင် ရှိသေးပြီး ကြောက်လန့်မှုဖြင့် ပါးစပ်ကြီး ဟနေသည်။

အော်ဟစ်သံများနှင့် ပဲ့တင်သံများက ထရိုး ဖုတ်ပြိတ္တာကြီးကို လုပ်မိလုပ်ရာတွေ လုပ်ရန် တွန်းပို့သလို ဖြစ်နေ၏။ သူသည် ဟိန်းဟောက်လိုက်ကာ ရွှန်ဆီသို့ သွားလေ၏။ ရွှန်မှာ သူနှင့် အနီးဆုံးဖြစ်၍ လွတ်စရာလမ်း မရှိချေ။

ထိုအခါ ဟာရီသည် ရဲရင့်သည် ဟူ၍လည်း ပြော၍ ရ၊ မိုက်မဲသည် ဟူ၍လည်း ပြော၍ ရသော အလုပ် တစ်ခုကို လုပ်လိုက်သည်။ သူသည် တအားကြီး ခုန်လိုက်ကာ ထရိုး ဖုတ်ပြိတ္တာကြီး၏ လည်ပင်းကို သူ့လက်များဖြင့် နောက်ကနေ၍ ဖက်တွယ်လိုက်သည်။ ဟာရီ တွဲလွဲဖြစ်နေတာလောက်တော့ ထရိုး ဖုတ်ပြိတ္တာကြီးက ခံစားမိပုံ မပေါ်ပါ။ သို့သော်လည်း တုတ်ချောင်းရှည်ရှည် တစ်ခုကို သူ့နှာခေါင်းပေါက်ထဲသို့ ထိုးထည့်လျှင်တော့ ထရိုး ဖုတ်ပြိတ္တာပင် ဖြစ်ပါစေ သတိပြုမိရသည်သာ ဖြစ်၏။ ဟာရီသည် ခုန်လိုက်စဉ်က ဆေးကြိမ်လုံးသည် သူ့လက်ထဲတွင်ပင် ရှိပေရာ ထိုဆေးကြိမ်လုံးသည် ထရိုး ဖုတ်ပြိတ္တာ၏ နှာခေါင်းပေါက် တစ်ခုထဲသို့ တည့်တည့်ကြီး ဝင်သွားလေ၏။

နာကျင်သဖြင့် သံရှည်ဆွဲ အော်ဟစ်ကာ ထရိုး ဖုတ်ပြိတ္တာသည် သူ၏ ဆောက်ပုတ်ကြီးကို လက်လိမ်၍ ရိုက်၏။ ဟာရီက သက်ဆိုးကလေး ရှည်စေရေးအတွက် တွယ်ဖက်၍ ထားသည်။ စက္ကန့်မရွေး ထရိုး ဖုတ်ပြိတ္တာသည် သူ့ကို ခါချလိုလျှင်လည်း ရမည်။ သို့တည်းမဟုတ် သူ့ဆောက်ပုတ်ကြီး၏ ပြင်းထန်သော ရိုက်ချက်ဖြင့်လည်း ဟာရီကို မိစေလျှင်လည်း မိစေမည် ဖြစ်၏။

ဟမိုင်းယွန်းနီသည် ကြောက်လန့်သဖြင့် ကြမ်းပေါ်သို့ ထိုင်ကျသွားသည်။ ရွှန်သည် သူ့ကိုယ်ပိုင် ဆေးကြိမ်လုံးကို ထုတ်ယူ၏။ သူ ဘာလုပ်မည်ကို သူ့ဘာသာသူ မသိဘဲနှင့် ဦးခေါင်းထဲ ဝင်ရောက်လာသော ပထမဆုံး မန္တန်ကို ရွတ်နေမိတော့သည်။ 'ဝင်ဂါးဒီယံ လယ်ဗွီယိုးဆား'

ဆောက်ပုတ်သည် ရုတ်တရက် ထရိုး ဖုတ်ပြိတ္တာကြီး၏ လက်ထဲမှ လွတ်ထွက်သွားပြီး လေထဲသို့ မြင့်စွာ မြင့်စွာ ပျံတက်သွားပြီးနောက် သူ့သခင်၏ ဦးခေါင်းပေါ်သို့ ခွပ်ခနဲ ပြန်၍ ကျလာ၏။ ထရိုး ဖုတ်ပြိတ္တာကြီးသည် ထိုနေရာတွင်ပင် ယိမ်းယိုင်ပြီး မှောက်လျက် ကျလေတော့ရာ ဘုံးခနဲ မြည်၍ တစ်ခန်းလုံး တုန်သွားလေသည်။

ဟာရီက မတ်တတ် ရပ်လိုက်၏။ သူသည် အသက်ပင် မရှူနိုင်ဘဲ တုန်ယင်နေသည်။ ရွှန်က သူ့နေရာတွင်ပင် ဆေးကြိမ်လုံးကို မြှောက်လျက်ပင် ရပ်နေပြီး သူ လုပ်မိသမျှကို ငေးကြည့်နေမိသည်။

ပထမဆုံး စကားပြောသူမှာ ဟမိုင်းယွန်းနီ ဖြစ်၏။

'အဲဒါကြီး ... သေပြီလား'

www.burmeseclassic.com

'သေမယ်တော့ မထင်ပါဘူး'ဟု ဟာရီက ပြောသည်။'နောက်ကောက်ကျသွားတယ်လို့ ထင်တာပါပဲ'

သူသည် ကုန်း၍ ထရိုး ဖုတ်ပြိတ္တာ၏ နှာခေါင်းပေါက်ထဲမှ သူ့ ဆေးကြိမ်လုံးကို ဆွဲထုတ်သည်။ ဆေးကြိမ်လုံးမှာ မီးခိုးရောင် ကော်တုံးနှင့် တူသော အရာ ဖုံးနေ၏။

'အား၊ ထရိုး ဖုတ်ပြိတ္တာရဲ့ နှပ်တွေ'

သူသည် ထရိုး ဖုတ်ပြိတ္တာ၏ ဘောင်းဘီတွင် သုတ်လိုက်သည်။

ရုတ်တရက် တံခါးပိတ်သံ ပေါ်လာပြီး ကျယ်လောင်သော ခြေသံများကြောင့် သုံးယောက်သား မော့ကြည့်မိကြသည်။ သူတို့တွေ ဘယ်လောက်များ ဆူဆူညံညံတွေ လုပ်ခဲ့ကြသည်ကို သူတို့ သဘောမပေါက်ခဲ့ကြပါ။ သို့ရာတွင် အောက်ထပ်က တစ်စုံတစ်ယောက်ကတော့ဖြင့် ဝုန်းဒိုင်းသံတွေနှင့် ထရိုး ဖုတ်ပြိတ္တာ၏ ဟိန်းဟောက်သံတွေကို ကြားမိခြင်း ဖြစ်ပေလိမ့်မည်။ ခဏအကြာတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် အခန်းတွင်းသို့ တိုးဝှေ့ ရောက်ရှိလာသည်။ သူ့နောက်က ဆရာ စနိတ် ကပ်ပါလာပြီး နောက်ဘက်တွင် ဆရာ ကွစ်ရဲလ် လိုက်လာ၏။ ဆရာ ကွစ်ရဲလ်သည် ထရိုး ဖုတ်ပြိတ္တာကို တစ်ချက်ကြည့်လိုက်သည်တွင် ညည်းသံ သဲ့သဲ့ကလေး ထွက်ပေါ်လာပြီး အိမ်သာပေါ်တွင် လျင်မြန်စွာ ထိုင်ချကာ ရင်ကို မထားမိတော့၏။

ဆရာ စနိတ်က ထရိုး ဖုတ်ပြိတ္တာကို ကုန်းကြည့်သည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါက ရွန်နှင့် ဟာရီကို ကြည့်နေသည်။ သူ ဤမျှလောက် အမျက်ထွက်ပုံပေါက်ခြင်းကို ဟာရီ မမြင်ဖူးခဲ့ပါ။ ဆရာမကြီး၏ နှုတ်ခမ်းများမှာ ဖြူဖွေးနေသည်။ ဂရစ်ဖင်ဒါအတွက် အမှတ် ငါးဆယ် ရတော့မည် ဟူသော မျှော်လင့်ချက်သည် ဟာရီ၏ စိတ်ထဲမှ လျင်မြန်စွာ မှိန်ပြယ်သွားတော့၏။

'မင်းတို့တွေ ဘာကိုများ စိတ်ကူးတာလဲ'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောသည်တွင် သူ့အသံမှာ ဒေါသကြောင့် အေးတိအေးစက် နိုင်လှသည်။ ဟာရီက ဆေးကြိမ်လုံးကြီးကို လေထဲတွင် မြှောက်၍ ရပ်လျက်သား ရှိနေသေးသော ရွန်ကို ကြည့်၏။ 'မင်းတို့ သေမကုန်တာဘဲ ကောင်းတယ်၊ ဘာကြောင့် မင်းတို့ဟာ အိပ်ဆောင်မှာ မရှိရတာလဲ'

ဆရာ စနိတ်သည် ဟာရီအား ရုတ်တရက် ထိုးဖောက်သော အကြည့်ဖြင့် ကြည့်သည်။ ဟာရီက ကြမ်းပေါ်သို့ ကြည့်၏။ သူ့စိတ်က ရွန်ကို ဆေးကြိမ်လုံးကြီး ချထားလိုက်စေချင်သည်။

ဤတွင် မှောင်ရိပ်ထဲမှ အသံ သေးသေးကလေး ထွက်ပေါ်လာ၏။

'သူတို့က ကျွန်မကို ရှာနေကြတာပါ ပရိုဖက်ဆာ မက်ဂေါ်နဂေါ်ရှင့်'

'မစ္စ ဂရိန်ဂျာ'

ဟာမိုင်းယွန်းနီသည် နောက်ဆုံးတွင် မတ်တတ်ရပ်၍ ရသွားပြီ ဖြစ်၏။

'ကျွန်မက ထရိုး ဖုတ်ပြိတ္တာကို ရှာဖို့ ထွက်လာတာလေ၊ ကျွန်မဘာသာ ကျွန်မ သူ့ကို ကိုင်တွယ်လို့ရမယ် ထင်ခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သိတယ် မဟုတ်လား၊ ကျွန်မက သူတို့အကြောင်း အားလုံး ဖတ်ထားတာကိုး'

ရွန်က သူ၏ ဆေးကြိမ်လုံးကို လွှတ်ချမိတော့သည်။ ဟမိုင်းယွန်းနီ ဂရိန်ဂျာသည် ဆရာမကို ပြောင်ပြောင်ကြီး လိမ်နေပါကလား။

'တကယ်လို့ သူတို့ကသာ လာမတွေ့ဘူးဆိုရင် ခုလောက်ဆို ကျွန်မ သေနေပါပြီ၊ ဟာရီက သူ့ဆေးကြိမ်လုံးနှင့် အကောင်ကြီးရဲ့ နှာခေါင်းဝထဲ ထိုးထည့်ထားတုန်း ရွန်က သူ့တုတ်တံကြီးနှင့် သူ့ကို ပြန်ရိုက်ထည့်လိုက်တာပဲ၊ သူတို့ တခြားလူ သွားခေါ်နေဖို့ အချိန်မရဘူး၊ သူတို့ ရောက်လာတော့ ဒီကောင်ကြီးက ကျွန်မကို အသေသတ်တော့မလို့ လုပ်နေပြီ'

ဟာရီနှင့် ရွန်တို့က ဤအဖြစ်အပျက်သည် သူတို့အဖို့ အသစ်အဆန်း မဟုတ်သည့်ပုံမျိုး ပေါက်အောင် ကြိုးစားနေကြ၏။

'ကောင်းပြီ၊ ဒါဆိုရင်'ပရိုဖက်ဆာ မက်ဂေါ်နဂေါက သုံးယောက်စလုံးကို စိုက်ကြည့်၍ ပြောသည်။ 'မစ္စ ဂရိန်ဂျာ အမိုက်မ၊ တောင်လောက်ရှိတဲ့ ထရိုး ဖုတ်ပြိတ္တာကို မင်းဘာသာမင်း ဖြေရှင်းနိုင်မယ်လို့ ဘယ်လို ထင်နေတာလဲ'

ဟမိုင်းယွန်းနီသည် ခေါင်းငိုက်စိုက်ချ၏။ ဟာရီက ဘာမျှ မပြောနိုင်။ တကယ်တော့ ဟမိုင်းယွန်းနီသည် စည်းကမ်းဥပဒေတွေကို ဘယ်တော့မျှ ချိုးဖောက်တတ်သူ မဟုတ်ပါ။ ယခု သူက ဟာရီတို့ကို ပြဿနာ ပြေလည်စေခြင်း အတွက် စည်းကမ်း ဥပဒေကို ချိုးဖောက်ချင်ယောင် ဆောင်နေပါသည်။ ဆရာ စနိတ်ကတော့ သကြားလုံးတွေ ဝေပေးနေသကဲ့သို့ ရှိ၏။

'မစ္စဂရိန်ဂျာ၊ ဒါအတွက် ဂရစ်ဖင်ဒါအသင်းက ငါးမှတ် နုတ်တယ်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောသည်။'ငါတော့ မင်းအတွက် တော်တော် စိတ်ပျက်မိသွားပြီလေ၊ မင်း ဘာမှ အနာတရ မဖြစ်ဘူးဆိုရင် ဂရစ်ဖင်ဒါ မျှော်စင်ကို ပြန်ရင် ကောင်းမယ်၊ ကျောင်းသားတွေဟာ သူတို့အသင်းအုပ်စုတွေမှာ စားသောက်ပွဲကို လက်စသတ်နေကြပြီ'

ဟမိုင်းယွန်းနီ ထွက်ခွာသွား၏

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ဟာရီနှင့် ရွန်တို့လက်လှည့်လိုက်သည်။

'အေး မင်းတို့ကို ကံကောင်းတယ်လို့ ပြောရဦးမှာပဲ၊ ဒါပေမဲ့ အရွယ်ရောက်ပြီး တောင်လောက်ရှိတဲ့ ထရိ ဖုတ်ပြိတ္တာကို ကိုင်လိုက်နိုင်တဲ့ ပထမနှစ် ကျောင်းသားဆိုတာ များများ မရှိဘူး၊ မင်းတို့ နှစ်ယောက်ဟာ ဂရစ်ဖင်ဒါအတွက် ငါးမှတ်စီ ယူပေးတယ်၊ ဒါကို ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါကို အကြောင်းကြားမယ်၊ မင်းတို့ သွားကြတော့'

သူတို့သည် အခန်းထဲမှ ထွက်ခွာခဲ့ကြပြီး နှစ်ထပ် တက်မိသည် အထိ လုံးဝ စကားမပြောကြပေ။ တခြားဟာတွေ အပထားဦး၊ ထရိုး ဖုတ်ပြိတ္တာ၏ အနံ့ဆိုးမှ ဝေးဝေး နေရခြင်းသည်ပင် သက်သာရာရမှု ဖြစ်တော့သည်။

'ငါတို့ ဆယ်မှတ်ထက် ပိုရသင့်တယ်'ဟု ရွန်က ညည်းတွား၏။

'ငါးမှတ်လို့ ပြောပါကွာ၊ ဟမိုင်းယွန်းနီရဲ့ ငါးမှတ်ကို သူက နုတ်ထားတယ်လေ'

'သူက တို့ကို ဒုက္ခက ကယ်တင်လိုက်တာ ကောင်းပါတယ်'ဟု ရွန်က ဝန်ခံသည်။ 'တို့က သူ့ကို ကယ်ခဲ့တာကိုလည်း မေ့လို့မဖြစ်ဘူး'

'တကယ်လို့ ငါတို့ကသာ ဟိုကောင်ကြီးကို သူနှင့် အတူ ထည့်ပိတ်ပြီး သော့မခတ်ခဲ့မိရင်လည်း သူ့ကို ကယ်ဖို့လိုမှာ မဟုတ်ဘူး'ဟု ဟာရီက သတိရအောင် ဖော်ပေးသည်။

သူတို့သည် အမျိုးသမီး ဝဝကြီး၏ ပန်းချီကားကြီး ရှေ့သို့ ရောက်လာကြ၏။

'ဝက်နှတ်သီး'ဟု ပြောပြီး သူတို့ဝင်သွားကြလေသည်။

စုပေါင်း အနားယူခန်းသည် လူများဖြင့် ပြည့်ကျပ်၍ ဆူညံနေ၏။ လူတိုင်းသည် အပေါ်ထပ်သို့ ပို့ပေးလိုက်သော အစားအသောက်များကို စားသောက်နေကြသည်။ သို့ရာတွင် ဟမိုင်းယွန်းနီ တစ်ဦးတည်း တံခါးဘေးတွင် ရပ်နေပြီး သူတို့ကို စောင့်နေ၏။ အလွန်ပင် ကသိကအောက် ဖြစ်နေသော၊ တုဏှိဘာဝေ စကားတွေ တိတ်နေသော အခိုက်အတန့် ဖြစ်၏။ ထိုနောက် သူတို့သုံးယောက်သည် ဘယ်သူ့ ဘယ်သူမှ မကြည့်ဘဲ 'ကျေးဇူးတင်ပါတယ်'ဟု ပြောလိုက်ကြပြီး အစားအသောက် ပန်းကန်များ ရဖို့အတွက် သုတ်ခြေတင် သွားကြလေသည်။

သို့ရာတွင် ထိုအချိန်က စ၍ ဟမိုင်းယွန်းနီ ဂရိန်ဂျာသည် သူတို့၏ သူငယ်ချင်း ဖြစ်လာတော့၏။ တစ်ယောက်နှင့် တစ်ယောက် ခင်မင် နှစ်သက်သွားမှုဖြင့် အဆုံးသတ်ခြင်း မရှိဘဲ ပူးပေါင်း လုပ်ဆောင်၍ မရသော ကိစ္စများ ရှိတတ်ပါ၏။ ဆယ့်နှစ်ပေ မြင့်သော တောင်လို ဖြစ်နေသည့် ထရိုး ဖုတ်ပြိတ္တာကို 'နောက်ကောက်'ချပစ်ခြင်းသည်လည်း ထိုကဲ့သို့သော ကိစ္စမျိုးတစ်ခု ဖြစ်ပါပေသည်။

အခန်း ဆယ့်တစ်

ကွစ်ဒစ်ချ်

နိုဝင်ဘာလ ဝင်လာပြီ ဆိုသည်နှင့် ရာသီဥတုသည် အရမ်း အေးလာသည်။ ကျောင်းကို ဝန်းရံနေသော တောင်များသည် ရေခဲတမျှ အေးစက်သော မီးခိုးရောင် ဖြစ်လာပြီး ရေကန်မှာလည်း အေးစိမ့်နေသော သံမဏိပမာ ရှိ၏။ နံနက်တိုင်းပင် ကျောင်းမြေသည် ဆီးနှင်းဖုံးနေသည်။ အပေါ်တွင် ပြတင်းပေါက်များမှ ကြည့်လျှင် ဟတ်ဂရစ်သည် ရှည်လျားသော ပွေး အရေခွံ ကုတ်အင်္ကျီ၊ ယုန်မွေး လက်အိတ်များ၊ ဧရာမ ဖျံရေ ဘွတ်ဖိနပ်များနှင့် တစ်ထွေးကြီးဖြစ်ကာ ကွစ်ဒစ်ချ် ချိုင့်ခွက်ပေါ်တွင် တံမြက်စည်းများမှ ဆီးနှင်းများကို ဖယ်ခွာချနေသည်ကို မြင်နိုင်ပါ၏။

ကွစ်ဒစ်ချ် ရာသီ စလေပြီ။ စနေနေ့တွင် ဟာရီသည် သီတင်းပတ်ပေါင်းများစွာ လေ့ကျင့်၍ အပြီး ပထမဆုံးပွဲကို ကစားရတော့မည်။ ဂရစ်ဖင်ဒါနှင့် ဆလိုင်သရင်တို့ပွဲ ဖြစ်၏။ အကယ်၍ ဂရစ်ဖင်ဒါ နိုင်ခဲ့သော် အသင်းလိုက် ချန်ပီယံ ပွဲစဉ်တွင် ဒုတိယ နေရာသို့ ရောက်မည်။

ဟာရီ ကစားသည်ကို မြင်ဖူးသူ မရှိသလောက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ လျှို့ဝှက်လက်နက်အဖြစ် ဟာရီကို ကောင်းကောင်းကြီး လျှို့ဝှက်ထားရမည်ဟု ဝုဒ်က ဆုံးဖြတ်ထားသောကြောင့် ဖြစ်သည်။ သို့သော် သူသည် ဆီကာ (ရှာဖွေသူ) အဖြစ် ကစားမည် ဆိုသော သတင်းသည် တစ်နည်းနည်းဖြင့် ပေါက်ကြားသွားလေရာ လူများက သူ့ကို အလွန် ထွန်းတောက်မည်ဟု ပြောခြင်းနှင့် လူများက သူ့အောက်ခြေ

www.burmeseclassic.com

မြေပြင်ပေါ်မှ မွေ့ရာကိုင်၍ တကောက်ကောက် ပြေးလိုက်နေကြရမည်ဟု ပြောခြင်းတို့တွင် ဘယ်ဟာက ပိုဆိုးသည် ဆိုခြင်းကို ဟာရီ မသိပါ။

ယခုအချိန်တွင် ဟမိုင်းယွန်းနီကို သူငယ်ချင်း တစ်ယောက် အဖြစ်ရလိုက်သည်မှာ ဟာရီအဖို့ တကယ် ကံကောင်းသည်ဟု ဆိုရတော့မည်။ ဝုဒ်က ပြိုင်ပွဲနှင့် ကပ်၍ နောက်ဆုံးအချိန် လေ့ကျင့်မှုများကို မောင်းနေချိန်တွင် ဟမိုင်းယွန်းနီသာ မရှိခဲ့လျှင် အိမ်စာတွေကို ဘယ်လို လုပ်ရမည် ဆိုသည်ကို သူ မသိတော့ပါ။ ဟမိုင်းယွန်းနီသည် ဟာရီအား 'ခေတ်အဆက်ဆက်က ကွစ်ဒစ်ချ်'စာအုပ်ကိုလည်း ငှားသေး၏။ ထိုစာအုပ်သည် အလွန်ဖတ်၍ ကောင်းသည်ကို တွေ့ရှိရသည်။

ကွစ်ဒစ်ချ် 'ဖောင်း'များကို ကျူးလွန်နည်းမှာ ခုနစ်ရာ ရှိ၍ ၁၄၇၃ခု ကမ္ဘာ့ ဖလားပွဲတွင် ထိုဖောင်းများကို အကုန် ကျူးလွန်ခဲ့ကြကြောင်း ဟာရီ လေ့လာ သိရှိရသည်။ ထို့ပြင် ဆီကာ (ရှာဖွေသူ) များသည် ထုံးစံအားဖြင့် သေးသေးကွေးကွေးနှင့် အလျင်မြန်ဆုံး ကစားသမားများ ဖြစ်ကြကြောင်းနှင့် အပြင်းထန်ဆုံးသော ကွစ်ဒစ်ချ် မတော်တဆ ဖြစ်မှုများသည် သူတို့တွင် အဖြစ်များသည့် လက္ခဏာ ရှိကြောင်းများကိုလည်း သိရသည်။ ကွစ်ဒစ်ချ် ကစား၍ လူများ သေဆုံးသည် ဟူသည်မှာ ဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်သော်လည်း ဒိုင်လူကြီးများသည် ကွင်းထဲမှ ပျောက်သွားပြီး လပေါင်းများစွာ ကြာမှ ဆာဟာရ သဲကန္တာရထဲတွင် ရောက်ရှိနေကြောင်းများကိုလည်း လေ့လာ သိရှိရသည်။

ဟမိုင်းယွန်းနီသည် ဟာရီနှင့် ရွန်တို့က သူ့ကို တောင်ပေါ် ထရိုး ဖုတ်ပြိတ္တာကြီးရန်မှ ကယ်တင်ပြီးကတည်းက စည်းကမ်း ချိုးဖောက်ခြင်းနှင့် ပတ်သက်၍ သဘောထား ပျော့ပျောင်းလာသည်။ အရင်လောက် တင်းကျပ်ခြင်း မရှိတော့ဘဲ ကြည်ကြည်သာသာ ရှိလာသည်။ ဟာရီ၏ ပထမဆုံး ကွစ်ဒစ်ချ် ပြိုင်ပွဲ မတိုင်မီ တစ်ရက်တွင် သုံးယောက်သားသည် အေးစက်နေသော ဝင်းခြံထဲသို့ ကျောင်းအားလပ်ချိန်တွင် သွားကြရာ ဟမိုင်းယွန်းနီက ယိုဖန်ချိုင့်ထဲတွင် ထည့်၍ သွားလေရာ ယူသွားနိုင်သော တောက်ပသည့် မီးပြာလဲ့လဲ့ကို မှော်အတတ်ဖြင့် ပြုလုပ်ခဲ့သည်။ သူတို့သည် နောက်ကျောတွေ နွေးသွားအောင် ထိုမီးကို ကျောပေးရပ်နေကြစဉ် ဆရာ စနိတ်သည် ဝင်းခြံတွင်းသို့ ဖြတ်လျှောက်လာ၏။ ဆရာ စနိတ် ထော့နင်း ထော့နင်း ဖြစ်နေသည်ကို ဟာရီက ချက်ချင်း သတိပြုမိ၏။ ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် ကျောဘက်က မီးကို မမြင်ရအောင် လူချင်းကပ်၍ ပိတ်ကွယ်ထားကြသည်။ ဤသို့သော မီး ဖန်တီးခြင်းကို သူတို့အား လုပ်ခွင့်ပြုမည် မဟုတ်ကြောင်း သူတို့ သေချာထားပါသည်။ ကံဆိုးချင်တော့ အပြစ်မကင်းသလို ဖြစ်နေသော သူတို့၏ မျက်နှာများကို ဆရာ စနိတ်က မြင်မိသွားသည်။ သူသည် ထော့နင်း ထော့နင်းနှင့် ရောက်လာ၏။ မီးကိုတော့ သူ မမြင်ပါ။ သို့သော် သူတို့ကို ချက်ချင်း ထွက်သွားအောင် ပြောဖို့ အချက်ကို ရှာနေပုံတော့ ရသည်။

'မင့်လက်ထဲကဟာ ဘာလဲ ပေါ့တာ'

ထိုဟာသည် 'ခေတ်အဆက်ဆက်က ကွစ်ဒစ်ချ်'ဖြစ်၏။ ဟာရီက သူ့ကို ပြလိုက်သည်။

'စာကြည့်တိုက်က စာအုပ်တွေကို ကျောင်းအပြင် မထုတ်ရဘူး'ဟု သူက ပြော၏။ 'ငါ့ကို ပေးလိုက်၊ ဂရစ်ဖင်ဒါ အသင်းက ငါးမှတ် လျှော့တယ်'

'အဲဒီ ဥပဒေကို သူ လုပ်ပစ်လိုက်တာ'ဟု ဆရာ စနိတ် ထော့နင်း ထော့နင်းနှင့် ထွက်သွားသောအခါ ဟာရီက ဒေါသဖြင့် ခပ်တိုးတိုး ပြောသည်။ 'သူ့ ခြေထောက်က ဘာဖြစ်တယ် မသိဘူး'

'မပြောတတ်ဘူး၊ ဒါပေမဲ့ သူတော်တော် နာနေပုံတော့ ရတယ်'ဟု ရွန်က ခါးသီးစွာ ပြောသည်။

ဂရစ်ဖင်ဒါ စုပေါင်း အနားယူခန်းမှာ ထိုနေ့ညနေတွင် ဆူညံနေသည်။ ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် ပြတင်းပေါက်နားတွင် ကပ်၍ ထိုင်နေကြ၏။ ဟမိုင်းယွန်းနီက ဟာရီနှင့် ရွန်တို့၏ မန္တန်ဘာသာရပ် အိမ်စာကို စစ်ပေးနေသည်။ သူတို့ကို ကူးချခွင့် မပေးပါ။ ('ကူးချမှတော့ ဘယ်လိုလုပ် တတ်တော့မှာလဲ'ဟု ပြောတတ်၏။) သို့သော် သူ့ကို အစ အဆုံး ဖတ်ခိုင်းခြင်းဖြင့် သူတို့သည် အဖြေမှန်များကို တစ်နည်းနည်း ရသွားကြသည်။

ဟာရီမှာ ဂနာမငြိမ် ဖြစ်နေ၏။ နက်ဖြန်အတွက် စိတ်လှုပ်ရှားမှုများကို စိတ်ထဲမှ ဖယ်ထုတ်နိုင်ရန် 'ခေတ်အဆက်ဆက်က ကွစ်ဒစ်ချ်'စာအုပ်ကို ပြန်လိုချင်သည်။ သူသည် ဘာကြောင့် ဆရာ စနိတ်ကို ကြောက်ရမည်လဲ။ မတ်တတ်ထကာ သူက ထိုစာအုပ်ကို ပြန်ရနိုင်ပါမည်လားဟု ဆရာ စနိတ်ထံ သွားမေးမည်ဟု ရွန်နှင့် ဟမိုင်းယွန်းနီတို့အား ပြော၏။

'မင်းသွား၊ တို့တော့ မသွားဘူး'ဟု နှစ်ယောက်စလုံးက ပြောသည်။ သို့သော် ဟာရီက အကယ်၍ အခြား ဆရာများ ကြားလောက်သည်ဆိုလျှင် ဆရာ စနိတ်က ငြင်းမည် မဟုတ် ဟူသော စိတ်ကူးကို ရ၏။

သူ အောက်ထပ်သို့ ဆင်းသွား၍ ဆရာများ အခန်းကို တံခါးခေါက်သည်။ အတွင်းမှ ဘာသံမျှ မကြားရ။ သူက ထပ်ခေါက်၏။ ဘာသံမျှ မပေါ်လာ။

ဆရာ စနိတ်က စာအုပ်ကို အထဲတွင် ထားကောင်းထားခဲ့မည်။ စမ်းကြည့်ထိုက်သည်ဟု သူ ယူဆ၏။ တံခါးရွက်ကို ဟကာ အတွင်းသို့ ချောင်းကြည့်၏။ ကြောက်လန့်ဖွယ် မြင်ကွင်းကို သူ့မျက်လုံးများက ကြုံရသည်။

အထဲတွင် ဆရာ စနိတ်နှင့် ဖစ်ချ်တို့သာ ရှိ၏။ ဆရာ စနိတ်သည် သူ့ဝတ်ရုံကြီးကို ဒူးအထက် အထိ မထားသည်။ သူ့ခြေထောက် တစ်ချောင်းသည် သွေးများ ပေကျံ၍ စုတ်ပြတ်နေသည်။ ဖစ်ချ်က ပတ်တီး စည်းပေးနေ၏။

'အကုသိုလ်ကောင်'ဟု ဆရာ စနိတ်က ပြောနေသည်။ 'ခေါင်းသုံးလုံးကို တစ်ချိန်တည်းမှာ ဘယ်လိုလုပ် ကြည့်နေနိုင်မှာလဲ'

ဟာရီက တံခါးကို တိတ်တိတ်ကလေး ပြန်ပိတ်မည် ပြုသည်။ သို့သော်–

'ပေါ်တာ'

ဆရာ စနိတ်၏ မျက်နှာသည် ဒေါသဖြင့် ရှုံ့မဲ့နေပြီး သူ့ခြေထောက်ကို ဖုံးကွယ်ရန် ဝတ်ရုံကို လျင်မြန်စွာ လွှတ်ချလိုက်၏။ ဟာရီက တံတွေးမျိုချသည်။

'ကျွန်တော့် စာအုပ် ပြန်ယူလို့ ရမလားလို့'

'ထွက်သွား၊ ထွက်'

ဂရစ်ဖင်ဒါမှ နောက်ထပ် အမှတ်များကို ဆရာ စနိတ်က မနုတ်ခင် ဟာရီ ထွက်ခဲ့၏။ သူသည် လှေကားကို ပြန်ပြေးတက်လာသည်။

'ပြန်ရခဲ့သလား'ဟု ဟာရီ ပြန်ရောက်လာသောအခါ ရွန်က မေး၏။ 'ဘာဖြစ်တာလဲ'

လေသံတိုးတိုးဖြင့် ဟာရီက သူ မြင်ခဲ့သမျှကို ပြန်ပြောပြသည်။

'ဒါ ဘာအဓိပ္ပာယ်လဲ သိကြလား'ဟု သူက အသက်ပင် မရှူနိုင်ဘဲ ပြောရာက အဆုံးသတ်သည်။ 'ဟာလိုဝင်းနေ့က ဟိုခေါင်းသုံးလုံးနှင့် ခွေးကို ဖြတ်ကျော်ဖို့ သူ ကြိုးစားခဲ့တယ်၊ ငါတို့ သူ့ကို တွေ့တုန်းက သူ အဲဒီကို သွားတာ၊ သူဟာ ခွေးစောင့်ကြပ်နေတဲ့ဟာ နောက်ကို လိုက်နေတာ၊ နောက်ပြီး ငါ့ တံမြက်စည်းကို လောင်းကြေးထားပြီး ငါ လောင်းဝံ့တယ်၊ ဟို ထရိုး ဖုတ်ပြိတ္တာကို သူက ခေါ်သွင်းလာတာ ဖြစ်မယ်၊ အာရုံပြောင်းအောင်လို့လေ'

ဟမိုင်းယွန်းနီ၏ မျက်လုံးများ ပြူးသွားတော့၏။

'ဟယ် သူ လုပ်လိမ့်မှာ မဟုတ်ဘူး'ဟု သူက ပြောသည်။ 'သူ သိပ်မကောင်းဘူး ဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ ဆရာ ဒမ်ဗယ်လ်ဒေါက လုံလုံခြုံခြုံ သိမ်းထားတဲ့ဟာကို သူ ခိုးယူဖို့တော့ ကြံမှာ မဟုတ်ပါဘူးဟယ်'

'ဟမိုင်းယွန်းနီ၊ ရိုးရိုးသားသား ပြောရရင် နင်ဟာ ဆရာတွေ အားလုံးကို သူတော်စင်တွေလိုလို ဘာတွေလိုလို ထင်နေတယ်'ဟု ရွန်က စိတ်တိုသလို ပြောသည်။ 'ငါက ဟာရီနှင့် သဘောချင်း တိုက်ဆိုင်တယ်၊ ဆရာ စနိတ်ဟာ လုပ်လိမ့်မယ်ပဲ ထင်တယ်၊ ဒါပေမဲ့ သူဟာ ဘာကို လိုက်နေတာလဲ၊ ဟို ခွေးကကော ဘာကို စောင့်ကြပ်နေတာလဲ'

ဤမေးခွန်းမျိုး ဦးခေါင်းထဲတွင် တစီစီ ဖြစ်နေရင်းက ဟာရီ အိပ်ရာ ဝင်ခဲ့သည်။ နဲဗီးလ်သည် ကျယ်လောင်စွာ ဟောက်နေ၏။ သို့သော် ဟာရီကတော့ မအိပ်နိုင်။ သူသည် စိတ်ကို ဟင်းလင်း လုပ်ပစ်ရန် ကြိုးစားသည်။ သူအိပ်ဖို့ လိုသည်။ အိပ်မှ ဖြစ်မည်။ နောက်နာရီ အနည်းငယ် အတွင်းတွင် သူ၏ ပထမဆုံးသော ကွစ်ဒစ်ချ်ပွဲကို ကစားရပါတော့မည်။ သို့သော် သူ့ခြေထောက်ကို ဟာရီ မြင်သွားသောအခါ ဖြစ်ပေါ်သည့် ဆရာ စနိတ်၏ မျက်နှာထား အသွင်အပြင်သည် မေ့ဖျောက်ပစ်ရန် မလွယ်ကူပါ။

နောက်နေ့ နံနက် အရုဏ်တက်သည် တောက်ပ၍ ချမ်းအေးလှသည်။ မဟာ ခန်းမကြီးသည် ဝက်အူချောင်းကြော်တို့၏ အရသာ ရှိလှသော အနံ့များဖြင့် လည်းကောင်း၊ ကွစ်ဒစ်ချ် ပွဲကောင်းကို မျှော်တလင့်လင့် ဖြစ်နေသော လူတိုင်း၏ ရွှင်လန်း တက်ကြွသော စကားသံများဖြင့် လည်းကောင်း ပြည့်လျှံနေသည်။

'နင်ဟာ မိုးသောက်စာ အဖြစ် နည်းနည်းပါးပါးတော့ စားရမှာပဲ'

'ငါ ဘာမှ မစားချင်ဘူး'

'ပေါင်မုန့်ကင်ကလေး တစ်ကိုက် ဖြစ်ဖြစ်ပေါ့'ဟု ဟမိုင်းယွန်းနီက ချော့ပြော၏။

'ငါ မဆာဘူး'

ဟာရီသည် တော်တော်ကြီး ခံစားနေရ၏။ နောက်တစ်နာရီဆိုလျှင် သူသည် ချိုင့်ခွက်ဆီသို့ လျှောက်သွားနေမည် ဖြစ်၏။

'ဟာရီ မင်းဟာ အားရှိဖို့ လိုတယ်နော်'ဟု ရှေးမတ် ဖင်နီဂန်က ပြောသည်။ 'တခြား အသင်းက ညစ်ပြီ ဆိုရင် အမြဲတမ်း ဆီကာတွေပဲ ခံရတာ'

'ကျေးဇူးတင်ပါတယ် ရှေးမတ်ရယ်'ဟု ဟာရီက ရှေးမတ်သည် ဝက်အူချောင်းပေါ်သို့ အချဉ်ရည်တွေ ပုံလောင်းနေသည်ကို ကြည့်ရင်း ပြန်ပြောသည်။

ဆယ့်တစ်နာရီ ထိုးသောအခါ တစ်ကျောင်းလုံးသည် ကွစ်ဒစ်ချ် ချိုင့်ခွက်ကို ဝိုင်းပတ်ထားသော စင်များပေါ်သို့ ရောက်လာဟန် တူပါသည်။ ကျောင်းသားအများအတွင် နှစ်လုံးပြူး မှန်ပြောင်းတွေ ပါလာကြ၏။ ထိုင်ခုံများသည် အမြင့်ကြီး ဖြစ်သော်လည်း တစ်ခါတစ်ရံ ဘာတွေ ဖြစ်နေသည် ဆိုခြင်းကို ရှုံးရှုံးမျက်စိဖြင့် မြင်ရန် ခက်ခဲလှပေသည်။

ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် နဲဗီးလ်၊ ရှေးမတ်၊ ဝက်စ်ဟမ် ဘောလုံးအသင်းကို နှစ်သက်သူ ဒီးန်တို့နှင့် သွားပေါင်းသည်။ သူတို့သည် အပေါ်ဆုံး အတန်းတွင် နေရာယူကြသည်။ ဟာရီ အံ့အားသင့်စရာ ဖြစ်ရသည်မှာ သူတို့သည် စကတ်ဘားက ကိုက်၍ ဖျက်ဆီးထားသော စာရွက် တစ်ရွက်ဖြင့် အလံကြီး တစ်ခု လုပ်လာကြခြင်း ဖြစ်၏။ အလံပေါ်တွင် 'ပေါ့တာကို သမ္မတ ရွေးပါ'ဟူသော စာတန်းပါပြီး အောက်တွင် ပန်းချီ အဆွဲကောင်းသော ဒီးန်က ကြီးမားသော ဂရစ်ဖင်ဒါ ခြင်္သေ့ရုပ်ပုံကို ရေးဆွဲထားသည်။ ထိုနောက် ဟမိုင်းယွန်းနီက မန္တန်ကလေး တစ်ပုဒ်နှင့် စီရင်ထားရာ ဆေးသည် အရောင် အမျိုးမျိုးဖြင့် လက်နေတော့သည်။

ထိုအခိုက်တွင် အဝတ်အစား လဲခန်း၌ ဟာရီနှင့် ကျန်သော အသင်းသား အားလုံးသည် သူတို့၏ ခရမ်းရောင် ကွစ်ဒစ်ချ် ဝတ်ရုံများကို လဲကြ၏။ (ဆလိုင်သရင် အသင်းက အစိမ်းရောင် ဝတ်ဆင်မည် ဖြစ်၏။)

အားလုံးတိတ်ဆိတ် ငြိမ်သက်သွားအောင် ဝုဒ်ကလည်ချောင်းရှင်းလိုက်သည်။

'အိုကေနော် ကိုယ့်လူတို့'ဟု သူက ပြော၏။

'ကိုယ့် အမျိုးသမီးတို့လည်း ပြောပါ'ဟု ချေဇာ (လိုက်သူ) အိန်ဂျလီနာ ဂျွန်ဆင်က ထောက်၏။

'အေး ကိုယ့်အမျိုးသမီးတို့ပါ'ဟု ဝုဒ်က သဘောတူသည်။ 'ပွဲတော့ စပြီဟေ့'

'ပွဲကြီးပွဲကောင်းပဲ'ဟု ဖရက် ဝီးဇလီက ပြောသည်။

'ငါတို့အားလုံး စောင့်နေတဲ့ ပွဲပဲ'ဟု ဂျော့က ပြော၏။

'ငါတို့က အော်လစ်ဗွာရဲ့ မိန့်ခွန်းကို အလွတ်ရနေပြီ'ဟု ဖရက်ကဟာရီကို ပြော၏။ 'အရင်နှစ်ကတည်းက ငါတို့က ဒီအသင်းထဲမှာ ပါနေတာ'

'တိတ်ကြစမ်း၊ မင်းတို့နှစ်ယောက်'ဟု ဝဒ်က ပြောသည်။ 'နှစ်ပေါင်း များစွာ အတွင်းမှာ ဂရစ်ဖင်ဒါက ရတာ ဒီဟာ အကောင်းဆုံး အသင်းပဲ၊ ငါတို့ နိုင်ရမယ်၊ ငါသိတယ်'

သူသည် အားလုံးကို ပြုံးကြည့်၏။ 'မနိုင်ရင်တော့ ရှုံးပြီပေါ့'ဟု ပြောသလိုလို ပုံမျိုး ဖြစ်သည်။

'ဟုတ်ပြီ၊ အချိန်ကျပြီ၊ အားလုံး ကံကောင်းကြပါစေ'

ဟာရီသည် အဝတ်လဲခန်းမှ အထွက်တွင် ဖရက်နှင့် ဂျော့တို့၏ နောက်မှ လိုက်လျှောက်ခဲ့၏။ ထိုနောက် သူ့ဒူးတွေ မခွေယိုင်ပါစေနှင့်ဟု ဆုတောင်းရင်း ကျယ်လောင်သော ဩဘာသံတွေကြားက ချိုင့်ခွက်ကြီးဆီသို့ လျှောက်သွားလေသည်။

မာဒမ် ဟုချ်က ဒိုင်လူကြီး လုပ်သည်။ သူသည် ချိုင့်ခွက် အလယ်တွင် ရပ်နေသည်။ လက်ထဲတွင် တံမြက်စည်းကို ကိုင်၍ အသင်း နှစ်သင်းကို စောင့်စားနေသည်။

'ကိုင်း ကောင်းမွန်ပြီး စည်းကမ်းနှင့် ညီတဲ့ ကစားပွဲကို လိုချင်တယ်'ဟု အသင်း နှစ်သင်းက သူ့ကို ဝိုင်းရံမိသောအခါ သူက ပြော၏။ သူသည် အထူးအားဖြင့် ဆလိုင်သရင် အသင်း ကက်ပတိန် မားကပ် ဖလင့်အား ပြောသည်ဟု ဟာရီက သတိပြုမိသည်။ သူသည် ပဥ္စမနှစ် ကျောင်းသား ဖြစ်၏။ ဖလင့်ကို ကြည့်ရသည်မှာ ထရိုး ဖုတ်ပြီတ္တာ သွေးစပ်သလို ထင်ရသည်။ ဟာရီ၏ မျက်စိအစွန်းမှ အမြင့်တွင် တလူလူ လွင့်နေသော 'ပေါ့တာကို သမ္မတ ရွေးပါ'ဟူသော စာတန်းပါ အလံကို လူအုပ်၏ အပေါ်တွင် မြင်မိသည်။ သူ့ရင်တွေ ခုန်သွား၏။ ပို၍ ရဲရင့်လာခြင်းကို ခံစားရသည်။

'ကျေးဇူးပြုပြီး တံမြက်စည်းတွေပေါ် တက်ကြပါ'

ဟာရီက သူ၏ နင်းဘတ် (ရောင်ခြည်) နှစ်ထောင်ပေါ် ခဲခဲယဉ်းယဉ်း တက်သည်။

မာဒမ် ဟုချ်က ငွေဝီစီကို ကျယ်လောင်စွာ မှုတ်၍ အချက်ပေးလိုက်သည်။

တံမြက်စည်း ဆယ့်ငါးခုသည် လေထဲသို့ တက်၍ တက်၍ သွားကြလေ၏။ သူတို့အားလုံး အပေါ်ရောက်ကုန်ကြပါပြီ။

'ဟော ကွာ့ဖဲကို ဂရစ်ဖင်ဒါက အိန်ဂျလီနာ ဂျွန်ဆင်က ချက်ချင်းသယ်သွားပါပြီ၊ တကယ် တော်လှတဲ့ ချေဇာ မိန်းကလေးပဲ၊ ပြီးတော့ ရုပ်ရည်ကလည်း ဆွဲဆောင်မှု ရှိပါတယ် ခင်ဗျား'

'ဂျော်ဒန်'

'ခွင့်လွှတ်ပါ ပရိုဖက်ဆာ'

ဝီးဇလီ အမြွှာညီနောင်တို့၏ သူငယ်ချင်း လီ ဂျော်ဒန်က ကစားပွဲကို အစီရင်ခံ ကြေညာသူ အဖြစ် ဆောင်ရွက်နေရာ ပရိုဖက်ဆာ မက်ဂေါနဂေါက အနီးကပ်၍ ကြီးကြပ်နေသည်။

'အခု သူဟာ အပေါ်မှာ အလျင်အမြန် ရွေ့ရှားနေပါတယ်၊ အလီရှာ စပင်းနက်ဆီကို လုလုပပကလေး ပို့ပေးလိုက်ပါတယ်၊ အလီရှာ စပင်းနက်ဆိုရင် အော်လစ်ဗွာ ဝုဒ်က ထိုက်ထိုက်တန်တန် ရှာတွေ့ထားသူပါပဲ၊ အရင်နှစ်ကတော့ အရန်မှာပဲ နေခဲ့ရပါတယ်၊ ဟော အိန်ဂျလီနာ ဂျွန်ဆင်ဆီကို ကွာ့ဖဲပြန်ရောက်လာပါပြီ၊ ဟာ ဆလိုင်သရင်က ကွာ့ဖဲကို ယူသွားပါပြီကော၊ ဆလိုင်သရင် အသင်းခေါင်းဆောင် မားကပ် ဖလင့်က ကွာ့ဖဲကို ရသွားတာပါ၊ ဟော သူ ယူသွားပါပြီ၊ သူက ဟိုပေါ်မှာ လင်းယုန် တစ်ကောင်လို ပျံသန်းနေပါတယ်၊ သူ အမှတ်ယူ... မရဘူး ခင်ဗျာ၊ ဂရစ်ဖင်ဒါရဲ့ ကီပါ ဖြစ်တဲ့ ဝုဒ်က အကောင်းဆုံး ရွေ့ရှားမှုနှင့် တားဆီးလိုက်ပါတယ်၊ ဂရစ်ဖင်ဒါက ကွာ့ဖဲကို ယူသွားပါပြီ၊ အဲဒါဟာ ဂရစ်ဖင်ဒါရဲ့ ချေဇာ ဖြစ်တဲ့ ကေးတီ ဘဲလ်... ဖလင့်ကို ပတ်ပြီး ဒိုင်ဗင်ထိုးလိုက်တာ ကောင်းလှချည့်လား၊ အရှေ့ဘက်ကို တက်သွားပြီ... အား ထိသွားပြီ ဖြစ်ရမယ်၊ ဘလတ်ဂျာ တစ်လုံးက နောက်စေ့ကို လာမှန်တယ်လေ၊ ကွာ့ဖဲကို ဆလိုင်သရင်က ယူသွားပြီ၊ အဲဒါ အေဒရီယန် ပျူစီပေါ့၊ ဂိုးတိုင်တွေဆီကို ယူသွားပါပြီ၊ ဒါပေမဲ့ သူ့ကို ဒုတိယ ဘလတ်ဂျာက ပိတ်ဆို့လိုက်ပါတယ်၊ အဲဒီ ဘလတ်ဂျာကို ပို့လွှတ်လိုက်တာက ဖရက် ဝီးဇလီလား ဂျော့ ဝီးဇလီလား၊ မခွဲခြားတတ်ပါဘူး ခင်ဗျား၊ ဘာပဲဖြစ်ဖြစ် ဂရစ်ဖင်ဒါ ဘီတာရဲ့ လုလုပပ ကစားကွက်ကလေးပါပဲ၊ အိန်ဂျလီနာ ဂျွန်ဆင်က ကွာ့ဖဲကို ပြန်ရသွားပြန်ပါပြီ၊ ကွင်းရှေ့ ပြတ်ပြတ်သားသား အဝေးကြီး ခင်ဗျ၊ သူ သွားပြီ၊ သူ တကယ် ပျံသန်းနေတယ်၊ အရှိန်နှင့် ဝင်လာတဲ့ ဘလတ်ဂျာကို ရှောင်လိုက်တယ်၊ ဂိုးတိုင်တွေ ရှေ့နား ရောက်ပါပြီ၊ လုပ်လေ၊ ကဲ အိန်ဂျလီနာ၊ ကီပါ ဖြစ်တဲ့ ဘလက်ချလီ ဒိုင်ဗင် ထိုးချလိုက်ပါပြီ၊ သူ လွဲသွားတယ် ခင်ဗျ၊ ဂရစ်ဖင်ဒါ ဂိုးရပါပြီ'

ဂရစ်ဖင်ဒါ ဩဘာသံများသည် အေးမြသော လေထဲတွင် ပြည့်သွားသည်။ ဆလိုင်သရင် တို့ဘက်မှ အူသံ၊ ညည်းတွားသံတွေ ထွက်လာ၏။

'ဟေ့ အပေါ်က နေရာ နည်းနည်း ပေးကွာ၊ ရွှေ့စမ်းပါ'

'ဟတ်ဂရစ်'

ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် ဟတ်ဂရစ်က သူတို့နှင့် လာပေါင်းထိုင်နိုင်လောက်အောင် အချင်းချင်း ဖိကပ်လိုက်ကြရသည်။

'ငါ့ တဲထဲက ကြည့်နေခဲ့တာ'ဟု ဟတ်ဂရစ်က ကြီးမားသော နှစ်လုံးပြူး မှန်ပြောင်းကြီးကို လည်တွင် ဆွဲထားလိုက်ရင်းက ပြောသည်။ 'ဒါပေမဲ့ လူအုပ်ထဲ လာနေရတာနှင့် မတူဘူးကွ၊ အလစ်သမားကို အရိပ်အယောင် မတွေ့ရသေးဘူးနော်'

'ဟင့်အင်း'ဟု ရွန်က ပြောသည်။ 'ဟာရီက ဘာမှ များများစားစား မလုပ်ရသေးဘူး'

'ဒုက္ခကင်းနေရတာပေါ့လေ၊ ဒါလည်း တစ်မျိုးပေါ့'ဟု ဟတ်ဂရစ်သည် သူ့နှစ်လုံးပြူး မှန်ပြောင်းကို မြှောက်၍ ကောင်းကင်ဆီက အစက်အပြောက်ကလေးကို ကြည့်ရင်းက ပြော၏။ အစက်အပြောက်ကလေးကား ဟာရီပင် ဖြစ်သည်။

ကစားပွဲ၏ အပေါ်ကြောမှ နေ၍ ဟာရီသည် လေတွင် လျှော၍ လွင့်မျောရင်း 'အလစ်သမား' အရိပ်အယောင်ကို စွေကြည့်နေသည်။ ဤဟာသည် သူနှင့် ဝုဒ်တို့၏ ကစားပွဲ စီမံချက် ဖြစ်သည်။

'အလစ်သမားကို မမြင်မိခင်မှာ ကစားပွဲလမ်းကြောင်းက ဖယ်နေပါ'ဟု ဝုဒ်က ပြောခဲ့သည်။ 'မင်း အတိုက်ခံရဖို့ မလိုအပ်ခင်မှာ ငါတို့က မင်းကို အတိုက်မခံရစေချင်ဘူး'

အိန်ဂျလီနာက ဂိုးသွင်းလိုက်သောအခါ ဟာရီသည် သူ၏ ခံစားချက်တို့ကို ဖွင့်ထုတ်လိုက်သည့် သဘောဖြင့် စက်ဝိုင်း ကျွမ်းတစ်စုံ ထိုးပစ်လိုက်သည်။ ယခုအခါတွင် သူသည် 'အလစ်သမား' ကို ပတ်ချာလည် လှည့်ရှာကြည့်နေ၏။ တစ်ချီတွင်တော့ သူသည် ရွှေရောင် လက်ခနဲ မြင်လိုက်၏။ သို့သော် ထိုဟာသည် ဝီးဇလီ တစ်ယောက်၏ လက်ပတ်နာရီမှ ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။ တစ်ခါကလည်း ဘလတ်ဂျာ တစ်ခုသည် သူ့ဆီ တည့်တည့် ပြေးဝင်လာရာ ဟာရီက ငုံ့ပေးလိုက်၏။ ဖရက် ဝီးဇလီက ထိုဘလတ်ဂျာ နောက်သို့ တကောက်ကောက် လိုက်လာသည်။

'ဟာရီ ဘာမှ မဖြစ်ပါဘူးနော်'ဟု သူက အော်ချိန်ရသေးသည်။ ပြီးတော့ သူသည် ဘလတ်ဂျာကို မားကပ် ဖလင့်ဆီသို့ ချိန်၍ ရိုက်ထည့်လိုက်၏။

'ကွာ့ဖဲကို ဆလိုင်သရင်က ရသွားပါပြီ'ဟု လီ ဂျော်ဒန်က အစီရင်ခံ ကြေညာနေသည်။ 'ချေဇာ ပျူစီဟာ ဘလတ်ဂျာ နှစ်လုံး၊ ဝီးဇလီ နှစ်ယောက်၊ ချေဇာ ဘဲလ်တို့ကို ငုံ့ရှောင်ရင်း အရှိန်နှင့် ပါသွားပါပြီ၊ ဂိုးတိုင်တွေ...နေပါဦး ဟိုဟာ အလစ်သမားများလား'

အေဒရီယန် ပျူစီသည် ကွာ့ဖဲကို လွှတ်ချလိုက်စဉ် လူအုပ်ထဲမှ ညည်းတွားသံတွေ ထွက်ပေါ်လာ၏။ ပျူစီသည် လက်ခနဲ ဖြစ်သွားသော ရွှေရောင်က သူ့လက်ဝဲဘက် နားရွက်နားက ကပ်၍ ဖြတ်သွားသည်ကို လှည့်ကြည့်နေရသောကြောင့် ဖြစ်သည်။

ဟာရီက ဒါကို မြင်သည်။ စိတ်တုန်လှုပ်မှု တစ်ရှိန်ထိုး ဖြစ်ပေါ်လာကာ သူသည် ရွှေရောင် အတန်းကြီးဆီသို့ ဦးတည်၍ အောက်သို့ ဒိုက်ဗင်ထိုး ချ၏။ ဆလိုင်သရင်ဘက်မှ ဆီကာ (ရှာဖွေသူ) ဖြစ်သော တဲရင့် ဟစ်ကလည်း မြင်သည်။ သူတို့ နှစ်ယောက်သည် လည်ချင်းယှဉ်၍ 'အလစ်သမား'ဆီ ထိုးဝင်ကြသည်။ ချေဇာတွေ အားလုံးသည် လေထဲတွင်ပင် ရပ်တန့်ကာ သူတို့ လုပ်ရမည့် အလုပ်ကို မေ့နေကြပြီး ငေးကြည့်နေကြ၏။

ဟာရီက ဟစ်ထက် ပို၍ မြန်သည်။ သူ့ရှေ့တွင် တောင်ပံ တဖျပ်ဖျပ် ခတ်ကာ ရှေ့သို့ ထိုးသွားနေသည်ကို မြင်ရ၏။ သူသည် အရှိန်ကို တိုးမြှင့်လိုက်သည်။

ဖုံး၊ အောက်ဘက်မှ ဂရစ်ဖင်ဒါများထံမှ ဒေါသဖြင့် အော်သံတွေ ပဲ့တင် ထပ်ကုန်သည်။ မားကပ် ဖလင့်က တမင်သက်သက်ပင် ဟာရီကို ပိတ်ဆို့လိုက်ရာ ဟာရီ၏ တံမြက်စည်းမှာ လမ်းချော်၍ လည်ထွက်သွား၏။ ဟာရီမှာ သူ့အသက်ကလေး မဆုံးရှုံးရအောင် တွယ်ကပ်ထားရသည်။

'ဖောင်း' ဟု ဂရစ်ဖင်ဒါတွေက အော်ဟစ်ကြသည်။

မာဒမ် ဟုချ်က ဖလင့်ကို ဒေါသထွက်စွာ ပြောပြီး ဂရစ်ဖင်ဒါများအား ဂိုးတိုင်များတွင် အလွတ်သွင်းခွင့် ပေး၏။ သို့ရာတွင် ဤအရှုပ်အထွေးများကြားဝယ် 'ရွှေရောင် အလစ်သမား' သည် မြင်ကွင်းမှ ပျောက်ကွယ်သွားပြန်တော့သည်။

အောက်ဘက် စင်များပေါ်တွင် ဒီးန် တောမတ်သည် 'သူ့ကို ထုတ်ပစ်ပါ ဒိုင်လူကြီး၊ အနီကတ်ပြပါ' ဟု အော်နေ၏။

'ဒါဟာ ဘောလုံးပွဲ မဟုတ်ဘူး ဒီးန်' ဟု ရွန်က သတိပေးသည်။ 'ကွစ်ဒစ်ချ်မှာ လူတွေကို ထုတ်ပစ်လို့ မရဘူး၊ ဒါထက် အနီကတ် ဆိုတာ ဘာလဲ'

သို့သော် ဟတ်ဂရစ်က ဒီးန်၏ ဘက်တွင် ရှိသည်။

'သူတို့ ဥပဒေတွေကို ပြင်သင့်တယ်၊ ဖလင့်ဟာ ဟာရီကို လေထဲက ပြုတ်ကျအောင် တိုက်ပစ်လိုက်နိုင်တယ်'

လီ ဂျော်ဒန်မှာ ဘက်မလိုက်ဘဲ နေဖို့ ခက်ခဲသည်ကို တွေ့ရ၏။

'အဲဒီတော့ အဲဟို ပြောင်ပြောင်တင်းတင်း မုန်းစရာကောင်းလှတဲ့ ညစ်ပတ်မှု အပြီးမှာ...'

'ဂျော်ဒန်'ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက မကျေနပ်သံဖြင့် ဟောက်သည်။

'အဲ ခင်ဗျ အဲဟို ပြောင်ကျကျ မခံချင်စရာ ဖောင်း...'

'ဂျော်ဒန်၊ မင်းကို ငါ သတိပေးနေတယ်'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဖလင့်က 'ဂရစ်ဖင်ဒါရဲ့ ဆီကာကို သတ်မိတော့မလောက် ဖြစ်ပါတယ်၊ ဒါဟာလည်း ဖြစ်တတ်တဲ့ ကိစ္စပါ၊ သေချာပါတယ်၊ အဲဒါကြောင့် ဂရစ်ဖင်ဒါဘက်က ပယ်နယ်တီ ရပါတယ်၊ အလီရှာ စပင်းနက်က ကွာ့ဖဲကို ယူပါတယ်၊ ဒါပေမဲ့ ချော်သွားပါတယ် ခင်ဗျ၊ ဆက်လက်ပြီး ယှဉ်ပြိုင်နေကြပါတယ်၊ ကွာ့ဖဲက ဂရစ်ဖင်ဒါ လက်ထဲမှာပဲ ရှိပါသေးတယ်'

ဟာရီက နောက် ဘလတ်ဂျာ တစ်ခုကို ရှောင်လိုက်၍ ထိုဘလတ်ဂျာသည် လည်၍ အန္တရယ်ကြီးစွာဖြင့် သူ့ဦးခေါင်းနားက ကပ်၍ ဖြတ်ကျော်သွားစဉ် ဖြစ်ပျက်ခြင်း ဖြစ်လေသည်။ သူ့ တံမြက်စည်းသည် ရုတ်တရက် ကြောက်စရာ ကောင်းအောင် တစ်ဖက်သို့ စောင်းသွား၏။ စက္ကန့်ပိုင်း အတွင်းတွင် သူသည် လိမ့်ကျတော့မည်ဟု ထင်မိသည်။ သူသည် တံမြက်စည်းကို လက်နှစ်ဖက် ဒူးနှစ်ဖက်တို့ဖြင့် မြဲအောင် ပြုလုပ်ထား၏။ ဤဟာမျိုး ရှေးက တစ်ခါမျှ မကြုံဖူးပါ။

ထပ်၍ ဖြစ်ပြန်၏။ တံမြက်စည်းက သူ့ကို လွင့်စဉ်ကျအောင် အားထုတ်နေသလို ရှိသည်။ သို့သော် 'နင်ဘတ် နှစ်ထောင်' တံမြက်စည်းများသည် စီးသူကို ရုတ်တရက် လွင့်စဉ်ကျအောင် အားထုတ်ဖို့ ဆုံးဖြတ်မည်တော့ မဟုတ်နိုင်ပါ။ ဟာရီက ဂရစ်ဖင်ဒါ ဂိုးတိုင်များဘက်သို့ ပြန်ရန် ကြိုးစားသည်။ ဝုဒ်ကို ခဏ အနားယူချိန် တောင်းခိုင်းမည်ဟု စိတ်က ကြံမိခြင်း တစ်ဝက်နှင့် ဖြစ်သည်။ ထိုအခါတွင် သူ့ တံမြက်စည်းသည် သူ၏ ထိန်းချုပ်မှုအောက်တွင် မရှိတော့သည်ကို နားလည်သဘောပေါက်ရတော့သည်။ သူ ပြန်လှည့်ခိုင်း၍ မရ။ သူက ဦးဆောင်ညွှန်ကြား၍ လုံးဝ မရတော့ပါ။ တံမြက်စည်းသည် လေထဲတွင် ဘယ်ထိုးသွား၊ ညာထိုးသွားနှင့် ဖြစ်နေပြီး မကြာခဏဆိုသလို ပြင်းထန်စွာ ဝှီးခနဲ ရွေ့ရှားရာ သူ့ကို ပြုတ်ကျလုနီးနီး ဖြစ်စေခဲ့သည်။

လီ ဂျော်ဒန်က ဆက်လက်၍ ကြေညာနေသေး၏။

'ဆလိုင်သရင်က ရထားပါတယ်၊ ကွာ့ဖဲက ဖလင့် လက်ထဲမှာပါ၊ စပင်းနက်ကို ကျော်ဖြတ်သွားပြီ၊ ဘဲလ်ကို ကျော်သွားပြန်ပြီ၊ ဘလတ်ဂျာ တစ်ခုက သူ့မျက်နှာတည့်တည့် လာမှန်ပါတယ်၊ နှာခေါင်းရိုး ကျိုးသွားမယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်တော် ရယ်စရာ ပြောတာပါ ပရိုဖက်ဆာ၊ ဆလိုင်သရင်က ဂိုးရသွားပါပြီ၊ ဟောဗျ'

ဆလိုင်သရင်တို့ ပျော်မြူးနေကြ၏။ ဟာရီ၏ တံမြက်စည်း မူပျက်နေသည်ကို မည်သူမျှ သတိထားမိပုံ မရ။ တံမြက်စည်းသည် ဟာရီကို တဖြည်းဖြည်းနှင့် ပို၍ မြင့်ရာသို့ ကစားပွဲနှင့် ဝေးအောင် သယ်ဆောင်သွား၏။ သယ်ဆောင်သွားရာတွင် ဆောင့်ထိုးလိုက်၊ ဆောင့်ဆွဲလိုက်နှင့် သွားနေသည်။

'ဟာရီ ဘာတွေ လုပ်နေတယ် ငါ မသိဘူး' ဟု ဟတ်ဂရစ်က ဗလုံးဗထွေးပြောသည်။ သူက နှစ်လုံးပြူး မှန်ပြောင်းဖြင့် ကြည့်၏။ 'ငါတော့ သူဟာ သူ့ တံမြက်စည်းကို ထိန်းချုပ်လို့ မရတော့သလို ဖြစ်နေတယ် ထင်တာပဲ၊ ဒါပေမဲ့ ဒါဟာ...'

ရုတ်တရက် စင်တွေ အားလုံးပေါ်က လူများသည် ဟာရီကို ညွှန်ပြနေကြ၏။ ဟာရီ၏ တံမြက်စည်းသည် စတင်၍ လိမ့်လည် လိမ့်လည် ပြုပါတော့သည်။ ဟာရီက လွတ်မသွားအောင် အတော် ကြိုးစား ကိုင်တွယ်နေရ၏။ ထိုအခါ လူအုပ် တစ်ခုလုံးသည် ပင့်သက် ဖိုမိကြတော့သည်။ ဟာရီ၏ တံမြက်စည်းသည် ခပ်ကြမ်းကြမ်း ဆောင့်ခါရာ ဟာရီမှာ လွင့်ထွက်သွား၏။ ယခုအခါတွင် သူသည် လက်တစ်ဖက်တည်းဖြင့် ဆုပ်ကိုင်ကာ တွဲလွဲကြီး ဖြစ်နေလေပြီ။

'ဖလင့်က ပိတ်ဆို့လိုက်တာမှာ တစ်ခုခု ဖြစ်သွားသလား' ဟု ရှေးမတ်က တီးတိုးပြော၏။

'မဖြစ်နိုင်ဘူး' ဟု ဟတ်ဂရစ်က ပြောသည်။ သူ့ အသံတွေ တုန်နေ၏။ 'တံမြက်စည်းကို ဘာကမှ မနှောင့်ယှက်နိုင်ဘူး၊ အဲ မိစ္ဆာမှော်ပညာက လွဲရင်ပေါ့လေ၊ ဘယ်ကောင်လေးကမှ နင်ဘတ် နှစ်ထောင်ကို ဒါမျိုး မလုပ်နိုင်ဘူး'

ထိုစကားကို ကြားသောအခါ ဟမိုင်းယွန်းနီသည် ဟတ်ဂရစ်၏ မှန်ပြောင်းကို ဆွဲယူသည်။ သို့ရာတွင် အပေါ်သို့ မော့၍ ဟာရီကို ကြည့်ရမည့်အစား သူသည် ချောက်ချားစွာပင် လူအုပ်ကို သေသေချာချာ ကြည့်နေ၏။

'နင် ဘာလုပ်နေတာလဲ' ဟု ရွန်က မျက်နှာပုပ်၍ ညည်းညူသည်။

'ငါ သိသားပဲ' ဟမိုင်းယွန်းနီက ပင့်သက် ဖြာသွားသည်။ 'ဆရာ စနိတ်ပေါ့၊ ကြည့်လေ'

ရွန်က မှန်ပြောင်းကို ဖမ်းဆုပ်သည်။ ဆရာ စနိတ်သည် သူတို့၏ မျက်နှာချင်းဆိုင်က စင်များ၏ အလယ်တွင် ရှိသည်။ သူ့ မျက်လုံးများက ဟာရီကို စိုက်ကြည့်နေပြီး ပါးစပ်က မရပ်မနားဘဲ အသက်ပင် ရှူပါလေရဲ့လား ထင်ရအောင် ရွတ်ဆိုနေသည်။

'သူ တစ်ခုခု လုပ်နေတယ်၊ တံမြက်စည်းကို ပြုစားနေတယ်' ဟု ဟမိုင်းယွန်းနီက ပြော၏။

'ငါတို့ ဘာလုပ်ကြရင် ကောင်းမလဲ'

'ငါ့ တာဝန် ထားလိုက်'

ရွန်က နောက်ထပ် စကား တစ်ခွန်းမျှ မပြောရသေးမီပင် ဟမိုင်းယွန်းနီသည် လစ်သွားတော့သည်။ ရွန်က မှန်ပြောင်းကို ဟာရီထံ ပြန်ချိန်သည်။ သူ့ တံမြက်စည်းသည် လွန်စွာ တုန်ခါနေရကား ဆက်လက်၍ ခိုထားရန်ပင် မဖြစ်နိုင်လောက်အောင် ရှိတော့သည်။ လူအုပ် တစ်ခုလုံးသည် မတ်တတ်ရပ်ကြသည်။ သူတို့ စောင့်ကြည့်နေကြ၏။ ကြောက်လန့်နေကြသည်။ ထိုသို့ရှိစဉ် ဝီးဇလီ ညီနောင်သည် ပျံတက်သွားကြ၍ ဟာရီကို သူတို့၏ တံမြက်စည်း တစ်ခုခုပေါ်သို့ ဘေးကင်းစွာ ရောက်ရှိအောင် ဆွဲတင်ဖို့ ကြိုးစားကြ၏။ သို့သော် အကြောင်းမထူးပါချေ။ သူတို့က ဟာရီနား ကပ်သွားတိုင်း ဟာရီ၏ တံမြက်စည်းသည် ပို၍ မြင့်မြင့် ခုန်တက်သွားပြန်၏။ သူတို့သည် အောက်သို့ နိမ့်ဆင်းကြကာ ဟာရီ၏ အောက်တွင် ရစ်ဝဲ၍ နေကြ၏။ အကယ်၍ ဟာရီ ပြုတ်ကျလာလျှင် ဖမ်းယူကြမည် ဟူသော အကြံဖြင့် ဖြစ်ကြောင်း ထင်ရှားသည်။ မားကပ် ဖလင့်သည် ကွာ့ဖဲကို ဖမ်းဆုပ်ကာ မည်သူမျှ သတိမပြုနိုင်ခင် ငါးဂိုး သွင်းပစ်တော့သည်။

'ဟမိုင်းယွန်းနီ လုပ်လေ' ဟု ရွန်က ပြောမိပြောရာ ပြော၏။

ဟမိုင်းယွန်းနီသည် ဆရာ စနိတ် ရှိရာ စင်သို့ တိုးဝှေ့ ဖြတ်သွားကာ ယခုအခါတွင် ဆရာ စနိတ်၏ နောက်ဘက်ခုံတန်းတွင် အလုအယက် လျှောက်လာနေ၏။ ပရိဖက်ဆာ ကွစ်ရဲလ်ကို ရှေ့စိုက်၍ ရှေ့တန်းကို ခေါင်းနှင့် တိုက်မိလောက်အောင် ဝင်တိုက်သွားမိသည်ကိုပင် 'ခွင့်လွှတ်ပါ' မပြောနိုင်ခဲ့ပါ။ ဆရာ စနိတ်၏ နောက်သို့ အရောက်တွင် အသာကုန်း၍ သူ၏ ဆေးကြိမ်လုံးကို ထုတ်ကာ သေသေချာချာ ရွေးထားသော စကားလုံး အချို့ကို ရွတ်ဆိုလိုက်သည်။ တောက်ပသော အပြာရောင် မီးတောက်များသည် သူ့ဆေးကြိမ်လုံးမှ ထွက်ကာ ဆရာ စနိတ် ဝတ်ရုံ၏ အနားပတ်ပေါ်သို့ ကျလေ၏။

စက္ကန့် သုံးဆယ်လောက် ကြာမှ ဆရာ စနိတ်သည် သူ မီးလောင်နေကြောင်းကို သူ သိသည်။ ရုတ်တရက် အော်သံ ထွက်ပေါ်လာသောအခါ ဟမိုင်းယွန်းနီသည် မိမိ၏ လုပ်ငန်း ပြီးဆုံးပြီဟု သိသည်။ သူ့အိတ်ထဲမှ ဖန်ချိုင့်ကလေးထဲသို့ မီးကို ကော်ယူလိုက်ပြီးသော် ခုံတန်း တစ်လျှောက် တိုးဝှေ့၍ ပြန်ထွက်လာခဲ့၏။ ဆရာ စနိတ်သည် ဘာတွေ ဖြစ်ခဲ့ကြောင်း ဘယ်တော့မှ သိမည် မဟုတ်ပါ။

လုံလောက်ပါပြီ။ လေထဲတွင် ဟာရီသည် ရုတ်တရက် သူ့ တံမြက်စည်းပေါ်သို့ သူ ခဲခဲယဉ်းယဉ်း ပြန်တက်နိုင်ခဲ့၏။

'နဲဗီးလ်၊ မင်း ကြည့်နိုင်ပြီ' ဟု ရွန်က ပြောသည်။ လွန်ခဲ့သော ငါးမိနစ်လုံးလုံး ဟတ်ဂရစ်၏ ဂျက်ကက်အင်္ကျီတွင် မျက်နှာအပ်၍ နဲဗီးလ်သည် ငိုကြွေးနေခဲ့၏။

ဟာရီသည် မြေပြင်ဆီသို့ အရှိန်ဖြင့် ဆင်းလာသည်။ လူအုပ်က သူသည် ဖျားတော့မည်ကဲ့သို့ လက်ဖြင့် ပါးစပ်ကို အုပ်ကိုင်လာသည်ကို မြင်ကြရသည်။ ချိုင့်ခွက်ထဲသို့ လေးဖက်ထောက်ကျ၏။ ချောင်းဆိုးသည်တွင် ရွှေအဆင်း ရှိသော တစ်စုံတစ်ခုသည် သူ့လက်ထဲသို့ ထွက်ကျလာ၏။

'ငါ အလစ်သမားကို ရပြီ' ဟု သူက အော်၍ အလစ်သမား ဘောလုံးကို ဦးခေါင်းထက်တွင် ဝှေ့ယမ်းပြ၏။ ဤတွင် ရှုပ်ရှုပ်ထွေးထွေးတွေကြားက ပွဲပြီးသွားတော့သည်။

'သူ ဖမ်းတာ မဟုတ်ဘူး၊ သူ မျိုတော့မလို ဖြစ်တာ' နောက်မိနစ် နှစ်ဆယ် ကြာသောအခါတွင် ဖလင့်က အူသံဖြင့် ပြော၏။ သို့သော် ဘာမျှ မထူးချေ။ ဟာရီသည် မည်သည့် စည်းကမ်းဥပဒေကိုမှ ချိုးဖောက်ခြင်း မရှိချေ။ လီဂျော်ဒန်သည် အဖြေရလဒ်ကို ပျော်ရွှင်စွာ ကြေညာတော့သည်။

'ဂရစ်ဖင်ဒါက အမှတ် တစ်ရာ့ခုနစ်ဆယ်၊ ဆလိုင်သရင်က အမှတ် ခြောက်ဆယ်မို့ ဂရစ်ဖင်ဒါက နိုင်သွားပါပြီ' ဟာရီကတော့ ထိုစကားတွေကို ဘာတစ်ခွန်းမျှ မကြားတော့ပါ။ ဟတ်ဂရစ်၏ တဲထဲတွင် ရွန်၊ ဟမိုင်းယွန်းနီတို့နှင့် အတူ ရောက်နေပြီး ဟတ်ဂရစ်က လက်ဖက်ရည်ကျကျကို သူ့အား ဖျော်တိုက်ခဲ့၏။

'ဆရာ စနိတ်ပေါ့' ရွန်က ရှင်းပြနေသည်။ 'ဟမိုင်းယွန်းနီနှင့် ငါတွေ့တာပေါ့၊ သူက မင်းရဲ့ တံမြက်စည်းကို ပြစ်စားနေတာ၊ ပါးစပ်က ရွတ်နေပြီး မျက်စိတွေက မင်းဆီက မဖယ်ဘူး'

'အလကား စကားတွေ' ဟု ဟတ်ဂရစ်က ပြော၏။ စင်ပေါ်တွင် ရှိခဲ့စဉ်က သူ့ဘေးနားက ပြောနေတာတွေကို သူ ဘာမျှ မကြားခဲ့ချေ။ 'ဘာဖြစ်လို့ ဆရာ စနိတ်ဟာ ဒါမျိုး လုပ်မှာလဲ'

ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်ရင်း သူ့ကို ဘာပြောရမည်ကို စူးစမ်းမိကြသည်။ ဟာရီက အမှန်အတိုင်း ပြောဖို့ ဆုံးဖြတ်လိုက်၏။

'ကျွန်တော် သူနှင့် ပတ်သက်ပြီး တွေ့ထားတာ ရှိတယ်' ဟု သူက ဟတ်ဂရစ်ကို ပြောသည်။ 'သူဟာ ဟို ဟာလိုဝင်းပွဲနေ့က ခေါင်းသုံးလုံးနှင့် ခွေးရှေ့ကို ဖြတ်တယ်၊ ခွေးက သူ့ကို ကိုက်တယ်၊ ခွေးစောင့်ကြပ်နေတဲ့ဟာ ဘာလဲတော့ မသိဘူးပေါ့၊ အဲဒါကို သူ ခိုးယူဖို့ ကြံနေတယ်လို့ ကျွန်တော်တို့တော့ ထင်တာပဲ'

ဟတ်ဂရစ်သည် လက်ဖက်ရည်အိုး လွတ်ကျ၏။

'ဖလပ်ဖီ အကြောင်းကို မင်းတို့ ဘယ်လို သိကြတာလဲ' ဟု သူက မေးသည်။

'ဖလပ်ဖီ... ဟုတ်လား'

'အေး အဲဒီကောင်ဟာ ငါ့ဟာ၊ လွန်ခဲ့တဲ့ နှစ်က အရက်ဆိုင်မှာ တွေ့ခဲ့တဲ့ ဂရိလူမျိုး တစ်ယောက်ဆီက ငါ ဝယ်လိုက်တာ၊ ငါက ဒမ်ဗယ်လ်ဒေါကို ငှားထားလိုက်တာ၊ ဟိုဟာကို စောင့်ကြပ်ဖို့လေ'

'ဟုတ်ကဲ့ ဆိုပါဦး' ဟု ဟာရီက စိတ်ထက်သန်စွာ ပြောသည်။

'ကဲကွာ ငါ့ကို ဘာမှ ထပ်မမေးကြနှင့်တော့' ဟု ဟတ်ဂရစ်က ကြမ်းတမ်းစွာ ပြောသည်။ 'အဲဒါ ထိပ်တန်း လျှို့ဝှက်ကွ၊ အဲဒါ'

'ဒါပေမဲ့ ဆရာ စနိတ်က အဲဒါကို ခိုးယူဖို့ ကြံနေတယ်'

'အလကား စကားတွေ' ဟု ဟတ်ဂရစ်က ပြောပြန်၏။ 'ဆရာ စနိတ်ဟာ ဟော့ဂဝပ်က ဆရာ တစ်ယောက်ကွ၊ သူ ဒါမျိုး လုပ်မှာ မဟုတ်ဘူး'

'ဒါဖြင့် သူက ဘာဖြစ်လို့ ဟာရီကို သတ်ဖို့ ကြိုးစားတာလဲ' ဟု ဟမိုင်းယွန်းနီက အော်သည်။

ယနေ့ နေ့လယ်ခင်း ဖြစ်ရပ်များသည် ဆရာ စနိတ်နှင့် ပတ်သက်၍ ဟမိုင်းယွန်နီ၏ စိတ်ကို ပြောင်းလဲပစ်လိုက်သည်မှာ သေချာသလောက် ဖြစ်သည်။

'ပြုစားတာကို ကျွန်မ မြင်ရင် သိပါတယ် ဟတ်ဂရစ်ရယ်၊ ကျွန်မ ဒါတွေ အားလုံး ဖတ်ထားပြီးပါပြီ၊ သူ့ မျက်စိကို သေသေချာချာ ကြည့်လေ၊ ဆရာ စနိတ်ဟာ လုံးဝ မျက်တောင်မခတ်ဘူး၊ ကျွန်မတွေ့တယ်'

'မင်းတို့ မှားနေတယ်လို့ ငါပြောနေတယ်' ဟု ဟတ်ဂရစ်က စိတ်တိုတိုနှင့် ပြောသည်။ 'ဟာရီရဲ့ တံမြက်စည်းက ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားတယ် ဆိုတာတော့ ငါ မသိဘူး၊ ဒါပေမဲ့ ဆရာ စနိတ်ဟာ ကျောင်းသား တစ်ယောက်ကို သတ်ဖို့ ကြိုးစားမှာတော့ မဟုတ်ဘူး၊ ကဲ ငါပြောတာ နားထောင်၊ မင်းတို့ သုံးယောက်စလုံးနော်၊ ကိုယ်နှင့် မဆိုင်တာတွေမှာ ဝင်မရှုပ်ကြနှင့်၊ အဲဒါ အရမ်း အန္တရာယ် များတယ်၊ ဟိုခွေးကို မင်းတို့ မေ့ပစ်လိုက်ကြ၊ အဲဒီ ကိစ္စဟာ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါနှင့် နီးကလပ် ဖလမ်းမဲတို့ အကြားမှာ...'

'အာဟာ...'ဟု ဟာရီက ပြောသည်။ 'ဒီတော့ အဲဒီ ကိစ္စမှာ နီးကလပ် ဖလမ်းမဲ ဆိုတဲ့ လူတစ်ယောက် ပတ်သက်နေပြန်ပြီပေါ့ ဟုတ်လား'

ဟတ်ဂရစ်သည် သူ့ကိုယ်သူ တအား စိတ်ဆိုးသွားပုံ ရတော့၏။

အခန်း ဆယ့်နှစ်

အယ်ရီဆက် မြကြေးမုံ

ခရစ္စမတ် ကာလသည် နီးကပ်လာလေပြီ။ ဒီဇင်ဘာလလယ် နံနက်ခင်း တစ်ခုတွင် ဟော့ဂဝပ် တစ်ခုလုံးမှာ ပေပေါင်းများစွာ ထူထပ်သော နှင်းပွင့်များဖြင့် ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။ ကန်ရေပြင်သည် ခဲ၍ မာကျောနေသည်။ နှင်းဘောလုံးများသည် ဆရာ ကွစ်ရဲလ် နောက်သို့ တကောက်ကောက် လိုက်၍ ဦးပေါင်းကြီး၏ နောက်ကျောဘက်ကို ပစ်တိုက်လိုက်၊ ပြန်ခုန်ထွက်လိုက် ဖြစ်နေအောင် မှော်ပညာဖြင့် စီရင်ထားမှုကြောင့် ဝီးဇလီ အမွှာညီနောင်တို့ အပြစ်ပေးခံရ၏။ ပေးစာများကို သယ်ဆောင်လာရသော ဇီးကွက်များမှာ နှင်းမုန်တိုင်း ထန်နေသော ကောင်းကင်ကို ရုန်းကန် ဖြတ်သန်းခဲ့ရသဖြင့် နောက်တစ်ခေါက် ပျံသွားနိုင်သည့် အချိန်အထိ ဟတ်ဂရစ်၏ ဆေးဝါးကုသ ပြုစုပေးခြင်းကို ခံယူကြရသည်။

ကျောင်းပိတ်ရက်များ စချိန်ကို မည်သူကမျှ စောင့်ဆိုင်းမနေနိုင်ကြတော့ပါ။ ဂရစ်ဖင်ဒါ စုပေါင်း အနားယူခန်းနှင့် မဟာခန်းမကြီးတို့တွင် မီးများ အားရပါးရ တောက်လျက် ရှိသော်လည်း လေတိုးသော စင်္ကြံလမ်းများကား ရေခဲတမျှ အေးစက်နေ၍ စာသင်ခန်းများတွင် ပြတင်းပေါက်များကို ပြင်းထန်သော လေက တဂျမ်းဂျမ်း တိုးဝှေ့နေ၏။ အဆိုးဆုံးသော်ကား မြေတိုက်ခန်းများမှ ပရိုဖက်ဆာ စနိတ်၏ စာသင်ခန်းများ ဖြစ်လေသည်။ ထိုအခန်းများတွင် ကျောင်းသားများသည် အသက်ရှူလေကို ပြန်ထုတ်လိုက်သော် သူတို့ရှေ့တွင် မြူမှုန်တွေ ပေါ်ပေါက်စေသည် ဖြစ်သောကြောင့် သူတို့သည် ပူလောင်လျက် ရှိသော သူတို့၏ ဒယ်အိုးများသို့ ကပ်နိုင်သလောက် ကပ်ထားကြပေ၏။

'တကယ်ပဲ စိတ်မကောင်းပါဘူး' ဟု ဆေးရည်များ ဘာသာရပ် စာသင်ခန်း တစ်ခုတွင် ဒရာကို မာလ်ဖွိုင်းက ပြောသည်။ 'သူတို့အိမ်က သူတို့ကို မလိုချင်လို့ ခရစ္စမတ်ကာလ တစ်လျှောက်လုံး ဟော့ဂဝပ်မှာ နေခဲ့ကြရတဲ့ လူတွေ အတွက်လေ'

သူသည် စကားပြောရင်း ဟာရီကို လှမ်းကြည့်၏။ ခရပ်နှင့် ဂွိုင်းလ်တို့က ရယ်ကြသည်။ ခြသေ့ငါး၏ ကျောရိုး အမှုန့်ကို ချိန်တွယ်နေသော ဟာရီက မသိကျိုးကျွန် ပြုနေလိုက်၏။ ကွစ်ဒစ်ချ်ပွဲ ပြီးကတည်းက မာလ်ဖွိုင်းသည် ပို၍ပင် မကြည်မသာ ဖြစ်နေသည်။ ဆလိုင်သရင် ရှုံးရသည်ကို မကျေမချမ်း ဖြစ်ရသည်တွင် နောက်ပွဲ၌ ပါးစပ် ပြဲပြဲနှင့် ဖားပျံ တစ်ကောင်ကို ဟာရီ၏ နေရာတွင် အစားထိုးမည့်အကြောင်း ပြောရင်း လူတိုင်း 'ဟား'အောင် ကြိုးစားခဲ့လေသည်။ ထိုအခါ ဘယ်သူကမှ သူ့ စကားကို ရယ်စရာဟု သဘောမထားကြောင်းကို သူ နားလည်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် စီးသူကို ပေါက်ချနေသော တံမြက်စည်းပေါ်တွင် ဟာရီက မရ ရအောင် တွယ်ကပ်နေခဲ့ပုံကို သူတို့သည် စိတ်တွင် စွဲထင်နေကြသောကြောင့် ဖြစ်၏။ ထို့ကြောင့် မာလ်ဖွိုင်းသည် မနာလို စိတ်တိုကာ မိသားစု ကောင်းကောင်း မရှိကြောင်းနှင့် ဟာရီကို ဒေါသဖြစ်အောင် စသည့် အလုပ်ကို ပြန်လုပ်ခြင်း ဖြစ်လေသည်။

ဟာရီသည် ခရစ္စမတ် ကာလတွင် ပရစ်ဗက် ဒရိုက်သို့ ပြန်မှာ မဟုတ်သည်က မှန်ပါ၏။ လွန်ခဲ့သော သီတင်းပတ်က ကျောင်းပိတ်ရက်တွင် နေရစ်ကြမည့်သူများ စာရင်းကို ပရိုဖက်ဆာ မက်ဂေါ်နဂေါက လာရောက် ကောက်ယူစဉ် ဟာရီက ချက်ချင်း လက်မှတ်ရေးထိုးခဲ့သည်။ သူသည် လုံးဝ ဝမ်းမနည်းခဲ့ပါ။ သူ တွေ့ကြုံခဲ့ရသမျှ ခရစ္စမတ်တို့တွင် ယခု ခရစ္စမတ်သည် အကောင်းဆုံး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ရွန်နှင့် သူ့အစ်ကိုများလည်း နေရစ်ကြမှာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဝီးဇလီ ဇနီးမောင်နှံသည် ရိုးမန်းနီးယားမှ ချာလီထံ အလည်သွားကြမည် ဖြစ်သောကြောင့် ဖြစ်၏။

ဆေးရည်များ ဘာသာရပ် သင်ကြားမှုအပြီး မြေတိုက်ခန်းမှ ထွက်လာခဲ့ကြသည်တွင် ရှေ့က စင်္ကြံလမ်း၌ ကြီးမားသော ထင်းရှူးပင်ကြီး ပိတ်နေသည်ကို သူတို့ တွေ့ကြရ၏။ ဧရာမ ခြေထောက်ကြီး နှစ်ချောင်း အောက်ကထွက်နေပြီး ကျယ်လောင်သော အသက်ရှူသံကြီးက ဟက်ဂရစ်သည် သစ်ပင်နောက်တွင် ရှိနေသည်ကို သူတို့ သိကြပေ၏။

'ဟိုင်း ဟက်ဂရစ်၊ အကူအညီ လိုသလား' ဟု ရွန်က ထင်းရှူးကိုင်းများ အကြားသို့ ဦးခေါင်းကို သွင်း၍ မေးသည်။

'ဟေ့အေး ငါနိုင်ပါတယ်၊ ကျေးဇူးပဲ ရွန်'

'လမ်းဖယ်ပေးနိုင်မလားဟင်' ဟူသော မာလ်ဖွိုင်း၏ အေးစက်စက်နှင့် ခပ်လေးလေး ပြောသံသည် သူတို့နောက်မှ ထွက်ပေါ်လာ၏။ 'ငွေပိုကလေး ရအောင် အလုပ် လုပ်မလို့လား ဝီးဇလီ၊ ဟော့ဂဝပ်က ထွက်ရင် ခြံမြေစောင့် အလုပ်ကလေးများ လုပ်ရလိမ့်မလားလို့ မျှော်လင့်နေတယ် ထင်တယ်၊ ဟက်ဂရစ်ရဲ့ တဲကလေးက မင်းရဲ့ မိသားစုနေတဲ့ အိမ်နှင့် စာလိုက်ရင် နန်းတော်တမျှ ဖြစ်နေပုံ ရပါတယ်'

ရွန်၏ လက်သည် မာလ်ဖွိုင်းထံ ရောက်အသွားတွင် ဆရာ စနိတ်သည် လှေကားမှ တက်လာသည်။

'ဝီးဇလီ'

ရွန်က မာလ်ဖွိုင်း၏ ဝတ်ရုံ အရှေ့ပိုင်းကို လွှတ်လိုက်၏။

'သူ့ကို ဒေါသထွက်အောင် လုပ်တာကိုး ပရိုဖက်ဆာ စနိတ်' ဟု ဟက်ဂရစ်က သစ်ပင်နောက်မှ သူ၏ အမွေးအမှင် ထူထပ်သော မျက်နှာကြီးကို ထုတ်ရင်း ပြောလေသည်။ 'မာလ်ဖွိုင်းက သူ့မိသားစုကို စော်ကားမော်ကား ပြောတယ်လေ'

'အဲဒါက ရှိပါစေ၊ ရန်ဖြစ်တာဟာ ဟော့ဂဝပ်ရဲ့ ဥပဒေကို ချိုးဖောက်တာပဲ ဟတ်ဂရစ်' ဟု ဆရာ စနိတ်က ချောနေအောင် ပြောသည်။ 'ဂရစ်ဖင်ဒါဆီက ငါးမှတ်ပဲ ဝီးဇလီ၊ ဒါထက် မပိုတာပဲ ကျေးဇူးတင်ဦး၊ ကဲ အားလုံးသွားကြတော့'

မာလ်ဖွိုင်း၊ ခရပ်၊ ဂွိုင်းလ်တို့သည် ခပ်ကြမ်းကြမ်းပင် တိုးဝှေ့၍ သစ်ပင်ကို ကျော်ဖြတ်သွားကြရာ အပ်တွေနှင့်တူသော ထင်းရှူးရွက်များသည် ပြန့်ကျဲကုန်သည်ကို ပြုံးဖြဲဖြဲ လုပ်သွားကြ၏။

'ငါနှင့် တွေ့မယ်' ဟု ရွန်က မာလ်ဖွိုင်း၏ နောက်ကွယ်တွင် အံကို ကြိတ်ရင်း ပြောသည်။ 'တစ်နေ့နေ့မှာပေါ့လေ၊ ငါနှင့် တွေ့မယ်'

'ငါတော့ သူတို့ နှစ်ယောက်စလုံးကို မုန်းတယ်' ဟု ဟာရီက ပြော၏။ 'မာလ်ဖွိုင်းနှင် ဆရာ စနိတ်ကိုပေါ့'

'ကဲပါကွာ ပျော်ပျော်နေကြစမ်းပါ၊ ခရစ္စမတ် ရောက်လုနီးနေပါပြီ' ဟု ဟတ်ဂရစ်က ပြော၏။ 'ဘာဆိုတာ ငါ ပြောပြမယ်၊ ငါနှင့် လိုက်လာပြီး မဟာခန်းမကြီးကို ကြည့်ကြစမ်း၊ စားသောက်ပွဲကြီးလား ထင်ကြရမယ်'

သို့ဖြင့် ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် ဟတ်ဂရစ်နှင့် သူ့ သစ်ပင်ကြီးတို့ မဟာခန်းမသို့ သွားသည်ကို လိုက်ပါသွားကြလေ၏။ မဟာခန်းမတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်နှင့် ပရိုဖက်ဆာ ဖလစ်ဝစ်တို့သည် ခရစ္စမတ် ပွဲတော် မွမ်းမံ ပြင်ဆင်မှုများဖြင့် အလုပ် ရှုပ်နေကြသည်။

'အား ဟတ်ဂရစ်၊ ဒါ နောက်ဆုံး အပင်ပဲ၊ ဟိုးအဝေးဆုံးက ထောင့်မှာ ထားပေးပါလား ဟင်'

ခန်းမကြီးသည် ရင်သပ် ရှုမောလောက်အောင် ခမ်းနား ကြီးကျယ်လှပေ၏။ ဆူးပန်းကြီးနှင့် မစ်ဆစ်လ်တိုး ပန်းကုံး ပန်းဆိုင်းတို့သည် နံရံပတ်လည်တွင် တွဲလွဲ ရှိနေကြပြီး အခန်းပတ်လည်တွင် မိုးနေသော ခရစ္စမတ် သစ်ပင်ကြီးများသည် ဆယ့်နှစ်ပေထက် မနည်း ရှိနေကြလေသည်။ အချို့ အပင်များမှာ ရေခဲ အချောင်းကလေးများဖြင့် လည်းကောင်း၊ အချို့အပင်များမှာ ရာနှင့်ချီသော ဖယောင်းတိုင်များဖြင့် လည်းကောင်း ပြောင်ပြောင်လက်လက် လင်းလင်းကျင်းကျင်း ဖြစ်နေကြပေ၏။

'ကျောင်းပိတ်ဖို့ ဘယ်နှရက်လောက် လိုသေးသလဲ' ဟု ဟတ်ဂရစ်က မေးသည်။

'တစ်ရက်ပဲ လိုတော့တယ်' ဟု ဟမိုင်းယွန်းနီက ပြော၏။ 'အဲ သတိရပြီတော့၊ ဟာရီ... ရွန်... နေ့လယ်စာ မစားခင် အချိန် တစ်နာရီ ရသေးတယ်၊ တို့ စာကြည့်တိုက်မှာ ရှိသင့်တာပေါ့'

'အာ ဟုတ်တာပေါ့၊ နင် မှန်တယ်' ဟု ရွန်က ပရိုဖက်ဆာ ဖလစ်ဝစ်ထံမှ မျက်စိကို လွှဲဖယ်ကာ ပြောသည်။ ပရိုဖက်ဆာ ဖလစ်ဝစ်သည် သူ့ဆေးကြိမ်လုံးမှ ရွှေရောင် ဆပ်ပြာပူဖောင်းများကို ပန်းပွင့်များပမာ ဖောဖောသီသီ ထွက်စေကာ သစ်ပင် အသစ်၏ သစ်ကိုင်းများပေါ်သို့ အတန်းလိုက် ရောက်စေသည်။

'စာကြည့်တိုက်ကို သွားကြမယ် ဟုတ်လား' ဟု ဟတ်ဂရစ်က ခန်းမကို သူတို့နောက်က လိုက်ထွက်လာရင်း ပြော၏။ 'ကျောင်းပိတ်ခါနီးမှာ သွားကြမယ်၊ တယ်လည်း ကြိုးစားနေပါကလား'

'အို ကျွန်တော်တို့ ကျောင်းစာကိစ္စ လုပ်မလို့ မဟုတ်ပါဘူး' ဟု ဟာရီက သူ့ကို တက်ကြွစွာ ပြောသည်။ 'ခင်ဗျား နီးကလပ် ဖလမ်းမဲလို့ ဆိုလိုက်ကတည်းက သူဟာ ဘယ်သူလဲ ဆိုတာ ကျွန်တော်တို့ ဖော်ထုတ်ဖို့ ကြိုးစားကြတော့တာပဲ'

'မင်းတို့ ဘာကွ' ဟတ်ဂရစ်က အထိတ်တလန့် ဖြစ်သွားသည်။ 'ဒီမှာ နားထောင်၊ အဲဒါကို မေ့ပစ်လိုက်ကြလို့ ငါ ပြောခဲ့ပြီ၊ ဟိုခွေးက ဘာကို စောင့်ကြပ်နေတယ် ဆိုတာ တို့နှင့် မဆိုင်ဘူး'

'နီးကလပ် ဖလမ်းမဲ ဆိုတာ ဘယ်သူလဲလို့ သိချင်တာပါပဲ' ဟု ဟမိုင်းယွန်းနီက ပြောသည်။

'ကျွန်တော်တို့ ဒုက္ခ နည်းသွားအောင် ခင်ဗျားက ပြောပြပါလား' ဟု ဟာရီက ဖြည့်စွက်ပြောသည်။ 'အခုဆို ကျွန်တော်တို့ဟာ စာအုပ်တစ်ရာလောက် ရှာပြီးပြီ၊ သူ့အကြောင်းကို ဘယ်မှာမှ ရှာမတွေ့ဘူး၊ အရိပ်အမြွက် ကလေးလောက် ပြောပါလား၊ ကျွန်တော် သိတယ်၊ သူ့နာမည်ကို တစ်နေရာရာမှာ ဖတ်ဖူးတယ်'

'ငါ ဘာကိုမှ မပြောဘူး' ဟု ဟတ်ဂရစ်က တုံးတိတိကြီး ပြောသည်။

'ဒါဆိုလည်း ကျွန်တော်တို့ ဘာသာ ရှာရတော့မှာပေါ့' ဟု ရွန်က ပြောပြီး သူတို့သည် မကျေမနပ်နှင့် သုန်သုန်မှုန်မှုန် ဖြစ်နေပုံရသော ဟတ်ဂရစ်နှင့် လမ်းခွဲကာ စာကြည့်တိုက်သို့ ခပ်သုတ်သုတ် သွားကြလေ၏။

ဟတ်ဂရစ် 'အာချောင်' သွားပြီးကတည်းက သူတို့သည် ဖလမ်းမဲ၏ နာမည်ကို စာအုပ်များထဲတွင် တကယ်ပင် ရှာဖွေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဒါကိုမှ မသိလျှင် ဆရာ စနိတ်သည် ဘာကို ခိုးဖို့ ကြံနေသည်ကို သူတို့ ဘယ်လိုလုပ်ပြီး ဖော်ထုတ်နိုင်ကြပါမည်နည်း။ ပြဿနာမှာ ဖလမ်းမဲက စာအုပ်ထဲ ပါလောက်အောင် ဘာတွေ လုပ်ခဲ့မှန်း မသိရသဖြင့် ဘယ်ကစ၍ ရှာရမည်ကို သူတို့ မသိကြခြင်းပင် ဖြစ်သည်။ 'နှစ်ဆယ်ရာစုမှ မှော်ဆရာကြီးများ' စာအုပ်ထဲတွင်လည်း သူ မပါ။ 'ကျွန်ုပ်တို့ခေတ်မှ မှတ်သားလောက်သော မှော်ပညာဆိုင်ရာ နာမည်များ' တွင်လည်း ပျောက်နေသည်။ 'အရေးကြီးသော ခေတ်မီ မှော်ပညာဆိုင်ရာ တွေ့ရှိချက်များ' တွင်လည်း မပါ။ 'မှော်ဆရာ အတတ်တွင် နောက်ဆုံး တိုးတက်လာမှုများကို လေ့လာချက်' တွင်လည်း မရှိချေ။ ရှာဖွေစရာ စာကြည့်တိုက် အရွယ်အစား သက်သက်ကိုပင် ကြည့်ပါဦး။ ထောင်ပေါင်းများစွာသော စာအုပ်များ၊ ထောင်ပေါင်း များစွာသော စာအုပ်စင်များ၊ ရာပေါင်း များစွာသော စာအုပ်တန်း ကျဉ်းကျဉ်း ကလေးများ ကျန်ပါသေး၏။

ဟမိုင်းယွန်းနီသည် သူ ရှာဖွေနိုင်ရန် ဆုံးဖြတ်ထားသည့် အကြောင်းအရာများ စာရင်းနှင့် စာအုပ် ခေါင်းစဉ်များ စာရင်းကို ထုတ်ယူသည်။ ရွန်ကတော့ စာအုပ်တန်းကို လျှောက်၍ စင်ပေါ်မှ စာအုပ်များကို စိတ်ထင်သလို ဆွဲယူ ကြည့်သည်။ ဟာရီက 'ကန့်သတ်အပိုင်း' ဆီသို့ အဲဒီမှာများ ဖလမ်းမဲ ရှိမလား ဟူသော စူးစမ်းမှုဖြင့် ကြည့်မိသည်။ ကံဆိုးသည့် အချက်က ကန့်သတ်ထားသော စာအုပ်များ အနက်မှ မည်သည့်စာအုပ်ကို ဖတ်လိုသည် ဖြစ်စေ ဆရာ တစ်ဦးထံမှ အထူးလက်မှတ် ရေးထိုးထားသော စာကလေး ပါခဲ့ရမည် ဖြစ်၏။ သူ့တွင် ဤစာမျိုး မရှိပါ။ ဤအပိုင်းမှ စာအုပ်များသည် ဟော့ဂဝပ်တွင် မသင်သော တန်ခိုးကြီးသည့် 'မိစ္ဆာမှော်ပညာ' အကြောင်းများနှင့် စပ်ဆိုင်သည်။ ဤစာအုပ်များကို အဆင့်မြင့်သော 'မိစ္ဆာအတတ်' (ဝါ) 'အောက်လမ်းပညာ' များကို ကာကွယ်ရေးအတွက် ကျောင်းသားကြီးများ လေ့လာ ဖတ်ရှုရမည့် စာအုပ်များ ဖြစ်ပါသည်။

'ဘာကိုများ ရှာနေကြသလဲ လူကလေးတို့'

'ဘာကိုမှ မရှာပါဘူး ခင်ဗျာ' ဟု ဟာရီက ပြောသည်။

စာကြည့်တိုက်မှူး မာဒမ် ပင့်စ်သည် ဖုန်လုံ တံမြက်စည်းဖြင့် သူ့ကို ဝင့်ပြသည်။

'ဒါဖြင့် ထွက်သွားရင် ကောင်းမယ်၊ သွားလေ ထွက်'

လုပ်ဇာတ် တစ်စုံတစ်ခု ဖန်တီးရေးတွင် မိမိသည် ပိုမို၍ လျင်မြန်သူ ဖြစ်ရလျှင် ကောင်းမည်ဟု ဖြစ်စေချင်ရင်းက ဟာရီသည် စာကြည့်တိုက်မှ ထွက်ခဲ့သည်။ ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် မာဒမ် ပင့်စ်အား ဖလမ်းမဲကို ဘယ်မှာ ရှာတွေ့နိုင်မည်လဲဟု မမေးသင့်ကြောင်းကို သဘောတူထားခဲ့ကြပြီး ဖြစ်လေသည်။ မာဒမ် ပင့်စ်က သူတို့အား ပြောပြနိုင်မှာ သေချာသော်လည်း သူတို့ ဘာကြံနေကြသည် ဆိုခြင်းကို ဆရာ စနိတ် ကြားသွားဖို့ သူတို့ မစွန့်ရဲကြချေ။

အခြား နှစ်ယောက်က တစ်စုံတစ်ရာများ တွေ့လေမည်လား ဆိုသည်ကို သိဖို့အတွက် ဟာရီသည် အပြင်ဘက် စင်္ကြံတွင် စောင့်ဆိုင်းနေသော်လည်း မျှော်လင့်ချက်တော့ များစွာ မထားပါ။ သူတို့သည် သီတင်းပတ် နှစ်ပတ်မျှ ရှာဖွေခဲ့ကြသည် မှန်သော်လည်း တကယ်တော့ စာသင်ချိန် တစ်ခုနှင့် တစ်ခုအကြားတွင် ရရှိသော ကတ်သီးကတ်သတ် အချိန်များတွင် ရှာဖွေခဲ့ကြခြင်း ဖြစ်သဖြင့် ဘာမျှ မတွေ့သည်မှာ အံ့ဩဖွယ် မဟုတ်ပါချေ။ သူတို့ တကယ်တမ်း လိုအပ်သည်ကတော့ မာဒမ် ပင့်စ်က လည်ကုပ်ပေါ်တွင် အသက်ရှူလေကို ထုတ်ခြင်း မခံရဘဲ ကြာမြင့်စွာ ကောင်းကောင်း ရှာဖွေနိုင်ခြင်းသာ ဖြစ်ပေသည်။

ငါးမိနစ် ကြာသောအခါ ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် သူ့ဆီသို့ ဦးခေါင်းတွေ ခါပြရင်း ရောက်လာကြ၏။ နေ့လယ်စာ စားရန် ထွက်သွားကြရတော့သည်။

'ငါ သွားနေတုန်း နင်တို့ ရှာနေကြမှာပဲ မဟုတ်လား' ဟု ဟမိုင်းယွန်းနီက ပြော၏။ 'နင်တို့ တစ်ခုခု တွေ့ရှိကြရင် ငါ့ဆီကို ဇီးကွက် လွှတ်လိုက်ကြနော်'

'ဖလမ်းမဲဟာ ဘယ်သူလဲ ဆိုတာ နင့် မိဘတွေကို မေးနိုင်သားပဲ' ဟု ရွန်က ပြောသည်။ 'နင့်မိဘတွေကို မေးတာ စိတ်ချရပါတယ်နော်'

'သိပ်စိတ်ချရတာပေါ့၊ သူတို့ နှစ်ယောက်စလုံးဟာ သွားစိုက်ဆရာတွေချည်းပဲ ဥစ္စာ' ဟု ဟမိုင်းယွန်းနီက ပြောသည်။

ကျောင်းပိတ်ရက်များ စတင်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ရွန်နှင့် ဟာရီတို့သည် ဖလမ်းမဲ အကြောင်း တွေးတောဖို့ ကောင်းကောင်းကြီး အချိန်ရကြ၏။ စုပေါင်းအိပ်ခန်းတွင် သူတို့ချည်းပဲ ရှိပြီး စုပေါင်း အနားယူခန်းတွင်လည်း ခါတိုင်းထက် ပို၍ နေရာလွတ် များသည်။ ထို့ကြောင့် သူတို့သည် မီးဖိုနားက လက်တင် ကုလားထိုင် ကောင်းကောင်းများကို ရနိုင်ကြ၏။ တံစို့ဖြင့် မီးတွင် ကင်၍ ရသော ပေါင်မုန့်၊ မုန့်ပျားသလက်၊ မလွှမြက် အမြစ်ဖြင့် ပြုလုပ်သည့်မုန့် စသည်တို့ကို ကင်သော အချိန်တွင် သူတို့သည် မာလ်ဖွိုင်းကို ကျောင်းထုတ်ပစ်စရာ နည်းလမ်းတွေကို ကြံကြ၏။ ထိုအကြံများမှာ တကယ် မဖြစ်နိုင်သော်လည်း ပြောနေရသည်ကပင် ပျော်စရာကောင်းလှသည်။

ရွန်ကလည်း ဟာရီအား မှော်ဆရာ စစ်တုရင် ထိုးနည်းကို သင်ကြားပေးသည်။ ဤစစ်တုရင် ထိုးနည်းသည် မတ်ဂယ်တို့၏ စစ်တုရင် ထိုးနည်းနှင့် ထပ်တူလောက်ပင် ရှိသော်လည်း ခြားနားသည်ကတော့ စစ်တုရင်ရုပ်များ အသက်ဝင်နေကြခြင်းသာ ဖြစ်၏။ စစ်ပွဲတွင် တိုက်ခိုက်နေကြသော စစ်တပ်များနှင့် များစွာ တူလှပေသည်။ ရွန်၏ အရုပ်တွေမှာ ဟောင်းနွမ်း၍ ပွန်းနေကြသည်။ သူ ပိုင်ဆိုင်ရသော အခြား ပစ္စည်း အားလုံးကဲ့သို့ပင် သူ့မိသားစုဝင် တစ်ဦးဦး ရှေးက ပိုင်ဆိုင်ခဲ့ဖူးသည့် ပစ္စည်းများသာ ဖြစ်ရသည်။ ယခု စစ်တုရင်ရုပ်များမှာလည်း သူ့အဘိုးပိုင် ဖြစ်ခဲ့သည်။ သို့ရာတွင် စစ်တုရင်ရုပ်များကတော့ လုံးဝ ချွတ်ယွင်းချက် ရှိနေသည့် အရာများတော့ မဟုတ်ပါ။ ရွန်က သူတို့အကြောင်း ကောင်းစွာ သိနေရကား သူ လိုသလို သူတို့ကို လုပ်စေရေးတွင် အခက်အခဲ မရှိခဲ့ချေ။

ဟာရီက ရှေးမတ် ဖင်နီဂန်ဆီက ငှားထားသော စစ်တုရင်ရုပ်များနှင့် ကစားရသည်ဖြစ်ရာ အရုပ်များသည် သူ့ကို လုံးဝ အယုံအကြည် မရှိကြချေ။ သူက အလွန်တော်သည့် ကစားသူ မဟုတ်သေးသဖြင့် အရုပ်များက သူ့ကို ပြန်၍ အကြံဉာဏ်ကို ကွဲပြားစွာ ပြန်အော်ပေးကြလေရာ စိတ်ရှုပ်ဖွယ် ဖြစ်ရသည်။ 'ကျုပ်ကို အဲဒီကို မပို့နှင့်လေ၊ ဟိုမှာ သူ့စစ်ကဲကြီးကို မတွေ့ဘူးလား၊ သူ့ကို မောင်းထုတ်လိုက်၊ သူ့ကို စားနိုင်လိမ့်မယ်'

ခရစ္စမတ် အကြိုနေ့တွင် ဟာရီသည် နောက်နေ့တွင် ကြုံရမည့် အစားအစာများနှင့်ပျော်ရွှင်ဖွယ်များကို မျှော်ငဲ့ရင်း အိပ်ရာဝင်သည်။ ခရစ္စမတ် လက်ဆောင် ရစရာ ဘာကိုမှတော့ သူ မမျှော်လင့်ပါ။ သို့သော်ငြားလည်း နောက်နေ့ နံနက်စောစောတွင် သူ ပထမဆုံး မြင်တွေ့ရသည်မှာ သူ့ ခုတင် ခြေရင်းတွင် အပုံကလေး ဖြစ်နေသော အထုပ်များပင် ဖြစ်တော့သည်။

ဟာရီက အိပ်ရာမှ လူးလဲထ၍ အဝတ်အစားတွေ ကောက်ဝတ်စဉ် 'ပျော်ရွှင်သော ခရစ္စမတ် ဖြစ်ပါစေ' ဟု ရွန်က အိပ်ချင်မူးတူးဖြင့် ပြော၏။

'မင်းလည်း ပျော်ရွှင်ပါစေ' ဟု ဟာရီက ပြောသည်။ 'ဒီမှာ ကြည့်ပါဦး၊ ငါ လက်ဆောင် ပစ္စည်း တချို့ကို ရတယ်ကွ'

'မင်းက ဘာတွေများ မျှော်လင့်ထားသလဲ၊ မုန်လာဥတွေလား' ဟု ရွန်က ဟာရီထက် များစွာ ပို၍ ကြီးသော သူ့အပုံကြီးဘက်သို့ လှည့်ကြည့်ရင်း ပြော၏။

ဟာရီက ထိပ်ဆုံးက ပါဆယ်ထုပ်ကို ကောက်ယူ၏။ အထုပ်မှာ ထူထဲသော စက္ကူအညိုဖြင့် ထုပ်ထားပြီး အထုပ်ပေါ်တွင် ကန့်လန့်ဖြတ်၍ လက်ရေးသော့ဖြင့် 'သို့ ဟာရီ – မှ ဟတ်ဂရစ်' ဟူ၍ ရေးထားသည်။ အတွင်းဘက်တွင် ခပ်ကြမ်းကြမ်း ထုထွင်းထားသည့် သစ်သားပလွေ ပါရှိသည်။ ဟတ်ဂရစ် ကိုယ်တိုင် ထုထွင်းထားသည်မှာ သိသာလှသည်။ ဟာရီက မှုတ်ကြည့်ရာ ဇီးကွက်အော်သလို ရှိလှသည်။

ဒုတိယကား အလွန် သေးငယ်သော ပါဆယ်ထုပ်ကလေး ဖြစ်၍ စာတစ်စောင် ပါသည်။

မင်းဆီက အကြောင်းကြားလိုက်တဲ့ စာကို ရလို့ မင်းအတွက် ခရစ္စမတ် လက်ဆောင်ကို ထည့်ပေးလိုက်တယ်။ မှ – ဦးလေး ဗာနွန်နှင့် ဒေါ်ဒေါ် ပဲ့ကျူးနီးယား။ စာတွင် ဆယ်လိုတိပ်နှင့် ကပ်ထားသည်ကား ပဲနီ ငါးဆယ်တန် ပိုက်ဆံ ဖြစ်ပေ၏။

'ဒါဆို ခင်မင်တဲ့ သဘောတော့ ရှိတာပဲ' ဟု ဟာရီက ပြောသည်။

ရွန်က ပဲနီ ငါးဆယ်တန် ပိုက်ဆံကို တပ်မက်မိ၏။

'ဆန်းသဟ' ဟု သူက ဆိုသည်။ 'ဘယ်လို ပုံပန်းပါလိမ့်၊ ဒါဟာ ပိုက်ဆံတဲ့လား'

'မင်း ယူလိုက်လေ' ဟု ဟာရီက ပြော၍ ရွန် အကျေနပ်ကြီး ကျေနပ်သွားသည်ကို ကြည့်၍ ရယ်မောမိသည်။ 'ဟတ်ဂရစ်ရယ်၊ ငါ့ဦးလေးနှင့် အဒေါ်ရယ်၊ ဒါတွေက ဘယ်သူက ပို့တာ ဖြစ်မလဲ'

'ဟိုဟာက ဘယ်သူ့ဆီကလဲ ဆိုတာ ငါသိတယ် ထင်တာပဲ' ဟု ရွန်က မျက်နှာ ပန်းရောင်သွေး အနည်းငယ် လွှမ်းရင်း ပွရောင်းရောင်း ပါဆယ်ထုပ်ကို ညွှန်ပြသည်။ 'ငါ့အမေပဲ၊ မင်းက ဘာလက်ဆောင်မှ ရမယ် မထင်ဘူးဆိုတာ ပြောပြလို့၊ ဟယ် လုပ်ပြန်ပါပြီ၊ မေမေက မင်းအတွက် ဝီးဇလီ ဆွယ်တာ ထိုးပေးတယ်' ဟု ညည်းတွား၏။

ဟာရီက ပါဆယ်ကို ဆုတ်ဖြဲဖွင့်ကြည့်ရာ ထူထဲသော မြစိမ်းရောင် လက်ထိုးဆွယ်တာနှင့် ကြီးမားသော အိမ်လုပ် ချောကလက်ထိုးမုန့် ဘူးကြီးကို တွေ့ရ၏။

'နှစ်တိုင်း အမေဟာ ငါတို့ကို ဆွယ်တာ ထိုးပေးတယ်' ဟု ရွန်က သူ့အထုပ်ကို ဖြေရင်း ပြောသည်။ 'ပြီးတော့ ငါ့အတွက်ကျတော့ အမြဲပဲ နီညိုရောင်လေ'

'သူ တကယ် စိတ်ကောင်း ရှိတာပဲ' ဟု ဟာရီက ပြော၍ ချောကလက်ထိုးမုန့်ကို မြည်းကြည့်ရာ အလွန် အရသာ ရှိလှသည်။

သူ၏ နောက်လက်ဆောင်မှာလည်း အချိုမုန့်ပင် ဖြစ်၏။ ဟမိုင်းယွန်းနီ ပေးပို့လိုက်သော 'ချောကလက်ဖား' ဘူးကြီး ဖြစ်သည်။

ဤတွင် ပါဆယ် တစ်ထုပ်သာ ကျန်တော့၏။ ဟာရီက ကောက်ယူ၍ လက်ဖြင့် စမ်းကြည့်သည်။ အတော်ပင် ပေါ့ပါးလှ၏။ သူက အထုပ်ကို ဖြေသည်။ အရည်လို ဖြစ်ကာ ငွေရောင်ပြေးနေသည့် မီးခိုးရောင် အရာဝတ္ထုသည် ကြမ်းပေါ်တွင် လျှော၍ တွန့်၍ ကျသွားသည်။ အရောင်လက်နေသော ခေါက်ရိုးများဖြင့် ငြိမ်သွား၏။ ရွန်က ပင့်သက်ဖိုသွားသည်။

'အဲဒါတွေ အကြောင်း ငါ ကြားဖူးတယ်' ဟု ရွန်က ဟမိုင်းယွန်းနီ ပို့လိုက်သော 'ရသာစုံပဲ' ဘူး လွတ်ကျပြီး လေသံတိုးတိုးဖြင့် ပြောသည်။ 'ငါထင်တာ ဖြစ်ရင်တော့ ဒါတွေဟာ တကယ်ပဲ ရှားပါးတယ်၊ တကယ်လည်း အဖိုးတန်တယ်'

'ဘာပါလိမ့်'

ဟာရီသည် တောက်ပြောင်နေသည့် ငွေရောင်အဝတ်ကို ကြမ်းပေါ်မှ ကောက်ယူ၏။ ထိတွေ့ရသည်မှာ ဆန်းကြယ်လှသည်။ ရေဖြင့် ရက်လုပ်ထားသည့် အဝတ်ကဲ့သို့ ရှိလှ၏။

'အဲဒါ ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီပဲ' ဟု ရွန်က ပြောစဉ် သူ့မျက်နှာပေါ်တွင် အံ့ဩသော လက္ခဏာ ပေါ်လွင်နေ၏။ 'ဟုတ်ပါတယ်၊ သေချာပါတယ်၊ ဝတ်ကြည့်စမ်းကွာ'

ဟာရီက အပေါ်ရုံ အင်္ကျီကြီးကို ပခုံးပေါ်ပတ်၍ ပစ်လွှမ်းလိုက်သည်။ ရွန်က ထ၍ အော်တော့၏။

'ဟုတ်တယ်၊ ငုံ့ကြည့်စမ်း'

ဟာရီက သူ့ခြေထောက်တွေကို ငုံ့ကြည့်သည်။ မရှိကြတော့ချေ။ သူသည် မှန်ဆီသို့ ပြေးသွား၏။ သေချာပါပြီ။ သူ့ရိပ်ပြန်သည် သူ့ကို ပြန်ကြည့်နေ၏။ ဦးခေါင်းသာ လေထဲတွင် ချိတ်တွယ်နေသလို ရှိနေပြီး သူ့ခန္ဓာကိုယ်မှာ လုံးဝ ကွယ်ပျောက်နေသည်။ သူသည် အပေါ်ရုံ အင်္ကျီကို ဦးခေါင်းပေါ် ဆွဲတင်လိုက်ရာ မှန်ထဲက သူ့ရိပ်ပြန်သည် လုံးဝ ကွယ်ပျောက်သွားလေတော့သည်။

'ဟိုမှာ စာကလေး တစ်စောင်' ဟု ရုတ်တရက် ရွန်က ပြောသည်။ 'အင်္ကျီထဲက စာကလေး တစ်စောင် ထွက်ကျလာတယ်'

ဟာရီက အပေါ်ရုံကို ဆွဲဖယ်၍ စာကို ဆုပ်ကိုင်လိုက်သည်။ သူရေးက မမြင်ဖူးသော ကျဉ်းကျဉ်းနှင့် ဝိုင်းဝိုင်း လက်ရေးဖြင့် အောက်ပါ စကားလုံးများကို ရေးထားသည်။

မင်းအဖေဟာ သူ မသေခင် ဒါကို ငါ့အား ပေးသွားတယ်။
မင်းဆီကို ပြန်ပေးဖို့ အချိန်ကျပြီ။
ဒါကို ကောင်းကောင်း အသုံးပြုပါ။
မင်းအတွက် အလွန်တရာ ပျော်ရွှင်ဖွယ်သော ခရစ္စမတ် ဖြစ်ပါစေ။

လက်မှတ်ရေးထိုးထားခြင်း မရှိပါ။ ဟာရီသည် စာကလေးကို စိုက်ကြည့်နေမိ၏။ ရွန်က အပေါ်ရုံ အင်္ကျီကြီးကို ချီးကျူးနေသည်။

'ဒါမျိုးအတွက် ဆိုရင် ငါတော့ ဘာကိုဖြစ်ဖြစ် ပေးမှာပဲ' ဟု သူက ပြောသည်။ 'ဘာကို ဖြစ်ဖြစ်ကွာ၊ ဟေ့ မင်းက ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူးကွာ' ဟု ဟာရီက ပြော၏။ သူသည် ထူးခြားစွာ ခံစားနေရသည်။ ဤအပေါ်ရုံ အင်္ကျီကို ဘယ်သူက ပို့လိုက်ခြင်း ဖြစ်ပါသနည်း။ တစ်ခါက ဒါကို သူ့အဖေ ပိုင်ဆိုင်ခဲ့ပါသလား။

သူသည် ဘာကိုမျှ မပြောနိုင်၊ မတွေးတောနိုင်ခင် စုပေါင်း အိပ်ခန်း တံခါးသည် ဝုန်းခနဲ ပွင့်သွားပြီး ဖရက်နှင့် ဂျော့ ဝီးဇလီတို့ ခုန်ဝင်လာကြ၏။ ဟာရီက အပေါ်ရုံ အင်္ကျီကို သူတို့ မမြင်အောင် ထိုးသွင်း၏။ ယခုအချိန်တွင် အခြားသူ တစ်ဦးတစ်ယောက်အား ဝေမျှ အသိပေးဖို့ သူ့စိတ်က မလိုလားချေ။

'ပျော်ရွှင်ဖွယ် ခရစ္စမတ်ပါ'

'ဟေ့ ကြည့်စမ်း၊ ဟာရီကလည်း ဝီးဇလီ ဆွယ်တာ ရတယ်ဟ'

ဖရက်နှင့် ဂျော့တို့သည် အပြာရောင် ဆွယ်တာများကို ဝတ်ထားကြ၏။ တစ်ထည်က အပေါ်တွင် ကြီးမားသော အဝါရောင် "F" အက္ခရာ ပါ၍ နောက်တစ်ထည်က အပေါ်တွင် ကြီးမားသော အဝါရောင် "G" အက္ခရာ ပါသည်။

'ဒါပေမဲ့ ဟာရီ့ဟာက တို့ထက် ပိုကောင်းတယ်ကွ' ဟု ဖရက်က ဟာရီ၏ ဆွယ်တာကို မြှောက်ပြရင်း ပြောသည်။ 'မင်းက မိသားစုဝင် မဟုတ်လို့ အမေဟာ ပိုပြီး လုံ့လစိုက်ပြီး ထိုးပေးတာ ထင်ရှားတယ်'

'ရွန် ဘာဖြစ်လို့ မင့်ဆွယ်တာကို ဝတ်မထားတာလဲ' ဟု ဂျော့က တောင်းဆိုသည်။ 'ကဲပါ ဝတ်စမ်း၊ အမေ့ ဆွယ်တာတွေဟာ နှစ်သက်စရာ ကောင်းပြီး နွေးလည်း နွေးတယ်'

'ငါက နီညိုရောင်ကို မုန်းတယ်' ဟု စိတ်မပါတပါနှင့် ဆွယ်တာကို ခေါင်းပေါ်က စွပ်ချရင်း ညည်းတွားသည်။

'မင်း ဆွယ်တာပေါ်ကျတော့ အက္ခရာ မပါဘူးကွ' ဟု ဂျော့က သတိပြုမိသည်။ 'မင်းက မင့်နာမည်ကို မမေ့ဘူးလို့ အမေ ထင်ထားလို့ ဖြစ်မှာပါ၊ ဒါပေမဲ့ ငါတို့ကလည်း ငတုံးတွေ မဟုတ်ကြပါဘူး၊ ငါတို့ကို ဂရက်နှင့် ဖော့လို့ ခေါ်တာ ငါတို့ သိပါတယ်'

'ဒီ ဆူဆူညံညံ ဖြစ်နေတာ ဘာသံတွေလဲ'

ပါစီ ဝီးဇလီက တံခါးပေါက်မှ ဦးခေါင်း ထိုးသွင်း၍ ပြောလာသည်။ သူ့မျက်နှာတွင် ဆူညံသံတွေကို မကျေမနပ် ဖြစ်နေပုံ ရ၏။ လက်ဆောင် ပစ္စည်းတွေကို ဖြေကြည့်ရာက တစ်ဝက်တစ်ပျက်နှင့် ထလာခဲ့သည်မှာ ထင်ရှားသည်။ ပွရောင်းရောင်း ဆွယ်တာကို သူ့လက်မောင်းပေါ်တွင် တင်လာသည်။ ထိုဟာကို ဖရက်က ဖမ်းဆွဲ၏။

'ပီ အက္ခရာ ပရီဖက် (အတန်းခေါင်းဆောင်) ပေါ့၊ ဝတ်စမ်းပါ၊ ပါစီ လာပါ၊ တို့အားလုံး ဝတ်ထားကြတယ်၊ ဟာရီတောင်မှ တစ်ထည် ရသေးတယ်လေ'

'ငါ...မဝတ်...ချင်...' အမြွှာညီနောင်တို့က ဆွယ်တာကို သူ့ခေါင်းပေါ်က အတင်းဆွဲချရာ သူ့မျက်မှန်ပင် တိုက်မိ၍ ရွဲ့စောင်းသွားစဉ် ပါစီက ဗလုံးဗထွေးနှင့် ပြောလိုက်ခြင်း ဖြစ်၏။

'ပြီးတော့ မင်းဟာ ဒီနေ့မှာ အတန်းခေါင်းဆောင်တွေ ကြားမှာ သွားမထိုင်ရပါဘူး' ဟု ဂျော့က ပြောသည်။ 'ခရစ္စမတ်ဆိုတာ မိသားစု အတွက် ကာလ သမယပါကွာ'

သူတို့သည် ပါစီကို နောက်မှနေ၍ တွန်းကာ အခန်းပြင်သို့ ထွက်သွားကြ၏။ ဆွယ်တာကြီးကို အပေါ်က စွပ်ချထားသဖြင့် ပါစီ၏ လက်များမှာ ကိုယ်ခန္ဓာဘေးတွင် ကပ်၍ ချုပ်မိနေကြသည်။

ဟာရီသည် တစ်သက်နှင့် တစ်ကိုယ် ဘယ်တုန်းကမှ ဤသို့သော ခရစ္စမတ် ညစာမျိုးကို မစားဖူးခဲ့ပါ။ အကောင် တစ်ရာလောက် ရှိသော ဝဖီးနေသည့် ကြက်ဆင်ကင်များ၊ တောင်လိုပုံနေသည့် အာလူးကင်၊ အာလူးပြုတ်များ၊ ဘဲဥပုံ ပန်းကန်ပြားကြီးများဖြင့် ထည့်ထားသော ဝက်အူချောင်းများ၊ ပန်းကန်ဖြင့် ထည့်ထားသော ထောပတ်ပါသည့် ပဲများ၊ ငွေလေ့ကလေးများလို ပြုလုပ်ထားသည့် ခွက်များ၌ ထည့်ထားသော ပျစ်နှစ်နေသည့် ဟင်းအနှစ်များနှင့် ကရန်ဘယ်ရီဆော့စ်၊ ထို့ပြင် မှော်ဆရာတို့၏ အတွင်းတွင် လက်ဆောင် အရုပ်ကလေးများ ပါသည့် ခရက်ကာဗျောက်အိုးများ ဟူသည်တို့သည် စားပွဲပြင် တစ်လျှောက်တွင် ပေအနည်းငယ်စီ တည်ရှိနေကြ၏။ ဤထူးခြားလှသော ခရက်ကာ ဗျောက်အိုးများသည် ဒါစလီတို့ ဝယ်ယူလေ့ ရှိသော၊ ပလတ်စတစ် အရုပ်ကလေးများနှင့် ပါးလွှာသော စက္ကူဦးထုပ်များသာ ပါသည့် မတ်ဂယ်တို့၏ အညံ့စား ဗျောက်အိုးများနှင့် ဘာမျှ မဆိုင်ပါ။ ဟာရီသည် ဖရက်နှင့် အတူ မှော်ဆရာ ခရက်ကာ ဗျောက်အိုးကို တစ်ဖက်စီက ဆွဲကြသည်တွင် ဖောင်းခနဲ မြည်ရုံသာ မဟုတ်ပဲ အမြောက်ပစ်သလို ပေါက်ကွဲပြီး သူတို့ကို အပြာရောင် မီးခိုးများသည် တိမ်တိုက်သဖွယ် လွှမ်းခြုံ ရစ်ပတ်သွား၏။ ပေါက်ကွဲသည့် အခိုက်တွင် အတွင်းက ရေတပ် ဗိုလ်ချုပ် ဦးထုပ်နှင့် ကြွက်ဖြူ

အရှင်ကလေးပေါင်း များစွာ ထွက်ကျလာကြတော့သည်။ အထူး စားပွဲတော်တွင်ကား ဒမ်ဗယ်လ်ဒေါသည် သူ၏ မှော်ဆရာ ဦးထုပ်ထိပ်ချွန် အစား ပန်းစိုက်ထားသော ဦးထုပ်ကို လဲလှယ် ဆောင်းထားကာ ပရိုဖက်ဆာ ဖလစ်ဝစ်က လောလောဆယ်ဆယ်တွင် ဖတ်ပြသည့် ရယ်စရာကြောင့် ဟက်ဟက်ပက်ပက် ရယ်နေလေသည်။

ကြက်ဆင် စားသောက်ခန်း အပြီးတွင် အငွေ့တထောင်းထောင်းနှင့် ပူတင်းမုန့်များ ရောက်လာသည်။ ပါစီသည် မုန့်ကို ဖဲ့စားသည်တွင် မုန့်ထဲ၌ ပါလာသော ဆစ်ကယ်ငွေပြား ပိုက်ဆံကို ကိုက်မိသဖြင့် သွားကျိုးတော့မတတ် ဖြစ်ရ၏။ ဟာရီ ကြည့်နေခိုက်တွင် ဟတ်ဂရစ်သည် ဝိုင်များကို ထပ်၍ ထပ်၍ တောင်းသောက်သဖြင့် မျက်နှာသည် ပို၍ ပို၍ နီမြန်းလာကာ နောက်ဆုံးတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်၏ ပါးကို နမ်းသည်။ ဟာရီ အံ့သြသွားရသည်ကား ထိုအခါတွင် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် မျက်နှာနီမြန်း ရှက်သွေးဖြန်းကာ ဦးထုပ်ကြီး စောင်းသွားလျက်ကပင် တခစ်ခစ် ရယ်နေခြင်း ဖြစ်၏။

နောက်ဆုံးတွင် ဟာရီသည် စားပွဲမှ ထလာသောအခါ ခရက်ကာ ဗျောက်အိုးတွေထဲက ထွက်လာသော အရာများဖြင့် တစ်ပွေ့တစ်ပိုက်ကြီး ရလာခဲ့သည်။ ထိုအရာများထဲတွင် မပေါက်ကွဲနိုင်သော အရောင်လက်နေသည့် ပူဖောင်းတစ်ထုပ်၊ အသားမာများ ပေါက်အောင် လုပ်စရာ ပစ္စည်း ကိရိယာဘူး၊ သူ့ကိုယ်ပိုင် မှော်ဆရာ စစ်တုရင် အစုံသစ် ဟူသည်တို့ ဖြစ်ပေ၏။ ကြွက်ဖြူများကား ပျောက်ကွယ်သွားကြသည် ဖြစ်ရာ ဟာရီက သူတို့သည် မစ္စက် နော်ရစ်၏ ခရစ္စမတ် ညစာ အဖြစ် နိဂုံးချုပ်ကြလေမည်လားဟု မတော်မလျော် တွေးတောမိသေးသည်။

ဟာရီနှင့် ဝီးဇလီတို့သည် ခြံမြေများထဲတွင် နှင်းဘောလုံး တိုက်ပွဲကို ပြင်းပြင်းထန်ထန် ဆင်နွှဲခြင်းဖြင့် နေ့လယ်ခင်း၊ ညနေစောင်း အချိန်တို့ကို သုံးစွဲခဲ့ကြလေ၏။ ထိုနောက် အေးစိမ့် စိုထိုင်းပြီး အသက်တွေ ဖုတ်လှိုက် မီးဖိုဆီသို့ ပြန်လာခဲ့ကြသည်။ ထိုစုပေါင်း အနားယူခန်းတွင် ဟာရီသည် သူ၏ စစ်တုရင် အစုံကို ရွန်အား လှလှပပကြီး ရှုံးလိုက်ခြင်းဖြင့် စတင် အသုံးပြုလိုက်သည်။ အကယ်၍သာ ပါစီက သူ့ကို ဝင်ရောက် ကူညီခြင်း မပြုလျှင် သူသည် ဤမျှလောက် ဆိုးဆိုးဝါးဝါးကြီး ရှုံးပါ့မလား သံသယ ရှိပေ၏။

ကြက်ဆင် အသားညှပ်မုန့်များ၊ ဘတ်တာကိတ်များ၊ ကရိမ်ပါသော မုန့်ချိုပွပွများ၊ ခရစ္စမတ်ကိတ် ဟူသည်တို့နှင့်အတူ လက်ဖက်ရည် သောက်ပြီးကြစေ အခါတွင်ကား အားလုံးသည် အိပ်ရာ မဝင်မီ ဘာမျှ မလုပ်ချင်လောက်အောင် ဗိုက်ပြည့် အိပ်ငိုက်ချင်လာ၏။ သို့သော် တစ်ခုကိုတော့ သူတို့ လုပ်ကြပါသည်။ ယင်းသည်ကား ဖရက်နှင့် ဂျော့တို့က သူ၏ အတန်းခေါင်းဆောင် တံဆိပ်ကို ခိုးယူသွားကြပါသည်ဟု ဆိုကာ ပါစီသည် သူတို့ကို ဂရစ်ဖင်ဒါ မျှော်စင် အဆောင် တစ်ခုလုံးကို ပတ်၍ လိုက်သည်ကို ထိုင်၍ ကြည့်နေကြခြင်းကိုတော့ လုပ်ကြပါ၏။

ဤဟာသည် ဟာရီအတွက် အကောင်းဆုံးသော ခရစ္စမတ်နေ့ ဖြစ်ခဲ့ရသည်။ သို့တိုင်အောင် တစ်စုံတစ်ခုသည် သူ့စိတ်၏ အတွင်းပိုင်းတွင် တစ်နေ့ပတ်လုံး ဒုက္ခပေးနေသည်။ အိပ်ရာထဲ ဝင်တော့မှ ထိုအကြောင်း တွေးတောရန် အားလပ်သွားသည်။ ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီနှင့် ထိုအင်္ကျီကို မည်သူက ပို့လိုက်သလဲ ဟူသော အကြောင်း ဖြစ်၏။

ကြက်ဆင်နှင့် ကိတ်မုန့်တို့ဖြင့် ဗိုက်ပြည့်နေပြီး သူ့ကို ဒုက္ခပေးမည့် အသိခက် လျှို့ဝှက်သည့် အရာ ဆို၍လည်း ဘာမျှ မရှိသော ရွန်သည် ခုတင်တိုင်များမှ ခြင်ထောင်ကို ဆွဲချ ပြီးလျှင် ပြီးချင်း အိပ်ပျော်သွားတော့သည်။ ဟာရီသည် ခုတင်ဘေးမှ ကိုယ်ကို ကိုင်းလိုက်ပြီး အောက်က အပေါ်ရုံ အင်္ကျီကို ဆွဲထုတ်လိုက်သည်။

သူ့အဖေ၏ ပစ္စည်း… ဒါဟာ သူ့အဖေ၏ ပစ္စည်း ဖြစ်ခဲ့သည်။ အကျီကို လက်ပေါ်တွင် ပြေးစေသည်။ ပိုးထည်ထက် ပို၍ ချောမွတ်ပြီး လေထက် ပို၍ ပေါ့ပါးသည်။ ဒါကို ကောင်းကောင်း အသုံးပြုပါ… စာကလေးက ဤသို့ ဆိုသည်။

သူ စမ်းကြည့်ပါတော့မည်။ ယခုပင် စမ်းကြည့်ရပါတော့မည်။ သူသည် ခုတင်ပေါ်မှ လျှောဆင်းလိုက်ပြီးနောက် အပေါ်ရုံ အကျီဖြင့် ကိုယ်ကို ပတ်၏။ သူ့ခြေထောက်တွေကို ငုံ့ကြည့်သောအခါ လရောင်နှင့် အရိပ်များကိုသာ တွေ့ရတော့သည်။ အလွန်ပင် ပျော်စရာ ကောင်းသော ခံစားမှုကို ခံစားရသည်။

ချက်ချင်းပင် သူသည် မျက်လုံးတွေ ကျယ်သွား၏။ ဤအပေါ်ရုံ အကျီနှင့် ဆိုလျှင် ဟော့ဂဝပ် တစ်ခုလုံးသည် သူ့အတွက် လမ်းပွင့်နေသည်။ အမှောင်ထုနှင့် တိတ်ဆိတ်မှု အောက်တွင် ရပ်နေရင်းက စိတ်လှုပ်ရှားမှုသည် သူ့ကို လွှမ်းသွား၏။ ဤအကျီနှင့် ဆိုလျှင် သူသည် ဘယ်ကိုမဆို သွားနိုင်၏။ ဘယ်ကိုမဆို… ပြီးတော့ ဖစ်ချ်က ဘယ်လိုမှ သိမည်မဟုတ်။

ရွန်က အိပ်ရင်း ဝက်လို အသံပြုသည်။ ဟာရီက သူ့ကို နှိုးသင့်သလား။ တစ်စုံတစ်ခုက သူ့ကို မလှုပ်ဖို့ ဆွဲထားသည်။ သူ့ဖခင်၏ အပေါ်ရုံ အကျီ၊ ဤအကြိမ်… ဤပထမဆုံး အကြိမ်တွင်တော့ သူတစ်ယောက်တည်း အသုံးပြုလိုသည်ဟု စိတ်တွင် ခံစားမိ၏။

သူသည် စုပေါင်းအိပ်ခန်းမှ ချွတ်နင်းထွက်လာသည်။ လှေကားကိုဆင်း၊ စုပေါင်း အနားယူခန်းကို ဖြတ်၊ ပန်းချီကား တွင်းပေါက်ကို ကျော်တက်၏။

'ဘယ်သူလဲဟေ့' ဟု အမျိုးသမီး ဝဝကြီးက စူးရှစွာ အော်မေးသည်။ ဟာရီက ဘာမျှ မပြောချေ။ သူသည် စင်္ကြံလမ်း တစ်လျှောက် လျင်မြန်စွာ လျှောက်သွားသည်။

သူ ဘယ်သွားရင် ကောင်းမလဲ။ သူ ရပ်လိုက်၏။ သူ့နှလုံးသည် အရမ်း ခုန်နေသည်။ သူ တွေး၏။ အတွေးပေါက်လာတော့သည်။ စာကြည့်ခန်းထဲက 'ကန့်သတ်အပိုင်း' ကိုပေါ့။ သူ ကြိုက်သလောက် ကြာကြာ ဖတ်နိုင်တော့မည်။ ဖလမ်းမဲ ဘယ်သူဆိုတာ သိရှိရလောက်အောင် ကြာကြာ ဖတ်နိုင်တော့မည်။ ရှိန်းဆာယာ အပေါ်ရုံ အကျီကို ကိုယ်တွင် ကပ်နေအောင် ဆွဲထားရင်း သူသည် စာကြည့်တိုက်သို့ ဦးတည် လျှောက်ခဲ့လေ၏။

စာကြည့်တိုက်သည် ပိန်းပိတ်အောင် မှောင်နေပြီး ကြောက်စရာကောင်းလှသည်။ ဟာရီသည် စာအုပ်တန်းများ တစ်လျှောက် လမ်းကို မြင်ရစေရန် မီးအိမ်ကို ထွန်း၏။ ဟာရီ အနေဖြင့် သူ့လက်က မီးအိမ်ကို ထိတွေ့ထားသည်ကို ခံစားနိုင်သည့်တိုင်အောင် မီးအိမ်သည် လေထဲတွင် လွင့်မျောနေသလို မြင်နေရသည်မှာ ကျောစိမ့်စေ၏။

'ကန့်သတ်အပိုင်း' သည် စာကြည့်တိုက်၏ နောက်ပိတ်ဆုံး နေရာတွင် ရှိလေသည်။ ထိုစာအုပ်များနှင့် အခြား စာအုပ်များကို ခွဲခြားထားသည့်ကြိုးကို အထူး ဂရုပြု၍ ကျော်ခဲ့ပြီးနောက် စာအုပ်ခေါင်းစီးများကို ဖတ်ရှုရန် သူသည် မီးအိမ်ကို မြှောက်ကိုင်ရ၏။

စာအုပ်ခေါင်းစီးများက သူ့အား များများစားစား မပြောနိုင်ပါ။ မှိန်ပျ၍ ကွာနေသော စာလုံးများက ပေါင်းပြသော ဘာသာစကားတွေကို ဟာရီ နားမလည်နိုင်ချေ။ အချို့ စာအုပ်များမှာ ခေါင်းစီးပင် လုံးဝ မရှိချေ။ စာအုပ်တစ်အုပ်တွင် အမည်းကွက်ကြီး တစ်ကွက် စွန်းထင်းနေရာ သွေးကွက်နှင့် ကြောက်မက်ဖွယ်ကောင်းအောင် ထင်မှတ်ရပေတော့သည်။ သူ့နောက်စေ့က ဆံပင်များ ထောင်လာကြ၏။ သူ့စိတ်က ထင်တာလည်း ဖြစ်ချင်ဖြစ်မည်။ တကယ် ဖြစ်တာလည်း ဖြစ်ချင်ဖြစ်မည်။ စာအုပ်တွေဆီက တီးတိုး စကားတိုးတိုး ပြောသံတွေလိုလို သူ

ကြားရသည်ဟု ထင်၏။ ဤနေရာသို့ မလာရောက်သင့်သူ တစ်ဦး လာရောက်နေသည်ကို သူတို့ သိသည့် အသွင်မျိုး ဖြစ်သည်။

သူ တစ်နေရာကတော့ စတင်ရမည်။ မီးအိမ်ကို ကြမ်းပေါ်သို့ ဂရုတစိုက် ချထားပြီး စာအုပ်စင်၏ အောက်ဆုံး အဆင့်တွင် စိတ်ဝင်စားဖွယ် ကောင်းသည်ဟု ထင်ရသော စာအုပ်ကို ရှာသည်။ ကြီးမားသော အနက်နှင့် ငွေရောင် စာအုပ်ကြီးကို မြင်မိ၏။ အလွန် လေးလံသည် ဖြစ်သောကြောင့် ခဲခဲယဉ်းယဉ်း ဆွဲထုတ်ကာ ဒူးပေါ်တင်၍ သူ့အရှိန်နှင့်သူ ပွင့်အောင် ဖွင့်ကြည့်သည်။

စူးရှ၍ သွေးခဲသွားစေသည့် အော်သံသည် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။ စာအုပ်က အော်နေသည်။ ဟာရီက ဖျတ်ခနဲ ပိတ်လိုက်၏။ သို့သော် အော်သံသည် ဆက်လက်၍ ထွက်ပေါ်နေ၏။ နားကွဲလောက်အောင် စူးရှပြီး အပြတ်အတောက် မရှိသော အော်သံ ဖြစ်သည်။ သူသည် နောက်ပြန်အဆုတ် ခလုတ်တိုက်မိရာ မီးအိမ်သည် ချက်ချင်း ငြိမ်းသွားတော့၏။ အပြင်ဘက်က စင်္ကြံအတိုင်း ပြေးချလာသော ခြေသံများကို ကြားသည်တွင် သူသည် ကြောက်လန့်တကြားနှင့် အော်နေသော စာအုပ်ကို စင်ပေါ်သို့ ပြန်၍ ထိုးသွင်းပြီး စင်္ကြံဆီသို့ ပြေးထွက်သည်။ တံခါးပေါက်နားတွင် ဖစ်ချ်နှင့်တန်းတိုး၏။ ဖစ်ချ်၏ ဖျော့တော့၍ မငြိမ်မသက်သော မျက်လုံး အကြည့်များသည် သူ့ကို ဖြတ်သန်းသွားသည်တွင် ဟာရီသည် ဆန့်ထားသော ဖစ်ချ်၏ လက်အောက်မှ လျှို၍ စင်္ကြံလမ်း အထက်ဘက်ဆီသို့ စွတ်ပြေးသည်။ စာအုပ်၏ အော်သံသည် သူ့နားထဲဝယ် တစီစီ ဖြစ်နေသေး၏။

မြင့်မားသော သံချပ်အကျီ ဝတ်စုံ ရှေ့သို့ ရောက်သောအခါ သူသည် ရုတ်တရက် ရပ်တန့်လိုက်သည်။ စာကြည့်တိုက်မှ ဝေးရာသို့ ပြေးရေးဖြင့် အလုပ် ရှုပ်နေခဲ့သည် ဖြစ်ရာ သူ ဘယ်ကို ဦးတည်နေသည် ဆိုခြင်းကို သူ သတိမပြုမိ ဖြစ်နေ၏။ မှောင်နေသောကြောင့် ဖြစ်ကောင်းဖြစ်မည်။ သူ ဘယ်နား ရောက်နေသည်ကို မမှတ်မိဖြစ်နေရ၏။ မီးဖိုချောင်နားတွင် သံချပ်အကျီ ဝတ်စုံ တစ်ခု ရှိသည်ကို သူသိသည်။ သို့သော် သူသည် မီးဖိုချောင်၏ အထက် ငါးထပ်လောက် ဖြစ်ရပေမည်။

'တစ်ယောက်ယောက်က ညဘက်မှာ လျှောက်သွားနေပြီး တစ်ယောက် ၁း စာကြည့်တိုက်ထဲက ကန့်သတ်အပိုင်းကို ရောက်နေသလား ဆိုပြီး ပရိုဖက်ဆာဆီကို တိုက်ရိုက် လာခဲ့ဖို့ ကျွန်တော့်ကို ခေါ်တယ် မဟုတ်လား'

ဟာရီ၏ မျက်နှာတွင် သွေးများဆုတ်သွား၏။ သူ ရောက်နေတာ မည်သည့် နေရာဖြစ်ဖြစ် ဖစ်ချ်သည် ဖြတ်လမ်းကို သိရမည်။ အဘယ်ကြောင့်ဆိုသော် ပျော့ပျောင်း၍ အရှိအသေလွန်သော သူ့အသံသည် တဖြည်းဖြည်း နီးလာနေပြီး ဖစ်ချ်ကို ပြန်ဖြေသူမှာ သူ အထိတ်တလန့် ဖြစ်မိစရာ ဆရာ စနိတ် ဖြစ်နေလေတော့သည်။

'ကန့်သတ်အပိုင်း ဟုတ်လား၊ သူတို့ ဝေးဝေး ရောက်ဦးမှာ မဟုတ်ဘူး၊ ငါတို့ မိနိုင်မယ်'

ဟာရီသည် ထိုနေရာတွင် သံမှိုစွဲသလို ရပ်နေမိခိုက် အရှေ့က ကွေ့တွင် ဖစ်ချ်နှင့် ဆရာ စနိတ်တို့ ကွေ့ထွက်လာကြသည်။ သူတို့က သူ့ကို မမြင်သည်ကတော့ မှန်ပါ၏။ သို့ရာတွင် စင်္ကြံလမ်းကလေးမှာ ကျဉ်းမြောင်းလှသည် ဖြစ်သဖြင့် အကယ်၍ သူတို့ သိပ်ကပ်လာလျှင် သူ့ကို ဝင်တိုးမိကြပေမည်။ အပေါ်ရုံ အကျီသည် သူ၏ အစိုင်အခဲ ဖြစ်မှုကို မဖြေဖျောက်နိုင်ပါ။

သူသည် တတ်နိုင်သလောက် မြန်မြန် နောက်ပြန်သွားသည်။ သူ့လက်ဝဲဘက်တွင် တံခါး တစ်ချပ်သည် ဟနေ၏။ ဤကား သူ့အတွက် တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်သည်။ သူသည် ကိုယ်ကို ဖိညှပ် တိုးဝှေ့၍ ဝင်၏။ တံခါးရွက် လှုပ်မသွားစေရန် အသက်ကို အောင့်ထားမိသည်။ သူတို့ ဘာကိုမျှ သတိမပြုမိဘဲ သူ အခန်းထဲကို ကြဖန်

ဝင်ရောက်နိုင်တော့မှ စိတ်သက်သာရာ ရသွား၏။ သူတို့ တည့်တည့်သို့ ဦးတည်၍ ဖြတ်သွားကြသည်။ ဟာရီသည် နံရံကို ကပ်ရင်း အသက်ကို ပြည့်ပြည့်ဝဝ ရှူကာ ဝေးသွားသော သူတို့၏ ခြေသံများကို နားစွင့်နေမိသည်။ ပွတ်သီးပွတ်သပ် ကပ်၍ လွတ်ခဲ့ရခြင်း ဖြစ်ပါ၏။ နောက်စက္ကန့် အနည်းငယ်ကြာမှ သူ ဝင်ပုန်းနေသော အခန်းကို သတိပြုမိ၏။

အခန်းကို ကြည့်ရသည်မှာ အသုံးမပြုတော့သော စာသင်ခန်း တစ်ခု ဖြစ်ပုံရသည်။ နံရံများတွင် စုပုံနေသော ခုံများ၊ ကုလားထိုင်များ၏ မည်းမည်းရိပ်များကို မြင်နေရသည်။ မှောက်ထားသော အမှိုက်ခြင်း တစ်ခုကိုလည်း တွေ့ရသည်။ သို့ရာတွင် သူ့ အရှေ့က နံရံကို မှီ၍ ထောင်ထားသော အရာ တစ်ခုသည် ဤအခန်းနှင့် မဆိုင်သလို ရှိ၏။ လမ်းဖယ်သည့် သဘောဖြင့် တစ်စုံတစ်ယောက်က ဒါကို ဒီထဲ လာထားခြင်း ဖြစ်သည်ဟု ယူဆရသည်။

ထိုဟာကား ခံ့ညား ထည်ဝါလှသည့် ကြည့်မှန်ကြီး တစ်ချပ် ဖြစ်၏။ မျက်နှာကြက်လောက်မြင့်သည်။ မွမ်းမံထားသော ရွှေပေါင်နှင့် ဖြစ်ပြီး အောက်ခြေတွင် ခြေသည်းကြီးများကဲ့သို့သော ခြေထောက်များဖြင့် ရပ်တည်နေ၏။ အပေါ်က ပေါက်ပေါ်တွင် အောက်ပါ စာတန်းကို ထွင်းထားသည်။

အယ်ရီဆက် စတြာ အေဟရူး အွိုက် အူဘဲ ကာဖရူး အွိုက် အွန်ဝို့ဆီ။

ဖစ်ချ်နှင့် ဆရာ စနိတ်တို့၏ အသံတွေ မရှိတော့သဖြင့် ယခုအခါတွင် သူ၏ ကြောက်လန့်မှုသည် ငြိမ်ကျသွားတော့သည်။ သူသည် ကြည့်မှန်ကြီးနားသို့ တိုး၍ ကပ်သွား၏။ သူ့ကိုယ်သူ ကြည့်ရန် ဖြစ်သည်။ သို့သော် သူ၏ ရိပ်ပြန်ကို မမြင်ရပြန်ချေ။ သူသည် မှန်၏ ရှေ့တည့်တည့်တွင် ရပ်လိုက်၏။

မအော်မိစေရန် သူ့ပါးစပ်ကို သူ့လက်များဖြင့် ပိတ်မိသည်။ ချာခနဲ ဘေးဘီသို့ လှည့်ကြည့်၏။ သူ့နှလုံးသည် စာအုပ်က အော်စဉ်ကထက် ပို၍ ပြင်းထန်စွာ ခုန်နေ၏။ အဘယ်ကြောင့်ဆိုသော် မှန်ထဲတွင် သူ့ကိုယ်သူတွင်မက သူ့နောက်နားတွင် ကပ်၍ ရပ်နေသော လူအုပ်ကိုပါ မြင်ရသည်။

သို့သော် အခန်းသည် ဟင်းလင်းဖြစ်နေ၏။ အသက် မြန်မြန် ရှူရင်း သူသည် မှန်ကို ပြန်လှည့်ကြည့်၏။

သူ့ ရိပ်ပြန်ကို မြင်ရသည်။ ဖြူဖပ်ဖြူရော်နှင့် ကြောက်လန့်နေသည်။ သူ့နောက်နားတွင် ရိပ်ပြန်ထင်နေသည်မှာ လူ ဆယ်ဦးလောက် ရှိ၏။ ဟာရီသည် သမင်လည်ပြန် လှည့်ကြည့်၏။ ဘယ်သူမှ မရှိသည်ကို တွေ့ရပြန်၏။ သူတို့ကော ကိုယ်ပျောက်နေကြပါသလား။ တကယ်ပဲ အခန်းထဲတွင် ကိုယ်ပျောက်နေသည့် လူတွေ ပြည့်နှက်နေပြီး ဤကြေးမုံပြင်က ကိုယ်ပျောက်သည် ဖြစ်စေ၊ မပျောက်သည် ဖြစ်စေ ရိပ်ပြန်ထင်တတ်ပါသလား။

သူသည် မှန်ထဲတွင် ပြန်ကြည့်ပြန်၏။ သူ့ရိပ်ပြန်၏ နောက်တည့်တည့်တွင် မိန်းမ တစ်ယောက်သည် ကပ်ရပ်နေပြီး သူ့ကို ရယ်ကာ လက်ဝှေ့ယမ်းပြ၏။ သူက လက်ကို ဆန့်၍ စမ်းကြည့်ရာ သူ့ကျောဘက်တွင် လေကိုသာ စမ်းမိ၏။ အကယ်၍သာ ထိုမိန်းမ ရှိခဲ့လျှင် လက်ဖြင့် စမ်းမိမည်သာ ဖြစ်၏။ ရိပ်ပြန်တို့သည် ဤမျှလောက် ကပ်နေသည်။ သို့သော် သူသည် လေကိုသာ စမ်းမိသည်ဖြစ်ရာ ထိုမိန်းမနှင့် အခြားသူများသည် မှန်ထဲတွင်သာ ရှိနေကြသည်။

ထိုမိန်းမသည် အလွန် လှပသည်။ သူ့မှာ အနီရင့်ရောင် ဆံပင် ရှိ၏။ မျက်လုံးတွေက... ဟင် ငါနှင့် တူလှချည့်ကလားဟု ဟာရီ တွေးမိသည်။ သူသည် မှန်နား ပို၍ တိုးကပ်သွား၏။ တောက်ပသော အစိမ်းရောင် မျက်လုံးများဖြစ်ပြီး ပုံသဏ္ဌာန်မှာလည်း သူ့မျက်လုံး ပုံသဏ္ဌာန် အတိုင်း ဖြစ်သည်။ ထိုနောက် ထိုမိန်းမ ငိုနေသည်ကို သူ သတိပြုမိ၏။ ရယ်နေရာက တစ်ချိန်တည်းတွင် ငိုနေ၏။ သူ့နောက်တွင် ရပ်နေသော အရပ်မြင့်မြင့်၊

ပိန်ပိန်ပါးပါး ဆံပင်အနက်နှင့် လူက အမျိုးသမီးကို သိုင်းဖက်လိုက်သည်။ ထိုသူသည် မျက်မှန် တပ်ထားပြီး ဆံပင်မှာ မသပ်မရပ် ရှိ၏။ ဆံပင်တို့သည် နောက်စေ့ဘက်တွင် ပြားကပ်နေ၏။ ဟာရီ၏ ဆံပင်များ အတိုင်းပင် ဖြစ်သည်။

ယခုအချိန်တွင် ဟာရီမှာ မှန်နှင့် အလွန် နီးကပ်နေသည် ဖြစ်သဖြင့် သူ့နှာခေါင်းသည် သူ့ရိပ်ပြန်ကိုပင် ထိမိလုနီးနီး ဖြစ်တော့သည်။

'မေမေလား…' ဟု သူက လေသံဖြင့် မေးသည်။ 'ဖေဖေလား'

သူတို့သည် သူ့ကို ရယ်၍သာ ကြည့်ကြ၏။ ထိုနောက် ဟာရီသည် ခပ်ဖြည်းဖြည်းပင် မှန်ထဲက အခြားလူများ၏ မျက်နှာတွေကို ကြည့်သည်။ သူ့မျက်လုံးတွေလို မျက်လုံးစိမ်းစိမ်းတွေ၊ သူ့နှာခေါင်းတွေလို နှာခေါင်းတွေ၊ ဟာရီ၏ အဖုအထစ်နှင့် ဒူးခေါင်းမျိုး ရှိသော သေးသေးကွေးကွေး အဘိုးအို တစ်ယောက်ပင် ပါဝင်သည်။ ဟာရီသည် ဘဝ တစ်သက်တာတွင် ပထမဆုံး အကြိမ် အဖြစ် သူ့မိသားစုကို မြင်ရခြင်း ဖြစ်၏။

ပေါ့တာ မိသားစုသည် ဟာရီကို လက်များ ဝှေ့ယမ်းပြကြရာ သူကလည်း တောင့်တခြင်း ပြင်းစွာဖြင့် သူတို့ကို ပြန်၍ စိုက်ကြည့်သည်။ သူ့လက်များဖြင့် မှန်ကို ဖိကပ်ထားသည်မှာ ထိုးဖောက် ဝင်ရောက်သွားပြီး သူတို့နှင့် တွေ့ရမလား မျှော်လင့်မိသောကြောင့် ဖြစ်၏။ သူ၏ ရင်ထဲတွင် ပျော်ရွှင်ခြင်း တစ်ဝက် လွန်မင်းစွာ ဝမ်းနည်းခြင်း တစ်ဝက်နှင့် နာကျင်သလို ခံစားရမှုသည် အားကောင်းစွာ ဖြစ်ပေါ်နေသည်။

သူသည် ထိုနေရာတွင် မည်မျှကြာအောင် ရပ်နေမိသည် မသိ။ မှန်ထဲတွင် ပေါ်နေသော ရိပ်ပြန်များသည်လည်း မှိန်ပျောက်မသွားချေ။ သူ ကြည့်ရင်း ကြည့်ရင်းပင် အဝေးမှ ဆူညံသံကြောင့် သတိပြန်ဝင်လာသည်။ သူ ဒီမှာ ရပ်နေ၍ မပြီးပါ။ လမ်းရှာ၍ ပြန်အိပ်ရပါမည်။ သူ့ မိခင်ထံမှ မျက်လုံးများကို အတင်း လွှဲဖယ်ပြီး လေသံဖြင့် 'ကျွန်တော် ပြန်လာခဲ့မယ်' ဟု ပြောကာ အခန်းထဲမှ သုတ်ခြေတင် ထွက်ခဲ့ရတော့သည်။

'မင်း ငါ့ကို နိုးဖို့ ကောင်းတယ်' ဟု ရွန်က စိတ်ကောက်သလို ပြော၏။

'ဒီည မင်း လိုက်ခဲ့၊ ငါ ပြန်သွားမယ်၊ မင်းကို ငါ မှန်ကြီးကို ပြချင်လို့'

'ငါက မင်းရဲ့ အမေနှင့် အဖေတို့ကို မြင်ချင်လို့' ဟု ရွန်က စိတ်ထက်သန်စွာ ပြောသည်။

'ငါကလည်း မင်းရဲ့ ဆွေမျိုး မိသားစု အားလုံး ဝီးဇလီတွေ အားလုံးကို တွေ့ချင်တာပဲ၊ မင်းရဲ့ တခြား ညီအစ်ကိုတွေနှင့် ကျန်တာ အားလုံးကို ငါ့ကို ပြနိုင်မှာပါ'

'ဒါတော့ မင်း အားရင် တွေ့နိုင်ပါတယ်' ဟု ရွန်က ပြော၏။ 'ဒီ နွေရာသီမှာ ငါ့အိမ်ကို လာခဲ့၊ ဘာပဲဖြစ်ဖြစ် အဲဒါက သေသူတွေကို ပြတာပဲ ရှိတယ်၊ ရက်စရာ ဖြစ်နေတာက ဖလမ်းမဲကို မတွေ့တာပဲ၊ ဝက်သားကင်လေး ဘာလေး စားပါဦးလား၊ ဘာဖြစ်လို့ ဘာမှ မစားတာလဲ'

ဟာရီ မစားနိုင်ပါ။ သူ့ မိဘတွေကို တွေ့ခဲ့ပြီး ဒီညလည်း တွေ့ရဦးမည်။ သူသည် ဖလမ်းမဲ အကြောင်း မေ့သလောက် ရှိနေ၏။ ဒါက သိပ်အရေးမကြီးသလို ဖြစ်နေပေပြီ။ ဦးခေါင်းသုံးလုံးနှင့် ခွေးက ဘာကို စောင့်နေနေ ဘာအရေးလဲ။ အဲဒါကို ဆရာ စနိတ်က ခိုးသွားရင်ကော ဘာဖြစ်မှာတဲ့လဲ။

'မင်း နေကောင်းရဲ့လား' ဟု ရွှန်က ပြော၏။ 'မင်းကို ကြည့်ရတာ တစ်မျိုးပဲ'
 ဟာရီ အစိုးရိမ်ဆုံး ဖြစ်နေသည်ကတော့ မှန်ရှိသည့် အခန်းကို ပြန်လည်၍ မသွားတတ်တော့မှာပင် ဖြစ်သည်။ ရွှန်ကိုလည်း အပေါ်ရုံ အင်္ကျီအောက်တွင် ထည့်၍ ခေါ်သွားရသည် ဖြစ်သောကြောင့် နောက်ညတွင် သူတို့သည် ဖြည်းဖြည်း လျှောက်ကြရသည်။ စာကြည့်တိုက်မှနေ၍ ဟာရီက ခရီးစဉ်ကို ခြေရာ ပြန်ကောက်ကာ မှောင်မိုက်သော စင်္ကြံလမ်းများတွင် တစ်နာရီနီးပါး တဝဲလည်လည် ဖြစ်နေကြ၏။

'ငါတော့ သွေးခဲချင်လာပြီ' ဟု ရွှန်က ပြောသည်။ 'အဲဒါကို မေ့ပစ်လိုက်ပြီး ပြန်ကြပါစို့ကွာ'

'ဟင့်အင်းကွာ' ဟု ဟာရီက ရှူးရှူးရှဲရှဲနှင့် ပြောသည်။ 'ဒီနားမှာ ဖြစ်ရမယ် ဆိုတာ ငါ သိတယ်'

အရပ်ရှည်ရှည် စုန်းတစ္ဆေ တစ်ယောက်သည် မျက်နှာချင်းဆိုင်ဘက်သို့ လျှော၍ ပျံသွားခြင်းကို သူတို့ ဖြတ်မိသည်က လွဲ၍ အခြား မည်သူနှင့်မျှ မတွေ့ပါ။ ရွှန်က သူ့ခြေထောက်တွေ ချမ်းလွန်းသဖြင့် ထုံကျဉ်လာပြီဟု ညည်းတွားစဉ် ဟာရီသည် သံချပ်အင်္ကျီ ဝတ်စုံကို မြင်သွားလေ၏။

'ဒီမှာ ... ဒါပဲ ... ဟုတ်တယ်'

သူတို့သည် တံခါးကို တွန်းဖွင့်လိုက်ကြ၏။ ဟာရီက ပခုံးထက်တွင် ပတ်ခြုံထားသော အပေါ်ရုံအင်္ကျီကို အောက်ချလိုက်ပြီးနောက် မှန်ဆီသို့ ပြေးသွားလေသည်။

ဟိုမှာ သူတို့ ရှိကြ၏။ သူ့မိခင်နှင့် ဖခင်တို့သည် သူ့ကို မြင်သောအခါ မျက်နှာတွေ ဝင်းကြည်သွားကြလေ၏။

'တွေ့လား' ဟု ဟာရီက လေသံဖြင့် မေးသည်။

'ငါ ဘာကိုမှ မမြင်ရဘူး'

'ကြည့်လေ၊ သူတို့ အားလုံးကို ကြည့်ပေါ့၊ သူတို့တွေက တစ်ပုံကြီးပဲ ဥစ္စာ'

'ငါတော့ မင်းကိုပဲ မြင်နေရတယ်'

'သေသေချာချာ ကြည့်စမ်းပါ၊ လုပ်လေ၊ ငါ ရပ်တဲ့ နေရာမှာ ရပ်ကြည့်'

ဟာရီက ဘေးဖယ်ပေး၏။ သို့ရာတွင် ရွှန်သည် မှန်ရှေ့တွင် ရပ်နေသဖြင့် သူ့ မိသားစုကို မမြင်ရတော့ပါ။ နူးညံ့သော ရောင်စုံ သိုးမွေးထည်နှင့် ရွှန်ကိုသာ တွေ့နေရပါသည်။

ရွှန်ကတော့ သူ့ရိပ်ပြန်ကိုပင် သူ ပြူးကြည့်နေ၏။

'ငါ့ကို ကြည့်' ဟု သူက ပြောသည်။

'မင်းရဲ့ ဆွေမျိုး မိသားစုတွေ မင့်နားမှာ ဝိုင်းမနေကြဘူးလား'

'ဟင့်အင်း ငါတစ်ယောက်တည်းပဲ၊ ဒါပေမဲ့ ငါဟာ တစ်မျိုး ဖြစ်နေပြီ၊ ငါ အသက်နည်းနည်း ကြီးသွားတယ်၊ ဟာ ငါဟာ လူရည်ချွန် ဖြစ်နေတယ်'

'ဘာကွ'

'ငါလေ… ငါဟာ ဘီလ် တပ်နေကျ တံဆိပ်မျိုးကို တပ်ထားတယ်၊ ငါက အသင်းအုပ်စု ဖလားနှင့် ကွစ်ဒစ်ချ် ဖလားတွေကို ကိုင်ထားတယ်၊ ငါဟာ ကွစ်ဒစ်ချ် အသင်း ကက်ပတိန်လည်း ဖြစ်နေပြီ'

ရွှန်သည် မြင်ကွင်းမှ မျက်လုံးတွေကို လွှဲဖယ်ပြီး ဟာရီကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။

'ဒီမှန်ဟာ အနာဂတ်ကို ပြတယ်လို့ မင်း ထင်သလား'

'ဘယ်လို ဖြစ်နိုင်မှာလဲ၊ ငါ့ မိသားစုတွေ အားလုံးက သေကုန်ပြီ၊ ငါ တစ်ခါ ထပ်ကြည့်ဦးမယ်'

'လွန်ခဲ့တဲ့ ညက မင်း တစ်ယောက်တည်း ကြည့်ပြီးပြီကော၊ ငါ့ကို အချိန်နည်းနည်း ပိုပေးပါကွာ'

'မင်းက ကွစ်ဒစ်ချ် ဖလားကို ကိုင်ထားတာပဲ ရှိတယ်၊ ဒါ ဘာစိတ်ဝင်စားစရာ ကောင်းလို့လဲ၊ ငါ့မိဘတွေကို ကြည့်ချင်တယ်ကွာ'

'မတွန်းနှင့်ကွာ'

အပြင်ဘက် စင်္ကြံမှ ရုတ်တရက် ထွက်ပေါ်လာသော ဆူညံသံက သူတို့၏ အချေအတင် ပြောနေခြင်းကို နိဂုံးချုပ်စေ၏။ သူတို့ ဘယ်လောက် ကျယ်ကျယ် စကားတွေ ပြောနေမိသည်ကို သူတို့ သဘောမပေါက်ခဲ့ကြချေ။

'မြန်မြန်…'

ရွှန်က အပေါ်ရုံ အင်္ကျီကို လွှားခနဲ ပစ်ခြုံလိုက်သည်တွင် မစ္စက် နောရစ်၏ တောက်ပြောင်သော မျက်လုံးများသည် တံခါးဆီမှ ကွေ့၍ ထွက်ပေါ်လာကြတော့သည်။ ရွှန်နှင့် ဟာရီတို့သည် ငြိမ်ငြိမ်ကလေး ရပ်၍ အကြောင်းအရာ တစ်မျိုးတည်းကို တွေးတောနေမိကြ၏။ အပေါ်ရုံ အင်္ကျီသည် ကြောင်တွေအတွက်ကော စွမ်းပါရဲ့လား။ ခေတ်တစ်ခေတ်လောက် ကြာသွားသလား မှတ်ရပြီးမှ ကြောင်မကြီးသည် ကွေ့ထွက်သွားလေသည်။

'ဒါ စိတ်မချရဘူး၊ သူဟာ ဖစ်ချ်ကို သွားခေါ်တာ ဖြစ်မယ်၊ တို့အသံကို သူ ကြားသွားတာ သေချာပါတယ်၊ ကဲ လာပါကွာ'

ရွှန်က ဟာရီကို အခန်းထဲမှ ဆွဲခေါ်သွားလေသည်။

နောက်နေ့နံနက်တွင် နှင်းခဲတို့သည် အရည်မပျော်သေးချေ။

'စစ်တုရင် ကစားမလား ဟာရီ' ဟု ရွှန်က ပြောသည်။

'ဟင့်အင်း'

'အောက်ဆင်းပြီး ဟတ်ဂရစ်ဆီ သွားလည်ရ မကောင်းဘူးလား'

'ဟင့်အင်း... မင်းသွားပေါ့'

'မင်း ဘာကို စဉ်းစားနေတယ်ဆိုတာ ငါသိပါတယ် ဟာရီ၊ ဟိုမှန်ကြီး မဟုတ်လား၊ ဒီည ပြန်မသွားပါနှင့်တော့ကွာ'

'ဘာလို့ မသွားရမှာလဲ'

'မပြောတတ်ဘူး၊ ငါ့စိတ်ထဲမှာ ထင့်နေတယ်ကွာ၊ ဘာပဲဖြစ်ဖြစ်လေ ခုတောင် မင်းဟာ ကပ်ကပ်ပြီး လွတ်လာတာ မနည်းတော့ဘူး မဟုတ်လား၊ ဖစ်ချ်၊ ဆရာ စနိတ်၊ မစ္စက် နောရစ်၊ သူတို့တွေဟာ လျှောက်သွားနေကြတာကွ၊ မင်းကို သူတို့က မမြင်ကြဘူး မဟုတ်လား၊ တကယ်လို့ မင်းကို ဝင်တိုးမိရင် ဘယ်လို ဖြစ်မလဲ၊ မင်းက တစ်ခုခုကို ခလုတ်တိုက်ရင် ဘယ့်နှယ် လုပ်မလဲ'

'မင်းဟာ ဟမိုင်းယွန်းနီနှင့် လေသံချင်း တူလာပြီ'

'ငါ အတည် ပြောနေတာပါ ဟာရီ၊ မသွားပါနှင့်ကွာ'

သို့ရာတွင် ဟာရီ၏ ဦးခေါင်းထဲတွင် စိတ်ကူး တစ်ခုသာ ရှိသည်။ ထိုစိတ်ကူးမှာ မှန်ရှေ့သို့ ပြန်သွားရန် ဖြစ်ပြီး ရွှန်က သူ့ကို တားရမည် မဟုတ်ခြင်းပင် ဖြစ်တော့သည်။

တတိယမြောက် ညတွင်တော့ သူသည် အရင်ကထက် ပို၍ မြန်မြန် လမ်းရှာတွေ့သည်။ သူသည် အလွန် လျင်မြန်စွာ လျှောက်နေရကား ဆူညံသံကို မလုပ်သင့်သည် အထိပင် လုပ်မိ၏။ သို့သော် သူ ဘယ်သူနှင့်မျှ မတွေ့ပါ။

သူ့ အမေနှင့် အဖေတို့သည် သူ့ကို ရယ်ပြကြပြန်သည်။ အဘိုး တစ်ယောက်ကဆိုလျှင် ဝမ်းမြောက်စွာပင် ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။ ဟာရီသည် မှန်ရှေ့ ကြမ်းပေါ်သို့ ထိုင်ချလိုက်သည်။ ဒီည တစ်ညလုံး သူ့မိသားစုနှင့် ဒီမှာ နေမည်ကို ဘာကမှ မတားဆီးနိုင်ပါ။ မည်သည့် အရာကမျှ မတားဆီးနိုင်။

ခြွင်းချက်တော့ ရှိပါ၏။

'သြ လာပြန်ပြီလား ဟာရီ'

သူ့ကိုယ်တွင်းက အင်္ဂါတွေ အားလုံး ရေခဲဖြစ်သွားသလို ဟာရီ ထင်မိတော့သည်။ နောက်ဘက်သို့ လှည့်ကြည့်သည်။ နံရံနားက စာသင်ခုံ တစ်ခုံပေါ်တွင် ထိုင်နေသူကား အခြားသူ မဟုတ်။ အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါပင် ဖြစ်တော့သည်။ ဟာရီသည် သူ့ရှေ့က ဖြတ်လျှောက်ခဲ့ပုံ ရ၏။ မှန်ဆီသို့ အငမ်းမရ သွားလိုလှခဲ့သောကြောင့် သူ့ကို သတိမထားမိခဲ့ခြင်း ဖြစ်ရမည်။

'ကျွန်တော်... ကျွန်တော် ... ဆရာ့ကို မမြင်မိဘူး'

'ကိုယ်ပျောက်တာဟာ မင်းကို ဘယ်လောက်တောင် မျက်စိမှုန်စေတယ်ဆိုတာ ဆန်းကြယ်လှတယ်နော်' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြောသည်။ သူ ရယ်မောနေခြင်းက ဟာရီကို စိတ်သက်သာရာ ရစေပါ၏။

'ဒီတော့...' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြောရင်း ခုံပေါ်မှ လျှောဆင်းကာ ကြမ်းပေါ်တွင် ဟာရီနှင့်အတူ ထိုင်လိုက်သည်။ 'မင်းလည်း မင်းရှေ့က လူပေါင်း တစ်ရာလောက်နည်းတူ အယ်ရီဆက် မြကြေးမုံရဲ့ မွေ့လျော်ဖွယ်တွေကို တွေ့ရှိသွားပြီ ဆိုပါတော့'

'ဒါကို အဲဒီလို ခေါ်မှန်း ကျွန်တော် မသိခဲ့ဘူး ဆရာ'

'ဒါပေမဲ့ ဒါက ဘာတွေ လုပ်တတ်တယ် ဆိုတာ ခုလောက်ဆိုရင် မင်း သဘောပေါက်လောက်ပြီလို့ ငါ ထင်ပါတယ်'

'အဲဒါက ကျွန်တော့်ဆွေမျိုး မိသားစုတွေကို ပြတယ်'

'ပြီးတော့ မင့်သူငယ်ချင်း ရွန်ကျတော့ လူရည်ချွန်လို ပြတယ်'

'ဆရာ ဘယ်လို သိသလဲ'

'ငါ ကိုယ်ပျောက်ဖို့အတွက် အပေါ်ရုံ အကျႌ မလိုပါဘူးကွာ' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက သာသာယာယာ ပြောသည်။ 'ကိုင်း အယ်ရီဆက် မြကြေးမုံက တို့အားလုံးကို ဘာတွေ ပြတယ် ဆိုတာ မင်း တွေးနိုင်ပြီလား'

ဟာရီက ခေါင်းခါပြသည်။

'ငါ ရှင်းပြမယ်၊ ကမ္ဘာပေါ်မှာ အပျော်ဆုံးလူဟာ အယ်ရီဆက် မြကြေးမုံကို ရိုးရိုးမှန်လို အသုံးပြုနိုင်တဲ့ လူပဲ ဖြစ်မယ်၊ ဆိုလိုတာက မှန်ထဲကို ကြည့်ရင် သူ့အတိုင်း အတိအကျ မြင်ရတယ်လို့ ဆိုလိုတာ၊ သဘောပေါက်သလား'
 ဟာရီက တွေသွားသည်။ ထို့နောက် ဖြည်းဖြည်းပြော၏။ 'သူက ကျွန်တော်တို့ ဘာလိုချင်တယ် ဆိုတာကို ပြတယ်၊ ဘာပဲဖြစ်ဖြစ် လိုချင်တာကို ပြတယ်'

'ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက အေးဆေးစွာ ပြောသည်။ 'သူက ငါတို့ရဲ့ နှလုံးသားထဲက အနက်ရှိုင်းဆုံးနှင့် အလိုလားဆုံး ဆန္ဒတွေကို အပိုအလို မရှိ အတိအကျ ဖော်ပြတာပဲ၊ မင်း ဆိုပါတော့၊ မင်းရဲ့ မိသားစုကို သိတောင် မသိခဲ့တော့ မင်းနားမှာ ဝန်းရံနေတာကို တွေ့တယ်၊ ရော်နယ် ဝီးဇလီကျတော့ အမြဲတမ်း သူ့အစ်ကိုတွေက လွှမ်းမိုးထားတာ ဖြစ်လို့ သူ့ဘာသာသူ ရပ်နေပြီး သူတို့ထဲမှာ အတော်ဆုံး အဖြစ် မြင်ရတယ်၊ ဒါပေမဲ့ အဲဒီမှန်က ငါတို့ကို ပညာကိုလည်း ပေးမှာ မဟုတ်ဘူး၊ အမှန်တရားကိုလည်း ပေးမှာ မဟုတ်ဘူး၊ လူတွေဟာ အဲဒီမှန်ရှေ့မှာ အချိန်တွေ အလဟဿ ဖြုန်းတီးကုန်ရတယ်၊ သူတို့ မြင်ရတာတွေကြောင့် ယစ်မူးနေရတယ်၊ ရူးသွပ်နေရတယ်၊ သူ ဖော်ပြနေတာ တကယ်လား၊ ဖြစ်နိုင်ချေကော ရှိသလား ဆိုတာတွေ ဘာမှ မသိဘဲ ရှိနေရတယ်။

'ဟာရီ နက်ဖြန်ဆိုရင် ဒီမှန်ကြီးကို နေရာသစ် ရွှေ့တော့မယ်၊ မင်း အဲဒါကို နောက်သွားမရှာဖို့ ငါက တောင်းဆိုပါတယ်၊ အဲဒီမှန်ကို သွားပြန်တွေ့ပြီဆိုရင် ခုကတည်းက အထုပ်အပိုး ပြင်ထားပေတော့၊ အိပ်မက်တွေနှင့်

နေနေပြီး အသက်ရှင်နေဖို့ မေ့ထားလို့ မဖြစ်ဘူးလေ၊ ဒါကို မှတ်ထားပါ၊ ကဲ ဟို ချီးကျူး အံ့သြလောက်တဲ့ အပေါ်ရုံ အင်္ကျီကြီးကို ပြန်ဝတ်ပြီး အိပ်ရာဝင်ပါတော့'

ဟာရီက မတ်တတ်ထလိုက်သည်။

'ဆရာ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါ ခင်ဗျာ၊ ကျွန်တော် တစ်ခု မေးပါရစေလား'

'တစ်ခု မေးပြီးပါပကောလား' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ရယ်၍ ပြောသည်။ 'ဒါပေမဲ့ နောက်တစ်ခု ထပ်မေးနိုင်ပါတယ်'

'အဲဒီမှန်ထဲကို ကြည့်ရင် ဆရာ ဘာကို မြင်ရသလဲ'

'ငါလား၊ ငါကြည့်တိုင်း ထူထူထဲထဲ သိုးမွေး ခြေအိတ် တစ်စုံကို ကိုင်ထားတာ တွေ့ရတာပဲ'

ဟာရီက ပြူးကြည့်သည်။

'ခြေအိတ် ဆိုတာ လောက်တယ် မရှိပါဘူး' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြော၏။ 'ခရစ္စမတ် တစ်ခုပြီး တစ်ခု လာလာသွားတယ်၊ ငါ့အတွက် ခြေအိတ် တစ်စုံမှ မရဘူး၊ လူတွေက ငါ့ကို စာအုပ်တွေချည်း ပေးကြတာပဲ'

အိပ်ရာထဲ ပြန်ရောက်တော့မှ ဟာရီသည် ဆရာ ဒမ်ဗယ်လ်ဒေါသည် အမှန်သက်သက်ချည်း ပြောသွားခြင်း ဟုတ်ချင်မှ ဟုတ်မည်ဟု တွေးမိ၏။ သို့သော် သူသည် စကတ်ဘားကို ခေါင်းအုံးပေါ်မှ မောင်းထုတ်ရင်း တွေးမိသည်ကား ထိုဟာသည် ကိုယ်ရေးကိုယ်တာ ပြဿနာသာလျှင် ဖြစ်ပေလိမ့်မည် ဟူ၏။

အခန်း ဆယ့်သုံး

နီးကလပ် ဖလမ်းမဲ

ဆရာ ဒမ်ဗယ်လ်ဒေါက ဟာရီအား 'အယ်ရီဆက် မြကြေးမုံ' ကို နောက်ထပ် သွားမကြည့်ဖို့ ယုံကြည် လက်ခံအောင် ပြောနိုင်ခဲ့သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ကျန်ရှိသော ခရစ္စမတ် ကျောင်းပိတ်ရက်များတွင် 'ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီ' သည် သူ့သေတ္တာ၏ အောက်ဘက်တွင် ခေါက်လျက်သား ရှိနေသောကြောင့် ဖြစ်လေသည်။ ဟာရီက မြကြေးမုံထဲတွင် သူ မြင်ခဲ့သမျှကို မေ့ပျောက်ပစ်နိုင်စေလိုသည်။ သို့သော် သူ မမေ့နိုင်ပါ။ အိပ်မက်ဆိုးတွေ မက်လာပါပြီ။ စူးရှသော အသံတစ်ခုက ရယ်မောလိုက်စဉ် အစိမ်းရောင် လင်းခနဲ အဖြစ်လိုက်တွင် သူ့မိဘများ ပျောက်ကွယ်သွားကြပုံကို ခဏ ခဏပင် အိပ်မက်တွေ မက်မက်နေတော့သည်။

'တွေ့လား၊ ဆရာ ဒမ်ဗယ်လ်ဒေါ ပြောတာ မှန်တယ်၊ အဲဟို မှန်က မင်းကို ရူးသွားစေနိုင်တယ်' ဟု ထိုအိပ်မက်များ အကြောင်းကို ဟာရီက ပြန်ပြောသောအခါတွင် ရွန်က ပြောသည်။

သင်တန်းတွေ ပြန်မစမီ တစ်ရက်အလိုတွင် ပြန်ရောက်လာသော ဟမိုင်းယွန်းနီက အမြင်တွေ တစ်မျိုး ရှိနေသည်။ ဟာရီက အိပ်ရာမှ ထပြီး ကျောင်းထဲတွင် သုံးညလုံးလုံး စည်းမဲ့ကမ်းမဲ့ ('ဖစ်ချ်က မိသွားရင် ဘယ်လို ဖြစ်မလဲ')

လျှောက်သွားခဲ့သည်ကို ကြားသောအခါ လန့်ဖျပ်သွားရမှုနှင့် နီးကလပ် ဖလမ်းမဲ ဘယ်သူဆိုတာ ဟာရီက မဖော်ထုတ်နိုင်သဖြင့် စိတ်ပျက်ရမှု အကြားတွင် ဗျာပါများရသည်။

ဟာရီက ဖလမ်းမဲ၏ နာမည်ကို တစ်နေရာရာတွင် ဖတ်မိခဲ့သည်မှာ သေချာသည်ဟု ဆိုနေလျက်ကပင် သူတို့သည် စာကြည့်တိုက်က စာအုပ်ထဲ၌ ဖလမ်းမဲကို တွေ့ရဖို့ မျှော်လင့်ချက်ကို လက်လျှော့လိုက်သလောက် ရှိကြပေ၏။ သင်တန်းတွေ ပြန်စသည်နှင့် တစ်ပြိုင်နက် သူတို့သည် စာသင်ချိန်တစ်ခုနှင့် တစ်ခုအကြား ရရှိသည့် ဆယ်မိနစ် ကာလတွင် စာအုပ်များကို ပျာယီးပျာယာ လှန်လှောကြ၏။ ဟာရီက အခြားနှစ်ယောက်ထက် အချိန်ကို လျှော့၍ ရသည်။ အဘယ်ကြောင့်ဆိုသော် ကွစ်ဒစ်ချ် လေ့ကျင့်ခန်းက ပြန်စပြီ ဖြစ်သောကြောင့်တည်း။

ဝုဒ်က အသင်းကို ခါတိုင်းထက် ပို၍ မောင်းနေ၏။ နှင်းများ နေရာတွင် အစားထိုး ရောက်ရှိလာသော မစဲနိုင်သည့် မိုးများထဲတွင်ပင် သူ့ စိတ်ဓာတ်များ ထိုင်းမှိုင်းမသွားပါ။ ဝီးဇလီတို့က ဝုဒ်သည် အနိုင်ရူး ရူးနေပြီဟု ဆိုကြသော်လည်း ဟာရီက ဝုဒ်၏ ဘက်မှ ရပ်သည်။ နောက် ကစားရမည့် ဟပ်ဖဲပတ်ကို နိုင်လိုက်လျှင် အသင်းလိုက် ဖိုလ်လုပွဲတွင် သူတို့သည် ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ် အဖြစ် ဆလိုင်သရင်ကို ကျော်နိုင်ပြီ ဖြစ်လိမ့်မည်။ နိုင်လိုသည့် ဆန္ဒဇော အပြင် သူသည် လေ့ကျင့်အပြီး မောပန်းလာသည့်အခါ အိပ်မက်ဆိုးများကို မြင်မက်မှု နည်းပါးလာသည်ကို သူ တွေ့ရသည်။

ထိုသို့ရှိစဉ် အထူးသဖြင့် မိုးရေ စိုစွတ်၍ ဗွက်ထနေသော လေ့ကျင့်ပွဲ တစ်ခုတွင် ဝုဒ်က သူ့အသင်းကို သတင်းဆိုး တစ်ခု ပြောကြားလေတော့၏။ တစ်ယောက်နှင့် တစ်ယောက် ဦးထိုး ဖုံးကြသလို လုပ်ရင်း တံမြက်စည်းများပေါ်မှ လိမ့်ကျသယောင် ပြုလုပ်ခြင်းကိုသာ ပြုလုပ်နေကြသော ဝီးဇလီ ညီနောင်ကို ဝုဒ်က ဒေါပွသွားခြင်း ဖြစ်သည်။

'မင်းတို့ ဗရုတ်ကျနေတာ မရပ်ဘူးလား' ဟု သူက အော်၏။ 'အဲဒါဟာ ငါတို့ အသင်း ရှုံးမယ့် အပေါက်ပဲ၊ ဒီတစ်ခါ ဆရာ စနိတ်က ဒိုင် လုပ်မှာ ဆိုတော့ သူက ဂရစ်ဖင်ဒါ အသင်းက အမှတ်တွေကို ဖဲ့ထုတ်ပစ်ဖို့ အချက်ကို ရှာနေမှာကွ'

ဤစကားကို ကြားသောအခါ ဂျော့ ဝီးဇလီသည် တံမြက်စည်းပေါ်မှ တကယ်ပင် ပြုတ်ကျတော့၏။

'ဆရာ စနိတ်က ဒိုင်လုပ်မယ်' ဟု သူက ပါးစပ်ထဲ ဝင်သော ရွှံ့တွေကြောင့် ဗလုံးဗထွေးနှင့် မေးသည်။ 'သူက ဘယ်တုန်းက ကွစ်ဒစ်ချ်ပွဲမှာ ဒိုင်လုပ်ဖူးလို့လဲ၊ ငါတို့က ဆလိုင်သရင်ကို နိုင်မယ်ဆိုရင် သူဟာ ဘယ်မှာ လာပြီး တရားမျှတတော့မှာလဲ'

ကျန်သော အသင်းသားများကလည်း ညည်းညူ ကန့်ကွက်ကြရန် ဂျော့၏ အနားသို့ ဆင်းသက်လာကြသည်။

'ဒါ ငါ့အပြစ် မဟုတ်ဘူး' ဟု ဝုဒ်က ပြော၏။ 'ငါတို့က သန့်သန့်ရှင်းရှင်း ကစားပြဖို့ လိုမယ်၊ ဒါဆိုရင် ဆရာ စနိတ်ဟာ တို့ဆီက အမှတ်ကိုလျှော့ဖို့ အချက်ရမှာ မဟုတ်ဘူး'

အားလုံး ကောင်းပါသည်ဟု ဟာရီက တွေးမိသည်။ သို့သော် သူ ကွစ်ဒစ်ချ် ကစားနေစဉ် ဆရာ စနိတ် အနားမှာ ရှိနေခြင်းကို မလိုလားခြင်း၌ သူ့မှာ အခြား အကြောင်း ရှိနေ၏။

လေ့ကျင့်မှု အပြီးတွင် ကျန်သော အသင်းများသည် ခါတိုင်းကဲ့သို့ စကားပြောရင်း နေရစ်ခဲ့ကြသော်လည်း ဟာရီသည် ဂရစ်ဖင်ဒါ စုပေါင်း အနားယူခန်းဆီသို့ တန်း၍ ပြန်လာခဲ့သည်။ ထိုအခန်းထဲတွင် ရွန်နှင့်

ဟမိုင်းယွန်းနီတို့ စစ်တုရင် ကစားနေကြသည်ကို တွေ့ရ၏။ စစ်တုရင်ထိုးခြင်းသည် ဟမိုင်းယွန်းနီ ရှုံးသော တစ်ခုတည်းသော အရာဖြစ်၍ ဟာရီနှင့် ရွန်တို့က စစ်တုရင်သည် သူ့အတွက် အကောင်းဆုံးအရာ ဖြစ်သည်ဟု ယူဆကြသည်။

'အခုနေ စကား လာမပြောနှင့်ကွာ' ဟု ဟာရီက သူ့ဘေးနား လာအထိုင်လိုက်တွင် ရွန်က ပြော၏။ 'ငါက စိတ်စူး...' သူက ဟာရီ၏ မျက်နှာထားကို မြင်သွားသည်။

'ဟင် မင်း ဘာဖြစ်သလဲ၊ မင့် ကြည့်ရတာ မနိုပ်ဘူးကွာ'

အခြားလူတွေ မကြားအောင် ဟာရီက အသံတိုးတိုးဖြင့် ကွစ်ဒစ်ချ်ပွဲတွင် ဒိုင်လုပ်ရန် ဟူသော ဆရာ စနိတ်၏ ရုတ်တရက် ပေါ်လာသော ဆန္ဒဆိုး အကြောင်းကို သူတို့ နှစ်ယောက်အား ပြောပြသည်။

'မကစားနှင့်ဟယ်' ဟု ဟမိုင်းယွန်းနီက ချက်ချင်း ပြော၏။

'နေမကောင်းဘူးလို့ ပြောပေါ့' ဟု ရွန်က ဆိုသည်။

'ခြေထောက် ကျိုးချင်ယောင် ဆောင်ပေါ့' ဟု ဟမိုင်းယွန်းနီက အကြံ ပြု၏။

'မင်း ခြေထောက်ကို တကယ် ချိုးပစ်လိုက်ကွာ' ဟု ရွန်က ပြောသည်။

'မဖြစ်ဘူးကွ' ဟု ဟာရီက ပြော၏။ 'ဆီကာမှာ အရန် မရှိဘူး၊ ငါ နောက်ဆုတ်လိုက်ရင် ဂရစ်ဖင်ဒါ လုံးဝ မကစားနိုင်တော့ဘူး'

ထိုအခိုက်တွင် နဲဗီးလ်သည် စုပေါင်း အနားယူခန်း အတွင်းသို့ ကျွမ်းပြန်ကျရောက်လာလေ၏။ ပန်းချီကား အပေါက်ကို သူ ဘယ်လိုလုပ် တက်ခဲ့သည် ဆိုခြင်းကိုတော့ အားလုံးက မှန်းဆယူကြရုံသာ ရှိတော့သည်။ အဘယ်ကြောင့်ဆိုသော် သူ့ ခြေထောက်များသည် ပူးကပ်နေကြသောကြောင့် ဖြစ်၏။ ဤသို့ ဖြစ်ရခြင်းကား 'ခြေချုပ်ပြုစားနည်း' ကြောင့် ဖြစ်ရသည် ဆိုခြင်းကို သူတို့ ချက်ချင်း သိလိုက်ကြပါသည်။ သူသည် ဂရစ်ဖင်ဒါ မျှော်စင်ကြီး တစ်လျှောက်လုံးကို ယုန်လို ခုန်၍ တက်ခဲ့သည် ဖြစ်ရမည်။

အားလုံးက ရယ်မောလိုက်ကြ၏။ ဟမိုင်းယွန်းနီ တစ်ယောက်ကသာ မရယ်မောဘဲ ခုန်ထကာ တန်ပြန် ပြုစားနည်းကို ပြုလုပ်တော့သည်။ နဲဗီးလ်၏ ခြေထောက်များသည် ဖျန်းခနဲ ပြန်ကွာသွားကြပြီး သူသည် မတ်တတ်ရပ်နိုင်၏။ တုန်ယင်နေသည်။

'ဘယ်လို ဖြစ်တာလဲ' ဟု ဟမိုင်းယွန်းနီက သူ့ကို ဟာရီနှင့် ရွန်တို့နှင့်အတူ ထိုင်စေရင်း မေးမြန်း၏။

'မာလ်ဖွိုင်းပေါ့' ဟု နဲဗီးလ်က တုန်ယင်လျက်က ပြန်ပြောသည်။ 'သူ့ကို စာကြည့်တိုက် အခန်းရှေ့မှာ တွေ့ခဲ့တာ၊ သူက ဒီပညာကို ဘယ်သူ့အပေါ် လေ့ကျင့်ကြည့်ရမလဲလို့ ရှာဖွေနေတာတဲ့'

'ပရိုဖက်ဆာ မက်ဂေါ်နဂေါ်ဆီကို သွား' ဟု ဟမိုင်းယွန်းနီက နဲဗီးလ်ကို တိုက်တွန်းသည်။ 'မာလ်ဖွိုင်း အကြောင်း သွားတိုင်'

နဲဗီးလ်က ခေါင်းခါပြ၏။

'ပြဿနာ ထပ်မပေါ်ချင်ဘူး' ဟု သူက ညည်းညူသည်။

'မင်း သူ့ကို ရင်ဆိုင် တွန်းလှန်ရမယ် နဲဗီးလ်' ဟု ရွန်က ပြော၏။ 'သူကတော့ လူတွေအားလုံး အပေါ် စော်ကားမော်ကား လုပ်လေ့ ရှိတာပဲ၊ ဒါပေမဲ့ အဲဒါကြောင့်တော့ သူ့ရှေ့မှာ ပြားပြားဝပ်ပြီး သူ လုပ်ချင်တိုင်း လုပ်လို့ လွယ်အောင် လုပ်ဖို့အကြောင်း မဟုတ်ဘူး'

'မင်းဟာ ဂရစ်ဖင်ဒါထဲ ပါနေနိုင်လောက်အောင် သတ္တိ မရှိဘူးလို့ မင်းက ငါ့ကို မပြောပါနှင့်တော့ကွာ၊ မာလ်ဖွိုင်းက ပြောထားပြီးပြီပဲဟာ' ဟု နဲဗီးလ်က ဆို့နစ်စွာ ပြောကြားသည်။

ဟာရီက သူ့ဝတ်ရုံအိတ်ထဲသို့ စမ်းကြည့်ပြီး 'ချောကလက်ဖား' ကို ဆွဲထုတ်လိုက်လေ၏။ ဟမိုင်းယွန်းနီက ခရစ္စမတ် လက်ဆောင် ပေးထားသော ဘူးထဲက နောက်ဆုံးတစ်ခု ဖြစ်သည်။ သူက ထိုဟာကို နဲဗီးလ်အား ပေး၏။ နဲဗီးလ်က ငိုမိတော့မလောက် ဝမ်းသာမိသည်။

'မင်းဟာ မာလ်ဖွိုင်း ဆယ့်နှစ်ယောက်လောက် တန်ဖိုး ရှိတယ်' ဟု ဟာရီက ပြော၏။ 'ရွေးချယ်ပေးသော ဦးထုပ်က မင်းကို ဂရစ်ဖင်ဒါ အတွက် ရွေးပေးတယ် မဟုတ်လား၊ ပြီးတော့ မာလ်ဖွိုင်းကျတော့ ဘယ်မှာလဲ၊ အပုပ်နံ့ ထွက်နေတဲ့ ဆလိုင်သရင်မှာ မဟုတ်လား'

နဲဗီးလ်၏ နှုတ်ခမ်းများသည် ယဲ့ယဲ့ကလေး ဖြစ်သော အပြုံးဖြင့် တွန့်လိမ်သွားရင်း 'ချောကလက်ဖား' ကို ဖြေသည်။

'ကျေးဇူးတင်တယ် ဟာရီရယ်၊ ငါ သွားအိပ်တော့မှ ထင်တယ်၊ မင်း ကတ်ပြားကလေး လိုချင်သလား၊ စုနေတယ် မဟုတ်လား ဟင်'

နဲဗီးလ် ထွက်သွားစဉ် ဟာရီက 'နာမည်ကျော် မှော်ဆရာ ကတ်ပြား' ကို ကြည့်လိုက်သည်။

'လာပြန်ပြီ ဆရာ ဒမ်ဗယ်လ်ဒေါပဲ' ဟု သူက ပြော၏။ 'ငါ ပထမဆုံး...'

သူ အသက်ရှူရပ်မိသည်။ ကတ်ပြားကလေး၏ ကျောဘက်ကို ပြူးကြည့်နေ၏။ ပြီးတော့ ရွန်နှင့် ဟမိုင်းယွန်းနီတို့ကို မော့ကြည့်တော့သည်။

'ငါ တွေ့ပြီဟေ့' ဟု သူက လေသံဖြင့် ပြော၏။ 'ငါ ဖလမ်းမဲကို တွေ့ပြီ၊ အရင်က တစ်နေရာရာမှာ ဒီနာမည်ကို ငါ ဖတ်ဖူးတယ်လို့ ငါ ပြောတယ် မဟုတ်လား၊ ဒီကို အလာ ရထားပေါ်မှာ ဖတ်မိတာကွ၊ နားထောင်ကြစမ်း၊ ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါသည် ၁၉၄၅ ခုတွင် အောက်လမ်း မှော်ဆရာ ဂရင်ဒယ်ဝေါ်ကို နှိမ်နင်းနိုင်ခဲ့၍ အထူး နာမည်ကျော်သည်၊ နဂါး၏ သွေး အသုံး ဆယ့်နှစ်မျိုးကို ဖော်ထုတ်နိုင်ခဲ့၍ လည်းကောင်း၊ သူ့ လုပ်ဖော် အတွဲဖြစ်သော နီးကလပ် ဖလမ်းမဲနှင့်အတူ လုပ်ကိုင်ခဲ့သော အဂ္ဂိရတ် လုပ်ငန်းကြောင့် လည်းကောင်း အထူး နာမည်ကျော်သည်'

ဟမိုင်းယွန်းနီသည် ခုန်ထမိ၏။ သူတို့၏ ပထမဆုံး အိမ်စာအတွက် အမှတ်တွေကို ပြန်ရသည့် အခါကာလ၏ နောက်တွင် ယခုအခါလောက် စိတ်လှုပ်ရှားသည်ကို မတွေ့ရချေ။

'ဒီမှာ နေကြဦး' ဟု ပြော၍ မိန်းကလေးများ စုပေါင်း အိပ်ခန်း လှေကားကို ပြေးတက်သွားတော့သည်။ ဟာရီနှင့် ရွန်တို့သည် တစ်ယောက်ကို တစ်ယောက် နားမလည်နိုင်သည့် အကြည့်မျိုးနှင့် ကြည့်၍မှ မပြီးဆုံးမီ သူသည် အပြေးအလွှား ပြန်လည် ရောက်ရှိလာလေသည်။ လက်ထဲတွင်လည်း ဧရာမ စာအုပ်ဟောင်းကြီး တစ်အုပ် ပါလာ၏။

'ငါ ဒီထဲမှာ ရှာကြည့်ဖို့ စိတ်ကူး မရခဲ့ဘူးဟယ်' ဟု သူက စိတ်လှုပ်ရှားစွာ တီးတိုးပြောသည်။ 'လွန်ခဲ့တဲ့ သီတင်းပတ်တွေက ငါ ဒါကို ခပ်ပေါ့ပေါ့ ဖတ်ဖို့ စာကြည့်တိုက်က ငှားလာတာ'

'ပေါ့ပေါ့ဖတ်ဖို့' ဟု ရွန်က ပြောမိ၏။ သို့သော် ဟမိုင်းယွန်းနီက သူ့ကို တိတ်တိတ်နေရန် ပြောပြီး စာအုပ်ထဲတွင် ရှာသည်။ ပါးစပ်ကလည်း တတွတ်တွတ် ရေရွတ်နေ၏။

နောက်ဆုံးတွင် သူ ရှာနေတာကို တွေ့သွားတော့သည်။

'ငါ သိတယ်၊ ငါ သိတယ်'

'ငါတို့ စကားပြောနိုင်ပြီလား' ဟု ရွန်က မှုန်တေတေနှင့် ပြော၏။ ဟမိုင်းယွန်းနီက သူ့ကို ဂရုမစိုက်ချေ။

'နီကလပ် ဖလမ်းမဲသည်…' ဟု သူက ဇာတ်ဆန်ဆန် လေသံဖြင့် ဖတ်၏။ 'တစ်ဦးတည်းသော ပြဒါးရှင်လုံး ပြုလုပ်သူ ဖြစ်သည်'

သူ မျှော်လင့်ထားသလို အကျိုးသက်ရောက်မှုတော့ ဖြစ်မလာချေ။

'ဘာ… ဘာ' ဟု ဟာရီနှင့် ရွန်တို့က ပြောကြ၏။

'အို တကယ်ပြောတာ၊ နင်တို့ နှစ်ယောက် မဖတ်ဘူးလား၊ ကြည့် ဟောဒီမှာ တွေ့လား'

သူက စာအုပ်ကို သူတို့ဆီ ထိုးပေးရာ ဟာရီနှင့် ရွန်တို့က ဖတ်ကြ၏။

အဂ္ဂိရတ် ဟူသော ရှေးဟောင်းပညာနှင့် ပတ်သက်နေသည်ကား အံ့သြဖွယ် တန်ခိုးများ ရှိသည် ဆိုသော ပါးစပ်သမိုင်းလာ 'ပြဒါးရှင်လုံး' ဆိုသည်ကို ပြုလုပ်ခြင်း ဖြစ်၏။ ထိုဓာတ်လုံးသည် မည်သည့် သတ္တုကို မဆို ရွှေအဖြစ်သို့ ပြောင်းလဲနိုင်သည်။ ထို့ပြင် 'ရသာယန ဇီဝဆေးရည်' ကိုလည်း ထုတ်လုပ်ပေးနိုင်သည် ဖြစ်ရာ သောက်သုံးသူကို မသေအောင် ပြုလုပ်ပေးလိမ့်မည်။

ရာစုနှစ်ပေါင်း များစွာကပင် ပြဒါးရှင်လုံးနှင့် ပတ်သက်၍ ဖော်ပြချက်များ များစွာ ရှိခဲ့သော်လည်း လောလောဆယ်ဆယ်တွင် ရှိနေသော တစ်ခုတည်းသော ပြဒါးရှင်လုံးသည် နာမည်ကျော် အဂ္ဂိရတ် ဆရာလည်း ဖြစ်၊ အော်ပရာ ဇာတ်ကို နှစ်သက်သူလည်း ဖြစ်သော မစ္စတာ နီးကလပ် ဖလမ်းမဲ ပိုင်ဆိုင်သည့် ပစ္စည်း ဖြစ်၏။ လွန်ခဲ့သော နှစ်က အသက် ခြောက်ရာ ခြောက်ဆယ့်ငါးနှစ်မြောက် မွေးနေ့ကို ကျင်းပခဲ့သော မစ္စတာ ဖလမ်းမဲသည်

ဒဲဗွန် အရပ်ဒေသတွင် ဇနီးဖြစ်သူ ပယ်ရင်နဲလ် (အသက် ခြောက်ရာ ငါးဆယ့်ရှစ်နှစ်) နှင့် အတူ အေးဆေးသော ဘဝတွင် ပျော်ရွှင်စွာ နေထိုင်လျက် ရှိပေ၏။

ဟာရီနှင့် ရွန်တို့ ဖတ်ပြီးသွားကြသောအခါ 'တွေ့ပြီလား' ဟု ဟမိုင်းယွန်းနီက ပြော၏။ 'ခွေးဟာ ဖလမ်းမဲရဲ့ ပြဒါးရှင်လုံးကို စောင့်နေတာ ဖြစ်ရမယ်၊ သူက ဆရာ ဒမ်ဗယ်လ်ဒေါကို သူ့အတွက် လုံခြုံတဲ့ နေရာမှာ သိမ်းထားပေးဖို့ ပြောတာ ဖြစ်ရမယ်လို့ လောင်းကြေးစားကြေး ငါ ပြောရဲတယ်၊ သူတို့တွေဟာ မိတ်ဆွေတွေ မဟုတ်လား၊ တစ်ယောက်ယောက်က ဒါနောက်ကို လိုက်နေတယ် ဆိုတာ သူ သိတာကိုး၊ ဒါကြောင့်ပဲ ပြဒါးရှင်လုံးကို ဂရင်းဂေါ့က ရွှေ့လာတာ ဖြစ်တယ်'

'ရွှေလုပ်နိုင်ပြီး သေမှာကို တားနိုင်တဲ့ ခဲတ်လုံး' ဟု ဟာရီက ပြော၏။ 'ဆရာ စနိတ် လိုက်နေတာလည်း မဆန်းဘူး၊ ဘယ်သူဖြစ်ဖြစ် လိုချင်မှာပဲ'

'နောက်ပြီးတော့ တို့ဟာ ဖလမ်းမဲကို ဟို မှော်ဆရာ အတတ်တွင် နောက်ဆုံး တိုးတက်လာမှုများကို လေ့လာချက် ဆိုတဲ့ စာအုပ်ထဲမှာ ရှာမတွေ့တာလည်း မဆန်းဘူးလေ' ဟု ရွန်က ပြောသည်။ 'သူဟာ အသက် ခြောက်ရာ ခြောက်ဆယ့်ငါးနှစ် ရှိပြီ ဆိုတော့ ဘယ်လိုလုပ်ပြီး နောက်ဆုံး ဖြစ်တော့မှာလဲနော်'

နောက်နေ့နံနက် 'မိစ္ဆာအတတ် (အောက်လမ်းပညာ) ကို ကာကွယ်ခြင်း' သင်တန်းတွင် သမန်းဝံပုလွေ (လူက ဖြစ်သော ဝံပုလွေ) ကိုက်ခြင်းကို ကုသသည့် နည်းအမျိုးမျိုးကို ရေးကူးနေကြရင်းက ဟာရီနှင့် ရွန်တို့သည် သူတို့တွင် ပြဒါးရှင်လုံး တစ်လုံး ရှိခဲ့သော် ဘာတွေ လုပ်မည် ဆိုသည်ကို ဆွေးနွေးနေကြဆဲ ဖြစ်၏။ ရွန်က သူ့ ကိုယ်ပိုင် ကွစ်ဒစ်ချ် အသင်းကို ဝယ်ထားမည်ဟု ပြောလိုက်သော အခါတွင်မှ ဟာရီသည် ဆရာ စနိတ်နှင့် လာမည့် ကွစ်ဒစ်ချ်ပွဲတို့ကို သတိရတော့သည်။

'ငါ ကစားမယ်' ဟု သူက ရွန်နှင့် ဟမိုင်းယွန်းနီတို့ကို ပြော၏။ 'တကယ်လို့ ငါ မကစားဘူး ဆိုရင် ဆလိုင်သရင်တွေ အားလုံးက ငါဟာ ဆရာ စနိတ်ကို မျက်နှာချင်းဆိုင်ရမှာ အရမ်း ကြောက်သွားပြီလို့ ထင်နေကြတော့မယ်၊ သူတို့ကို ငါပြမယ်၊ ငါတို့များ နိုင်ရင်တော့ကွာ၊ သူတို့ မျက်နှာက အပြုံးတွေကို တကယ်ပဲ ပွတ်သုတ်ပစ်လိုက်ရာ ရောက်သွားမှာ'

'အင်းပေါ့လေ၊ ငါတို့က နင့်ကို ချိုင့်ခွက်ထဲက ပွတ်သုတ်မပစ်လိုက်ဘူး ဆိုရင်ပေါ့' ဟု ဟမိုင်းယွန်းနီက ပြောသည်။

သို့ရာတွင် ကစားပွဲသည် နီးကပ်လာလေလေ သူက ရွန်နှင့် ဟမိုင်းယွန်းနီတို့ကို ဘယ်လိုပဲ ပြောထား ပြောထား ဟာရီသည် တုန်လှုပ်လာလေလေ ဖြစ်လာလေသည်။ အသင်းထဲမှ အခြားသူများသည်လည်း သိပ်ပြီး စိတ်အေးမနေကြပါ။ အသင်းလိုက် ဖိုလ်လုပွဲတွင် ဆလိုင်သရင်ကို အနိုင်ယူမည်ဟူသော စိတ်ကူး အကြံသည် အံ့ဩလောက်ပါပေသည်။ ခုနစ်နှစ်နီးပါးခန့် မည်သူမျှ မရခဲ့ကြ။ ဤမျှလောက် ဘက်လိုက်နေသော ဒိုင်နှင့် သူတို့ကော ဆလိုင်သရင် အပေါ် အနိုင်ရပါမည်လား။

www.burmeseclassic.com

သူ စိတ်ထင်လို့လား ဘာလားတော့ ဟာရီ မသိပါ။ သို့သော် သူ ဘယ်သွားသွား ဆရာ စနိတ်နှင့် တိုးတိုးနေပုံ ရသည်။ တစ်ခါတစ်ရံ ဆရာ စနိတ်သည် သူ့ကိုများ နောက်ယောင်ခံ လိုက်နေရော့သလား ထင်မိ၏။ ဆရာ စနိတ်က သူကိုယ်တိုင် ဖမ်းချင်သည့် သဘော ဖြစ်သည်။ 'ဆေးရည်များ' အကြောင်းအရာ သင်ကြားချက်များသည် တစ်ပတ်တစ်ခါ ညှဉ်းပန်း နှိပ်စက်သည့် အရာမျိုးလို ဖြစ်လာသည်။ သူတို့သည် ပြဒါးရှင်လုံး အကြောင်းကို သိရှိသွားပြီ ဆိုခြင်းကို ဆရာ စနိတ်များ သိနေလေရော့သလား။ သူ ဘယ်လိုလုပ် သိနိုင်မည် ဆိုခြင်းကို ဟာရီ မပြောတတ်သော်လည်း တစ်ခါတစ်ရံ သူသည် ဆရာ စနိတ်က စိတ်တွေကို ဖတ်ရှုနိုင်စွမ်း ရှိသည် ဟူသော ကြောက်စရာ့ ခံစားမှုကို ခံစားရတတ်ပေ၏။

နောက်နေ့ နေ့လယ်တွင် အဝတ်အစားလဲခန်း အပြင်ဘက်၌ ရွန်နှင့် ဟမိုင်းယွန်းနီတို့ လာရောက်၍ ကံကောင်းပါစေကြောင်း ဆုတောင်း နှုတ်ဆက်ကြသော အခါတွင် ဟာရီကို အသက်ရှင်လျက်မှ ပြန်တွေ့ရပါဦးမည်လောဟု သူတို့ စောကြောမိခြင်းကို ဟာရီ သိနေပါ၏။ ဤဟာသည် သက်သောင့်သက်သာ ဖြစ်စရာ အကြောင်း မဟုတ်ပါ။ ဟာရီသည် သူ၏ ကွစ်ဒစ်ချ် ဝတ်ရုံများကို ဝတ်ပြီး 'နင်ဘတ် နှစ်ထောင်' ကို ကောက်ယူခိုက် ဝုဒ်က ပြောကြားနေသော အားပေးစကားများကို သူ မကြားမိသလောက် ဖြစ်သည်။

ထိုအခိုက်တွင် ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် စင်များပေါ်တွင် နဲဗီးလ်နှင့် ကပ်လျက်တွင် နေရာရကြ၏။ သူတို့သည် အဘယ်ကြောင့် ဤမျှလောက် မျက်နှာထားကြီးတွေ တည်နေကြပြီး သောက ရောက်နေကြရသည် ဆိုခြင်းကို လည်းကောင်း၊ အဘယ်ကြောင့် သူတို့၏ ဆေးကြိမ်လုံးတွေကို ယူခဲ့ကြရသည် ဆိုခြင်းကို လည်းကောင်း နဲဗီးလ်သည် နားမလည်နိုင်ချေ။ ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် 'ခြေချုပ်ပြုစားနည်း' ကို ကျိတ်၍ လေ့ကျင့်နေကြသည်ကို ဟာရီသည် မသိသလောက် ရှိ၏။ သူတို့သည် မာလ်ဖွိုင်းက နဲဗီးလ်ကို လုပ်ခဲ့သည်တွင် ဤစိတ်ကူးကို ရခဲ့ခြင်း ဖြစ်ပြီး အကယ်၍ ဆရာ စနိတ်က ဟာရီကို အနာတရ လုပ်လိုသည့် သဏ္ဌာန်ကို ပြလျှင် ဆရာ စနိတ်ကို ပြုစားမည်ဟု အသင့်ပြင်ထားကြခြင်း ဖြစ်သည်။

'ဟဲ့ မမေ့နှင့်နော်၊ ရွတ်ရမှာက လိုကိုမိုတော် မော်တစ်' ဟု ရွန်က သူ့ဆေးကြိမ်လုံးကို အင်္ကျီလက်ထဲသို့ လျှိုသွင်းနေခိုက် ဟမိုင်းယွန်းနီက ပြောသည်။

'ငါ သိပါတယ်' ဟု ရွန်က ပြန်ပက်၏။ 'လာနားပူမနေစမ်းပါနှင့်'

အဝတ်အစား လဲခန်းတွင်တော့ ဝုဒ်က ဟာရီကို ဘေးသို့ခေါ်၍ ပြောသည်။

'ငါ မင်းကို ဖိအားပေးတာမျိုး မလုပ်ချင်ပါဘူး ပေါ့တာ၊ ဒါပေမဲ့ အလစ်သမားကို စောစောစီးစီး ဖမ်းယူဖို့ လိုတယ် ဆိုတာမျိုးက ခုလိုပွဲမျိုးပဲ၊ ဆရာ စနိတ်က ဟပ်ဖဲပတ်ဘက် အလွန်အကျွံ မျက်နှာ မလိုက်နိုင်ခင်မှာ ပွဲပြီးလိုက်ကွ'

'တစ်ကျောင်းလုံး ရောက်နေကြသကိုး' ဟု ဖရက် ဝီးဇလီက တံခါးပေါက်မှ ချောင်းကြည့်ပြီး ပြောသည်။ 'အောင်မယ် ဆရာ ဒမ်ဗယ်လ်ဒေါတောင်မှ လာကြည့်တာပဲ'

ဟာရီ၏ နှလုံးသား ကျွမ်းထိုးသွားသည်။

'ဆရာ ဒမ်ဗယ်လ်ဒေါ' ဟု သူက မြည်တမ်းရင်း သေချာအောင် တံခါးဆီသို့ ပြေးသွား၍ ကြည့်၏။ ဟိုက ငွေရောင် မုတ်ဆိတ်ကြီးမှာ မမှားနိုင်ပါ။

ဟာရီသည် စိတ်သက်သာရာ ရမှုဖြင့် ရယ်ပစ်လိုက်၏။ သူ ဘေးကင်းနေပါပြီ။ ဆရာ ဒမ်ဗယ်လ်ဒေါသာ ကြည့်ရှုနေမည်ဆိုလျှင် ဆရာ စနိတ်အဖို့ သူ့ကို ထိခိုက် အနာတရ ဖြစ်အောင် လုပ်ဝံ့စရာ အကြောင်း မရှိသည်သာ ဖြစ်သည်။

ထိုကြောင့်များလား မသိ၊ အသင်းများ ချိုင့်ခွက်ဆီသို့ ချီတက်လာကြသော အခါတွင် ဆရာ စနိတ်သည် ဒေါသထွက်နေသော အသွင် ရှိနေ၏။ ဒါကို ရွန်ကလည်း သတိပြုမိသည်။

'ဆရာ စနိတ် ဒါလောက် ဆိုးဆိုးဝါးဝါး ကျင့်ကြံမယ့် ပုံမျိုး ငါ မတွေ့ဖူးဘူး' ဟု ရွန်က ဟမိုင်းယွန်းနီကို ပြောသည်။ 'ဟော... သူတို့တွေ ထွက်သွားကုန်ကြပြီ၊ အိုး'

တစ်စုံတစ်ယောက်က ရွန်၏ နောက်စေ့ကို ထိုးဆွ၏။ သူကား မာလ်ဖွိုင်းတည်း။

'အို ဝမ်းနည်းပါတယ် ဝီးဇလီ၊ ငါ မင်းကို မမြင်ဘူး'

မာလ်ဖွိုင်းက ခရပ်နှင့် ဂွိုင်းလ်တို့ဘက် လှည့်၍ အားရပါးရ ပြုံးပြသည်။

'ဒီတစ်ခါ ပေါ့တာဟာ ဘယ်လောက်ကြာကြာ သူ့ တံမြက်စည်းတံပေါ်မှာ နေနိုင်မလဲ မသိဘူး၊ လောင်းချင်တဲ့လူ ရှိသလား၊ ဘယ်လိုလဲ ဝီးဇလီ'

ရွန်က ပြန်မဖြေချေ။ ဆရာ စနိတ်က ဟပ်ဖဲပတ်ဘက်ကို ပင်နယ်လ်တီ အကျိုးခံစားခွင့် ပေးလိုက်၏။ ဂျော့ ဝီးဇလီက သူ့ဆီသို့ ဘလတ်ဂျာကို ရိုက်ထုတ်လိုက်သောကြောင့် ဖြစ်သည်။ ပေါင်ပေါ်တွင် လက်ချောင်းချင်း စွယ်ယှက်ချိတ်ထားသော ဟမိုင်းယွန်းနီသည် ဟာရီကို စိုက်ကြည့်နေ၏။ ဟာရီသည် သိမ်းငှက် တစ်ကောင်ကဲ့သို့ ကွင်းပေါ်မှ ရစ်ဝဲကာ 'အလစ်သမား' ဘောလုံးကို ရှာဖွေနေသည်။

'ဂရစ်ဖင်ဒေါ အသင်း အတွက် လူဘယ်လို ရွေးတယ်လို့ ငါ ထင်သလဲ သိလား' ဟု နောက် မိနစ် အနည်းငယ် အကြာတွင် မာလ်ဖွိုင်းက ကျယ်လောင်စွာ ပြောသည်။ ထိုစဉ် ဆရာ စနိတ်က အကြောင်းခံ ဘာမျှ မရှိဘဲ ဟပ်ဖဲပတ်ဘက်သို့ ပင်နယ်လ်တီ အကျိုးခံစားခွင့်ကို ပေးပြန်သည်။ 'သူတို့ သနားမိတဲ့ လူတွေကို ဂရစ်ဖင်ဒေါ အသင်းအတွက် ရွေးတာပဲ၊ ကြည့်လေ ဟိုမှာ ပေါ့တာ၊ သူ့မှာ မိဘ မရှိဘူး၊ ဟော နောက်တော့ ဝီးဇလီတွေက ပိုက်ဆံ မရှိကြဘူး၊ မင်းလည်း ဂရစ်ဖင်ဒေါ ကွစ်ဒစ်ချ် အသင်းထဲ ပါဖို့ ကောင်းတယ်၊ နဲဗီးလ် လောင်းဘော့တွမ်၊ မင်းမှာ ဦးနှောက် မရှိဘူးလေ'

နဲဗီးလ်သည် ရဲခနဲ ဖြစ်သွား၏။ သို့သော် မာလ်ဖွိုင်းကို မျက်နှာချင်း ဆိုင်ရန် ထိုင်ခုံကို လှည့်လိုက်သည်။

'ငါက မင်း ဆယ့်နှစ်ယောက်လောက် တန်တယ်ကွ မာလ်ဖွိုင်းရ' ဟု သူက ထစ်ထစ်ငေါ့ငေါ့နှင့် ပြော၏။

မာလ်ဖွိုင်း၊ ခရပ်၊ ဂွိုင်းလ်တို့က အော်ရယ်ကြ၏။ သို့သော် ရွန်သည် ကစားပွဲမှ မျက်စိကို မလွှဲဝံ့သေးဘဲ 'ပြောပြလိုက်စမ်းကွာ နဲဗီးလ်' ဟု ပြောသည်။

'လောင်းဘောတွမ်ရယ်... ဦးနှောက်တွေသာ ရွှေဆိုရင် မင်းဟာ ဝီဇလီထက် ဆင်းရဲမှာ၊ အဲဒါ ပြောပြလိုက်တာလေ'

ဟာရီနှင့် ပတ်သက်၍ ရွန်၏ စိတ်ရှည်မှုသည် ယခုကပင် ကမ်းကုန်သွားပြီ ဖြစ်၏။

'ငါ မင်းကို သတိပေးတယ် မာလ်ဖွိုင်း၊ နောက်ထပ် တစ်ခွန်း ပြောကြည့်စမ်း'

'ရွန်' ဟု ဟမိုင်းယွန်းနီက လွတ်ခနဲ ပြော၏။ 'ဟာရီ'

'ဘာလဲ၊ ဘယ်မှာလဲ'

ဟာရီသည် ရုတ်တရက် ကြည့်ကောင်းလောက်အောင် ဦးထိုး ဆင်းလိုက်သည်တွင် လူအုပ်ထဲမှ ပင့်သက်ဖြာသွားသံများနှင့် သြဘာသံများ ထွက်ပေါ်လာစေသည်။ ဟမိုင်းယွန်းနီသည် မတ်တတ်ထ၍ ယှက်ထားသော လက်ချောင်းများကို ပါးစပ်ဖြင့် ကိုက်မိသည်ကား ဟာရီသည် မြေပြင်သို့ ကျည်ဆန်တစ်ခုပမာ တန်းဆင်းလာသောကြောင့် ဖြစ်လေသည်။

'မင်း ကံကောင်းတယ် ဝီဇလီ၊ ပေါ့တာဟာ မြေကြီးပေါ်မှာ ပိုက်ဆံတွေ တွေ့သွားပုံ ရတယ်' ဟု မာလ်ဖွိုင်းက ပြော၏။

ရွန်က လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ ဘာဖြစ်နေမှန်းကို မာလ်ဖွိုင်း မသိရှိခင် ရွန်သည် သူ့ပေါ် ရောက်နေပြီး သူ့ကို နပန်းလုံး၍ မြေပေါ်လှဲချသည်။ နဲဗီးလ်သည် ခဏမျှ တွန့်နေပြီးမှ ကူညီရန် ထိုင်ခုံနောက်မှီကို ခဲခဲယဉ်းယဉ်း တက်၏။

'ဟာရီ လုပ်လေ' ဟု ဟမိုင်းယွန်းနီသည် အော်ဟစ်ရင်း ဟာရီက ဆရာ စနိတ်ဆီ တန်းသွားသည်ကို ကြည့်နေသည်။ မာလ်ဖွိုင်းနှင့် ရွန်တို့သည် သူ့ ထိုင်ခုံ အောက်တွင် လိမ့်နေခြင်းကို လည်းကောင်း၊ လုံးထွေး သတ်ပုတ်နေခြင်းများနှင့် နဲဗီးလ်၊ ခရပ်၊ ဂွိုင်းလ်တို့ လက်သီးလွှဲယမ်းသံများကို လည်းကောင်း သတိပြုမိခြင်းပင် မရှိချေ။

လေထဲတွင်ကား ဆရာ စနိတ်သည် သူ့ တံမြက်စည်းကို လှည့်မီရုံကလေး ရှိသည်။ ခရမ်းရောင် တစ်စုံတစ်ခုသည် သူ့ ဘေးနားက ကပ်ဖြတ်ရာ သူနှင့် လက်မ အနည်းငယ်သာ လွဲသွားသည်။ နောက်တစ်စက္ကန့်လောက်တွင် ဟာရီသည် ဦးထိုး ဆင်းခြင်းကို လှန်တင်လိုက်ရာ အောင်နိုင်မှု အသွင်ဖြင့် လက်ကို မြှောက်လိုက်သည်။ 'အလစ်သမား' ဘောလုံးကို သူ့လက်က ဆုပ်မိပြီး ဖြစ်တော့သည်။

စင်များမှာ ပွင့်ပေါက်ကုန်တော့၏။ ဤဟာ စံချိန်ဖြစ်ရမည်။ 'အလစ်သမား' ကို ဤမျှလောက် စောစော ဖမ်းမိခြင်းမျိုး ယခင်က ရှိခဲ့ကြောင်း ဘယ်သူမှ မမှတ်မိတော့ပါ။

'ရွန်၊ ရွန်၊ နင် ဘယ်မှာလဲ၊ ပွဲ ပြီးသွားပြီ၊ ဟာရီ နိုင်တယ်၊ ငါတို့ နိုင်တယ်၊ ဂရစ်ဖင်ဒါဟာ ရှေ့ကို ရောက်နေပြီ' ဟု ဟမိုင်းယွန်းနီသည် စူးစူးဝါးဝါး အော်သည်။ သူ့ ထိုင်ခုံကို တက်လိုက် ဆင်းလိုက်နှင့် ကခုန်နေ၏။ ရှေ့တန်းက ပါဗွာတီ ပါတီးလ်ကိုလည်း ဖက်လိုက်သေး၏။

www.burmeseclassic.com

ဟာရီသည် မြေပြင်မှ တစ်ပေ အကွာတွင် သူ့ တံမြက်စည်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သူ မယုံနိုင်အောင် ရှိရသည်။ သူ လုပ်နိုင်ခဲ့ပြီ။ ပွဲပြီးသွားပြီ ဖြစ်၏။ ပွဲသည် ငါးမိနစ်လောက် အနိုင်နိုင် ရှိ၏။ ဂရစ်ဖင်ဒေါများ ချိုင့်ခွက်ထဲသို့ သွန်ချလိုက်သလို ဆင်းလာသည့် အခိုက်တွင် ဟာရီက ဆရာ စနိတ်ကို အနားတွင် ဆင်းသက်လာသည်ကို တွေ့ရ၏။ သူ့ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး နှုတ်ခမ်းတွေကို တင်းကျပ်စွာ စေ့ထားသည်။ ထိုစဉ်တွင် မိမိ၏ ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်ရှိလာသည်ကို ခံစားရသဖြင့် မော့ကြည့်ရာ ဆရာ ဒမ်ဗယ်လ်ဒေါ၏ ပြုံးရယ်နေသော မျက်နှာကို မြင်ရတော့သည်။

'ကောင်းလိုက်လေကွာ' ဟု ဒမ်ဗယ်လ်ဒေါက တိုးတိုးပင် ပြောရကား ဟာရီ တစ်ယောက်သာ ကြားနိုင်၏။ 'မင်း ဟိုမှန်ကြီးနားမှာ ယောင်ပေယောင်ပေ လာမလုပ်တာ တွေ့ရတာ ဝမ်းသာတယ်၊ မင်း အလုပ် များနေတယ်ပေါ့၊ အကောင်းဆုံးပဲ'

ဆရာ စနိတ်က မြေကြီးပေါ်သို့ တံတွေးထွေးလိုက်သည်။

ထိုနောက် အချိန် အနည်းငယ် ကြာသောအခါ ဟာရီသည် အဝတ်အစားလဲခန်းမှ တစ်ကိုယ်တည်းပင် သူ၏ 'နင်ဘတ် နှစ်ထောင်' ကို တံမြက်စည်းရုံသို့ ပြန်ပို့ရန် ထွက်လာခဲ့လေ၏။ ယခုထက် ပို၍ ပျော်ရွှင်ခဲ့သည့် အချိန်ကို မမှတ်မိပါ။ သူသည် တကယ်ပင် ဂုဏ်ယူစရာကို လုပ်ခဲ့ပါပြီ။ ယခုဆိုလျှင် သူသည် နာမည်ကျော်တာ သက်သက်ပါဟု ပြော၍ မရတော့ပါ။ ညနေခင်း လေပြည်သည် ဘယ်တုန်းကမှ ဤမျှလောက် ကြိုင်လှိုင် သင်းပျံ့မနေဖူးပါ။ သူသည် စိုထိုင်းသော မြက်တွေပေါ် ဖြတ်လျှောက်ခဲ့သည်။ လွန်ခဲ့သော တစ်နာရီလောက် အချိန်ကို စိတ်ထဲတွင် ပြန်နေကြည့်သည်။ ပျော်ရွှင်မှုဖြင့် ဝိုးတဝါး ဖြစ်နေခဲ့၏။ ဂရစ်ဖင်ဒေါများက သူ့ကို ပခုံးပေါ် ထမ်းရန် ပြေးလာကြသည်။ ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် အဝေးတွင် ခုန်ပေါက်နေကြ၏။ ရွန်မှာ နှာခေါင်း သွေးတွေ များစွာ ထွက်နေသည့် ကြားက ဩဘာ ပေးနေခဲ့သည်။

ဟာရီသည် တံမြက်စည်းရုံသို့ ရောက်လာ၏။ သူသည် သစ်သား တံခါးကို မှီ၍ ဟော့ဂဝပ် ရဲတိုက်ကြီးကို မော့ကြည့်သည်။ ပြတင်းပေါက်များသည် ဝင်နေသည့် နေရောင်တွင် နီရဲ တောက်ပနေကြ၏။ ဂရစ်ဖင်ဒေါ ဦးဆောင် နေပေပြီ။ သူ ပြုလုပ်ခဲ့၏။ သူက ဆရာ စနိတ်ကို ပြသ...။

ဆရာ စနိတ် ဆို၍...။

အဝတ်ခေါင်းဆောင်းနှင့် သဏ္ဌာန် တစ်ခုသည် ရဲတိုက်ကြီး၏ ရှေ့လှေကားထစ်များကို လျင်မြန်စွာ ဆင်းလာနေ၏။ သူ့ကို မမြင်စေလိုသည်မှာ ထင်ရှားသည်။ မြန်နိုင်သလောက် မြန်မြန် 'မသွားရ တောအုပ်' ဆီသို့ လျှောက်သွားနေ၏။ ကြည့်ရှုရင်းကပင် အောင်မြင်ခြင်းသည် ဟာရီ၏ ဦးခေါင်းထဲတွင် မှေးမှိန်သွားသည်။ သဏ္ဌာန် ၏ ခိုးကြောင်ခိုးဝှက် လျှောက်ပုံကို သူ မှတ်မိသွား၏။ ဆရာ စနိတ်၊ အခြားသူတွေ အားလုံး ညစာစားရန် စားပွဲသို့ ရောက်ရှိနေချိန်တွင် သူသည် တောထဲသို့ ခိုးဝင်နေသည်။ ဘာတွေ ဖြစ်နေသလဲ။

ဟာရီသည် သူ၏ 'နင်ဘတ် နှစ်ထောင်' ပေါ်ခုန်တက်၍ ထွက်လာခဲ့၏။ ရဲတိုက်ပေါ်မှ တိတ်ဆိတ်စွာ လျှောဆင်းလာခဲ့သည်တွင် ဆရာ စနိတ်သည် တောအုပ်ထဲသို့ ပြေးဝင်သွားသည်ကို မြင်ရသည်။ သူက နောက်က လိုက်၏။

သစ်ပင်တွေ ထူထပ်လှသဖြင့် ဆရာ စနိတ် ဘယ်သွားသည်ကို သူ မသိနိုင်ချေ။

BURMESE CLASSIC .com

သူသည် ဝိုင်း၍ ရစ်၍ ပျံရင်း တဖြည်းဖြည်း နိမ့်၍ နိမ့်၍ ဆင်းခဲ့ရာ သစ်ပင်များ၏ အပေါ်ကိုင်းများကို ပွတ်မိလောက်သည်အထိ ဖြစ်ရစဉ် သူသည် စကားသံများကို ကြားရလေ၏။ သူသည် သူတို့ဆီသို့ လေထဲတွင် လျှောလာကာ မားမားကြီး မိုးနေသော ငွေရောင် အခေါက် ရှိသည့် ဘိချ် အပင်ကြီးပေါ်တွင် အသံ မထွက်စေဘဲ ဝင်နားလိုက်သည်။

သူသည် သစ်ကိုင်းတစ်ကိုင်း တစ်လျှောက် သတိကြီးစွာဖြင့် တက်၍ သူ၏ တံမြက်စည်းကိုလည်း မြဲမြဲ ဆုပ်ကိုင်လျက်က သစ်ရွက်တွေကြားမှ ကြိုးစား၍ ကြည့်သည်။

အောက်ဘက် အရိပ်တွေ ကျနေသော ကွက်လပ်ကလေးတွင် ဆရာ စနိတ် မတ်တတ် ရပ်နေ၏။ သို့သော် သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ဆရာ ကွစ်ရဲလ်သည်လည်း ရှိနေသည်။ ဟာရီသည် သူ့မျက်နှာထားကို ခွဲခြားနိုင်စွမ်း မရှိပါ။ သို့သော် သူသည် ခါတိုင်းထက်ပို၍ စကားထစ်နေ၏။ သူတို့ ဘာတွေ ပြောနေကြသည် ဆိုခြင်းကို ဟာရီသည် ကြားရအောင် အားစိုက်ရသည်။

'... ဒီ... ဒီနေရာမှာမှ ခင်ဗျားက ဘာဖြစ်လို့... တွေ့... တွေ့ချင်ရ... ရတာ... လဲ... ဆီးဗွီးယားရပ်'

'အို... ကျုပ်တို့ဟာ ဒါကို ကျုပ်တို့ချည်း သိထားမယ်လို့ တွေးထားခဲ့တယ်' ဟု ဆရာ စနိတ်က ဆို၏။ သူ့ အသံများသည် အေးစက်စက် နိုင်လှသည်။ 'ဘာပဲဖြစ်ဖြစ် ကျောင်းသားတွေဟာ ပြဒါးရှင်လုံး အကြောင်း သိထားရမယ် မဟုတ်ဘူး'

ဟာရီက ရှေ့သို့ ကုန်းလိုက်သည်။ ဆရာ ကွစ်ရဲလ်က တစ်စုံတစ်ခုကို ဗလုံးဗထွေး ပြောသည်။ ဆရာ စနိတ်က သူ့အပြောကို ကြားဖြတ်၍ ပြော၏။

'ဟတ်ဂရစ်ရဲ့ တိရစ္ဆာန်ကြီးကို ဘယ်လို ဖြတ်ကျော်ရမယ် ဆိုတဲ့ နည်းကို မတွေ့သေးဘူးလား'

'ဒါ... ဒါ... ဒါပေမဲ့ ဆီဗွီးယားရပ်ရဲ့... ကျွန်... ကျွန်တော်'

'ကျုပ်ကို ခင်ဗျားရဲ့ ရန်သူ အဖြစ် မလိုလားပါဘူးနော် ကွစ်ရဲလ်'ဟု ဆရာစနိတ်က သူ့ဆီသို့ ခြေတစ်လှမ်း ကပ်လာရင်း ပြောသည်။

'ခင်... ခင်ဗျား... ဘာ... ဘာဆိုလိုတယ်... တယ်'

'ကျုပ် ဘာဆိုလိုတယ် ဆိုတာ ခင်ဗျား ကောင်းကောင်း သိပါတယ်'

ဇီးကွက် တစ်ကောင်က ကျယ်လောင်စွာ အော်လိုက်ရာ ဟာရီမှာ သစ်ပင်ပေါ်က လိမ့်ကျတော့မလိုပင် ဖြစ်ရသည်။ သူသည် အချိန်မီ သူ့ကိုယ်သူ ထိန်းလိုက်စဉ် ဆရာ စနိတ်က 'ခင်ဗျားရဲ့ မျက်လှည့်ပြကွက်ကလေးဘာလေး၊ ကျုပ် စောင့်နေတယ်'

'ဒ... ဒါ... ဒါပေမဲ့ ကျွန်... ကျွန်တော်... မ... မ...'

'ကောင်းပြီ' ဟု ဆရာ စနိတ်က ဖြတ်ပြော၏။ 'ကျုပ်တို့ ထပ်ပြီး စကား ပြောကြသေးတာပေါ့၊ ခင်ဗျားဟာ စဉ်းစား တွေးတောနိုင်ပြီး ခင်ဗျားရဲ့ သစ္စာခံမှု ဘယ်မှာ ရှိရမယ် ဆိုတာ ဆုံးဖြတ်ပြီးရင်ပေါ့လေ'

သူ၏ ဝတ်ရုံကြီးကို ဦးခေါင်းပေါ် ပစ်လွှမ်းလိုက်ပြီးနောက် ကွက်လပ်ကလေးထဲမှ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားသည်။ ယခုအချိန်တွင် မှောင်သလောက် ရှိနေ၏။ သို့သော် ဆရာ ကွစ်ရဲလ်သည် ကျောက်ဖြစ်သွားသလို ငြိမ်ငြိမ်ကြီး ရပ်နေသည်ကို ဟာရီ မြင်နိုင်ပေသည်။

'ဟာရီ နင် ဘယ်သွားနေတာတုံး' ဟု ဟမိုင်းယွန်းနီက အသံစာစာဖြင့် မေးသည်။

'ငါတို့ နိုင်ပြီ၊ ငါတို့ နိုင်ပြီ၊ ငါတို့နိုင်ပြီ' ဟု ရွန်က ဟာရီ၏ ကျောကို ထုရင်း အော်၏။ 'ပြီးတော့ ငါက မာလ်ဖွိုင်းကို မျက်ကွင်း တစ်ဖက် ညိုသွားအောင် လုပ်ထည့်လိုက်တယ်၊ နဗီးလ်ကလည်း သူ့ တစ်ယောက်တည်း ခရပ်နှင့် ဂွိုင်းလ်တို့ကို အန်တုခဲ့တယ်လေ၊ သူ့ အကြောင်း ဆလိုင်သရင်တွေကို ပြခဲ့ပြီ ဆိုပြီး တဖွဖွနှင့် မကျေနိုင် မချမ်းနိုင် ပြောနေလေရဲ့၊ ဒါပေမဲ့ မာဒမ် ပွမ်ဖရီက သူ ဟန်ကျသွားပါလိမ့်မယ်လို့ ပြောတယ်၊ စုပေါင်း အနားယူခန်းထဲမှာ အားလုံးက မင်းကို စောင့်နေကြတယ်၊ ငါတို့တစ်တွေ ပါတီပွဲ လုပ်နေကြတယ်၊ ဖရက်နှင့် ဂျော့တို့က မီးဖိုချောင်က ကိတ်မုန့်တွေနှင့် စားစရာတွေကို ခိုးလာကြတယ်'

'အဲဒါတွေ ဘေးချိတ်ထားလိုက်စမ်းပါ' ဟု ဟာရီက အသက်မရှူနိုင် ပြောသည်။ 'အခန်းလွတ် တစ်ခု ရှာကြရအောင်ကွာ၊ မင်းတို့ကို ငါ ပြောပြတဲ့ အထိ စောင့်ကြ'

အခန်းတံခါးကို ပြန်မပိတ်ခင် အခန်းတွင်း၌ ပုဏ္ဏက တစ္ဆေ ပီးဗ်စ် မရှိကြောင်း သေချာအောင် လုပ်ပြီးမှ တံခါးကို ပိတ်သည်။ ထိုနောက် သူ မြင်ခဲ့ ကြားခဲ့သမျှကို သူတို့အား ပြန်၍ ပြောပြ၏။

'ငါတို့ မှန်တယ်၊ ပြဒါးရှင်လုံးပဲ၊ ဆရာ စနိတ်က ဒါကို ရဖို့ အရေးမှာ ဆရာ ကွစ်ရဲလ်ကို ကူညီပေးဖို့ အတင်းအကျပ် လုပ်နေတယ်၊ သူက ဖလပ်ဖီကို ကျော်လွန်နိုင်မယ့် နည်းလမ်းကို သိသလားလို့လည်း ဆရာ ကွစ်ရဲလ်ကို မေးတယ်၊ ပြီးတော့ သူက ဆရာ ကွစ်ရဲလ်ရဲ့ မျက်လှည့်ပညာကလေး ဘာလေး လို့လည်း ဘာလိုလို ပြောသေးတယ်၊ ငါထင်တော့ ပြဒါးရှင်လုံးကို စောင့်ကြည့်နေတာ ဖလပ်ဖီ အပြင် တခြားလည်း ရှိသေးတယ် ထင်တယ်၊ အကာအကွယ်တွေပေါ့ကွာ၊ ဒီတော့ ထင်ရတာက ဆရာ ကွစ်ရဲလ်က ဆရာ စနိတ် ဖြတ်သန်း ဝင်ရောက်နိုင်အောင် မိစ္ဆာ အတတ်ကို တန်ပြန် လုပ်ပေးစေချင်တယ် ထင်တာပဲ'

'ဒါဖြင့် နင် ဆိုလိုတာက ဆရာ ကွစ်ရဲလ်ဟာ ဆရာ စနိတ်ရဲ့ အကျပ်ကိုင်မှုကို ကြံ့ကြံ့ခံနေနိုင်သရွေ့သာ ပြဒါးရှင်လုံးဟာ စိတ်ချရမယ် ဆိုပါတော့' ဟု ဟမိုင်းယွန်းနီက ကြောက်လန့်တကြား ပြောသည်။

'နောက် အင်္ဂါနေ့ဆိုရင် သွားပြီပဲ' ဟု ရွန်က ပြော၏။
အခန်း ဆယ့်လေး

နော်ဝေး အနွယ်၊ ကျောရိုး ကုန်းတန်း နဂါးမျိုး နော်ဘတ်

သို့ရာတွင် ဆရာ ကွစ်ရဲလ်သည် သူတို့ ထင်ထားတာထက် ပို၍ ရဲရင့်သည် ဖြစ်ရမည်။ နောက်ဆက်လာသော ရက်သတ္တပတ်များတွင် သူသည် ပို၍ ဖြူဖပ်ဖြူရော် ဖြစ်ပြီး ပိန်ချုံးလာသည်။ သို့သော် သူသည် အလျှော့ပေးပုံ ရခြင်းတော့ မဟုတ်သေးချေ။

တတိယထပ်က စင်္ကြံလမ်းကို ဖြတ်သွားတိုင်း ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် တံခါးကို နားများ ဖိကပ်၍ အတွင်းထဲက ဖလပ်ဖီ မာန်ဖီနေသံ ရှိသေးသလား စစ်ဆေးကြည့်ကြ၏။ ဆရာ စနိတ်သည် ထုံးစံအတိုင်း စိတ်ဆိုးနေပေရာ ဤအခြင်းအရာသည် ပြဒါးရှင်လုံး ဘေးကင်းနေသေးကြောင်း
ကို သေချာပေါက် ပြသချက် ဖြစ်သည်။ ဤရက်များတွင် ဟာရီသည် ဆရာ ကွစ်ရဲလ်နှင့် လမ်းသွားရင်း ကြုံဆုံမိလေတိုင်း အားပေးသလို အပြုံးဖြင့် ပြုံးကာ ရွန်ကလည်း ဆရာ ကွစ်ရဲလ် စကားထစ်ခြင်းကို မရယ်မောကြပါရန် လူတကာကို ပြောသည်။

သို့ရာတွင် ဟမိုင်းယွန်းနီ၏ စိတ်ထဲတွင်တော့ ပြဒါးရှင်လုံးထက် ပိုမို၍ အခြား အကြောင်းအရာ ရှိနေ၏။ သူသည် ပြန်လည် လေ့ကျင့်ခန်းများအတွက် အချိန်ဇယားများကို ဆွဲနေကာ သူ့မှတ်စုတွေ အားလုံးကိုလည်း ရောင်စုံ အမှတ်အသားတွေ ပြုလုပ်နေပြီ ဖြစ်၏။ ဟာရီနှင့် ရွန်တို့ကတော့ မပူပင်သော်လည်း သူက သူတို့ကို ဤအတိုင်း ပြုလုပ်ဖို့ ဆော်ဩလျက် ရှိသည်။

'ဟမိုင်းယွန်းနီရယ်၊ စာမေးပွဲတွေဟာ ခေတ်တွေ အများကြီး လိုပါသေးတယ်'

'ဆယ်ပတ်ပဲ ကျန်တော့တယ်'ဟု ဟမိုင်းယွန်းနီက ဟောက်သည်။ 'အဲဒါ ခေတ်ပေါင်း များစွာ မဟုတ်ဘူးဟဲ့၊ နီကလပ် ဖလမ်းမဲ အတွက် ဆိုရင် တစ်စက္ကန့်လောက်ပဲ ရှိမယ်'

'ဒါပေမဲ့ တို့ကလည်း အသက် ခြောက်ရာမှ မရှိသေးဘဲ'ဟု ရွန်က သတိပေး၏။ 'နေပါဦး၊ နင်က ဘာကို ပြန်ပြီး လေ့ကျင့်နေရတာလဲ၊ နင် အားလုံးကို သိထားပြီးပဲ ဥစ္စာ'

'ငါ ဘာကို ပြန်လေ့ကျင့်နေသလဲ ဟုတ်လား၊ နင်တို့ ရူးနေသလား၊ ဒုတိယနှစ်ကို တက်ဖို့အတွက် ဒီစာမေးပွဲတွေကို အောင်ဖို့ လိုတယ် မဟုတ်လား၊ အဲဒီ စာမေးပွဲတွေဟာ အရေးကြီးတယ်၊ တကယ်ဆို ငါဟာ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ပြန်လှန်ကျက်တာတွေ လုပ်ရမှာ၊ ငါ ဘာများ လုပ်နေမိတယ် မသိပါဘူး'

ကံဆိုးသည်ကား ဆရာများသည်လည်း ဟမိုင်းယွန်းနီနှင့် စိတ်ကူးပုံ တစ်ထပ်တည်း ဖြစ်နေခြင်းတည်း။ ဆရာများသည် သူတို့အပေါ် အိမ်စာတွေ ပုံပေးနေရကား အီစတာ ကျောင်းပိတ်ရက်များသည် ခရစ္စမတ် ကျောင်းပိတ်ရက်များ နီးပါးလောက်တောင် ပျော်စရာ မကောင်းတော့ချေ။ အနားက ဟမိုင်းယွန်းနီက နဂါးသွေး အသုံး ဆယ့်နှစ်မျိုးကို ရွတ်နေခိုက်တွင် လည်းကောင်း၊ ဆေးကြိမ်လုံး လှုပ်ရှားပုံ လေ့ကျင့်နေခိုက်တွင် လည်းကောင်း သူတို့သည် နားနားနေနေ နေ၍ ဘယ်လိုမျှ မဖြစ်ချေ။ ညည်းတွားရင်း သမ်းဝေရင်းနှင့်ပင် ဟာရီနှင့် ရွန်တို့သည် အားလပ်ချိန်တွင် သူနှင့် အတူပင် စာကြည့်တိုက် အခန်း၌ ထပ်ဆောင်း လေ့လာခြင်းတို့ကို ပြုလုပ်ကြရ၏။

'ငါ ဒါကို ဘယ်တော့မှ မှတ်မိမှာ မဟုတ်ဘူး'ဟု ရွန်သည် နေ့လယ်ခင်း တစ်ခုတွင် ပေါက်ကွဲထွက်လာကာ သူ့လက်ထဲက ငှက်မွေး ကလောင်ကို ပစ်ချလိုက်ပြီး စာကြည့်တိုက် ပြတင်းပေါက်မှ တမ်းတမ်းတတ ငေးမောကြည့်နေ၏။ ယနေ့သည် လပေါင်းများစွာ အတွင်း ပထမဆုံးသော ရာသီဥတု ကောင်းမွန်သည့်နေ့ ဖြစ်တော့သည်။ ကောင်းကင်ပြင်သည် ကြည်လင်နေပြီး ဖော်ဂက်မီနော့ (မမေ့ပါနှင့်) ပန်း၏ အပြာရောင်မျိုးနှင့် ပြာလဲ့နေကာ လေထဲတွင် နွေရာသီ လာတော့မည့် ခံစားမှု ပါဝင်နေလေသည်။

ဟာရီကား 'မှော်ပညာဆိုင်ရာ ဆေးပင်များနှင့် မှိုများ တစ်ထောင်' ဟူသော စာအုပ်ထဲတွင် 'ဒစ်တာနီ' အပင်ကို ရှာဖွေနေရာ ဦးခေါင်းကို လုံးဝ မဖော်ဘဲ ရှိနေခိုက် ရွန်က 'ဟတ်ဂရစ်၊ စာကြည့်တိုက်ထဲမှာ ဘာလာလုပ်နေတာလဲ' ဟု ပြောသံကြားလိုက်မှ ခေါင်းထောင်ကြည့်မိသည်။

ဟတ်ဂရစ်သည် မြင်ကွင်းထဲသို့ အိပဲ့ အိပဲ့နှင့် ဝင်ရောက်လာ၏။ ကျောဘက်တွင် တစ်စုံတစ်ခုကို ဝှက်ရန် ကြိုးစားနေ၏။ သူ၏ ပွေးသားရေ အကျႌကြီးဖြင့် နေရာ မမှန်သလို ပုံမျိုးပေါက်နေသည်။

'ကြည့်တာပါ' ဟု သူက ပြော၏။ လှည့်စားသလို လေသံပေါက်နေခြင်းက သူတို့ကို စိတ်ဝင်စားစေ၏။ 'မင်းတို့ တစ်တွေကကော ဒီမှာ ဘာလုပ်နေကြတာလဲ' သူသည် ချက်ချင်းပင် သင်္ကာမကင်း ဖြစ်လာတော့သည်။ 'နီးကလပ် ဖလမ်းမဲကို ရှာနေဆဲတော့ မဟုတ်ပါဘူးနော်'

'အို သူ ဘယ်သူလဲ ဆိုတာ ကျွန်တော်တို့ သိတာ ခေတ်ပေါင်း ကြာမြင့်လှပါပြီ' ဟု ရွန်က အကဲပါပါ ပြောသည်။ 'ပြီးတော့ ဟိုခွေးက ဘာကို စောင့်ကြပ်နေတယ် ဆိုတာလည်း သိပြီပဲ၊ သူဟာ ပြဒါးရှင်...'

'ရှူး' ဟတ်ဂရစ်က တစ်ယောက် ဒ နားထောင်နေသလားဟု ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ 'နားထောင်စမ်း၊ နောက်မှ ငါနှင့် လာတွေ့ကွာ၊ အေး သိထားဖို့ကတော့ ငါ ဘာပြောမယ် ညာပြောမယ်လို့ ကတိတွေ မပေးဘူးနော်၊ ဒါပေမဲ့ ဒီနေရာမှာတော့ ဒီအကြောင်းတွေ ဘာမှ မပြောနှင့်၊ ကျောင်းသားတွေ ဒါကို သိရဖို့ မရှိဘူး၊ သူတို့က ထင်ကြမယ်၊ ငါ ပြောတယ်လို့'

'ဒါဖြင့်လည်း နောက်မှ လာတွေ့မယ်လေ' ဟု ဟာရီက ပြောသည်။

ဟတ်ဂရစ်သည် အိပဲ့ အိပဲ့နှင့် ထွက်သွား၏။

'သူ ကျောဘက်မှာ ဘာကို ဝှက်တာလဲ ဟင်' ဟု ဟမိုင်းယွန်းနီ က အတွေးနက်ရင်း ပြောသည်။

'ပြဒါးရှင်လုံးနှင့် ဆိုင်နေမယ်လို့ ထင်သလား'

'သူ ဘယ်စာအုပ်စင်က ထွက်လာသလဲ ဆိုတာ သွားကြည့်ဦးမယ်' ဟု စာကျက်ရခြင်းကို ငြီးငွေ့လာသော ရွန်က ပြော၏။ နောက်တစ်မိနစ် အကြာတွင် သူသည် စာအုပ်တွေ တစ်ပုံကြီး ပွေ့ပိုက်၍ ပြန်လာကာ စာအုပ်တွေကို စားပွဲပေါ်သို့ ဝုန်းခနဲ ပစ်ချသည်။

'နဂါးတွေ' ဟု သူက လေသံဖြင့် ပြော၏။ 'ဟတ်ဂရစ်ဟာ နဂါးတွေ အကြောင်းကို ရှာနေတာ၊ ဒါတွေကို ကြည့်ပါလား၊ ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်မှ နဂါးမျိုးစုံ တဲ့။ နောက်ပြီး ဥမှ မီးထွက်သည် အထိ၊ နဂါးမွေးမြူအတွက် လမ်းညွှန် တဲ့'

'ဟတ်ဂရစ်ဟာ အမြဲတမ်းပဲ နဂါးကို လိုချင်နေတာ၊ သူ့ကို ပထမဆုံး တွေ့ကတည်းက သူ အဲဒါကို ပြောခဲ့တာ' ဟု ဟာရီက ပြောသည်။

www.burmeseclassic.com

'ဒါပေမဲ့ အဲဒါ ဥပဒေနှင့် မညီဘူး' ဟု ရွန်က ပြော၏။ '၁၇၀၉ ခု၊ စကော့တလန် မှော်ဆရာများ အထူးစည်းဝေးပွဲ သဘောတူညီချက်အရ နဂါး မွေးမြူတာ ဥပဒေနှင့် မညီဘူးလို့ ပြဋ္ဌာန်းခဲ့တာ လူတိုင်း သိတာပဲ၊ နောက်ဖေးက ခြံထဲမှာ တို့က နဂါးတွေကို မွေးထားရင် မတ်ဂယ်တွေက တို့ကို ချက်ချင်း ရိပ်မိကုန်ကြမှာပေါ့၊ နောက်ပြီးတော့ နဂါးတွေကို ယဉ်အောင် လုပ်လို့ မရဘူး၊ အရမ်း အန္တရယ်ကြီးတာ၊ ရိုမန်းနီးယားမှာ နဂါးရိုင်းတွေ မှုတ်ထားတဲ့ မီးလောင်ဖုတွေ ချာလီ ရထားတာကို မင်းတို့ မြင်စေချင်တယ်'

'ဒါပေမဲ့ ဗြိတိန်မှာ နဂါးရိုင်းတွေမှ မရှိတာ'

'ရှိပါသော်ကော်ကွာ' ဟု ရွန်က ပြောသည်။ 'ကော်မွန်း ဝဲရ်ှ ဂရင်းနှင့် ဟယ်ဘရစ်ဒီယန် ဘလက် ဆိုတဲ့ တောတွေမှာ ရှိတယ်၊ မှော်ပညာ ဝန်ကြီးဌာနက သူတို့ကို နှိမ်ထားဖို့ အလုပ်ကြီး တစ်ခု လုပ်နေရတယ် ဆိုတာ ငါ ပြောနိုင်တယ်၊ အဲဒီကောင်တွေကို မြင်သွားတဲ့ မတ်ဂယ်တွေကို တို့လူတွေက သူတို့ မြင်တာ မေ့သွားအောင် မန်းမှုတ် ပြုစားပစ်နေရတယ်'

'ဒါဖြင့် ဟတ်ဂရစ်က ဘာများ ကြံနေပါလိမ့်' ဟု ဟမိုင်းယွန်းနီက ပြော၏။

နောက်တစ်နာရီခန့် ကြာသောအခါ အမဲကောင်များ မွေးမြူရသူလည်း ဖြစ်သော ဟတ်ဂရစ်၏ တံခါးကို သွားခေါက်ကြသည်တွင် သူတို့သည် အံ့အားသင့်ကြရသည်။ ပြတင်းဆီး ကန့်လန့်ကာတွေ အားလုံး ချထားသည်။ ဟတ်ဂရစ်က သူတို့အား ပေး၍ မဝင်မီ 'ဘယ်သူလဲ' ဟု မေးသေး၏။ သူတို့ ဝင်ပြီးသောအခါတွင် တံခါးကို လျင်မြန်စွာ ပြန်ပိတ်လေ၏။

အထဲတွင် မွန်းကျပ် ပူလောင်လှသည်။ ပူနွေးသော နေ့တစ်နေ့ ဖြစ်သည့်တိုင်အောင်ပင် မီးဖိုမှ အောက်ခံ သံချောင်းများပေါ်တွင် မီးများ ရဲနေ၏။ ဟတ်ဂရစ်က သူတို့အား လက်ဖက်ရည်နှင့် မြွေပါ အသားညှပ်မုန့်များဖြင့် ဧည့်ခံသည်။ သူတို့က မစားသောက်ကြပါချေ။

'ကဲ မင်းတို့က ငါ့ကို မေးစရာ ရှိတယ် ဆိုပါတော့'

'ဟုတ်တယ်' ဟု ဟာရီက ပြော၏။ ဘာမျှ ဝေ့လည်ကြောင်ပတ် လုပ်နေစရာ အကြောင်း မရှိချေ။ 'ကျွန်တော်တို့ သိချင်နေတာက ဖလပ်ဖီ အပြင် ပြဒါးရှင်လုံးကို ဘာက စောင့်ကြပ်နေသေးသလဲ ဆိုတာပဲ'

ဟတ်ဂရစ်က သူတို့ကို မျက်မှောင်ကြုတ်ကြည့်၏။

'ငါ မပြောနိုင်ဘူးပေါ့' ဟု သူက ဆိုသည်။ 'နံပါတ်တစ် ငါကိုယ်တိုင် မသိဘူး၊ နံပါတ်နှစ် မင်းတို့က အခုတောင် အများကြီး သိနေပြီ ဥစ္စာ၊ ငါ သိရင်တောင် မပြောဘူး၊ အဲဒီ ခဲတ်လုံးဟာ ဒီမှာ ရှိနေရတာ အကြောင်း ခိုင်လုံတယ်၊ အဲဒီ ခဲတ်လုံးကို ဂရင်းဂေါ့က ခိုးထုတ် ယူခဲ့ရသလောက်ပဲ၊ မင်းတို့ ဖလပ်ဖီ အကြောင်း ဘယ်လို သိသွားတယ် ဆိုတာ ငါ မတွေးတတ်ဘူး'

'အို ဟတ်ဂရစ်ရယ် လာစမ်းပါ၊ မပြောချင်ဘဲ ရှိချင် ရှိမယ်၊ ဒါပေမဲ့ ဒီမှာ ဖြစ်ပျက်နေတာတွေကို သိမှာ သေချာပါတယ်' ဟု ဟမိုင်းယွန်းနီက နွေးထွေး၍ မြှောက်ပင့်သော လေသံဖြင့် ပြောသည်။ ဟတ်ဂရစ်၏

မှတ်ဆိတ်မွေးသည် တွန့်လိမ်သွားသဖြင့် သူ ပြုံးနေသည်ဟု သူတို့ ပြောနိုင်၏။ 'ဘယ်သူဟာ တကယ်တမ်း စောင့်ကြပ်နေသလဲလို့ ကျွန်မတို့ စူးစမ်းနေမိတာပါ' ဟု ဟမိုင်းယွန်းနီက ဆက်ပြောသည်။ 'ဆရာ ဒမ်ဗယ်လ်ဒေါက ဟတ်ဂရစ် အပြင် ဘယ်သူ့ကို ယုံစားပြီး အကူအညီ တောင်းသလဲ ဆိုတာ စူးစမ်းနေကြတာပါ'

သူ၏ နောက်ဆုံး စကားများကြောင့် ဟတ်ဂရစ် ရင်ကော့သွားသည်။ ဟာရီနှင့် ရွန်တို့သည် ဟမိုင်းယွန်းနီအား ပြုံး၍ ကြည့်ကြ၏။

'အင်း မင်းတို့ကို ဒါတော့ ပြောနိုင်ကောင်းပါရဲ့၊ မှန်းစမ်း သူက ဖလပ်ဖီကို ငါ့ဆီက ငှားသွားတယ်၊ ပြီးတော့ ဆရာ တချို့ကလည်း အကာအကွယ်တွေ စီရင်ကြသေးတယ်၊ ပရိုဖက်ဆာ စပရောက်၊ ပရိုဖက်ဆာ ဖလစ်ဝစ်၊ ပရိုဖက်ဆာ မက်ဂေါ်နဂေါ်' သူသည် လက်ချိုး ရေတွက်၏။ 'ပရိုဖက်ဆာ ကွစ်ရဲလ်၊ ပြီးတော့ ဆရာ ဒမ်ဗယ်လ်ဒေါ ကိုယ်တိုင်လည်း အစီရင် တစ်ခုခု လုပ်တယ်ပေါ့၊ နေဦး ငါ တစ်ယောက် မေ့နေသေးတယ်၊ အဲ ဟုတ်ပြီ၊ ပရိုဖက်ဆာ စနိတ်'

'ဆရာ စနိတ်'

'အေး အဲဒါ မင်းတို့ မသိကြသေးဘူး မဟုတ်လား၊ ဒီမှာ ဆရာ စနိတ်ဟာ ခတ်လုံးကို ကာကွယ်ဖို့ ကူညီခဲ့တာ၊ သူ ခိုးယူမလို့ မဟုတ်ဘူး'

ရွန်နှင့် ဟမိုင်းယွန်းနီတို့သည်လည်း မိမိကဲ့သို့ပင် တွေးနေလိမ့်မည်ဟု ဟာရီ သိနေ၏။ အကယ်၍ ဆရာ စနိတ်သည် ခတ်လုံးကို ကာကွယ်ရေးတွင် ပါဝင်နေသည်ဟု ဆိုလျှင် အခြား ဆရာတွေ ဘယ်လို စောင့်ကြပ်ခဲ့သည် ဆိုခြင်းကို သူ ဖော်ထုတ်ဖို့ လွယ်ကူပါ၏။ သူသည် အားလုံးကို သိထားပုံ ရ၏။ ခြွင်းချက်အနေဖြင့်ကား သူ မသိသည်မှာ ဆရာ ကွစ်ရဲလ်၏ အစီအရင်နှင့် ဖလပ်ဖီကို မည်သို့ ကျော်လွှားရမည် ဆိုခြင်းကို ဖြစ်ဟန် လက္ခဏာ ရှိလေသည်။

'ဖလပ်ဖီကို ဘယ်လို ကျော်ဖြတ်ရမယ် ဆိုတာကို သိတာ ခင်ဗျား တစ်ယောက်ပဲ ဖြစ်တယ်၊ မဟုတ်ဘူးလား ဟတ်ဂရစ်' ဟု ဟာရီက စိတ်ပူပန်စွာ ပြော၏။ 'ပြီးတော့ အဲဒါကို ခင်ဗျား ဘယ်သူ့ကိုမှ မပြောရဘူး မဟုတ်လား၊ ဆရာ တစ်ယောက်ယောက်ကိုတောင် မပြောဘူး မဟုတ်လား'

'ငါနှင့် ဆရာ ဒမ်ဗယ်လ်ဒေါက လွဲရင် ဘယ်သူမှ မသိပါဘူးကွာ' ဟု ဟတ်ဂရစ်က ဝင့်ကြွားစွာ ပြောသည်။

'ကဲ ဒါဆိုရင်တော့ မဆိုးဘူးပဲ' ဟု ဟာရီက အခြား အဖော်များအား နှစ်ကိုယ်ကြား ပြောသည်။ 'ဟတ်ဂရစ် ပြတင်းပေါက် တစ်ပေါက် ဖွင့်လို့ ရမလား၊ ကျွန်တော်တော့ ပြုတ်ထားသလို ဖြစ်နေပြီ'

'မဖြစ်ဘူး၊ ဟာရီ ခွင့်လွှတ်ပါကွာ' ဟု ဟတ်ဂရစ်က ပြောသည်။ သူသည် မီးဖိုဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည်ကို ဟာရီ သတိပြုမိ၏။ ပြီးတော့ ဟာရီကလည်း လိုက်ကြည့်မိသည်။

'ဟတ်ဂရစ် ဟိုဟာ ဘာလဲ'

သို့သော် ထိုဟာ ဘာ ဆိုတာ သူ သိလိုက်ပါပြီ။ မီးဖို၏ အလယ်ကောင်တွင် ကရား၏ အောက်၌ ကြီးမားလှသော အနက်ရောင် ဥကြီးတစ်လုံး ရှိနေသည်။

'အား…' ဟု ဟတ်ဂရစ်သည် စိတ်တုန်လှုပ်စွာနှင့် မုတ်ဆိတ်မွေးကို သပ်ရင်း ပြော၍။ 'အဲဒါ အာ ဟိုဟာ'

'ဒါကို ဘယ်က ရခဲ့သလဲ ဟတ်ဂရစ်' ဟု ရွန်သည် ဥကြီးကို ကပ်၍ ကြည့်နိုင်ရန် မီးဖိုပေါ် ကုန်းကြည့်ရင်းက မေးသည်။ 'ဒါကို စည်းစိမ်ပြုတ်လောက်အောင် ပေးဝယ်ရမှာပဲနော်'

'အနိုင်ရခဲ့တာကွ' ဟု ဟတ်ဂရစ်က ပြောသည်။ 'လွန်ခဲ့တဲ့ ညက အရက်ကလေး နည်းနည်း သောက်ဖို့ ရွာထဲ ဆင်းသွားပြီး လူစိမ်းတစ်ယောက်နှင့် ဖဲကစားဖြစ်တယ်၊ ရိုးရိုးသားသား ပြောရရင်တော့ ဒါကို သူ ပေးပစ်လိုက်ရတာကိုပဲ တော်တော် ပျော်သွားတယ် ထင်တာပဲ'
'ဒါပေမဲ့ အဲဒီဥက အကောင် ပေါက်လာရင် ဘာလုပ်မလို့လဲ' ဟု ဟမိုင်းယွန်းနီက မေးသည်။

'ဒီလိုလေ၊ ငါ နည်းနည်းပါးပါး ဖတ်ကြည့်ပါတယ်' ဟု ဟတ်ဂရစ်က ပြော၍ သူ့ခေါင်းအုံးအောက်မှ စာအုပ်ကြီး တစ်အုပ်ကို ဆွဲထုတ်သည်။ 'ဒါကို စာကြည့်တိုက်က ငှားလာခဲ့တာ၊ အပျော်နှင့် အမြတ်အစွန်း အတွက် နဂါး မွေးမြူရေး တဲ့၊ စာအုပ်က ခေတ်တော့ မမီတော့ပါဘူးလေ၊ ဒါပေမဲ့ ဒီထဲမှာ အကုန်ပါတယ်၊ ဥကို မီထဲမှာ ထားရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ရဲ့ မိခင်တွေက ထွက်သက်နှင့် မှုတ်မှုတ် ပေးတဲ့ အတွက်ကြောင့်ပဲ၊ တွေ့လား အကောင် ပေါက်လာတဲ့ အခါကျတော့ ဘရန်ဒီ တစ်ပုံးကို ကြက်ပေါက်သွေး ရောပြီး နာရီဝက် တစ်ကြိမ် တိုက်ကျွေးရမယ်၊ ဟောဒီမှာ ကြည့်၊ ဥတွေကို ဘယ်လို အမျိုးအနွယ် ခွဲခြားရမယ် ဆိုတာ ပါတယ်၊ ငါ အခု ရထားတဲ့ ဥက နော်ဝေအနွယ် ကျောရိုးကုန်းတန်း နဂါးမျိုးပဲ၊ ဒီကောင်မျိုးက ရှားပါတယ်'

သူက အကျေနပ်ကြီး ကျေနပ်နေသည်။ သို့သော် ဟမိုင်းယွန်းနီကတော့ဖြင့် မကျေနပ်ချေ။

'ဟတ်ဂရစ်… အခု နေနေတာက သစ်သားအိမ် နော်' ဟု သူက ပြောသည်။

သို့သော် ဟတ်ဂရစ်သည် သူ့ စကားကို နားထောင်မနေပါ။ သူသည် မီးကို ထိုးဆွပေးရင်း ပျော်ရွှင်စွာ တေးညည်းနေပေ၏။

ဤသို့ဖြင့် သူတို့တွင် ပူပန်စရာ အခြား ကိစ္စတစ်ခု ဖြစ်ပေါ်လာပေပြီ။ တစ်ယောက်ယောက်ကသာ ဟတ်ဂရစ်သည် သူ့ သစ်သားတဲထဲတွင် တရားမဝင်သော နဂါးကို ဝှက်ထားခြင်းကို တွေ့ရှိသွားခဲ့သော် ဟတ်ဂရစ် မည်သို့ ဖြစ်မည်နည်း ဆိုခြင်းပင် ဖြစ်တော့သည်။

'အေးချမ်းတဲ့ ဘဝကလေး ရတယ် ဆိုတာ ဘယ်လိုများပါလိမ့်' ဟု ရွန်က သက်ပြင်းချရင်း ပြော၏။ တစ်ညဉ့်ပြီး တစ်ညဉ့် သူတို့သည် အထူး အိမ်စာများဖြင့် ရုန်းကန်နေကြရပေ၏။ ဟမိုင်းယွန်းနီသည် ဟာရီနှင့် ရွန်တို့အတွက်လည်း ပြန်လှန် လေ့ကျင့်ခန်း အချိန်ဇယားများကို ရေးဆွဲပေးသည်။ ထိုဟာသည် သူတို့ကို ရူးစေသည်။

ထိုနောက် နံနက် မိုးသောက်စာ စားသော အချိန်တစ်ချိန်တွင် ဟက်ဒွစ်သည် ဟာရီ အတွက် စာ တစ်စောင်ကို ယူလာ၏။ စာမှာ တိုတိုကလေး ဖြစ်ပါသည်။ အကောင်ပေါက်ပြီ ဟူသတည်း။

ရွန်က ဆေးပင်များဗေဒကို ကျော်ပစ်ပြီး သစ်သားတဲဆီသို့ တန်းသွားချင်၏။ ဟမိုင်းယွန်းနီက ထိုစကားကို မကြားချင်ပါ။

'ဟမိုင်းယွန်းနီ ... တို့ဘဝမှာ နဂါးသားပေါက်တာ ဘယ်နှခါ တွေ့ဖူးသလဲ'

'ငါတို့ စာတွေ ကျက်ရဦးမယ်၊ ငါတို့ ဒုက္ခရောက်ကြမယ်၊ ဟတ်ဂရစ် ဘာတွေ လုပ်နေတယ် ဆိုတာ တစ်ယောက်ယောက်က တွေ့သွားရင် ဟတ်ဂရစ် တွေ့မယ့် ဒုက္ခက ပိုဆိုးဦးမယ်'

'တိတ်ကြစမ်း' ဟု ဟာရီက ခပ်တိုးတိုး ပြော၏။

မာလ်ဖွိုင်းသည် ပေအနည်းငယ် အကွာတွင်သာ ရှိ၍ သူသည် ရပ်၍ နားထောင်သည်။ သူ ဘယ်လောက် ကြားသွားပြီနည်း။ မာလ်ဖွိုင်း၏ မျက်နှာ အသွင်အပြင်ကို ဟာရီ လုံးဝ မနှစ်သက်ပါ။

ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် ဆေးပင်များဗေဒဆီသို့ အသွား တစ်လမ်းလုံး ငြင်းခုံသွားကြသည်။ နောက်ဆုံး၌ နံနက်ခင်း ခေတ္တ အနားယူချိန်တွင် ဟမိုင်းယွန်းနီသည် ဟာရီ၊ ရွန်တို့နှင့်အတူ ဟတ်ဂရစ်ဆီသို့ ပြေးသွားကြရန် သဘောတူလိုက်၏။ သူတို့ စာသင်ချိန်အပြီး ရဲတိုက်မှ ခေါင်းလောင်းထိုးချိန်တွင် သုံးဦးသားသည် ပန်းပင်စိုက်ရာတွင် သုံးသည့် ဂေါ်ကလေးများကို ပစ်ချကာ ခြံမြေကို ဖြတ်ကျော်၍ တောအုပ်၏ အစပ်ဆီသို့ သုတ်ခြေတင် သွားကြလေ၏။ ဟတ်ဂရစ်က မျက်နှာတွေ နီမြန်းပြီး စိတ်တုန်လှုပ်လျက် ရှိရာက သူတို့ကို ကြိုဆိုသည်။

'သူ ထွက်လာခါနီးပြီ' သူက ဟာရီတို့ကို အိမ်တွင်းသို့ ကြိုဆို ခေါ်ယူသွားသည်။

ဥသည် စားပွဲပေါ်တွင် ရှိနေ၏။ နက်ရှိုင်းသော အက်ရာကြီးများ ထင်နေသည်။ အတွင်းဘက်တွင် တစ်စုံတစ်ရာသည် လှုပ်ရှားနေ၏။ ကလပ် ကလပ်နှင့် ခပ်ဆန်းဆန်း အသံတစ်မျိုး ထွက်ပေါ်နေသည်။

သူတို့အားလုံးသည် ကုလားထိုင် ကိုယ်စီ ဆွဲကာ စားပွဲဆီသို့ သွားပြီး အသက်ပင် မရှူနိုင်ကြဘဲ စောင့်ကြည့်ကြလေ၏။

ချက်ချင်းလိုလိုပင် ကုတ်ခြစ်သံတွေ ကြားရပြီး ဥသည် ဖြန်းခနဲ ကွဲသွား၏။ နဂါးပေါက်စကလေးသည် စားပွဲပေါ်သို့ ပုံကျလာသည်။ လှပသည်တော့ မဆိုသာပါ။ ဟာရီက ထိုကောင်ကလေးသည် ခြေမွထားသော ထီးအနက်ကလေးနှင့် တူသည်ဟု ထင်မိ၏။ ဆူးတောင့် များသော သူ့ အတောင်ပံများသည် အရေတင် ဖြစ်နေသော သူ့ကိုယ်လုံး မည်းမည်းနှင့် စာသော် ကြီးမားနေသည့် အသွင် ရှိသည်။ နှုတ်သီးမှာ ရှည်လျားပြီး ကျယ်ဝန်းသော နှာသီးဝများ၊ ဖုထစ်သော ဦးချိုများ၊ ပြူးထွက်နေသော လိမ္မော်ရောင် မျက်လုံးများနှင့် ဖြစ်၏။

သားပေါက်က ချေဆတ်သည်။ သူ့နှုတ်သီးမှ မီးပွင့် အနည်းငယ် ခုန်ပျံထွက်လာသည်။

'သူဟာ မလှဘူးလား' ဟု ဟတ်ဂရစ်က တီးတိုးပြော၏။ သူသည် နဂါးကလေးကို ဦးခေါင်းသပ်ရန် လက်တစ်ဖက် ဆန့်ထုတ်လိုက်သည်။ နဂါးကလေးက သူ့ လက်ချောင်းတွေကို ဟပ်၏။ ချွန်ထက်နေသော အစွယ်များကို မြင်ရသည်။

www.burmeseclassic.com

'ဘုရားသခင် စောင်မပါစေ၊ သူ့မာမီကို သိတယ်' ဟု ဟတ်ဂရစ်က ပြော၏။

'ဟတ်ဂရစ်' ဟမိုင်းယွန်းနီက ပြောသည်။ 'နော်ဝေးအနွယ် ကျောရိုးကုန်းတန်း နဂါးမျိုးတွေဟာ တိတိကျကျ ဆိုရင် ဘယ်လောက်မြန်မြန် ကြီးပြင်းသလဲ'

ဟတ်ဂရစ်က ဖြေမည် ကြံစဉ် သူ့မျက်နှာတွင် ရုတ်တရက် သွေးဆုတ်သွားပြီး ခုန်ထကာ ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။

'ဘာဖြစ်တာလဲ'

'တစ်ယောက်ယောက်ဟာ ပြတင်းပေါက် ကန့်လန့်ကာကြား ကွက်လပ်က ဖြတ်ကြည့်နေတယ်၊ ကောင်ကလေး တစ်ယောက်ပဲ၊ ကျောင်းဆီကို ပြန်ပြေးသွားနေပြီ'

ဟာရီသည် တံခါးဆီသို့ ဂူးခနဲ ပြေးသွားကာ အပြင်သို့ ကြည့်သည်။ အဝေးကပင် သူ့ကို လူမမှားနိုင်ပါ။

မာလ်ဖွိုင်းသည် နဂါးကို မြင်သွားပါပြီ။

နောက်သီတင်းပတ်အတွင်း မာလ်ဖွိုင်း၏ မျက်နှာပေါ်တွင် နားခိုနေသော အပြုံးနှင့် ပတ်သက်၍ တစ်စုံတစ်ခုသည် ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့ကို အလွန်တရာမှ စိုးရိမ်မှု ဖြစ်စေလေသည်။ သူတို့သည် အားလပ်ချိန် အတော်များများကို ဟတ်ဂရစ်၏ အမှောင်ချထားသော သစ်သားတဲထဲတွင် ဟတ်ဂရစ်အား အမျိုးမျိုး နားချခြင်းဖြင့် ကုန်လွန်စေကြ၏။

'သူ သွားပါစေ' ဟု ဟာရီက တိုက်တွန်း၏။ 'သူ့ကို လွှတ်လိုက်ပါ'

'မဖြစ်ဘူး' ဟု ဟတ်ဂရစ်က ပြောသည်။ 'သူ သိပ်ငယ်နေတယ်၊ သူ သေသွားမှာပေါ့'

သူတို့သည် နဂါးကို ကြည့်ကြ၏။ ရက်သတ္တ တစ်ပတ်မျှသော အချိန်အတွင်း နဂါးကလေးသည် သုံးဆ ဖြစ်လာသည်။ သူ့ နှာခေါင်းပေါက်ဝများမှ မီးခိုးတွေ အလိပ်လိုက် ထွက်နေ၏။ ဟတ်ဂရစ်သည် သားကောင်များ မွေးမြူရေး တာဝန်တွေကို မဆောင်ရွက်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် နဂါးက သူ့ကို အလုပ်တွေ ရှုပ်နေအောင် ပေးထားသောကြောင့် ဖြစ်၏။ ဘရန်ဒီ ပုလင်း အလွတ်များနှင့် ကြက်မွေးများ ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသည်။

'ငါ သူ့ကို နော်ဘတ်လို့ ခေါ်ဖို့ ဆုံးဖြတ်ထားတယ်' ဟု ဟတ်ဂရစ်က နဂါးကို ရီဝေသော မျက်လုံးများနှင့် ကြည့်ရင်း ပြော၏။ 'အခုဆို သူငါ့ကို ကောင်းကောင်း သိနေပြီ၊ ကြည့်၊ နော်ဘတ်၊ မာမီ ဘယ်မလဲ'

'သူ ကြောင်နေပြီ' ဟု ရွန်က ဟာရီ၏ နားနားကပ်၍ တီးတိုးပြောသည်။

'ဟတ်ဂရစ်' ဟု ဟာရီက ကျယ်လောင်စွာ ပြော၏။ 'နောက်နှစ်ပတ်လောက် ဆိုရင် နော်ဘတ်ဟာ ခင်ဗျားအိမ်လောက် ရှည်လာလိမ့်မယ်၊ မာလ်ဖွိုင်းဟာ ဆရာ ဒမ်ဗယ်လ်ဒေါဆီကို အချိန်မရွေး သွားနိုင်တယ်'

ဟတ်ဂရစ်က နှုတ်ခမ်းကို ကိုက်သည်။

'ငါ... ငါသိတယ်၊ ငါဟာ သူ့ကို ထာဝရ မွေးမထားနိုင်ပါဘူး၊ ဒါပေမဲ့ သူ့ကို ငါ အမှိုက်ပုံမှာ မစွန့်ပစ်နိုင်ဘူး၊ ငါ မလုပ်နိုင်ပါဘူးကွာ'

ဟာရီက ရုတ်တရက် ရွန်ဘက်လှည့်လိုက်သည်။

'ချာလီ' ဟု သူက ပြော၏။

'မင်းလည်း ကြောင်နေပြန်ပါပြီကော' ဟု ရွန်က ပြော၏။ 'ငါက ရွန်လေ... မှတ်မိပြီလား'

'မဟုတ်ပါဘူး၊ ချာလီ၊ မင့်အစ်ကို ချာလီ၊ ရိုမန်နီးယားမှာ၊ နဂါးတွေကို လေ့လာနေတယ်၊ ငါတို့ဟာ နော်ဘတ်ကို သူ့ဆီ ပို့နိုင်တယ်၊ ချာလီက သူ့ကို ပြုစုထားပြီး နောက်ကျတော့ တောထဲကို ပြန်လွှတ်နိုင်မှာပေါ့'

'အရမ်းကောင်းတဲ့ အကြံပဲ' ဟု ရွန်က ပြောသည်။ 'ဘယ်လို သဘောရသလဲ ဟတ်ဂရစ်'

သို့ဖြင့် နောက်ဆုံးတွင် သူတို့သည် ချာလီထံသို့ ဇီးကွက် စေလွှတ်၍ မေးမြန်းကြည့်ရန် ဟတ်ဂရစ်က သဘောတူလိုက်လေတော့သည်။

နောက်ရက်သတ္တပတ်သည် တရွေ့ရွေ့နှင့် ကုန်ဆုံးလာ၏။ ဗုဒ္ဓဟူးနေ့ ညတွင် အခြားသူတွေ အားလုံး အိပ်ရာဝင်သွားပြီးနောက် အတန်ကြာသည့်တိုင်အောင် ဟမိုင်းယွန်းနီနှင့် ဟာရီတို့သည် စုပေါင်း အနားယူခန်းတွင် ထိုင်နေကြဆဲ ဖြစ်ပေ၏။ နံရံပေါ်မှ နာရီက သန်းခေါင်ယံ ဖြစ်ကြောင်း အသံပြုလိုက်သည့် ခဏတွင် ပန်းချီကား အပေါက်သည် ပွင့်သွား၏။ ဟာရီ၏ 'ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီ' ဆွဲဖယ်လိုက်သည်တွင် ရွန်သည် ရုတ်တရက် ပေါ်လာသည်။ သူသည် ဟတ်ဂရစ်၏ တဲသို့သွား၍ နော်ဘတ်ကို အစာကျွေးရာတွင် ကူညီခဲ့၏။ ယခုအခါတွင် နော်ဘတ်သည် သူ့ကို ထည့်ထားသော သံအိမ်ကြီးထဲတွင် ကြွက်သေများကို စားနေပေပြီ။

'ငါ့ကို ကိုက်လိုက်တယ်ကွ' ဟု သူက ပြော၍ သူ့လက်ကို ပြသည်။ သူ့လက်မှာ သွေးများ ပေကျံနေသော လက်ကိုင်ပုဝါဖြင့် ပတ်ထား၏။ 'ငါတော့ တစ်ပတ်လောက် ငှက်တောင် ကလောင်ကို ကိုင်နိုင်မှာ မဟုတ်ဘူး၊ ငါ ပြောမယ်၊ ငါ တွေ့ဖူးသမျှ တိရစ္ဆာန်တွေထဲမှာ အဲဒီ နဂါးဟာ အဆိုးဝါးဆုံးပဲ၊ ဒါပေမဲ့ ဟတ်ဂရစ်က ဆက်ဆံနေပုံကတော့ ယုန်ကလေး တစ်ကောင်လိုပဲလေ၊ အဲဒီကောင်က ငါ့ကို ကိုက်လိုက်တာ သူ့နဂါးကို ကြောက်အောင် လုပ်ပါတယ်ဆိုပြီး ငါ့ကို မောင်းထုတ်တယ်လေ၊ ငါ ထွက်လာခဲ့တုန်းမှာတော့ သူဟာ နဂါးကို တေးဆို သိပ်ကျွန်ရစ်ခဲ့တယ်'

မှောင်မိုက်နေသော ပြတင်းပေါက်တွင် ခေါက်သံ ပေါ်လာ၏။

'အဲဒါ ဟက်ဒွစ်ပဲ' ဟု ဟာရီက ပြောပြီး သူ့ဇီးကွက်မကို ခပ်သုတ်သုတ် ဝင်လာစေ၏။ 'ချာလီရဲ့ ပြန်စာကို သူ ယူလာမှာ'

သုံးယောက်သားသည် ခေါင်းချင်းဆိုင်၍ ပေးစာကို ဖတ်ကြသည်။

ခင်မင်ရပါသော ရွှန်

နေကောင်းလား။ စာရေးလိုက်လို့ ကျေးဇူးတင်တယ်။ ငါက 'နော်ဝေးအနွယ် ကျောရိုးကုန်းတန်း နဂါး' ကို ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ။ ဒါပေမဲ့ သူ့ကို ဒီကို ယူဖို့က လွယ်မှာ မဟုတ်ဘူး။ အကောင်းဆုံးကတော့ နောက်တစ်ပတ်မှာ ရောက်လာကြမယ့် ငါ့ မိတ်ဆွေတွေနှင့် သူ့ကို ပို့ပေးတာ အကောင်းဆုံးပဲ ငါထင်တယ်။ ပြဿနာက သူတို့ဟာ တရားမဝင်တဲ့ နဂါးကို သယ်တာ လူတွေ မမြင်ဖို့ပဲ။

စနေနေ့ည သန်းခေါင်ယံမှာ အမြင့်ဆုံး မျှော်စင်ပေါ်ကို ကျောရိုးကုန်းတန်းကို ခေါ်ထားနိုင်မလား။ ငါ့ မိတ်ဆွေတွေက အဲဒီကို လာပြီး မှောင်နေတဲ့ အခိုက်မှာပဲ သူ့ကို သယ်ဆောင်သွားကြမယ်လေ။

ဖြစ်နိုင်သလောက် မြန်မြန် ပြန်လည် ဖြေကြားပါ။

မေတ္တာဖြင့်

ချာလီ။

သူတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြ၏။

'ငါတို့မှာ ရိုန်ဆာယာ အပေါ်ရုံ အင်္ကျီ ရှိတယ်' ဟု ဟာရီက ပြောသည်။ 'သိပ်တော့ ခက်ခဲမှာ မဟုတ်ဘူး၊ ဝတ်ရုံက တို့နှစ်ယောက်နှင့် နော်ဘတ်ကို လွှမ်းခြုံနိုင်လောက်အောင်တော့ ကြီးတယ် ထင်ပါရဲ့ကွာ'

ကျန်သော သူငယ်ချင်း နှစ်ယောက်က သူနှင့် သဘောချင်း တူသွားကြသည်ကား ပြီးခဲ့သော ရက်သတ္တပတ်သည် အဘယ်မျှ ဆိုးဝါးနေခဲ့ကြောင်းကို ဖော်ပြနေပေ၏။ နော်ဘတ်နှင့် မာလ်ဖွိုင်းတို့ကို ရှင်းပစ်နိုင်မည်ဆိုလျှင် ဘာလုပ်ရ လုပ်ရ။

အဆင်မပြေမှု တစ်ခုတော့ ရှိခဲ့၏။ နောက်နေ့ နံနက်တွင် အကိုက်ခံရသော ရွှန်၏ လက်သည် သူ့ မူလအရွယ်ထက် နှစ်ဆမျှ ဖြစ်အောင် ရောင်ရမ်းလာသည်။ မာဒမ် ပွမ်ဖရီထံ သွားလို့ တော်ပါ့မလား သူ မသိပါ။ မာဒမ် ပွမ်ဖရီက နဂါးကိုက်ခြင်း ဖြစ်သည်ဟု သိသွားလေမည်လား။ သို့ဖြစ်သော်ငြားလည်း နေ့လယ်ခင်းသို့ ရောက်လာသောအခါတွင် သူ့မှာ ရွေးစရာ လမ်းမရှိတော့ပါ။ ကိုက်ရာသည် အစိမ်းရောင်ဘက်သို့ လုလာနေပါပြီ။ နော်ဘတ်၏ အစွယ်များသည် အဆိပ်ရှိသည့် ပုံ ရှိ၏။

ထိုနေ့ ကုန်ဆုံးချိန်တွင် ရွှန်နှင့် ဟမိုင်းယွန်းနီတို့သည် ဆေးရုံ အဆောင်သို့ အပြေးကလေး သွားရောက်ကြသော အခါတွင် ခုတင်ပေါ်တွင် ရွှန်သည် အခြေအနေ ဆိုးဝါးလျက် ရှိသည်ကို တွေ့ကြရတော့သည်။
'ငါ့ လက်ကြောင့် မဟုတ်ဘူးကွ' ဟု ရွှန်က သူ့ လက်ချောင်းသည် ပြုတ်ကျတော့မလောက် ခံစားရသည် မှန်သော်လည်း ဤသို့ပင် တီးတိုးပြောသည်။ 'မာလ်ဖွိုင်းက ငါ့ဆီကို စာအုပ်ငှားချင်လို့ ဆိုပြီး မာဒမ် ပွမ်ဖရီကို ပြောတယ်လေ၊ ဒီတော့ သူ ငါ့ဆီကို လာလို့ ရသွားပြီး ငါ့ကို ကြည့်ရယ်တော့တာပေါ့၊ သူက ငါ့ကို ဘာကောင် ကိုက်တာလဲလို့ မာဒမ် ပွမ်ဖရီကို အတင်း မေးတော့တာပဲ၊ ငါက မာဒမ် ပွမ်ဖရီကို ခွေးကိုက်တာလို့ ပြောထားခဲ့တယ်၊

www.burmeseclassic.com

မာဒမ် ပွမ်ဖရီက ယုံပုံ မရပါဘူး၊ ငါဟာ ကွစ်ဒစ်ချ် ပြိုင်ပွဲမှာ ဒီကောင့်ကို ထိုးခဲ့မိဖို့ မကောင်းဘူး၊ အဲဒါကြောင့် သူ ဒါတွေ လာလုပ်နေတာပေါ့'

ဟာရီနှင့် ဟမိုင်းယွန်းနီတို့က သူ့ကို စိတ်အေးအေးထားရန် ကြိုးစားပြောဆိုနေကြရ၏။

'စနေနေ့ည သန်းခေါင်ယံ ဆိုရင် ဒါတွေ အားလုံး ပြီးသွားမှာပါ' ဟု ဟမိုင်းယွန်းနီက ပြောသည်။ သို့သော် ဤစကားသည် ရွန်ကို လုံးဝ မနှစ်သိမ့်နိုင်ပါ။ မနှစ်သိမ့်နိုင်ရုံမက ဖြစ်ရသည်မှာ ရွန်သည် မတ်မတ်ကြီး ထထိုင်၍ ချွေးတွေ ပြန်လာတော့သည်။

'စနေနေ့ည သန်းခေါင်ယံ' ဟု သူက ကွဲအက်သော အသံဖြင့် ပြော၏။ 'ဟာ ဒုက္ခပဲ၊ ဒုက္ခပဲ၊ ငါ သတိရပြီ၊ ချာလီရဲ့ စာဟာ ဟို မာလ်ဖွိုင်း ယူသွားတဲ့ စာအုပ်ထဲမှာကွ၊ ငါတို့ နော်ဘတ်ကို ရှင်းပစ်နေတာကို သူ သိတော့မှာပဲ'

ဟာရီနှင့် ဟမိုင်းယွန်းနီတို့သည် ဖြေရန် အခွင့်အလမ်း မရကြတော့ပါ။ ထိုခဏတွင် မာဒမ် ပွမ်ဖရီသည် ရောက်ရှိလာပြီး ရွန် အိပ်ရန် လိုအပ်သည် ဆိုကာ သူတို့ကို ပြန်ခိုင်းလေ၏။

'အကြံအစည်ကို ပြောင်းပစ်ဖို့ အချိန်နှောင်းနေပြီ' ဟု ဟာရီက ဟမိုင်းယွန်းနီအား ပြောကြားသည်။ 'ချာလီဆီကို နောက်ဇီးကွက် တစ်ကောင် လွှတ်ဖို့ အချိန်မရတော့ဘူး၊ ဒီတော့ နော်ဘတ်ကို ရှင်းပစ်ဖို့ ဒါဟာ ငါတို့ရဲ့ တစ်ခုတည်းသော အခွင့်အလမ်းပဲ၊ ငါတို့ စွန့်ကြရမှာပဲ၊ ငါတို့မှာ ရှိန်းဆာယာ အပေါ်ရုံ အကျႌ ရှိတယ်၊ ဒါကို မာလ်ဖွိုင်း မသိဘူး'

သူတို့သည် အကျိုးအကြောင်း ပြောရန် ဟတ်ဂရစ်ထံ အသွားတွင် တောဝက်လိုက် ခွေးကြီး ဖန်းသည် အမြီးတွင် ပတ်တီးစည်းထားပြီး အပြင်ဘက် ထွက်ထိုင်နေသည်ကို တွေ့ကြရ၏။ ဟတ်ဂရစ်က ပြတင်းပေါက် တစ်ပေါက် ဖွင့်၍ သူတို့နှင့် စကားပြောသည်။

'ငါ မင်းတို့ကို အထဲမခေါ်တော့ဘူး' ဟု သူက ထွက်သက်ကို ဖူးဖူးနှင့် ထုတ်ရင်း ပြော၏။ 'နော်ဘတ်ဟာ စိတ်ကစားတဲ့ အခြေအနေကို ရောက်နေတယ်၊ ငါ မထိန်းနိုင်တာ ဘာမှ မရှိပါဘူးလေ'

သူတို့က ချာလီ၏ စာအကြောင်း ပြောသောအခါ သူ၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်လာ၏။ ဒါဟာလည်း နော်ဘတ်က ယခုတွင် သူ့ ခြေထောက်ကို ကိုက်လိုက်သောကြောင့် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

'အား..၊ ကိစ္စ မရှိပါဘူး၊ သူက ငါ့ ဘွတ်ဖိနပ်ကို ကိုက်မိတာပါ၊ ကစားနေတာလေ၊ တကယ်တော့ သူဟာ ကလေးပဲ ရှိပါသေးတယ်ကော'

ကလေးသည် သူ့ အမြီးဖြင့် နံရံကို ရိုက်လိုက်ရာ ပြတင်းပေါက်များ တဂျမ်းဂျမ်း မြည်ကုန်တော့သည်။ ဟာရီနှင့် ဟမိုင်းယွန်းနီတို့သည် ရဲတိုက်ကြီးဆီသို့ ပြန်လျှောက်ခဲ့ကြ၏။ စနေနေ့သည် လာနိုင်ခဲရန်ကောဟု ရင်ထဲတွင် ခံစားနေမိကြတော့သည်။

နော်ဘတ်ကို 'ဂွတ်ဘိုင်' ပြောရမည့် အချိန်သို့ ရောက်လာသောအခါ သူတို့သည် ဟတ်ဂရစ် အတွက် ဝမ်းနည်းမိဖို့ ကောင်းသည်။ သို့သော် သူတို့ လုပ်ရမည့် အရေးအတွက် ရတက်မအေး ဖြစ်ရလွန်းနေကြပါ၏။ ထိုညသည် အလွန် မှောင်မိုက်၍ တိမ်ထူထပ်လျက် ရှိသည်။ သူတို့ လာကြမည် လုပ်ခါမှ ပုဏ္ဏက တစ္ဆေ ပီးဗ်ဇ်သည် အဝင်ခန်းမကြီးထဲ၌

နံရံကို ရင်ဆိုင်၍ တင်းနစ် ကစားနေသဖြင့် စောင့်နေကြရသောကြောင့် ဟတ်ဂရစ်၏ သစ်သားတဲဆီသို့ အနည်းငယ် အရောက် နောက်ကျသည်။

ဟတ်ဂရစ်သည် နော်ဘတ်ကို သံအိမ်ဖြင့် ထည့်၍ အဆင်သင့် စောင့်နေ၏။

'သူ့ လမ်းမှာ စားသောက်သွားဖို့ ကြွက်တွေနှင့် ဘရန်ဒီတွေ အများကြီး ထည့်ပေးလိုက်တယ်' ဟု ဟတ်ဂရစ်က ဆို့နစ်သော အသံဖြင့် ပြော၏။ 'ပြီးတော့ သူ့ရဲ့ ဝက်ဝံရုပ်ကလေးကိုပါ ထည့်ပေးလိုက်တယ်၊ ပျင်းနေမှာ စိုးလို့'

သံအိမ်ကြီး အတွင်းမှ ဆုတ်ဖြဲသံတွေ ထွက်ပေါ်လာ၏။ ဟာရီကတော့ ဝက်ဝံရုပ်သည် ဦးခေါင်းတော့ အဆုတ်ဖြဲခံနေရပြီဟု ထင်မိ၏။

ဟာရီနှင့် ဟမိုင်းယွန်းနီတို့သည် သံအိမ်ကို 'ရှိန်းဆာယာ အပေါ်ရုံ အကျႌ' ဖြင့် အုပ်လိုက်ပြီး သူတို့ ကိုယ်တိုင်ကလည်း အကျႌအတွင်းသို့ လျှိုဝင်လိုက်ကြစဉ် 'ဘိုင့်ဘိုင် နော်ဘတ်' ဟု ဟတ်ဂရစ်က ရှိုက်သံဖြင့် ပြောသည်။ 'မာမီ မင်းကို ဘယ်တော့မှ မမေ့ဘူးကွယ်'

သူတို့ ဘယ်လိုက ဘယ်လို သံအိမ်ကြီးကို ရဲတိုက်ကြီးဆီသို့ ယူ၍ ပြန်လာခဲ့ကြသည်ကို သူတို့ မသိတော့ပါ။ သန်းခေါင်ယံသည် တရွေ့ရွေ့ နီးကပ်လာ၏။ သူတို့သည် နော်ဘတ်ကို ချီမ၍ ဝင်ပေါက်ခန်းမထဲက စကျင်ကျောက် လှေကားကြီးကို တက်ကာ မှောင်မည်းနေသော စင်္ကြံလမ်းများ တစ်လျှောက် လာခဲ့ကြသည်။ လှေကား တစ်ခုပြီး တစ်ခု တက်ခဲ့ကြသည်။ ဟာရီ၏ ဖြတ်လမ်းများသည် လုပ်ငန်းကို ပို၍ လွယ်ကူစေခြင်း မဖြစ်စေခဲ့ပါ။

'ရောက်ခါနီးပြီ' အမြင့်ဆုံး မျှော်စင်အောက်က စင်္ကြံလမ်းကို ရောက်သောအခါ ဟာရီက ဖုတ်လှိုက် ဖုတ်လှိုက်နှင့် ပြောသည်။

ထိုအခိုက်တွင် သူတို့ ရှေ့နားက ရုတ်တရက် လှုပ်ရှားမှု ပေါ်လာသဖြင့် သူတို့သည် သံအိမ်ကြီးကို လွှတ်ချမိတော့မလိုပင် ဖြစ်ခဲ့ကြ၏။ သူတို့မှာ ကိုယ်ပျောက်နေသည် ဆိုခြင်းကို မေ့သွားပြီး မှောင်ရိပ်ထဲသို့ ခိုဝင်ကာ ရှေ့ ဆယ်ပေလောက်တွင် သဏ္ဍာန် နှစ်ခုသည် တစ်ယောက်ကို တစ်ယောက် ဆွဲငင် လှုပ်ရှားနေသည်ကို ငေးစိုက်ကြည့်နေမိကြသည်။ မီးအိမ် အလင်းရောင် ပေါ်ခဲ့၏။

သက္ကလတ် အကွက် ဂါဝန်ကြီးကို ဝတ်၍ ဆံပင်ကို ပိုက်စွပ်ထားသော ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် မာလ်ဖွိုင်းကို နားရွက်က ဆွဲလာသည်။

'အချုပ်ခံပေတော့' ဟု သူက အော်ပြော၏။ 'ပြီးတော့ ဆလိုင်သရင်က အမှတ် နှစ်ဆယ် နုတ်မယ်၊ ညဉ့်နက်သန်းခေါင် လျှောက်သွားနေတယ်၊ မင်း တယ်လုပ်ရဲပါကလား'

'ပရိုဖက်ဆာ မသိဘူးနော်၊ ဟာရီ ပေါ်တာ လာနေပြီ၊ သူ့မှာ နဂါး ပါတယ်'

'အလကား စကားတွေ လျှောက်ပြောနေတယ်၊ နင်ဟာ တော်တော် လိမ်ပြောရဲတယ်၊ လာစမ်း၊ မာလ်ဖွိုင်း မင်းနှင့် ပတ်သက်ပြီး ငါ ပရိုဖက်ဆာ စနိတ်နှင့် သွားတွေ့မယ်'

www.burmeseclassic.com

ထိုနောက်တွင်ကား မျှော်စင်ထိပ်သို့ တက်သော မတ်သည့် ကြောင်လိမ်လှေကားသည် လောကတွင် တက်ရအလွယ်ဆုံးလိုပင် ဖြစ်ရတော့သည်။ အေးမြသော ည၏ လေထဲသို့ လှမ်းထွက်မိသည်နှင့် တစ်ပြိုင်နက် သူတို့သည် 'အပေါ်ရုံ အကျီ' ကို ဖယ်ချလိုက်ကြ၏။ အသက်ဝဝ ရှူရသည်ကိုပင် ဝမ်းမြောက်မိကြ၏။ ဟမိုင်းယွန်းနီသည် ခုန်ဆွ ခုန်ဆွပင် ဖြစ်မိသည်။

'မာလ်ဖွိုင်း အချုပ်ခံရပြီ၊ ငါ သီချင်းတကြော်ကြော် ဆိုနိုင်ပြီပေါ့'

'မဆိုလိုက်ပါနှင့်နော်' ဟု ဟာရီက အကြံပြု၏။

သူတို့သည် မာလ်ဖွိုင်း အကြောင်း ပြော၍ တခစ်ခစ် ရယ်ရင်း စောင့်ဆိုင်းနေကြသည်။ နော်ဘတ်က သံအိမ်ထဲတွင် လူးလှိမ့်နေသည်။ ဆယ်မိနစ်ခန့် ကြာသောအခါ အမှောင်ထုထဲမှ တံမြက်စည်း လေးချောင်းသည် ထိုးဆင်းလာကြတော့၏။

ချာလီ၏ မိတ်ဆွေများသည် ပျော်တတ်သူများ ဖြစ်ကြသည်။ သူတို့တွင် ပါလာသော ကကြိုးတန်ဆာကို ဟာရီနှင့် ဟမိုင်းယွန်းနီတို့အား ပြသကြ၏။ ဤကိရိယာ တန်ဆာပလာအားဖြင့် သူတို့သည် နော်ဘတ်ကို သူတို့အကြား တွဲလွဲဆွဲသွားနိုင်ကြမည် ဖြစ်သည်။ နော်ဘတ်ကို ထိုအထဲ ထည့်၍ ထိကပေါက်များ ခတ်သည်ကို သူတို့အားလုံး ဝိုင်း၍ ကူညီကြရ၏။ ထိုနောက် ဟာရီနှင့် ဟမိုင်းယွန်းနီတို့က သူတို့ကို လက်ဆွဲ နှုတ်ဆက်ကြကာ လွန်စွာ ကျေးဇူးတင်ကြောင်း ပြောကြားကြသည်။

နောက်ဆုံးတွင်ကား နော်ဘတ်သည် သွား... သွား.... သွားလေပြီ။

သူတို့သည် ကြောင်လိမ်လှေကားကို တိတ်တဆိတ် ပြန်ဆင်းကြ၏။ နော်ဘတ် မရှိတော့ပြီ ဖြစ်သဖြင့် ပေါ့သွားပြီ ဖြစ်သော သူတို့၏ လက်များကဲ့သို့ပင် သူတို့၏ နှလုံးသားများသည်လည်း ပေါ့ပါးနေကြသည်။ နဂါးလည်း မရှိတော့။ မာလ်ဖွိုင်းသည်လည်း အချုပ်ခံနေရပြီ။ သူတို့၏ ပျော်ရွှင်မှုကို ဘာက ဖျက်ဆီးနိုင်ပါမည်နည်း။

ထိုမေးခွန်း၏ အဖြေသည် လှေကားရင်းတွင် စောင့်နေပါ၏။ သူတို့သည် စင်္ကြံလမ်းပေါ်သို့ ခြေလှမ်းလိုက်သည်တွင် အမှောင်ထဲမှ ဖစ်ချ်၏ မျက်နှာသည် ဘွားခနဲ ပေါ်ထွက်လာလေတော့သည်။

'ကိုင်း... ကိုင်း ... ကိုင်း' ဟု ဟာရီက တီးတိုးပြော၏။ 'ငါတို့တော့ ဒုက္ခ ရောက်ပြီ'

သူတို့သည် 'ရှိန်းဆာယာ အပေါ်ရုံ အကျီ' ကို မျှော်စင်ထိပ်တွင် ထားရစ်မိခဲ့ကြသည်။

အခန်း ဆယ့်ငါး

မသွားရ တောအုပ်

ယခုလောက် ဆိုးဝါးတာများ ရှေးက မရှိနိုင်ခဲ့ဖူးပါ။

ဖစ်ချ်သည် သူတို့ကို ပထမထပ်ရှိ ပရိုဖက်ဆာ မက်ဂေါ်နဂေါ၏ စာကြည့်ခန်းသို့ ခေါ်သွား၏။ ထိုအခန်းထဲတွင် သူတို့သည် အချင်းချင်း စကား မပြောကြဘဲ ထိုင်၍ စောင့်ဆိုင်းနေကြသည်။ ဟမိုင်းယွန်းနီသည် တုန်ယင် နေ၏။

www.burmeseclassic.com

ဆင်ခြေများ၊ အပြစ်ကျူးလွန်ရာတွင် မပါဝင်ကြောင်းများ၊ ပရမ်းပတာ လုပ်ဇာတ်များသည် ဟာရီ၏ ဦးနှောက်ထဲတွင် တစ်ခုနောက် တစ်ခု လိုက်၍ ပေါ်လာကြသည်။ နောက်ပေါ်လာသမျှသည် ရှေးက ပေါ်သွားသမျှထက် ပို၍ ပို၍ မခိုင်မလုံ အားပျော့ရသည်။ ဤတစ်ကြိမ်တွင် ဒုက္ခထဲမှ သူတို့ ဘယ်လို ထွက်မြောက်နိုင်မည် ဆိုခြင်းကို သူ နားမလည်နိုင်ပါချေ။ သူတို့သည် ထောင့်ပိတ်မိခဲ့သည်။ 'အပေါ်ရုံ အကျီ' ကို မေ့လောက်အောင် ဘယ်ကဲ့သို့ သူတို့သည် မိုက်မဲခဲ့ကြရပါသနည်း။ စာသင်ရေးကိစ္စ မဟုတ်ပါက သွားလာခွင့် မရှိသည့် နယ်မြေဖြစ်သော အမြင့်ဆုံး နက္ခတ္တဗေဒ မျှော်စင်ပေါ် တက်ခြင်းကို အပထားဦး၊ ညဉ့်နက်သန်းခေါင်တွင် အိပ်ရာမှ ထပြီး ကျောင်းထဲ လျှောက်သွားနေခြင်းကို ပရိုဖက်ဆာ မက်ဂေါ်နဂေါက လက်ခံစရာ အကြောင်းသည် မည်သို့မျှ မရှိပါ။ နော်ဘတ်နှင့် 'ရှိန်းဆာယာ အပေါ်ရုံ အကျီ' တို့ ထပ်လောင်း လိုက်လျှင်ကား သူတို့သည် ယခုပင် အထုပ်အပိုးပြင်ပြီး ဖြစ်ရပါလိမ့်မည်။

ယခုလောက် ဆိုးဝါးတာများ ရှေးက မရှိနိုင်ခဲ့ဖူးပါဟု ဟာရီ တွေးထင်မိပါသလား။ ဒါဆို သူ မှားပါသည်။ ပရိုဖက်ဆာ မက်ဂေါ်နဂေါ ရောက်ရှိလာသောအခါ နဲဗီးလ်ကို ဦးဆောင် ခေါ်ငင်လာသည်။

'ဟာရီ' နဲဗီးလ်က အခြားနှစ်ယောက်ကို တွေ့သည်နှင့် တစ်ပြိုင်နက် အော်ပြောတော့သည်။ 'ငါက မင်းတို့ကို သတိပေးဖို့ ကြိုးစားခဲ့တယ်၊ မာလ်ဖွိုင်းက မင်းတို့ကို ဖမ်းမယ်လို့ ပြောနေတာ ငါကြားတယ်၊ မင်းတို့မှာ န...'

ဟာရီက နဲဗီးလ် နှုတ်ပိတ်သွားစေရန် ဦးခေါင်းကို ပြင်းထန်စွာ ခါမိ၏။ သို့သော် ပရိုဖက်ဆာ မက်ဂေါ်နဂေါက မြင်သွားသည်။ ပရိုဖက်ဆာသည် သူတို့ သုံးယောက်အပေါ် မိုး၍ ရပ်လိုက်သည်တွင် နော်ဘတ်ထက် ပို၍ပင် ထွက်သက်လေ ပူလောင်သလို ရှိခဲ့၏။

'ငါ မင်းတို့ကို ဘယ်လိုမှ မယုံနိုင်ခဲ့ဘူး၊ မစ္စတာ ဖစ်ချ်က ပြောတော့ မင်းတို့ဟာ နက္ခတ္တဗေဒ မျှော်စင်ပေါ် တက်ကြတယ်ဆို၊ ခုချိန်ဟာ နံနက် တစ်နာရီ ထိုးနေပြီ၊ ကဲ ဘာပြောချင်ကြသလဲ၊ ရှင်းကြစမ်း'

ဆရာ မေးသော မေးခွန်းကို ပြန်မဖြေနိုင်သည်မှာ ဟမိုင်းယွန်းနီ အတွက် ဤဟာသည် ပထမဆုံးအကြိမ် ဖြစ်တော့သည်။ သူသည် ကျောက်ရုပ် တစ်ခုလို သူ့ဖိနပ်တွေကို သူ ငုံ့ကြည့်နေ၏။

'ဘာတွေ ဖြစ်နေတယ် ဆိုတာ ငါ ကောင်းကောင်း တွေးမိပါတယ်' ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောသည်။ 'ဒါကို တွေးမိဖို့က စွမ်းပကားရှင် တစ်ယောက် ဖြစ်ဖို့ မလိုပါဘူးလေ၊ မင်းတို့ဟာ မာလ်ဖွိုင်းကို အိပ်ရာက ထသွားပြီး ဒုက္ခတွေ့အောင် နဂါးနှင့် ပတ်သက်တဲ့ မယုံနိုင်စရာ လုပ်ဇာတ်ကို ဖန်တီးတယ်၊ ငါက သူ့ကို ဖမ်းမိထားပြီး အခု လောင်းဘော့တွမ်ကလည်း မင်းတို့ လုပ်ဇာတ်ကို ယုံကြည်တာ တွေ့ရလို့ ဟာသပဲလို့ ထင်နေကြမှာပေါ့နော်'

ဟာရီက နဲဗီးလ်နှင့် မျက်လုံးများကို ဆုံအောင် ကြည့်၍ ပရိုဖက်ဆာ ပြောသလို မဟုတ်ရကြောင်းကို စကားလုံးများ မပါဘဲ ပြောရန် ကြိုးစား၏။ အဘယ်ကြောင့် ဆိုသော် နဲဗီးလ်သည် အံ့ဩပြီး စိတ်ထိခိုက်သွားသလိုပုံမျိုး ဖြစ်နေသောကြောင့် ဖြစ်၏။ သနားစရာ မှားယွင်းသွားရရှာသော နဲဗီးလ်။ သူတို့ကို သတိပေးဖို့ မှောင်ထဲတွင် ရှာဖွေရန် ကြိုးစားရခြင်း အတွက် တန်ဖိုး အဘယ်မျှ ပေးရသည်ကို ဟာရီ သိပါ၏။

'ငါ တကယ် စက်ဆုပ်မိတယ်' ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက ပြောသည်။ 'တစ်ညတည်းမှာ ကျောင်းသား လေးယောက် အိပ်ရာ အပြင် ရောက်နေကြတယ်၊ ဒါမျိုး ရှေးက မကြားဖူးပါဘူး၊ မစ္စ ဂရိန်ဂျာ၊ မင်းဟာ ပိုပြီး ဆင်ခြင်ဉာဏ် ရှိတယ်လို့ ငါထင်ခဲ့တယ်၊ မစ္စတာ ပေါ့တာ၊ ဂရစ်ဖင်ဒါဟာ ဒီဟာထက် မင်းအတွက် ပိုပြီး အဓိပ္ပာယ် ရှိတယ်လို့ ငါထင်ခဲ့တယ်၊ မင်းတို့ သုံးယောက်စလုံး အချုပ်ခံကြရမယ်၊ အေး မင်းရောပေါ့ မစ္စတာ လောင်းဘော့တွမ်၊

ညဘက်မှာ ကျောင်းပတ်ဝန်းကျင်မှာ လျှောက်သွားနေဖို့ ဘာကမှ မင်းတို့ကို အခွင့်မပေးထားဘူး၊ အထူးသဖြင့် အခုလို အရမ်း အရေးကြီးနေတဲ့ အချိန်မျိုးမှာလေ၊ ဒီတော့ ဂရစ်ဖင်ဒါဆီက အမှတ် ငါးဆယ်နုတ်ရမယ်'

'ငါးဆယ်' ဟာရီ ပင့်သက်ဖိုမိ၏။ သူတို့ ဦးဆောင်မှု ဆုံးရှုံးရပါတော့မည်။ ပြီးခဲ့သော ကွစ်ဒစ်ချ်ပွဲတွင် သူ ရယူခဲ့သော ဦးဆောင်မှုကို ဆုံးရှုံးရပါတော့မည်။

'တစ်ယောက် တစ်ယောက်ဆီက အမှတ် ငါးဆယ်စီ' ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ရှည်လျား ချွန်ထက်သော နှာခေါင်းမှ အသက်ပြင်းစွာ ရှူရင်း ပြောလေသည်။

'ပရိုဖက်ဆာ... ကျေးဇူးပြုပြီး...'

'မလုပ်ပါနှင့်'

'ငါ့ကို ဘာလုပ်ရမယ် ဘာမလုပ်ရဘူး မပြောနှင့် ပေါ့တာ၊ ကဲ မင်းတို့ အားလုံး ပြန်အိပ်ကြတော့၊ ဂရစ်ဖင်ဒါ ကျောင်းသားတွေ အတွက် ငါ ဘယ်တုန်းကမှ ဒါထက်ပိုပြီး မရှက်ခဲ့ရဘူး'

အမှတ်ပေါင်း တစ်ရာ့ငါးဆယ် ဆုံးရှုံးရပါပြီ။ ဤဟာက ဂရစ်ဖင်ဒါကို နောက်ဆုံးနေရာသို့ ပို့လိုက်သည်။ အသင်းလိုက် ဖလားပွဲ အတွက် ရထားသော အခွင့်အလမ်းကို သူတို့က တစ်ညတည်းဖြင့် ဖျက်ဆီးပစ်လိုက်၏။ ဟာရီသည် ခါးတစ်ဝက်မှာ ပြတ်ကျသွားသလို ခံစားရသည်။ သူတို့သည် ဤဆုံးရှုံးမှုကို မည်သို့ မည်ပုံ ပြန်လည် ဖြည့်တင်းနိုင်ပါမည်နည်း။

ထိုတစ်ညလုံး ဟာရီ မအိပ်ပါ။ နဲဗီးလ်သည် နာရီပေါင်း များစွာ ကြာမြင့်သည်ဟု ထင်ရလောက်အောင် အချိန်အထိ ခေါင်းအုံးကို မျက်နှာအပ်၍ ရှိုက်နေသံကို သူ ကြားရသည်။ နဲဗီးလ်ကို နှစ်သိမ့်စရာ စကားကို ဟာရီ တွေး၍ မရပါ။ နဲဗီးလ်သည်လည်း မိမိကဲ့သို့ပင် အရုဏ်တက်မှာ ကြောက်နေကြောင်းကို သူ သိပါ၏။ ကျန်ရှိသော ဂရစ်ဖင်ဒါ အသင်းဝင်များသည် သူတို့ ဘာတွေ လုပ်ခဲ့သည်ကို သိသွားကြသောအခါ ဘာတွေ ဖြစ်လာမည်နည်း။

ပထမတွင် ဂရစ်ဖင်ဒါများသည် နောက်နေ့၌ အသင်းလိုက် အမှတ်များ ကြေညာထားသော သဲနာရီကြီးများ ရှေ့သို့ ဖြတ်သွားသောအခါ တစ်စုံ တစ်ခုတော့ မှားနေပြီဟု သူတို့ ထင်မှတ်ကြသည်။ ဘယ်လိုဖြစ်ပြီး ရုတ်တရက်ကြီး မနေ့ကထက် အမှတ် တစ်ရာ့ငါးဆယ် လျော့သွားရပါသနည်း။ ထိုစဉ်တွင် အကျိုးအကြောင်းသည် ပျံ့နှံ့သွားတော့သည်။ ဟာရီ ပေါ့တာ၊ နာမည်ကျော် ဟာရီ ပေါ့တာ၊ ကွစ်ဒစ်ချ် ပွဲနှစ်ခုမှ သူတို့၏ သူရဲကောင်း ဟာရီ ပေါ့တာ၊ ထို ဟာရီ ပေါ့တာက ထိုအမှတ်များကို ဆုံးရှုံးပစ်လိုက်သည်။ သူနှင့် အခြားသော ပထမနှစ် သင်တန်းသား ငမိုက် နှစ်ယောက်တို့ကြောင့် ဖြစ်သည်။

ကျောင်း၌ လူကြိုက် အများဆုံး၊ အချီးကျူးခံရဆုံး လူများထဲမှ တစ်ယောက် ဖြစ်နေရာမှ ဟာရီသည် ရုတ်ခြည်းပင် အမုန်းခံရဆုံးသော သူ ဖြစ်သွားရသည်။ ရေဗွင်ကလောနှင့် ဟပ်ဖဲပတ် အသင်းဝင်များကပင် သူ့ကို စိတ်ဆိုးမာန်ဆိုးနှင့် တိုက်ခိုက် ပြောဆိုလာကြသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းကပင် အသင်းလိုက် ဖလားပွဲတွင် ဆလိုင်သရင် ရှုံးသည်ကို တောင့်တကြသောကြောင့် ဖြစ်၏။ ဟာရီ သွားလေရာတွင် လူများသည် သူ့ကို လက်ညှိုးထိုး၍ စော်ကား မော်ကား ပြောကြားရာတွင် တိုးတိုးတောင် မဟုတ်ကြတော့ပါ။ ဆန့်ကျင်ဘက် အနေအထားအားဖြင့်ကား သူ ဖြတ်သွားလျှင် ဆလိုင်သရင်များက လက်ခုပ်တီး လေချွန် အားပေးကြပြီး 'ကျေးဇူးပဲ ပေါ့တာ၊ မင်းကို ဆပ်ဖို့ တို့ ကြွေးတင်သွားပြီ' ဟု ဆိုကြ၏။

ရွှန် တစ်ဦးတည်းသာလျှင် သူ့ဘက်က ရပ်တည်သည်။

'သီတင်းပတ် အနည်းငယ် အတွင်း ဒါကို သူတို့ မေ့သွားကြမှာပါကွာ၊ ဖရက်နှင့် ဂျော့တို့ ဒီမှာ ရှိနေတုန်း ဆုံးရှုံးလိုက်တဲ့ အမှတ်တွေ ဆိုတာ တစ်ပုံကြီးပဲ၊ ဒါတောင် လူတွေက သူတို့ကို ခင်မင်ကြတာပါပဲ'

'ဒါပေမဲ့ သူတို့ဟာ တစ်ဦးတည်းနှင့် အမှတ် တစ်ရာ့ငါးဆယ် ဘယ်တော့မှ မရှုံးပစ်လိုက်ဘူး မဟုတ်လား' ဟု ဟာရီက အလွန် စိတ်မချမ်းမြေ့စွာဖြင့် ပြောသည်။

'အင်းပေါ့လေ၊ ဒီလိုတော့ မရှုံးပစ်လိုက်ပါဘူး' ဟု ရွှန်က ဝန်ခံ၏။

ထိခိုက်မှုကို ပြင်ဆင် မွမ်းမံဖို့တော့ အချိန် အနည်းငယ် နှောင်းသွားပြီ ဖြစ်၏။ သို့သော် ဟာရီသည် ယခုမှ စ၍ နှောင်ကို မိမိနှင့် မဆိုင်သော ကိစ္စများတွင် ဝင်ရောက် မစွက်ဖက်တော့ပါဟု ကျိန်တွယ်၍ သန္နိဋ္ဌာန်ချမိ၏။ သူ့ကို လူများက အလစ်မပေးဘဲ ချောင်းမြောင်း ကြည့်ရှု နေကြပေတော့မည်။ သူသည် များစွာ ရှက်မိလေရကား ဝုဒ်ဆီ သွား၍ ကွစ်ဒစ်ချ် အသင်းမှ ထွက်ပါရကြောင်း တောင်းပန်သည်။

'ထွက်မယ် ဟုတ်လား' ဟု ဝုဒ်က မိုးခြိမ်းသလို ပြောသည်။ 'ဒါက ဘာထူးမှာလဲ၊ ငါတို့ဟာ ကွစ်ဒစ်ချ်ပွဲမှာသာ မနိုင်တော့ဘူး ဆိုရင် အမှတ်တွေ ဘယ်လိုလုပ်ပြီး ထပ်ရဦးမှာတဲ့လဲကွ'

သို့တွင် ကွစ်ဒစ်ချ်သည်ပင် ပျော်စရာ မကောင်းတော့ပါ။ လေ့ကျင့်နေစဉ်အတွင်း ကျန်သော အသင်းဝင်များသည် ဟာရီကို စကား မပြောကြချေ။ မလွှဲသာ၍ ပြောရပြန်လျှင်လည်း သူ့ကို 'ဆီကာကြီး' ဟုသာ ခေါ်ဝေါ် သုံးစွဲ ပြောဆိုကြသည်။

ဟမိုင်းယွန်းနီနှင့် နဲဗီးလ်တို့လည်း ခံကြရသည်။ ဟာရီလောက်တော့ ဆိုးဆိုးဝါးဝါး မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် သူတို့မှာ လူသိမများလှသောကြောင့် ဖြစ်သည်။ သို့သော် သူတို့ကိုလည်း ဘယ်သူကမှ စကားမပြောကြတော့ပါ။ ဟမိုင်းယွန်းနီသည် အတန်းထဲတွင် ထောင်ထောင် ထောင်ထောင် မလုပ်တော့ဘဲ ခေါင်းကြီးကို ငုံ့၍သာ လုပ်စရာ ရှိသည်ကို လုပ်နေသည်။

စာမေးပွဲတွေ သိပ်မလိုတော့သည်ကို ဟာရီသည် ဝမ်းမြောက်သလောက် ရှိတော့၏။ ပြန်လည် လေ့ကျင့်ခန်းများသည် ဒုက္ခကြီးကို မေ့နေစေသည်။ သူရယ်၊ ရွှန်ရယ်၊ ဟမိုင်းယွန်းနီရယ်တို့သည် အချင်းချင်းသာ ပေါင်းပြီး ညဉ့်နက်သန်းခေါင် စာကျက်ကြသည်။ ရှုပ်ထွေးသော ဆေးဖော်စပ်နည်းများမှာ ဆေးအမယ်များကို ကြိုးစား မှတ်သားကြရသည်။ ဂါထာမန္တန်များကို အလွတ်ကျက်ကြရသည်။ မှော်ပညာဆိုင်ရာ တွေ့ရှိချက်များနှင့် ဂေါ့ဗလင် နတ်ပုများ၏ တော်လှန်ရေးတို့နှင့် ဆိုင်သော ရက်စွဲများကို မှတ်ကြရသည်။

ထိုစဉ် စာမေးပွဲတွေ စတင်ခါနီး ရက်သတ္တတစ်ပတ်ခန့် အလိုတွင် ကိုယ်နှင့် မဆိုင်သည့် ကိစ္စတွင် ဘာမျှ ဝင်မရှုပ်ပါ ဟူသော ဟာရီ၏ သန္နိဋ္ဌာန် အသစ်စက်စက်သည် မမျှော်လင့်ဘဲ စမ်းသပ်ခြင်း ခံရတော့သည်။ နေ့လယ်ခင်း တစ်ခုတွင် သူသည် စာကြည့်တိုက် အခန်းမှ တစ်ယောက်တည်း ပြန်လျှောက်အလာတွင် သူ့ရှေ့က စာသင်ခန်းထဲမှ တစ်စုံတစ်ယောက်၏ ခပ်အုပ်အုပ် ပြောသံကို ကြားရ၏။ သူ လျှောက်လာရင်း ပိုမို၍ နီးကပ်လာသော အခါတွင် ဆရာ ကွစ်ရဲလ်၏ အသံကို သူ ကြားရသည်။

www.burmeseclassic.com

'ဟင့်အင်း ဟင့်အင်း၊ ထပ်မလုပ်ပါရစေနှင့်၊ ကျေးဇူးပြုပြီး..'

တစ်ယောက်ယောက်က သူ့ကို ခြိမ်းခြောက်နေပုံ ရသည်။ ဟာရီက ပို၍ ကပ်သွား၏။

'ကောင်းပြီ၊ ကောင်းပြီ' ဆရာ ကွစ်ရဲလ် ရှိုက်သည်ကို သူ ကြားရ၏။

နောက်တစ်စက္ကန့်တွင် ဆရာ ကွစ်ရဲလ်သည် စာသင်ခန်းထဲမှ ပျာယီးပျာယာ ထွက်လာရင်း ဦးပေါင်းကြီးကို ပြန်တည့်၏။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် ငိုတော့မလို ဖြစ်နေသည်။ သူသည် မြင်ကွင်းထဲမှ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ထွက်သွား၏။ ဆရာ ကွစ်ရဲလ်သည် မိမိကို သတိထားမိသည်ဟု ဟာရီ မထင်ချေ။ ဆရာ ကွစ်ရဲလ်၏ ခြေသံများ ပျောက်သွားသည်အထိ စောင့်ပြီးနောက် သူသည် စာသင်ခန်းထဲသို့ ချောင်းကြည့်၏။ အခန်းမှာ လူသူ မရှိ လွတ်နေသော်လည်း တစ်ဖက်စွန်းက တံခါးသည် ဟနေသည်။ ဟာရီသည် ထိုတံခါးဆီသို့ လျှောက်သွားမိရာက လမ်းတစ်ဝက်တွင် ပါဝင် မစွက်ဖက်ပါ ဟူသော သူ၏ အဓိဋ္ဌာန်ကို ပြန်၍ သတိရသွား၏။

မည်သို့ပင်ဖြစ်စေ ဆရာ စနိတ် အခန်းထဲက ထွက်သွားခါစ ဖြစ်ရမည်ဆိုခြင်းကို ပြဒါးရှင်လုံး ဆယ့်နှစ်လုံးကြေး သူ လောင်းဝံ့သည်။ ထို့ပြင် ဟာရီ ကြားလိုက်ရသမျှ အတိုင်းဆိုလျှင် ဆရာ စနိတ်သည် ကြွတက်နေသော ခြေလှမ်းများဖြင့် လျှောက်သွားပေလိမ့်မည်။ ဆရာ ကွစ်ရဲလ်သည် နောက်ဆုံးတွင် အလျှော့ပေးသွားပြီ ဖြစ်သည်။

ဟာရီသည် ဟမိုင်းယွန်းနီက ရွန်အား နက္ခတ္တဗေဒ ဘာသာရပ်ကို စစ်ဆေးနေသော စာကြည့်တိုက်သို့ ပြန်သွားပြီး သူ ကြားခဲ့သမျှကို ပြန်လည်ပြောပြလေ၏။

'ဒါဖြင့် ဆရာ စနိတ်က လုပ်လိုက်ပြီ ဖြစ်မှာပေါ့' ဟု ရွန်က ပြောသည်။ 'တကယ်လို့သာ ဆရာ ကွစ်ရဲလ်ဟာ မိစ္ဆာစွမ်းအား အတွက် တန်ပြန် မန္တန်ကို ပယ်ဖျက်နည်းကို ပြောလိုက်ရင်ပေါ့လေ'

'ဒါပေမဲ့ ဖလပ်ဖီ ရှိနေသေးသားပဲ' ဟု ဟမိုင်းယွန်းနီက ပြောသည်။

'ဖလပ်ဖီကို ဘယ်လို ဖြတ်ကျော်နိုင်တယ် ဆိုတာကို ဟတ်ဂရစ်ကို မမေးဘဲနှင့် ဆရာ စနိတ်က တွေ့ရှိသွားချင် တွေ့ရှိသွားနိုင်တယ်' ဟု ရွန်သည် သူတို့ကို ဝိုင်းရံနေသော ထောင်ပေါင်းများစွာသော စာအုပ်တွေကို မော့ကြည့်ရင်း ပြော၏။ 'ခေါင်းသုံးလုံးနှင့် ခွေးကြီးကို ဘယ်လို ကျော်ဖြတ်နိုင်မယ် ဆိုတာ ပြောတဲ့ စာအုပ် တစ်အုပ်ဟာ ဒီက တစ်နေရာရာမှာ ရှိမယ်ဆိုတာ လောင်းကြေး စားကြေး ငါ ပြောရဲတယ်၊ ဒါထက် တို့ ဘာလုပ်ကြမလဲ ဟာရီ'

စွန့်စားမှု အလင်းရောင်ကလေးသည် ရွန်၏ မျက်လုံးများတွင် တစ်ဖန်ထပ်၍ တောက်ပလာပြန်သည်။ သို့ရာတွင် ဟာရီက မဖြေကြားနိုင်မီ ဟမိုင်းယွန်းနီက ဖြေကြားလိုက်လေသည်။

'ဆရာ ဒမ်ဗယ်လ်ဒေါဆီ သွားပေါ့၊ ဒါဟာ ငါတို့ လွန်ခဲ့တဲ့ ခေတ်ပေါင်း များစွာ ကတည်းက လုပ်ခဲ့ကြရမယ့် ဟာပဲ၊ ငါတို့ဘာသာ ငါတို့ တစ်ခုခု လုပ်မယ်ကြံရင် ကျောင်းထုတ်ပစ်ခံရမှာ သေချာတယ်'

'ဒါပေမဲ့ တို့မှာ ဘာသက်သေမှ မရှိဘူး' ဟု ဟာရီက ပြောသည်။ 'ဆရာ ကွစ်ရဲလ် ဆိုတာကလည်း တို့ကို ထောက်ခံဖို့အတွက် တအား ကြောက်လွန်းနေတယ်၊ ဆရာ စနိတ်က ဟာလိုဝင်းပွဲနေ့က ထရိုး ဖုတ်ပြိတ္တာ ဘယ်လို ရောက်လာမှန်း မသိဘူး ဆိုတာရယ်၊ သူဟာ တတိယထပ်နားမှာ မရှိဘူး ဆိုတာရယ် ပြောလိုက်ရုံပဲ၊ သူတို့တွေက ဘယ်သူ့ကို ယုံမလဲ မင်းတို့ သိလား၊ သူ့ကိုလား၊ ငါတို့ကိုလား၊ သူ့ကို တို့က မုန်းနေတာ လျှို့ဝှက်ချက် တစ်ခုမှ

www.burmeseclassic.com

မဟုတ်တာ၊ ငါတို့က သူ့ကို အလုပ်က ထုတ်ပစ်အောင် လုပ်ကြံပြောတယ်လို့ ဆရာ ဒမ်ဗယ်လ်ဒေါက ထင်မှာပေါ့၊ ဖစ်ချ် အနေနှင့် သူ့ဘဝဟာ ဒီပေါ်မှာ တည်မှီနေပေမဲ့ ငါတို့ကို ကူညီမှာ မဟုတ်ဘူး၊ သူဟာ ဆရာ စနိတ်နှင့် တအား ရင်းနှီးတယ်၊ ပြီးတော့ ကျောင်းသားတွေ များများ ကျောင်းထုတ်ခံရလေလေ ပိုကောင်းလေလေလို့ သူ တွေးမှာပဲ၊ ဒါထက် ဓာတ်လုံး အကြောင်းနှင့် ဖလပ်ဖီ အကြောင်းတွေကို တို့ သိထားတဲ့ အကြောင်းကို ရှင်းပြရမယ်ဆိုရင် အတော့်ကို ရှင်းပြနေရမှာ'

ဟမိုင်းယွန်းနီက ယုံကြည် လက်ခံသွားပုံရသော်လည်း ရွှန်ကတော့ဖြင့် ထိုသို့ မဟုတ်ချေ။

'တို့ နည်းနည်းပါးပါး စုံစမ်း ထောက်လှမ်းကြည့်ရင်...'

'တော်ပါပြီ' ဟု ဟာရီက တုံးတိကြီး ပြောသည်။ 'ငါတို့ အလုံအလောက် စုံစမ်း ထောက်လှမ်းပြီးပါပကောလားကွာ'

သူသည် ကြာသပတေးဂြိုလ် မြေပုံကို ဆွဲယူလိုက်ပြီး ထိုဂြိုလ်၏ လတွေ အကြောင်းကို ကျက်မှတ်လေတော့သည်။

နောက်နေ့ နံနက် မိုးသောက်စာ စားပွဲတွင် ဟာရီ၊ ဟမိုင်းယွန်းနီ၊ နဲဗီးလ်တို့ထံသို့ စာ တစ်စောင်စီ ရောက်လာ၏။ စာပါ အကြောင်းအရာမှာ အားလုံး အတူတူပင် ဖြစ်၏။

သင်တို့ ချုပ်နှောင်မှု ကိစ္စသည် ယနေ့ည ဆယ့်တစ်နာရီတွင် ဖြစ်ပေါ်မည်။ ဝင်ပေါက် ခန်းမကြီးတွင် မစ္စတာ ဖစ်ချ်ကို သွားရောက် တွေ့ဆုံပါ။

ပရိုဖက်ဆာ အမ်၊ မက်ဂေါ်နဂေါ်။

သူတို့ ဆုံးရှုံးခဲ့ရသော အမှတ်တွေ အပြင် သူတို့ ကျခံရမည့် အချုပ်ခံခြင်းများ ယခုထက်တိုင် ဟိုးလေးတကျော် ဖြစ်နေသည်ကို ဟာရီ မေ့နေခဲ့သည်။ ဒီ တစ်ညတော့ ပြန်လှန် လေ့ကျင့်ခန်း ဆုံးရှုံးရပြီဟု ဟမိုင်းယွန်းနီ ညည်းတွားတော့မည်ဟု သူက မျှော်လင့်ခြင်း တစ်ဝက် ထားရှိသည်။ သို့သော် ဟမိုင်းယွန်းနီက ဘာ တစ်ခွန်းမျှ မပြောချေ။ ဟာရီကဲ့သို့ပင် သူကလည်း သူတို့ ထိုက်တန်တာ ဖြစ်ရသည်ဟု ယူဆထားကြလေသည်။

ထိုနေ့ည ဆယ့်တစ်နာရီတွင် သူတို့သည် စုပေါင်း အနားယူခန်းထဲ၌ ရွှန်ကို ဂွတ်ဘိုင်ဟု နှုတ်ဆက်ခဲ့ပြီး နဲဗီးလ်နှင့်အတူ ဝင်ပေါက်ခန်းမဆီသို့ ဆင်းသွားကြလေ၏။ ဖစ်ချ်က ရောက်နှင့်နေလေပြီ။ မာလ်ဖွိုင်းလည်း ရောက်နေ၏။ မာလ်ဖွိုင်းသည်လည်း အချုပ်ခံရမှာ ဖြစ်သည်ကို ဟာရီ မေ့နေ၏။

'ငါ့နောက် လိုက်ခဲ့' ဟု ဖစ်ချ်က ပြောကာ မီးအိမ်ကို ထွန်းညှိ၍ သူတို့ကို အပြင်ဘက်သို့ ဦးဆောင် ခေါ်ငင်သွား၏။ 'မင်းတို့ နောက်တစ်ကြိမ်မှာ ကျောင်းစည်းကမ်းကို ချိုးဖောက်တော့မယ် ဆိုရင် နှစ်ခါလောက် ပြန်စဉ်းစားကြတော့မယ်လို့ ထင်ပါတယ်၊ မဟုတ်ဘူးလားဟင်' ဟု သူက စပ်ဖြဲဖြဲနှင့် ကြည့်ရင်း ပြောသည်။ 'အေး မင်းတို့ကသာ မေးရင် ပင်ပင်ပန်းပန်း လုပ်ရမှုနှင့် နာကျင် ခံစားရမှုတွေဟာ အကောင်းဆုံး ဆရာတွေပဲလို့ ပြောရမှာပဲ၊ ရှေးတုန်းက ပြစ်ဒဏ်တွေကို သူတို့ ဖျက်ပစ်လိုက်တာ မှားတာပဲ၊ လက်ကောက်ဝတ်တွေကို ကြိုးနှင့် ချည်ပြီး မျက်နှာကြက်က ရက်အနည်းငယ် တွဲလွဲဆွဲထားတဲ့ ပြစ်ဒဏ်မျိုးတွေလေ၊ ခုထက်ထိ ငါ့ရုံးခန်းမှာ သံကြိုးတွေ

ရှိသေးတယ်၊ မတော်တဆ ဒါတွေ လိုဦးမလား ဆိုပြီး ဆီတွေတောင် သုတ်လိမ်းထားသေးတယ်၊ ကဲ သွားကြစို့၊ အေး ထွက်ပြေးမယ် စိတ်မကူးကြနှင့်နော်၊ ထွက်ပြေးရင် မင်းတို့အတွက် ပိုပြီး ဆိုးသွားလိမ့်မယ်'

သူတို့သည် မှောင်မိုက်သော ခြံမြေကို ဖြတ်ကျော် ချီတက်သွားကြလေသည်။ နဲဗီးလ်သည် နှာတရှုံ့ရှုံ့နှင့် ဖြစ်၏။ ဟာရီက ပြစ်ဒဏ်ပေးခြင်းသည် ဘာများ ဖြစ်ပါလိမ့်မည်နည်းဟု စူးစမ်း တွေးတောနေမိသည်။ ကြောက်စရာ ကောင်းသော အရာ တစ်စုံတစ်ခုတော့ ဖြစ်ရမည်။ သို့မဟုတ်ပါက ဖစ်ချ်သည် ဤမျှလောက် ပျော်ရွှင်စွာ စကားတွေ ကြွယ်နေမည် မဟုတ်ပါ။

လသည် ထိန်ထိန်သာနေ၏။ သို့ရာတွင် အလျင်အမြန် ဖြတ်ပြေးနေသော တိမ်တိုက်များက သူတို့ကို အမှောင်ထုထဲ ပစ်ထည့်လိုက်လေသည်။ ရှေ့တွင် ဟာရီသည် ဟတ်ဂရစ်တဲမှ မီးလင်းနေသော ပြတင်းပေါက်များကို တွေ့မြင်ရသည်။ ထို့နောက် အဝေးမှ အော်သံကို သူတို့ ကြားကြရ၏။

'ဟေ့ အဲဒါ ဖစ်ချ်လား၊ မြန်မြန်လုပ်ဗျာ၊ ကျုပ် စချင်ပြီ'

ဟာရီ၏ စိတ်ဓာတ်တွေ တက်လာသည်။ အကယ်၍ သူတို့သည် ဟတ်ဂရစ်နှင့်အတူ လုပ်ရမည် ဆိုလျှင်ကား လွန်စွာ ဆိုးဝါးစရာ ရှိမည်မဟုတ်ပါ။ စိတ်သက်သာရာရမှုသည် သူ့မျက်နှာပေါ်တွင် ပေါ်လွင်သွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် ဖစ်ချ်က 'ဟိုငတုံးနှင့် ဆိုရင် မင်းတို့ ပျော်စရာကောင်းမယ်လို့ ထင်သပေါ့လေ၊ အေး၊ ပြန်စဉ်းစားဦး ကောင်ကလေး၊ မင်းတို့ သွားရမှာက တောအုပ်ထဲကိုကွ၊ မင်းတို့တစ်တွေ အသက်နှင့် ခန္ဓာကိုယ် မြဲပြီး ပြန်ထွက်လာနိုင်မယ် ဆိုရင်တော့ ငါ အတွက် မှားသွားပြီပေါ့ကွာ' ဟု ပြောသောကြောင့်တည်း။

ထိုစကားကို ကြားသော် နဲဗီးလ်က ပါးစပ်မှ ထုတ်၍ အနည်းငယ် ညည်းညူသည်။ မာလ်ဖွိုင်းကတော့ သွားနေရင်းက ခြေစုံရပ်လိုက်၏။

'တောအုပ် ဟုတ်လား' ဟု လိုက်ပြောသည်။ သူ့ အသံတွင် ခါတိုင်းကဲ့သို့ တည်ငြိမ်မှု မရှိပါ။ 'အဲဒီကို ကျွန်တော်တို့ ညဘက်ကို သွားလို့ မဖြစ်ဘူး၊ အဲဒီမှာ အမျိုးစုံ ရှိတယ်၊ သမန်း ဝံပုလွေတွေ ရှိတယ်လို့ ကျွန်တော်ကြားထားတယ်'

နဲဗီးလ်က ဟာရီ၏ ဝတ်ရုံအင်္ကျီ လက်ကို ဆွဲဆုပ်၍ ဆို့နစ်သော အသံပြုသည်။

'ဒါက မင်းတို့ သတိထားရမယ့် ကိစ္စပဲ၊ မဟုတ်ဘူးလား' ဟု ဖစ်ချ်က ပြော၏။ သူ့အသံမှာ ဝမ်းသာခြင်းဖြင့် ကွဲအက်နေသည်။ 'မင်းတို့ ပြဿနာ မလုပ်ခင်က အဲဒီ သမန်း ဝံပုလွေတွေ အကြောင်းကို တွေးတောပါလားကွ'

အမှောင်ထုထဲမှ ဟတ်ဂရစ်သည် ခြေလှမ်းကျဲကြီးများဖြင့် သူတို့ဆီ ထွက်လာတော့၏။ သူ့နောက်နားတွင် သူ့ခွေးဖြစ်သော ဖန်း သည် ကပ်ပါလာသည်။ သူသည် ကြီးမားသော ဒူးလေးကြီးကို သယ်ဆောင်လာပြီး သူ့ ပခုံးပေါ်တွင် မြားတောင့်ကို ချိတ်ထားသည်။

'အချိန်တန်လောက်ပြီ' ဟု သူက ပြော၏။ 'ငါ စောင့်နေတာ နာရီဝက် ရှိသွားပြီ၊ ကောင်းပြီ... ဟာရီ၊ ဟမိုင်းယွန်းနီတို့လား'

'ငါတော့ သူတို့ကို အရောမဝင်ချင်ဘူး ဟတ်ဂရစ်' ဟု ဖစ်ချ်က အေးစက်စက် ပြောသည်။ 'တကယ်တော့ သူတို့ ဒီကိုလာတာ ပြစ်ဒဏ်ခံဖို့ပဲ'

'ဒါကြောင့် ခင်ဗျား နောက်ကျနေတာလား' ဟု ဟတ်ဂရစ်က ဖစ်ချ်ကို မျက်မှောင်ကုတ်ကြည့်ရင်း ပြောသည်။ 'သူတို့ကို သင်တန်း ပို့ချနေတယ်ပေါ့လေ၊ ဒါလုပ်ဖို့ ခင်ဗျားနေရာ မဟုတ်ဘူး၊ ခင်ဗျားဘက်က ခင်ဗျား လုပ်ပြီးပြီ၊ ဒီက စပြီး ကျုပ်က လွှဲယူမယ်'

'အရုဏ်တက်မှာ ငါ ပြန်လာမယ်' ဟု ဖစ်ချ်က ပြော၏။ 'သူတို့ရဲ့ အကြွင်းအကျန်တွေကို လာကောက်ဖို့လေ' ဟု သူက ယုတ်မာစွာ ထပ်ပြောပြီးနောက် ရဲတိုက်ကြီးဆီသို့ ပြန်သွားလေ၏။ သူ၏ မီးအိမ်သည် ငုပ်ချည် ပေါ်ချည်နှင့် အမှောင်ထုထဲသို့ ဝေးသွားလေ၏။

မာလ်ဖွိုင်းက ဟတ်ဂရစ်ဘက်သို့ လှည့်တော့သည်။

'ကျွန်တော် အဲဒီ တောအုပ်ထဲကို မသွားဘူး' ဟု သူက ပြောရာ သူ့အသံထဲတွင် ကြောက်လန့်တကြား ဖြစ်မှု ပါဝင်နေသည့်အတွက် ဟာရီက ကျေနပ်မိ၏။

'မင်းဟာ ဟော့ဂဝပ်မှာ နေချင်သေးတယ် ဆိုရင် သွားရမှာပဲ' ဟု ဟတ်ဂရစ်က ကြမ်းကြမ်းပင် ပြောသည်။ 'မင်းအမှားကို လုပ်ခဲ့တယ်၊ ဒီတော့ အခု အဲဒါအတွက် မင်းပေးဆပ်ရမှာပဲ'

'ဒါပေမဲ့ ဒါဟာ အစေခံ ဝန်ထမ်းတွေ အတွက် ဖြစ်တယ်၊ ကျောင်းသားတွေ လုပ်ရမှာ မဟုတ်ဘူး၊ ကျွန်တော်တို့က စာကြောင်းတွေ အထပ်ထပ် ရေးရတာလိုမျိုး ဘာဘာညာညာကို လုပ်ရမယ်လို့ ကျွန်တော် ထင်ခဲ့တယ်၊ ကျွန်တော် ဒါမျိုး လုပ်ရတာကို အဖေသာ သိရင်–'

'ဟော့ဂဝပ်မှာ ဒါမျိုးပဲလို့ မင်းကို ပြောမှာပေါ့' ဟု ဟတ်ဂရစ်က မကျေမနပ် လေသံဖြင့် ဟောက်၏။ 'စာကြောင်းတွေ ရေးတယ်၊ ဒါက ဘာကောင်းကျိုး ပြုလို့လဲ၊ မင်း အသုံးဝင်တာ တစ်ခုခု လုပ်ဆောင်ရမယ်၊ ဒါမှ မလုပ်ရင် ကျောင်းထွက်ရမယ်၊ မင်းအဖေက မင်းကို ကျောင်းက ထုတ်ပစ်တာကို လိုလားမယ် ထင်ရင် သွား၊ ပြန်ပြီးတော့ အထုပ်အပိုး ပြင်ပေတော့၊ သွားလေကွာ'

မာလ်ဖွိုင်းသည် မလှုပ်တော့ချေ။ သူသည် ဟတ်ဂရစ်ကို ဒေါသဖြင့် ကြည့်၏။ သို့သော် သူသည် မျက်လွှာကို ချလိုက်သည်။

'ဒါဖြင့်လည်း ကောင်းပြီ' ဟု ဟတ်ဂရစ်က ပြော၏။ 'ကိုင်း သေသေချာချာ နားထောင်ကြနော်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါတို့ ဒီည သွားရမယ့် နေရာက အန္တရယ် များလှလို့ပဲ၊ ပြီးတော့ ဘယ်သူကမှ စွန့်လုပ်ရတာမျိုးကို မလုပ်စေချင်ဘူး၊ ဟောဟိုနားကို ခဏတော့ လိုက်ခဲ့ကြ'

သူသည် သူတို့ကို 'တောအုပ်' ၏ အစပ်ရောက်အောင် ဦးဆောင် ခေါ်ယူသွားလေသည်။ သူ့ မီးအိမ်ကို အမြင့်ကြီး မြှောက်ကိုင်၍ ကျဉ်းမြောင်း၍ ကွေ့ကောက်နေသော လူသွားလမ်းကလေးကို ညွှန်ပြသည်။ လမ်းကလေးသည် ထူထပ် မည်းမှောင်သော သစ်ပင်ကြီးများထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား၏။ သူတို့သည် 'တောအုပ်' ထဲသို့ လှမ်းကြည့်လိုက်စဉ် လေပြည်ကလေးသည် သူတို့၏ ဆံစကို ကြွသွားစေလေသည်။

'ဟိုမှာ ကြည့်စမ်း' ဟု ဟတ်ဂရစ်က ပြော၏။ 'မြေကြီးပေါ်မှာ လက်လက် လက်လက် ဖြစ်နေတဲ့ဟာ တွေ့လား၊ ငွေလို ဖြစ်နေတဲ့ဟာလို့ မင်းတို့ ထင်သလား၊ အဲဒါ ယူနီကောင်း ခြူးကောင်ရဲ့ သွေးပဲ၊ ယူနီကောင်း ခြူးကောင်

တစ်ကောင် ဒဏ်ရာ ပြင်းပြင်း ရထားတယ်၊ ဒါဟာ သီတင်းပတ် တစ်ပတ် အတွင်းမှာ ဒုတိယ အကြိမ်ပဲ၊ လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က တစ်ကောင် သေနေတာ ငါတွေ့ရတယ်၊ အခု ဒဏ်ရာ ရထားတဲ့ ယူနီကောင်းကို လိုက်ရှာရမယ်၊ သူ ခံစားနေရတဲ့ ဒုက္ခက လွတ်အောင် လုပ်ပေးရမယ်လေ'

'တကယ်လို့ ယူနီကောင်းကို ဒဏ်ရာရအောင် လုပ်ထားတဲ့ ဟာက ကျွန်တော်တို့ကို အရင် တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ' ဟု မာလ်ဖွိုင်းက အသံထဲတွင် ကြောက်ရွံ့မှု မပါအောင် မလုပ်နိုင်ဘဲ ပြောကြား၏။

'ငါဖြစ်ဖြစ် ဖန်းဖြစ်ဖြစ် ပါနေရင် ဒီတောထဲမှာ နေနေတဲ့ မင်းတို့ကို ဒုက္ခပေးမယ့်ကောင် ဆိုတာ မရှိဘူး' ဟု ဟတ်ဂရစ်က ပြောသည်။ 'လမ်းအတိုင်းတော့ သွားကြနော်၊ ကဲ အခု ငါတို့ အုပ်စု နှစ်ခုခွဲပြီး ဘက်တစ်ဖက်စီကနေ ခြေရာခံကြရမယ်၊ သွေးတွေဟာ ပြန့်ကျဲနေတာပဲ၊ အနည်းဆုံး လွန်ခဲ့တဲ့ ည တစ်ညလုံး ဒီကောင်ဟာ ဒယီးဒယိုင်နှင့် သွားနေတာ ဖြစ်ရမယ်'

'ကျွန်တော် ဖန်းကို လိုချင်တယ်' ဟု မာလ်ဖွိုင်းက ဖန်း၏ ရှည်လျားသော သွားကြီးများကို ကြည့်ရင်း လျင်မြန်စွာ ပြောလိုက်၏။

'ကောင်းပြီ၊ ဒါပေမဲ့ ငါ သတိပေးတယ်နော်၊ ဒီကောင်ဟာ ငကြောက်' ဟု ဟတ်ဂရစ်က ပြော၏။ 'ဒီတော့ ငါရယ်၊ ဟာရီရယ်၊ ဟမိုင်းယွန်းနီရယ်က တစ်လမ်း၊ ဒရာကိုရယ်၊ နဲဗီးလ်ရယ်၊ ဖန်းရယ်က တစ်လမ်း သွားကြမယ်၊ တကယ်လို့ တို့ထဲက အုပ်စု တစ်ခုက ယူနီကောင်း ခြုံးကောင်ကို တွေ့ရင် အစိမ်းရောင် မီးပွားတွေကို မိုးပေါ် လွှတ်မယ်၊ နားလည်ပြီနော်၊ မင်းတို့ရဲ့ ဆေးကြိမ်လုံးတွေ ထုတ်ပြီး အခု ကျင့်ကြည့်စမ်း၊ အဲ ဟုတ်ပြီ၊ ပြီးတော့ အုပ်စု တစ်ခုက ပြဿနာ တွေ့ပြီဆိုရင် အနီရောင် မီးပွားတွေကို မိုးပေါ် လွှတ်မယ်၊ ဒီတော့ တခြား အုပ်စုက ရှာပြီး လာပူးပေါင်းရမယ်၊ ဒီတော့ သတိထားကြနော်၊ ကဲ သွားကြစို့'

'တောအုပ်' သည် မှောင်မည်း၍ တိတ်ဆိတ်နေသည်။ အတွင်းဘက်သို့ အနည်းငယ် သွားမိသောအခါတွင် မြေလမ်းကလေးတွင် လမ်းခွကို တွေ့ကြရသည်။ ဟာရီ၊ ဟမိုင်းယွန်းနီ၊ ဟတ်ဂရစ်တို့က လက်ဝဲဘက်က လမ်းကို ယူ၍ မာလ်ဖွိုင်း၊ နဲဗီးလ်၊ ဖန်းတို့က လက်ယာဘက်က လမ်းကို ယူသည်။

သူတို့သည် မြေကြီးဆီမှ မျက်စိကို မလွှဲခွာဘဲ တိတ်ဆိတ်စွာ လျှောက်ခဲ့ကြသည်။ မကြာခဏပင် အပေါ်မှ သစ်ကိုင်းတွေကြားမှ လ၏ ရောင်ခြည်တန်းသည် ဖြတ်သန်းလာ၍ အောက်မှ ကြွေနေသော သစ်ရွက်များပေါ်တွင် ငွေရောင် သွေး အပြာများကို အလင်းရောင် ကွက်ကွက်ကလေးများ ဖြစ်စေ၏။

ဟတ်ဂရစ်များစွာ ပူပန်သွားသည်ကို ဟာရီက တွေ့မိသည်။

'ယူနီကောင်းတွေကို သမန်း ဝံပုလွေတွေကများ သတ်ဖြတ်နေကြသလား' ဟု ဟာရီက မေး၏။

'အဲဒီကောင်တွေက ဒါလောက် မမြန်ဘူး' ဟု ဟတ်ဂရစ်က ပြောသည်။ 'ယူနီကောင်း ခြုံးကောင်ကို ဖမ်းမိဖို့ မလွယ်ဘူးကွ၊ သူတို့ဟာ ကမ္မဇိဒ္ဓိရှိတဲ့ သတ္တဝါတွေ ဖြစ်တယ်၊ ဒဏ်ရာရတဲ့ကောင် ဆိုလို့ အရင်က ငါ မတွေ့ဖူးဘူး'

သူတို့သည် ရေညှိတွေ တက်နေသည့် သစ်ငုတ်တိုကို ဖြတ်ကျော်၍ လျှောက်ကြသည်။ ဟာရီသည် ရေစီးသံကို ကြားရ၏။ အနီးအပါး တစ်နေရာတွင် စမ်းချောင်း တစ်ခု ရှိရမည်။ ရစ်ကွေ့နေသော လမ်းတစ်လျှောက် နဖူးတွင်

ချိုတစ်ချောင်း ပေါက်နေသော မြင်းနှင့်တူသည့် ယူနီကောင်း ခြူးကောင်၏ သွေးကွက်တို့သည် ဟိုနေရာ ဒီနေရာတွင် ရှိနေကြသေး၏။

'ဟမိုင်းယွန်းနီ ဘာမှ မဖြစ်ပါဘူးနော်' ဟု ဟတ်ဂရစ်က လေသံဖြင့် ပြောသည်။ 'မပူကြနှင့်၊ ဒါလောက် ဒဏ်ရာပြင်းတာ ဒီကောင် ဝေးဝေးသွားနိုင်မှာ မဟုတ်ဘူး၊ ငါတို့ သူ့ကို.... ဟို သစ်ပင်နောက်ကို ပုန်းကြ'

ဟတ်ဂရစ်သည် ဟာရီနှင့် ဟမိုင်းယွန်းနီတို့ကို ဖမ်းဆုပ်ကိုင်ပြီး လမ်းပေါ်မှနေ၍ မိုးနေသော ဝက်သစ်ချပင်ကြီး၏ နောက်သို့ ဆွဲတင်လေသည်။ သူသည် မြားတစ်စင်းကို ထုတ်၍ သူ့ ဒူးလေးပေါ် တင်ကာ ပစ်ရန် အသင့် ပြုလုပ်၏။ သုံးယောက်သား နားစွင့်နေကြသည်။ တစ်စုံတစ်ခုသည် အနီးအပါးမှ ရွက်ကြွေများတွင် လျှောတိုက်၍ သွားသည်။ မြေကြီးပေါ်တွင် ဝတ်ရုံကို တရွတ်တိုက် ဆွဲသွားသော အသံမျိုး ဖြစ်၏။ ဟတ်ဂရစ်သည် မှောင်မိုက်သော လမ်းကလေး အထက်ဘက်ဆီသို့ မျက်စိကို မှေး၍ ကြည့်သည်။ သို့ရာတွင် စက္ကန့် အနည်းငယ် ကြာသောအခါ အသံမှာ မေးမှိန် ပျောက်ကွယ်သွားတော့၏။

'ငါ သိတယ်' ဟု သူက ညည်းညူ ပြောဆိုသည်။ 'ဒီမှာ မရှိရမယ့်ဟာ တစ်ခုခုတော့ ရှိနေပြီ'

'သမန်း ဝံပုလွေလား' ဟု ဟာရီက အကြံပြုသလို ပြော၏။

'အဲဒါ သမန်း ဝံပုလွေ မဟုတ်ဘူး၊ ယူနီကောင်း ခြူးကောင်လည်း မဟုတ်ဘူး' ဟု ဟတ်ဂရစ်က ခပ်တင်းတင်း ပြောသည်။ 'ကောင်းပြီ ငါ့နောက် လိုက်ခဲ့ကြ၊ ဒါပေမဲ့ သတိတော့ ရှိပေစေနော်၊ ကိုင်း'

သူတို့သည် ပို၍ပင် ဖြည်းဖြည်းကလေး လျှောက်ကာ အသံသဲ့သဲ့ ကလေးကိုပင် ကြားရအောင် နားတွေကို စွင့်ထားကြသည်။ ရုတ်တရက် အရှေ့နားက ကွက်လပ်ကလေးတွင် တစ်စုံတစ်ခုသည် တကယ်ပင် လှုပ်ရှားသည်။

'ဟိုက ဘယ်သူလဲဟေ့' ဟု ဟတ်ဂရစ်က လှမ်းအော်သည်။ 'ထွက်လာခဲ့၊ ငါ့မှာ လက်နက် ရှိတယ်နော်'

ကွက်လပ်ထဲသို့ ထွက်လာသည်။ လူလား မြင်းလား။ ခါးတစ်ဝက်အထိတော့ လူဖြစ်သည်။ ဆံပင်နီနီ မုတ်ဆိတ်နှင့် ဖြစ်၏။ သို့သော် အောက်ပိုင်းတွင်ကား အနန်းခွံရောင် မြင်းကိုယ်ကြီးနှင့် ရှည်လျားသော အနီရောင် အမြီးကြီး ရှိသည်။ ဟာရီနှင့် ဟမိုင်းယွန်းနီတို့၏ ပါးစပ်တွေ ဟကုန်ကြ၏။

'အို မင်းကိုး ရိုနန်' ဟု ဟတ်ဂရစ်က သက်သာရာ ရသွားသလို ပြော၏။ 'နေကောင်းလား'

သူသည် ရှေ့သို့ ထွက်လျှောက်သွားပြီး စင်တော်ကို လက်ဆွဲ နှုတ်ဆက်သည်။

'မင်္ဂလာည ဖြစ်ပါစေ ဟတ်ဂရစ်' ဟု ရိုနန်က ပြော၏။ သူ့တွင် လေးပင်၍ ဝမ်းနည်းမှု စွက်နေသည့် အသံ ရှိသည်။ 'ခင်ဗျားက ကျွန်တော့်ကို ပစ်မလို့လား'

'သတိဆိုတာ ပိုတယ်မရှိဘူး ရိုနန်ရေ' ဟု ဟတ်ဂရစ်က သူ့ ဒူးလေးကြီးကို လက်ဖြင့် အသာအယာ ပုတ်ရင်း ပြော၏။ 'ဒီတောအုပ်ထဲမှာ ဆိုးဝါးတာ တစ်ခုခု လွတ်နေတယ်၊ ဒီဟာက ဟာရီ ပေါ့တာ၊ ဒီဟာက ဟမိုင်းယွန်းနီ ဂရိန်ဂျာပါ၊ သူတို့က ဟိုပေါ်က ကျောင်းသားတွေလေ၊ ကဲ မင်းတို့နှစ်ယောက်၊ ဒီဟာက ရိုနန်တဲ့၊ သူက စင်တော်လေ'

'ကျွန်မတို့ သတိပြုမိပါတယ်' ဟု ဟမိုင်းယွန်းနီက ယဲ့ယဲ့ကလေး ပြောသည်။

'မင်္ဂလာ ရှိသော ည ဖြစ်ပါစေ' ဟု ရိုနန်က ပြော၏။ ကျောင်းသားတွေ ဟုတ်လား၊ ဟိုပေါ်က ကျောင်းမှာ မင်းတို့ တော်တော် တတ်ခဲ့ကြပြီလား'

'အင်...'

'နည်းနည်းပါပါးပါ' ဟု ဟမိုင်းယွန်းနီက ကြောက်ကြောက်နှင့် ပြောသည်။

'နည်းနည်း ပါးပါး၊ အင်းလေ ဒါဆိုလည်း မဆိုးဘူးပေါ့' ဟု ရိုနန်က သက်ပြင်းချရင်း ပြောသည်။ သူသည် ဇက်ကို လှန်၍ မိုးကောင်းကင်ကို စူးစိုက်ကြည့်၏။ 'ဒီည အင်္ဂါဂြိုလ် ထွန်းလင်းတယ်'

'အေးကွ' ဟု ဟတ်ဂရစ်ကလည်း လိုက်ကြည့်ရင်း ပြောသည်။ 'ဒီမှာ ရိုနန်၊ မင်းနှင့် ဝင်တိုးမိတာ ဝမ်းသာမိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ယူနီကောင်း ခြူးကောင် တစ်ကောင် ဒဏ်ရာ ရထားတယ်၊ မင်း တွေ့ထားတာ ဘာညာ ရှိသလား'

ရိုနန်သည် ချက်ချင်း ပြန်မဖြေချေ။ အပေါ်သို့ မျက်တောင် မခတ်ဘဲ စိုက်ကြည့်ပြီးနောက် သက်ပြင်းချပြန်လေသည်။

'ဘယ်တော့မဆို အပြစ်မရှိတဲ့ လူတွေက ပထမဆုံး သားကောင် ဖြစ်ရတာချည်းပဲ' ဟု သူက ပြော၏။ 'လွန်ခဲ့တဲ့ ခေတ်ကာလပေါင်း များစွာကလည်း ဒီလို ဖြစ်ခဲ့တာပဲ၊ ခုလည်း ဒီလို ဖြစ်နေတာပဲ'

'အေးပါ' ဟု ဟတ်ဂရစ်က ပြောသည်။ 'ဒါထက် မင်း တစ်စုံတစ်ရာ တွေ့သလား ရိုနန်၊ ထူးထူးခြားခြား တစ်စုံတစ်ရာပေါ့'

'ဒီည အင်္ဂါဂြိုလ်ဟာ ထွန်းလင်းတယ်' ဟု ဟတ်ဂရစ်က သူ့ကို စိတ်မရှည်သလို ကြည့်နေသည့်ကြားက ရိုနန်က ထပ်ပြောသည်။ 'ထူးထူးခြားခြား ထွန်းလင်းနေတယ်'

'အေးပါ၊ ငါပြောတဲ့ ထူးထူးခြားခြားက တို့နားပိုပြီး နီးပါတယ်' ဟု ဟတ်ဂရစ်က ပြောသည်။ 'ဒါဖြင့် ထူးဆန်းတာ တစ်စုံတစ်ခု မင်း မတွေ့မိဘူး ဆိုပါတော့'

ယခု တစ်ဖန်လည်း ရိုနန်သည် ပြန်ဖြေဖို့ အချိန် အနည်းငယ် ယူသည်။ နောက်ဆုံးတွင် သူက ပြောတော့သည်။ 'ဒီတောအုပ်ဟာ လျှို့ဝှက်ချက်တွေ အများကြီး ဖုံးကွယ်ထားတယ်'

ရိုနန်၏ နောက်မှ သစ်ပင်များတွင် လှုပ်ရှားမှု ဖြစ်ပေါ်လာသည်တွင် ဟတ်ဂရစ်သည် သူ၏ ဒူးလေးကြီးကို မြှောက်ကိုင်ပြန်၏။ သို့သော် ဒုတိယ စင်တော် တစ်ဦးသာ ဖြစ်၍ သူက ဆံပင် အနက်၊ မြင်းကိုယ်က အနက်နှင့် ရိုနန်ထက် ပိုရိုင်းပုံပေါက်သည်။

'ဟဲလို ဘိန်း' ဟု ဟတ်ဂရစ်က ပြော၏။ 'အဆင်ပြေပါတယ်နော်'

www.burmeseclassic.com

'မင်္ဂလာည ဖြစ်ပါစေ ဟတ်ဂရစ်၊ ခင်ဗျား နေကောင်းမယ် မျှော်လင့်ပါတယ်'

'ကောင်းပါတယ်၊ ဒီမှာ အခုပဲ ငါဟာ ရိုနန်ကို မေးနေသေးတယ်၊ မကြာသေးခင်မှာ ဒီတောအုပ်ထဲ ထူးခြားတာ ဘာများ တွေ့မိသလဲ၊ ယူနီကောင်း ခြူးကောင် တစ်ကောင် ဒဏ်ရာရနေတယ်၊ အဲဒါ မင်း ဘာများ သိသလဲ'

ဘိန်းသည် ရိုနန်နား လျှောက်သွား၍ ကပ်ပြီး ရပ်လိုက်သည်။ သူသည် ကောင်းကင်သို့ မော့ကြည့်၏။

'ဒီည အင်္ဂါဂြိုလ် ထွန်းလင်းတယ်' ဟု သူက ရိုးရိုးပင် ပြောသည်။

'ငါတို့ ကြားပြီးပါပြီ' ဟု ဟတ်ဂရစ်က အောင့်သိုးသိုးနှင့် ပြော၏။ 'ကိုင်း မင်းတို့ နှစ်ယောက် ဘယ်သူဖြစ်ဖြစ် ဘာဘာညာညာ တွေ့ရင် ငါ့ကို အသိပေးကြ၊ ဟုတ်လား ဒါဖြင့် ငါတို့ သွားကြမယ်'

ဟာရီနှင့် ဟမိုင်းယွန်းနီတို့သည် သူ့နောက်က လိုက်၍ ကွက်လပ်ထဲမှ ထွက်ခဲ့ကြရင်း ရိုနန်နှင့် ဘိန်းတို့ကို သမင်လည်ပြန် လှည့်ကြည့်သွားကြရာ သစ်ပင်များ ကွယ်သွားသည်အထိ ဖြစ်တော့သည်။

'ဘယ်တော့မှ... ' ဟု ဟတ်ဂရစ်က စိတ်တိုသလို ပြောသည်။ 'စင်တော်တွေဆီက တည့်တည့် အဖြေရဖို့ မကြိုးစားနှင့်၊ အလကား နက္ခတ်ဆရာတွေ၊ လထက် ပိုပြီး နီးတာ ဆိုရင် ဘာကိုမှ စိတ်ဝင်စားတာတွေ မဟုတ်ဘူး'

'ဒီမှာ သူတို့တွေ တော်တော်များများ ရှိသလား' ဟု ဟမိုင်းယွန်းနီက မေးသည်။

'အို တော်တော်ကလေးတော့ ရှိပါတယ်၊ များသောအားဖြင့် သူတို့ ဘာသာ သူတို့ နေကြတာပါပဲ၊ ဒါပေမဲ့ ငါ ပြောချင်တာ ရှိရင်တော့ သူတို့ ပေါက်ချလာအောင်တော့ ကောင်းကြပါတယ်၊ သတိထားနော်၊ စင်တော်တွေဟာ လေးနက်တယ်၊ သူတို့တွေ သိကြတယ်နော်၊ များများ မပြောတာဘဲ ရှိတာ'

'ကျွန်တော်တို့ စောစောက ကြားလိုက်ရတာကကော စင်တော် တစ်ဦးလို့ ခင်ဗျား ထင်သလား' ဟု ဟာရီက မေးသည်။

'အဲဒီ အသံဟာ မင်းက ခွာသံတွေလို့ ထင်သလား၊ မဟုတ်ဘူး၊ မင်းကသာ မေးရင် အဲဒါဟာ ယူနီကောင်း ခြူးကောင် တွေကို သတ်နေတဲ့ဟာ ဖြစ်မယ်၊ ဒါမျိုးကို ရှေးက ငါ မကြားဖူးဘူး'

သူတို့သည် ထူထပ်၍ မည်းမှောင်နေသော သစ်ပင်တွေကြားမှ ဆက်လက်၍ လျှောက်သွားကြသည်။ ဟာရီသည် စိတ်တုန်လှုပ်စွာဖြင့် သမင်လည်ပြန် လှည့်ကြည့်မိသည်။ သူတို့သည် စောင့်ကြည့်ခြင်း ခံနေကြရသည် ဟူသော စိတ်မသက်သာဖွယ် ခံစားမှုသည် သူ့တွင် ဖြစ်ပေါ်နေပေ၏။ သူတို့နှင့် အတူ ဟတ်ဂရစ်သည် ဒူးလေးနှင့် တကွ ပါလာသည်ကို အလွန်တရာ ဝမ်းမြောက်မိတော့သည်။ လမ်းချိုးကလေးကို ကွေ့လိုက်စဉ် ဟမိုင်းယွန်းနီသည် ဟတ်ဂရစ်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

'ဟတ်ဂရစ် ကြည့်ပါ၊ အနီရောင် မီးပွားတွေ၊ သူတို့တွေ ဒုက္ခရောက်နေကြပြီ'

'မင်းတို့ နှစ်ယောက် ဒီမှာ စောင့်နေကြ' ဟု ဟတ်ဂရစ်က အော်ပြောသည်။ 'လမ်းပေါ်မှာနေ၊ ငါ ပြန်လာခဲ့မယ်'

သစ်ပင်ငယ်၊ ချုံငယ်များကို သူ တိုးဝှေ့ ထွက်သွားသံကို သူတို့ ကြားကြရ၏။ တစ်ယောက်နှင့် တစ်ယောက် ကြည့်၍ ကြောက်လန့်နေစဉ်တွင်ပင် သူတို့ ပတ်ပတ်လည်မှ သစ်ရွက်များ လေတိုးသံမှ လွဲ၍ ဘာသံကိုမှ သူတို့ မကြားရတော့ချေ။

'သူတို့တွေ အနာတရ ဖြစ်ကုန်ပြီလို့ နင် မထင်ပါဘူးနော်' ဟု ဟမိုင်းယွန်းနီက တီးတိုး ပြောသည်။

'မာလ်ဖွိုင်း အနာတရ ဖြစ်လည်း ငါ မမှုပါဘူး၊ ဒါပေမဲ့ နဲဗီးလ် တစ်ခုခု ဖြစ်ရင်တော့…၊ ပထမဆုံး အနေနှင့် သူ ဒီကို ရောက်နေရတာက တို့အပြစ်ကြောင့် ဖြစ်တယ်လေ'

မိနစ်များ ကုန်ဆုံးသည်မှာ နှေးကွေးလှသည်။ သူတို့၏ နားများသည် ခါတိုင်းထက် ပို၍ ပါးလာကြသည်။ ဟာရီ၏ နားသည် လေတိုးသံတိုင်း၊ သစ်ညှောက်ကျိုးသံတိုင်းကို ကြားနေသလို ရှိ၏။ ဘာဖြစ်နေပါလိမ့်။ တခြား အုပ်စုက ဘယ်ရောက်နေကြပါလိမ့်။

နောက်ဆုံး၌ ကျယ်လောင်သော ကျိုးကျိုးကျွတ်ကျွတ်သံက ဟတ်ဂရစ် ပြန်လာကြောင်းကို ကြေညာ၏။ မာလ်ဖွိုင်း၊ နဲဗီးလ်၊ ဖန်းတို့လည်း သူနှင့် အတူ ပါလာကြသည်။ ဟတ်ဂရစ်သည် ရှူးရှူးရှဲရှဲ ဖြစ်နေသည်။ ဖြစ်ပုံကို မှန်းဆရသည်မှာ မာလ်ဖွိုင်းက အသာနောက်က နေ၍ နဲဗီးလ်ကို နောက်ပြောင်သည့် သဘောဖြင့် ဖမ်းဆုပ်လိုက်သည်တွင် နဲဗီးလ်က ကြောက်လန့်တကြား ဖြစ်ကာ မီးပွားများကို လွှတ်တင်ခြင်း ဖြစ်လေတော့သည်။

'မင်းတို့ ဆူဆူညံညံ လုပ်နေပုံနှင့်တော့ တို့အခု တစ်ခုခုကို ဖမ်းမိရင် ကံကောင်းတာပဲ၊ ကောင်းပြီ၊ ငါတို့ အုပ်စု ပြောင်းဖွဲ့မယ်၊ နဲဗီးလ်၊ မင်း ငါနှင့် ဟမိုင်းယွန်းနီနှင့် အတူ နေခဲ့၊ ပြီးတော့ ဟာရီ၊ မင်းက ဖန်းရယ်၊ ဒီ အရူးရယ်နှင့် သွား၊ ငါ့ကို ခွင့်လွှတ်ပါ' ဟု ဟတ်ဂရစ်က ပြောရင်း ဟာရီအား လေသံဖြင့် ထပ်ပြောသည်။ 'ဒီကောင်က မင်းကို ခြောက်လှန့်ဖို့တော့ မလွယ်ဘူးလေ၊ ဒီတော့ ငါတို့ ဒီလို လုပ်ရမှာပဲ'

ထို့ကြောင့် ဟာရီသည် မာလ်ဖွိုင်း၊ ဖန်းတို့နှင့်အတူ တောအုပ် အလယ်သို့ ခရီးထွက်ရတော့သည်။ သူတို့သည် နာရီဝက်နီးပါးခန့် လျှောက်ခဲ့ကြ၏။ တောထဲသို့ ပို၍ ပို၍ နက်နက်ဝင်သွားကြသည်တွင် သစ်ပင်တွေ ထူထပ်လှသောကြောင့် လမ်းကို ဆက်လျှောက်ဖို့ မဖြစ်နိုင်သလောက် ရှိလာသည်။ ဟာရီက သွေးတို့သည် ပို၍ ထူထပ်လာသည်ဟု ထင်သည်။ သစ်ပင် တစ်ပင်၏ ခြေရင်းတွင် သွေးကွက်များ ရှိနေ၏။ ကြည့်ရသည်မှာ အနီးအပါးတွင် သနားစရာ သတ္တဝါသည် နာကျင်မှုဖြင့် ပြင်းထန်စွာ လူးလိမ့်ရုန်းရှားခဲ့ပုံရလေသည်။ အိုမင်းလှပြီ ဖြစ်သော ဝက်သစ်ချပင်ကြီး၏ ရှုပ်ယှက်ခတ်နေသော သစ်ကိုင်းများကြားမှ ဟာရီသည် ရှေ့တွင် ကွက်လပ်ကို မြင်ရသည်။

'ကြည့်စမ်း' ဟု ခပ်တိုးတိုး ပြော၍ မာလ်ဖွိုင်း ရပ်တန့်သွားစေရန် လက်ကို ဆန့်လိုက်၏။

မြေကြီးပေါ်တွင် တောက်ပသော အရာ တစ်ခုသည် တလက်လက် ဖြစ်နေသည်။ သူတို့သည် တရွေ့ရွေ့နှင့် ချဉ်းကပ်သွားကြ၏။

ယူနီကောင်း ခြူးကောင် အမှန်ပင် ဖြစ်သည်။ သို့သော် သေနေ၏။ ဤမျှလောက် လှပ၍ ဝမ်းနည်းစရာ ကောင်းသည်ကို ဟာရီသည် မမြင်ဖူးခဲ့ပါချေ။ သွယ်လျ ရှည်လျားသော ခြေထောက်များသည် လဲကျသည့် အတိုင်းပင် ကိုးရိုးကားရား စန့်ထွက်နေကြ၏။ လည်ဆံမွေးများသည် မည်းမှောင်သော သစ်ရွက်များပေါ်တွင် ပုလဲရောင် ဖြူဖွေးနေကြသည်။

ဟာရီသည် ရှေ့သို့ တစ်လှမ်း အထွက်လိုက်တွင် လျှောတိုက်လာသော အသံသည် သူ့ကို တောင့်တောင့်ကြီး ဖြစ်သွားစေပြီး ခြေစုံရပ်မိ၏။ ကွက်လပ် အစပ်မှ ချုံပုတ်ကလေးသည် လှုပ်သွားသည်။ ထိုနောက် အရိပ်များ အတွင်းမှ ခေါင်းဆောင်းထားသော သဏ္ဍာန် တစ်ခုသည် ချောင်းမြောင်းနေသော သားရဲ တိရစ္ဆာန် တစ်ကောင်ကဲ့သို့ မြေပြင်ကို ဖြတ်၍ တွားထွက်လာသည်။ ဟာရီ၊ မာလ်ဖွိုင်း၊ ဖန်းတို့သည် နေရာတွင် သံမှိုစွဲထားသလို ရပ်နေကြ၏။ ဝတ်ရုံခြုံထားသော သဏ္ဍာန်သည် ယူနီကောင်း ခြူးကောင်ဆီသို့ ရောက်သောအခါ တိရစ္ဆာန်၏ နံဘေးတွင် ရှိသော ဒဏ်ရာပေါ်သို့ ဦးခေါင်းကို ငုံ့လိုက်ကာ သွေးတွေကို သောက်တော့သည်။

'အား'

မာလ်ဖွိုင်းသည် ကြောက်ကြောက်လန့်လန့်နှင့် လွှတ်ခနဲ အော်ဟစ်ကာ ထွက်ပြေးလေသည်။ ဖန်းကလည်း သူ့နည်းတူပင် ပြေး၏။ ဦးခေါင်းဆောင်းထားသော သဏ္ဍာန်သည် ဦးခေါင်းကို မော့ကာ ဟာရီကို စေ့စေ့ကြည့်၏။ ယူနီကောင်း၏ သွေးများသည် သူ့ရှေ့တွင် တစ်စက် တစ်စက် ကျနေ၏။ ထိုသဏ္ဍာန်သည် မတ်တတ်ထကာ သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာ၏။ သူသည် ကြောက်ရွံ့မှုဖြင့် မလှုပ်နိုင်တော့ချေ။

ထိုအခါ သူ ရှေးက မခံစားဖူးခဲ့သော နာကျင်မှုမျိုးသည် သူ၏ ဦးခေါင်းထဲသို့ ထိုးဖောက်၏။ သူ့ အမာရွတ်သည် မီးထလောင်သလို ဖြစ်ကာ မျက်စိတွေ ပြာပြီး သူသည် နောက်သို့ ယိမ်းထိုးသွားသည်။ သူ့ နောက်ဘက်ဆီမှ ခွာသံများ ပေါ်ပေါက်လာကာ တစ်စုံတစ်ခုသည် သူ့အပေါ် လွှားခနဲ ခုန်ကျော်၍ ထိုသဏ္ဍာန်ကို တိုက်ခိုက်သည်။

ဟာရီ၏ ဦးခေါင်းထဲမှ နာကျင်မှုသည် လွန်မင်းစွာ ပြင်းထန်ရကား သူသည် ဒူးထောက်လျက် ကျသွား၏။ တစ်မိနစ်၊ နှစ်မိနစ်ခန့် ကြာသွားသည်။ သူ မော့ကြည့်လိုက်သော အခါတွင် သဏ္ဍာန်သည် မရှိတော့ချေ။ စင်တော် တစ်ဦးသည် သူ့အပေါ်ကျော်၍ မတ်တတ်ရပ်နေသည်။ ရိုနန်လည်း မဟုတ်။ ဘိန်းလည်း မဟုတ်ပါ။ သူတို့ထက် အသက် ပိုငယ်ပုံရသော ဖြူရော်ရော် ရွှေရောင် ဆံပင်နှင့် နံ့သာရောင် ကိုယ်ခန္ဓာ ရှိသည်။

'ဘာမှ မဖြစ်ဘူး မဟုတ်လား' ဟု စင်တော်က ဟာရီကို ဆွဲထူရင်း ပြော၏။

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ အဲ ဟိုဟာ ဘာလဲ'

စင်တော်က မဖြေချေ။ သူ့တွင် အရောင်ဖျော့သော နီလာ အသွေးရှိသည့် အံ့ဩလောက်ဖွယ် မျက်လုံးပြာများ ရှိသည်။ သူသည် ဟာရီကို သေသေချာချာ ကြည့်၏။ သူ့ မျက်လုံးများသည် ဟာရီ၏ နဖူးပေါ်မှ ဖူးထနေသော အညိုအမည်း အမာရွတ်တွင် တဝဲလည်လည် ဖြစ်နေသည်။

'မင်းဟာ ပေါ့တာ ကောင်ကလေးပဲ' ဟု သူက ပြော၏။ 'ဟတ်ဂရစ်ဆီကို ပြန်သွားရင် ကောင်းမယ်၊ ဒီလိုအချိန်မှာ ဒီတောအုပ်ဟာ ဘေးမကင်းဘူး၊ အထူးသဖြင့် မင်းအတွက် ဘေးမကင်းဘူး၊ မင်း စီးတတ်သလား၊ အဲဒါဆို ပိုပြီး မြန်မယ်'

'ငါ့ နာမည်က ဖိုင်ရင့်ဇ်' ဟု သူက ဆက်ပြောပြီး ရှေ့ခြေများကို နိမ့်ပေးသည်ဖြစ်၍ ဟာရီသည် သူ့ ကျောပေါ်သို့ ခဲခဲယဉ်းယဉ်း တက်နိုင်ပေ၏။

ကွက်လပ်၏ အခြားဘက်မှ ကဆုန်ပေါက်လာသော အသံများ ရုတ်တရက် နောက်ထပ် ထွက်ပေါ်လာသည်။ သစ်ပင်များကြားမှ ရိုနန်နှင့် ဘိန်းတို့ ခုန်ပေါက် ထွက်လာကြ၏။ သူတို့၏ ကိုယ်ကြီးများမှာ ဖောင်းကား၍ ချွေးတွေ ပြန်နေသည်။

'ဖိုင်ရင့်ဇ်' ဟု ဘိန်းက ဟိန်းဟောက်၏။ 'မင်း ဘာလုပ်တာလဲ၊ လူသား တစ်ယောက်ကို ကျောပေါ်မှာ ပိုးထားတယ်၊ မင်းမှာ အရှက် မရှိဘူးလား၊ မင်းဟာ ရိုးရိုး လား တစ်ကောင်လား'

'ဒါ ဘယ်သူလဲ ဆိုတာ ခင်ဗျား သဘောပေါက်ရဲ့လား' ဟု ဖိုင်ရင့်ဇ်က ပြောသည်။ 'ဒီဟာ ပေါ်တာ ကောင်ကလေးဗျ၊ သူ ဒီတောအုပ်က မြန်မြန် ထွက်သွားလေလေ ကောင်းလေလေပဲ'

'မင်း သူ့ကို ဘာတွေ ပြောနေသလဲ' ဟု ဘိန်းက ဟိန်းဟောက်သည်။ 'ငါတို့ဟာ မိုးကောင်းကင်ကို ရန်ဘက် မဖြစ်စေဖို့ ကျိန်ဆိုထားခဲ့တာကိုလည်း မမေ့နှင့် ဖိုင်ရင့်ဇ်၊ ဂြိုလ်တွေ အသွားအလာကနေ ဘာတွေ ဖြစ်လာမယ် ဆိုတာ ငါတို့ ကောက်မိခဲ့ကြပြီ မဟုတ်လား'

ရိုနန်က စိတ်လှုပ်ရှားစွာဖြင့် မြေကြီးကို ခွာဖြင့် ယက်သည်။

'ဖိုင်ရင့်ဇ်ဟာ သူ အကောင်းဆုံး လုပ်နေတယ်လို့ သူ ထင်တယ် ဆိုတာ ငါ သေချာပါတယ်' ဟု သူ၏ ညှိုးငယ်သော အသံဖြင့် ပြောသည်။

ဘိန်းက ဒေါသဖြင့် နောက်ခြေများကို အပြင်သို့ ကန်၏။

'အကောင်းဆုံး၊ အဲဒါ တို့နှင့် ဘာဆိုင်သတုံး၊ စင်တော်တွေဟာ ကြိုတင် ဟောထားတာနှင့်ပဲ ဆိုင်တယ်၊ တို့ရဲ့ တောအုပ်ထဲက လူလေတွေ နောက်ကို မြည်းတွေလို တကောက်ကောက် လိုက်နေဖို့ဟာ တို့အလုပ် မဟုတ်ဘူး'

ဖိုင်ရင့်ဇ်သည် ဒေါသဖြင့် ရုတ်တရက် ပတတ် ရပ်လိုက်ရာ ဟာရီသည် သူ့အပေါ်တွင် နေနိုင်ရန် ပခုံးတွေကို ဖက်ထားလိုက်ရ၏။

'ဟို ယူနီကောင်း ခြူးကောင်ကို မမြင်ဘူးလား' ဟု ဖိုင်ရင့်ဇ်က ဘိန်းအား နွားလို အော်ပြောသည်။ 'ဒီကောင့်ကို ဘာဖြစ်လို့ သတ်တယ်ဆိုတာ ခင်ဗျား နားမလည်ဘူးလား၊ ဒါမှမဟုတ် ဂြိုလ်တွေက အဲဒီ လျှို့ဝှက်ချက်ကို ခင်ဗျားကို အသိမပေးကြဘူးလား၊ ဒီတောအုပ်ထဲမှာ ပုန်းခိုနေတဲ့ ဟာကို ကျွန်တော် ရန်ပြုရမှာပဲ ဘိန်း၊ ဟုတ်တယ်၊ ကျွန်တော် ရန်ပြုရတော့မယ် ဆိုရင်လည်း လူသားတွေနှင့် လက်တွဲမှာပဲ'

ထိုနောက် ဖိုင်ရင့်ဇ်သည် ဖြုန်းခနဲ လှည့်ပြီး ဟာရီက တတ်နိုင်သလောက် အကောင်းဆုံး ကျောပေါ်တွင် ဖက်တွယ်ထားရင်း သူတို့သည် ရိုနန်နှင့် ဘိန်းတို့ကို ထားရစ်ခဲ့ကြကာ သစ်ပင်များကြားသို့ တစ်ဟုန်တည်း ခုန်ပြေးသွားကြလေ၏။

ဘာတွေ ဖြစ်နေသည် ဆိုခြင်း အတွက် ဟာရီသည် ဘာ သဲလွန်စကိုမျှ မရချေ။

'ဘိန်းက ဘာဖြစ်လို့ ဒါလောက် ဒေါသထွက်နေရတာလဲ' ဟု သူက မေးသည်။ 'ဒါထက် ကျွန်တော့်ကို ဘယ်သူ့လက်က ကယ်ခဲ့တာလဲ'

ဖိုင်ရင့်ဇ်က လမ်းလျှောက်သလောက် အရှိန်ကို လျှော့လိုက်သည်။ မတော်တဆ နိမ့်သော သစ်ကိုင်းများနှင့် တွေ့နိုင်သည့်အတွက် ခေါင်းကို ငုံ့ဝပ် ထားရန် သတိပေး၏။ သို့ရာတွင် ဟာရီ၏ မေးခွန်းကို ပြန်မဖြေချေ။ သူတို့သည် သစ်ပင်တွေကြားကို ဖြတ်၍ တိတ်ဆိတ်စွာ လာခဲ့ကြသည်မှာ ကြာမြင့်လာသည် ဖြစ်သဖြင့် ဖိုင်ရင့်ဇ်သည် မိမိနှင့် စကား မပြောလိုတော့ဟု ဟာရီက ထင်မိသည်။ သို့ရာတွင် သူတို့သည် အထူးသဖြင့် သစ်ပင်တွေ ထူထပ်လှသည့် အကွက်ကလေးကို ဖြတ်သန်းစဉ် ဖိုင်ရင့်ဇ်သည် ရုတ်တရက် ရပ်လိုက်၏။

'ဟာရီ ပေါ့တာ၊ ယူနီကောင်း ခြူးကောင်ရဲ့ သွေးကို ဘာသုံးရသလဲ သိလား'

'မသိဘူး' ဟု ထူးခြားလှသော မေးခွန်းကြောင့် ဟာရီသည် အထိတ်တလန့် ဖြစ်သွားရသည်။ 'ဦးချိုနှင့် အမြီးက အမွေးတွေကို ဆေးဖော်ရာမှာ ကျွန်တော်တို့ သုံးတာပဲ'

'အဲဒါလောက်ပဲ သုံးတာဟာ ယူနီကောင်း ခြူးကောင် တစ်ကောင်ကို သတ်တာ ယုတ်မာတဲ့ ကိစ္စရပ် တစ်ခု ဖြစ်လို့ပဲ' ဟု ဖိုင်ရင့်ဇ်က ပြောသည်။ 'ဘာမှ ဆုံးရှုံးစရာ မရှိ၊ အကျိုးအမြတ်သာ ရမယ့် လူမျိုးမှပဲ အဲဒီ ပြစ်မှုကို ကျူးလွန်မှာ၊ မင်းဟာ သေဖို့ တစ်လက်မလောက် နီးကပ်နေပါစေ ယူနီကောင်း ခြူးကောင်ရဲ့ သွေးဟာ မင်းကို အသက်ရှင်စေမယ်၊ ဒါပေမဲ့ ပေးရမယ့် တန်ဖိုးကတော့ ကြီးလှပါတယ်၊ မင်းကိုယ် မင်း ကယ်တင်ဖို့ အတွက် မင်းဟာ အပြစ်မဲ့ပြီး အကာအကွယ် မရှိတဲ့ သတ္တဝါကို သတ်လိုက်တဲ့အတွက် သွေးတွေကို မင့်နှုတ်ခမ်း ထိလိုက်တဲ့ အချိန်က စပြီး မင်းဟာ ကျိန်စာသင့်နေတဲ့ ဘဝ သက်တမ်းကို နေရတော့မယ်'

ဟာရီသည် လရောင်တွင် ငွေရောင် အကွက် အပြောက်ကလေးများ ဖြစ်နေသော ဖိုင်ရင့်ဇ်၏ နောက်စေ့ကို စိုက်ကြည့်နေမိ၏။

'ဒါပေမဲ့ ဘယ်သူက အဲဒီလောက် စွန့်စားပြီး လုပ်မှာတဲ့လဲ' ဟု သူက ကျယ်ကျယ်ပင် စူးစမ်းသည်။ 'တစ်သက်လုံး ကျိန်စာမိသွားတာနှင့် စာရင် သေတာကမှ ပိုကောင်းတယ် မဟုတ်လား'

'ဟုတ်တာပေါ့' ဟု ဖိုင်ရင့်ဇ်ကလည်း သဘောတူသည်။ 'ဒါပေမဲ့ တခြား တစ်ခုခုကို သောက်နိုင်ဖို့ အသက်ရှင်နေဖို့ လိုသေးရင်တော့ လုပ်မှာပေါ့၊ ခွန်အားနှင့် စွမ်းအင် အပြည့်ကို ပြန်ရနိုင်မယ့် ဟာမျိုး၊ ဘယ်တော့မှ မသေမယ့် ဟာမျိုးကို သောက်နိုင်ဖို့ ရှိတယ် ဆိုရင်ပေါ့လေ၊ မစ္စတာ ပေါ့တာ အခု အခိုက်အတန့်မှာ ကျောင်းမှာ ဘာကို ဝှက်ထားသလဲ ဆိုတာ သိသလား'

'ပြဒါးရှင်လုံး၊ ဟုတ်တာပေါ့ မသေဆေး၊ ဒါပေမဲ့ ဘယ်သူ ဆိုတာ...'

'တန်ခိုးအာဏာကို ပြန်ရဖို့ အတွက် နှစ်ပေါင်းများစွာ စောင့်ရင်း အသက်ရှင်မှုကို ဖက်တွယ်ပြီး အခွင့်အလမ်းကို ကြည့်နေတဲ့ လူကို မင်းတွေးလို့ မရဘူးလား'

ရုတ်တရက် ဟာရီ၏ နှလုံးသားကို သံလက်သီးဖြင့် ညှစ်လိုက်သလို ခံစားရတော့သည်။ အရွက်တွေ လှုပ်ခတ်နေသော သစ်ပင်များကို ကျော်လွန်၍ ဟတ်ဂရစ်နှင့် တွေ့ဆုံခဲ့ရသည့် ညက ပြောခဲ့သော ဟတ်ဂရစ်၏ စကားများကို ပြန်၍ ကြားယောင်ပြန်၏။ 'တချို့က သူ သေပြီလို့ ဆိုတယ်၊ မဟုတ်တရုတ်တွေလို့ ငါထင်တယ်၊ သူ သေလောက်အောင် သူ့မှာ လူသား သဘာဝ ရှိသေးပါရဲ့လားတောင် ငါ မသိဘူး'

'ခင်ဗျား ဆိုလိုတာက...' ဟု ဟာရီက ကွဲအက်သော အသံဖြင့် ပြောသည်။ 'အဲဒါဟာ ဖော်...'

'ဟာရီ ဟာရီ၊ ဘာမှ မဖြစ်ဘူးနော်'

ဟမိုင်းယွန်းနီသည် လမ်းကလေး တစ်လျှောက် ပြေးချလာ၏။ ဟတ်ဂရစ်က သူ့နောက်က ဖုတ်လိုက် ဖုတ်လိုက်နှင့် ပါလာသည်။

'ငါ ဘာမှ မဖြစ်ပါဘူး' ဟု ဟာရီက သူ ဘာပြောမိမှန်း မသိဘဲ ပြန်ပြောသည်။ 'ဟတ်ဂရစ်၊ ယူနီကောင်း ခြူးကောင်ဟာ သေပြီ၊ ဟိုးနောက်က ကွက်လပ်ထဲမှာ ရှိတယ်'

'ငါ မင်းကို ဒီမှာ ထားခဲ့ရမယ်' ဟု ဖိုင်ရင့်ဇ်က ခပ်ညည်းညည်း ပြောသည်။ ဟတ်ဂရစ်ကမူ ယူနီကောင်းကို စစ်ဆေးရန် သုတ်ခြေတင်သွား၏။ 'အခု မင်း ဘေးကင်းပါပြီလေ'

ဟာရီက ဖိုင်ရင့်ဇ်၏ ကျောပေါ်မှ လျှောဆင်းသည်။

'ကံကောင်းပါစေ ဟာရီ ပေါ့တာ' ဟု ဖိုင်ရင့်ဇ်က ပြောသည်။ 'ဒီ့အရင်က ဆိုရင် ဂြိုလ်တွေကို အကောက်လွဲခဲ့ကြတယ်၊ စင်တော်တွေတောင် လွဲခဲ့ကြတာပဲ၊ ဒါဟာလည်း အဲဒီလိုမျိုး တစ်ခု ဖြစ်ပါစေလို့ ငါ မျှော်လင့်ပါတယ်'

သူသည် လှည့်၍ တဆတ်ဆတ် တုန်နေသော ဟာရီကို နောက်တွင် ထားရစ်ကာ တောအုပ်၏ နက်သော အပိုင်းတွင် အသားကျ ပြန်ထွက်သွားလေတော့၏။

ရွန်သည် သူတို့ အပြန်ကို စောင့်ရင်း မှောင်မိုက်နေသော စုပေါင်း အနားယူခန်းထဲတွင် အိပ်ပျော်နေသည်။ ဟာရီက သူ့ကို ခပ်ကြမ်းကြမ်း ကလေး လှုပ်နှိုးသောအခါတွင် သူက ကွစ်ဒစ်ချ် ကစားပွဲမှ 'ဖောင်း' များ အကြောင်း တစ်စုံတစ်ခု အော်ပြောသည်။ သို့ရာတွင် စက္ကန့်ပိုင်း အတွင်း၌ ဟာရီက သူနှင့် ဟမိုင်းယွန်းနီတို့ တောအုပ်ထဲတွင် ဘာဖြစ်ခဲ့သည်ကို ပြန်ပြောပြသောအခါ ရွန်၏ မျက်လုံးများ ပြူးကျယ်လာကြသည်။

ဟာရီက မထိုင်နိုင်ပါ။ မီးဖိုရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ သူသည် တုန်ယင်နေဆဲ ဖြစ်သည်။

'ဆရာ စနိတ်က ဓာတ်လုံးကို ဗော်လ်ဒီမော့ အတွက် လိုချင်တာ၊ ဗော်လ်ဒီမော့ကလည်း တောအုပ်ထဲမှာ စောင့်နေတယ်၊ တစ်ချိန်လုံး ငါတို့ ထင်နေတာက ဆရာ စနိတ်ဟာ ချမ်းသာချင်လို့လို့ ထင်ခဲ့ကြတယ်'

'အဲဒီ နာမည်ကြီးကို မရွတ်စမ်းပါနှင့်ကွာ' ဟု ရွန်က ကြောက်ရွံ့စွာ တိုးတိုးပြောသည်။ ဗော်လ်ဒီမော့က ကြားသွားမည်ဟု သူ ထင်နေသလို ရှိသည်။

ဟာရီကတော့ သူ့စကားကို နားမထောင်ပါ။

www.burmeseclassic.com

'ဖိုင်ရင့်ဖ်က ငါ့ကို ကယ်ခဲ့တယ်၊ ဒါပေမဲ့ သူ ဒါကို မလုပ်သင့်ဘူး၊ ဘိန်းက ဒေါသထွက်နေတယ်၊ သူက ဂြိုလ်တွေက ဘာတွေ ဖြစ်မယ်လို့ ဟောထားတာတွေကို ဝင်ရှုပ်တယ် ဘာတယ်နှင့် ပြောနေတာပဲ၊ ဂြိုလ်တွေက ဖော်လ်ဒီမော့ ပြန်လာမှာကို ပြသတာ ဖြစ်ရမယ်၊ ဘိန်းက ဖိုင်ရင့်ဖ် အနေနှင့် ဖော်လ်ဒီမော့က ငါ့ကို သတ်တာကို ဥပေက္ခာ ပြုရမယ်လို့ ယူဆပုံ ရတယ်၊ အဲဒါဟာလည်း ဂြိုလ်တွေရဲ့ ဟောကိန်းမှာ ပါတယ်လို့ ငါထင်တယ်'

'မင်း အဲဒီ နာမည်ကို ရွတ်တာ မရပ်ဘူးလား' ဟု ရွန်က မြွေတွန်သလို ပြောသည်။

'ဒီတော့ အခု ငါ စောင့်ရမှာက ဆရာ စနိတ်က ခတ်လုံးကို ခိုးတာ စောင့်ရတော့မှာပဲ' ဟု ဟာရီက ငန်းဖမ်းသလို ဆက်ပြော၏။ 'ဒီတော့ ဖော်လ်ဒီမော့ဟာ လာလို့ ရသွားပြီ ငါ့ကို ရှင်းပစ်လိုက်နိုင်မယ်၊ အဲ ဘိန်းဟာ ပျော်သွားမယ် ငါ ထင်ပါတယ်'

ဟမိုင်းယွန်းနီက အလွန်တရာ ကြောက်လန့်သွားပုံရ၏။ သို့သော် နှစ်သိမ့်စကား တစ်ခွန်းတော့ ပြောဖော်ရသေးသည်။

'ဟာရီ၊ လူတိုင်းက ပြောနေတယ်၊ ဘယ်သူလဲ ဆိုတာ နင်သိတဲ့ လူ ကြောက်တာ ဆရာ ဒမ်ဗယ်လ်ဒေါ တစ်ယောက်တည်းတဲ့၊ ဒီတော့ ဆရာ ဒမ်ဗယ်လ်ဒေါက အနား ပတ်ဝန်းကျင်မှာ ရှိနေရင် ဘယ်သူလဲ ဆိုတာ နင်သိတဲ့ လူဟာ နင့်ကို လက်ဖျားနှင့် တို့ဝံ့မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်ဟယ် စင်တော်တွေ မှန်တယ်လို့ ဘယ်သူ ပြောသလဲ၊ ငါ့ သဘောကတော့ အဲဒါဟာ ဗေဒင်ပညာနှင့် တူတယ် ထင်ပါတယ်၊ ပရိုဖက်ဆာ မက်ဂေါ်နဂေါက အဲဒီ ပညာဟာ မှော်ပညာရဲ့ အရမ်းကို မတိကျတဲ့ ဘာသာရပ်ခွဲလို့ ပြောတာပဲဟယ်'

သူတို့ စကားမပြတ်ခင် ကောင်းကင်သည် လင်းစပြုလာပါပြီ။ သူတို့သည် ပန်းလျှစွာ အိပ်ရာဝင်ကြတော့သည်။ လည်ချောင်းတွေလည်း နာနေကြ၏။ သို့သော် ထိုည၏ အံ့သြစရာကား မကုန်သေးပါချေ။

ဟာရီသည် စောင်ကို ဆွဲ၍ ခြုံလိုက်သော အခါတွင် သူ၏ 'ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီ' သည် စောင်အောက်တွင် သပ်သပ်ရပ်ရပ် ခေါက်လျက်သား ရှိသည်ကို တွေ့ရလေတော့၏။ စာကလေး တစ်စောင်ကို အင်္ကျီတွင် တွယ်အပ်ဖြင့် ထိုးထားသည်။

လိုရမည်ရပေါ့။

အခန်း ဆယ့်ခြောက်

ကြမ်းပြင် တံခါးဝှက်ကို ဖြတ်၍

ဖော်လ်ဒီမော့သည် အချိန်မရွေး တံခါးပေါက်မှ ဝင်လာနိုင်သည်ဟု မျှော်လင့်ခြင်း တစ်ဝက်ဖြင့် နေရချိန်တွင် သူ ဘယ်လိုလုပ်ပြီး စာမေးပွဲများကို ဖြေဆိုနိုင်ဖို့ လုပ်ဆောင်ခဲ့သည် ဆိုခြင်းကို နောင်လာမည့် နှစ်ကာလများတွင် ဟာရီသည် ကောင်းကောင်း မှတ်မိတော့မည် မဟုတ်ပါ။ သို့တိုင်အောင် နေ့တွေကုန်လွန်လာပြီး ဖြစ်သော်ငြားလည်း ဖလပ်ဖီသည် သော့ခတ်ထားသော ဟို တံခါးနောက်တွင် အသက်ရှင်လျက် ရှိနေသည်မှာ သံသယ ရှိဖွယ် မလိုချေ။

ချွေးပြိုက်ပြိုက် ကျလောက်အောင် ပူလှသည်။ အထူးသဖြင့် သူတို့ ရေးဖြေကြရသည့် ကြီးမားသော စာသင်ခန်းကြီးထဲတွင် ပူလှ၏။ စာမေးပွဲများ အတွက် သူတို့အား အထူးဖြစ်သော ငှက်တောင် ကလောင်တံ

အသစ်များကို ထုတ်ပေးသည်။ ထိုကလောင်တံများကို အကောက်ကြံခြင်းကို ဆန့်ကျင်ကာကွယ်သည့် ဝိရုဒ္ဓဆလ မန္တန်ဖြင့် စုတ်ထားသည်။

သူတို့သည် လက်တွေ့ စာမေးပွဲများကိုလည်း ဖြေကြရ၏။ ပရိဖက်ဆာ ဖလစ်ဝစ်က သူ့ စာသင်ခန်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ခေါ်ငင်ကာ နာနတ်သီးကို ခုံပေါ်ဖြတ်၍ ခြေဖျားခတ် အကကို ကစေနိုင်သလား စစ်ဆေးသည်။ ပရိဖက်ဆာ မက်ဂေါ်နဂေါက သူတို့က ကြွက်ကလေးကို နှာရှူရသည့် ဘူးအဖြစ် ပြောင်းလဲစေသည်ကို စစ်ဆေး၏။ ဘူးကလေးက လှပလျှင် လှပသလောက် အမှတ်ပိုရ၏။ ဘူးကလေးတွေ နှုတ်ခမ်းမွေးတွေ ပေါက်နေလျှင်ကား အမှတ်လျှော့လေသည်။ သူတို့သည် သတိမေ့လျှော့ဆေးကို ဖော်နည်းကား ပြန်၍ စဉ်းစားစဉ် ဆရာ စနိတ်က သူတို့၏ လည်ကုပ်များပေါ်သို့ အသက်ရှူထုတ်သည့် လေများ ကျရောက်စေရာ သူတို့သည် စိတ်တုန်လှုပ်ကြရသည်။ တောအုပ်ထဲ သွားခဲ့ပြီးကတည်းက သူ့ကို အနှောင့်အယှက် ပေးလှသော နဖူးက စူးရှသော နာကျင်မှုများကို ကြိုးစား၍ ဥပေက္ခာပြုရင်း ဟာရီသည် တတ်နိုင်သလောက် အကောင်းဆုံး ဖြေဆိုခဲ့သည်။ ဟာရီသည် စာမေးပွဲနတ် ဖမ်းစားလှသည်ဟု နဲဗီးလ်က ထင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဟာရီသည် မအိပ်နိုင်သောကြောင့် ဖြစ်၏။ တကယ်တော့ ဟာရီသည် သူမက်နေကျ အိပ်မက်ဆိုး အဟောင်းကြီးကြောင့် လန့်လန့်နိုးရခြင်း ဖြစ်သည်။ ထူးသည်ကား ယခုအခါတွင် ပို၍ ဆိုးလာ၏။ သွေးတွေ တစက်စက် ယိုစီးကျနေသော ဦးခေါင်း ဆောင်းထားသည့် သဏ္ဌာန်က ပါလာနေတော့သည်။

ရွန်နှင့် ဟမိုင်းယွန်းနီတို့သည် ဟာရီလောက်တော့ ဓာတ်လုံးကိစ္စ ပူပန်ကြပုံ မရပါ။ ဤသို့ ဖြစ်ရခြင်းမှာလည်း တောအုပ်ထဲတွင် ဟာရီ မြင်ခဲ့သည်ကို သူတို့ မမြင်ကြသောကြောင့် ဖြစ်ပါလိမ့်မည်။ ဗော်လ်ဒီမော့ ဟူသော အတွေးအကြံသည် သူတို့ကို ခြောက်သည်ကတော့ အမှန် ဖြစ်၏။ သို့သော် သူသည် သူတို့၏ အိပ်မက်များထဲတွင်တော့ ရောက် ရောက်မလာပါ။ ထို့ပြင် သူတို့သည် ပြန်လှန် လေ့ကျင့်ခန်းများဖြင့် မအားလပ်ဘဲ ရှိနေကြလေရာ ဆရာ စနိတ် ဖြစ်စေ၊ အခြား တစ်ယောက်ယောက်က ဖြစ်စေ ဘာတွေ ကြံနေကြသည် ဆိုခြင်း အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာ အချိန် မရှိကြပါ။

သူတို့၏ နောက်ဆုံး စာမေးပွဲသည် 'မှော်ပညာသမိုင်း' ဘာသာရပ် ဖြစ်၏။ သူ့ဘာသာသူ အလိုလို မွှေသော ဒယ်အိုးကြီးများကို တီထွင်ခဲ့သည့် ခပ်ကြောင်ကြောင် မှော်ဆရာကြီးများ အကြောင်းကို တစ်နာရီ ဖြေဆိုကြရသည်။ ထိုစာမေးပွဲကို ဖြေဆိုပြီးပြီ ဆိုလျှင် သူတို့သည် လွတ်လပ်သွားကြပေပြီ။ အောင်စာရင်း ထွက်လာချိန် အထိ ဖြစ်သော သီတင်းပတ် တစ်ပတ်လုံး သူတို့ အားသွားကြမည် ဖြစ်၏။ တစ္ဆေကြီး ပရိဖက်ဆာ ဘင်းစ်က ကလောင်တွေ ချ၍ စာရွက်တွေကို လိပ်ရန် ပြောကြားလိုက်သော အခါတွင်ကား ဟာရီသည် အခြားသူများနှင့်အတူ ပျော်ရွှင်သွားရလေတော့သည်။

'ငါ ထင်တာထက် တအားပိုပြီး လွယ်နေတယ်' ဟု ဟမိုင်းယွန်းနီက ပြော၏။ သူတို့တွေသည် နေသာနေသော ခြံမြေထဲသို့ လူအုပ်နှင့် ရော၍ ထွက်လာကြစဉ် ဖြစ်လေသည်။ 'ငါဟာ ၁၆၃၇ ခု သမန်း ဝံပုလွေ စာရိတ္တ ကိုဒပေဒကိုကော၊ စိတ်ထက်သန်သူ အဲလ်ဖရစ်ရဲ့ ထကြွပုန်ကန်မှုကိုကော ကျက်ဖို့ မလိုဘူး'

ဟမိုင်းယွန်းနီသည် စာမေးပွဲ ဖြေပြီးသော အခါတွင် ပြန်လှန် သုံးသပ်ခြင်းကို ထာဝစဉ် နှစ်သက်သည်။ သို့ရာတွင် ရွန်က ဤသို့ ပြန်သုံးသပ်ခြင်းသည် သူ့ကို ဖျားချင်သလိုလို ဖြစ်စေသည် ဆိုသောကြောင့် သူတို့သည် ရေကန်ဆီသို့ ဆင်းသွားကြပြီး သစ်ပင် တစ်ပင်အောက်တွင် ပစ်လှဲလိုက်ကြ၏။ ဝီးဇလီ အမြွှာညီနောင်နှင့် လီ ဂျော်ဒန်တို့သည် ပူနွေးသော ရေတိမ်တွင် နေပူစာ လာလှုံကြသည့် ဧရာမ စကွစ်ငါးကြီးများ၏ နှုတ်ခမ်းမွေးများကို ကလိ နေကြသည်။

www.burmeseclassic.com

'ပြန်လှန် လေ့ကျင့်ခန်းတွေ မရှိတော့ဘူး' ဟု ရွန်သည် မြက်ခင်းပေါ်တွင် ကိုယ်လက်ဆန့်ရင်းက ဝမ်းသာအားရ သက်ပြင်းချ ပြောဆို၏။ 'ငါတို့ ဘယ်လောက် ဆိုးဆိုးဝါးဝါးတွေ ဖြေခဲ့တယ် ဆိုတာ တွေ့ရှိရဖို့ တစ်ပတ်ကြီးများတောင် အချိန်ရသေးတယ်၊ ခုထက် ပိုပြီး ရွှင်ရွှင်လန်းလန်း နေနိုင်ပါတယ် ဟာရီရာ၊ ပူပန်စရာ မလိုသေးပါဘူး'

ဟာရီက သူ့ နဖူးကို သူ ပွတ်နေသည်။

'ဒါ ဘာကို ဆိုလိုတာလဲ ငါ သိချင်လိုက်တာနော်' ဟု သူက ဒေါသထွက်စွာ ထုတ်ပြောသည်။ 'ငါ့ အနာရွတ်ဟာ နာလာတယ်၊ အရင်ကလည်း ဖြစ်ဖူးပါတယ်၊ ဒါပေမဲ့ ဒါလောက် မကြာခဏ ဖြစ်တာမျိုး မရှိခဲ့ဖူးဘူး'

'မာဒမ် ပွမ်ဖရီဆီ သွားပါလား' ဟု ဟမိုင်းယွန်းနီက အကြံပြုသည်။

'ငါ ဖျားတာ မဟုတ်ဘူး' ဟု ဟာရီက ပြော၏။ 'ဒါဟာ သတိပေးတာလို့ ထင်တာပဲ၊ အန္တရာယ် လာနေပြီလို့ ပြောလိုတာပဲ'

ရွန်သည် သိပ်ကြီး စိတ်ထက်သန်ပုံ မရ။ ရာသီဥတုက ပူလွန်းလှသည်။

'ဟာရီ စိတ်လျှော့ထားစမ်းပါ၊ ဟမိုင်းယွန်းနီ ပြောတာ မှန်ပါတယ်၊ ဆရာ ဒမ်ဗယ်လ်ဒေါဟာ အနီးအနားမှာ ရှိနေသရွေ့ ခါတ်လုံးဟာ စိတ်ချရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဆရာ စနိတ်ဟာ ဖလပ်ဖီကို ဘယ်လို ဖြတ်ကျော်ရမယ် ဆိုတာ သိသွားကြောင်း အထောက်အထား မရခဲ့ဖူးသေးပါဘူးကွာ၊ တစ်ခါက သူ့ခြေထောက်ကြီး စုတ်ပြတ်သွားလုမတတ်ပဲ၊ သူ အလောသုံးဆယ်တော့ နောက်တစ်ချီ ထပ်စမ်းမှာ မဟုတ်ပါဘူးလေ၊ ဟတ်ဂရစ်က ဒမ်ဗယ်လ်ဒေါ စိတ်ပျက်အောင် မလုပ်ခင်မှာ နဲဗီးလ်က အင်္ဂလန် အတွက် ကွစ်ဒစ်ချ် ကစားပါလိမ့်မယ်'

ဟာရီက ခေါင်းညိတ်၏။ သို့ရာတွင် သူ လုပ်ဖို့ မေ့နေသော အရာ၊ အရေးကြီးသော အရာတစ်ခု ရှိနေသည် ဟူသော စိတ်ခံစားမှုကြီးသည် ခို၍ နေသည်ကို ခါချ၍ မရပါ။ သူက ဒါကို ရှင်းပြရန် ကြိုးစားသောအခါ ဟမိုင်းယွန်းနီက ပြော၏။ 'အဲဒါ စာမေးပွဲတွေကြောင့်ပဲ၊ လွန်ခဲ့တဲ့ ညက ငါ တစ်ရေးနိုးတော့ အိပ်ရာက ထပြီး သဏ္ဌာန်ပြောင်းခြင်း (နာနာရုပ်) ဘာသာရပ် မှတ်စုတွေကို ကောက်လှန်နေမိတာ၊ နောက်ကျမှ စာမေးပွဲ ဖြေပြီးတာကို သတိရတယ်'

သို့ရာတွင် သူ့တွင် ဖြစ်ပေါ်နေသော မတင်မကျ ခံစားမှုကြီးမှာ ကျောင်းစာနှင့် ဘာမျှ မပတ်သက်ကြောင်း ဟာရီ သေချာပါ၏။ ဇီးကွက် တစ်ကောင်သည် ပါးစပ်တွင် စာတစ်စောင်ကို ကိုက်ချီကာ တောက်ပသော ကောင်းကင်ပြာကြီးကို ဖြတ်၍ ကျောင်းဆီသို့ ပျံသန်းလာသည်ကို တွေ့မြင်မိသည်။ သူ့ဆီကို စာရေးပေးသူမှာ ဟတ်ဂရစ် တစ်ယောက်တည်းသာ ဖြစ်၏။ ဟတ်ဂရစ်သည် ဆရာ ဒမ်ဗယ်လ်ဒေါကို သစ္စာဖောက်မည် မဟုတ်ပါ။ ဟတ်ဂရစ်သည် ဖလပ်ဖီကို မည်သို့ ကျော်ဖြတ်နိုင်ကြောင်းကို ဘယ်သူ့ကိုမှ ပြောမည် မဟုတ်။ ... ဘယ်တော့မှ .... သို့သော်...။

ဟာရီသည် ရုတ်တရက် ခုန်ထ၏။

'မင်း ဘယ်သွားမလို့လဲ'ဟု ရွန်က အိပ်ချင်မူးတူးဖြင့် မေးသည်။

'ငါ အခုတွင် တွေးမိတာ ရှိလို့' ဟု ဟာရီက ပြောသည်။ သူ့မျက်နှာသည် ဖြူဖွေးသွား၏။ 'ငါတို့ အခု ဟတ်ဂရစ်ကို သွားတွေ့မှ ဖြစ်မယ်'

'ဘာဖြစ်လို့လဲ' ဟု ဟမိုင်းယွန်းနီက အမီလိုက်နိုင်ရန် ကြိုးစားရင်း ဖုတ်လှိုက် ဖုတ်လှိုက်နှင့် မေးသည်။

'နည်းနည်းတော့ တစ်မျိုး ဖြစ်နေတယ် မထင်ဘူးလား' ဟု ဟာရီက မြက်ပင်များ ပေါက်နေသော ကုန်းစောင်းကို ကြိုးစား၍ ကုန်းတက်ရင်း ပြော၏။ 'ဟတ်ဂရစ်က နဂါးကို အသေအလဲ လိုချင်နေခိုက် သူစိမ်း တစ်ယောက်ဟာ နဂါးဥကို အိတ်ထဲ ထည့်ပြီး ရောက်လာတယ် ဆိုတာ၊ မှော်ဆရာ ဥပဒေကို ချိုးဖောက်ရာကျမှန်း သိနေပါလျက်နှင့် ဘယ်သူတွေက နဂါးဥတွေနှင့် လျှောက်သွားနေမှာတဲ့လဲ၊ အဲဒီလို လူမျိုးကလည်း ဟတ်ဂရစ်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့တာ ကံကောင်းတယ်လို့ ဆိုရမလား၊ ဒါကို ငါ ဘာဖြစ်လို့ စောစောက မတွေးမိပါလိမ့်'

'မင်း ဘာလုပ်မလို့လဲ' ဟု ရွန်က မေး၏။ သို့သော် ဟာရီသည် တောအုပ်ဆီသို့ ခြံမြေကို ဖြတ်၍ တစ်ရှိန်ထိုး ပြေးသွားသည်။ ပြန်တော့မဖြေချေ။

ဟတ်ဂရစ်သည် အိမ်ရှေ့က လက်တင် ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ သူ့ ဘောင်းဘီရှည် အနားများနှင့် အကျီလက်များကို လိပ်တင်ထားသည်။ သူသည် ပဲစေ့များကို အခွံခွာ၍ ပန်းကန်လုံးကြီးထဲသို့ ထည့်နေသည်။

'ဟဲလို...' ဟု သူက ရယ်၍ ပြော၏။ 'စာမေးပွဲတွေ ပြီးသွားပြီလား၊
လက်ဖက်ရည် သောက်ဖို့ အချိန်ရပြီပေါ့'

'ဟုတ်ကဲ့၊ လုပ်လိုက်လေ' ဟု ရွန်က ပြောသည်။ သို့သော် ဟာရီက ဖြတ်ပြောလိုက်၏။

'မသောက်တော့ဘူး ဟတ်ဂရစ်၊ ကျွန်တော်တို့ အလောသုံးဆယ် ဖြစ်နေတယ်၊ မေးစရာကလေး ရှိနေလို့၊ နော်ဘတ်ကို နိုင်လာတဲ့ ညကို သိတယ် မဟုတ်လား၊ ခင်ဗျားနှင့် ဖဲကစားတဲ့ သူစိမ်းဟာ ဘယ်လို ပုံပန်းမျိုး ရှိသလဲ'

'မသိဘူး' ဟု ဟတ်ဂရစ်က ခပ်ပေါ့ပေါ့ပင် ဖြေသည်။ 'သူ့ ဝတ်ရုံကြီးကို ချွတ်မှ မချွတ်တာ'

သူတို့ သုံးယောက်သား ကြက်သေ သေသွားသည်ကို မြင်သောအခါ ဟတ်ဂရစ်က မျက်ခုံးတွေ ပင့်တင်မိ၏။

'အဲဒါ မဆန်းပါဘူး၊ ဟော့ဂဟက် အရပ်မှာ ရယ်စရာ ကောင်းတဲ့ လူတွေ တစ်ပုံကြီး ရှိတယ်၊ အဲဒါက ရွာထဲက အရက်ဆိုင်မှာလေ၊ နဂါး ရောင်းဝယ်တဲ့ ကုန်သည် ဖြစ်ချင်ဖြစ်မှာပေါ့၊ ငါက သူ့မျက်နှာကို မမြင်ရဘူး၊ အဝတ် ဦးဆောင်းကြီးကို ဆောင်းထားတာကိုး'

ဟာရီက ပဲထည့်သော ပန်းကန်လုံးဘေးတွင် ထိုင်ချလိုက်မိတော့၏။

'သူနှင့် ဘာအကြောင်းတွေ ပြောသလဲ ဟတ်ဂရစ်၊ ဟော့ဂဝပ်လို့များ ပြောမိသေးသလား'

'ပြောမိချင် ပြောမိမှာပေါ့' ဟု ဟတ်ဂရစ်သည် မျက်မှောင်ကြုတ်၍ ပြန်စဉ်းစားရင်း ပြော၏။ 'အေး သူက ငါ လာလုပ်သလဲ မေးတယ်၊ ငါက သားကောင်တွေကို ထိန်းရတယ်လို့ ပြောတော့ သူက ငါ ဘယ်လို တိရစ္ဆာန်မျိုးကို

www.burmeseclassic.com

ထိန်းရသလဲ မေးတော့ ငါက ပြောပြတာပေါ့၊ ပြီးတော့ ငါဟာ နဂါး တစ်ကောင်လောက်တော့ လိုချင်နေတာပဲလို့ ပြောမိတယ်၊ အဲ... အဲဒီတော့ ငါ ကောင်းကောင်း မှတ်မိပြီ၊ သူက ငါ့ကို အရက် ဝယ်တိုက်တာကိုး၊ မှန်းစမ်းအေး၊ ဒီတော့ သူက သူ့မှာ နဂါးဉ ရှိတယ်၊ ငါ လိုချင်ရင် ဖဲကစားကြတာပေါ့လို့ သူက ဆိုတယ်၊ ဒါပေမဲ့ ငါ ပြုစု မွေးမြူနိုင်ပါ့မလားတဲ့၊ သူ့ရဲ့ မူလ နေရာကို ပြန်ယူမသွားချင်ဘူးတဲ့၊ ဒါနှင့် ငါက ဖလပ်ဖီကို မွေးဖူးမှတော့ နဂါးက လွယ်မှာပါလို့'

'အဲဒီတော့ သူက ဖလပ်ဖီကို စိတ်ဝင်စားသလား' ဟု ဟာရီက သူ့အသံကို ကြိုးစား၍ တည်ငြိမ်အောင် ထိန်းထားပြီး မေးသည်။

'အင်း ဟုတ်တယ်၊ ဟော့ဂဝပ်နားမှာတောင် ခေါင်းသုံးလုံးနှင့် ခွေးတွေကို ဘယ်နှကောင် ထိန်းဖူးခဲ့လို့လဲလို့ မေးတယ်လေ၊ ဒီတော့ ငါက ပြောတာပေါ့၊ ဖလပ်ဖီကို ဘယ်လို ငြိမ်သွားအောင် လုပ်ရမယ် ဆိုတာ သိရင် ဒီကောင်ဟာ သိပ်ယဉ်ပါတယ်၊ တေးသံကလေးသာ ပေးလိုက်ရင် ဒီကောင်ဟာ တစ်ချီတည်း အိပ်တော့တာပဲလို့ ပြောပြလိုက်တယ်'

ဟတ်ဂရစ်သည် ချက်ချင်းပင် အလန့်တကြား ဖြစ်သွား၏။

'ငါ ဒါကို မင်းတို့ကို မပြောသင့်ဘူး' ဟု သူက လွှတ်ခနဲ ပြောသည်။ 'ငါပြောတာ မေ့ပစ်လိုက်ကြပါကွာ၊ ဟေ့ ဘယ်သွားကြမလို့လဲ'

ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် ဝင်ပေါက်ခန်းမကြီး ရောက်သည်အထိ တစ်ယောက်ကို တစ်ယောက် လုံးဝ စကားမပြောကြချေ။ ခြံမြေထဲက လာခဲ့ကြသည် ဖြစ်၍ ခန်းမကြီးမှာ အလွန် အေးမြ၍ မှောင်နေသည်။

'ငါတို့ ဆရာ ဒမ်ဗယ်လ်ဒေါဆီ သွားမှ ဖြစ်မယ်' ဟု ဟာရီက ပြော၏။ 'ဟတ်ဂရစ်က သူစိမ်းကို ဖလပ်ဖီကို ဘယ်လို ကျော်လွှားနိုင်မယ် ဆိုတာ ပြောလိုက်ပြီ၊ အဲဒီ ဝတ်ရုံကြီးနှင့်ဟာ ဆရာ စနိတ် ဖြစ်ဖြစ်၊ ဗော်လ်ဒီမော့ ဖြစ်ဖြစ် ဖြစ်မယ်၊ ဟတ်ဂရစ်ကို မူးအောင် တိုက်လိုက်ပြီးရင် လွယ်သွားတော့မှာပဲ၊ ဆရာ ဒမ်ဗယ်လ်ဒေါဟာ တို့ပြောတာ ယုံပါစေလို့ ဆုတောင်းရမှာပဲ၊ ဘိန်းကသာ မတားဘူးဆိုရင် ဖိုင်ရင့်ဇ်ဟာ တို့ကို ထောက်ခံပါလိမ့်မယ်၊ ဆရာ ဒမ်ဗယ်လ်ဒေါရဲ့ ရုံးခန်းက ဘယ်မှာပါလိမ့်'

ဦးတည်ရာဘက် အမှန်ကို ဖော်ပြသည့် ဆိုင်းဘုတ် ရှိနေသလိုလို သူတို့သည် ဘေးဘီကို ဦးလည် ကြည့်သည်။ ဆရာ ဒမ်ဗယ်လ်ဒေါ ဘယ်မှာနေသည်ကို သူတို့ကို ဘယ်သူကမျှ ပြောမထားပါ။ ထို့ပြင် သူ့ဆီ သွားတွေ့ဖို့လည်း ဘယ်သူ့ကိုမျှ စေလွှတ်ခြင်း မရှိခဲ့။

'ဒါဆို ငါတို့ဟာ...' ဟု ဟာရီက စ၍ ပြောနေခိုက် အသံ တစ်သံသည် ရုတ်တရက် အခန်းကို ဖြတ်၍ ပေါ်လာ၏။

'မင်းတို့ သုံးယောက် ဒီထဲမှာ ဘာလုပ်နေကြတာလဲ'

ပြောသူကား စာအုပ်တွေ တစ်ပုံကြီး သယ်ယူလာသော ပရိဖက်ဆာ မက်ဂေါနဂေါ ဖြစ်လေသည်။

'ကျွန်မတို့ ပရိဖက်ဆာ ဒမ်ဗယ်လ်ဒေါကို တွေ့ချင်လို့' ဟု ဟမိုင်းယွန်းနီက ပြော၏။ ရဲတင်းရာ ရောက်သလိုတော့ ဖြစ်သွားသည်ဟု ဟာရီနှင့် ရွန်တို့က ထင်မိသည်။

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါကို တွေ့ချင်လို့ ဟုတ်လား' ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါက လိုက်ပြောရင်း မေးသည်။ မသင်္ကာစရာကို လုပ်ချင်ရသလားဟု ဆိုသလို ဖြစ်နေ၏။ 'ဘာဖြစ်လို့လဲ'

ဟာရီက တံတွေးကို မျို၏။ ကိုင်း ဘာလုပ်မလဲ။

'ကိစ္စကတော့ ခပ်လျှို့ဝှက်ဝှက်ပဲ' ဟု သူက ပြောသည်။ သို့သော် သူ မပြောမိရင် ကောင်းမည်ဟု ချက်ချင်း တောင့်တမိ၏။ အဘယ်ကြောင့်ဆိုသော် ပရိုဖက်ဆာ မက်ဂေါ်နဂေါ၏ နှာခေါင်းဝသည် ပွစိပွစိ ဖြစ်လာသောကြောင့် ဖြစ်လေသည်။

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါဟာ လွန်ခဲ့တဲ့ ဆယ်မိနစ်လောက်က ထွက်သွားပြီ' ဟု သူက အေးတိအေးစက် ပြော၏။ 'မှော်ပညာ ဝန်ကြီးဌာနက အရေးတကြီး ဇီးကွက် ရောက်လာလို့ လန်ဒန်ကို ကောင်းကင်ခရီးနှင့် ချက်ချင်း ထွက်သွားပြီ'

'သူ သွားပြီ ကိုး' ဟု ဟာရီက ချောက်ချားစွာ ပြောသည်။ 'ကဲ ဒါဖြင့် ဘာလုပ်မလဲ'

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါဟာ အင်မတန် ကြီးမြတ်တဲ့ မှော်ဆရာကြီးပဲ ပေါ့တာ၊ သူ့ အချိန်တွေကို ခွဲပေးဖို့ တောင်းဆိုနေကြတာတွေ အများကြီးပဲ'

'ဒါပေမဲ့ ခုဟာက အရေးကြီးပါတယ်'

'မင်း ပြောစရာ ရှိတာက မှော်ပညာ ဝန်ကြီးဌာနထက် ပိုပြီး အရေးကြီးသလား ပေါ့တာ'

'ဒီမှာ...' ဟု ဟာရီက လေသံကို ထိန်း၍ ပြော၏။ 'ပရိုဖက်ဆာ၊ ကျွန်တော် ပြောမယ့် အကြောင်းက ပြဒါးရှင်လုံး...'

စောစောက ပရိုဖက်ဆာ မက်ဂေါ်နဂေါက ဘာကိုပဲ ထင်ထား ထင်ထား ပြဒါးရှင်လုံး အကြောင်းတော့ မဟုတ်နိုင်ပါ။ သူ သယ်လာသော စာအုပ်များသည် သူ့ လက်တွေကို ကျော်၍ အောက်သို့ ကျကုန်သည်။ သို့သော် သူ ပြန်မကောက်ချေ။

'မင်း ဘယ်လို သိသလဲ' ဟု သူက ဗလုံးဗထွေး ပြောသည်။

'ပရိုဖက်ဆာ ကျွန်တော် သိတယ် ထင်ပါတယ်၊ ဟိုဟာလေ ဆရာ စ... တစ်ယောက်ယောက်ကပေါ့နော်၊ ဓာတ်လုံးကို ခိုးမယ်ဆိုတာ၊ ကျွန်တော် ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါကို ပြောပြမှ ဖြစ်မယ်'

ပရိုဖက်ဆာ မက်ဂေါ်နဂေါသည် ထိတ်ခနဲ ဖြစ်သွားမှု တစ်ဝက်၊ သင်္ကာမကင်း ဖြစ်မှု တစ်ဝက်ဖြင့် သူ့ကို ကြည့်သည်။

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါဟာ နက်ဖြန် ပြန်လာလိမ့်မယ်' ဟု နောက်ဆုံးတွင် သူက ပြော၏။ 'ဓာတ်လုံး အကြောင်း မင်း ဘယ်လို သိသွားတယ် ငါ မသိပါဘူး၊ ဒါပေမဲ့ စိတ်ချနေစမ်းပါ၊ အဲဒါကို ဘယ်သူကမှ ခိုးယူဖို့ မဖြစ်နိုင်ဘူး၊ တအားကို ကောင်းကောင်း ကာကွယ်ထားတယ်'

'ဒါပေမဲ့ ပရိုဖက်ဆာ'

'ပေါ့တာ၊ ငါ ဘာပြောနေတယ် ဆိုတာ ငါ သိတယ်' ဟု သူက ပြတ်ပြတ် ပြော၏။ သူသည် ကုန်း၍ ကျသွားသော စာအုပ်များကို ပြန်ကောက်၏။ 'မင်းတို့အားလုံး အပြင်ထွက်ပြီး နေရောင်ကို ပျော်ရွှင်ခံစားကြဖို့ ငါ အကြံပြုချင်တယ်'

သို့သော် သူတို့ မသွားကြပါ။

'ဒီညပဲ ဖြစ်မယ်' ဟု ပရိုဖက်ဆာ မက်ဂေါ်နဂေါမကြားလောက်တော့ဟု သေချာသွားသည်တွင် ဟာရီက ပြောသည်။ 'ဆရာ စနိတ်ဟာ ဒီညပဲ ကြမ်းပြင် တံခါးဝှက်ကို ဖြတ်ဝင်မှာပဲ၊ သူ လိုတာတွေ အကုန် ဖော်ထုတ်နိုင်ပြီပဲ၊ အခု ဆရာ ဒမ်ဗယ်လ်ဒေါကို ပထုတ်လိုက်ပြီးပြီ၊ ဟိုစာကို သူ ပို့တာ ဖြစ်ရမယ်၊ မှော်ပညာ ဝန်ကြီးဌာနကတော့ ဆရာ ဒမ်ဗယ်လ်ဒေါ ပေါက်ချလာရင် မျက်လုံးမျက်ဆန်တွေ ပြူးကုန်မယ် ဆိုတာ ငါ လောင်းရဲတယ်'

'ဒါပေမဲ့ ငါတို့ ဘာတတ်နိုင်...'

ဟမိုင်းယွန်းနီက သက်ပြင်းချ၏။ ဟာရီနှင့် ရွန်တို့က ချာခနဲ လှည့်ကြည့်ကြသည်။

ဆရာ စနိတ်သည် ရပ်နေ၏။

'ကောင်းသော နေ့လယ်ခင်း ဖြစ်ပါစေကွာ' ဟု သူက ချောမွတ်စွာ ပြောသည်။

သူတို့က ဆရာ စနိတ်ကို ပြူးကြည့်နေကြ၏။

'ဒီလို နေ့မျိုးမှာ မင်းတို့ဟာ အတွင်းထဲမှာ မနေသင့်ကြဘူး' ဟု သူက တစ်မျိုးကြီး ဖြစ်နေသော မဲ့ပြုံးပြုံး၍ ပြောသည်။

'ကျွန်တော်တို့ဟာ... ' ဟု ဟာရီက ဘာပြောရမည်မှန်း မသိဘဲနှင့် ပြောမိ၏။

'မင်းတို့ဟာ ပိုပြီး ဂရုစိုက်ကြရမယ်ပေါ့' ဟု ဆရာ စနိတ်က ပြောသည်။ 'ဒီလို ရစ်သီ ရစ်သီ လုပ်နေကြရင် လူတွေက မင်းတို့ တစ်ခုခု ကြံနေတယ် မှတ်ကြမှာပေါ့၊ ပြီးတော့ ဂရစ်ဖင်ဒါတွေဟာလည်း နောက်ထပ် အမှတ်တွေ အဆုံးရှုံး မခံနိုင်ကြတော့ဘူး မဟုတ်လား'

ဟာရီသည် မျက်နှာ နီမြန်းသွားသည်။ သူတို့သည် အပြင်သို့ ပြန်ထွက်ရန် လှည့်လိုက်ကြ၏။ သို့သော် ဆရာ စနိတ်က သူတို့ကို ပြန်ခေါ်သည်။

'သတိပေးတယ်နော် ပေါ့တာ၊ နောက်ထပ် ညဘက်တွေမှာ လျှောက်သွားနေတာ တွေ့မယ် ဆိုရင် ငါ ကိုယ်တိုင် မင်း ကျောင်းထွက်ရတာ သေချာအောင် လုပ်မယ်၊ ကောင်းသောနေ့ ဖြစ်ပါစေ'

သူသည် အမှုထမ်းများ အခန်းဘက်ဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားလေတော့၏။

www.burmeseclassic.com

ကျောက်လှေကားထစ်များပေါ်တွင် ဟာရီက အခြားသူများဘက်သို့ လှည့်လိုက်သည်။

'ကောင်းပြီ၊ ငါတို့ လုပ်ရမှာက ဒီလို' ဟု သူက အရေးတကြီး တီးတိုးပြော၏။ 'ငါတို့ထဲက တစ်ယောက်ယောက်ဟာ ဆရာ စနိတ်ကို စောင့်ကြည့်ရမယ်၊ အမှုထမ်းများ အခန်းရှေ့မှာ စောင့်နေပြီး သူ ထွက်သွားရင် နောက်က လိုက်ရမယ်၊ ဟမိုင်းယွန်းနီ၊ နင်က အဲဒီ အလုပ်လုပ်'

'ဘာဖြစ်လို့ ငါမှလဲ'

'သိသာပါတယ်ဟာ' ဟု ရွန်က ပြောသည်။ 'နင်က ပရိုဖက်ဆာ ဖလစ်ဝစ်ကို စောင့်နေချင်ယောင် နေလို့ရတယ်၊ သိလား' သူက အသံကို မြှင့်၍ ဆက်ပြောသည်။ 'အို ပရိုဖက်ဆာ ဖလစ်ဝစ်ရယ်၊ ကျွန်မ သိပ် စိတ်ပူနေပါတယ်၊ မေးခွန်း ဆယ့်လေး (ဘီ) ကို မှားဖြေ...'

'တော်စမ်းပါဟယ်' ဟု ဟမိုင်းယွန်းနီက ပြောသည်။ သို့သော် သွား၍ ဆရာ စနိတ်ကို စောင့်ကြည့်ရန် သဘောတူလိုက်၏။

'ငါတို့က တတိယထပ် စင်္ကြံ အပြင်မှာ သွားနေရလိမ့်မယ်' ဟု ဟာရီက ရွန်ကို ပြော၏။ 'လာကွာ'

သို့သော် အကြံအစည်၏ ထိုအစိတ်အပိုင်းသည် အလုပ် ဖြစ်မလာပါ။ သူတို့သည် ကျောင်း၏ အခြားသော အပိုင်းနှင့် ခြားထားသော ဖလပ်ဖီရိုရာ အခန်းတံခါး ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်သည် ပေါက်ချလာပြန်သည်။ ဤ တစ်ကြိမ်တွင်တော့ သူ သည်းမခံနိုင်တော့ချေ။

'အညှို့ခံထားရတဲ့ လူအုပ်ထက်တောင် ဒီနေရာကို ကျော်လွှောက်သွားဖို့ ခက်ခဲလှတယ်လို့ မင်းတို့ ထင်နေကြတယ် မှတ်တယ်' ဟု သူက ဒေါသူပုန် ထတော့သည်။ 'မဟုတ်က ဟုတ်ကတွေ ရပ်တန်းက ရပ်ကြတော့၊ ဒီနားကို နောက်တစ်ကြိမ် လာကြတယ်လို့ ငါကြားရင် ဂရစ်ဖင်ဒါထဲက အမှတ် ငါးဆယ်လျှော့မယ်၊ ဟုတ်တယ် ဝီးဇလီ၊ ငါ့ အသင်းထဲကပဲ'

ဟာရီနှင့် ရွန်တို့သည် စုပေါင်း အနားယူခန်းသို့ ပြန်သွားကြလေသည်။ 'အနည်းဆုံး ဟမိုင်းယွန်းနီကတော့ ဆရာ စနိတ် နောက်ကို လိုက်နေပြီပေါ့' ဟု ရွန်က ပြောကာရှိသေး အမျိုးသမီး၀၀ ပန်းချီကား တံခါးပေါက်သည် ဖျန်းခနဲ ပွင့်သွားကာ ဟမိုင်းယွန်းနီ ဝင်ရောက်လာလေတော့သည်။

'ဝမ်းနည်းပါတယ် ဟာရီ' ဟု သူက ညည်းညည်းညူညူ ပြော၏။ 'ဆရာ စနိတ် ထွက်လာပြီး ငါ့ကို ဘာလုပ်နေတာလဲလို့ မေးတယ်၊ ဒါနှင့် ငါက ကျွန်မ ဆရာ ဖလစ်ဝစ်ကို စောင့်နေတယ်လို့ ပြောတော့ သူက သွားခေါ်ပေးမယ် ဆိုပြီး ထွက်သွားတာပဲ၊ ဆရာ စနိတ် ဘယ်သွားတယ် ဆိုတာ ငါ မသိတော့ဘူးလေ'

'ကဲ ဒါဖြင့်လည်း ဒါပဲပေါ့' ဟု ဟာရီက ပြောသည်။

အခြား နှစ်ယောက်က သူ့ကို စိုက်ကြည့်ကြ၏။ သူ့မျက်နှာမှာ ဖြူလှပ်နေပြီး မျက်လုံးများမှာ တောက်ပြောင်နေသည်။

'ငါ ဒီည ဒီက ထွက်သွားပြီး ဓာတ်လုံးကို အရင်ရအောင် လုပ်မယ်'

'မင်း ရှုးနေပြီ' ဟု ရွန်က ပြော၏။

'နင် လုပ်လို့ မဖြစ်ဘူး' ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'ဆရာမ မက်ဂေါ်နဂေါနှင့် ဆရာ စနိတ်တို့က ဘာပြောထားသလဲ၊ နင် ကျောင်းထုတ်ခံရမယ်'

'အဲဒီတော့ကော ဘာဖြစ်သလဲ'ဟု ဟာရီက အော်၏။ 'မင်းတို့ နားမလည်ကြဘူးလား၊ တကယ်လို့ ဆရာ စနိတ်ဟာ ဓာတ်လုံးကို ရသွားရင် ဗော်လ်ဒီမော့ ပြန်လာပြီပဲ၊ သူ အုပ်စီးမယ် ကြံတုန်းက ဘယ်လိုလဲ ဆိုတာ မင်းတို့ မကြားမိဘူးလား၊ ကျောင်းက ထုတ်ပစ်ဖို့ ဟော့ဂဝပ် ဆိုတာလည်း ရှိတော့မှာ မဟုတ်ဘူး၊ ဟော့ဂဝပ်ဟာ ပြားချပ်သွားရင်လည်း သွားမယ်၊ ဒါမှမဟုတ်ရင်လည်း မိစ္ဆာ အတတ် အောက်လမ်းပညာ ကျောင်း အဖြစ်လည်း ပြောင်းလဲသွားမယ်၊ ဒီတော့ အမှတ်လျော့တာတွေ ဘာမှ အရေးမကြီးတော့ဘူး ဆိုတာ မင်းတို့ သဘောမပေါက်သေးဘူးလား၊ ဂရစ်ဖင်ဒေါဟာ အသင်းလိုက် ဖလားကို ရမယ်ဆိုရင် မင်းနှင့် မင်းရဲ့ မိသားစုကို သူက ချမ်းသာခွင့် ပေးမတဲ့လား၊ ဓာတ်လုံးကို ငါမရခင် ငါ့ကို မိသွားရင်တော့ အေး... ငါဟာ ဒါစလီတို့ဆီ ပြန်သွားပြီး ဗော်လ်ဒီမော့က ငါ့ကို ဟိုမှာ လာရှာဖို့ စောင့်နေရမှာပဲ၊ အဲဒါ ငါ အသေ နည်းနည်း နောက်ကျသွားတာပဲ ရှိမှာပါ၊ ငါ ဒီမှာ ရှိရင်လည်း မိစ္ဆာဘက်ကို ကူးပြောင်းမှာ မဟုတ်လို့ သေမှာပဲကိုး၊ ဒီည ကြမ်းပြင်တံခါးဝှက်ကို ဖြတ်ပြီး ငါ ဝင်မယ်၊ မင်းတို့ နှစ်ယောက် ဘာပြောပြော ငါ့ကို တားလို့ ရမှာ မဟုတ်ဘူး၊ ဗော်လ်ဒီမော့က ငါ့မိဘတွေကို သတ်ခဲ့တယ်... မှတ်မိလား'

သူက သူတို့ နှစ်ယောက်ကို ပြူးတူးပြဲတဲနှင့် ကြည့်၏။

'နင် မှန်တယ် ဟာရီ' ဟု ဟမိုင်းယွန်းနီက သံသေးသံယောင်ဖြင့် ပြောသည်။

'ငါဟာ ရှိန်းဆာယာ အပေါ်ရုံ အကျီကို အသုံးပြုမယ်' ဟု ဟာရီက ပြော၏။ 'ငါ အဲဒါကို ပြန်ရတာ ကံကောင်းတယ်'

'အဲဒါက တို့ သုံးယောက်စလုံးကို ကာပါ့မလား' ဟု ရွန်က ပြောသည်။

'သုံး... သုံးယောက်စလုံး ဟုတ်လား'

'အို လာစမ်းပါ၊ မင်းတစ်ယောက်တည်း တို့က ပေးမလွှတ်နိုင်ပါဘူး'

'ဘယ်ပေးလွှတ်ပါ့မလဲ' ဟု ဟမိုင်းယွန်းနီက ခပ်သွက်သွက် ပြောသည်။ 'ငါတို့ မပါဘဲနှင့် ဓာတ်လုံးဆီကို နင် ဘယ်လိုလုပ် ရောက်မယ် ထင်သလဲ၊ ငါ စာအုပ်တွေကို ပြန်ဖတ်ဦးမှ ထင်တယ်၊ အဲဒီထဲမှာ အသုံးဝင်စရာများ ရှိချင်ရှိ...'

'ဒါပေမဲ့ တို့ကို မိသွားရင် မင်းတို့ နှစ်ယောက်ပါ ကျောင်းထုတ်ခံရမှာပေါ့'

'ငါတော့ အထုတ်ခံရမှာ မဟုတ်ပါဘူး' ဟု ဟမိုင်းယွန်းနီက ခပ်တင်းတင်း ပြော၏။ 'ဆရာ ဖလစ်ဝစ်က ငါ့ကို တိတ်တိတ် ပြောထားတယ်၊ ငါဟာ သူ့ ဘာသာရပ်မှာ တစ်ရာ့ဆယ့်နှစ် ရာခိုင်နှုန်း ရတယ်လို့ ပြောတယ်၊ ဒါလောက် ရထားရင် သူတို့ ထုတ်မပစ်နိုင်ပါဘူး'

ညစာစားပြီးသောအခါ သုံးယောက်သားသည် စုပေါင်း အနားယူခန်းထဲတွင် စိတ်တုန်လှုပ်စွာဖြင့် လူချင်းခွဲ၍ ထိုင်ကြသည်။ မည်သူကမှ သူတို့ကို မနှောင့်ယှက်ကြ။ တကယ်တော့ ဂရစ်ဖင်ဒါထဲက မည်သူကမျှ ဟာရီကို ဘာမျှ ပြောစရာ မရှိတော့ချေ။ ဤသို့ ဖြစ်ရခြင်းအတွက် စိတ်မပျက်မိသည်မှာ ဤဟာသည် ပထမဆုံးည ဖြစ်ပါ၏။ ဟမိုင်းယွန်းနီသည် သူ့မှတ်စုတွေ အားလုံးကို ပြန်လှန်ကြည့်နေ၏။ သူတို့ စမ်းသပ် ချေဖျက်မည့် ကိစ္စအတွက် စီရင်စရာ တွေ့လိုတွေ့ငြား ရှာကြည့်နေခြင်း ဖြစ်သည်။ ဟာရီနှင့် ရွန်တို့သည် စကား များများ မပြောကြ။ နှစ်ယောက်စလုံးသည် သူတို့ ပြုလုပ်တော့မည့် ကိစ္စ အကြောင်းကို တွေးတောနေကြပေ၏။

လူများ တဖြည်းဖြည်းနှင့် အိပ်ရာ ဝင်ကုန်ကြသဖြင့် အခန်းသည် လူရှင်းသွားတော့သည်။

'အပေါ်ရုံ အင်္ကျီ သွားယူဖို့ ကောင်းပြီ' ဟု ရွန်က တီးတိုးပြော၏။ သူ ဤသို့ ပြောခြင်းမှာ လီ ဂျော်ဒန်သည် နောက်ဆုံးတွင် အညောင်းဆန့်ရင်း သမ်းဝေရင်းဖြင့် ထ၍ ထွက်သွားသောကြောင့် ဖြစ်သည်။ ဟာရီသည် အပေါ်ထပ်မှ မှောင်မည်းနေသော စုပေါင်း အိပ်ဆောင်ဆီသို့ ပြေးတက်သွားသည်။ အပေါ်ရုံ အင်္ကျီကို ဆွဲထုတ်လိုက်စဉ် ခရစ္စမတ်နေ့က ဟတ်ဂရစ်က သူ့ကို ပေးခဲ့သော ပလွေကို မြင်မိတော့၏။ ဖလပ်ဖီ အတွက် အသုံးပြုရန် အိတ်ထဲသို့ ကောက်ထည့်လိုက်သည်။ သူ သီချင်းဆိုရန် စိတ်သိပ်မပါလှပါ။

သူသည် စုပေါင်း အနားယူခန်းဆီသို့ ပြန်ပြေးဆင်းသွားလေ၏။

'အပေါ်ရုံ အင်္ကျီကို ဒီမှာ ခြုံကြည့်ကြမှ ထင်တယ်၊ တို့အားလုံးကို ခြုံမိတာ သေချာအောင် လုပ်မှ၊ တော်တော်ကြာ ဖစ်ချ်က တို့ခြေထောက်တွေချည်းပဲ လျှောက်သွားနေကြပါကလား ဖြစ်နေဦးမယ်'

'မင်းတို့ ဘာတွေ လုပ်နေကြတာလဲ' ဟု အခန်းထောင့်မှ အသံ တစ်ခုက မေးသည်။

နဲဗီးလ်သည် လက်တင် ကုလားထိုင် တစ်လုံး နောက်မှ ပေါ်ထွက်လာ၏။ သူ့လက်ထဲတွင် ထရဲဗွား အမည်ရှိ ဖားကို ဖမ်းထားသည်။ ဖားသည် လွတ်မြောက်မှုအတွက် နောက်တစ်ကြိမ် တောင်းဆိုနေသည့် အသွင် ရှိသည်။

'ဘာမှ မလုပ်ပါဘူး နဲဗီးလ်၊ ဘာမှ မလုပ်ပါဘူး' ဟု ဟာရီက အပေါ်ရုံ အင်္ကျီကို နောက်ကျောဘက်တွင် ကမန်းကတန်း ထားရင်း ပြောလိုက်၏။

နဲဗီးလ်က အပြစ်ရှိသလို ဖြစ်နေသော သူတို့၏ မျက်နှာတွေကို စိုက်ကြည့်သည်။

'မင်းတို့ ထွက်ကြပြန်ပြီ' ဟု သူက ပြော၏။

'ဟင့်အင်း ဟင့်အင်း' ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'ဟင့်အင်း ငါတို့ မထွက်ကြပါဘူး၊ နင် ဘာလို့ အိပ်ရာ မဝင်သေးတာလဲ နဲဗီးလ်'

ဟာရီက တံခါးဘေးက နာရီဘိုးအေကြီးကို ကြည့်လိုက်သည်။ သူတို့ အချိန်ကို မဖြုန်းနိုင်တော့ပါ။ ယခုလောက်ဆိုလျှင် ဆရာ စနိတ်သည် ဖလပ်ဖီကို ဂီတဖြင့် သိပ်နေရော့မည်။

www.burmeseclassic.com

'မင်းတို့ အပြင်ထွက်လို့ မဖြစ်ဘူး' ဟု နဲဗီးလ်က ပြောသည်။ 'မင်းတို့ ပြန်မိကြဦးမှာပဲ၊ ဂရစ်ဖင်ဒါတော့ ပိုပြီး ဒုက္ခရောက်တော့မှာ'

'မင်း မသိဘူးနော်' ဟု ဟာရီက ပြော၏။ 'အရေးကြီးတယ်ကွ'

သို့ရာတွင် နဲဗီးလ်ကမူ တစ်စုံတစ်ခုကို ဖြစ်ချင်ရာဖြစ် သဘောမျိုးဖြင့် ပြုလုပ်ရန် သံမဏိ စိတ်ဓာတ်မွေးထားကြောင်း ထင်ရှားပေသည်။

'ငါ မင်းတို့ကို ပေးမလုပ်နိုင်ဘူး' ဟု သူက ပြော၍ ပန်းချီကား အပေါက်ရှေ့သို့ ပြေးသွားကာ ရပ်လိုက်၏။ 'ငါ ... ငါ မင်းတို့ကို တိုက်ခိုက်မယ်'

'နဲဗီးလ်' ဟု ရွန်က ပေါက်ကွဲသလို ပြော၏။ 'အဲဒီ အပေါက်က ဖယ်လိုက်စမ်း၊ အရူး မလုပ်ချင်စမ်းပါနှင့်'

'ငါ့ကို အရူးလို့ မခေါ်ပါနှင့်' ဟု နဲဗီးလ်က ပြောသည်။ 'မင်းတို့တွေ နောက်ထပ် စည်းကမ်း မဖောက်ဖျက်သင့်တော့ဘူးလို့ ငါထင်တယ်၊ ပြီးတော့ မင်းပဲ မဟုတ်လား၊ ငါ့ကို လူတွေကို အန်တုရဲရမယ် ဆိုတာလေ'

'ဟုတ်တယ်၊ ဒါပေမဲ့ တို့ကို အန်တုဖို့ မဟုတ်ဘူး' ဟု ဆတ်ဆတ် တုန်သွားသော ရွန်က ပြောသည်။ 'နဲဗီးလ် မင်းဘာလုပ်နေတယ် ဆိုတာ မင်းဘာသာမင်း မသိဘူး'

သူက ရှေ့တစ်လှမ်း တိုးသည်တွင် နဲဗီးလ်က ဖားကြီးထရဲဗ်ွားကို လွှတ်ချလိုက်၏။ ထရဲဗ်ွားသည် မြင်ကွင်းမှ ခုန်၍ ခုန်၍ ထွက်သွားလေသည်။

'ကဲ လုပ်လေ၊ ငါ့ကို ထိုးကြည့်ပေါ့' ဟု နဲဗီးလ်က လက်သီးတွေ ပြင်၍ ပြောလေ၏။ 'ငါက အဆင်သင့်ပဲ'

ဟာရီက ဟမိုင်းယွန်းနီဘက်သို့ လှည့်သည်။

'တစ်ခုခု လုပ်စမ်းပါ' ဟု သူသည် ပြောမိပြောရာ ပြောတော့၏။

ဟမိုင်းယွန်းနီက ရှေ့သို့ တစ်လှမ်းတိုးသည်။

'နဲဗီးလ်' ဟု သူက ပြော၏။ 'ငါ ဒီလို လုပ်ရတာနှင့် ပတ်သက်လို့ တကယ်ပဲ တကယ်ပဲ စိတ်မကောင်းပါဘူး'

သူသည် ဆေးကြိမ်လုံးကို မြှောက်လိုက်သည်။

'ပက်ထရီဖိုက်ကပ်စ် တိုတားလပ်စ်' ဟု သူက နဲဗီးလ်ကို ချိန်၍ အော်၏။

နဲဗီးလ်၏ လက်များသည် ဘတ်ခနဲ သူ့ကိုယ်ဘေးသို့ ကပ်သွား၏။ သူ့ ခြေထောက်တွေ ဆတ်ခနဲ ပူးသွားကြသည်။ သူ့ တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ခြေစုံရပ်၍ ယိမ်းထိုးသွားရာမှ ကြမ်းပေါ်သို့ မျက်နှာဖြင့် ကျသည်။ ပျဉ်ပြားကဲ့သို့ ငြိမ်သက်သွားသည်။

ဟမိုင်းယွန်းနီက ပြေးသွား၍ သူ့ကို ပက်လက်လှန်ပေး၏။ သူသည် မေးခိုင်နေသဖြင့် စကား မပြောနိုင်ချေ။ သူ့မျက်လုံးတွေသာ လှုပ်ရှားနေပြီး သူတို့ကို ထိတ်လန့်တကြားနှင့် ကြည့်နေကြသည်။

'နင် သူ့ကို ဘာလုပ်လိုက်တာလဲ' ဟု ဟာရီက လေသံဖြင့် မေး၏။

'အဲဒါ ကျောက်ဖြစ်ခန္ဓာ ဖွဲ့နည်း အပြည့်အစုံပဲ' ဟု ဟမိုင်းယွန်းနီက စိတ်မချမ်းသာစွာ ပြောသည်။ 'အို နဲဗီးလ်၊ ငါ စိတ်မကောင်းပါဘူးဟယ်'

'ငါတို့ဟာ မလွှဲမရှောင်သာ လုပ်ရပါတယ်ကွာ၊ ရှင်းပြစရာ အချိန်လည်း မရှိဘူး' ဟု ဟာရီက ပြော၏။

'နောက်တော့ မင်း သိပါလိမ့်မယ် နဲဗီးလ်' ဟု ရွန်က ပြော၍ သူတို့သည် သူ့ကို ကျော်လွှားကာ ရှိန်းဆာယာ အပေါ်ရုံ အကျႌကို လွှမ်းခြုံလိုက်ကြသည်။

သို့ရာတွင် နဲဗီးလ်ကို ကြမ်းပေါ်တွင် မလှုပ်မယှက် ထားခဲ့ရသည်ကား ကောင်းလှသော နိမိတ် ဟူ၍တော့ သူတို့ မထင်မြင် မခံစားမိကြပါ။ သူတို့၏ စိတ်တုန်လှုပ်မှု အခြေအနေကြောင့် ကျောက်ရုပ်တိုင်း၏ အရိပ်တို့သည် ဖစ်ချ်ဟု ထင်နေရပြီး အဝေးမှ လေတိုးခြင်းများကိုလည်း ပုဏ္ဏက တစ္ဆေ ပီးဗ်ဇ်က သူတို့ပေါ် တစ်ဟုန်ထိုး ဆင်းလာသလို ထင်မှတ်ရသည်။

ပထမဆုံးသော လှေကားရင်းသို့ ရောက်သောအခါ လှေကားထိပ်နားတွင် ယောင်ပေယောင်ပေ လုပ်နေသော မစ္စက် နောရစ်ကို တွေ့ကြရ၏။

'အို ဒီကြောင်ကို ကန်ပစ်ကြရအောင်၊ ဒီတစ်ခါတည်းပါ' ဟု ရွန်က ဟာရီ၏ နားတွင်းသို့ လေသံဖြင့် ပြော၏။ သို့သော် ဟာရီက ခေါင်းခါသည်။ သူတို့သည် သတိကြီးစွာ ထား၍ သူ့ကို ပတ်ပြီး တက်ကြသည်တွင် မစ္စက် နောရစ်သည် မီးအိမ်နှင့် တူသော မျက်လုံးများဖြင့် သူတို့ကို ကြည့်၏။ သို့သော် ဘာမျှ မလုပ်ချေ။

သူတို့သည် အခြား မည်သူနှင့်မျှ မတွေ့ကြတော့ဘဲ တတိယထပ်သို့တက်သည့် လှေကားဆီသို့ ရောက်လာတော့သည်။ ပီးဗ်ဇ်သည် လှေကား ခုလတ်တွင် ပေါ်ချည် ပျောက်ချည်နှင့် လူတွေ ခလုတ်တိုက်အောင် လှေကားခင်း ကော်ဇောကို လျော့ရိလျော့ရဲ ဖြစ်အောင် လုပ်နေ၏။

'ဘယ်သူ လာသလဲ' ဟု သူတို့က သူ့ဆီသို့ တက်လာခိုက်တွင် သူက ရုတ်တရက် မေးခြင်း ဖြစ်သည်။ သူ၏ အယုတ်တမာ မျက်လုံးနက်နက်ကို မှေးကြည့်၏။ 'ငါ မမြင်ရပေမဲ့ မင်း ရှိတာ သိပါတယ်၊ မင်းဟာ ဖုတ်ကောင်လား၊ သရဲကောင်လား၊ ကျောင်းသား ငပြောင်လား'

သူသည် လေထဲသို့ ပျံတက်၍ ထိုလေထဲတွင်ပင် တည်နေကာ သူတို့ဘက်ကို စွေကြည့်၏။

'မမြင်ရတာ တစ်စုံတစ်ခုဟာ တကျွိကျွိနှင့် လျှောက်သွားနေတော့ ဖစ်ချ်ကို ခေါ်မှ ဖြစ်တော့မယ်'

ဟာရီက ရုတ်တရက် အကြံပေါ်လာသည်။

'ပီးဗ်ဇ်' သူက ကွဲအက်သော တီးတိုးလေသံဖြင့် ပြောသည်။ 'သွေးစွန်းတဲ့ ဘလတ်ဒီ ဘာရွန်ဟာ ကိုယ်ဖျောက်လာတာ သူ့အကြောင်းနှင့် သူ ရှိတယ်ဟေ့'

ပီးဗ်ဇ်သည် အထိတ်တလန့် ဖြစ်၍ လေထဲက ပြုတ်ကျတော့မလောက် ဖြစ်သွားလေ၏။ သူသည် အချိန်မီ ကိုယ်ရှိန်သတ်နိုင်ပြီး လှေကားထစ်များ အပေါ် တစ်ပေလောက်တွင် လေထဲ ဝဲနေသည်။

'ခွင့်လွှတ်ပါ သွေးစွန်းသခင် မစ္စတာ ဘာရွန် ခင်ဗျား' ဟု သူက ချွဲချွဲပျစ်ပျစ် ပြော၏။ 'ကျွန်တော့် အမှားပါ၊ ကျွန်တော့် အမှားပါ၊ ကျွန်တော် မမြင်ဘူး၊ ဟုတ်တာပေါ့၊ ကျွန်တော် မမြင်ဘူး၊ ခင်ဗျားက ကိုယ်ပျောက်နေတာကိုး၊ ပီးဗ်ဇ်ကြီးရဲ့ ပြက်လုံးထုတ်မှုကလေးကို ခွင့်လွှတ်လိုက်ပါ ခင်ဗျာ'

'ငါ ဒီမှာ ကိစ္စ ရှိတယ် ပီးဗ်ဇ်' ဟု ဟာရီက ဖားပြုပ်သံဖြင့် ပြောသည်။ 'ဒီည ဒီနေရာက ဝေးဝေးသွားနေပါ'

'ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် သွားနေပါ့မယ်' ဟု ပီးဗ်ဇ်က လေပေါ်သို့ တစ်ဖန် ပျံတက်သည်။ 'ခင်ဗျားရဲ့ လုပ်ငန်း အဆင်ပြေပါစေ ဘာရွန်၊ ကျွန်တော် မနှောင့်ယှက်ပါဘူး'

ထိုနောက် သူသည် သုတ်ခြေတင် သွားလေတော့သည်။

'တော်လှချည့်လား ဟာရီ' ဟု ရွန်က တီးတိုးပြော၏။

နောက်စက္ကန့် အနည်းငယ် ကြာသောအခါ သူတို့သည် ထိုနေရာ ဖြစ်သော တတိယထပ် စင်္ကြံ အပြင်ဘက်သို့ ရောက်ကြလေ၏။ တံခါးသည် ဟ၍ပင် နေလေပြီ။

'ကဲ... တွေ့ပလား' ဟု ဟာရီက တိတ်ဆိတ်စွာ ပြော၏။ 'ဆရာ စနိတ်ဟာ ဖလပ်ဖီကို ကျော်သွားခဲ့ပြီကော'

တံခါးပွင့်နေခြင်းကို မြင်ခြင်းသည် သူတို့ ဘာကို ရင်ဆိုင်ရတော့မည်ကို သုံးယောက်သား၏ စိတ်ကို တစ်နည်းနည်း စွဲထင်စေတော့၏။ 'အပေါ်ရုံ အကျီ' ၏ အောက်တွင်ပင် ဟာရီသည် အခြား နှစ်ယောက်ဘက် လှည့်လိုက်သည်။

'မင်းတို့ ပြန်ချင်တယ် ဆိုရင် ငါ အပြစ်မတင်ပါဘူး' ဟု သူက ပြော၏။ 'ဒီ အပေါ်ရုံ အကျီကို ယူသွားနိုင်တယ်၊ ငါ လိုတော့မှာ မဟုတ်ဘူး'

'မကြောင်စမ်းပါနှင့်ကွာ' ဟု ရွန်က ပြောသည်။

'ငါတို့ လိုက်ခဲ့မှာပေါ့' ဟု ဟမိုင်းယွန်းနီက ပြော၏။

ဟာရီက တံခါးကို တွန်းဖွင့်သည်။

တံခါးက ကျွီခနဲ မြည်သွားသည်တွင် ခပ်အုပ်အုပ် မာန်ဖီသံများကို သူတို့၏ နားများက ကြားဆုံရတော့၏။ ခွေး၏ နှာခေါင်း သုံးခုတို့သည် သူတို့ဘက်ဆီသို့ မမြင်ရသည့်တိုင် ရှူရှိုက်ကြည့်နေကြသည်။

'သူ့ ခြေရင်းမှာ ဘာလဲ' ဟု ဟမိုင်းယွန်းနီက ပြော၏။

'စောင်းနှင့် တူတာပဲ' ဟု ရွန်က ပြောသည်။ 'ဆရာ စနိတ် ထားရစ်ခဲ့တာ ဖြစ်မှာပဲ'

'စောင်းသံ ရပ်သွားတဲ့အခါ ဒီကောင် နိုးသွားတာ ဖြစ်ရမယ်' ဟု ဟာရီက ပြော၏။ 'ကဲ လာလေ့'

သူသည် ဟတ်ဂရစ်၏ ပလွေကို ပါးစပ်တွင် ကပ်၍ မှုတ်သည်။ တေးသွားတော့ မဟုတ်ပါ။ သို့သော် ပထမဆုံး ပလွေသံတွင်ပင် ခွေးကြီး၏ မျက်လုံးတို့သည် ငိုက်ကျလေတော့သည်။ ဟာရီသည် အသက်ပင် မရှူနိုင်တော့ပေ။ တဖြည်းဖြည်းနှင့် ခွေးကြီး၏ ဟိန်းသံတို့သည် ရပ်ဆိုင်းသွားကာ ခြေထောက်တွေ ဒယီးဒယိုင်ဖြစ်ပြီး ဒူးထောက်ကျပြီးနောက် ကြမ်းပေါ်တွင် ပုံကျသွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေ၏။

'ဆက်မှုတ်နေ' ဟု ရွန်က ဟာရီကို သတိပေးရင်း သူတို့သည် 'အပေါ်ရုံ အကျႌ' အောက်မှ လျှိုထွက်ကာ ကြမ်းပြင် တံခါးဝက်ဆီသို့ ကုပ်ကုပ် ကုပ်ကုပ်နှင့် သွားကြသည်။ ဧရာမ ခွေးခေါင်းကြီးများ အနားသို့ ချဉ်းကပ်မိကြသော အခါတွင် ခွေး၏ ပူနွေး နံစော်သော ထွက်လေကို ထိတွေ့ ခံစားကြရ၏။

'ငါတို့ တံခါးကို ဆွဲဖွင့်နိုင်မယ် ထင်ပါတယ်' ဟု ရွန်က ခွေးပေါ်မှ ကျော်ကြည့်၍ ပြောသည်။ 'နင် အရင်ဆုံး သွားချင်သလား ဟမိုင်းယွန်းနီ'

'ဟင့်အင်း၊ ငါ မသွားချင်ဘူး'

'ကောင်းပြီလေ' ရွန်သည် အံကို ကြိတ်၍ ခွေး၏ ခြေထောက်များကို သတိဖြင့် လှမ်းကျော်၏။ သူသည် ကုန်း၍ တံခါးဝက်၏ သံကွင်းကို ဆွဲဖွင့်ရာ တံခါးရွက်သည် ကြွတက်ကာ ဟင်းလင်း ပွင့်သွားတော့သည်။

'ဘာ မြင်ရသလဲ' ဟု ဟမိုင်းယွန်းနီက သိလိုဇောဖြင့် မေး၏။

'ဘာမှ မမြင်ရဘူး၊ မှောင်ပိန်းနေတာပဲ၊ အောက်ကို ဆင်းစရာ လမ်းမရှိဘူး၊ ငါတို့ ခုန်ချရလိမ့်မယ်'

ပလွေကို မှုတ်လျက်ပင် ရှိသေးသော ဟာရီက ရွန် သတိပြုမိအောင် လက်ကို ဝှေ့ယမ်းပြီး သူ့ကိုယ်သူကို လက်ညှိုးထိုးပြသည်။

'မင်း အရင် သွားချင်သလား၊ ဖြစ်ပါ့မလား' ဟု ရွန်က ပြော၏။ 'ဘယ်လောက် နက်တယ် မသိဘူး၊ ပလွေကို ဟမိုင်းယွန်းနီကို ပေးလိုက်ပါလား၊ သူက ခွေးကို သိပ်ထားနိုင်မှာပေါ့'

ဟာရီက ပလွေကို ကမ်းပေးလိုက်၏။ စက္ကန့် အနည်းငယ် တိတ်သွားခိုက်တွင် ခွေးသည် မာန်ဖီ၍ ကိုယ်ကို တွန့်လိမ်သည်။ သို့သော် ဟမိုင်းယွန်းနီက ကောက်မှုတ်လိုက်သည်တွင် ခွေးသည် ပြန်၍ နှစ်ခြိုက်စွာ အိပ်သွားလေ၏။

ဟာရီသည် တံခါးဝက်ပေါ် တက်၍ ငုံ့ကြည့်သည်။ အောက်ခြေကို အရိပ်အယောင်ပင် မတွေ့ရချေ။

သူသည် အပေါက်မှနေ၍ ကိုယ်ကို လျှောချရာ နောက်ဆုံးတွင် လက်ဖျားဖြင့် ကိုင်ပြီး တွဲလွဲဖြစ်နေ၏။ ထိုအခါ သူက ရွှန်ကို မော့ကြည့်ပြီး ပြောသည်။ 'တကယ်လို့ ငါ တစ်ခုခုများ ဖြစ်သွားရင် မင်းတို့ မလိုက်လာကြနှင့်၊ ဓါးကွက်ရိပ်မြို့ကို တန်းသွားပြီး ဟက်ဒွစ်ကို ဆရာ ဒမ်ဗယ်လ်ဒေါဆီ လွှတ်လိုက်၊ ကြားလား'

'ကြားတယ်' ဟု ရွှန်က ပြောသည်။

'နောက် တစ်မိနစ်လောက် ကြာရင် တွေ့မယ်၊ တွေ့မယ်လို့ မျှော်လင့်ပါတယ်'

ဟာရီသည် လက်လွှတ်ချလိုက်သည်။ အေးမြစိုထိုင်းသော လေသည် သူ့ကို တိုက်ဖြတ်နေရင်းက သူသည် ကျ– ကျ– ကျ– ကျ…။

ဘုတ်။ သူ့ ကျသံမှာ ရယ်စရာ ကောင်းအောင်ပင် ခပ်အုပ်အုပ်နှင့် ထွက်ပေါ်လာကာ သူသည် ခပ်ပျော့ပျော့ အရာဝတ္ထုပေါ်သို့ ကျခြင်း ဖြစ်၏။ သူ ထထိုင်ပြီး ပတ်ပတ်လည်ကို စမ်းကြည့်သည်။ သူ့ မျက်စိများသည် အမှောင်ကို ကျင့်သား မရသေးချေ။ သူသည် ပန်းပင် တစ်ပင်ပေါ်၌ ထိုင်နေသလို ထင်မြင် ခံစားရသည်။

'အိုကေပဲဟေ့' စာပို့ တံဆိပ်ခေါင်းကလေးမျှ ရှိသော အလင်းရောင် ကွက်ကလေးဆီသို့ မော့ကြည့်ရင်း သူက အော်ပြောသည်။ ထိုဟာသည် ကြမ်းပြင် တံခါးဝက် ဖြစ်၏။ 'အကျက ပျော့ပျော့ပါပဲ၊ မင်းတို့ ခုန်ချလို့ ရပါတယ်'

ရွှန်က ချက်ချင်းပင် ခုန်ချ၏။ သူသည် ဟာရီ၏ ဘေးတွင် လာကျသည်။

'ဘာလဲကွ ဒါဟာ' ဟူခြင်းသည် သူ၏ ပထမဆုံး စကားလုံးများ ဖြစ်ကြ၏။

'မသိဘူး၊ ပန်းပင်လို ဟာမျိုးပဲ၊ အကျ သက်သာအောင် ထားတယ် ထင်တာပဲ၊ ဟမိုင်းယွန်းနီ … လာလေ'

အဝေးမှ ဂီတသံ ရပ်ဆိုင်းသွားသည်။ ခွေးထံမှ ကျယ်လောင်သော ဟောင်သံ ထွက်ပေါ်လာသည်။ သို့သော် ဟမိုင်းယွန်းနီကတော့ ခုန်ချလိုက်ပြီ ဖြစ်၏။ သူက ဟာရီ၏ အခြားဘက်တွင် ကျသည်။

'ငါတို့တော့ ကျောင်းအောက် မိုင်ပေါင်းများစွာကို ရောက်နေပြီ' ဟု သူက ပြော၏။

ဒီပန်းပင်လိုဟာမျိုး ရှိတယ် တကယ် ကံကောင်းတာပဲ' ဟု ရွှန်က ပြောသည်။

'ကံကောင်းတယ်' ဟု ဟမိုင်းယွန်းနီက ငယ်သံပါအောင် အော်ပြော၏။ 'မင်းတို့ နှစ်ယောက်စလုံး ပြန်ကြည့်ကြဦး'

သူသည် ခုန်ထ၍ စိုထိုင်းသော နံရံဆီသို့ ခက်ခက်ခဲခဲ ရုန်းကန်ပြေးသည်။ သူသည် ခက်ခက်ခဲခဲ ရုန်းကန်ရ၏။ အဘယ်ကြောင့်ဆိုသော် သူ ခုန်ချ၍ ကျလာသည်နှင့် တစ်ပြိုင်နက် ပန်းပင်၏ မြွေနှင့် တူသော နွယ်လက်များသည် တွန့်လိမ်ကာ ဟမိုင်းယွန်းနီ၏ ခြေချင်းဝတ်ကို ပတ်လေတော့၏။ ဟာရီနှင့် ရွှန်တို့ အဖို့သော်ကား သူတို့ သတိမပြုမိကြဘဲ သူတို့၏ ခြေထောက်များသည် နွယ်ပင်ရှည်ကြီးများဖြင့် ချည်တုပ်မိပြီး ဖြစ်နေသည်။

ဟမိုင်းယွန်းနီသည် ပန်းပင်က သူ့ကို မြဲမြဲစွာ မတုပ်မိခင် လွတ်အောင် ရုန်း၍ ရသွားသည်။ ယခုတော့ သူသည် ကောင်ကလေး နှစ်ယောက် ပန်းပင်ကို သူတို့၏ ကိုယ်မှ သတ်ပုတ် ဆွဲဖယ်နေသည်ကို ကြောက်လန့်တကြား

စောင့်ကြည့်နေမိလေ၏။ သို့ရာတွင် သူတို့ အားစိုက်၍ ဖယ်ပစ်လေလေ ပန်းပင်က ပို၍ မြန်မြန် ရစ်ပတ်လေလေ ဖြစ်နေသည်။

'လှုပ်ရှားမနေနှင့်' ဟု ဟမိုင်းယွန်းနီက အမိန့်ပေး၏။ 'ဒါ ဘာဆိုတာ ငါ သိပြီ၊ ဒါဟာ နတ်ဆိုးရဲ့ ထောင်ချောက်ပင်ပဲ'

'အို ဒါ ဘာပင်လဲ ဆိုတာ သိရတာ ငါ အရမ်း ဝမ်းသာတာပဲ၊ ဒါဆို အများကြီး အထောက်အကူ ရနိုင်တာပေါ့နော်' ဟု ရွန်က မာန်မဲ ပြောဆို၏။ သူသည် နောက်သို့ လှန်ကာ ပန်းပင်က သူ့လည်ပင်းကို ရစ်ပတ်သည်ကို ကြိုးစား၍ ရပ်အောင် လုပ်နေသည်။

'တိတ်စမ်း၊ ဒါကို ဘယ်လို သတ်ရမယ် ဆိုတာ ငါ ပြန် စဉ်းစားနေတယ်' ဟု ဟမိုင်းယွန်းနီက ပြောသည်။

'ဒါဖြင့်လည်း မြန်မြန် လုပ်၊ ငါ အသက်ရှူလို့ မရတော့ဘူး' ဟု ဟာရီက သူ့ ရင်ဘတ်ကို ရစ်ပတ်သော နွယ်နှင့် နပန်းသတ်ရင်းက ပင့်သက်ဖြာ၍ ပြောသည်။

'နတ်ဆိုးရဲ့ ထောင်ချောက်ပင်၊ နတ်ဆိုးရဲ့ ထောင်ချောက်ပင်၊ ပရိုဖက်ဆာ စပရောက်က ဘာပြောသလဲ၊ ဒီအပင်ဟာ အမှောင်နှင့် စိုထိုင်းတာကို ကြိုက်တယ်'

'ဒါဖြင့်လည်း မီးထွန်းလေဟယ်' ဟု ဟာရီက ဆို့နစ်သံဖြင့် ပြောသည်။

'အေး ဟုတ်တာပေါ့၊ ဒါပေမဲ့ ထင်းမှ မရှိတာ' ဟု ဟမိုင်းယွန်းနီက သူ့လက်သူ လိမ်ညှစ်၍ ပြော၏။

'နင် ရူးသွားပြီလား' ဟု ရွန်က အော်သည်။ 'နင်ဟာ စုန်းတစ်ယောက် မဟုတ်ဘူးလား'

'အို ဟုတ်ပြီ' ဟု ဟမိုင်းယွန်းနီက ပြော၏။ ထိုနောက် သူသည် ဆေးကြိမ်လုံးကို ဆတ်ခနဲ ဆွဲထုတ်ကာ ဝှေ့ယမ်းပြီး ပါးစပ်က တွတ်တွတ် တွတ်တွတ်နှင့် ရွတ်လေတော့ရာ အပြာရောင် မီးတောက်တို့သည် ပန်းထွက်လာပြီး ဆရာ စနိတ်ကို လုပ်ခဲ့သလို ပန်းပင်ကို လုပ်၏။ စက္ကန့် အနည်းငယ် အတွင်းတွင်ပင် ပန်းပင်သည် အလင်းရောင်နှင့် အပူရှိန်တို့မှ ရှောင်သည့် သဘောဖြင့် နောက်တွန့်သွားသည်တွင် ကောင်ကလေး နှစ်ယောက်သည် ဆုပ်ကိုင်မှု ပြေလျော့လာသည်ကို ခံစားကြရ၏။ တွန့်လိမ် ခါယမ်းကာ သူတို့၏ ကိုယ်မှ ပြန်ဖြေသည် ဖြစ်သောကြောင့် သူတို့သည် ရုန်းထွက်ရ လွယ်သွားကြလေသည်။

'နင် ဆေးပင်ဗေဒကို သတိရသေးတာ ကံကောင်းတာပဲ ဟမိုင်းယွန်းနီ' ဟု ဟာရီက နံရံဆီသို့ ပြေးကပ်ကာ သူ့ ဘေးနားတွင် မျက်နှာမှ ချွေးများကို သုတ်ရင်း ပြောကြား၏။

'အေးဟ' ဟု ရွန်က ပြော၏။ 'ပြီးတော့ ထင်းမရှိတဲ့ အရေးမှာ ဟာရီက သတိမလစ်တာလည်း ကံကောင်းတာပဲ၊ တကယ် ပြောတာပါ'

'ဒီက သွားရမယ်' ဟု ဟာရီက အောက်သို့ ဆင်းသည့် လမ်းကလေးကို ပြသည်။ ရှေ့ဆက်သွားစရာကလည်း ထိုတစ်လမ်းတည်း ရှိပါ၏။

www.burmeseclassic.com

သူတို့၏ ခြေသံများမှ လွဲ၍ သူတို့ကြားနေရသော အခြားအသံမှာ နံရံများ တစ်လျှောက် စီးကျနေသော ရေစက် ရေပေါက်တို့၏ ညင်သာသည့် အသံသာ ဖြစ်လေသည်။ လျှောက်လမ်းကလေးမှာ အောက်သို့ ဆင်ခြေလျှော ဆင်းရာ ဟာရီသည် ဂရင်းဂေါ့ကို အမှတ်ရမိသည်။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကာ မှော်ဆရာတို့၏ ဘဏ်မှ ငွေတိုက်ခန်းများကို စောင့်ကြပ်နေသည်ဆိုသော နဂါးများကို သွားသတိရမိသည်။ အကယ်၍များ သူတို့သည် နဂါး တစ်ကောင်လောက်နှင့် တွေ့ကြုံရလျှင်... အရွယ်ရောက်နေသော နဂါးနှင့် တွေ့ကြုံရလျှင်... နော်ဘတ်နှင့် ကြုံခဲ့ရသည်ကပင်လျှင် ဆိုးဝါးလှပါပြီ။

'အသံ တစ်ခုခု ကြားသလား' ဟု ရွန်က တီးတိုးပြောသည်။

ဟာရီက နားစွင့်လိုက်၏။ ခပ်တိုးတိုးနှင့် တချွတ်ချွတ် တချွင်ချွင် အသံများသည် သူတို့ ခေါင်းပေါ်က ထွက်ပေါ်နေသလို ဖြစ်နေသည်။

'တစ္ဆေခြောက်တာလို့ ထင်သလား'

'မသိဘူး၊ တောင်ပံတွေ ခတ်နေသလို ထင်တာပဲ'

'ဟိုရှေ့မှာ မီးရောင်၊ တစ်ခုခု လှုပ်ရှားနေတာ ငါ မြင်ရတယ်'

သူတို့သည် လျှောက်လမ်းကလေး အဆုံးတွင် တောက်ပစွာ ထွန်းလင်းနေသော အခန်းကြီးကို မျက်နှာကြက်ခုံးခုံးကြီးနှင့် တွေ့ကြရလေသည်။ သေးငယ်၍ ကျောက်မျက်ရတနာကဲ့သို့ တောက်ပြောင်သော ငှက်ကလေးများသည် အခန်းအပေါ် ဝန်းကျင်တွင် တောင်ပံခတ်၍ ဖရိုဖရဲ ပျံသန်းနေကြ၏။ အခန်းကြီး၏ တစ်ဖက်နံရံတွင် လေးလံသော သစ်သားတံခါးကြီး ရှိပေ၏။

'ငါတို့ အခန်းကို ဖြတ်သွားရင် သူတို့က တို့ကို တိုက်ခိုက်မယ်လို့ မင်းထင်သလား' ဟု ရွန်က မေး၏။

'လုပ်ချင်ရင် လုပ်ကြမှာပေါ့' ဟု ဟာရီက ပြောသည်။ 'သူတို့ကို ကြည့်ရတာတော့ သိပ်ဆိုးဝါးပုံ မပေါ်ဘူး၊ ဒါပေမဲ့ ငါ့အထင်မှာတော့ တကယ်လို့သာ သူတို့တွေ ချက်ချင်း ထိုးဆင်းလာကြမယ် ဆိုရင် အဲ... ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး၊ ငါ ပြေးကြည့်မယ်ကွာ'

သူသည် အသက်ကို ဝဝရှူကာ သူ့မျက်နှာကို လက်များဖြင့် အုပ်ကာလျက် အခန်းကို ဖြတ်၍ ပြေးလေတော့၏။ စက္ကန့် မရွေး သူသည် ချွန်ထက်သော နှုတ်သီးများ၊ လက်သည်းများဖြင့် ကုတ်ခြစ် ဆိတ်ဖြဲခြင်း ခံရမည်ကို မျှော်လင့်ခဲ့သည်။ သို့ရာတွင် ဘာမျှ ဖြစ်ပေါ်မလာချေ။ သူသည် တံခါးဆီသို့ တစ်ချက်မျှ အတို့မခံရဘဲ ရောက်သွားလေသည်။ လက်ကိုင်ကို ဆုပ်၍ ဆွဲ၏။ သို့သော် တံခါးမှာ သော့ခတ်ထားသည်။

အခြား နှစ်ယောက်လည်း သူ့နောက်သို့ လိုက်လာကြ၏။ တံခါးကို ဆွဲကြည့်၊ မြှောက်ကြည့်ကြ၏။ လုံးဝ မရွေ့ရှားချေ။ ဟမိုင်းယွန်းနီက အလိုဟိုဗို မိုးရား မန္တန်ကို ရွတ်ကြည့်ပြန်သော်လည်း မလှုပ်ချေ။

'ကဲ ဘာလုပ်ကြမလဲ' ဟု ရွန်က ပြောသည်။

'ဒီငှက်တွေဟာ အလှအပ အတွက် သက်သက် မွမ်းမံထားတာ မဟုတ်နိုင်ဘူး' ဟု ဟမိုင်းယွန်းနီက ပြော၏။

သူတို့သည် ခေါင်းပေါ်တွင် ပျံဝဲနေကြသော ငှက်များကို မော့ကြည့်ကြသည်။ တောက်ပသည်။ တောက်ပသည်။

'အဲဒါတွေဟာ ငှက်တွေမှ မဟုတ်ဘဲ' ဟု ဟာရီက လွတ်ခနဲ ပြောသည်။ 'အဲဒါတွေဟာ သော့တံတွေပဲ၊ သေသေချာချာ ကြည့်ကြစမ်း၊ အတောင်ပံတွေနှင့် သော့တံတွေ၊ ဒါဆိုရင်…' အခြား နှစ်ယောက်က သော့တံအုပ်စုကြီးကို မျက်စိ မှေးကြည့်နေကြစဉ် ဟာရီသည် အခန်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လေသည်။

'ဟုတ်ပြီ ကြည့်ကြ၊ တံမြက်စည်းတွေ၊ ငါတို့ဟာ သော့ကို ဖမ်းယူပြီး တံခါးဆီ ယူဖွင့်ရမှာပဲ'

'ဒါပေမဲ့ သော့တံတွေက ရာနှင့်ချီနေတာ'

ရွန်က တံခါးမှ သော့ခလောက်ကို ကြည့်၏။

'ငါတို့ ရှာရမှာက ကြီးကြီးနှင့် ရှေးစတိုင်ကျကျ သော့တံကို ရှာရမှာကွ၊ အဲ လက်ကိုင်ကို ငွေနှင့် လုပ်ထားတာ ဖြစ်ကောင်း ဖြစ်မယ်'

သူတို့သည် တံမြက်စည်းများကို ကိုယ်စီယူကာ လေထဲသို့ ကန်တက်ကြပြီး သော့တိမ်တိုက်များ အကြားတွင် ဝဲပျံကြသည်။ သူတို့သည် သော့တံများကို ဖမ်းဆွဲကြရာ မှော်ပညာဖြင့် စီရင်ထားသော သော့တံများသည် ပြေးထွက်၊ ငုံ့လျှိုးကြရာတွင် လျင်မြန်လွန်းရကား သော့တံ တစ်ချောင်းကို ရမိဖို့ပင် မဖြစ်နိုင်သလောက် ရှိတော့သည်။

သို့သော် ရာစုနှစ် အတွင်းဝယ် ဟာရီသည် အသက်အငယ်ဆုံး ဆီကာ (ရှာဖွေသူ) ဖြစ်ခြင်းကား အလကား မဟုတ်ပါ။ သူ့တွင် တခြားလူများ မမြင်သည်ကို မြင်တတ်သော အထာရှိသည်။ သက်တံရောင် အမွေးအမှင်များ လည်ပတ်နေသည့်ကြားတွင် တစ်မိနစ်လောက် လူးလာခေါက်ပြန် ပြုလုပ်မိသောအခါ သူသည် ကွေးကောက်နေသော တောင်ပံ တစ်ဖက်နှင့် ငွေသော့တံကြီး တစ်ချောင်းကို သတိပြုမိတော့သည်။ ထို သော့တံကြီးမှာ အတင်းဖမ်း၍ သော့ပေါက်ထဲသို့ ခပ်ကြမ်းကြမ်း ထိုးသွင်းခြင်း ခံခဲ့ရသည့် အသွင်ဖြင့် တောင်ပံတစ်ဖက် ကွေးကောက်နေပုံ ရ၏။

'ဟိုဟာပဲ' ဟု သူက တခြားလူများကို အော်ပြောသည်။ 'ဟို အကြီးကြီးဟာကြီး… ဟိုမှာလေ… မဟုတ်ဘူး၊ ဟိုမှာ တောက်ပြောင်နေတဲ့ တောင်ပံပြာကြီးနှင့်၊ အမွေးတွေဟာ တစ်ဖက်တည်းကို ပုံပျက်ပန်းပျက် ဖြစ်အောင် ကြေမွနေတဲ့ဟာ'

ရွန်က ဟာရီ ညွှန်ပြနေသည့် ဘက်ဆီသို့ အရှိန်ဖြင့် သွားရာ မျက်နှာကြက်ကို ဝင်တိုက်မိကာ တံမြက်စည်းပေါ်မှ လိမ့်ကျလုနီးနီး ဖြစ်သွားလေသည်။

'ငါတို့ ညှပ်ပူးညှပ်ပိတ် လုပ်ကြမှ ဖြစ်မယ်' ဟု ဟာရီသည် တောင်ပံ ပုံပျက်နေသော သော့တံမှ မျက်စိကို မလွှဲဖယ်ဘဲ အော်ပြော၏။ 'ရွန် မင်းက အပေါ်ကနေ အဲဒီ သော့ဆီကို လာခဲ့၊ ဟမိုင်းယွန်းနီ အောက်ကနေပြီး အဲဒါကို ဆင်းမလာအောင် တားထား၊ ငါက ဖမ်းယူဖို့ လုပ်မယ်၊ ကောင်းပြီ…. လုပ်ကြစို့'

ရွန်က ဦးထိုးချသည်။ ဟမိုင်းယွန်းနီက အပေါ်သို့ ဂူးခနဲ ထိုးတက်သည်။ သော့တံက သူတို့နှစ်ယောက်စလုံးကို ရှောင်သည်။ ဟာရီက သူ့နောက်သို့ စွတ်၍ လိုက်သည်။ သော့တံသည် နံရံဆီသို့ အရှိန်ဖြင့် ပြေးသွားရာ ဟာရီက

ရှေ့သို့ ကုန်းလိုက်ပြီး ခွပ်ခနဲ မြည်သံနှင့် အတူ သော့တံကို ကျောက်နံရံနှင့် လက်တစ်ဖက်ဖြင့် ဖိကပ်လိုက်၏။ ရွန်နှင့် ဟမိုင်းယွန်းနီတို့၏ ဩဘာပေး ကြွေးကြော်သံများမှာ မြင့်မားသော အခန်းကြီးထဲတွင် ပဲ့တင်ထပ်သွားသည်။

သူတို့သည် မြေကြီးပေါ်သို့ လျင်မြန်စွာ ဆင်းသက်ခဲ့ကြပြီး ဟာရီက တံခါးဆီသို့ ပြေး၏။ သော့တံသည် သူ့လက်ထဲတွင် ရုန်းကန်နေသည်။ သူသည် သော့တံကို သော့ခလောက်တွင်းသို့ ဆောင့်သွင်းပြီး လှည့်သည်။ အလုပ်ဖြစ်ပါ၏။ သော့ခလောက်သည် ချောက်ခနဲ ပွင့်သွားသည်နှင့် တစ်ပြိုင်နက် သော့တံသည် တစ်ဖန် ပျံတက်သွားတော့၏။ နှစ်ကြိမ် ဖမ်းမိထားပြီး ဖြစ်သောကြောင့် ကြည့်ရသည်မှာ တော်တော်ပင် စုတ်ပြတ်နေသည်။

'အဆင်သင့်ကြပြီနော်' ဟာရီက တံခါးလက်ကိုင်ပေါ် လက်တင်၍ အခြား နှစ်ယောက်ကို မေးလိုက်၏။ သူတို့က ခေါင်းညိတ်ပြ၏။ သူက တံခါးကို ဆွဲဖွင့်သည်။

နောက်အခန်းက မှောင်လွန်းရကား သူတို့သည် ဘာကိုမျှ မမြင်ကြရချေ။ သို့ရာတွင် သူတို့က လှမ်း၍ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ခန်းလုံး လင်းထိန်သွားရာ အံ့ဩဖွယ် မြင်ကွင်းမှာ ပေါ်လွင်လာရတော့သည်။

သူတို့သည် ဧရာမ စစ်တုရင်ခုံကြီး၏ အစွန်း အနက်ရောင် စစ်တုရင် ရုပ်ကြီးများ၏ နောက်ကျောဘက်တွင် ရပ်နေကြခြင်း ဖြစ်သည်။ စစ်တုရင် ရုပ်များ အားလုံးမှာ သူတို့ထက် မြင့်ကြပြီး ကျောက်တုံး အနက်ကို ထုထားပုံရ၏။ အခန်း၏ တစ်ဖက်၌ သူတို့နှင့် မျက်နှာချင်းဆိုင်နေကြသည်ကား စစ်တုရင်ရုပ် အဖြူတွေ ဖြစ်သည်။ ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် အနည်းငယ် တုန်လှုပ်မိကြသည်။ မားမားကြီး ရပ်နေကြသော အဖြူရောင် စစ်တုရင်ရုပ်ကြီးများတွင် မျက်နှာ မပါချေ။

'ကဲ ငါတို့ ဘာလုပ်ကြမလဲ' ဟု ဟာရီက လေသံဖြင့် မေး၏။

ရှင်းနေတယ် မဟုတ်ဘူးလား' ဟု ရွန်က ပြောသည်။ 'ငါတို့ဟာ အခန်းကို ဖြတ်ပြီး စစ်တုရင် ကစားရင်း လမ်းယူသွားကြရမှာပေါ့'

အဖြူရောင် အရုပ်များ၏ ကျောဘက်တွင် အခြားသော တံခါး တစ်ခုကို သူတို့ မြင်နိုင်ကြလေသည်။

'ဘယ်လိုလဲ' ဟု ဟမိုင်းယွန်းနီက တုန်လှုပ်စွာဖြင့် မေးသည်။

'ငါ ထင်တာကတော့...' ဟု ရွန်က ပြော၏။ 'ငါတို့ ကိုယ်တိုင် စစ်တုရင်ရုပ် လုပ်သွားကြရမယ်'

သူသည် အနက်ရောင် 'နိုက်' စစ်တုရင်ရုပ်ဆီသို့ လျှောက်သွားပြီး 'နိုက်' ၏ မြင်းကို လက်ကို ဆန့်ထုတ်ပြီး တို့ထိလိုက်၏။ ချက်ချင်းပင် ကျောက်ရုပ်သည် အသက်ဝင်လာတော့သည်။ မြင်းက ကြမ်းပြင်ကို ခွာဖြင့် ယက်ပြီး 'နိုက်' က သံချပ်ခေါင်းစွပ်ထားသော မျက်နှာဖြင့် ရွန်ကို ငုံ့ကြည့်၏။

'ဖြတ်သွားဖို့အတွက်... ဟိုဟာ... ကျွန်တော်တို့ဟာ ခင်ဗျားတို့နှင့် ပူးပေါင်းရမှာလား'

အနက်ရောင် 'နိုက်' က ခေါင်းညိတ်ပြ၏။ ရွန်က အဖော်နှစ်ယောက်ဘက် လှည့်လိုက်၏။

'စဉ်းစားဖို့တော့ လိုလာပြီ' ဟု သူက ပြောသည်။ 'ငါတို့ဟာ အနက်ရောင် သုံးနေရာက ဝင်ကြရမယ် ထင်တယ်'

ဟာရီနှင့် ဟမိုင်းယွန်းနီတို့က ငြိမ်နေကြပြီး ရွန် တွေးတောနေသည်ကို စောင့်ကြည့်နေကြသည်။ နောက်ဆုံးတွင် ရွန်က ပြော၏။ 'ကဲ စော်ကားတယ် ဘာတယ်တော့ သဘောမထားကြနှင့်နော်၊ ဒါပေမဲ့ ပြောရရင် မင်းတို့ နှစ်ယောက်ဟာ ဘယ်သူမှ စစ်တုရင် ကစားတာမှာ တော်ကြတာ မဟုတ်ဘူး'

'စော်ကားတာ မဟုတ်မှန်း သိပါတယ်' ဟု ဟာရီက လျင်မြန်စွာ ပြောသည်။ 'ငါတို့ ဘာလုပ်ရမယ် ဆိုတာသာ ပြောကွာ'

'ကဲ ဟာရီ၊ မင်းက ဟိုဘစ်ရှော့ကြီးရဲ့ နေရာယူ၊ ပြီးတော့ ဟမိုင်းယွန်းနီက သူ့နားက ကာဆယ်ရဲ့ နေရာကိုယူ'

'မင်းကကော'

'ငါက နိုက် လုပ်မယ်လေ' ဟု ရွန်က ပြောသည်။

စစ်တုရင်ရုပ်တို့သည် နားထောင်နေကြပုံရ၏။ အဘယ်ကြောင့် ဆိုသော် ရွန်၏ စကားအဆုံးတွင် နိုက်၊ ဘစ်ရှော့၊ ကာဆယ်တို့သည် အဖြူရောင် အရုပ်များဘက်သို့ ကျောပေးလိုက်ကြပြီးနောက် စစ်တုရင်ခုံမှ ထွက်ခွာသွားကြသောကြောင့် ဖြစ်၏။ လွတ်သွားသော နေရာ သုံးခုကို ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့က ဝင်ယူကြသည်။

'စစ်တုရင်မှာ အဖြူက အမြဲတမ်း စရတာချည်းပဲ' ဟု ရွန်က ပြောရင်း ခုံကို ဖြတ်၍ လှမ်းကြည့်သည်။ 'ဟုတ်တယ်၊ ကြည့်လေ'

အဖြူရောင် နယ်ရုပ် တစ်ရုပ်သည် ရှေ့သို့ နှစ်ကွက် တက်လာသည်။

ရွန်က အနက်ရောင် အရုပ်များကို ညွှန်ကြားလေတော့၏။ သူ စေလွှတ်သည့် နေရာသို့ သူတို့သည် တိတ်ဆိတ်စွာပင် ရွေ့သွားကြ၏။ ဟာရီ၏ ဒူးများ တုန်နေကြသည်။ အကယ်၍များ သူတို့ ရှုံးလျှင် ဘာဖြစ်မလဲ။

'ဟာရီ ... ထောင့်ဖြတ်အတိုင်း ညာဘက်ကို လေးကွက်သွား'

သူတို့၏ ပထမဆုံး အထိတ်တလန့် ဖြစ်မှုသည် သူတို့၏ အခြားသော နိုက်တစ်ရုပ် အစားခံရသောအခါ ဖြစ်သည်။ အဖြူရောင် မိဖုရားက သူ့ကို ကြမ်းပေါ်သို့ ရိုက်ချလိုက်ပြီးနောက် ခုံပြင်သို့ ဆွဲထုတ်သွားသည်။ နိုက်ရုပ်သည် ခုံပြင်တွင် မှောက်လျက် ငြိမ်သွားလေ၏။

'မတတ်နိုင်လို့ အစားခံလိုက်ရတယ်' ဟု ရွန်က တုန်လှုပ်စွာ ပြော၏။ 'ဒါမှ ဟို ဘစ်ရှော့ကြီးကို စားလို့ရမှာ၊ ဟမိုင်းယွန်းနီ သွားလေ'

သူတို့ဘက်က လူတွေ အစားခံရတိုင်း အဖြူများသည် အနားမှုကို မပြကြချေ။ မကြာခင်ပင် အနက်ရောင် စစ်တုရင်ရုပ်များသည် နံရံ တစ်လျှောက်တွင် မစွမ်းမသန် ဖြစ်ကာ ပြွတ်သိပ်၍ ဗုန်းဗုန်းလဲနေကြတော့သည်။ နှစ်ကြိမ်မျှပင် ဟာရီနှင့် ဟမိုင်းယွန်းနီတို့ အန္တရာယ် ရှိနေခြင်းကို ရွန်က အချိန်မီကလေး သတိပြုမိ၏။

www.burmeseclassic.com

သူကိုယ်တိုင်က ခုံပေါ်တစ်လျှောက် ပတ်၍ တိုးသွားကာ သူတို့ ဆုံးခဲ့ရသော အနက်ရောင်များ အရေအတွက်လောက်ပင် အဖြူများကို စားပစ်သည်။

'ငါတို့ ဟိုဘက်ကို ရောက်ခါနီးပြီ' ဟု သူက ရုတ်တရက် ပြော၏။ 'စဉ်းစားဦးမယ်၊ စဉ်းစားဦးမယ်'

အဖြူရောင် မိဖုရားက ဟင်းလင်း ပြောင်ချောဖြစ်နေသော မျက်နှာကြီးကို သူ့ဘက် လှည့်လိုက်၏။

'ဟုတ်ပြီ' ဟု ရွန်က တိုးတိုး ပြောသည်။ 'ဒီလမ်းပဲ ရှိတယ်၊ ငါ အစားခံရမယ်'

'မလုပ်နှင့်' ဟု ဟာရီနှင့် ဟမိုင်းယွန်းနီက အော်ကြသည်။

'ဒါဟာ စစ်တုရင်ကွ' ဟု ရွန်က ဒေါနှင့် ပြောသည်။ 'အစတေးခံတာလေးတော့ လုပ်ကြရတာပဲ၊ ငါ ရှေ့တစ်လမ်း တက်ရင် မိဖုရားက ငါ့ကို စားမှာပဲ၊ အဲဒါဟာ မင်းက ဘုရင်ကို ခွေနိုင်ပြီ ဟာရီ'

'ဒါပေမဲ့…'

'မင်း ဆရာ စနိတ်ကို ဟန့်တားချင်သလား၊ မဟန့်တားချင်ဘူးလား'

'ရွန်…'

'ဒီမှာ မင်း ခပ်သုတ်သုတ် မလုပ်နိုင်ရင် သူဟာ ဓာတ်လုံးကို ရသွားလိမ့်မယ်'

တခြား ရွေးစရာ မရှိတော့ပါ။

'အဆင်သင့်ပြီနော်' ဟု ရွန်က အော်ပြော၏။ သူ့မျက်နှာသည် ဖြူရော်နေသည်။ သို့သော် သန္နိဋ္ဌာန်ချထားသည်။ 'ကဲ ငါ သွားပြီ၊ နိုင်သွားပြီးရင် အချိန် ဆွဲမနေကြနှင့်နော်'

သူက ရှေ့သို့ တစ်လှမ်း တက်လိုက်၏။ အဖြူရောင် မိဖုရားက ခုန်အုပ်သည်။ ရွန်၏ ဦးခေါင်းတစ်ဝိုက်ကို သူ့ ကျောက်လက်ကြီးဖြင့် ခပ်ပြင်းပြင်း ရိုက်၍ ကြမ်းပေါ်သို့ လဲကျစေသည်။ ဟမိုင်းယွန်းနီက လွှတ်ခနဲ အော်လိုက်သော်လည်း သူ့အကွက်မှ မရွေ့ချေ။ အဖြူရောင် မိဖုရားသည် ရွန်ကို တစ်ဖက်သို့ ဆွဲသွား၏။ ရွန်ကို ကြည့်ရသည်မှာ သတိမေ့နေသကဲ့သို့ ရှိသည်။

တုန်တုန်ယင်ယင်ဖြင့် ဟာရီသည် လက်ဝဲဘက်သို့ သုံးကွက် ရွှေ့လိုက်၏။

အဖြူရောင် ဘုရင်သည် သရဖူကို ဆွဲချွတ်ကာ ဟာရီ၏ ခြေရင်းသို့ ပစ်သည်။ သူတို့ နိုင်သွားလေပြီ။ စစ်တုရင်ရုပ်တို့သည် ဦးညွတ်၍ ထွက်သွားကြလေရာရှေ့က တံခါးသို့ သွားရာလမ်းသည် ရှင်းနေတော့သည်။ ရွန်ကို တစ်ချက် စွန့်၍ ကြည့်လိုက်ကြပြီးနောက် ဟာရီနှင့် ဟမိုင်းယွန်းနီတို့သည် တံခါးပေါက်မှ တိုးထွက်ကာ နောက်ထပ် လျှောက်လမ်း တစ်ခုသို့ ရောက်ကြသည်။

'တကယ်လို့များ သူဟာ …'

'သူ ဟန်ကျသွားမှာပါ' ဟု ဟာရီက သူ့ဘာသာသူလည်း ယုံကြည်အောင် ကြိုးစားရင်း ပြော၏။ 'နောက်ကို ဘာတွေ့မယ် ထင်သလဲ'

'ငါတို့ဟာ ဆရာ စပရောက် လက်ရာကို တွေ့ခဲ့ပြီ၊ အဲဒါက နတ်ဆိုးထောင်ချောက်ပင်၊ ဆရာ ဖလစ်ဝစ်က သော့တံတွေကို စီရင်တာ ဖြစ်ရမယ်၊ ဆရာမ မက်ဂေါ်နဂေါက စစ်တုရင်ရုပ်တွေကို အသက်ဝင်အောင် နာနာရုပ် ဖန်ဆင်းတယ်၊ ဒါဆို ဆရာ ကွစ်ရဲလ်ရဲ့ အစီအရင် ကျန်မယ်၊ ပြီးတော့ ဆရာ စနိတ်ရဲ့...'

သူတို့သည် အခြား တံခါး တစ်ခုသို့ ရောက်ကြသည်။

'အဆင်သင့်ပြီနော်' ဟု ဟာရီက လေသံဖြင့် ပြော၏။

'သွားလေ'

ဟာရီက တံခါးကို တွန်းဖွင့်၏။

စက်ဆုပ်ဖွယ် အနံ့သည် နှာဝ မဆံ့အောင် ဖြစ်ရသည်တွင် သူတို့ နှစ်ယောက်စလုံး ဝတ်ရုံများကို နှာခေါင်း အုပ်အောင် ဆွဲတင်မိကြသည်။ မျက်ရည်များ ကျလျက် ရှိသော မျက်လုံးများဖြင့် သူတို့သည် သူတို့ရှေ့ ကြမ်းပြင်ပေါ်၌ ပြားပြားဝပ်နေသော ထရိုး ဖုတ်ပြိတ္တာကြီး တစ်ကောင်ကို ဦးခေါင်းပေါ်တွင် သွေးများ ပေကျံနေသော အဖုကြီးနှင့်အတူ တွေ့ကြရ၏။ ဤ အကောင်ကြီးသည် အရင်က သူတို့ ချုပ်ကိုင် စီမံခဲ့သော အကောင်ထက်ပင် ကြီးမားသေးသည်။

'ဒီကောင်ကို တိုက်ခိုက်စရာ မလိုတော့တာ ဝမ်းသာမိတယ်' ဟု ဟာရီက လေသံဖြင့် ပြောသည်။ ထိုသို့ ပြောရင်း သူတို့သည် ထိုကောင်ကြီး၏ ကြီးမားသော ခြေထောက်ကြီးများပေါ် သတိကြီးစွာဖြင့် ကျော်လွှားကြသည်။ 'လာဟယ်... ငါ အသက်ရှူလို့ မရဘူး'

နောက် တံခါး တစ်ချပ်ကို သူက ဆွဲဖွင့်လိုက်၏။ နှစ်ယောက်သားသည် ဘာကိုများ ထပ်တွေ့ဦးမလဲ ပူပန်ကာ မကြည့်ရဲသလောက် ရှိသည်။ သို့ရာတွင် အထဲ၌ အလွန်အမင်း ကြောက်စရာ ဘာမျှ မရှိချေ။ ပုံစံအမျိုးမျိုး ဖြစ်နေသော ပုလင်း ခုနစ်ပုလင်းကို တန်းစီ တင်ထားသည့် စားပွဲ တစ်လုံးသာ ရှိလေသည်။

'ဆရာ စနိတ်ရဲ့ ဟာတွေပဲ' ဟု ဟာရီက ပြော၏။ 'ငါတို့ ဘာလုပ်ရမလဲ'

သူတို့သည် တံခါးခုံကို ကျော်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့နောက်က တံခါးဝတွင် မီးတောက် တစ်ခု ဖြစ်ပေါ်လာသည်။ ရိုးရိုး မီးတောက် မဟုတ်။ ခရမ်းရောင် မီးတောက် ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် ရှေ့ဆက်သွားရမည့် တံခါးဝတွင် မည်းနက်သော မီးတောက် မီးလျှံများ တောက်လာသည်။ သူတို့ ပိတ်လှောင်မိနေကြလေပြီ။

'ဒီမှာ ကြည့်' ဟမိုင်းယွန်းနီက ပုလင်းများ၏ အနီးတွင် ရှိနေသော စာရွက်လိပ်ကို ကောက်ယူသည်။ ဟာရီက သူ့ ပခုံးပေါ်မှ ကျော်၍ စာကို ဖတ်ကြည့်သည်။

ရှေ့တွင်တော့ အန္တရာယ် နောက်ဆွယ်က ဘေးကင်း
တို့နှစ်ယောက်က ကူညီမယ် ဘယ်ဟာကိုပဲ တွေ့လေခြင်း
ခုနှစ်ယောက်ထဲက တစ်ယောက်သူ ရှေ့ကို ဆောင်ယူပို့
နောက်တစ်ယောက်က သောက်သူကို နောက်ကို ဆောင်မှာမို့
တို့အထဲက နှစ်ယောက်ဟာ ခွေးလေးဝိုင်တွေပါ
လူသတ်သမား သုံးဦးပဲ အတန်းထဲမှာ ပုန်းနေတာ
ရွေးပေတော့ မဟုတ်ရင် ဒီမှာ ထာဝရ နေပါလော့
ရွေးတဲ့အခါ ကူညီစရာ သဲလွန်စက လေးခုပါ
ပထမ အဆိပ်ဆိုတာ တိတ်တခိုး ဘယ်လိုပုန်းပုန်း
ခွေးလေးဝိုင်ရဲ့ ဘယ်ဘက်မှာ တွေ့ရှိဦး
ဒုတိယ အစွန်း နှစ်ဖက်က တကယ် ကွဲပြား
ဒါပေမဲ့ ရှေ့ဆက်ပါက ဘယ်သူမှလေ မိတ်ဆွေ မဟုတ်ငြား
တတိယ အားလုံး အရွယ်မတူတာ သိသာလှသဗျာ
ငပုရော ငရှည်ပါ သူတို့ထဲမှာ သေမင်း မရှိပါ
စတုတ္ထ ဘယ်ဘက် ဒုတိယနှင့် ညာက ဒုတိယတွေကတော့
ကြည့်ရင် မတူငြားလည်း မြည်းစားပါက အမြွှာပေါ့။

ဟမိုင်းယွန်းနီသည် သက်ပြင်းကို ချသည်။ ဟာရီ အံ့သြသွားသည်ကား သူသည် ပြုံးနေခြင်း ဖြစ်၏။ အင်မတန်ပင် မိမိ မလုပ်ချင်သော အမူအရာ ဖြစ်လေသည်။

'တော်လှချည်ကလား' ဟု ဟမိုင်းယွန်းနီက ပြော၏။ 'ဒါဟာ မှော်ပညာ မဟုတ်ဘူး၊ ဒါဟာ ဆင်ခြင်တရား၊ ဒါဟာ စကားထာပဲ၊ မှော်ဆရာကြီး အများအပြားဟာ ဆင်ခြင်စွမ်းအား တစ်ရွေးမှ မရှိကြတော့ ဒီနေရာမှာ တစ်သက်လုံး နေကြရမှာပဲ'

'တို့ကော ဒီလိုမျိုးပဲ ဖြစ်မှာ မဟုတ်ဘူးလား'

'ဘာလို့ ဟုတ်ရမှာလဲ' ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'တို့ လိုအပ်တာ အားလုံးဟာ ဒီ စာရွက်ပေါ်မှာ ရှိတယ်၊ ပုလင်းက ခုနစ်ပုလင်း၊ သုံးခုက အဆိပ်၊ နှစ်ခုက ဝိုင်၊ တစ်ခုက တို့ကို မီးလျှံနက်ကို ဘေးကင်းကင်း ဖြစ်သွားနိုင်အောင် လုပ်ပေးမယ်၊ တစ်ခုက အပြန်မှာ ခရမ်းရောင် မီးလျှံကို ဖြတ်နိုင်မယ်'

'ဒါပေမဲ့ ဘာကို သောက်ရမယ်ဆိုတာ ငါတို့ ဘယ်လို သိမှာလဲ'

'ငါ့ကို တစ်မိနစ်လောက် အချိန်ပေးပါ'

ဟမိုင်းယွန်းနီသည် စာရွက်ကို အခေါက်ပေါင်း များစွာ ဖတ်ရှု၏။ ပြီးတော့ ပုလင်းတန်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ပါးစပ်က တတွတ်တွတ် ရွတ်ရင်း ပုလင်းတွေကို လက်ညှိုးထိုး၏။ နောက်ဆုံးတွင် သူ လက်ခုပ် တီးတော့သည်။

'ရပြီ' ဟု သူက ပြော၏။ 'အငယ်ဆုံး ပုလင်းက တို့ကို မီးလျှံနက်ထဲကို ဖြတ်ခေါ်သွားမယ်၊ ဓာတ်လုံးဆီကိုပေါ့'

www.burmeseclassic.com

ဟာရီက ပုလင်းငယ်ကလေးကို ကြည့်၏။

'အထဲမှာ တစ်ယောက်စာပဲ ရှိတယ်' ဟု သူက ပြောသည်။ 'တစ်ကျိုက်စာပဲ ရှိတယ်လေ'

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်မိသည်။

'ဘယ်ဟာက ခရမ်းရောင် မီးလျှံကို ဖြတ်နိုင်မှာလဲ'

ဟမိုင်းယွန်းနီက တန်း၏ ညာဘက် အဆုံးက ပုလင်းဝိုင်းဝိုင်းကို လက်ညှိုးထိုးပြသည်။

'နင်က အဲဒါကို သောက်' ဟု ဟာရီက ပြောသည်။ 'မဟုတ်ဘူး၊ နားထောင်၊ ပြန်သွားပြီး ရွန်ကို ခေါ်၊ သော့တံပျံတွေ အခန်းထဲက တံမြက်စည်းတွေကို ယူ၊ သူတို့က မင်းတို့ကို တံခါးဝုက်ကို ဖြတ်ထွက်ပြီး ဖလပ်ဖီကို ကျော်နိုင်အောင် လုပ်ပေးကြလိမ့်မယ်၊ ဇီးကွက် ရိပ်မြုံကို တန်းသွားပြီး ဟက်ဒဝစ်ကို ဆရာ ဒမ်ဗယ်လ်ဒေါဆီကို လွှတ်လိုက်၊ ငါတို့ သူ့ကို လိုမယ်၊ ငါက ခဏတော့ ဆရာ စနိတ်ကို ဟန့်တားထားနိုင်လိမ့်မယ်၊ ဒါပေမဲ့ တကယ်တော့ ငါဟာ သူ့ကို မယှဉ်နိုင်ပါဘူး'

'ဒါပေမဲ့ ဟာရီ၊ တကယ်လို့ ဘယ်သူလဲ ဆိုတာ သိတဲ့လူဟာ သူနှင့် အတူ ရှိနေရင်ကော ဘာလုပ်မလဲ'

'အဲ တစ်ခါကတော့ ငါ ကံကောင်းခဲ့တယ် မဟုတ်လား' ဟု ဟာရီက သူ့ အမာရွတ်ကို ညွှန်ပြရင်း ပြောသည်။ 'နောက်ထပ်လည်း ကံကောင်းချင် ကောင်းမှာပေါ့'

ဟမိုင်းယွန်းနီ၏ နှုတ်ခမ်းများသည် တုန်လာကြပြီး သူသည် ဟာရီဆီသို့ ထိုးပြေးသွားကာ လက်များဖြင့် သူ့ကို အတင်း ရစ်ပတ်လိုက်၏။

'ဟမိုင်းယွန်းနီ'

'ဟာရီ၊ နင်ဟာ ကြီးမြတ်တဲ့ မှော်ဆရာပါ၊ သိတယ် မဟုတ်လား'

'ငါက နင့်လောက် မတော်ပါဘူး' ဟု ဟမိုင်းယွန်းနီက လက်များကို ဖြေလွှတ်လိုက်သော အခါတွင် ဟာရီက မနေတတ် မထိုင်တတ်သလို ဖြစ်ရင်းက ပြော၏။

'ငါ တော်တယ် ဟုတ်လား' ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'စာအုပ်တွေဟဲ့၊ ပြီးတော့ လည်ပတ်မှုပဲ၊ ပိုအရေးကြီးတာတွေ ရှိပါတယ်၊ မိတ်ဆွေဖြစ်မှုနှင့် ရဲရင့်မှု၊ ပြီးတော့ အို ဟာရီ... သတိထားစမ်းပါနော်'

'နင် အရင်သောက်' ဟု ဟာရီက ပြောသည်။ 'ဘယ်ဟာက ဘာဆိုတာ နင်ကမှ သေသေချာချာ သိတာ မဟုတ်လား'

'ဟုတ်ပါ့' ဟု ဟမိုင်းယွန်းနီက ပြောသည်။ ပုလင်းဝိုင်းကလေးကို ကြာမြင့်စွာ မော့ချပြီးနောက် ပခုံးတွန့်လိုက်၏။

'အဆိပ် မဟုတ်ပါဘူးနော်' ဟု ဟာရီက စိတ်ပူပန်စွာ ပြောသည်။

'မဟုတ်ဘူး၊ ဒါပေမဲ့ ရေခဲတုံးကျနေတာပဲ'

'မြန်မြန် သွား ဆေးမပြယ်ခင်'

'ကံကောင်းပါစေ၊ သတိထားနော်'

'သွားပါ'

ဟမိုင်းယွန်းနီသည် ချာခနဲ လှည့်၍ ခရမ်းရောင် မီးတောက်ထဲသို့ တန်း၍ ဖြတ်လျှောက်သွားတော့၏။

ဟာရီသည် အသက်ကို ဝဝရှုလိုက်ပြီး အငယ်ဆုံး ပုလင်းကလေးကို ကောက်ယူသည်။ မီးလျှံနက်များကို ရင်ဆိုင်ရန် လှည့်လိုက်၏။

'ကိုင်း ငါ လာပြီ' ဟု သူက ပြော၍ ပုလင်းကလေး ပြောင်သွားအောင် တစ်ကျိုက်တည်းဖြင့် မျိုချ၏။

တကယ်ပင် ရေခဲတွေ သူ့ကိုယ်ထဲ၌ ပြည့်လျှံသွားသလို ဖြစ်သွားသည်။ ပုလင်းကို ချထားပြီး ရှေ့သို့ လျှောက်သွားသည်။ သူ အားတင်းလိုက်၏။ မီးလျှံနက်များက သူ့ ကိုယ်ခန္ဓာကို လျက်သည်ကို တွေ့ရ၏။ သို့သော် ထိတွေ့ ခံစားမှု မရှိပါ။ ခဏတော့ သူသည် မီးလျှံနက်မှ လွဲ၍ ဘာကိုမျှ မတွေ့ရ။ ထိုနောက် သူသည် တစ်ဖက်သို့ ရောက်သွားတော့သည်။ နောက်ဆုံး အခန်းဖြစ်၏။

အထဲတွင် တစ်ယောက်က ရောက်နှင့်နေပေပြီ။ သို့သော် ထိုဟာသည် ဆရာ စနိတ် မဟုတ်။ ဗော်လ်ဒီမော့ပင် မဟုတ်ချေ။

အခန်း ဆယ့်ခုနစ်

မျက်နှာ နှစ်ခုနှင့် လူ

ကွစ်ရဲလ် ဖြစ်သည်။

'ခင်ဗျားကိုး' ဟု ဟာရီက ပင့်သက်ဖိုမိ၏။

ကွစ်ရဲလ်က ပြုံးသည်။ သူ့ မျက်နှာသည် လုံးဝ အကြော မဆွဲတော့ချေ။

'ငါပေါ့' ဟု သူက တည်ငြိမ်စွာ ပြောသည်။ 'ငါ မင်းကို ဒီမှာ တွေ့မှ တွေ့ပါ့မလားလို့ စူးစမ်းနေမိတယ် ပေါ့တာ'

'ဒါပေမဲ့ ကျွန်တော် ထင်တာက ဆရာ စနိတ်...'

'ဆီဗွီးယားရပ်' ကွစ်ရဲလ်က ရယ်၏။ ဤကား သူ့ ထုံးစံအတိုင်း တုန်တုန်ယင်ယင် ဖြစ်နေခြင်း မဟုတ်။ သို့သော် အေးစက်စက်နှင့် စူးရှသည်။ 'ဟုတ်တယ်၊ ဆီဗွီးယားရပ်က အဲဒီပုံစံမျိုး ရှိတယ်၊ ဒီနားတစ်ဝိုက်မှာ အရွယ်လွန်နေတဲ့

လင်းနို့ကြီး တစ်ကောင်လို လျှောက်သွားနေတာ တော်တော် အသုံးဝင်တာပဲ၊ သူမှ မဟုတ်ရင် ဘယ်သူက သ ... သနားစရာ စ ... စ .... စကားထစ်တဲ့ ပ... ပ... ပရိုဖက်ဆာ ကွစ်ရဲလ်ကို သင်္ကာမကင်း ဖြစ်မှာတဲ့လဲ'

ဟာရီက ဘဝင်မကျချေ။ ဒါ အမှန် မဟုတ်နိုင်။ မဖြစ်နိုင်။

'ဒါပေမဲ့ ဆရာ စနိတ်က ကျွန်တော့်ကို သတ်ဖို့ ကြံခဲ့တာပဲ'

'မဟုတ်ဘူး မဟုတ်ဘူး၊ ငါက မင်းကို သတ်ဖို့ ကြံခဲ့တာ၊ အဲဒီ ကွစ်ဒစ်ချ်ပွဲတုန်းက မင်းရဲ့ သူငယ်ချင်း မစ္စ ဂရိန်ဂျာဟာ စနိတ်ကို မီးရှို့ဖို့ အသွားမှာ ငါ့ကို မတော်တဆ တိုက်မိသွားတယ်၊ ငါက မင်းဆီကို မျက်စိနှင့် ဆက်သွယ် လုပ်ကိုင်နေတာ သူက ဖြတ်တောက်ပစ်တယ်၊ နောက်စက္ကန့် နည်းနည်း ကြာရင် မင်းဟာ တံမြက်စည်းပေါ်က ပြုတ်ကျမယ်၊ တကယ်လို့ စနိတ်ဟာ မင်းကို ကယ်ဖို့ တန်ပြန်ဂါထာကိုသာ ရွတ်မနေဘူး ဆိုရင် ဒီ့ထက် စောစောကပဲ မင်း ပြုတ်ကျပြီ'

'စနိတ်က ကျွန်တော့်ကို ကယ်ဖို့ ကြိုးစားတယ် ဟုတ်လား'

'ဟုတ်တာပေါ့' ဟု ကွစ်ရဲလ်က အေးစက်စက်ဖြင့် ပြောသည်။ 'နောက်ပွဲမှာ သူက ဘာဖြစ်လို့ ဒိုင်လုပ်ချင်ရတယ်လို့ မင်း ထင်သလဲ၊ ငါ ထပ်မလုပ်နိုင်တာ သေချာအောင်လို့ကွ၊ တကယ် ရယ်စရာ ကောင်းတယ်၊ သူ ပူစရာ မလိုပါဘူးကွာ၊ ဒမ်ဗယ်လ်ဒေါ ထိုင်ကြည့်နေလို့တော့ ငါ ဘာမှ မလုပ်နိုင်ပါဘူး၊ တခြား ဆရာတွေ အားလုံးက စနိတ်ဟာ ဂရစ်ဖင်ဒါတွေ နိုင်မှာကို တားဆီးဖို့ ကြိုးစားနေတယ်လို့ ထင်ကြတယ်၊ သူဟာ တကယ့်ကို သူ့ကိုယ်သူ လူကြိုက်နည်းအောင် လုပ်ခဲ့တယ်လေ၊ အချိန်ဖြုန်းတာပဲ ဖြစ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ ဒီည မင်းကို သတ်တော့မှာမို့ပဲ'

ကွစ်ရဲလ်က လက်ဖျစ်တီးလိုက်သည်။ လေထဲက ကြိုးများ ပေါ်ထွက်လာကြကာ ဟာရီကို တင်းကျပ်စွာ ပတ်တော့၏။

'မင်းကို အရှင်ထားဖို့က မင်းဟာ စပ်စုလွန်းတယ် ပေါ့တာ၊ ဟာလိုဝင်း ပွဲတော်မှာ မင်းဟာ ကျောင်းထဲ လျှောက်ပြီး သုတ်သုတ်ပျာပျာ ပြေးလားပြေးရဲ့၊ ဒါတွေကြောင့် ခတ်လုံးကို ဘာက စောင့်ကြပ်နေသလဲ ဆိုတာ ငါ ကြည့်ဖို့လာတော့ မင်း တွေ့သွားတာ ငါ သိတယ်'

'ထရိုး ဖုတ်ပြိတ္တာကို ခင်ဗျား ခေါ်သွင်းခဲ့တာကိုး'

'အစစ်ပေါ့၊ ငါဟာ ထရိုးတွေနှင့် သိပ်ပြီး ပါရမီပါတာ၊ ဟိုအနောက်က အခန်းထဲမှာ အကောင်း တစ်ကောင်ကို ငါ ဘာလုပ်ထားတယ် ဆိုတာ မင်း တွေ့ခဲ့ရမှာပါ၊ ကံဆိုးချင်တော့ အဲဒီနေ့က လူတိုင်းဟာ ထရိုးကို ကြည့်ဖို့ သွားနေကြရာမှာ ငါ့ကို သင်္ကာမကင်း ဖြစ်နေပြီဖြစ်တဲ့ စနိတ်ဟာ ငါ့ကို လမ်းလွှဲဖို့ သုံးထပ်ကို တန်းသွားတော့တာပဲ၊ ပြီးတော့ ထရိုးဟာ မင်းတို့ကို သေအောင် ရိုက်သတ်ဖို့ ပျက်ကွက်ရုံတင် မကဘူး၊ ခေါင်းသုံးလုံးနှင့် ခွေးကလည်း စနိတ်ရဲ့ ခြေထောက်ကို မိမိရရ မကိုက်လိုက်နိုင်ခဲ့ဘူး။

'ကဲ ငြိမ်ငြိမ် စောင့်ဦး ပေါ့တာ၊ ဒီ စိတ်ဝင်စားစရာ ကောင်းတဲ့ မှန်ကို စစ်ဆေးဖို့ လိုအပ်နေတယ်'

ထိုအခါတွင်မှ ကွစ်ရဲလ် နောက်ဘက်တွင် ထောင်ထားသည်မှာ ဘာဖြစ်သည် ဆိုတာကို ဟာရီ သိသွားရလေ၏။ ထိုဟာသည်ကား 'အယ်ရီဆက် မြကြေးမုံ' ဖြစ်တော့သည်။

'ခွတ်လုံးကို ရှာဖို့ဟာ ဒီမှန်ဟာ သော့ချက်ပဲ' ဟု ကွစ်ရဲလ်သည် မြည်တွန် ပြောဆိုရင်း မှန်ပေါင်ကို ပတ်၍ ခေါက်ကြည့်နေ၏။ 'ဒါမျိုး လုပ်တတ်တာ ဒမ်ဗယ်လ်ဒေါပဲ ဆိုတာ ယုံတော့၊ ဒါပေမဲ့ သူ အခု လန်ဒန်မှာ၊ သူ ပြန်ရောက်လာရင် ငါဟာ အဝေးကြီး ရောက်နေပြီ'

ဟာရီ စဉ်းစား၍ ရသမျှသော လုပ်စရာမှာ ကွစ်ရဲလ်ကို စကားဆက်၍ ပြောနေစေပြီး မြကြေးမုံပေါ်တွင် စိတ်စူးစိုက်နေမှုကို တားဆီးရန် ဖြစ်၏။

'ခင်ဗျားနှင့် ဆရာ စနိတ်ကို တောထဲမှာ ကျွန်တော် တွေ့ခဲ့တယ်' ဟု ဟာရီက လွှတ်ခနဲ ပြောထုတ်သည်။

'အေး' ဟု ကွစ်ရဲလ်က အာရုံမရှိဘဲ ပြောပြီး မြကြေးမုံ၏ ကျောဘက်ကို ကြည့်ရန် ပတ်သွားသည်။ 'အဲဒီ အချိန်မှာ သူက ငါ့ကို ရိပ်မိနေတယ်၊ ငါ ဘယ်လောက် ခရီး ရောက်နေတယ် ဆိုတာ သူ သိချင်နေတယ်၊ သူဟာ ငါ့ကို တစ်လျှောက်လုံး သံသယ ရှိနေခဲ့တာ၊ သူက ငါ့ကို ကြောက်အောင် လုပ်တယ်၊ သူ လုပ်နိုင်ပါ့မလား၊ ငါ့ဘက်မှာက ဗော်လ်ဒီမော့က ရှိနေတဲ့ဥစ္စာ'

ကွစ်ရဲလ်သည် မှန်၏ အနောက်မှ ထွက်လာပြီး မှန်ထဲသို့ အာသာငမ်းငမ်း စိုက်ကြည့်သည်။

'ငါ ခွတ်လုံးကို တွေ့ရတယ်၊ ငါ့ဆရာကို ပေးအပ်မလို့၊ ဒါပေမဲ့ အဲဒါ ဘယ်ရောက်နေသလဲ'

ဟာရီသည် သူ့ကို ရစ်ပတ်ထားသော ကြိုးများမှ ရုန်းကန်သေးသော်လည်း မပြေလျော့ချေ။ ကွစ်ရဲလ်က မြကြေးမုံပေါ် လုံးဝ အာရုံ စူးစိုက်နေခြင်းကို မဖြစ်အောင် သူ လုပ်ရမည်။

'ဒါပေမဲ့ ဆရာ စနိတ်က ဘယ်တော့မဆို ကျွန်တော့်ကို အရမ်း မုန်းသလိုပဲ'

'အို မုန်းတာပေါ့' ဟု ကွစ်ရဲလ်က ခပ်ပေါ့ပေါ့ ပြောသည်။ 'ဟုတ်တယ်လေ၊ သူက ဟော့ဂဝပ်မှာ မင့်အဖေနှင့် အတူတူ တက်ခဲ့တာ၊ ဒါကို မင်း မသိဘူးလား၊ သူတို့က တစ်ယောက်ကို တစ်ယောက် ကြည့်မရဘူးလေ၊ ဒါပေမဲ့ သူဟာ မင်း သေမှာ ကိုတော့ မလိုလားပါဘူး'

'ဒါပေမဲ့ လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက ခင်ဗျား ရှိုက်နေသံကို ကျွန်တော် ကြားခဲ့ပါတယ်၊ ကျွန်တော်က ဆရာ စနိတ်က ခင်ဗျားကို ခြိမ်းခြောက်နေတယ် မှတ်လို့'

ပထမဆုံးအကြိမ် အနေဖြင့် ကွစ်ရဲလ်၏ မျက်နှာပေါ်တွင် ကြောက်ရွံ့၍ အကြောဆွဲခြင်းမျိုးသည် လုစ်ခနဲ ဖြတ်သန်းသွားသည်။

'တစ်ခါတစ်လေမှာတော့ ...' ဟု သူက ပြော၏။ 'ငါ့ဆရာရဲ့ ညွှန်ကြားချက်တွေကို လိုက်နာဖို့ ခက်ခဲတာ တွေ့ရတယ်၊ သူက အစွမ်းထက်တဲ့ မှော်ဆရာကြီး၊ ငါက ပျော့ညံ့တဲ့ ...'

'အဲဒီ စာသင်ခန်းထဲမှာ သူဟာ ခင်ဗျားနှင့် ရှိနေတယ်လို့ ဆိုလိုတာလား' ဟု ဟာရီက ပင့်သက်ဖို့၍ မေးသည်။

'ငါ ဘယ်သွားသွား သူ အမြဲ ရှိနေတာပဲ' ဟု ကွစ်ရဲလ်က တည်ငြိမ်စွာ ပြောသည်။ 'ငါ ကမ္ဘာကို လှည့်တုန်းက သူနှင့် တွေ့လာခဲ့တာ၊ အဲဒီတုန်းမှာ ငါဟာ မိုက်မဲတဲ့ လူငယ်ကလေးပေါ့၊ အကောင်းနှင့် အဆိုးနှင့် ပတ်သက်လို့ ရယ်စရာကောင်းတဲ့ စိတ်ကူးတွေ ပြည့်နှက်နေခဲ့တယ်၊ လော့ဒ် ဗော်လ်ဒီမော့က ငါ ဘယ်လောက် မှားနေတယ် ဆိုတာ ပြသခဲ့တယ်၊ လောကမှာ အကောင်းရယ် အဆိုးရယ်လို့ မရှိဘူး၊ တန်ခိုး အစွမ်းပဲ ရှိတယ်၊ ပြီးတော့ အဲဒါကို မရနိုင်လောက်တဲ့ လူပျော့ လူညံ့တွေ ရှိတယ်ပေါ့၊ အဲဒီကတည်းက စပြီး ငါဟာ သူ့ကို သစ္စာရှိစွာ အကျိုးဆောင်ခဲ့တယ်၊ အကြိမ်ပေါင်း များစွာမှာတော့ သူ အားကိုးရကျိုး မနပ်အောင် ငါလုပ်ခဲ့တယ်၊ ဒီတော့လည်း သူက ငါ့ကို ကြမ်းကြမ်း ကိုင်ရတော့တာပေါ့' ကွစ်ရဲလ်သည် ရုတ်တရက် တုန်သွား၏။ 'သူဟာ အမှားအယွင်းတွေကို လွယ်လွယ်နှင့် ခွင့်မလွှတ်တတ်ဘူး၊ ဂရင်းဂေါ့က ဓာတ်လုံးကို ငါ ခိုးယူဖို့ မအောင်မြင်တော့ သူ အရမ်းကို မကျေမနပ် ဖြစ်တယ်၊ သူ ငါ့ကို အပြစ်ပေးတယ်၊ ငါ့ကို ပိုပြီး နီးနီးကပ်ကပ် စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်'

ကွစ်ရဲလ်၏ အသံသည် မှိန်၍ ပျောက်ကွယ်သွားသည်။ ဟာရီက သူ၏ ဒိုင်ယာဂွန်လမ်းကြား ခရီးစဉ်ကို ပြန်၍ သတိရမိသည်။ သူ ဘာကြောင့် ဒါလောက်များ တုံးခဲ့ရပါသနည်း။ သူသည် ထိုနေ့က ကွစ်ရဲလ်ကို တွေ့ခဲ့၏။ 'ယိုနေသော ဒယ်အိုးကြီး' ထဲတွင် သူနှင့် လက်ဆွဲ နှုတ်ဆက်ခဲ့သည်။

ကွစ်ရဲလ်က တစ်ကိုယ်တည်း ဆဲရေးလိုက်၏။

'ငါ နားမလည်ပါဘူး၊ ဓာတ်လုံးဟာ မြကြေးမုံရဲ့ အထဲ မှာလား၊ ငါ ခွဲပစ်လိုက်ရမလား'

ဟာရီ၏ စိတ်သည် တအားပြေးနေသည်။

ခုအချိန်မှာ လောကမှာ ငါ အလိုချင်ဆုံးက ဘာလဲဟု သူ တွေးသည်။ ကွစ်ရဲလ်ထက် အရင် ဓာတ်လုံးကို တွေ့ဖို့ ဖြစ်တယ်။ ဒီတော့ တကယ်လို့ ငါဟာ မြကြေးမုံကို ကြည့်ရရင် မှန်ထဲမှာ ရှာနေတဲ့ ငါ့ကိုယ်ငါ ပြန်တွေ့မှာပဲ။ အခိပ္ပာယ်က ဓာတ်လုံးကို ဘယ်မှာ ဝှက်ထားတယ် ဆိုတာ တွေ့မှာပဲ။ ဒါပေမဲ့ ငါ ဘာကြံတယ် ဆိုတာ ကွစ်ရဲလ် မသိရစေဘဲ ဘယ်လို ငါ ကြည့်နိုင်မှာလဲ။

သူသည် ကွစ်ရဲလ် သတိပြုမိခြင်း မရှိဘဲ မှန်ရှေ့သို့ ရောက်အောင် လက်ဝဲဘက်သို့ ရွှေ့ကြည့်၏။ သို့သော် ခြေချင်းဝတ်တွင် ပတ်နေသော ကြိုးများသည် တင်းကျပ်လွန်းလှသည်။ သူသည် တုံ့၍ လဲကျတော့သည်။ ကွစ်ရဲလ်က သူ့ကို ဂရုမစိုက်ပါ။ သူ့ကိုယ်သူ စကားပြောနေဆဲ ဖြစ်သည်။

'ဒီမှန်က ဘာလုပ်သလဲ၊ ဘယ်လို အလုပ်လုပ်သလဲ၊ ကျွန်တော့်ကို ကူညီပါ ဆရာသခင်'

ထိုအခါ ဟာရီ ထိတ်လန့်သွားဖွယ်ရာ အဖြစ်ကား အသံတစ်ခုက ပြန်လည် ဖြေကြားခြင်း ဖြစ်သည်။ ထိုအသံမှာလည်း ကွစ်ရဲလ် ကိုယ်၌က ထွက်ပေါ်လာခြင်း ဖြစ်၏။

'ကောင်ကလေးကို သုံး ... ကောင်ကလေးကို သုံး ...'

ကွစ်ရဲလ်က ဟာရီဘက်သို့ ချာခနဲ လှည့်သည်။

'ဟုတ်ပြီ ပေါ့တာ၊ ဒီကို လာ ...'

www.burmeseclassic.com

သူသည် လက်ခုပ် တစ်ကြိမ် ထပ်တီးရာ ဟာရီကို တုပ်နှောင်ထားသော ကြိုးများသည် ပြေကျသွားတော့၏။ ဟာရီက ဖြည်းညင်းစွာ မတ်တတ်ထသည်။

'ဒီကို လာ' ဟု ကွစ်ရဲလ်က ထပ်ပြောသည်။ 'မြကြေးမုံထဲကို ကြည့်ပြီး မင်း ဘာကို မြင်တယ် ဆိုတာ ငါ့ကို ပြောစမ်း'

ဟာရီက သူ့ဆီသို့ လျှောက်သွားသည်။

'ငါ လိမ်ရမယ်' ဟု သူသည် တွေးမိတွေးရာ တွေးသည်။ 'ငါ ကြည့်လိုက်ပြီး မြင်တာနှင့် ပတ်သက်လို့ လိမ်ရတော့မှာပဲ၊ ဒါပဲ ရှိတယ်'

ကွစ်ရဲလ်က သူ့နောက်က ကပ်၍ ရွေ့ရှားသည်။ ဟာရီသည် ကွစ်ရဲလ်၏ ဦးပေါင်းမှ လာပုံရသော အနံ့ တစ်မျိုးကို ရှူမိသည်။ သူသည် မျက်စိတွေကို ပိတ်လိုက်ပြီး မြကြေးမုံရှေ့တွင် ရပ်ကာ မျက်လုံးတွေကို ပြန်ဖွင့်၏။

သူ့ရုပ်ပြန်ကို သူ မြင်ရသည်။ ပထမတွင် ညှိုးငယ်၍ ကြောက်နေသည့် အသွင် ရှိ၏။ သို့ရာတွင် ခဏ အကြာတွင် ရိပ်ပြန်သည် သူ့ကို ပြုံးပြသည်။ သူ့လက်ကို သူ့အိတ်ထဲ ထည့်၍ ပြန်ထုတ်လိုက်သည်တွင် သွေးရောင်ကဲ့သို့ နီလွင်သည့် ကျောက်မျက် တစ်ခု ပါလာတော့သည်။ ရိပ်ပြန်က မျက်စိ ပိတ်ပြ၍ ဓာတ်လုံးကို သူ့အိတ်တွင်းသို့ ပြန်ထည့်လိုက်၏။ ထိုသို့ ပြုလုပ်သည်တွင် သူ၏ တကယ့်အိတ် အတွင်းသို့ လေးလံသော အရာ ဝတ္ထု တစ်ခု ကျရောက်လာသည်ကို ခံစားရသည်။ မယုံနိုင်စရာ တစ်နည်း တစ်လမ်းအားဖြင့် သူသည် ဓာတ်လုံးကို ရရှိထားလေပြီ။

'ဘယ်လိုလဲ' ဟု ကွစ်ရဲလ်က စိတ်မရှည်သလို ပြောသည်။ 'ဘာကို မြင်သလဲ'

ဟာရီက သတ္တိကို ညှစ်ထုတ်သည်။

'ကျွန်တော့်ကိုယ် ကျွန်တော် ဆရာ ဒမ်ဗယ်လ်ဒေါနှင့် လက်ဆွဲ နှုတ်ဆက်တာကို မြင်ရတယ်' ဟု သူက ထွင်ပြောသည်။ 'ကျွန်တော် ... ကျွန်တော် ဂရစ်ဖင်ဒါ အတွက် အသင်းလိုက် ဖလားကို ရခဲ့တယ်'

ကွစ်ရဲလ်က ဆဲရေးပြန်၏။

'ဖယ်စမ်း' ဟု သူက ပြောသည်။ ဟာရီက ဘေးသို့ အရွှေ့လိုက်တွင် ပြဒါးရှင်လုံးသည် သူ့ပေါင်ကို တိုက်မိသည်ကို ထိတွေ့ရသည်။ သူ ထွက်ပြေး လွတ်မြောက်နိုင်ပါ့မလား။

သို့ရာတွင် ခြေလှမ်း ငါးလှမ်းမှ မလှမ်းရသေးမီပင် ကွစ်ရဲလ်၏ နှုတ်ခမ်းများ မလှုပ်ရှားဘဲ စူးရှသော အသံသည် ထွက်ပေါ်လာတော့သည်။

'သူ လိမ်တယ်၊ သူ လိမ်တယ်'

'ပေါ့တာ၊ ပြန်လာခဲ့စမ်း' ဟု ကွစ်ရဲလ်က အော်ဟစ်၏။ 'မှန်တာကို ပြောပါ၊ မင်း ဘာကို မြင်သလဲ'

စူးရှသော အသံက ပြောပြန်၏။

'ငါ သူ့ကို စကားပြောစမ်းပါရစေ၊ မျက်နှာချင်းဆိုင် ...'

'ဆရာသခင်၊ ဆရာဟာ သန်မာမှု လိုသေးတယ်'

'ဒါအတွက် ငါ့မှာ အင်အား အလုံအလောက် ရှိပါတယ်'

နတ်ဆိုး ထောင်ချောက်ပင်က ထိုနေရာတွင် သူ့ကို အမြစ်တွယ်စေလိုက်သလို ဟာရီ ခံစားရ၏။ မည်သည့် ကြွက်သားကိုမျှ သူ လှုပ်ရှား၍ မရတော့ပါ။ ကျောက်ရုပ်လို ဖြစ်နေရင်းက ကွစ်ရဲလ် သူ့ဆီ လျှောက်လာပြီး ဦးပေါင်းကြီး ဖြေသည်ကို စောင့်ကြည့်နေမိသည်။ ဘာတွေ ဖြစ်နေပါလိမ့်။ ဦးပေါင်းကြီးသည် ပြေကျသွား၏။ ဦးပေါင်း ကင်းမဲ့နေသော အခါတွင် ကွစ်ရဲလ်၏ ဦးခေါင်းမှာ ထူးဆန်းစွာပင် သေးငယ်လှပေ၏။ ထိုနောက် သူသည် တစ်နေရာတည်းတွင်ပင် ကိုယ်ကို လှည့်သည်။

ဟာရီသည် အော်မိတော့မလို ဖြစ်သွား၏။ သို့သော် အသံထွက်၍ မရပါ။ ကွစ်ရဲလ်၏ ဦးခေါင်းတွင် နောက်စေ့ ရှိရမည့် နေရာ၌ မျက်နှာ တစ်ခု ရှိနေသည်။ ဟာရီ မြင်ဖူးသမျှတွင် ကြောက်မက်ဖွယ် အကောင်းဆုံး မျက်နှာ ဖြစ်ပေ၏။ မြေဖြူလို ဖွေးနေပြီး နီရဲ တောက်ပြောင်သော မျက်လုံး နှစ်လုံး၊ မြွေကဲ့သို့ နှာခေါင်းပေါက် ပပ်ကြားကလေးများနှင့် ဖြစ်သည်။

'ဟာရီ ပေါ့တာ' ထိုမျက်နှာက လေသံဖြင့် ပြော၏။

ဟာရီက နောက်သို့ တစ်လှမ်းဆုတ်ရန် ကြိုးစားသည်။ သို့သော် ခြေထောက်များက မရွေ့ချေ။

'ငါ ဘယ်လို ဖြစ်သွားရပြီလဲ ဆိုတာ ကြည့်စမ်း' ဟု မျက်နှာက ဆို၏။ 'အရိပ်နှင့် ရေငွေ့မျှသာပဲ ရှိတော့တယ်၊ တခြားလူရဲ့ ခန္ဓာကိုယ်ကို မျှယူနိုင်တော့မှသာ ငါ့မှာ ပုံပန်းရယ်လို့ ဖြစ်ပေါ်လာတယ်၊ ဒါပေမဲ့ ငါ့ကို သူတို့ရဲ့ အသည်းနှလုံးနှင့် စိတ်ထဲကို လိုလိုလားလား ဝင်ခွင့်ပြုတဲ့ လူတွေ အမြဲတမ်း ရှိနေတယ်လေ၊ အခု လွန်ခဲ့တဲ့ သီတင်းပတ်တွေမှာ ယူနီကောင်း ခြူးကောင်ရဲ့ သွေးတွေဟာ ငါ့ကို အင်အား ပြည့်စေတယ်၊ တောအုပ်ထဲမှာ သစ္စာရှိတဲ့ ကွစ်ရဲလ်ဟာ ငါ့အတွက် သွေးတွေကို သောက်ပေးတာ မင်း မြင်ခဲ့တယ်၊ ရသာယန ဇီဝဆေးရည်ကိုသာ ရလိုက်တာနှင့် တစ်ပြိုင်နက် ငါဟာ ငါ့ကိုယ်ပိုင် ခန္ဓာကိုယ်ကို ဖန်တီးလို့ ရနိုင်မယ်၊ ကိုင်း မင့်အိတ်ထဲက ခဲတတ်လုံးကို ဘာဖြစ်လို့ ငါ့ကို မပေးတာလဲ'

သူ သိနေသည်ကိုး။ ဟာရီ၏ ခြေထောက်များထဲသို့ အာရုံ ခံစားမှုသည် ရုတ်တရက် လှုပ်ရှား ဖြစ်ပေါ်လာ၏။ သူသည် ခလုတ်တိုက်၍ နောက်ပြန် ရွေ့သွားသည်။

'မမိုက်စမ်းပါနှင့်ကွာ' ဟု မျက်နှာက မာန်မဲသည်။ 'မင့်အသက်ကို ကာကွယ်ပြီး ငါနှင့် ပေါင်းပါလား၊ နို့မဟုတ်ရင် မင့် မိဘတွေရဲ့ နိဂုံးမျိုးနှင့် မင်း ကြုံရလိမ့်မယ်၊ သူတို့ဟာ ငါ့ကို သနားပါ သနားပါ တစာစာနှင့် သေကုန်ကြရတာ'

'လူလိမ်' ဟု ဟာရီက ရုတ်တရက် ထအော်သည်။

ကွစ်ရဲလ်က သူ့ဆီသို့ နောက်ပြန်လျှောက်လာ၏။ ဗော်လ်ဒီမော့က သူ့ကို မြင်နေနိုင်အောင် ဖြစ်သည်။ ပါပမျက်နှာကြီးသည် ယခုအခါတွင် ပြုံးနေ၏။

'ဘယ်လောက် သဘောကျစရာ ကောင်းလိုက်ပါလိမ့်' မျက်နှာက မြွေတွန်သလို ပြောသည်။ 'ငါဟာ ရဲရင့်မှုကို ထာဝစဉ် တန်ဖိုးထားတယ်၊ မှန်တယ် လူကလေး၊ မင့် မိဘတွေဟာ ရဲရင့်ခဲ့ကြတယ်၊ ငါဟာ မင်းအဖေကို အရင်သတ်တယ်၊ သူဟာ သတ္တိရှိရှိနှင့် ခံတိုက်ခဲ့တယ်လေ၊ ဒါပေမဲ့ မင့်အမေက သေဖို့ မဟုတ်ဘူး၊ သူက မင်းကို ကာကွယ်ဖို့ ကြိုးစားခဲ့တာကိုး၊ ကဲ သူ သေရတာ အလကား မဖြစ်စေချင်ဘူး ဆိုရင် ငါ့ကို ခါတ်လုံး ပေးလိုက်'

'ဘယ်တော့မှ မပေးဘူး'

ဟာရီသည် မီးတောက် ရှိနေသော တံခါးဆီသို့ ခုန်ပေါက် ပြေးသွား၏။ သို့သော် ဗော်လ်ဒီမော့က 'သူ့ကို ဖမ်းလိုက်' ဟု အော်လိုက်သည့် ခဏတွင် ကွစ်ရဲလ်၏ လက်သည် သူ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်သည်ကို ခံစားလိုက်ရ၏။ ချက်ချင်းပင် အပ်နှင့် ထိုးလိုက်သလို နာကျင်မှုသည် ဟာရီ၏ အမာရွတ် တစ်လျှောက် ဖြတ်သန်း ပူလောင်သွားစေသည်။ သူ့ ဦးခေါင်းမှာ နှစ်ခြမ်း ကွဲသွားတော့မလို ခံစားရသည်။ သူသည် အော်ဟစ်၍ အင်အားရှိသလောက် ရုန်းကန်လေရာ သူ အံ့အားသင့်ရသည်ကား ကွစ်ရဲလ်က သူ့ကို လွှတ်လိုက်ခြင်း ဖြစ်၏။ သူ့ ဦးခေါင်းထဲမှ နာကျင်မှုသည် လျော့ပါးသွား၏။ ကွစ်ရဲလ် ဘယ်ရောက်သွားသလဲဟု သူသည် ခပ်ကြမ်းကြမ်း လှည့်ကြည့်ရာ သူသည် နာကျင်လှသည့် ပုံဖြင့် သူ့ လက်ချောင်းတွေကို ကြည့်နေ၏။ သူ့ လက်ချောင်းများသည် ဟာရီ၏ မျက်စိအောက်တွင် ဖူးဖူးရောင်နေကြသည်။

'သူ့ကို ဖမ်းလိုက်၊ သူ့ကို ဖမ်းလိုက်' ဟု ဗော်လ်ဒီမော့က ထပ်၍ အော်သည်တွင် ကွစ်ရဲလ်က ရုတ်တရက် ထိုးလိုက်ရာ ဟာရီသည် ခြေကုပ်လွတ်၍ လဲကျသည်။ ကွစ်ရဲလ်က သူ့အပေါ်ကနေပြီး လက်နှစ်ဖက်သည် ဟာရီ့ လည်ပင်းတွင် ရောက်နေကြ၏။ ဟာရီ၏ အမာရွတ်သည် နာကျင်မှုဖြင့် သူ့ကို ကန်းစေတော့မလောက် ဖြစ်သော်လည်း ကွစ်ရဲလ်သည် ပြင်းစွာသော နာကျင်မှုဖြင့် ခွေးအူသလို အော်နေသည်ကိုတော့ တွေ့မြင်နိုင်သေးသည်။

'ဆရာသခင်၊ ကျွန်တော် သူ့ကို မကိုင်နိုင်ဘူး၊ ကျွန်တော့် လက်တွေ ကျွန်တော့် လက်တွေ..'

ကွစ်ရဲလ်သည် ဟာရီကို မြေကြီးပေါ်က မထနိုင်အောင် ဒူးများဖြင့် ဖိထားသော်လည်း လည်ပင်းကိုမူ လက်လွှတ်လိုက်ပြီး ဘာလုပ်ရမှန်း မသိသလို သူ့လက်ဝါးတွေကို ပြူးကြည့်နေ၏။ သူ့ လက်ဝါးများသည် လောလောလတ်လတ် မီးကျွမ်းနေပြီး ရဲတွတ် တောက်ပြောင်နေကြသည်။

'ဒါဆိုရင်လည်း သူ့ကို သတ်ပစ်လိုက်ပါလား လူမိုက်ရဲ့၊ ရှင်းပစ်လိုက်လေ' ဟု ဗော်လ်ဒီမော့က စူးစူးဝါးဝါး အော်ပြော၏။

ကွစ်ရဲလ်က လက်တွေကို မြှောက်၍ မရဏ မန္တန်ကို ရွတ်ဆိုတော့မည် အပြုတွင် ဟာရီသည် ဇာတိစိတ်၏ နှိုးဆော်ချက်ဖြင့် လက်ကို ဆန့်ကာ ကွစ်ရဲလ်၏ မျက်နှာကို ဖမ်းဆုပ်လိုက်သည်။

'အား ...'

ကွစ်ရဲလ်သည် လိမ့်ထွက်သွားသည်။ သူ့ မျက်နှာမှာလည်း ပူလောင်သဖြင့် ဖူးဖူးရောင်နေ၏။ ထိုအခါတွင် ဟာရီ သိလိုက်ရပါပြီ။ ကွစ်ရဲလ်သည် မိမိ၏ အသားချည်းသက်သက်ကို တို့ထိ၍မရ၊ ကြောက်စရာ ကောင်းလောက်အောင် နာကျင်မှု မဖြစ်ဘဲနှင့် တို့ထိ၍ မရ ဟူသည်ပင် ဖြစ်၏။ သူ့ အတွက် တစ်ခုတည်းသော အခွင့်အလမ်းမှာ ကွစ်ရဲလ်ကို ဖမ်းကိုင်ထားရန် ဖြစ်သည်။ သူ့ကို ပြုစား၍ မရအောင် ထိုက်ထိုက် လျောက်လျောက် နာကျင်မှု ပေးထားရန် ဖြစ်သည်။

ဟာရီသည် ခုန်ထပြီး ကွစ်ရဲလ်ကို လက်မောင်းမှ ဖမ်းကိုင်ကာ တတ်အားသရွေ့ တင်းကျပ်စွာ ဆုပ်ထား၏။ ကွစ်ရဲလ်သည် အော်ဟစ်ပြီး ဟာရီကို ခါယမ်းထုတ်သည်။ ဟာရီ၏ ဦးခေါင်းထဲတွင် နာကျင်မှုသည် ထုထည် ကြီးမားလာ၏။ သူ ဘာမှ မမြင်နိုင်။ ကွစ်ရဲလ်၏ ကြောက်မက်ဖွယ် အော်ဟစ်သံများနှင့် ဗော်လ်ဒီမော့၏ 'သူ့ကို သတ်၊ သူ့ကို သတ်' ဟူသော အသံတို့အပြင် သူ့ ဦးခေါင်းထဲက ဖြစ်ချင်ဖြစ်မည်၊ အခြားသော အသံများက 'ဟာရီ ... ဟာရီ' ဟု ခေါ်နေသံကို ကြားနေရသည်။

ကွစ်ရဲလ်၏ လက်သည် သူ၏ ဆုပ်ကိုင်မှုမှ လိမ်လှည့်၍ ဆွဲထွက်သည်ကို ခံစားရ၏။ အားလုံး ပျောက်ကွယ်သွားသည်ကို သူ သိ၏။ သူသည် မည်းမှောင်မှုထဲ ကျဆင်းသွားသည်။ ကျသွားသည် ... ကျသွားသည် ... ကျသွားသည်။

သူ၏ အထက်နားတွင် ရွှေရောင် တစ်စုံတစ်ခုသည် ပြောင်လက်နေ၏။အလစ်သမား။ သူက ဖမ်းရန် ကြိုးစား၏။ သို့သော် သူ့လက်တွေ တအား လေးလံနေသည်။

သူက မျက်တောင်ခတ်ကြည့်၏။ 'အလစ်သမား' လုံးဝ မဟုတ်ပါ။ မျက်မှန်ကွင်း တစ်စုံသာ ဖြစ်ပါသည်။ ဆန်းကြယ်လေစွ။

သူက မျက်တောင်ထပ်၍ ခတ်ပြန်၏။ သူ့ အထက်တွင် အဲလ်ဘတ်စ် ဒမ်ဗယ်လ်ဒေါ၏ ပြုံးနေသော မျက်နှာသည် မြင်ကွင်းထဲသို့ မျောဝင်လာ၏။

'မင်္ဂလာ ရှိသော နေ့လယ်ခင်း ဖြစ်ပါစေ ဟာရီ' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြောသည်။

ဟာရီက သူ့ကို စိုက်ကြည့်၏။ ထိုနောက် သူ သတိရလာသည်။ 'ဆရာ၊ ဓာတ်လုံးကော၊ အဲဒါ ကွစ်ရဲလ်ပဲ၊ သူ ဓာတ်လုံးကို ရသွားပြီ ဆရာ၊ မြန်မြန်'

'စိတ်ကို ထိန်းထားစမ်းပါ လူကလေးရယ်၊ မင်း ခေတ်နည်းနည်း နောက်ကျသွားပြီကွ' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြောသည်။ 'ကွစ်ရဲလ်က ဓာတ်လုံးကို မရပါဘူးကွာ'

'ဒါဖြင့် ဘယ်သူ ရသွားသလဲ ဆရာ၊ ကျွန်တော်'

'ဟာရီ တစ်ဆိတ် ငြိမ်ငြိမ်ဆိမ်ဆိမ် နေစမ်းပါ၊ တော်တော်ကြာ မာဒမ်ပွမ်ဖရီက ငါ့ကို မောင်းထုတ်နေဦးမယ်'

ဟာရီက မျိုသိပ်၍ ပတ်ပတ်လည်ကို လှည့်ကြည့်သည်။ သူသည် ဆေးရုံ အဆောင်ကို ရောက်နေခြင်း ဖြစ်ရမည်ဟု သဘောပေါက်ရတော့သည်။ သူသည် အဖြူရောင် လင်နင်စောင်များနှင့် အတူ ခုတင် တစ်လုံးပေါ်တွင် လှဲနေပြီး ဘေးနားက စားပွဲပေါ်တွင် အချိုမုန့်များ ရောင်းသည့်ဆိုင်မှ ပစ္စည်းများဟု ထင်မှတ်ရသည့် ပစ္စည်းများ စုပုံနေသည်။

'မင်းရဲ့ သူငယ်ချင်းတွေ၊ ချီးကျူးသူတွေရဲ့ အမှတ်တရ ပစ္စည်းတွေလေ' ဆရာ ဒမ်ဗယ်လ်ဒေါက ဝင်းကြည်သော မျက်နှာဖြင့် ပြောသည်။ 'မြေတိုက်ခန်းတွေထဲမှာ မင်းနှင့် ပရိုဖက်ဆာ ကွစ်ရဲလ် ဖြစ်ပျက်ခဲ့သမျှတွေဟာ လုံးဝ လျှို့ဝှက်ချက်ပဲလေ၊ ဒီတော့ လျှို့ဝှက်ချက် ဆိုတဲ့ အတိုင်း တစ်ကျောင်းလုံး သိကုန်တော့တာပေါ့၊ မင်းဆီကို နောက်ဖေးသွား ထိုင်ခုံကို ပို့ပေးတာ မင်းရဲ့ သူငယ်ချင်းတွေ ဖြစ်တဲ့ မစ္စတာ ဖရက်နှင့် ဂျော့ ဝီးဇလီတို့လို့ ငါ ထင်တာပဲ၊ မင်းကို ရယ်ရွှင်သွားအောင် သူတို့ လုပ်ကြတာ ဖြစ်မှာကတော့ သံသယ ရှိစရာ မလိုပါဘူး၊ ဒါပေမဲ့ မာဒမ် ပွမ်ဖရီက အဲဒါဟာ သိပ်ပြီး ကျန်းမာရေးနှင့် မညီညွတ်ဘူး ဆိုပြီး ပစ္စည်းကို သိမ်းလိုက်တယ်လေ'

'ကျွန်တော် ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ'

'သုံးရက် ရှိပြီလေ၊ မစ္စတာ ရော်နယ် ဝီးဇလီနှင့် မစ္စ ဂရိန်ဂျာတို့ဟာ မင်း သတိပြန်ရပြီ ဆိုတာကို သိရရင် စိတ်အသက်သာဆုံး လူတွေ ဖြစ်ကြလိမ့်မယ်၊ သူတို့က တအား စိတ်ပူနေကြတယ်ကွ'

'ဒါပေမဲ့ ဆရာ၊ ခတ်လုံးကော'

'မင်းကို စကားလွှဲလို့ မရဘူး ဆိုတာ ငါ သိပြီ၊ ကောင်းပြီ၊ ခတ်လုံး အကြောင်း ပြောမယ်၊ ပရိုဖက်ဆာ ကွစ်ရဲလ်ဟာ အဲဒါကို မင်းဆီက ယူဖို့ မလုပ်ခဲ့ဘူး၊ အဲဒါကို တားဆီးဖို့ ငါ အချိန်မီ ရောက်လာတယ်၊ မင်းကလည်း မင့်နည်းနှင့် ကောင်းကောင်း လုပ်ထားတာပါပဲလို့ ငါ ပြောရမှာပါ'

'ဟို ရောက်ခဲ့လား၊ ဟမိုင်းယွန်းနီရဲ့ ဇီးကွက်ကို ရသလား'

'လေထဲမှာ လမ်းလွဲခဲ့တာ ဖြစ်မယ်၊ ငါဟာ လန်ဒန်ကို ရောက်တာနှင့် တစ်ပြိုင်နက် ငါ ရှိရမယ့် နေရာဟာ ငါ ထွက်လာခဲ့တဲ့ နေရာပဲ ဖြစ်ရမယ် ဆိုတာ ရှင်းသွားတော့တယ်၊ ဒါနှင့် ငါဟာ ကွစ်ရဲလ်ကို မင်းဆီက ဆွဲဖယ်ဖို့ အချိန်မီ ရောက်လာခဲ့တယ်လေ'

'ဩ ... ဆရာကိုး'

'ငါ အရမ်း နောက်ကျသွားမှာ စိုးမိတယ်'

'နောက်ကျတော့မလို့ပဲ၊ ကျွန်တော်ဟာ သူ့ကို ခတ်လုံးဆီက နောက်ထပ်ကြာကြာ ဖယ်မထားနိုင်တော့ဘူး'

'ခတ်လုံးဆီက မဟုတ်ဘူး လူကလေး၊ မင့်ဆီက အားထုတ်လိုက်ရတဲ့ ဟာက မင်းကို သတ်တော့မလောက် ဖြစ်နေပြီ၊ ငါ နည်းနည်းပဲ နောက်ကျတော့ အားထုတ်ရမှုက မင်းကို သတ်လိုက်ပြီ ဖြစ်မယ်၊ ခတ်လုံးနှင့် ပတ်သက်လို့ ပြောရရင်တော့ ခတ်လုံးကို ဖျက်ဆီးပစ်လိုက်ပြီ'

'ဖျက်ဆီးပစ်လိုက်ပြီ ဟုတ်လား' ဟု ဟာရီက ဝေးကြောင်ကြောင်နှင့် ပြောသည်။ 'နို့ ဆရာ့ မိတ်ဆွေ နီးကလပ် ဖလမ်းမဲ'

'အို မင်းက နီးကလပ် အကြောင်း သိနေသကိုး' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ဝမ်းမြောက်သွားသည့် အသံဖြင့် ပြော၏။ 'မင်းဟာ သင့်တော်သလို လုပ်ခဲ့တယ် မဟုတ်လား၊ အဲ ... နီးကလပ်နှင့် ငါနှင့် နည်းနည်းပါးပါး ပြောဆို ဆွေးနွေးကြပြီး ဒါဟာ အကောင်းဆုံးပဲလို့ သဘောတူကြတယ်'

'ဒါပေမဲ့ ဒါဟာ သူနှင့် သူ့ဇနီးတို့ သေရမယ်လို့ အဓိပ္ပာယ် ပေါက်တယ် မဟုတ်ဘူးလား'

'သူတို့ စီစဉ်စရာ ရှိတာတွေ စီစဉ်ဖို့ အချိန်အတွက်တော့ သူတို့မှာ ဇီဝဆေးရည် အလုံအလောက် ရှိတယ်လေ၊ အေး ဒီ့နောက်တော့ သူတို့ သေကြမှာပေါ့'

ဟာရီ၏ မျက်နှာတွင် အံ့ဩသွားသော ပုံကို မြင်၍ ဆရာ ဒမ်ဗယ်လ်ဒေါက ပြုံးသည်။

'မင်းလို ငယ်ရွယ်သူ အဖို့တော့ မယုံကြည်နိုင်စရာပဲ ဆိုတာ သေချာပါတယ်၊ ဒါပေမဲ့ နီးကလပ်နှင့် ပယ်ရင်နဲလ်တို့ အဖို့တော့ အရမ်း အရမ်းကို ရှည်လျားတဲ့ နေ့တာကြီး အပြီး အိပ်ရာဝင်ရသလို ဖြစ်မှာ တကယ်ပဲ၊ တကယ်ဆိုတော့လည်း သေသေချာချာ စနစ်ချပေးထားတဲ့ စိတ်ရှိသူ အတွက် သေတယ်ဆိုတာ နောက်ထပ် စွန့်စားခန်းကြီး တစ်ခုပါပဲလေ၊ မင်း သိလား၊ ဓာတ်လုံးဟာ တကယ်တော့ ဒါလောက် အံ့ဩစရာ မဟုတ်ပါဘူး၊ မင်း လိုချင်နိုင်သလောက် ငွေကြေးနှင့် သက်တမ်းကို ရစေတယ်၊ လူသားတွေက အရာ အားလုံးထက် ရွေးချယ်မယ့်ဟာ နှစ်ခုပဲနော်၊ ဒါပေမဲ့ ခက်တာက လူသားတွေဟာ သူတို့အတွက် အဆိုးဝါးဆုံးကိုမှ ရွေးချယ်တတ်တဲ့ အကျင့် ရှိတယ်'

ဟာရီသည် စကား မပြောနိုင်ဘဲ လှဲလျောင်းနေ၏။ ဆရာ ဒမ်ဗယ်လ်ဒေါက တေးကလေး တစ်ခုကို ခပ်တိုးတိုး ညည်းရင်း မျက်နှာကြက်ကို ပြုံး၍ ကြည့်နေသည်။

'ဆရာ ခင်ဗျား ...' ဟု ဟာရီက ပြောသည်။ 'ကျွန်တော် တွေးနေမိတယ် ဆရာ၊ ဓာတ်လုံးက သွားပြီ ထားပါတော့၊ ဗော်လ် ... အဲ ဘယ်သူ ဆိုတာ သိတဲ့လူ'

'ဗော်လ်ဒီမော့လို့ ခေါ်စမ်းပါ ဟာရီ၊ အရာရာကို နာမည် နာမ အမှန်ကိုသာ အမြဲ သုံးစမ်းပါ၊ နာမည်ကို ကြောက်တာဟာ အဲဒါကိုပါ ကြောက်တဲ့ အကြောက်တရား ပိုလာတတ်တယ်'

'ဟုတ်ကဲ့ ဆရာ၊ အဲ ဗော်လ်ဒီမော့ဟာ ပြန်လာဖို့ တခြားနည်းတွေ ကြိုးစားနေမှာပဲ၊ မဟုတ်ဘူးလား၊ ကျွန်တော် ဆိုလိုတာက သူ သေမသွားသေးဘူး မဟုတ်လား'

'ဟင့်အင်း ဟာရီ၊ သူ သေမသွားသေးပါဘူး၊ သူ အဝေး တစ်နေရာမှာ ရှိနေပါသေးတယ်၊ သူ ခွဲဝေယူနိုင်ဖို့ နောက် ကိုယ်ခန္ဓာ တစ်ခုကို ရှာနေမှာပေါ့၊ သူက တကယ်ဆိုတော့ အသက်ရှင်နေတာ စစ်စစ်တော့ မဟုတ်တော့ သူ့ကို သတ်လို့ မရဘူး၊ သူဟာ ကွစ်ရဲလ်ကို သေကျန်ရစ်အောင် ခွာပစ်လိုက်တယ်၊ ဒီလိုပဲ သူဟာ သူ့ နောက်လိုက်တွေ အပေါ်လည်း သူ့ ရန်သူတွေ အပေါ်မှာလိုပဲ ကရုဏာ ကင်းလှပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဟာရီ၊ မင်းဟာ သူ့ကို တန်းခိုးအာဏာ ပြန်ရဖို့အရေး နှောင့်နှေးအောင် လုပ်လိုက်ပေမဲ့ နောင်တစ်ချိန်မှာ တစ်ယောက်ယောက်က မနိုင်မယ့် တိုက်ပွဲလို ဟာမျိုးကို တိုက်ဖို့ လုပ်ပြန်ဦးမယ်၊ ဒီတော့ သူဟာ နှောင့်နှေးသွားပြန်ရော၊ ဒီလိုနှင့် နှောင့်နှေး နှောင့်နှေးသွားတော့ သူ ဘယ်တော့မှ တန်းခိုးအာဏာ ပြန်ရတော့မှာ မဟုတ်ဘူး'

www.burmeseclassic.com

ဟာရီက ခေါင်းညိတ်၏။ သို့သော် ချက်ချင်း ရပ်ပစ်လိုက်မိသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းညိတ်လျှင် ခေါင်းထဲက နာကျင်လာသောကြောင့် ဖြစ်၏။ ထိုနောက် သူက ပြောသည်။ 'ဆရာ ကျွန်တော် သိချင်တာတွေ ရှိသေးတယ်၊ ဆရာ ပြောပြနိုင်မယ် ဆိုရင်ပေါ့နော်၊ ကျွန်တော် သိချင်တဲ့ အမှန်တရားတွေ အကြောင်း'

'အမှန်တရား' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက သက်ပြင်းချ၏။ 'အဲဒါဟာ လှပပြီး ကြောက်စရာ ကောင်းတဲ့ဟာပဲ၊ အဲဒါကြောင့် အဲဒါကို သတိကြီးကြီးနှင့် ဆက်ဆံရမယ်၊ ဒါပေမဲ့ ငါ မဖြေနိုင်စရာ အကြောင်း ရှိတာသာ မဟုတ်ဘူး ဆိုရင် မင်း မေးသမျှတွေကို ငါ ဖြေမှာပဲ၊ မဖြေနိုင်စရာ အကြောင်း ရှိတာ ကျတော့ မင်းကို ခွင့်လွှတ်ပါ ဆိုပြီး မဖြေဘဲ ထားမယ်၊ ငါ လိမ်တော့ မလိမ်ဘူးပေါ့နော်'

'ဟိုဟာ ... ဗော်လ်ဒီမော့က ပြောတော့ သူက ကျွန်တော့် အမေကို သတ်လိုက်ရတာက ကျွန်တော့်အမေက ကျွန်တော့် အသက်ကို ကာကွယ်လို့တဲ့၊ ဒါပေမဲ့ ပထမ သိချင်တာက သူက ဘာဖြစ်လို့ ကျွန်တော့်ကို သတ်ချင်ရတာတဲ့တုံး'

ဤအကြိမ်တွင် ဆရာ ဒမ်ဗယ်လ်ဒေါသည် သက်ပြင်းရှည်ကြီး ချတော့သည်။

'အောင်မယ်လေး၊ မင်း ပထမဆုံး မေးတာကို ငါက မဖြေနိုင်ဘူး၊ ဒီနေ့မှာ မဖြေနိုင်ဘူး၊ အခု မဖြေနိုင်ဘူး၊ တစ်နေ့တော့ မင်း သိပါလိမ့်မယ်၊ အခုနေတော့ အဲဒါကို စိတ်ထဲက ဖယ်ထုတ်ထားစမ်းပါ ဟာရီရယ်၊ မင်း အသက်ကြီးလာတဲ့အခါ ... မင်း ဒီစကားကို မကြားချင်ဘူး ဆိုတာ ငါ သိတယ်၊ မင်း အသင့်ဖြစ်တဲ့ အခါမှာ မင်း သိပါလိမ့်မယ်'

ငြင်းခုံနေလို့တော့ အကျိုးမထူး ဆိုသည်ကို ဟာရီ သိပါ၏။

'ဒါပေမဲ့ ကွစ်ရဲလ်က ဘာဖြစ်လို့ ကျွန်တော့်ကို ထိလို့ မရတာလဲ'

'မင့် အမေက မင်းကို ကယ်ဖို့အတွက် သေသွားရတယ်၊ လောကမှာ ဗော်လ်ဒီမော့ နားမလည်နိုင်တာ တစ်ခု ရှိတယ် ဆိုရင် အဲဒါဟာ မေတ္တာပဲ၊ မေတ္တာတရားဟာ အစွမ်း ထက်မြက်တယ် ဆိုတာ သူ သဘောမပေါက်ခဲ့ဘူး၊ မင်းအပေါ်ထားတဲ့ မင်းအမေရဲ့ မေတ္တာဟာ သူ့ အမှတ်တံဆိပ် သူ ရှိတယ်လေ၊ အနာရွတ် မဟုတ်ဘူး၊ မြင်ရတဲ့ အမှတ်လက္ခဏာ မဟုတ်ဘူး၊ သိပ်ပြီး နက်နက်ရှိုင်းရှိုင်း ချစ်တာကို ခံရရင် ငါတို့ကို ချစ်တဲ့လူ မရှိတော့သည့်တိုင်အောင် ငါတို့ကို ထာဝစဉ် အကာအကွယ် ပေးသွားတယ်၊ အဲဒါ မင်းရဲ့ အရေပြား ဆိုတဲ့ ဟာထဲမှာ ရှိတယ်၊ အမုန်းတရား၊ လောဘတရား၊ ပြင်းပြတဲ့ ကြီးမြင့်လိုတဲ့ လိုဘတရားတွေ ပြည့်နှက်နေပြီး သူ့ စိတ်ကို ဗော်လ်ဒီမော့နှင့် ခွဲဝေယူထားရတဲ့ ကွစ်ရဲလ်ဟာ အဲဒီ အကြောင်းကြောင့် မင်းကို မတို့ထိနိုင်ဘူး၊ သိပ်ကောင်းမွန်တဲ့ဟာ တစ်ခုက အမှတ်အသား ပြုထားတဲ့ လူတစ်ယောက်ကို တို့ထိတယ် ဆိုတာ ပြင်းထန်တဲ့ ဝေဒနာကို ခံစားရတာပဲ'

ယခုအခါတွင် ဆရာ ဒမ်ဗယ်လ်ဒေါသည် ပြတင်းပေါက်ပေါင်ပေါ်တွင် ရှိနေသော ငှက်တစ်ကောင်ကို လွန်စွာ စိတ်ဝင်စားသွားသည်ဖြစ်ရာ ဟာရီမှာ စောင်ဖြင့် မျက်ရည်သုတ်ချိန် ရသွားလေသည်။ အသံပြန်ထွက်၍ ရလာသော အခါတွင် ဟာရီက ပြောသည်။ 'ပြီးတော့ ရှိန်းဆာယာ အပေါ်ရုံ အင်္ကျီလေ၊ အဲဒါကို ကျွန်တော့်ဆီ ဘယ်သူ ပို့တယ် ဆိုတာ ဆရာ သိသလား'

'အာ အဲဒါဟာ မင့်အဖေက ငါ့ဆီမှာ ထားရစ်ခဲ့တဲ့ ပစ္စည်းပဲ၊ ငါက မင်းကြိုက်မလားလို့' ဆရာ ဒမ်ဗယ်လ်ဒေါ၏ မျက်စိများသည် အရောင် မှိတ်တုတ် မှိတ်တုတ် ဖြစ်သွားကြသည်။ 'အသုံးဝင်တဲ့ ဟာတွေ ... မင်းအဖေက အဲဒါကို ဒီမှာနေတုန်းက စားစရာတွေ ခိုးစားဖို့ မီးဖိုချောင်ကို ခိုးကြောင်ခိုးဝှက် သွားရာမှာ အသုံးပြုခဲ့တာ'

'နောက်ပြီး ရှိသေးတယ်'

'ကုန်အောင် မေးစမ်းကွာ'

'ကွစ်ရဲလ်နှင့် စနိတ်'

'ပရိုဖက်ဆာ စနိတ်ပါ ဟာရီ'

'ဟုတ်ကဲ့ သူပါပဲ၊ ကွစ်ရဲလ်က ပြောတော့ ဆရာ စနိတ်က ကျွန်တော့်ကို မုန်းတာ၊ ကျွန်တော့် အဖေကို မုန်းခဲ့လို့ပဲတဲ့၊ အဲဒါ ဟုတ်သလား'

'အဲ သူတို့ တစ်ယောက်နှင့် တစ်ယောက်တော့ မုန်းတီးကြတာပဲ၊ မင်းနှင့် မစ္စတာ မာလ်ဖွိုင်းနှင့်တော့ မတူဘူးပေါ့လေ၊ အဲဒီတွင် မင်းအဖေက စနိတ် ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာကို လုပ်ခဲ့တယ်'

'အဲဒါ ဘာလဲ'

'မင်းအဖေက သူ့အသက်ကို ကယ်လိုက်တယ်'

'ခင်ဗျာ'

'အေး' ဟု ဒမ်ဗယ်လ်ဒေါက အိပ်မက် မက်နေသလို ပြောသည်။ 'လူတွေရဲ့ စိတ်ကူး သဘောထားတွေဟာ ရယ်စရာ ကောင်းတယ်နော်၊ ပရိုဖက်ဆာ စနိတ်ဟာ မင်းအဖေရဲ့ ကျေးဇူးကြီး သူ့ အပေါ် ကြွေးတင်နေတာကို မခံနိုင်ဘူး၊ ဒီနှစ်မှာ သူဟာ မင်းကို ကယ်ဆယ်ဖို့ တအား ကြိုးစား လုပ်ကိုင်ခဲ့တယ်လို့ ငါ ယုံကြည်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလို လုပ်လိုက်ရင် မင်းအဖေရဲ့ ကြွေးတွေ ကျေမယ်ပေါ့ကွာ၊ ပြီးတော့မှ အမုန်းရမှုထဲမှာ မင်းအဖေကို အေးအေးဆေးဆေး ဆက်မုန်းနိုင်တော့မယ်လေ'

ဟာရီက ဒါကို နားလည်ဖို့ ကြိုးစား၏။ သို့ရာတွင် ဤသို့ ပြုလုပ်ခြင်းသည် သူ့ဦးခေါင်းကို ထုထောင်းသလို ဖြစ်စေသောကြောင့် သူ ရပ်ပစ်လိုက်သည်။

'ပြီးတော့ ဆရာ၊ နောက် တစ်ခု ရှိသေးတယ်'

'တစ်ခုတည်းပဲလား'

'မြကြေးမုံထဲက ခတ်လုံးကို ကျွန်တော် ဘယ်လို ရသလဲ'

'အား … အေး … မင်း ဒါကို မေးတာ ငါ ဝမ်းသာတယ်၊ ဒါဟာ ငါ့ရဲ့ တောက်ပြောင်တဲ့ စိတ်ကူး တစ်ခုပဲ၊ မင်းနှင့် ငါ နှစ်ကိုယ်ကြား ပြောရရင် အဲဒါဟာ တစ်စုံတစ်ခုကို ပြောတာပဲ၊ ဘာလဲဆိုရင် ခါတ်လုံးကို တွေ့ချင်ရင် တွေ့ရမယ်၊ ဒါပေမဲ့ မသုံးရဘူး၊ ဒီလို လူမျိုးမှ ခါတ်လုံးကို ရမယ်၊ နို့မဟုတ်ရင် သူတို့က ခါတ်လုံးရသွားရင် ရွှေရင်လည်း လုပ်မယ်၊ ရသာယန ဇီဝ ဆေးရည်ရင်လည်း ဖော်မယ်၊ မသုံးမယ့်လူမှ တွေ့ပြီး ရရှိမယ်ပေါ့ကွာ၊ ငါ့ ဦးနှောက်က တစ်ခါတလေ ငါ့ကိုတောင် ပြန်ပြီး အံ့အားသင့်စေတယ်၊ ကဲ မေးခွန်းတွေ တော်လောက်ပြီကွာ၊ မင်း ဒီမုန့်တွေကို စပြီး စားတော့လို့ ငါက အဆိုပြုချင်တယ်၊ အား ဘာတီဘော့ရဲ့ ရသာစုံပဲများ၊ ငါက ကံဆိုးချင်တော့ ငယ်ငယ်တုန်းက အန်တဲ့ အရသာပဲကို သွားစားမိကတည်းက အဲဒါတွေကို စားချင်စိတ် ပျောက်သွားတော့တာပဲ၊ ဒါပေမဲ့ အရသာရှိတဲ့ တော်ဖီဆိုရင်တော့ အန္တရာယ် မရှိဘူး ထင်ပါတယ်ကွာ၊ မဟုတ်ဘူးလား'

သူသည် ပြုံး၍ ရွှေညိုရောင်ပဲကို ပါးစပ်ထဲ ဆတ်ခနဲ ထည့်လိုက်သည်။ ထိုနောက် သူသည် နင်သလို ဖြစ်သွားပြီး 'အောင်မယ်လေး နားဖာချေး အရသာကွ' ဟု ပြောတော့၏။

သူနာပြုဆရာမချုပ်ကြီး မာဒမ် ပွမ်ဖရီသည် ကောင်းမွန်လှသော အမျိုးသမီးကြီး ဖြစ်သည်။ သို့သော် အလွန်ပင် စည်းကမ်းကြီးလှပေသည်။

'ငါးမိနစ်ပဲ' ဟု ဟာရီက တောင်းပန်၏။

'လုံးဝ ခွင့်မပြုနိုင်ဘူး'

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါကိုတော့ ခွင့်ပြုခဲ့တယ်'

'အဲ ဟိုဟာက ကျောင်းအုပ်ကြီးကိုး၊ တော်တော် ကွာခြားတယ်၊ နင်ဟာ နားဖို့ လိုအပ်တယ်လေ'

'ကျွန်တော် နားနေတာပဲ၊ ကြည့်လေ လှဲအိပ်တာတွေ ဘာတွေ လုပ်နေတာပဲ၊ အို လုပ်ပါ မာဒမ် ပွမ်ဖရီရယ်'

'အေး ကောင်းပြီ' ဟု သူက ပြော၏။ 'ဒါပေမဲ့ ငါးမိနစ်ပဲနော်'

ထိုနောက် သူသည် ရွန်နှင့် ဟမိုင်းယွန်းနီတို့ကို ဝင်ခွင့်ပြုလိုက်၏။

'ဟာရီ'

ဟမိုင်းယွန်းနီကို ကြည့်ရသည်မှာ ဟာရီကို တစ်ကြိမ် ထပ်၍ လက်များဖြင့် ရစ်ပတ် ဖွဲ့ယုက်ရန် အဆင်သင့် ဖြစ်နေသည့်ပုံ ရှိသည်။ သို့သော် သူ ဝမ်းသာစရာ၊ ဟမိုင်းယွန်းနီသည် သူ့စိတ်ကိုသူ ထိန်းလိုက်သည်။ ဝမ်းသာရသည့် အကြောင်းရင်းကား သူ့ ဦးခေါင်းသည် နာကျင်နေဆဲပင် ရှိသေးသောကြောင့်ပင် ဖြစ်ပေ၏။

'အို ဟာရီ၊ ငါတို့က နင်တော့ … ဆရာ ဒမ်ဗယ်လ်ဒေါက အရမ်း စိတ်ပူနေခဲ့တာပဲ'

'တစ်ကျောင်းလုံးက ပြောနေကြတာပဲ' ဟု ရွန်က ပြောသည်။ 'တကယ်က ဘယ်လို ဖြစ်တာလဲ'

ဤကား တကယ့်ဖြစ်ရပ်သည် ရမ်းပြောသော ကောလာဟာလများထက် ပို၍ပင် ဆန်းကြယ်၊ ပို၍ပင် စိတ်လှုပ်ရှားဖွယ် ကောင်းသော ကြုံခဲ့လှသည့် အဖြစ်မျိုး တစ်ခု ဖြစ်လေတော့သည်။ ဟာရီက သူတို့ကို အားလုံး ပြောပြ၏။ ကွစ်ရဲလ်၊ မြကြေးမုံ၊ ဓာတ်လုံး၊ ဖော်လ်ဒီမော့တို့ အကြောင်း။ ရွန်နှင့် ဟမိုင်းယွန်းနီတို့က ပရိသတ်ကောင်း ဖြစ်သည်။ သူတို့သည် ဖြစ်သင့်သည့် နေရာတိုင်းတွင် ပင့်သက်ဖြာကြ၏။ ကွစ်ရဲလ်၏ ဦးပေါင်းကြီး အောက်တွင် ဘာရှိသည်ကို ပြောပြသောအခါ ဟမိုင်းယွန်းနီက ကျယ်လောင်စွာ အော်မိတော့သည်။

'ဒါဖြင့် ဓာတ်လုံးက သွားပြီပေါ့' ဟု နောက်ဆုံးတွင် ရွန်က ပြော၏။ 'ဖလမ်းမဲက သေရတော့မယ်ပေါ့'

'ငါက အဲဒီလို ပြောတာပဲ၊ ဒါပေမဲ့ ဆရာ ဒမ်ဗယ်လ်ဒေါက ယူဆတာက ဘာတဲ့၊ အဲ သေသေချာချာ စနစ်ချပေးထားတဲ့ စိတ်ရှိသူ အတွက် သေတယ် ဆိုတာ နောက်ထပ် စွန့်စားခန်းကြီး တစ်ခုပါပဲ ... တဲ့'

'သူဟာ ကြောင်တတ်ပါတယ်လို့ ငါ အမြဲတမ်း ပြောသားပဲ' ဟု ရွန်က ပြောသည်။ သူ့ သူရဲကောင်းကြီးသည် အဘယ်မျှ ကြောင်သည်ကို စိတ်ထဲ စွဲထင်သည့် ပုံမျိုး ရှိသည်။

'မင်းတို့ နှစ်ယောက် ဘာတွေ ကြုံခဲ့ရသလဲ' ဟု ဟာရီက ပြော၏။

'အဲ ငါ ပြန်တော့ ရောက်ခဲ့တယ်' ဟု ဟမိုင်းယွန်းနီက ပြောသည်။ 'ငါက ရွန်ကို သတိရအောင် လုပ်ရတယ်၊ အဲဒါ နည်းနည်းတော့ အချိန်ယူရတယ်ပေါ့လေ၊ နောက်တော့ ငါတို့ ဇီးကွက် ရိပ်မြုံဆီကို တစ်ရှိန်ထိုး ပြေးကြပြီး ဆရာ ဒမ်ဗယ်လ်ဒေါဆီကို ဆက်သွယ်ဖို့ လုပ်တယ်၊ ပြန်လာတော့ သူ့ကို အဝင်ဝ ခန်းမကြီးထဲမှာ တွေ့ရတော့တာပဲ၊ သူက သိထားနှင့်ပြီ၊ ဟာရီက သူ့နောက် လိုက်သွားတယ် မဟုတ်လားလို့သာ သူက ပြောတယ်၊ ပြီးတော့ သူဟာ တတိယထပ်ကို သုတ်ခြေတင်တော့တာပဲဟယ်'

'မင်း အဲဒါကို လုပ်ဖို့ သူ ရည်ရွယ်ရင်း ရှိတယ်လို့ မင်း ထင်သလား' ဟု ရွန်က ပြောသည်။ 'မင်းဆီကို မင်းအဖေရဲ့ အပေါ်ရုံ အင်္ကျီ ပို့တာတွေ ဘာတွေပေါ့ကွာ'

'ဟင်' ဟမိုင်းယွန်းနီက ပေါက်ကွဲသည်။ 'တကယ်လို့ သူ ရည်ရွယ်တယ် ဆိုရင် ငါ ပြောချင်တာက တကယ် ဆိုးဝါးတာပဲ၊ နင် အသတ်ခံရနိုင်တယ်'

'သူက ငါ့ကို သေစေချင်တာတော့ မဟုတ်ပါဘူး' ဟု ဟာရီက နက်နဲစွာ တွေးတော ပြောဆိုသည်။ 'ဆရာ ဒမ်ဗယ်လ်ဒေါဟာ ရယ်စရာ ပုဂ္ဂိုလ်ပဲ၊ သူက ငါ့ကို အခွင့်အလမ်း ဖန်တီးပေးချင်တယ်လို့ ငါ ထင်တယ်၊ ဒီမှာ ဖြစ်နေတာတွေ အားလုံးကို အနည်းနှင့် အများ သူ သိနေတယ်လို့ ငါ ထင်တယ်၊ ကြည့်လေ ငါတို့ ကြိုးစား လုပ်ကိုင်ခဲ့တာတွေကို သူ တော်တော်ကလေး သဘော ပေါက်တယ်လို့ ငါ ထင်တယ်၊ သူဟာ တားဆီး ပိတ်ပင်ရမယ့် အစား ငါတို့ အတွက် အထောက်အပံ့ ဖြစ်မှာတွေကို သင်ကြားပေးတယ်၊ မြကြေးမုံ ဘယ်လို အလုပ်လုပ်တယ် ဆိုတာ ငါ ဖော်ထုတ်ဖို့ အခွင့်ရတာ မတော်တဆလို့ ငါ မထင်ဘူး၊ ငါဟာ တတ်နိုင်ရင် ဗော်လ်ဒီမော့ကို ရင်ဆိုင်ဖို့ အခွင့်အရေး ရှိတယ်လို့ သူ ထင်နေပုံ အများကြီး ရပါတယ်'

'အေးပေါ့လေ၊ ဆရာ ဒမ်ဗယ်လ်ဒေါရဲ့ အခေါက်ခွာပုံပေါ့၊ ကောင်းပြီ' ဟု ရွန်က ဂုဏ်ယူ ဝင့်ကြွားစွာ ပြောသည်။ 'နားထောင်စမ်း၊ နက်ဖြန် ကျင်းပမယ့် နှစ်ကုန် စားသောက်ပွဲ အတွက် မင်းတို့ ထူထူထောင်ထောင် ဖြစ်ကြရမယ်၊ အမှတ်တွေ အကုန်ပေးပြီးပြီ၊ ဆလိုင်သရင် ကတော့ နိုင်တာ ပေါ့နော်၊ မင်းက နောက်ဆုံး ကွစ်ဒစ်ချ်ပွဲကို

လွတ်သွားတယ်၊ အဲဒီပွဲမှာ ရေဗွင်ကလောက ငါတို့ကို လမ်းကြိတ်စက်နှင့် ကြိတ်သလို ပြားနေအောင် တို့ခံကြရတယ်၊ မင်းကမှ မပါဘဲကိုး၊ ဒါပေမဲ့ နက်ဖြန် စားရမယ့် အစားအစာတွေ ကတော့ ကောင်းမှာပါပဲ'

ထိုခဏတွင် မာဒမ် ပွမ်ဖရီက ပူညံ ပူညံ လုပ်တော့၏။

'နင်တို့ ဆယ့်ငါးမိနစ်တောင် ရှိကြတော့မယ်၊ ကဲ ထွက်ကြ' ဟု သူက ခိုင်ခိုင်မာမာ ပြောကြားလေသည်။

တစ်ည ကောင်းကောင်း အိပ်လိုက်ရပြီးနောက် ဟာရီသည် ပုံမှန် ပြန်ဖြစ်သလောက်နီးနီး ခံစားရ၏။

'ကျွန်တော် စားသောက်ပွဲကို သွားချင်တယ်' ဟု သူက မာဒမ် ပွမ်ဖရီကို ပြောသည်။ မာဒမ် ပွမ်ဖရီသည် များစွာသော မုန့်ပုံးတွေကို ထပ်စီပေးနေ၏။ 'ကျွန်တော် သွားရမလား၊ မသွားရဘူးလား'

'ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါက နင့်ကို သွားခွင့်ပြုရမယ်တဲ့' ဟု သူက နှာခေါင်းရှုံ့၍ ပြော၏။ သူ့ အယူအဆတွင် စားသောက်ပွဲများသည် အဘယ်မျှ အန္တရာယ် ရှိသည်ကို ပရိုဖက်ဆာ ဒမ်ဗယ်လ်ဒေါ မသိဟု ယူဆနေပုံရသည်။ 'ဩ နင့်ဆီကို လာတဲ့ နောက်ဧည့်သည် တစ်ယောက် ရောက်နေတယ်'

'အို ကောင်းတာပေါ့' ဟု ဟာရီက ပြောသည်။ 'ဘယ်သူလဲ'

သူ ပြောနေဆဲတွင်ပင် ဟတ်ဂရစ်သည် တံခါးပေါက်မှ ကိုယ်ကို စောင်း၍ ဝင်လာသည်။ ခါတိုင်းကဲ့သို့ပင် သူသည် အထဲ ရောက်လာသည် ရှိသော် ဟတ်ဂရစ်သည် ခွင့်မပြုချင်စရာ ကြီးမားလှသည့် ပုံပေါက်နေသည်။ သူသည် ဟာရီ၏ ဘေးနားတွင် ထိုင်၍ ဟာရီကို တစ်ချက် ကြည့်လိုက်ကာ ငိုချလိုက်လေတော့၏။

'ဒါတွေ ... အားလုံး ... ငါ့ ... ငါ့ အပြစ်ချည်းပဲ' သူသည် မျက်နှာကို လက်ဝါးများဖြင့် အုပ်ကာ ရှိုက်သည်။ 'ဖလပ်ဖီကို ဘယ်လို ကျော်ဖြတ်လို့ ရတယ် ဆိုတာ ငါက ဟို မိစ္ဆာကောင်ကို ပြောမိတယ်၊ ငါ ပြောလိုက်မိတယ်လေ၊ သူ မသိတာ အဲဒါ တစ်ခုတည်း ရှိတာ၊ အဲဒါကို ငါက ပြောလိုက်တယ်၊ မင်း သေသွားနိုင်တယ်နော်၊ နဂါးဥ တစ်လုံး အတွက်ကြောင့်ချည်းပဲ၊ ငါ နောက်ကို အရက် မသောက်တော့ဘူး၊ ငါ့ကို ကျောင်းက ကန်ထုတ်ပြီး မတ်ဂယ်တွေလိုပဲ အသက်မွေးဝမ်းကျောင်းဖို့ပဲ ကောင်းတော့တယ်'

'ဟတ်ဂရစ်' ဟု ဟာရီက ခေါ်သည်။ ဝမ်းနည်းခြင်းနှင့် နောင်တတို့ကြောင့် မျက်ရည်ပေါက်ကြီးများ မျက်စိထဲသို့ စီးဝင်လောက်အောင် ကိုယ်သိမ့်သိမ့်ခါနေသော ဟတ်ဂရစ်ကို မြင်ရသည်မှာ အထိတ်တလန့် ဖြစ်ဖွယ် ရှိလှသည်။ 'ဟတ်ဂရစ်၊ သူကတော့ တစ်နည်းနည်းနှင့် သိမှာပဲ၊ ကျွန်တော် ပြောနေတာက ဗော်လ်ဒီမော့ အကြောင်းပဲ၊ ခင်ဗျား မပြောလည်း သူ ဖော်ထုတ်နိုင်မှာပါ'

'မင်း သေသွားနိုင်တယ်နော်' ဟု ဟတ်ဂရစ်က ရှိုက်ရင်း ပြောသည်။ 'နာမည်ကြီးကို မရွတ်စမ်းပါနှင့်ကွာ'

'ဗော်လ်ဒီမော့' ဟာရီက အော်ထည့်၏။ ဟတ်ဂရစ်သည် အထိတ်တလန့် ဖြစ်သွားရကား ငိုကြွေးခြင်းကို ရပ်ပစ်လိုက်၏။ 'ကျွန်တော် သူ့ကို တွေ့ခဲ့ပြီးပြီ၊ ပြီးတော့ ကျွန်တော် သူ့ကို နာမည်ခေါ်ခဲ့တယ်၊ ပျော်ပျော်နေစမ်းပါ

ဟတ်ဂရစ်ရယ်၊ ကျွန်တော်တို့ ခေတ်လုံးကို ကယ်ဆယ်လိုက်နိုင်ခဲ့ပါပြီ၊ အဲဒါ သွားပြီ၊ သူ သုံးလို့ မရတော့ဘူး၊ ချောကလက်ဖား တစ်ခု ယူစားစမ်းပါ၊ ကျွန်တော့်မှာ တောင်လို ပုံနေတယ်'

ဟတ်ဂရစ်သည် လက်ဖမိုးဖြင့် နှာခေါင်းကို သုတ်ပြီး ပြော၏။ 'အဲဒါက ငါ့ကို သတိပေးလိုက်ပြီ၊ ငါ့မှာ မင်းအတွက် လက်ဆောင်ပါတယ်'

'အဲဒါ မြွေပါ ဆင်းဒဝစ်တော့ မဟုတ်ပါဘူးနော်' ဟု ဟာရီက ပူပန်စွာနှင့် ပြော၏။ နောက်ဆုံးတွင် ဟတ်ဂရစ်က ယဲ့ယဲ့ကလေး ခွိခနဲ ရယ်သည်။

'မဟုတ်ပါဘူး၊ ဆရာ ဒမ်ဗယ်လ်ဒေါက ဒါလုပ်ဖို့ မနေ့က ငါ့ကို ခွင့်တစ်ရက် ပေးတယ်၊ အမှန်ကတော့ ခွင့်မပေးဘဲ ငါ့ကို ထုတ်ပစ်ဖို့ ကောင်းတာ၊ ဘာပဲဖြစ်ဖြစ်လေ မင်းအတွက် ဒါလုပ်ဖြစ်တယ်ပေါ့'

လုပသော သားရေဖုံး စာအုပ်ကလေးနှင့် တူ၏။ ဟာရီက စပ်စုပြီး လှန်ကြည့်သည်။ မှော်ဆရာတွေ စုန်းတွေ ဓာတ်ပုံများ ပြည့်နှက်နေသည်။ စာမျက်နှာတိုင်းမှ ပြုံး၍ သူ့ကို လက်ပြ နှုတ်ဆက်နေကြသူတွေကား သူ့အမေနှင့် သူ့အဖေ။

'မင်း မိဘတွေရဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေဆီကို ဇီးကွက်တွေ လွှတ်ပြီး ဓာတ်ပုံတွေကို တောင်းရတာလေ၊ မင့်မှာ တစ်ပုံမှ မရှိတာ ငါ သိတယ်၊ ဘယ့်နှယ်လဲ ကြိုက်သလား'

ဟာရီသည် စကားမပြောနိုင်ချေ။ သို့သော် ဟတ်ဂရစ်က နားလည်ပါသည်။

ထိုနေ့ညတွင် ဟာရီသည် တစ်ကိုယ်တည်းပင် နှစ်ကုန် စားသောက်ပွဲဆီသို့ ဆင်းသွားလေ၏။ သူ့ နောက်ဆုံး ဆေးစစ်မှု ပြုရမည်ဟု မာဒမ် ပွမ်ဖရီက လုပ်ကိုင်ပြီး အချိန်ဆွဲထားလိုက်သောကြောင့် သူ ရောက်သောအခါ မဟာ ခန်းမကြီးမှာ ပြည့်ကျပ်နေလေပြီ။ အခန်းကို ဆလိုင်သရင်၏ အရောင်များ ဖြစ်သော အစိမ်းနှင့် ငွေရောင်တို့ဖြင့် တန်ဆာဆင်ထားသည်။ အသင်း အုပ်စုလိုက် ဖလားကို ခုနစ်နှစ် ဆက်တိုက် ရရှိသော ဆလိုင်သရင် အသင်းကို ဂုဏ်ပြုခြင်း ဖြစ်၏။ အထူးစားပွဲတော်၏ နောက်ဘက်နံရံကို ဆလိုင်သရင် မြွေရုပ်ပါ အလံကြီးက လွှမ်းခြုံထားလေသည်။

ဟာရီ ဝင်ရောက်သွားသောအခါ ရုတ်တရက် ငြိမ်သက်သွားပြီးမှ ချက်ချင်းပင် လူတိုင်းသည် စကားကျယ်ကျယ် ပြောကြပြန်၏။ သူသည် ဂရစ်ဖင်ဒါ စားပွဲမှ ရွန်နှင့် ဟမိုင်းယွန်းနီတို့ အကြားရှိ ထိုင်ခုံပေါ် အသာ ဝင်ထိုင်လိုက်ကာ လူတွေက သူ့ကို မြင်လို၍ မတ်တတ် ထကြည့်သည့် အမှုကိုပင် မသိကျိုးကျွန် ပြုလိုက်သည်။

ကံအားလျော်စွာပင် ခဏကြာသောအခါ ဆရာ ဒမ်ဗယ်လ်ဒေါသည် ရောက်ရှိလာ၏။ ဆူဆူညံညံ စကားသံတို့သည် ပျောက်ကွယ် ဆိတ်သုဉ်းသွားလေ၏။

'နောက်ထပ် တစ်နှစ် ကုန်ပြန်ပြီ' ဒမ်ဗယ်လ်ဒေါက ရွှင်လန်းစွာ ပြောသည်။ 'ငါတို့ဟာ အစားအသောက်တွေ မစားကြခင် လေမုန့် ကျွေးပြီး မင်းတို့ကို ဒုက္ခပေးရဦးမယ်၊ ဘယ်လောက်ထူးတဲ့ နှစ်ဖြစ်ပါလိမ့်၊ မင်းတို့ရဲ့

ဦးခေါင်းတွေဟာ မူလကထက် နည်းနည်းပိုပြီး ပြည့်ဝလာတယ်လို့ မျှော်လင့်ရပါတယ်၊ ရှေ့မှာ တစ်နွေလုံး ရှိတယ်၊ နောင်နှစ် ပြန်မစခင် အဲဒီ ဦးခေါင်းတွေကို ကောင်းကောင်းနှင့် ဟင်းလင်း လုပ်ထားနိုင်တာပေါ့။

'ငါ နားလည်ထားတဲ့ အတိုင်းဆိုရင် အသင်းလိုက် ဖလားကို ပေးစရာ ရှိတယ်၊ အမှတ်တွေရဲ့ အခြေအနေက ဒီလို ရှိတယ်၊ စတုတ္ထ နေရာမှာ ဂရစ်ဖင်ဒေါ ၃၁၂ မှတ်၊ တတိယ နေရာမှာက ဟပ်ဖဲပတ် ၃၅၂ မှတ်၊ ရေဗွင်ကလောက ၄၂၆ မှတ်၊ ပြီးတော့ ဆလိုင်သရင် ၄၇၂ မှတ်'

ကောင်းချီးပေးသံ၊ ခြေဆောင့်သံ လေမုန်တိုင်းသည် ဆလိုင်သရင် စားပွဲမှ ထွက်ပေါ်လာသည်။ ဒရာကို မာလ်ဖွိုင်းက သူ၏ လက်ကိုင်မဲ့ ရေသောက်ခွက်ကြီးဖြင့် စားပွဲကို ခေါက်သည်ကို ဟာရီက တွေ့ရ၏။ ရင်နာစရာ မြင်ကွင်း ဖြစ်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ပြောင်မြောက်ပါတယ် ဆလိုင်သရင်' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြောသည်။ 'ဒါပေမဲ့လို့ နောက်ဆုံး အဖြစ်အပျက်တွေကို ထည့်သွင်း စဉ်းစားရမှာ ဖြစ်တယ်'

အခန်းသည် ငြိမ်ကျသွားလေ၏။ ဆလိုင်သရင်တို့၏ အပြုံးများ အနည်းငယ် မှေးမှိန်သွားကြသည်။

'အဟမ်း' ဟု ဒမ်ဗယ်လ်ဒေါက ဆိုသည်။ 'ငါ့မှာ နောက်ဆုံးအချိန် အမှတ် တချို့ကို ထုတ်ဖော် ပြောကြားဖို့ ရှိနေတယ်၊ မှန်းစမ်း ... ဟုတ်ပြီ။

'ပထမ မစ္စတာ ရော်နယ် ဝီးဇလီပဲ'

ရွန်၏ မျက်နှာမှာ ခရမ်းရောင် ဖြစ်သွားသည်။ နေလောင်ထားသော မုန်လာဥနှင့် တူနေ၏။

'... နှစ်ပေါင်း များစွာအတွင်း ဟော့ဂဝပ်က မြင်ဖူးခဲ့သမျှထဲမှာ အကောင်းဆုံး ကစားသွားတဲ့ စစ်တုရင်ပွဲကြောင့် ငါက ဂရစ်ဖင်ဒေါ အသင်းကို အမှတ် ငါးဆယ် ပေးပါတယ်'

ဂရစ်ဖင်ဒေါတို့၏ ကောင်းချီး ကြွေးကြော်သံသည် မှော်ပညာ စီရင်ထားသော မျက်နှာကြက်ကို မြှင့်တင်လိုက်မည်ကဲ့သို့ ရှိ၏။ ဦးခေါင်းတွေပေါ်က ကြယ်တွေ တုန်ကုန်သည်။ ပါစီက အခြားသော အတန်းခေါင်းဆောင်တွေကို ပြောနေသံ ကြားရ၏။ 'ငါ့ ညီလေ သိတယ် မဟုတ်လား၊ ငါ့ညီ အငယ်ဆုံးပေါ့၊ ဆရာမ မက်ဂေါ်နဂေါ်ရဲ့ ဧရာမ စစ်တုရင် အစုံကို ဖြတ်ကျော်နိုင်ခဲ့တယ်'

နောက်ဆုံးတွင် ပြန်၍ တိတ်သွားပြန်သည်။

'ဒုတိယ မစ္စ ဟမိုင်းယွန်းနီ ဂရိန်ဂျာပဲ၊ မီးနှင့် ရင်ဆိုင်ရာမှာ အေးအေးပဲ ဆင်ခြင်ဉာဏ်ကို သုံးတဲ့အတွက် ငါက ဂရစ်ဖင်ဒေါ အသင်းကို အမှတ် ငါးဆယ် ပေးတယ်'

ဟမိုင်းယွန်းနီသည် သူ့ မျက်နှာကို သူ့ လက်မောင်းများဖြင့် မြှုပ်နှံ၍ ဝှက်ထားသည်။ သူ မျက်ရည် ကျနေသည်ကို ဟာရီက အပြင်းအထန် သံသယ ရှိနေ၏။ စားပွဲ တစ်ခုလုံးက ဂရစ်ဖင်ဒေါတွေ သူတို့ဘေး ရောက်လာကြသည်။ သူတို့သည် အမှတ် တစ်ရာ တက်သွားပေပြီ။

'တတိယ မစ္စတာ ဟာရီ ပေါ့တာပဲ' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြော၏။ အခန်းသည် လုံးဝ တိတ်ဆိတ်သွားသည်။ 'စိတ်ဓာတ် တည်ငြိမ်ပြီး ထူးခြားတဲ့ သူရသတ္တိ အတွက် ... ဂရစ်ဖင်ဒါ အသင်းကို ငါက အမှတ် ခြောက်ဆယ် ပေးတယ်'

ဆူညံသံသည် နားကွဲမတတ် ရှိတော့သည်။ အသံကွဲအောင် အော်နေကြရင်းက အမှတ်တွေကို ပေါင်းမိသူများက ယခုအခါ ဂရစ်ဖင်ဒါသည် ၄၇၂ မှတ် ရသွားပြီ ဖြစ်၍ ဆလိုင်သရင်နှင့် အတိအကျ တူညီနေသည်ကို သိကြသည်။ အကယ်၍သာ ဆရာ ဒမ်ဗယ်လ်ဒေါက ဟာရီကို တစ်မှတ်ကလေးသာ တိုးပေးခဲ့ပါလျှင် သူတို့ အသင်းလိုက် ဖလားကို ရပြီ ဖြစ်၏။

ဆရာ ဒမ်ဗယ်လ်ဒေါက သူ့ လက်ကို မြှောက်လိုက်၏။ အခန်းသည် တဖြည်းဖြည်းနှင့် တိတ်ဆိတ်သွားသည်။

'သတ္တိ အမျိုးစုံပဲ...' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက ပြုံး၍ ပြော၏။ 'ငါတို့ရဲ့ ရန်သူတွေကို ကြံ့ကြံ့ခံရာမှာ သူရသတ္တိ အများကြီး ရှိဖို့ လိုတယ်၊ ဒါပေမဲ့ မိတ်ဆွေတွေကို ကြံ့ကြံ့ခံရာမှာလည်း အဲဒီအတိုင်း လိုတာပဲ၊ ဒါကြောင့် ငါက မစ္စတာ နဲဗီးလ် လောင်းဘော့တွမ်ကို ဆယ်မှတ် ပေးတယ်'

မဟာ ခန်းမကြီး၏ အပြင်ဘက်တွင် ရပ်နေသူ တစ်စုံတစ်ဦးများ ရှိခဲ့လျှင် ပေါက်ကွဲမှုကြီး တစ်ရပ် ဖြစ်ပေါ်သည်ဟု ထင်မှတ်သွားပေလိမ့်မည်။ ဂရစ်ဖင်ဒါ စားပွဲမှ ထွက်ပေါ်လာသော ဆူညံသံသည် ဤမျှပင် ကျယ်လောင်လှပေ၏။ ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့က မတ်တတ်ထ၍ နဲဗီးလ်ကို အော်ဟစ် ကောင်းချီး ကြွေးကြော်သည်။ ထိတ်ခနဲ ဖြစ်၍ ဖြူဖွေးသွားသော နဲဗီးလ်မှာ သူ့ကို ဝိုင်းဖက်ကြသော လူအုပ်ကြီး အောက်တွင် ပျောက်ကွယ်သွားလေ၏။ သူသည် ယခင်က ဂရစ်ဖင်ဒါ အတွက် ဤမျှလောက် အမှတ်များများ ရယူ မပေးနိုင်ခဲ့ပါ။ ဟာရီသည် ကောင်းချီးပေးလျက်ကပင် ရွန်၏ နံကြားကို တံတောင်ဖြင့် အသာတွက်၍ မာလ်ဖွိုင်းကို ပြ၏။ မာလ်ဖွိုင်းမှာ ယခုချက်ချင်း ကျောက်ဖြစ်ခန္ဓာ ဖွဲ့နည်းဖြင့် ပြုစားခံရလျှင်တောင်မှ ယခုလောက် မှင်တက်မိ ကြောက်လန့်နေမည့်ပုံ ပေါ်နေမည် မဟုတ်ပါ။

'အဲဒီတော့...' ဟု ဆရာ ဒမ်ဗယ်လ်ဒေါက သဲသဲလှုပ်မှု ဖြစ်ပေါ်နေသော သြဘာသံကို လွှမ်း၍ ပြော၏။ ရေဗွင်ကလောနှင့် ဟပ်ဖဲပတ်တို့ကလည်း ဆလိုင်သရင်၏ ကျဆုံးခန်းကို ဝင်၍ အောင်ပွဲခံသဖြင့် ဤမျှလောက် အုတ်အုတ်သဲသဲ ဖြစ်ရခြင်း ဖြစ်လေသည်။ 'ငါတို့ဟာ မွမ်းမံ ပြင်ဆင်မှုကို နည်းနည်း ပြောင်းဖို့ လိုလိမ့်မယ်'

သူက လက်ခုပ်တီးသည်။ တစ်ခဏချင်းတွင် ချိတ်ဆွဲထားသော အစိမ်းရောင်များက ကြက်သွေးရောင် ဖြစ်ပြီး ငွေရောင်က ရွှေရောင် ဖြစ်လာတော့သည်။ ဧရာမ ဆလိုင်သရင် မြွေကြီး ပျောက်၍ မားမားကြီး ဖြစ်နေသော ဂရစ်ဖင်ဒါ ခြင်္သေ့က နေရာယူ၏။ ဆရာ စနိတ်သည် ပရိုဖက်ဆာ မက်ဂေါ်နဂေါ်နှင့် လက်ဆွဲ နှုတ်ဆက်ရာတွင် ကြောက်မက်ဖွယ် အတင်းအကျပ် လုပ်ထားသော အပြုံးနှင့် ဖြစ်သည်။ သူသည် ဟာရီနှင့် အကြည့်ချင်းဆုံရာ ဆရာ စနိတ်သည် သူ့ အပေါ် ထားရှိသည့် ခံစားချက်ကို တစ်ရွေးသားမျှ မပြောင်းလဲသေးကြောင်းကို ဟာရီ သိလိုက်သည်။ ဒါကို ဟာရီ မပူတော့ပါ။ နောက်နှစ်တွင် ဘဝသည် ပုံမှန် ပြန်ဖြစ်သွားမည့်ပုံ ရှိသည်။ သို့တည်းမဟုတ် ဟော့ဂဝပ်၏ ရှိနေကျ ပုံအတိုင်းတော့ မှန်နေမည် ဖြစ်သည်။

ဟာရီ၏ ဘဝတွင် အကောင်းဆုံးသော ညဦးပိုင်း ဖြစ်ခဲ့၏။ ကွစ်ဒစ်ချ်ပွဲကို နိုင်တုန်းကထက် လည်းကောင်း၊ ခရစ္စမတ်တုန်းကထက် လည်းကောင်း၊ တောင်ပေါ်က ထရိုး ဖုတ်ပြိတ္တာများကို အလဲထိုးတုန်းကထက် လည်းကောင်း ပို၍ ကောင်းသည်။ သူသည် ဤညကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်တော့ပါ။

စာမေးပွဲ အောင်စာရင်းများ ထွက်လာစရာ ရှိသေးသည်ကို ဟာရီသည် မေ့သလောက် ရှိနေသော်လည်း အောင်စာရင်းများကတော့ ထွက်လာပါသည်။ သူတို့ အံ့ဩသွားကြရသည်မှာ သူနှင့် ရွန် နှစ်ယောက်စလုံးသည် အမှတ်ကောင်းများဖြင့် အောင်မြင်ကြသည်။ ဟမိုင်းယွန်းနီကမူ ထိုအတန်းတွင် ပထမရသွား၏။ နဲဗီးလ်သည်ပင်လျှင် ပွတ်ကာ သီကာနှင့် အောင်လာသည်။ သူ၏ ဆေးပင်ဗေဒတွင် ကောင်းလှသော အမှတ်များက သူ ညံ့ဖျင်းသော ဆေးရည် ဖော်စပ်ခြင်း ဘာသာရပ်ကို အားဖြည့်ပေးခဲ့သည်။ လူညစ်သလောက် ထုံထိုင်းလှပါသော ဂွိုင်းလ်သည် ကျောင်းထုတ်ခံရတော့မည်ဟု သူတို့ မျှော်လင့်ခဲ့ကြသော်လည်း သူသည်လည်း အောင်လာ၏။ ရှက်စရာတော့ ကောင်း၏။ သို့သော် ရွန် ပြောသလို ဘဝတွင် အားလုံးကို မရနိုင်ပါ။

မကြာမီပင် သူတို့၏ အဝတ်ဗီရိုကြီးများသည် ပြောင်သလင်းခါကုန်ပြီး သူတို့၏ သေတ္တာများ ထုပ်ပိုးပြီး ဖြစ်ကုန်ကြသည်။ နဲဗီးလ်၏ ဖားပြုပ်သည် အိမ်သာများ အခန်းထောင့်တွင် ခိုအောင်းနေသည်ကို တွေ့ကြရသည်။ စာရွက်များကို ကျောင်းသား အားလုံးသို့ ဖြန့်ချီပေးသည်။ ထိုစာထဲတွင် ကျောင်းပိတ်ရက်များ အတွင်း မှော်ပညာကို မသုံးစွဲရန် သတိပေးချက် ပါရှိပေ၏။ ('သူတို့ ဒီလို သတိပေးတာကို သူတို့ ပြန်မေ့သွားပါစေလို့ ငါ အမြဲ မျှော်လင့်တယ်' ဟု ဖရက် ဝီးဇလီက ဝမ်းနည်းပမ်းနည်း ပြောသည်။) ဟတ်ဂရစ်က ရောက်ရှိလာပြီး သူတို့ကို ခေါင်င၍ လှေများတွင် တင်ကာ ကန်ရေပြင်ကို ဖြတ်ခဲ့ကြသည်။ သူတို့သည် 'ဟော့ဂဝပ် အမြန်' ရထားပေါ်သို့ တက်ကြသည်။ တောတောင် ရေမြေသည် ပို၍ စိမ်းလန်း၊ ပို၍ သပ်ရပ်လာသည်တွင် သူတို့သည် စကားတွေ ပြောကြ၊ ရယ်မောကြနှင့် ရှိကြသည်။ မတ်ဂယ်တို့၏ မြို့ရွာများကို ဖြတ်ကျော်လာခိုက် သူတို့သည် ဘာတီဘော့၏ ရသာစုံပဲများကို စားလာကြ၏။ သူတို့၏ မှော်ဆရာ ဝတ်ရုံများကို ချွတ်၍ ဂျက်ကက်များ၊ ကုတ်အင်္ကျီများကို ဝတ်ဆင်ကြပြီးသော် ရထားသည် 'ကင်းစခရော့စ်' ဘူတာရုံ၏ ကိုး လေးပိုင်း သုံးပိုင်း စင်္ကြံတွင် ဝင်ရောက် ဆိုက်ကပ်တော့သည်။

သူတို့အားလုံး စင်္ကြံမှ ထွက်ခွာဖို့ အတွက်တော့ အချိန်ယူရသည်။ ရထားစောင့် သူအို ရွတ်တွကြီး တစ်ယောက်က လက်မှတ်စစ်သည့် နေရာတွင် ရပ်ကာ သူတို့ကို နှစ်ယောက်တွဲ သုံးယောက်တွဲ စောင့်လွှတ်ပေးနေသည်။ သို့မဟုတ်ပါက ပိန်းပိတ်သော ထုထည်ကြီးနှင့် တည်ရှိသော နံရံထဲမှ တစ်ချိန်တည်းတွင် လူအုပ်ကြီး ထွက်လာပါက ဘေးလူတွေ သတိပြုမိပြီး မတ်ဂယ်တွေ ကြောက်လန့်စရာ ဖြစ်ကုန်လိမ့်မည်။

'ဒီ နွေရာသီမှာ ငါတို့နှင့် လာနေပါလား' ဟု ရွန်က ပြောသည်။ 'မင်းတို့ နှစ်ယောက်စလုံးပေါ့၊ ငါ ဇီးကွက် လွှတ်လိုက်မယ်'

'ကျေးဇူးတင်ပါတယ်' ဟု ဟာရီက ပြော၏။ 'ငါ မျှော်ရမှာ ရှိဖို့ လိုပါတယ်'

သူတို့သည် မတ်ဂယ်တို့၏ လောကထဲသို့ ပြန်ဝင်ရန် ဂိတ်ပေါက်သို့ အသွားတွင် လူများသည် သူတို့ကို အတင်း တိုးဝှေ့သွားကြသည်။ အချို့က သူတို့ကို လှမ်းနှုတ်ဆက်သည်။

'ဂွတ်ဘိုင် ဟာရီ'

'နောက်တွေ့ကြသေးတာပေါ့ ပေါ့တာ'

'ကျော်ကြားနေတုန်းပဲ' ဟု ရွန်က ပြုံးကြည့်၍ ပြောသည်။

'ငါ သွားမယ့် နေရာမှာတော့ မကျော်ကြားစေရပါဘူးကွာ၊ ငါ ကတိပြုရဲပါတယ်' ဟု ဟာရီက ပြော၏။

www.burmeseclassic.com

ဟာရီ၊ ရွန်၊ ဟမိုင်းယွန်းနီတို့သည် ဂိတ်ပေါက်ကို အတူတကွ ဖြတ်သွားကြသည်။

‘သူ ဟိုမှာ မာမီ … သူ ဟိုမှာ၊ ကြည့်လေ’

ပြောသူကား ရွန်၏ ညီမလေး ဂင်နီ ဝီးဇလီ ဖြစ်သည်။ သို့သော် သူသည် ရွန်ကို ညွှန်ပြနေခြင်း မဟုတ်ချေ။

‘ဟာရီ ပေါ့တာ’ ဟု သူက စူးစူးဝါးဝါး ပြော၏။ ‘ဟိုမှာကြည့် မာမီ၊ သမီး မြင်ရတယ်’

‘တိတ်တိတ်နေစမ်း ဂင်နီ၊ လက်ညှိုးထိုးတာ ရိုင်းတယ်’

မစ္စက် ဝီးဇလီက ပြုံး၍ သူတို့ကို ငုံ့ကြည့်သည်။

‘အလုပ်များတဲ့ နှစ်လား’ ဟု သူက မေး၏။

‘တအား များတာပေါ့’ ဟု ဟာရီက ပြောသည်။ ‘နို့ ချောကလက်မုန့်နှင့် ဆွယ်တာအင်္ကျီ အတွက် ကျေးဇူးတင်ပါတယ် မစ္စက် ဝီးဇလီရယ်’

‘အို ဒါလောက်က မပြောပလောက်ပါဘူးကွယ်’

‘အဆင်သင့်ပြီလားဟေ့’

ဒါကတော့ ဦးလေး ဗားနွန် ဖြစ်သည်။ ခရမ်းရောင် မျက်နှာဖြင့် ဖြစ်တုန်း၊ နှုတ်ခမ်းမွေးနှင့် ဖြစ်တုန်း၊ ရိုးရိုးလူတွေ ပြည့်နှက်နေသည့် ဘူတာရုံတွင် လှောင်အိမ်နှင့် ဇီးကွက်ကြီးကို သယ်လာသော ဟာရီကို ရှူးရှူးရှဲရှဲ ဖြစ်တုန်းပင်တည်း။ သူ၏ နောက်တွင် ဒေါ်ဒေါ် ပဲ့ကျူးနီးယားနှင့် ဒတ်ဒလီတို့ ရပ်နေကြ၏။ ဒတ်ဒလီသည် ဟာရီကို မြင်သည်နှင့် တစ်ပြိုင်နက် ကြောက်လန့်သွားပုံ ရသည်။

‘ဟာရီရဲ့ မိသားစုနှင့် တူတယ်’ ဟု မစ္စက် ဝီးဇလီက ပြောသည်။

‘ပြောရင်တော့လည်း ဖြစ်ပါတယ်’ ဟု ဦးလေး ဗားနွန်က ပြော၏။ ‘မြန်မြန်လုပ် ကောင်ကလေး၊ ငါတို့ တစ်နေ့လုံး အချိန်ရတာ မဟုတ်ဘူး’ သူသည် လျှောက်ထွက်သွား၏။

ဟာရီက ရွန်နှင့် ဟမိုင်းယွန်းနီတို့ကို နောက်ဆုံး စကား ပြောကြားရန် နောက်ချန်နေခဲ့၏။

‘နွေရာသီ လွန်ရင် တွေ့မယ်ကွာ’

‘နင် … နင်… အဲ … ကျောင်းပိတ်ရက် ကောင်းကောင်း ရပါစေလို့ ငါ မျှော်လင့်ပါတယ်’ ဟု ဟမိုင်းယွန်းနီက ဦးလေး ဗားနွန်ကို မသေမချာ ကြည့်ရင်း ပြောသည်။ ဤမျှလောက် မသာမယာ လူမျိုးကို တွေ့ရသဖြင့် ထိတ်လန့်မိသည်။

'အို ... ရမှာပါ' ဟု ဟာရီက ပြော၏။ သူ့ မျက်နှာပေါ်တွင် ပြန့်ကားသွားသော အပြုံးကို မြင်၍ သူတို့ အံ့အားသင့်ကြရသည်။ 'ငါတို့တွေ အိမ်မှာ မှော်ပညာကို အသုံးပြုခွင့် ပေးမထားဘူး ဆိုတာ သူတို့ မသိဘူး၊ ငါတော့ ဒီနွေမှာ ဒတ်ဒလီနှင့် ပျော်စရာ တစ်ပုံကြီး ရဦးမှာပါကွာ'

နန္ဒသူ